www.burmeseclassic.com

# THE BOURNE BETRAYAL

# သစ္စာဖောက်ဘွန်း

## မောင်မိုးသူ

BURMESE CLASSIC



A NEW JASON BOURNE NOVEL BY
**ERIC VAN LUSTBADER**

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်
၂၀၁၃ ခု၊ စက်တင်ဘာလ
◆
အုပ်ရေ
၅၀၀
◆
တန်ဖိုး
၄၀၀၀ ကျပ်
◆
မျက်နှာဖုံးဒီဇိုင်း
ပန်းချီ ဇော်မောင်
◆
အတွင်းဖလင်
Color King
◆
ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မောင်မိုးသူ ၈၀၈.၈၄
သစ္စာဖောက် ဘွန်း၊ မောင်မိုးသူ၊ ရန်ကုန်။
နန်းဒေဝီစာပေ ၊ ပထမအကြိမ်၊ ၂၀၁၁။
၃၉၆ - စာ၊ ၁၃.၁ × ၂၁.၄ စင်တီမီတာ။
(၁) သစ္စာဖောက် ဘွန်း

# သစ္စာဖောက် ဘွန်း

## မောင်မိုးသူ

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ကောင်စာရင်း

| | |
|---|---|
| ၁။ စတမ်း | အမေရိကန် ဗဟိုထောက်လှမ်းရေး (စီအိုင်)၏ ညွှန်ကြားရေးမှူးချုပ် |
| ၂။ မာတင်လင်းဒရိုစ် | အမေရိကန် ဗဟိုထောက်လှမ်းရေး (စီအိုင်)၏ လက်ထောက် ညွှန်ကြားရေးမှူး |
| ၃။ အင်နီပဲလ် | စီအိုင်ညွှန်ကြားရေးမှူး၏ အတွင်းရေးမှူး (မာတင်လင်းဒရိုစ် အယောင် ဆောင်သူ ကာရင်အယ်ဂျဗီးလ်နှင့် ငြိစွန်းနေသူ) |
| ၄။ ဆိုရာယာမိုရီ | မာတင်လင်းဒရိုစ်၏ လက်ထောက် |
| ၅။ ဟောလီဒေး | ကာကွယ်ရေးဝန်ကြီး |
| ၆။ လူသာလာဗဲလီ | ပင်တဂွန် ထောက်လှမ်းရေးမှူး |
| ၇။ ကင်လိုဗက် | ဝါရှင်တန် မီးသုတေသန ဌာနမှူး |
| ၈။ ဂျေမီကောင်းဝဲလ် | မှုန်တိုင်းစစ်ဆင်ရေး၏ ရဟတ်ယာဉ်မှူး |
| ၉။ ဂျေဆင်ဘွန်း | စီအိုင်၏ အေးဂျင့်၊ မာတင်လင်းဒရိုစ်၏ မိတ်ဆွေ |
| ၁၀။ ဖေအယ်ဆော့ဒ် | ဆော်ဒီလုံခြုံရေးတပ်ဖွဲ့ ခေါင်းဆောင် |
| ၁၁။ အင်းဒါးစ် | မှုန်တိုင်းစစ်ဆင်ရေး စကော်ပီရွှန် တပ်ဖွဲ့ ခေါင်းဆောင် |
| ၁၂။ မက်သရူးလာနာ | မာတင်လင်းဒရိုစ် နေရာကို ဝင်ယူသူ |
| ၁၃။ ဒေါက်တာ ဆန်ဒါလင် (ခေါ်) ဒေါ်စတင်ဗိန်းထရော့ | စိတ်ရောဂါ အထူးကု ဆရာဝန် |
| ၁၄။ ကတ်တာယာ စတက်ပါနိုဗာ | ဒေါက်တာ ဆန်ဒါလင်၏ ဇနီး |
| ၁၅။ မာရီ | ဂျေဆင်ဘွန်း၏ သေဆုံးသွားသော ဇနီး |
| ၁၆။ ဒေါက်တာ ပေလီနာ | အိုဒက်ဆာမှ စီအိုင်ရုံးခွဲ တာဝန်ခံ |
| ၁၇။ ဂွန်မူလာ | မက်သရူးလာနာ၏ စပိုင်၊အင်အက်စ်အော ၏ အေးဂျင့် |
| ၁၈။ အိုဗာတန် | မက်သရူးလာနာ၏ စပိုင်၊ မက်ထရို ရဲအဖွဲ့မှ စုံထောက် |
| ၁၉။ ကဗာ | နာဂူးလူမျိုးစု ခေါင်းဆောင် |
| ၂၀။ ဇိန်း | နာဂူး လူမျိုး၊ ဂျေဆင်ဘွန်းအား ကူညီသူ |
| ၂၁။ အလမ် | ဇိန်း၏ သား |
| ၂၂။ အဘူဆာရင် ဟာမင်ဘင်အရှက် | ဖာဒီ၊ ကာရယ်အယ်ဂျမီးလ်၊ ဆာရာဘင် အရှက်တို့၏ ဖခင် |
| ၂၃။ ဖာဒီ | ဒူဂျာ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် |
| ၂၄။ ဟီရမ်စီဗစ် | ဖာဒီ၏ အခြားနာမည် |
| ၂၅။ ကာရယ်အယ်ဂျမီးလ် | ဖာဒီ၏ ညီ၊ မာတင်လင်းဒရိုအဖြစ် အယောင်ဆောင်သူ |
| ၂၆။ အဘူဘင်အဇစ် | ဖာဒီ၏ လက်ထောက် |
| ၂၇။ မူတာဆီဗင်အဇစ် | အဘူဘင်အဇစ်၏ ညီ |
| ၂၈။ ဆာရာဘင်အရှက် | ဖာဒီ၊ ကာရင်တို့၏ သေဆုံးသွားသော ညီမ |
| ၂၉။ ဒေါက်တာ အန်ဒူစကီး | ကာရင်အယ်ဂျမီးလ်ကို မာတင် လင်းဒရိုစ် အဖြစ် ခွဲစိတ်ပြုပြင်ပေးသူ |

www.burmeseclassic.com

www.burmeseclassic.com

## ဘာသာပြန်သူ၏အမှာစာ

မူရင်း ဇာတ်ကောင် 'ဂျေဆင်ဘွန်း' ကို ဖန်တီးခဲ့သူမှာ ကမ္ဘာကျော် စပိုင် ဝတ္ထုရေးဆရာ အကျော်အမော် Robert Ludlum ရောဘတ်လဒ်လန် ဖြစ်ပါသည်။ ဆရာကြီးကား ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ သူ့ဝတ္ထု၊ သူ့ဇာတ်ကောင်များကား ရှင်သန်နေဆဲ ဖြစ်ပါသည်။ သူ၏ ဇာတ်လိုက်ကျော် 'ဂျေဆင်ဘွန်း'၏ စွန့်စားခန်း ရုပ်ရှင် သုံးကား (Bourne Ultimitium) မှာ မနှစ် တစ်နှစ်က ရုံတင်ပြသသွားရာ အင်မတန် လူကြိုက်များပြီး ဝင်ငွေ အကောင်းဆုံး ဇာတ်ကားများ ဖြစ်ခဲ့ပါသည်။ 'ဂျေဆင်ဘွန်း' ၏ စွန့်စားခန်းများကို ဆက်လက်ဖတ်ရှု ကြည့်မြင် လိုနေကြပါသည်။ ဤသို့ ပရိသတ်၏ တောင့်တမှုအရ စာရေးဆရာ Eric Van Lustbader က Bourne Betrayal ကို ၂၀၀၈ ခုနှစ်က ရေးသားထုတ်ဝေခဲ့ပါသည်။ စာရေးဆရာ အီရစ်ဗင်လပ်စ်ဗာဒါ သည်လည်း အလွန် ကျော်ကြားသော စာရေးဆရာကြီး ဖြစ်ပါသည်။ Ninga အပါအဝင် စာအုပ်ပေါင်းများစွာကို ရေးသားခဲ့သူ ဖြစ်ပါသည်။ သူက လဒ်လန်၏ ဇာတ်ကောင် 'ဂျေဆင်ဘွန်း' ကို အသက်သွင်း၍ ဆက်လက် ရေးသားသော စပိုင်ဝတ္ထုကောင်း တစ်ပုဒ် ဖြစ်ပါသည်။

မောင်မိုးသူ

## အချီး သို့မဟုတ် ဇာတ်လမ်း၏ ရှေ့ပြေး

စစ်သုံး ချီနွတ် ရဟတ်ယာဉ်ကြီးသည် သွေးရောင် လွှမ်းနေသည့် အနီရောင် ကောင်းကင်ကြီးကို ဖြတ်သန်း မောင်းနှင်လာ၏။ မြင့်မားသော အရပ်မှာ ဖြစ်တတ်သည့် ပါးလွှာသော လေထုကို ဖြတ်သန်း ရသဖြင့် ရဟတ်ယာဉ်ကြီး သည် တုန်ခါစွာဖြင့် ဝင်လုဆဲနေရောင်ကို နောက်ခံပြုထားသော တိမ်တိုက် အစု ကြားမှာ ဖြတ်ပျံနေခြင်း ဖြစ်သည်။ တိမ်ထုများမှာ ရဟတ်ယာဉ်မှ မှုတ်ထုတ်လိုက်သော မီးခိုးများနှင့် တူလှပါ၏။

မာတင်လင်းဒရိုစ်သည် သူ့ကို သယ်ဆောင်လာသော စစ် ရဟတ်ယာဉ် ပေါ်မှ အပြင်လောကသို့ လှမ်းကြည့်နေမိသည်။ ရဟတ်ယာဉ်ကြီးသည် အာဖရိကတိုက် ဆင်မီရင် တောင်တန်းကြီး၏ အမြင့်ဆုံး အပိုင်းကို ပျံသန်း နေခြင်း ဖြစ်ပါသည်။ လွန်ခဲ့သောလေးနှစ်က ဌာနကြီးမှူး အဘိုးကြီးက သူ့အား လက်ထောက် ဒါရိုက်တာ ရာထူးပေးပြီး ရုံးထိုင် ခိုင်းလိုက်ချိန်မှ အစပြု၍ မာတင်လင်းဒရိုစ်သည် ကွင်းထဲသို့ မရောက်ဖြစ်ခဲ့တော့ပါ။ ရုံးခန်း မှာ ထိုင်ပြီး တာဝန်ယူနေခဲ့ရသော ထိုလေးနှစ် ကာလလုံးတွင် မာတင် လင်းဒရိုစ်သည် သူ့ကိုယ်သူ ကွင်းဆင်းအေးဂျင့် တစ်ဦးကဲ့သို့ ဖြစ် ဖျတ်လတ်မှု တိရစ္ဆာန် တစ်ကောင်၏ အလိုလို သိစိတ်များ ပပျောက်သွား စေရန် အမြဲလေ့ကျင့် နေခဲ့ပါ၏။ သူတို့ဌာနချုပ်လို လေ့ကျင့်ရေး စခန်းတွင် တစ်ပတ်လျှင် သုံးနံနက် အခက်အခဲ ရင်ဆိုင် ကျော်ဖြတ်ရသည့် လေ့ကျင့်ခန်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကို မပြတ်တမ်း လုပ်ခဲ့သည်။ ကြာသပတေးနေ့ ညနေတိုင်းတွင်လည်း သူ၏ ရုံးတာဝန် ဖြစ်သော သတင်းများ ဖတ်ကြားခြင်း၊ လေ့လာခြင်း စသည်တို့ကို ရပ်နားပြီး စက်ပစ်ကွင်းသို့သွား၍ တစ်နာရီခွဲမျှ လက်ကိုင်သေနတ် အမျိုးမျိုးတို့ အမြဲမပြတ် လေ့ကျင့်ခဲ့ပါ၏။ လေ့ကျင့် ရာတွင် ရှေးယခင်က သုံးစွဲခဲ့သည့် သေနတ် လက်နက်များ၊ ယခုသုံးစွဲနေသည့် သေနတ်လက်နက်များ အပြင် အသစ်အဆန်း ထုတ်လုပ်ထားသည့် သေနတ်လက်နက်များ မကျန် မှန်မှန်ကြီး လေ့ကျင့်ခဲ့သည်။ ဤကဲ့သို့ မိမိ၏ စွမ်းရည်ကို လေ့ကျင့်ထားခြင်းမှာ အေးဂျင့်ကောင်း၊ စပိုင်ကောင်း တစ်ယောက် အဖြစ် ရှိသေးကြောင်း မိမိကိုယ် မိမိ သာဓက ထုတ်၊ သက်သေ ထူနေခြင်း ဖြစ်ပါ၏။ တစ်နည်း အားဖြင့် စားပွဲမှာ ထိုင်နေရခြင်းတည်း ဟူသော အခြေအနေမှ ပြေပျောက်စေခြင်းငှာ မိမိကိုယ်မိမိ ဖြေသိမ့်နေခြင်းဖြစ်သည်။

သို့သော် ယခုအခါ အားလုံးသည် ပြောင်းလဲသွားခဲ့ပြီ ဖြစ်ပါသည်။ အဘိုးကြီး (ဌာနကြီးမှူး) က သူတင်ပြလိုက်သော မုန့်တိုင်းစစ်ဆင်ရေးကို ခွင့်ပြုလိုက်သောကြောင့် ဖြစ်ပါသည်။ ချိန္တတ်၏ ကျဉ်း မြောင်းသော အတွင်းခန်းထဲတွင် အထူး လေ့ကျင့်ထားသော စကော်ပီရွန်ဟပ်ဖွဲ့ ခေါင်းဆောင် အင်းဒါးက သတ်မှတ်နေရာသို့ ရောက်ရှိပြီ ဖြစ်ကြောင်း အချက်ပြသည်။ သူတို့၏ စကော်ပီရွန် အထူး တပ်ဖွဲ့မှာ အဖွဲ့ဝင် ငါးဦး ပါသည်။ အင်းဒါးမှာ အဖွဲ့ခေါင်းဆောင် ဖြစ်သည်။ မာတင်လင်းဒရိုစ်က သူသိကြောင်း ခေါင်းဆတ်ပြလိုက်ပြီး အပြင်ဘက် အောက်ခြေသို့ လှမ်းကြည့်သည်။ တိမ်ထုတွေ အကြားမှာပင် ရစ်ဒီဂျင် တောင်ထွတ်၏ မြောက်ဘက်ခြမ်းကို မြင်ရသည်။ ဒီမီဂျင် တောင်တန်း၏ အမြင့်မားဆုံး တောင်ထွတ် ဖြစ် ပါ သည်။ အမြင့်မီတာ ၄၅၀၀ ရှိသည်။ ထို့ကြောင့်ပင် ဒေသခံများက ဤတောင်ထွတ်ကို ဝိညာဉ်များ၏ စံပျော်အိမ် ရွှေတောင်း မတောင်းဆိုးရွား ဒေသဟု ယုံကြည် သတ်မှတ်ခဲ့ခြင်း ဖြစ်ဟန်တူ၏။

ရဟတ်ယာဉ် နိမ့်ဆင်း လိုက်စဉ် အောက်မှ လေထုသည် တစ်ရှိန်ထိုး တိုက် ခတ်လျက် ရှိသည်။

အချိန်ကျနေပြီ ဖြစ်၏။

လင်းဒရိုစ် ခေါင်းညိတ်ပြလိုက်ပြီး ယာဉ်မောင်း ပိုင်းလော့နားသို့ သွားသည်။



လက်ထောက် ဒါရိုက်တာ ဖြစ်သော မာတင် လင်းဒရိုစ်သည် အသက် ၃၀ ကျော် ၄၀ နားနီး ပုဂ္ဂိုလ်ဖြစ်သည်။ သူ့ကို ကျောချ်ရှ်တောင်း တက္ကသိုလ်မှ နိုင်ငံရပ်ခြား ဗေဒ ပါရဂူဘွဲ့ ယူအပြီး ဗဟိုထောက်လှမ်းရေးမှ ခေါ်ယူ လေ့ကျင့် တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။ သူသည် ကွင်းဆင်း အေးဂျင့် အဖြစ် အမှုထမ်းခဲ့ပြီးနောက် လွန်ခဲ့သည့် လေးနှစ်က ရုံးထိုင် လက်ထောက် ဒါရိုက်တာ ရာထူးကြီးကို ရရှိခဲ့သူ ဖြစ်သည်။

လင်းဒရိုစ်သည် ပိုင်းလော့ကို အချက် ပြလိုက်၏။ အခြေအနေ အချက်ပြသော အလုပ်ကို သူကိုယ်တိုင်က လုံခြုံမှု ရှိသည်ဟု ယူဆမှ၊ ခိုင်မာမှ နောက်ဆုံး အချိန်ထိ စောင့်ကြည့်ဆုံးဖြတ် ရသည် ဖြစ်၏။

မာတင်လင်းဒရိုစ် ကွင်းထဲသို့ ဆင်းခဲ့ရသည်မှာ ရက်သတ္တ သုံးပတ် ကျော်ကျော်လေးသာ ရှိပါသေး၏။ ၎င်း သုံးပတ် အတွင်းမှာပင် သူ့ လူ နှစ်ဦး အသက် ဆုံးရှုံး ခဲ့ရ၏။ အလွန်ကြီးမားသော တန်ဖိုး ပေးဆပ်လိုက်ရခြင်း ဖြစ်ပါသည်။ တာဝန်ခံ ဌာနကြီးမှူး အဘိုးကြီးကမူ 'လက်သင့်ခံနိုင်လောက်သော ဆုံးရှုံးမှု' ဟု ဆိုပေလိမ့်မည်။ အေးဂျင့်တစ်ဦး၊ သူလျှိုတစ်ဦး ကွင်းထဲသို့ ဆင်းပြီဆိုသည်နှင့် ထိုကဲ့သို့ 'ကျဆုံးမှု' ကို 'လက်ခံနိုင်လောက်သော ဆုံးရှုံးမှု' အဖြစ် ခံယူ သတ်မှတ်ထားဖို့ လိုပါသည်။ သို့သော် လူတစ်ယောက်၊ လူ တစ်ဦး၏ အသက်ကို မည်သည့် တန်ဖိုး သတ်မှတ်ကြရပါမည်နည်း။

ဤမေးခွန်းကို မာတင်လင်းဒရိုစ်နှင့် ဂျေဆင်ဘွန်းတို့ မကြာခဏ ဆိုသလို အချေအတင် ဆွေးနွေး ခဲ့ကြဖူးပါသည်။ မည်သည့်အခါမှ လက်သင့် ခံနိုင်လောက်သော အဖြေ မရရှိခဲ့ကြပါ။ မာတင်လင်းဒရိုစ် ကိုယ်တိုင်ကမူ တိတ်တိတ်ကလေး ကြိတ်၍ တချို့သော မေးခွန်းပုစ္ဆာတို့မှာ လက်သင့် ခံနိုင် လောက်သော အဖြေမရှိကြဟု မှတ်ယူထားမိပါ၏။

သို့တိုင် စစ်သားများ အတွက် စစ် မြေပြင်၊ စပိုင် အေးဂျင့်တို့ အတွက် ကွင်း ထဲသို့ ဆင်းကြပြီ ဆိုသောအခါ အခြေ အနေက တစ်မျိုး ဖြစ် ပါ ၏။ ကွင်း ထဲ တွင် 'လက်သင့် ခံ နိုင် လောက်သော ဆုံးရှုံး မှု' ဆိုတာကို လက်သင့် ခံလိုက် ရပါသည်။ ထိုသို့ လက်သင့်ခံခြင်းမှ အပ တခြား ရွေးချယ်စရာ မရှိပါ။ သည်တော့ သူ့ ရဲဘော်၊ သူ့အေးဂျင့်နှစ်ယောက် ကျဆုံးရခြင်းကို 'လက်သင့် ခံနိုင်သော ဆုံးရှုံးမှု' အဖြစ် လက်ခံလိုက်ရပါသည်။ သူတို့နှစ်ဦး အသက်နှင့် ထောက်လှမ်းခဲ့မှုကြောင့် အကြမ်းဖက်ဝါဒီ အုပ်စုကြီး တစ်ခုသည် အဆင့် အမြင့်ဆုံး အဝေးထိန်း ခလုတ်ကို ပိုင်ဆိုင်ထားကြပြီး ၎င်းတို့သည် အာဏာရှိတ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီး၏ ဦးချိုဒေသတွင် ရှိကြောင်း သိလိုက်ရပြီ ဖြစ်သည်။ အဆင့်မြင့် အဝေးထိန်း ခလုတ် (Triggered Spar Gaps) ဆိုသည်မှာ အလွန် အင်အားကြီးမားလှသည့် အဝေးထိန်း ခလုတ် ဖြစ်ပါသည်။ လျှပ်စီးစာတ် အားများ ထူထပ်စွာ လွှတ်ထားသည့် ဒေသကို ဖောက်ထွင်း ဖြတ်ကျော်၍ ပေါက်ကွဲအောင် စွမ်းဆောင် နိုင်ပေမည်။ သိပ္ပံနည်းပညာ ကိစ္စများတွင် အသုံးပြုနိုင်သော နောက်ဆုံး စမ်းသပ် တီထွင်မှု ဖြစ်သည်။ ၎င်းအဆင့်မြင့် အဝေးထိန်း ခလုတ်သည် အဏုမြူဗုံးကို အဝေးမှ ဖောက်ခွဲနိုင်၏။

မာတင်လင်းဒရိုစ်၏ ခရီးမှာ ကိတ်တောင်းမှ စပါသည်။ ထိုမှ မြွေလိမ်မြွေကောက် ခရီးဆက်၍ ဘော့ဆွာနား အဲဒီမှ ဇမ်ဘီယာ၊ ထိုမှ ယူဂန်ဒါကို ဖြတ်ပြီး အင်မတန် သေးငယ်သော ရွာကလေး 'အင်ဘီကာဝါ' သို့ ဆိုက်ရောက်လာခြင်း ဖြစ်သည်။ ရွာကလေးမှာ စိုက်ပျိုးရေး ရွာသိမ် ရွာငယ်ကလေး ဖြစ်ပြီး လက်ချိုးရေ တွက်၍ ရသည့် အဆောက်အအုံများ၊ ဘုရား ရှိခိုးကျောင်း တစ်ခုနှင့် အရက်ဘား တစ်ခုသာ ရှိသည်။ သည်ရွာကလေးသည် ရပ်စ်ဒီဂျင် တောင်စောင်းတွင် တည်ရှိနေခြင်း ဖြစ်သည်။ ၎င်းရွာကလေးတွင် သူ၏ ကွယ်လွန် သွားရှာသည့် ဖေးဂျင့်က အဆင့်မြင့် အဝေးထိန်းခလုတ် တစ်ခုကို ရှာဖွေ ထောက်လှမ်း ရရှိခဲ့ပြီး သူ့ထံသို့ သတင်းပို့ခဲ့ခြင်း ဖြစ်သည်။ ထိုသတင်းကို အဘိုးကြီးထံသို့ အထူးလုံခြုံ ရေး ဆက်သွယ်သူနှင့် သတင်း ပို့ခဲ့ပြီး ကွင်းထဲသို့ သူဆင်းလာခဲ့ခြင်း ဖြစ်သည်။

သို့သော်

ထို့နောက် တစ်စုံတစ်ရာသည် ဖြစ် ပျက်ခဲ့၏။ အလွန်ထူးဆန်းသော ဖြစ်ပျက်မှု ဖြစ်သည်။ အလွန် ထိတ်လန့်စရာလည်း ကောင်းလှ၏။ စုတ်ပြတ်သေချိုး ကြမ်းပြင်ကို သွားချေးများ၊ လူသေွးများနှင့် စွန်းထင်း လိမ်းကျံနေသည့် အရက်ဘား တစ်ခုမှ ကောလာဟလ သတင်းတစ်ခု ရသည်။ အကြမ်းဖက် အုပ်စုတစ်ခုသည် အီသီယိုးပီးယား နိုင်ငံမှ အဆင့်မြင့် အဝေးထိန်း ခလုတ်များသာမက အခြား အဖျက် ပစ္စည်းများကို အပြင်သို့ ခိုးထုတ် နေကြောင်းပင်၊ အကယ်၍ ထိုကောလာဟလ သတင်းသည် အမှန်ဖြစ်ပါက အမေရိက နိုင်ငံအတွက်သာမဟုတ် ကမ္ဘာတစ်ဝန်းလုံးပင် အကြမ်းဖက် တိုက်ခိုက် ဖျက်ဆီးခြင်း အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ် ရှိ၏။ အကြောင်းမှာ အကြမ်းဖက် သမားများ လက်တွင်းသို့ ကမ္ဘာကြီး တစ်ခုလုံးကို အိပ်မက်ဆိုးမက်စေနိုင်လောက်သည့် လက်နက် စွမ်းအား ရရှိသွားသည့် သဘောပင်ဖြစ်၏။



၇ မိနစ်ခန့် အကြာတွင် ချိနွတ် ရဟတ်ယာဉ်သည် သဲမြူမှုန်တို့ တိုက်ခတ်လွင့်စဉ်နေသည့် အကြားမှာ မြေပြင်သို့ ဆင်းသည်။ ဆင်းသက် လိုက်သည့် တောင်စွန်း မြေပြန့် ကျဉ်းကျဉ်းကလေးမှာ လူသူ လေးပါးနှင့် လုံးဝ အဆက်အသွယ် မရှိသလို ခြောက်ကပ်နေ၏။ ရှေ့နားတွင် ရှေးဟောင်း ကျောက်တုံး တံတိုင်း တစ်ခု ရှိသည်။နောက်တွင် နေရာတစ်ခု ရှိသည်။ ဤ အရပ်ဒေသခံများမှာ မကောင်းဆိုးရွားများ စံပျော်သည့် နေရာဟု သတ်မှတ်ထားသည့် နေရာပင် ဖြစ်ပါ၏။ ထိုကျောက်တုံး နံရံကြီး၏ အကြားမှ လမ်းတစ်သွယ် ရှိကြောင်း ထိုလမ်းသည် ရပ်စ်ဒီဂျင် တောင်ထွတ်၏ ကြီးမားလှသည့် ကျောက်ဆိုင်ကြီး ရှိရာသို့ သွားသည်ကို လင်းဒရို့စ် သိသည်။

လင်းဒရို့စ်နှင့် စကော့ပီရွန် တပ်ဖွဲ့ တို့၏ ရဟတ်ယာဉ်သည် မြေပြင်သို့ ဖြည်းဖြည်းချင်း သတိကြီးစွာ ဆင်းလိုက်ကြ၏။ ရဟတ်ယာဉ် မောင်းသူ ပိုင်းလော့သည် သူ့ခုံပေါ်မှ မထပါ။ ရဟတ်ယာဉ်၏ အင်ဂျင်စက်ကိုလည်း မသတ်ပါ။ အပေါ်မှ ပန်ကာများသည်လည်း လည်ပတ်လျက် ရှိနေ၏။ အဖွဲ့သား အားလုံးသည် သဲမုန်တိုင်းဒဏ်ကို ခံနိုင်ရန် အစွပ်နှင့် မျက်မှန်များကို တပ်ဆင် ထားကြသည်။ အပြင်မှ တိုက်ခတ်နေသည့် သဲများ သာမက သူတို့၏ ရဟတ်ယာဉ် ပန်ကာ လည်ပတ်မှုကြောင့် လွင့်စဉ်လာသည့် ခဲလုံးငယ်များ မျက်စိကို မထိမှန်စေရန် ဖြစ်သည်။ အားလုံး၏ နားတွင် ဝါယာလက်စ်နားကြပ် ကိုယ်စီ တပ်ထားကြပြီး တစ်ဦးနှင့် တစ်ဦး ဆက်သွယ်နိုင်ရန် မိုက်ခရိုဖုန်းလည်း ပါရှိသည်။ သို့မှသာ ရဟတ်ယာဉ်နှင့် ပန်ကာလည်နှုန်း အသံကြားတွင် တစ်ဦးနှင့် တစ်ဦး ပြောဆို ဆက်သွယ်နိုင်မည် ဖြစ်သည်။ အဖွဲ့ဝင်တိုင်းတွင် အိတ်စ် အမ်ရှစ် (XM8) အပေါ့စား အော်တို မက်တစ် ရိုင်ဖယ်များ ကိုင်ဆောင်ထားကြသည်။ ၎င်းသေနတ်မှာ တစ်မိနစ်လျှင် ကျည်တောင့် ၇၅၀ ပစ်လွှတ်နိုင်၏။

လင်းဒရို့စ်သည် သူ၏ လူများကို ဦးဆောင်၍ ကျောက်တုံးနံရံ၏ ဆန့်ကျင်ဘက် ဝိညာဉ်ကျောက်သား မျက်နှာရှိရာသို့ သွားသည်။ ၎င်းတူရူတွင် ဂူပေါက် တစ်ခု ရှိနေ၏။ ရှုခင်းအားလုံးမှာ ငရဲပြည် အလား ဖြစ်နေ၏။

အဖွဲ့မှူး အင်းဒါးစ်သည် တိုက်ပွဲဝင် ထုံးစံအတိုင်း သူ့လူများကို နေရာချထား လိုက်၏။ ပထမဆုံးမှာ ရန်သူများ ခိုအောင်း နေထိုင်မည့် နေရာများကို ရှာဖွေ စူးစမ်းရန် ဖြစ်သည်။ ပြီးမှ တစ်ဖွဲ့လုံး၏ လုံခြုံရေး ပြန်လည် စောင့်ရှောက်နိုင်သည့် အနေအထားမှာ နေရာယူကြ၏။ တပ်ဖွဲ့ဝင် နှစ်ယောက်အား

www.burmeseclassic.com



ကျောက်တုံး နံရံနံဘေးသို့ သွား၍ ပြင်ပ အန္တရာယ်ကို စောင့်ကြည့်စေ၏။ တပ်ဖွဲ့ဝင် နှစ်ယောက်သည် ဂူပေါက်ရှိရာသို့ သွားသည်။ တစ်ယောက်က ဂူပေါက်တွင် စောင့်ကြည့် နေပြီး တစ်ယောက်က ဂူထဲတွင် အန္တရာယ် ရှိ၊ မရှိ စူးစမ်း ဝင်ရောက်၏။

လင်းဒရိုစ်သည် သူ့ လူများ၏ အခြေအနေကို အကဲခတ်လိုက်သည်။ အင်းဒါးသည် အဖွဲ့မှူးဖြစ်သည့် အားလျော်စွာ သူ့နံဘေးမှ ရပ်ပြီး ဖြန့်ကြက်လာသော တပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်မှုကို နားထောင်၏။ ကျောက်တုံးနံရံ နံဘေးမှ ရဲဘော်များက ကျောက်တုံးနံရံ ပြင်ပတွင် ဘာမှ မရှိကြောင်း အစီရင်ခံ၏။ ဒုတိယ တပ်ဖွဲ့၏ အစီရင်ခံချက်ကို နားစွင့်လိုက် ပြန်၏။

'ဂူထဲမှာ လူသေအလောင်း တစ်ခု ရှိတယ်၊ ခေါင်းတည့်တည့်ကို သေနတ်နဲ့ အပစ်ခံရပြီး သေဆုံးနေတာ၊ အဲဒါကလွဲရင် ဘာမှ မရှိဘူး'

လင်းဒရိုစ်သည် အင်းဒါးစ်၏ အစီရင်ခံစာကို ကြားရ၏။

'ကဲ ကျုပ်တို့ ဒီမှာ စကြဖို့ပဲ'

သူတို့သည် ဂူထဲသို့ ဝင်လိုက်ကြ၏။ အင်းဒါးဒစ်၏ မီးဖိုဟောင်းမှ ပြာများကို လက်အိတ် စွပ်ထားသော လက်ဖြင့် စမ်းသပ် ကြည့်ရှုသည်။

'ဒီ မီးဖိုကို ကြည့်ရတာ လပေါင်းများစွာ အသုံးပြုခဲ့တဲ့ မီးဖိုပဲ၊ တစ်နှစ်လောက် ရှိချင် ရှိနိုင်တယ်'

လင်းဒရိုစ်သည် ခေါင်းညိတ် ပြပြီး ထောက်ခံလိုက်၏။ ပြီးမှ လက်မထောင်ပြကာ -

'ကျုပ်တို့ တစ်တွေ ရှာဖွေနေတဲ့ တကယ့် နေရာကို ရောက်နေပြီလားမှ မသိတာ'

ထိုအတွေးသည် လင်းဒရိုစ်၏ အသိ စိတ်များကို နှိုးထလာစေ၏။ တွေ့ရှိရသော အခြေအနေ အဖြစ်အပျက်များအရ ကြားသိထားသည့် ကောလာဟလ သတင်းသည် အမှန် ဖြစ်ကောင်း ဖြစ်နေနိုင်၏။ လင်းဒရိုစ်သည် ကြားသိရသော 'ကောလာဟလ သတင်းကြီး'ကို ကောလာဟလ အဖြစ်ပဲ ပြီးမြောက်သွားရန် စိတ်ထဲက အထပ်ထပ် အောက်မေ့ မှတ်ယူခဲ့ပါ၏။ သူတို့ သည်နေရာတွင် ရောက်ရှိပြီး ဘာမှ မတွေ့တာမျိုး ဖြစ်ခဲ့သော် ဘာမှ မဟုတ်နိုင်တော့၊ ထိုသို့ မဟုတ်ပါက ဆန့်ကျင်ဘက် ရလဒ်အဖြေမှာ မတွေးဝံ့၊ မတွေးရဲစရာ ဖြစ်ပါ၏။



ခါးပတ်တွင် ချိတ်ထားသော အချက်ပြ ကိရိယာ နှစ်ခုကို အသင့် ယူလိုက်ပြီး ပထမဆုံး မီးဖိုဟောင်းပေါ်သို့ တင်၍ စူးစမ်းကြည့်သည်။ အချက်ပြ နှစ်ခုအနက် တစ်ခုမှာ အယ်လ်ဖာ ရောင်ခြည်ကို ရှာဖွေ စူးစမ်းသည့် ပစ္စည်း ဖြစ်သည်။ ဂိုင်ဂါကောင်တာ ရေဒီယို ဓာတ်ကြွမှု စူးစမ်းသည့် ပစ္စည်းပင် ဖြစ်ပါသည်။

မီးဖိုဟောင်း နေရာတွင် စမ်းသပ် ကိရိယာ နှစ်ခုစလုံး မည်သို့မျှ အချက်မပြပါ။

သူတို့ ဆက်သွားကြသည်။ မီးဖို နေရာကို ဗဟိုပြု၍ ဆက်သွားသည်။ လင်းဒရိုစ်သည် တစ်ချိန်လုံး သူ့မျက်စိများကို စမ်းသပ် ကိရိယာ နှစ်ခုပေါ်သို့ အာရုံ ပြုထား၏။ မီးဖိုဟောင်းနှင့် မီတာ တစ်ရာခန့် အကွာတွင် အယ်လ်ဖာ စူးစမ်း စက်သည် အချက်ပြလာ၏။

'ဟေ'

လင်းဒရိုစ်က အသက်အောင့်ပြီး ပြောလိုက်မိသည်။ အင်းဒါးစ်က -

'ဘာတွေ့လို့လဲဟင်'

လင်းဒရိုစ်သည် စကားပြန်ဖို့ မအားပါ။ သူသည် အခြားစက်တစ်ခု ဖြစ်သော ဂိုင်ဂါကို ကြည့်လိုက်၏။ ဂိုင်ဂါစက်သည် ဘာမှ အချက်မပြပါ။ ဘာပဲပြောပြော အယ်လ်ဖာ စက်က အချက်ပြခြင်း သည် တစ်စုံတစ်ရာတော့ ရှိနေပြီ ဖြစ်မည်။ ဘာပါလိမ့်။ ကျောက်တောင်ကြီးကပင် ဓာတ်လွှတ် နေလေရော့သလား။

လင်းဒရိုစ်သည် အယ်လ်ဖာစက် အသံပြုရာမှ ဝန်းကျင်ကို ကြည့်လိုက်သည်။ ဂူဝတည့်တည့်ကို မျက်နှာမူထား၏။ လင်းဒရိုစ်သည် ဖြည်းဖြည်းချင်း ရွှေ့သို့ တိုးခဲ့သည်။ အယ်လ်ဖာစက်မှ အချက်ပြမှုသည် ပုံမှန် ဆက်လက်ထွက်ပေါ်နေ၏။ ယင်း ဂူပေါက်ဝနှင့် မီတာ ၂၀ ခန့် အကွာတွင် ဖြစ်သည်။ မြည်သံက ဆက်နေသည်။ လင်းဒရိုစ်သည် နှဖူးပြင်ထက်မှ ချွေးစများကို သုတ်လိုက်ရန် ခဏရပ်၏။ ဘုရား ဘုရား သူ့အခြေအနေမှာ ကမ္ဘာကြီးကို မီးလောင်တိုက် သွင်းမည့် ခေါင်းတလား သံတစ်ချောင်း ရိုက်နေ မိလေပြီလား မဟုတ်သေးပါဘူး။ မသေချာသေးပါဘူး။ ကိုယ့်ဘာသာ အားတင်းလိုက်သည်။ တစ်ခုခု ထူးခြားသည်ကတော့ အမှန်ပင်။ နောက်ထပ် ၁၂ မီတာခန့် ရွှေ့ဆက်လိုက်၏။ သည်တွင် ဂိုင်ဂါကောင်တာက အချက်ပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား ဂိုင်ဂါကောင်တာ၏ ဂါမာ ရေဒီယို စတက်ကြွမှု၊ စူးစမ်းမှုနှင့် အယ်လ်ဖာစက်၏ အချက်ပြမှု ပေါင်းစပ် လိုက်သော အခါ သူ မဖြစ်ချင်ဆုံး ရှာမတွေ့ချင်ဆုံး ကိစ္စအတွက် အဖြေ ပေးနေပြီ ဖြစ်သည်။ လင်းဒရို့စ်သည် ချွေးစေးများ ပြန်လာ၏။ ဤကဲ့သို့ အေးစိမ့်သော ချွေးစေးပြန်မှုမျိုးကို လင်းဒရို့စ် ကွင်းဆင်း စပိုင်အေးဂျင့်ဘဝ ကွင်းထဲတွင် ပထမဆုံး အကြိမ် လူသတ်ရသည့် အနေအထားတွင် ဖြစ်ပေါ်ဖူးဖြစ်သည်။ တစ်ဖက်ရန်သူနှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင် သတ်ပုတ်နေ ရသည်။ သူသေ ကိုယ်သေပဲ ဖြစ်သည်။ တစ်ဖက် ရန်သူက သူ့ကို အသေသတ်ဖို့ ကြိုးစားနေ၏။ သူ့အသက် ရှင်သန်ဖို့ အရေးအတွက် တစ်ဖက် ရန်သူကို အသေသတ်နိုင်မှ ဖြစ်မည်ဟု ဆုံးဖြတ်ရသည့် အခြေအနေမျိုး ဖြစ်ပေသည်။

'မီးထိုးစမ်း၊ ကျုပ် ရုပ်အလောင်းကို ကြည့်ဖို့ လိုတယ်'

စိုးရိမ် ပူပန် ကြောက်ရွံ့နေသည့် အကြားမှ လင်းဒရို့စ် အမိန့်ပေးလိုက်သည်၊ တပ်ဖွဲ့ခေါင်းဆောင် အင်းဒါးစ်က ခေါင်းညိတ်ပြပြီး တပ်သား ဘရစ်ကို တာဝန် ပေးလိုက်သည်၊ ဘရစ်သည် ဂူထဲသို့ ပထမဆုံး စူးစမ်း ဝင်ရောက်ခဲ့သူ ဖြစ်သည်။ ဘရစ်သည် သူ၏ ဓီနွန် မီးခလုတ် ဖွင့်လိုက်၏။ သုံးဦးသား ဂူထဲသို့ တိုးဝင်ကြသည်။ လင်းဒရို့စ် ရင်ထဲတွင် အီဂျစ်နိုင်ငံ ကိုင်ရိုရှိ ရုပ်အလောင်းများ ထားသည့် ပိရမစ် ဂူထဲသို့ ဝင်ရသလို ခံစားနေ ရ၏။

နီတွန်မီး၏ အလင်းရောင်တန်းသည် ဝန်းကျင်ကို ထိန်လင်း သွားစေ၏။ အလင်းရောင် အောက်တွင် ရုပ်အလောင်းသည် ထူးထူးခြားခြား ကြောက်စရာ မကောင်းတော့ပေ။ အလောင်း၏ မျက်နှာသည် အခြားတစ်ဖက်သို့ လှည့်နေ၏၊ အလင်းရောင်ကို မမြင်လို အမှောင် ထုကိုပဲ မြင်လိုနေလိုသည့် ပုံဟန်မျိုး တပ်ဖွဲ့မှူး အင်းဒါးစ်က

'ကိုယ့်ကိုယ်ကိုယ် သတ်သေတာ မဟုတ်ဘူးဆိုတာ သေချာတယ်'

ဟု မှတ်ချက်ပေး၏။

လင်းဒရို့စ် ခေါင်းထဲတွင်

သင်တန်းကာလ အတွင်း ပို့ချချက်များ အနက် မိမိကိုယ် မိမိ သတ်သေသူများသည် အလွယ်ကူဆုံး အမြန်ဆုံးလမ်းကို ရွေးချယ်လေ့ရှိသည်။ ဥပမာ ပါးစပ်ထဲသို့ ပစ်သွင်းခြင်း ဖြစ်သည်။ ဤ ရုပ်အလောင်းကား ကျွမ်းကျင်သူ ပရော်ဖက်ရှင်နယ် (ပညာရှင်) တစ်ဦးဦးက ပစ်သတ်ထားဟန် ရှိ၏။

လင်းဒရို့စ်က



'ဘကြောင့်များ သတ်ထားတာပါလိမ့်'

တပ်ဖွဲ့မှူး အင်းဒါးစ်သည် ပခုံးတွန့်ပြရင်း

'ဒီ ငနဲတွေနဲ့ကတော့ အကြောင်းပြချက်တွေ တစ်ထောင်လောက်'

သူ့ စကား မဆုံးမီ လင်းဒရို့စ် အသံက

'ဘရစ် နောက်ကို အမြန်ဆုတ်'

လင်းဒရို့စ် အသံမှာ ဘရစ်၏ နားကြပ်ထဲသို့ ဆောင့်ဝင်သွားသည်။ ထို အချိန်၌ ဘရစ်သည် အလောင်းကောင် အနီးသို့ လှည့်ပတ် ချဉ်းကပ်၍ သွားနေခြင်း ဖြစ်သည်။ ဘရစ်သည် ထိတ်လန့်တကြား နောက်သို့ ဆုတ်လိုက် ၏၊ သူက

'ဆောရီးဆရာ ကျွန်တော်က ထူးခြားမှု တစ်ခုကို ပြမလို့ပါ'

လင်းဒရို့စ်က -

'မီးရောင်ကိုပဲ အားပြုပြု'

လင်းဒရို့စ်က အမိန့်ပေးလိုက်သည်။ လင်းဒရို့စ်သည် သူတို့သုံးဦး ဂူထဲသို့ ဝင်လာကတည်းက အခြေအနေကို သိနေပြီး ဖြစ်သည်။ သူ၏ ဂိုင်ဂါကောင်တာရော အယ်လ်ဖာစက်တို့ပါ တစ်ပြိုင်တည်း အချက်ပြနေပြီ ဖြစ်သည်။

'ဘုရား ဘုရား'

လင်းဒရို့စ်သည် စိတ်ထဲမှ ဘုရား တနေမိ၏။

ရုပ်အလောင်းမှာ ပိန်ပိန် ပါးပါး လျှလျှလေး ဖြစ်ပြီး ငယ်ရွယ်လွန်းပုံ ရသည်၊ ရုပ်အလောင်း၏ ကြန်အင် လက္ခဏာကို ကြည့်ပြီး အာရပ်မျိုးနွယ်စု ဖြစ်လေမလားဟု တွေးကြည့်ရာ မဖြစ်နိုင်ဟု တွေးမိ၏။ သို့သော် တိတိကျကျ ပြောဆို အကဲဖြတ်နိုင်ဖို့ကား မလွယ်လှ။ အကြောင်းမှာ -

'အို ဘုရားသခင်'

လင်းဒရို့စ်သည် ဘုရား တလိုက်ရပြန်၏၊

ထိုအခါမှ အင်းဒါးစ်လည်း မြင်သွားသည်၊ ရုပ်အလောင်းတွင် နှာခေါင်း မရှိပါ၊ ရုပ်အလောင်း၏ မျက်နှာ အလယ်ပိုင်းမှာ ဘာမှ မရှိတော့ ချော်ချွတ်ပြီး အသတ်ဝင် နေစဉ်မှာပင် မျက်နှာပိုင်းတို့ တစ်စုံတစ်ရာက ဖျက်ဆီးပြီး စားသုံး ပစ်သကဲ့သို့ ဖြစ်နေ၏၊

ဒါ သေချာပြီပဲဟု လင်းဒရို့စ် တွေးလိုက်မိ၏၊ အခြေအနေ တစ်ခုတည်း သာ ရှိတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



အင်းဒါးစ်က

'ဘာကများ ဒီလိုဖြစ်အောင် ဖျက်ဆီးပစ်ပါလိမ့်၊ တော့ခ်ဆင် အဆိပ်တွေက စားသွား လေရော့သလား'

လင်းဒရို့စ်ကမူ အင်းဒါးစ်၏ အာမေဍိတ်များကို ဂရုမထားနိုင်။ သူက ဘရစ်ကိုသာ လှမ်း၍

'ဘရစ်၊ မင်း အလောင်းကို ကိုင်မိ သေးသလားဟင်'

ဘရစ်က ထိတ်လန့်တကြားနှင့်

'ကျွန်တော် မကိုင်မိပါဘူး၊ ကျွန်တော့်များ ဓာတ်ငွေ့ အဆိပ်တွေ ကူးစက်နေပြီလား'

အင်းဒါးစ်ကမူ

'လက်ထောက် ဒါရိုက်တာကြီး ခင်ဗျား၊ ကျွန်တော့်ကိုလည်း ရှင်းပြပါဦး ကျွန်တော်တို့ ဘယ်ကို ရောက်နေတာလဲ ဘယ်လို ပြဿနာနဲ့ ရင်ဆိုင်နေရတာလဲ၊ ဘယ် အခြေအနေ ရှိသလဲဆိုတာ ပြောပါဦးဆရာ၊ ကျွန်တော်တို့ ရွှေ့တန်းတွေ ထွက်ခဲ့ရပေါင်း များပါပြီ၊ ခုတစ်ခေါက်ကတော့ ဘာမှန်း မသိရသေးဘဲမို့ အခြေအနေက ဆိုးနေပြီ ဆရာ'

လင်းဒရို့စ်သည် အင်းဒါးစ်ကို စကား မပြန်သေးပါ။ သူသည် ဒူးထောက်၍ အသင့်ယူလာသော သတ္တုဘူး တစ်လုံးကို ယူသည်။ အဖုံး ဖွင့်ပြီးနောက် လက်အိတ် စွပ်ထားသော လက်ဖြင့် ရုပ်အလောင်း နံဘေးမှ မြေမှုန့် သဲမှုန့် တချို့ကို ဘူးထဲမှာထည့်၊ ဘူးကို အသေအချာ ပြန်ပိတ် လိုက်၏။ ပြီးမှ ထသည်။ နောက် အင်းဒါးစ်၏ မျက်နှာကို ကြည့်လိုက်ပြီး

'ကျုပ်တို့ ဒီနေရာက အမြန်ဆုံးထွက်မှ ဖြစ်မယ်'

ဘရစ်က -

'ဆရာ'

'ဘာမှ မပူပါနဲ့ ဘရစ် မင်းဘာမှ မဖြစ်ပါဘူး၊ ကဲ နောက်ထပ် စကား ရှည်မနေကြနဲ့ သွားစို့' ဟု အမိန့် အသံဖြင့် ပြောလိုက်၏။

သူတို့အဖွဲ့ ဂူပေါက်ဝသို့ ရောက်လာသောအခါ ပြင်ပမှ အလင်းရောင်သည် စူးစူးရဲရဲ ရှိနေ၏။ နီစွေးသော အပြင် ရှုခင်းကို တွေ့ရသည်။ လင်း ဒရို့စ်က စကားပြောခွက်မှ တစ်ဆင့် -

'အင်းဒါးစ် ခုချိန်ကစပြီး ဒီဂူထဲကို မင်းတို့ အဖွဲ့သားတွေ အားလုံး မဝင်ရတော့ဘူး၊ ချောင်းမြောင်း ကြည့်တာတောင် မလုပ်ကြနဲ့'



တပ်ဖွဲ့ ခေါင်းဆောင် အင်းဒါးစ်သည် ကျေနပ်ပုံတော့ မရ။ အဖြေ တိတိကျကျ မရသောကြောင့် ဖြစ်သည်။ သို့သော် ပခုံး တွန့်လိုက်ပြီးနောက်

'ဟုတ်ကဲ့ ဆရာ'

လင်းဒရို့စ်သည် နောက်ထပ် ဆယ်မိနစ်ခန့် အချိန်ယူ၍ သူတို့ရောက်ရှိနေ သော တောင်ကုန်း တစ်ဝိုက်တွင် သူ၏ စက်နှစ်လုံးနှင့် စူးစမ်းမှု ပြုလုပ် လိုက်၏။ သည် လူများသည် လမ်းကြောင်းသို့ ဘယ်ပုံ ဘယ်နည်းနှင့် သည်အရပ်သို့ ရောက်ရှိလာသည်ကို သူ တွေး၍ မရ။ ရုပ်အလောင်းမှာ ပစ်သတ်ခံရပြီး သေဆုံးသွားရသူ ဖြစ်သည်။ သူတို့ သယ်ဆောင် လာသော ပစ္စည်းများတွင် ရေဒီယို ဓာတ်ကြွ ယို စီးမှု ဖြစ်ပျက်ခဲ့ပုံ ရသည်။ ထိုယိုစီးမှုတို့ ပြန်လည် ပိတ်ဆို့ပြီး ခရီး ဆက် သွား ကြပြီ ဖြစ်သည်။ သူ့အနေနှင့် နောက် ထပ် သဲလွန်စ ဘာမှ မရတော့။

ဂူအတွင်းမှလွဲ၍ မည်သည့် နေရာတွင်မှ သူ၏ အယ်လ်ဖာနှင့် ဂိုင်ဂါ ထောက်လှမ်းစက်တို့သည် အချက်ပြခြင်း မရှိတော့။ ယခု ပုံအတိုင်း ဆိုလျှင် သူ့ အနေဖြင့် နောက်ထပ် လိုက်စရာ သဲလွန်စ တစ်ခုမှ မရှိတော့။

နောက်ဆုံး လင်းဒရို့စ် ဆုံးဖြတ်လိုက် သည်။

'တပ်ဖွဲ့မှူး၊ တို့အားလုံး ဒီနေရာက ထွက်ကြမယ်'

အင်းဒါးဒစ်က ထိုအမိန့်ကို ဆက်၍

'ကဲ ရဲဘော်တို့ အားလုံး ကြားပြီနော်၊ ကျုပ်တို့ ရဟတ်ယာဉ်နဲ့ ပြန်ကြမယ်' ပြောပြောဆိုဆိုပင် ရဟတ်ယာဉ်ရှိရာသို့ ချီတက်သွားကြ၏။

'နေဦး' ဖာဒီက ပြောသည်။ သူသိပြီးသား ဖြစ်ပါသည်။

အဗ္ဗူအဗင်အဇစ်သည် ဖာဒီနံဘေးမှာ ဝပ်နေရာမှ လူးလွန့်သည်။ လင်းဒရို့စ်တို့ လူသိုက်နှင့်မိတာ ၃၀၀ အကွာ တောင်ကုန်းပေါ်တွင် သူတို့ နေရာယူထားခြင်း ဖြစ်သည်။ သူတို့နှစ်ဦးမှာ ရွှေ့ပြောင်း ကင်းထောက် သဘော မျိုး ဖြစ်သည်။ သူတို့၏ နောက်ဘက် ကျောက်တုံးကျောက်ဆောင်တွေ အကြားတွင် လက်နက်ကိုင် တပ်ဖွဲ့ ၂၀ ခန့်က အဆင်သင့် အနေအထားနှင့် စောင့်ဆိုင်းနေကြ၏။

www.burmeseclassic.com



ဖာဒီက မှန်ဘီလူးကို ပြရင်း

'ဒီမှန်ဘီလူးကနေ အားလုံး မြင်နေရ ပါတယ်၊ အဲဒီမှာ ဓာတ်ငွေ့ ယိုစီးမှု ဖြစ်ထားတယ်ကွ'

အဇစ်က

'ဗျာ အဲဒါ ကျွန်တော်တို့ကိုလည်း အကြောင်း မကြားပါလား'

ဖာဒီက ဘာမှပြန်မဖြေပါ။ ဖြေရန် လည်း မလိုပါ။ သူတို့ကို အကြောင်း မကြား အသိမပေးခဲ့ခြင်းမှာ ထိတ်လန့်ကြောက်ရွံ့ သွားကြမည်ဖြစ်သော ကြောင့်ပင်။ အကယ်၍ ဖာဒီသာ ဤအကြောင်းသိခဲ့ပါက သယ်ယူပို့ဆောင်ရေး လုပ်ကိုင်ပေးကြသော အီသီယိုပီယင်း အလုပ်သမားများအတွက် တစ်စုံတစ်ရာ ချွတ်ယွင်းမှု ရှိပါက အသတ်ခံရခြင်း ရရှိမြဲ ဖြစ်သည်။

၁၂ × ၅၀ ရှုရှားလုပ် စစ်သုံးမှန်ဘီလူးဖြင့် ဖာဒီသည် မာတင်လင်းဒရို့စ်ကို ပြတ်သားစွာ ချိန်ရွယ် ကြည့်ရှုနေ၏။ အားကောင်းလှသော မှန်ဘီလူးကြောင့် အစစအရာရာ အသေးစိတ်များ မြင်နေရသည်။ အောက်မှ အမေရိကန် တပ်ဖွဲ့ ခေါင်းဆောင်သည် ဗဟိုထောက်လှမ်းရေး စီအိုင်အေ၏ လက်ထောက် ညွှန်ကြားရေးမှူး ဖြစ်ကြောင်း သိသည်။ အမေရိကန် ခေါင်းဆောင်သည် စမ်းသပ် ကိရိယာ နှစ်မျိုးစလုံးကို အသုံးပြုနေသည်။ အမေရိကန်သည် ဘယ် အခြေအနေတွင် ဘာလုပ်ရမှန်းသိသူ ဖြစ်သည်။

ဖာဒီသည် အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်နှင့် လူထွားကြီး ဖြစ်သည်။ သူ စကားတစ်ခွန်း ပြောလျှင် အားလုံးက သူ့ရှေ့မှောက်တွင် ငြိမ်သက်စွာ နားထောင် နေကြရ၏။ ဖာဒီမှာ ခန့်ညားသော မျက်နှာ ထား ရှိသည်။ သူ၏ အသားအရေ အရောင်မှာ သဲကန္တာရ၏ နေရောင်နှင့် တောင်ပေါ်လေဒဏ် တို့ကြောင့် နီစပ်စပ်၊ ညိုတိုတို ဖြစ်နေ၏။ သူ၏ ဆံပင်များ၊ မုတ်ဆိတ် ကျင်စွယ်များမှာ ရှည်လျားတွန့် လိမ်နေကြ၏။ အရောင်မှာ ကြယ်တွေ မရှိသော ညဉ့်သန်းခေါင်၏ အမှောင်မျိုး ဖြစ်သည်။ သူ၏ နှုတ်ခမ်းများမှာ ပြည့်ဝပြီး ကြီးမားကျယ်ပြန့်သည်။ သူ ပြုံးလိုက်သော အခါ နေအလင်းရောင် သည် သူ့ မျက်နှာပေါ်သို့ ပက်ဖျန်းလိုက်သလို ဖြစ်သွား၏။ ဖာဒီ၏ သံမဏိ သံန္နိဋ္ဌာန်သည် မျှော်လင့်ချက် မရှိသော အခြေအနေအတွက် မျှော်လင့်ခြင်း ရယူရန် ဖြစ် သည်။ အမျိုးမျိုးသော စည်းစိမ်ဥစ္စာတို့ဖြင့် ခံစားနေကြသော ဆော်ဒီဘုရင် ဆွေတော်မျိုးတော် ထောင်သောင်းတို့ကို ဖယ်ရှား သုတ်သင်၍ သူပြည်သူ ပြည် သားများကို လွတ်မြောက်စေရန် ဖြစ်သည်။ ဘုရင့် ဘဏ္ဍာ



ငွေများကို ဆင်းရဲသား ပြည်သူတို့အား ဖြန့်ဝေရန် ဖြစ်သည်။ သတ်ဦး ဆံပိုင်ဘုရင်စနစ်ကို ဤကမ္ဘာမြေပေါ်မှ အမြစ်ပါ မကျန် ဖယ်ရှား ရှင်းလင်း ပစ်ပြီး ပြည်သူလူထု၏ လက်သို့ သူတို့ အမှန်တကယ် ရထိုက်သော အာဏာ ကို ပေးအပ်ရန် ဖြစ်သည်။ ဤသို့သော ရည်ရွယ်ချက်ကြီးကို အောင်မြင် နိုင်ရေးအတွက် ဆော်ဒီဘုရင် ဆွေတော် မျိုးတော်စုနှင့် အမေရိကန် အစိုးရတို့ အကြားမှာ ရှိနေသော ဆက်သွယ်မှုကို ဖြတ်တောက်ပစ်ရမည် ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန် အတွက် အမေရိကကို တိုက်ရန်သာ ဖြစ်၏။

ဤသို့ ဆောင်ရွက်တိုက်ခိုက်ရာ တွင် သူ သတိထားရမည့် အချက်မှာ အမေရိ ကန် လူမျိုးများ၏ ခံနိုင်ရည် သတ္တိကို အထင်မသေးမိဖို့ လိုသည်။ ဤအချက် သည် အစွန်းရောက် အကြမ်းဖက် တိုက် ခိုက်သူများဘက်မှာ အမြဲတမ်း လိုလို မှားယွင်းလေ့ရှိသော ဓလေ့ဖြစ်သည်။ ထို မှားယွင်းမှုကို အကြောင်းပြု၍ အကြမ်း ဖက် သမားများသည် ကိုယ့်လူမျိုးအချင်း ချင်းမှာပင် စိတ်ဝမ်းကွဲပြားမှု ဖြစ်စေ၏။

ဖာဒီသည် ရူးကြောင်ကြောင် လူသားတစ်ဦး မဟုတ်ပါ။ သူသည်ကမ္ဘာ့ သမိုင်းကို အထပ်ထပ် အခါခါ လေ့လာ ဖတ်ရှုရင်း သိသည်ထက် ပို၍ ပို၍ သိလာ၏။ တစ်ခါက နီကီတာ ကရုရှက်သည် အမေရိက ကို ပြောဖူး၏။ 'ကျုပ်တို့ဟာ ခင်ဗျားတို့ အမေရိကန်တွေ အားလုံးကို မြေ မြှုပ် ပစ်လိုက်မယ်' ထို စကားကို ကရုရှက်သည် စိတ်ရော ကိုယ်ပါ ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သူ ဖြစ်၏။ သို့သော် မြေမြှုပ် သင်္ဂြိုဟ်ခံရ သည်မှာ အမေရိက မဖြစ်ဘဲ ဆိုဗီယက် သမ္မတနိုင်ငံတော်ကြီးပဲ ဖြစ်သွားခဲ့သည်။

ဖာဒီ၏ အစွန်းရောက် အကြမ်းဖက် ရဲဘော်ကြီးများက

'ကျုပ်တို့မှာ အမေရိကကြီးကို မြေမြှုပ်ပစ်နိုင်တဲ့ အသက် အင်အားတွေ မကုန်မခန်းနိုင်အောင် ရှိတယ်' ဟု ဆိုခဲ့၏။ ဆိုလိုရင်းမှာ အစွန်းရောက် အကြမ်းဖက်သမားတို့အတွက် အသက်စွန့် ပေးမည့် လူငယ်မြောက်မြားစွာတို့ နှစ်စဉ် မွေးထုတ်နိုင်ကြောင်းပင် ဖြစ်၏။ ထိုလူငယ်များသည် တိုက်ပွဲများတွင် သူရဲကောင်းများအဖြစ် အသက်စွန့်ရဲကြသူများ ဖြစ်သည်။ သူတို့ ဤသို့ အသေခံရဲခြင်းမှာ သူတို့ သေဆုံးသွားသည့် အခါ ကောင်းကင်ဘုံမှ သူ့တို့ ဂုဏ်ပြုကြိုဆို လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်နေကြသောကြောင့် ဖြစ်သည်။ သူတို့ အသက်စွန့် အသေခံ တိုက်ပွဲဝင်သွားကြ၍ ဘာ အကျိုးအမြတ်များ ရခဲ့ကြပါသနည်း။ ဘာမှ မရခဲ့။ သူတို့၏ လုပ်ရပ်သည် အမေရိကန်နိုင်ငံကြီး

www.burmeseclassic.com



မျှော်လင့်ချက် မရှိသော ဘဝမျိုး ရောက်ရှိအောင် လုပ်နိုင်ခဲ့ကြပါသလား။ မလုပ်နိုင်ခဲ့ကြပါ။ သည်တွင် အဖြေက ဘာလဲ။

ဖာဒီသည် သူ့စိတ်ကူး သူ့ခံယူချက်ကို ခိုင်ခိုင်မာမာကြီး ယုံကြည်၏။ သူ့ယုံကြည်ချက်မှာ ဖာဒီကိုယ်တိုင် အထပ်ထပ် လေ့လာ သုံးသပ်ပြီးမှ ထုတ်ယူထားသော အဖြေ ဖြစ်သည်။

တစ်ချိန်တည်းတွင် ဖာဒီသည် သူ၏ အားကောင်းလှသော မှန်ဘီလူးဖြင့် အမေရိကန် ဗဟိုထောက်လှမ်းရေး လက်ထောက် ညွှန်ကြားရေးမှူးကို အစေ့အစပ် အကဲခတ်နေ၏။ ညွှန်မှူးမှာ ထိုနေရာမှ ထွက်ခွာနေချင်ပုံ ရ၏။ သူသည် သားကောင်ကို ဖမ်းသုတ်မည့် သိန်းငှက် စွန်ရဲ ပမာ အခြေအနေအားလုံးကို အကဲခတ် လေ့လာနေ၏။ မာနထောင်လွှားပုံ ရသော အမေရိကန် စစ်သားတို့သည် စစ်ရဟတ်ယာဉ်ပေါ်သို့ တက်သွားကြပြီ ဖြစ်သည်။ သို့သော် သူတို့၏တပ်စုမှူး (သူ့နာမည် အထိတော့ ဖာဒီ၏ ထောက်လှမ်းရေးက စုံစမ်းနိုင်ခြင်း မရှိခဲ့ပါ။) ကမူ သူတို့၏ ဆရာ ခေါင်းဆောင်ကို တစ်ဦးတည်း ချန်မထားနိုင်သလို စောင့်စားနေ၏။ တပ်စုမှူးမှာ အတွေ့အကြုံ ရင့်ကျက်ပြီး ဖြစ်ပုံရ၏။ သူ့စိတ်အသိတွင် သူ့မျက်စိဖြင့် မမြင်ရသော အန္တရာယ် အငွေ့အသက် ရနေပုံပေါ်၏။ နှစ်ပေါင်းများစွာ လေ့ကျင့်သား ရနေသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဘာပဲပြောပြော သူတို့နှစ်ယောက် မတ်တတ်ရပ်၍ စကားပြော နေကြချိန်မျိုးကို နောက်ထပ်ရရန် မဖြစ်နိုင်ကြောင်း ဖာဒီ သိ၏။

ဖာဒီက လေသံဖြင့် အဇစ်အား

'စတော့'

ဖာဒီသည် အမိန့်သာ ပေးလိုက်သော်လည်း သူ့မျက်လုံးများသည် မှန်ဘီလူးမှ မခွာပါ။

ဖာဒီ နံဘေးမှာတော့ အဇစ်သည် သူ၏ ဆိုဗီယက်လုပ် အာရ်ပီဂျီ **(RPG - 7)** ပခုံးထောက် လောင်ချာပစ် သေနတ်ကို မလိုက်၏။ အဇစ်သည်လည်း သန်မာထွားကျိုင်းသူ တစ်ဦး ဖြစ်သည်။ သူသည် ဒုံးကျည်ကို အမြောက် ပြောင်းဝသို့ အသေအချာ ထည့်လိုက်၏။ ဤလက်နက်မှာ ဒုံးကျည်၏ နောက်မြီးမှ ဒလက်များပါသောကြောင့် ချိန်ရွယ်ပစ်ခတ်သော ပစ်မှတ်ကို တိတိကျကျ မှန်နိုင်၏။ အဇစ် လောင်ချာ မောင်းခလုတ်ကို တင်လိုက်သောအခါ တစ်စက္ကန့်လျှင် ၁၁၇ မီတာနှုန်းဖြင့် ဒုံးကျည်သည်



ပစ်မှတ်ရှိရာသို့ တည့်မတ်စွာ သွားမည် ဖြစ်ပြီး ဒုံးကျည် ထိပ်ဖူး၏ စွမ်းအားဖြင့် တစ်စက္ကန့်လျှင် ၂၉၄ မီတာ အရှည်ထိ တိုးမြင့်သွားမည် ဖြစ်သည်။

အဘူအဇစ်သည် သူ၏ ညာမျက်လုံးနှင့် လောင်ချာ မှန်ဘီလူးမှတစ်ဆင့် ချိန်ရွယ် ရဟတ်ယာဉ်ကို ချိန်လိုက်၏။ အဇစ် စိတ်ထဲတွင် ယခုအချိန်တွင် သူသည် လက်နက်ကိုင်ဆောင်ထားသူ ဖြစ်သည်။ သူ့ရဲ့ဘော်များ၏ ရည်မှန်းချက်ကို ထမ်းဆောင်ရန် ဖြစ်သည်။

ဖာဒီက

'ဂရုစိုက်'

သို့သော် အဘူ အဗင်အဇစ်သည် ကျွမ်းကျင်သော လက်နက်သမားတစ်ဦး ဖြစ်ပါသည်။ အလွန်ထူးချွန်သော ဖာဒီ၏ အစ်ကိုတော်က စနစ်တကျ သင်ကြားပေး ထားခဲ့ရသူ တစ်ဦး ဖြစ်ပါသည်။ သူ့ကို ဂရုစိုက်ဟု ပြောရန်၊ သတိပေးရန် မလို ပါ။

အဇစ်သည် သူ့ပခုံးပေါ်သို့ ကျလာသော ဖာဒီ၏ အချက်ပြ ထိလိုက်သည်ကို သိသည်။ သဘောမှာ ပစ်မှတ်သည် အနေအထားမှန်သို့ ရောက်နေပြီ ဖြစ်၏။ အဇစ်၏ လက်ညှိုးသည် မောင်းခလုတ်ပေါ် အသင့် တင်လိုက်သည်။ သူသည် အသက် ပြင်းပြင်း ရှူသွင်းလိုက်ပြီး ဖြည်းဖြည်းချင်း အသက် အောင့်လိုက်၏။

ပြင်းထန်သော ပေါက်ကွဲသံကြီး ဖြစ်ပေါ်သွားလေသည်။ အသင့်စောင့်ဆိုင်းနေကြသော တပ်ဖွဲ့ဝင်များသည် ဝပ်နေရာမှ ထ၍ ပေါက်ကွဲမှုရှိရာသို့ ဦးတည် ပြေးလွှား ပစ်ခတ်ကြလေသည်။

'အလာ အရှင် ကြီးမြတ်လှပါ၏' တိုက်ပွဲသည် စပြီ ဖြစ်သည်။

ခုနကလေးက လင်းဒရီ့စ်သည် အင်းဒါးစ်အား သူဘာကြောင့် ဒီနေရာမှာ နောက်ထပ် နှစ်မိနစ်ခန့် နေလိုကြောင်း ရှင်းပြနေ၏။ ရုတ်တရက်ပင် သူ့ခေါင်းကို တစ်စုံတစ်ရာက ပြင်းထန်စွာ ရိုက်သလို ခံစားရ၏။ ခဏအကြာမှ သူသည် မြေပေါ်တွင် မှောက်လျက်သား လဲကျနေကြောင်း သတိထားမိ၏။ သူ့ပါးစပ်ထဲတွင် ဖုန်မှုန့်များ သဲများ ဝင်နေ၏။ သူ ခေါင်းထောင်ဖို့ ကြိုးစားသည်။ မီးလောင်ကျွမ်းသော လေထုကို ထိတွေ့နေရသည်။ တခြား ဘာအသံမှ မကြားရ။ သူ့နားစည်မှာ ထူးထူးခြားခြား ထိခိုက်သွားဟန်ရှိ၏။ သူ့ခေါင်းမှာ နာကျင်နေ၏။ သူ့ပါးပြင်ပေါ်သို့ သွေးများ စီးကျနေသည်။ မီးလောင် ခံထားရသည့် ရော်ဘာများ၊ ပလတ်စတစ် အနံ့များသည် လေထု၌ ပျံ့လွှမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနံ့များ အကြားတွင် အသားကို မီးကင်သော အနံ့က ထောင်းခနဲ ပါနေ၏။

လင်းဒရိုစ် လှုပ်ရှားမည် ပြုသော အခါမှ အင်းဒါးစ်၏ ကိုယ်လုံးသည် သူ့အပေါ် ပိနေကြောင်း သတိပြုမိသည်။ ပေါက်ကွဲမှု ဖြစ်ချိန်တွင် အင်းဒါးစ်သည် သူ့ကို အကာအကွယ် ပေးသွားပုံရ၏။ အင်းဒါးစ်၏ ယူနီဖောင်းနှင့် ဆံပင်များမှာ မီးလောင်ကျွမ်းသွားပုံ ရ၏။ လင်းဒရိုစ်သည် ပခုံးကို အားပြု၍ သူ၏ ကိုယ်ပေါ်မှ အင်းဒါးစ်၏ ရုပ်အလောင်းကို တွန်းဖယ်လိုက်၏။ ပြီး ထဖို့ နိုးဆော်လိုက်သည်။

ကျည်တိုးသံ သေနတ် ပစ်သံများ ကြားရသည်။ ကြည့်လိုက်သောအခါ သူ၏ စကော်ပီရွန်တပ်ဖွဲ့သား တချို့သည် မီးလောင် ပျက်စီးနေပြီဖြစ်သော ချီနွတ် ရဟတ်ယာဉ်မှ ထွက်၍ သူတို့၏ သေနတ်များဖြင့် ပစ်ခတ် တိုက်ခိုက်နေ၏။ သူတို့ အထဲမှ တစ်ယောက်ကို အဆက်မပြတ် ကျရောက်နေသည့် စက်သေနတ်ကျည် ထိမှန်ပြီး လဲကျသွားသည်ကို မြင်ရ၏။ လင်းဒရိုစ်၏ နောက်ထပ်လှုပ်ရှားမှုမှာ ပကတိ အလိုအလျောက် တိုက်ပွဲဝင် ရဲဘော်တစ်ဦး၏ လှုပ်ရှားမှု ဖြစ်သည်။ သူသည် ဝမ်းဗိုက်ဖြင့် ဝပ်တွား ၍ အင်းဒါးစ် ရုပ်အလောင်း ရှိရာသို့ ပြန်လာခဲ့၏။ အင်းဒါးစ် အလောင်းထံမှ XM8 မောင်းပြန် သေနတ်ကို ဆွဲယူလိုက်ပြီး သူလည်း ပစ်ခတ်တော့၏။

တိုက်ပွဲရည် ဝနေပြီဖြစ်သော စကော်ပီရွန်ဝမ်း တပ်ဖွဲ့ဝင် များသည် သူရသတ္တိနှင့် ပြည့်စုံပြီး စနစ်တကျ လေ့ကျင့်ထားကြပြီးသူများ ဖြစ်ပါသည်။ သူတို့သည် ဘယ်အချိန်မှာ ပစ်ရမည်၊ ဘယ်အချိန်မှာ တိမ်းရှောင် ခိုအောင်း ရမည်ကို သိသူများ ဖြစ်ပါသည်။ သို့သော် ရုတ်တရက် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် သူတို့၏ အာရုံ စူးစိုက်မှုမှာ ရှေ့တည့်တည့်မှ ရန်သူများသာ ဖြစ်ရာဘက်စုံမှ ပစ်လာသော ရန်သူတို့၏ ကျည်ဒဏ်ကို မခံနိုင်တော့ပေ။ တစ်ယောက်ပြီး တစ်ယောက် ထိမှန် ကျဆုံးသွား၏။ ထိမှန် သူတိုင်းမှာ အချက်ပေါင်းများစွာ ထိမှန်ကြသူများ ဖြစ်ကြ၏။ လင်းဒရိုစ်သည် ဆက်လက် တိုက်ပွဲဝင်နေ၏။ တကယ်တော့ သူတစ်ယောက်တည်းသာ ကျန်ရှိနေပြီ ဖြစ်၏။ ထူးဆန်းမှုကား သူ့ကို မည်သူကမှ ပစ်ခတ်ခြင်း မရှိသည်ကို သတိထားမိခြင်း ဖြစ်သည်။ ကျည်တစ်တောင့်မှ သူ့အနားသို့ ပွတ်သီကပ်သီ မရောက်လာခဲ့။ ဤအချက်သည် ဘာကြောင့်များပါလိမ့်ဟု စဉ်းစားနေစဉ်မှာပင် သူ့လက်ထဲမှ အိပ်အမ် ၈ မောင်းပြန်သေနတ်သည် ကျည်ဆန် ကုန်သွားလေ၏။



ယမ်းငွေ့များ ဝေနေသော သေနတ်ကို လက်မှ တွဲလောင်းကိုင်၍ သူ မတ်တတ်ရပ်လိုက်သည်။ ဟိုအဝေး ကုန်းမြင့်များဆီမှ သူ့ထံသို့ လာနေကြသော ရန်သူများကို လှမ်းကြည့်သည်။

သူတို့သည် ငြိမ်သက်စွာ လာကြသည်။ ဂူထဲတွင် တွေ့ခဲ့သော ရုပ်အလောင်းကဲ့သို့ပင် ပိန်လှီကြသူများ ဖြစ်သည်။ မျက်တွင်းများမှာ ဟောက်ပက်နေ၏။ ထိုလူအုပ်ထဲမှ နှစ်ယောက်သည် ခွဲထွက်၍ မီးလောင် ပျက်စီးနေပြီ ဖြစ်သော ချီနွတ်ရဟတ်ယာဉ် ရှိရာသို့ သွားသည်။ သေနတ် ပစ်သံကြား၍ လင်းဒရိုစ်မှာ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သေနတ်သမား တစ်ဦးက ချီနွတ်အတွင်းသို့ လှမ်းချိန်ထားဆဲ ဖြစ်သည်။ တစ်ဦးက အထဲမှ သွေးသံရဲရဲနှင့် ရဟတ်ယာဉ် ပိုင်းလော့ကို ကော်လံမှ ကိုင်ကာ ဆွဲထုတ်လာ၏။

ပိုင်းလော့သည် သေဆုံးလေပြီလော။ သတိလစ် မေ့မြောနေသည်လော။ မသဲကွဲပေ။ လင်းဒရိုစ်သည် အဖြေသိလို၏။ သို့သော် ထိုအချိန်တွင် သူ့ထံ ဝိုင်းရံလာ ကြသူများသည် အနားသို့ ရောက်လာနေပြီ ဖြစ်၏။ ထိုသေနတ် ကိုင်များ၏ မျက်နှာများမှာ ပကတိ မျက်နှာသေများ ဖြစ်၍ မျက်လုံးများတွင် ကြောက်မက်ဖွယ် အဝါရောင်များ သမ်းနေ၏။ သူတို့၏ မျက်နှာ ထားမျိုးမှာ သေဆုံးကာမှ ပြီးမည့် သဘော ရှိသည်။

လင်းဒရိုစ်သည် အသုံး မဝင်တော့သည့် သေနတ်ကို လက်မှ လွှတ်ချ လိုက်၏။ သေနတ်သမားများသည် လင်းဒရိုစ်ကို ချုပ်ကိုင်၍ လက်နောက်ပြန် လိမ်ချုပ်သည်။ ထိုအချိန်၌ ကျန်လူများက ပြန့်ကြနေသော စကော်ပီရွန် တပ်သားတို့၏ ရုပ်အလောင်းများကို ဆွဲယူ၍ ချီနွတ် ရဟတ်ယာဉ်ပျက်ထဲသို့ သွင်းကြသည်။ ပြီးနောက် လူနှစ်ယောက် မီးသေနတ်များဖြင့် အနား ရောက်လာကာ ရဟတ်ယာဉ်ကို မီးလောင်တိုက် သွင်းလိုက်၏။ သူတို့သည် ပကတိ မတုန်မလှုပ် လုပ်ကိုင်နေ ကြခြင်း ဖြစ်သည်။ မီးလောင် တိုက်သွင်း ခံရသော သူများသည် ရုပ်အလောင်းများလား မသေမရှင်များလားဟု စစ်ဆေး၍ မနေကြပါ။

လင်းဒရိုစ်သည် ထိုမြင်ကွင်းကို ကြည့် မြင်နေရ၏။ သူသည် အံ့သြ၏။ တစ်ချိန်တည်းတွင် ထိုလူများ၏ တိကျ သေချာမှုကိုလည်း မြင်တွေ့ရသည်။ တစ်ချိန်တည်းတွင် ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာ၏။ ဤ ချုံခိုအလစ်အငိုက် တိုက်ပွဲကို ကြီးကြပ် စီစဉ်သူမှာ သာမန် အကြမ်းဖက် တစ်ဦးတော့ မဟုတ် တန်ရာ။ သူ့ကို ဖမ်းချုပ်ထားသူများ၏ မျက်ကွယ်မှာ လက်နှစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပွတ်သပ်ပြီး သူ့လက်တွင် ဝတ်ဆင်ထားသော လက်စွပ်ကို ချွတ်လိုက်ကာ မြေပြင်သို့ မသိမသာ ချလိုက်၏။ နောက် လက်စွပ်ပေါ်သို့ ခြေနင်းနှင့် ဖိနင်းလိုက်သည်။ သူ၏ နောက်သို့ မလွဲမသွေ လိုက်လာမည့်သူ တစ်ဦးဦးသည် သူ့လက်စွပ်ကို တွေ့မြင်သွားစေရန် ဖြစ်သည်။ သို့မှသာ သူသည် မီးလောင်တိုက်သွင်း ခံရသော သူ့ရဲဘော်များနှင့် အတူ ပါမသွားကြောင်း သိသာစေရန် ဖြစ်၏။

ထိုအချိန်တွင် သူ့ကို ဝန်းရံထားသော လူအုပ်သည် နံဘေးသို့ နည်းနည်း ရှဲပေးကြပါသည်။ လင်းဒရို့စ် ကြည့်လိုက်သောအခါ သူ့ဆီသို့ လမ်းလျှောက်ဝင်လာသော အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်း ပကတိ အာရပ်နွယ်ဖွား မျက်နှာထား၊ စူးရှသော မျက်လုံးပိုင်ရှင်ကို မြင်ရသည်။ လင်းဒရို့စ် စစ်ကြော မေးမြန်းမှု လုပ်ခဲ့ရသော အကြမ်းဖက် သမားများ၏ ပုံပန်း လုံးဝ မပေါက်ဘဲ ယဉ်ကျေးမှု အရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရ၏။

လင်းဒရို့စ်သည် မည်းမှောင်သော မျက်လုံးများကို စိုက်ကြည့် လိုက်၏။ နှစ်ဦးသား တစ်ဦးကို တစ်ဦး အကဲစမ်း သလို ကြည့်နေကြ၏။

အကြမ်းဖက်သမား အာရပ်က အာရာဗစ် ဘာသာ စကားဖြင့်

'ကောင်းသော နေ့လယ်ခင်းပါ မစ္စတာ လင်းဒရို့စ်'

လင်းဒရို့စ်သည် ဘာမှ မတုံ့ပြန်ဘဲ စိုက်ကြည့်မြဲ ကြည့်နေ၏။

အာရပ်က ပြုံး၍

'ခြော် နှုတ်ပိတ်နေတဲ့ အမေရိကန် ကြီးပေါ့လေ၊ ဒီမှာ ဟန်ဆောင်နေစရာ မလိုပါဘူးဗျာ၊ ခင်ဗျား အာရဗစ်ဘာသာ ကောင်းကောင်း တတ်တယ်ဆိုတာ ကျုပ် သိပါတယ်'

ပြောပြောဆိုဆိုပင် အာရပ်သည် လင်းဒရို့စ် ကိုယ်ပေါ်မှ ဓာတ်အားယိုစိမ့်မှု စမ်းသပ် ကိရိယာနှင့် ဂိုင်ဂါ ကောင်တာကို သိမ်းသည်။ ပြီးမှ

'ခင်ဗျား လာရှာတာကိုတော့ တွေ့ပြီ ထင်ပါတယ်'

အာရပ်သည် လင်းဒရို့စ် အိတ်ထဲကို ရှာဖွေရာ စောစောက လင်းဒရို့စ် ထည့်ထားသော သတ္တုဘူးကို တွေ့သည်။

'အား ဟုတ်ပေသားပဲ'

သတ္တုဘူးကို အဖုံးဖွင့်၍ အထဲမှ အရာဝတ္ထုများကို လင်းဒရို့စ်၏ ခြေထောက် အကြားသို့ သွန်ချ၏။



'အေးဗျာ ခင်ဗျား တကယ် သိချင်တဲ့အထောက် အထားက သယ်ဆောင်သွားတာကြာပြီဗျ၊ ဘယ်ကို ယူဆောင်သွားတယ် ဆိုတာကော မသိချင်ဘူးလား'

နောက်ဆုံး စကားမှာ အမေးစကား မဟုတ်ဘဲ သရော်လှောင်ပြောင်သည့် သဘောပင်။ လင်းဒရို့စ်က အာရဗစ် ဘာသာဖြင့်ပင်

'မင်းရဲ့ ထောက်လှမ်းရေး အချက်အလက်တွေက ကောင်းပါပေတယ်'

လင်းဒရို့စ် ပြောကြားလိုက်သော အာရဗစ် ဘာသာစကားမှာ မှန်ကန်တိကျ ပီသလွန်း၍ ဝိုင်းထားသည့် အကြမ်းဖက် သမားများ အကြားတွင် အံ့သြမှု ဖြစ်သွားပုံ ရသည်။ ခေါင်းဆောင် ဖြစ်သူနှင့် အဖော်တစ်ဦးတို့ကသာ အံ့သြပုံ မပြကြ။ ခေါင်းဆောင်၏ အဖော်ဖြစ်သူမှာ တုတ်တုတ်ခိုင်ခိုင် ဖြစ်ပြီး သူ့ကို ဒုတိယ ခေါင်းဆောင် ဖြစ်မည်ဟု လင်းဒရို့စ် သတ်မှတ်လိုက်၏။

လင်းဒရို့စ်၏ ချီးကျူး စကားကို ကြားရ၍ အာရပ်က ပြုံးသည်။

'ခင်ဗျားတို့ ဘက်ကလည်း အတူတူ ပါပဲ'

ငြိမ်သက်သွားသည်။

ရုတ်တရက် ဘာမှ သတိပေး ပြောဆိုခြင်းမရှိဘဲ အာရပ်ကြီးက လင်းဒရို့စ် မျက်နှာကို လက်သီးဖြင့် ပြင်းပြင်း ထိုးလိုက်၏။ ပြီးမှ သွားကြားလေသံဖြင့်

'ကျုပ်နာမည် ဖာဒီတဲ့၊ ရွှေနုတ် ကယ်တင်ရှင်ပေါ့ မာတင်ရာ၊ ခင်ဗျားကို မာတင်လို့ ခေါ်တာ ကိစ္စ မရှိနိုင်ပါဘူးနော်၊ ဘာပဲ ပြောပြော ကျုပ်တို့ နောက်ထပ် ရက်သတ္တပတ်ပေါင်း များစွာ တွေ့ဆုံနေကြရဦးမှာ မဟုတ်လား'

လင်းဒရို့စ်က အင်္ဂလိပ် ဘာသာဖြင့်

'ကျုပ်က မင်းကို ဘာမှ ပြောမှာ မဟုတ်ဘူး'

ဖာဒီက

'ခင်ဗျားလုပ်ချင်တာနဲ့ ခင်ဗျား လုပ် ဖြစ်သွားတာက မတူခြားနားတဲ့ ကိစ္စနှစ်ခု ဖြစ်ပါတယ်'

သည် တစ်ကြိမ်မှု ဖာဒီကလည်း အင်္ဂလိပ် ဘာသာဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ လင်းဒရို့စ်သည် ဘာမှ မပြော။

'တယ်ပြီး ခေါင်းမာတာပဲ၊ အေးလေ၊ အမေရိကန်ပဲကိုး၊ အမေရိကန် ဆိုတာ ခေါင်းမမာရင် ဘာမှ ဟုတ်တော့မှာမှ မဟုတ်တာဘဲ၊ အဲဒီလို ပြောသော ဘာသာ မလိမ္မာတာပဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



လင်းဒရိုစ် စိတ်ထဲတွင် သူ ယခု ရင်ဆိုင်နေရသော အကြမ်းဖက်သမားသည် သာမန် မဟုတ်ကြောင်း တွေးမိသွား ပြန်၏။ သည်အာရပ်သည် သူ၏ နာမည်ကို သိသည်။ လက်နောက်ပြန် ချုပ်ထား သူက ဖိအားပေးသဖြင့် အဆမတန် နာကျင်သွားသည်။ သို့သော် လင်းဒရို့စ်သည် ဘာမှ မဖြစ်သလို မျက်နှာပေးနှင့် နေလိုက်၏။ သူ့ကိုယ်သူလည်း စပိုင်ဝတ္ထုတွေထဲက အတိုင်း ပါးစပ်ထဲတွင် သွားအတု တစ်ချောင်း၊ ထိုသွားအတုတွင် ဆာရာနိုက် အက်စစ် ပါမလာခဲ့ရ ကောင်းလားဟု တွေးမိသွား၏။ အနေးနှင့်အမြန် ဆိုသလို ထိုကဲ့သို့သော အဆိပ်ဆေး ပါခဲ့ရင် ကောင်းမှာပဲဟု သူ တွေးမိ၏။ မည်သို့ပင် ဖြစ်စေ သူသည် မျက်နှာထား တင်းထားလိုက်၏။

ဟာဒီက

'ခင်ဗျားက ခင်ဗျားတို့ရဲ့ ထုံးစံ အတိုင်း နေမယ်ပေါ့ ဟုတ်လား၊ ခင်ဗျားတို့ အကြောင်းတွေကို ကျုပ်တို့ ဘာမှ မသိဘူးလို့ ထင်နေတာပေါ့လေ၊ တကယ်တော့ ခင်ဗျားတို့ကသာ ကျုပ်တို့အကြောင်း ဘာမှမသိတာ၊ ယုတ်စွအဆုံး ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား လုံးဝ မသိဘူး'

ဟာဒီက ဆက်၍

'ဒီမှာ ခင်ဗျား လွဲတာပဲ မာတင်၊ တကယ့် တကယ်မှာတော့ ကျုပ်က ခင်ဗျား အကြောင်းကို ကောင်းကောင်း သိတယ်၊ အချိန်တော်တော်ကြာကြာကပဲ ခင်ဗျားတို့ အမေရိကန် စကားနဲ့ ပြောရရင် စနစ်တကျ စူးစမ်းလေ့လာထားတာပေါ့ဗျာ'

ဟာဒီ ပြောဆိုနေပုံမှာ ကောလိပ် ကျောင်းသား နှစ်ဦး အရက်အတူတူ သောက်ရင်း စကား ပြောနေကြသည့် ပုံစံမျိုး။

ဟာဒီ ပြုံးလိုက်သည်။ ပြီးနောက် လင်းဒရိုစ်၏ ပါးနှစ်ဖက်ကို နမ်းသည်။

'ကျုပ်တို့ ဒုတိယ အချီ ရောက်ပြီပေါ့ဗျာ'

'ခင်ဗျားဟာ လွန်ခဲ့တဲ့ သုံးပတ်လောက်ကတည်းက ကျုပ်ကို ရှာဖွေနေခဲ့တယ်၊ ခုတော့ ပြောင်းပြန် ကျုပ်က ခင်ဗျားကို တွေ့ရပြီပေါ့'

ဟာဒီ၏ နှုတ်ခမ်းတွင် လင်းဒရိုစ်၏ ပါးပြင်ပေါ်မှ သွေးစက်များ စွန်းထင်းပေကျံသွားသည်။

ဟာဒီသည် သူ့နှုတ်ခမ်းပေါ်မှ သွေးများကို လက်ဖြင့် သုတ်မပစ်ဘဲ လျှာဖြင့် လျက်သိမ်းလိုက်လေသည်။

၀



ဒေါက်တာ ဆန်ဒါလန်က

'မစ္စတာဘွန်း အဲဒီလို အတိတ်ကို ပြန်ပြန်ပြီး အမှတ်ရရနေတာက ဘယ်တုန်းက ဖြစ်တာလဲ'

ဂျေဆင်ဘွန်းသည် ငြိမ်ငြိမ် ထိုင်နေ၍ မရပါ။ သူသည် အခန်းထဲမှာ ယူလာ တုံ့ခေါက် လမ်းလျှောက်နေ၏။ အခန်းမှာ ဆရာဝန် တစ်ယောက်၏ ရုံးခန်းနှင့် မတူ အိမ်ခန်းတစ်ခုနှင့် တူလှ၏။ ကြက်ဥနှစ်ရောင် နံရံများ ရှိပြီး တုလားထိုင်နှစ်လုံးနှင့် ဆိုဖာခုံတစ်ခုံ ရှိသည်။ ဒေါက်တာ ဆန်ဒါလန်၏ စားပွဲနောက်ဘက် နံရံတွင် သူ၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အထောက်အထား ဘွဲ့လက်မှတ်များ တသီတတန်းကြီး ချိတ်ဆွဲထား၏။ ဘွန်းသည် အားလုံးကို အသေးစိတ်ကြည့်ပြီးနောက်မှ စားပွဲပေါ်ရှိ ငွေရောင် မှန်ဘောင်နှင့် ထောက်ထားသော ဓာတ်ပုံကို မြင်သည်။ ဘွန်းက

'ဒီအမျိုးသမီး နာမည်က ဘယ်သူလဲ၊ ဆရာရဲ့ ဇနီးလား'

ဒေါက်တာ ဆန်ဒါလန်က အထိုက်အလျောက် ချိန်ဆနေပုံ ရ၏။ ပြီးမှ

'ကက်ယာပါ'

စိတ်ရောဂါ အထူးကု ဆရာဝန်များသည် သူတို့၏ ကိုယ်ရေးကိုယ်တာ အကြောင်း၊ သူတို့ မိသားစုများအကြောင်းကိုပြောရန် တွန့်ဆုတ်တတ်ကြောင်း ဘွန်း စဉ်းစားမိ၏။ သို့သော် ဒီအခြေအနေကား

ကက်ယာသည် စတီး ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးထုပ်ဆောင်းထားသည်။ ဦးထုပ်အောက်မှ ဖြာကျသော ဆံပင်နွယ်မှာ ရွှေရောင်ဖြစ်သည်။ အတော်လှသော မိန်းကလေး ဖြစ်သည်။ ဓာတ်ပုံထဲတွင် မြင်ရသည့် အနေအထားမှာ ကင်မရာ မှန်ဘီလူး ရှေ့တွင် သက်သောင့်သက်သာ ရှိပုံရ၏၊ ကင်မရာကို တည့်တည့် ကြည့်ပြီး ပြုံးပြနေသည်။ နေရောင်သည် သူမ၏ မျက်လုံးအစုံကို ရွှန်းလက်စေ၏။

ဘွန်း၏ မျက်ဝန်းထဲတွင် မျက်ရည်များ စို့စွတ်လာသည်။ အရင်တုန်းကဆို လျှင် ထိုမျက်ရည်များသည် ဒေးဗစ်ဝက်၏ မျက်ရည်များဟု သတ်မှတ်ခဲ့ဖြစ်သည်။ ယခုတော့ ဒေးဗစ်ဝက်နှင့် ဂျေဆင်ဘွန်းဆိုသည့် စရိုက်မျိုးနှင့် လူနှစ်မျိုးသည် သူ့ခန္ဓာကိုယ်ထဲ၊ သူ့နှလုံးသားထဲ၌ [illegible] ဒေးဗစ်ဝက် ဆိုသူသည် ဂျော့တောင်း တက္ကသိုလ်မှ ဘာသာ[illegible] ဖြစ်သည်။ ဒေးဗစ်ဝက်၏ စိတ်ပုံရိပ်သည် တဖြည်းဖြည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဂျေဆင်ဘွန်း၏ စိတ်နှင့် ခံစားမှုတို့ကို နူးညံ့လာစေတတ်ပါ၏။ ဂျေဆင်ဘွန်း အနေဖြင့် ဒေးဗစ်ဝက်၏ အရိပ်အယောင် အောက်တွင်နေ၍ မဖြစ်နိုင်ပါ။ ဒေးဗစ်ဝက် အနေဖြင့် ဂျေဆင်ဘွန်း ရင်ဆိုင်နေရသည့် အန္တရာယ် အသွယ်သွယ်ကို ဘယ်နည်း ဘယ်ပုံမှ ရင်ဆိုင် ကျော်လွှားနိုင်မည် မဟုတ်ပါ။

ဒေါက်တာ ဆန်ဒါလန်၏ စကားသည် ဘွန်း၏ အတွေးကို ဖြတ်တောက်လိုက်၏။

'ထိုင်ပါ မစ္စတာဘွန်း'

ဘွန်း ထိုင်လိုက်သည်။ စိတ်ထဲတွင် ထိုက်တန်သလောက် သက်သာရာရသွား၏။

ဒေါက်တာ ဆန်ဒါလန်က ဘွန်းကို သနားကြင်နာသည့် အကြည့်ဖြင့် ကြည့်ပြီး

'နောက်ကြောင်း အရိပ်တွေက မစ္စတာဘွန်းရဲ့ ဇနီး ကွယ်လွန်ပြီးတဲ့ အချိန်ကစပြီး ပေါ်လာတာ မဟုတ်လား၊ အဲဒီ အချိန်ဟာ ပြင်းထန်တဲ့ ထိခိုက်မှုမျိုး ဖြစ်တတ်တာကိုး'

'မဟုတ်ဘူး အဲဒီတုန်းက မဟုတ်ဘူး'

ဘွန်းက လျှင်မြန်စွာ ငြင်းဆန်လိုက်သည်။ သို့သော် ထိုငြင်း ဆန်မှုသည် အမှန် စင်စစ် ကြီးတော့ မဟုတ်ပါ။ မုသား ထိုက်တန်သလောက် ပါသည်။ နောက်ကြောင်းပြန် အရိပ်များသည် ဇနီး မာရီကို မြင်ရသည့် ညက မြင်မက် လန့်နိုးစေခဲ့ခြင်း ဖြစ်သည်။ အိပ်မက်ဆိုးများကြောင့် အိပ်ပျော်ရာမှ နိုးလာခြင်း ဖြစ်ပါသည်။ အိပ်မက်ဆိုးများသည် အဖြစ်အပျက်များကို ထင်ရှားသည်ထက် ထင်ရှားလာ စေပါသည်။ အိပ်မက်ဆိုးမှ လန့်နိုး၊ ဖွင့်လိုက်သည့် မီးအလင်းရောင်ထဲမှာပင် မြင်ယောင် နေပါသေး၏။

*သွေးတွေ၊ သွေးတွေ၊ သူ့လက်မှာ စွန်းပေနေတဲ့ သွေးတွေ၊ ရင်ဘတ်ပေါ်မှာလည်း သွေးတွေ၊ သူပွေ့ဖက်ထားသော အမျိုးသမီး မျက်နှာ မှာလည်း သွေးတွေ၊ မာရီ၊ မာရီ မဖြစ်နိုင်ဘူး။ မာရီ မဖြစ်နိုင်ဘူး။ တခြား တစ်ယောက်၊ တစ်စုံတစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။ နူးညံ့ သိမ်မွေ့လှတဲ့ မျက်နှာလေးကို သွေးတွေ ပေစွန်းနေတဲ့ အနေအထားမှာ တွေ့ရပါတယ်။ အမျိုးသမီးရဲ့ သွေးတွေဟာ ယိုစီး ထွက်နေပါတယ်။ လမ်းတွေပေါ်မှာ အားကုန်ပြေးနေတဲ့*

ပြုနေပြီ ဖြစ်၏။ တစ်ချိန်တည်းတွင် ဒေးဗစ်ဝက်၏ စိတ်နေ စိတ်ထားသည်



*အမျိုးသမီးထံမှ ယိုစီး ထွက်နေခြင်း ဖြစ်ပါတယ်။ ဒီလို အချိန်မှာ သူတာ ဘယ်ရောက်နေတာလဲ၊ သူကကော ဘာလို့ ပြေးနေရတာလဲ၊ ဘုရား ဘုရား အမျိုးသမီးဟာ ဘယ်သူများ ပါလိမ့်။*

သူ ဆတ်ခနဲ ဆောင့်နိုးလာပါတယ်။ သူ ဝတ်ထားတာက အဲဒီညက အဝတ်အစားတွေ အတိုင်းပါလား။ သူ ကနေဒါနိုင်ငံရဲ့ တောခြေတစ်ခုမှာ အတင်းပြေး နေရလေရဲ့။ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလာပြီး ငွေလရောင်ဖြူဖြူအတန်းတွေက သူပြေးရာမှာ တကောက်ကောက် လိုက်နေတယ်။ အိပ်မက်ဆိုးကြီးလိုပါပဲ။ သူဘယ်လိုမှ လွတ်အောင် မပြေးနိုင်ပါ။

ခုတော့ သူက စိတ် ရောဂါ အထူးကု ဆရာဝန်ကြီးကို လိမ်လည် ပြောဆိုနေပါသည်။ ဟုတ်တယ်။ ဘာလို့ လိမ်မပြောရမှာလဲ။ သူ ဒီဆရာဝန်ကြီးကို ယုံပါ။ သူ့ မိတ်ဆွေ မာတင်လင်းဒရိုစ်က လမ်းညွှန်ပေးပြီး သူ့ရဲ့ တစ်ပုံတစ်ပင် ကြီးသော ဘွဲ့တွေ၊ စွမ်းဆောင်မှုတွေကိုပြပြီး ထောက်ခံ ချက်ပေးခဲ့တာပါသည်။ မာတင်လင်းဒရိုစ်တို့၏ ဌာနချုပ်မှ ရရှိသော အချက်အလက် ဖြစ်ပါသည်။ ထိုထောက်ခံချက်များ အောက်တွင် အန်နီဟဲလ် နာမည်ပါ သည်။ အင်နီဟဲလ်သည် ဌာနချုပ် ခေါင်းဆောင် စတမ်းရဲ့ လက်ရုံး လက်ထောက် ဖြစ်သည်။ ဘွန်းဘာမှ မမေးခဲ့။

ဒေါက်တာ ဆန်ဒါလန်က

'မစ္စတာဘွန်း' ဟု သတိပေးလိုက်ပါသည်။

ဘာမှ ပြဿနာ မဟုတ်ပါ။ ဘွန်း အာရုံထဲတွင် မာရီ၏ ဖြူဖျော့သော မျက်နှာ၊ အသက်ဝိညာဉ်မဲ့သော မျက်နှာကိုပဲ မြင်ယောင်နေ၏။ သူ့နံဘေးတွင် သူ့ မိတ်ဆွေ မာတင်လင်းဒရိုစ် ရှိသည်။ သူတို့သည် ပြင်သစ် ကနေဒါ လေယံဝဲသော တာဝန်ကျ ဆရာဝန်ကြီး၏ စကားကို နားထောင်နေကြခြင်း ဖြစ်သည်။ ဆရာဝန်က

*'ရောဂါက သိပ်ကျွမ်း နေပြီ၊ ကျုပ်တို့ ကယ်ဖို့ ကုဖို့ မရနိုင်တော့ပါဘူး၊ သူ့ကြီးမင်း အနေနဲ့ စိတ်ချမ်းသာဖို့ကတော့ သူမဟာ ဘာဝေဒနာမှ မခံစားရဘဲ အိပ်ပျော်သွားတာပါ၊ မနိုးသော အိပ်ခြင်းပေါ့'*

ဆရာဝန်က သေဆုံးသွားပြီ ဖြစ်သော အမျိုးသမီး၏ ရုပ်အလောင်းကို ငေးနည်းကြေကွဲနေသော ခင်ပွန်းသည်နှင့် သူ့မိတ်ဆွေတို့ကို ကြည့်ပြီး

*'တကယ်လို့ လျှော့စီးတဲ့ အရပ်က စောစောစီးစီး ပြန်လာနိုင်ရင် မိန့်ချင်ပြီးမယ်'*

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းသည် သူ့နှုတ်ခမ်းကို သူ ကိုက်လိုက်၏။

'မာရီဟာ ကျုပ်တို့ နှစ်ယောက်ရဲ့ သားသမီးတွေကို ဂရုစိုက်နေရတာလေ၊ ဂျင်နီက နောက်ဆုံး အခေါက် ရေခဲပြင် လျှောစီးတုန်းက ခြေထောက်ခေါက် သွားတယ်၊ အဲလ်လီဆင်က အရမ်းကြောက်သွားတာ ပေါ့'

*'ဆရာဝန်နဲ့ ခေါ် မပြဘူးလား၊ ခြေထောက် ခေါက်သွားတာဟာ အရိုး ကျိုးတာတို့၊ အရိုးလွဲတာတို့ ဖြစ်နိုင်တယ်လေ'*

'ခင်ဗျား နားမလည်နိုင်ပါဘူး၊ ကျုပ် ဇနီးက အဲ ကျုပ်ဇနီးရဲ့ မိသားစု တစ်ခု လုံးက တောသူ တောင်သား ခြံအလုပ် လုပ်ကြတဲ့ သူတွေ၊ တောထဲ တောင်ထဲမှာ အကြမ်းပတမ်း မျိုးစုံကို ရင်ဆိုင် ဖြေရှင်းခဲ့ကြရတာ၊ မာရီဟာ ဘယ်အခက်အခဲ မဆို သူ့ဘာသာ ဖြေရှင်းနိုင်တယ်၊ ဘယ်ကိစ္စမှ ကြောက် စိတ် ပေါ်စရာ မရှိဘူး'

ဆရာဝန်က

*'တစ်ခါတစ်ရံ ကြောက်တဲ့စိတ်ကလေး ရှိတာလည်း တစ်မျိုးတော့ ကောင်းတတ်တာပဲလေ'*

ဘွန်းက ဝမ်းနည်းမှုနှင့် ဒေါသ ရောထွေးလျက်

'ခင်ဗျား ကျုပ်ဇနီးရဲ့ စိတ်ဓာတ်ကို ဘာမှ အကဲဖြတ် အကြံပေးစရာ မလို ဘူး'

ဆရာဝန်က

*'တောင်းပန်ပါတယ်'*

ဘွန်းသည် သက်ပြင်းတစ်ချက် ချ လိုက်ပြီးနောက် လင်းဒရို့စ်ဘက်သို့ လှည့်ပြီး

*'မာရီက ကျုပ်ဆီကို ဖုန်းဆက်သေးတယ်ဗျ၊ သူ့စိတ်ထဲမှာ ရိုးရိုး အအေး မိတာလောက်ပဲလို့ ထင်နေတာ'* လင်းဒရို့စ်က

'သဘာဝ ကျပါတယ်၊ မာရီရဲ့ စိတ်ထဲမှာက သူ့ သားနှင့် သူ့သမီးပဲ ရှိတာ ကိုး'

'ကပ်ပါ မစ္စတာ ဘွန်း၊ ခင်ဗျားရဲ့ အိပ်မက်ဆိုးတွေဟာ ဘယ်အချိန်က မြင်မက် ဖြစ်ပေါ်လာတာလဲ'

ဒေါက်တာ ဆန်ဒါလန့် လေသံမှာ ခပ်ဝဲဝဲ ဖြစ်ပါသည်။ သူ၏ ရုပ်လက္ခဏာမှာ နဖူးကျယ်ကျယ်၊ သန်မာသော မေးရိုး ရှိပြီး နှာတံပေါ်သည်။ စတီး မျက်မှန် ဝိုင်းတပ်ထားပြီး ဆံပင်ပါးပါးများကို နောက်လှန်၍ ပိရိစွာ



ဖြီးသင်ထားသည်။ သူ၏ ပုံပန်းမှာ ယုံကြည်ကိုးစားထိုက်သည့် ပုံပန်းမျိုး ဖြစ်ပါသည်။

ဒေါက်တာ ဆန်ဒါလန်သည် ခေါင်းကြီးကြီး မျက်မှန်ဝိုင်းဝိုင်း တပ်ထားရာ ဇီးကွက်နှင့် တူလှ၏။

သူက

'ကပ်ပါ ကပ်ပါ ကျုပ်ကို အပြစ်တင်ရင်လည်း တင်ပေတော့၊ ကျုပ်စိတ်ထဲမှာ သိနေတာကတော့ ခင်ဗျားဟာ အမှန်တရားကို ဖုံးကွယ်ထားနေပါတယ်'

ရုတ်တရက် ဘွန်း စိတ်များသည် တစ်ကိုယ်လုံး နိုးကြားသွား၏။

'ဘာ ဖုံးကွယ်ထားတာလဲ'

ဒေါက်တာ ဆန်ဒါလန်က သူ့ရဲ့ မိကျောင်းရေ ပိုက်ဆံအိတ်ထဲမှ ဒေါ်လာ တစ်ရာတန် တစ်ရွက်ကို ထုတ်ယူ ပြသလိုက်ပြီး 'မစ္စတာဘွန်း ခင်ဗျားရဲ့ အိပ်မက်ဆိုးတွေဆိုတာ ခင်ဗျားရဲ့ ဇနီး ကွယ်လွန်ချိန်ကမှ စပြီး ပေါ်လာတာ ဖြစ်ရမယ်၊ ဟောဒီမှာ ဒေါ်လာတစ်ရာ၊ လောင်းတောင် လောင်းလိုက်ချင် သေးရဲ့'

ဘွန်းက

'ခင်ဗျားက ဘာလဲ လူသား စင်စစ် မုသားဖော်စက်ကြီးပါလား'

ဒေါက်တာ ဆန်ဒါလင်က သူ့ အလုပ်ကို သူ လုပ်သည့် ပုံဟန်သာ ပြနေ၏။

ဘွန်းက နောက်ဆုံး၌ သက်ပြင်းချလိုက်ပြီး

'ခင်ဗျား ပိုက်ဆံ ပြန်သိမ်းထားလိုက် ပါဗျာ၊ ကပ်ပါ ဟုတ်ပါတယ်၊ ခင်ဗျား ပြောတာမှန်ပါတယ်၊ ကျုပ် မာရီကို နောက်ဆုံး တွေ့လိုက်ရတဲ့နောက်မှာ စပြီး မြင်ရတာပဲ'

'ဘယ်လို အနေအထားမျိုး မြင်ရတာလဲ'

ဘွန်းသည် ခေတ္တ တုံ့ဆိုင်းသွား၏။ ပြီးမှ 'ကျုပ်က မာရီရဲ့ ရုပ်ကလာပ် ကို ရင်ခွဲရုံမှာ မြင်ရတာ ကျုပ်က သူ့ကို ငုံ့ ကြည့်နေမိတယ်၊ မာရီ့အဖေနှင့် ညီမတို့က မာရီရဲ့ ရုပ်ကလာပ်ဖြစ်ကြောင်း အသိအမှတ် ပြုပြီးကြပါပြီ၊ ကျုပ်က မာရီကို ငုံ့ပြီး ကြည့်ပါတယ်၊ ဒါပေမဲ့ မာရီကို လုံးဝ မမြင်ရဘူး'

ဒေါက်တာ ဆန်ဒါလန်က တိုးတိတ် ညင်သာသော လေသံဖြင့်

'ခင်ဗျား ဘာတွေ မြင်ရသလဲ မစ္စတာဘွန်း'

www.burmeseclassic.com



'သွေးတွေ၊ ကျုပ် သွေးတွေပဲ မြင်ရတယ်'

'ပြီးတော့ရော'

'ပြီးတော့ သွေးတွေ မရှိတော့ဘူး၊ လမ်းမီး အလင်းရောင်အောက်မှာ ရောင်ပြန်တွေ ထနေတယ်၊ ဘာမှ ကြိုကြိုတင်တင် သတိပေးမထားဘဲနဲ့'

'အဲဒီလိုပဲ အမြဲ မြင်ရတာလား'

ဘွန်းက ခေါင်းညိတ်ပြ၏။

'ဟုတ်တယ် ပထမ သွေးတွေ၊ နောက် ရောင်ပြန်အလင်းတွေ၊ ပြီးတော့ သွေးတွေ ဖုံးလွှမ်းနေတဲ့ မျက်နှာ'

'ဘယ်သူ့မျက်နှာလဲ'

'ကျုပ် မသိဘူးဗျ၊ အမျိုးသမီး တစ်ယောက်ရဲ့ မျက်နှာတော့ ဟုတ်တယ်၊ ဒါပေမဲ့ မာရီ မျက်နှာတော့ မဟုတ်ဘူး၊ တခြား တစ်ယောက်ပဲ'

ဒေါက်တာ ဆန်ဒါလန်က

'အဲဒီ အမျိုးသမီး မျက်နှာရဲ့ ပုံပန်းကို ပြောပြပါလား'

'အဲဒါ ပြဿနာပဲပေါ့၊ ကျုပ် မသိဘူး၊ ဒါပေမဲ့ ဒီမိန်းမ မျက်နှာကို ကျုပ် သိတယ်၊ ကျုပ် အသေအချာ သိတယ်'

ခေတ္တမျှ ငြိမ်သက် သွားသည်။ ဒေါက်တာ ဆန်ဒါလန်က စကားလမ်းကြောင်း လွှဲပြောင်းသည့် အနေဖြင့်

'ဒါထက် မစ္စတာဘွန်း ဒီနေ့ ရက်စွဲဟာ ဘယ်လောက်လဲ၊ ဘာနေ့လဲ'

'ဒီ မေးခွန်းက ကျုပ်မှတ်ဉာဏ်ကို ဆန်းစစ်တာနဲ့ ဘာမှလည်း မဆိုင်ပါလား'

ဒေါက်တာ ဆန်ဒါလန်က ခေါင်းယမ်းပြပြီး

'ပြောပါ မစ္စတာ ဘွန်း'

'အင်္ဂါနေ့၊ ဖေဖော်ဝါရီ ၃ ရက်နေ့'

'အသုဘကိစ္စ ပြီးဆုံးခဲ့တာ လေးလ ရှိနေပြီ၊ အဲဒီ အချိန်ကစပြီး အိပ်မက်ဆိုးတွေ ခင်ဗျား မြင်မက်ခဲ့တာပဲ၊ ဘာဖြစ်လို့ ဒီလောက် ကြာအောင် စောင့်နေရတာလဲ၊ ကျွမ်းကျင်တဲ့ ပညာရှင်နဲ့ မပြဘဲနဲ့'

ခေတ္တ ငြိမ်သက်သွားပြန်၏။ ပြီးမှ ဘွန်းက

'ပြီးခဲ့တဲ့ ရက်သတ္တပတ်က တစ်ခုခု ဖြစ်တယ်ဗျ၊ ကျုပ်ရဲ့ မိတ်ဆွေဟောင်းကြီးကို တွေ့ရတယ်၊ အဲလ်လက်စ်ကွန်ကလင်ပေါ့၊ သူက ဂျင်နီ အဲလ်လီဆင်နဲ့ ကျုပ်တို့ ရှိရာကို လမ်းလျှောက်လာတာ၊ ကလေးတွေ



လက်ထဲမှာ ရေခဲမုန့် ကန်တော့ကြီး တွေနဲ့လေ၊ သူတို့ သားအဖ တွေ့နေကြတုန်း အဲလက်စ် ကွန်ကလင်က ပေါ်လာတာ အဲလက်စ် ကွန်ကလင် ဆိုတာကတော့ ဂျေဆင်ဘွန်းဘဝရဲ့ ဆရာကြီး၊ စိမ်သူပေါ့၊ အဲလက်စ်သာ မရှိရင် ဂျေဆင်ဘွန်း ဆိုတာ ရှိမှ ရှိပါဦးမလား မသိဘူး'

ဒေါက်တာ ဆန်ဒါလန်က

'ကျုပ်တော့ နားမလည် နိုင်တော့ဘူး'

'အဲဒီ ကျုပ်ရဲ့ မိတ်ဆွေဟာ လွန်ခဲ့တဲ့ သုံးနှစ်ကပဲ ကွယ်လွန်ခဲ့ပြီလေ'

'အဲဒီလူကို ခင်ဗျားက မြင်တယ်ပေါ့'

ဘွန်းက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ ကျုပ်က သူ့နာမည်တောင် ခေါ်လိုက်သေးတယ်၊ သူက ကျုပ် ဘက်ကို လှည့်လိုက်တော့ သူ့လက်ထဲမှာ တစ်စုံတစ်ရာ ပွေ့ချီထားတယ်၊ တစ်စုံ တစ်ယောက် ပါပဲ၊ မိန်းမတစ်ယောက် သွေးသံရဲရဲနှင့် မိန်းမ'

'ခင်ဗျားရဲ့ သွေးသံရဲရဲနှင့် မိန်းမလား'

'ဟုတ်တယ်၊ အဲဒီ အခိုက်အတန့်မှာ ကျုပ် စိတ်တွေ ပျောက်ဆုံးသွားပြီလားလို့ အောက်မေ့သွားပါတယ်'

အဲသည် နောက်မှာတော့ ၎င်း အိပ်မက်ဆိုးသည် ကြိမ်ဖန်များစွာ မက်ပါ လေတော့သည်။

ဒေါက်တာ ဆန်ဒါလန်က

'ကျုပ် ခင်ဗျားရဲ့ အခြေအနေ သဘာဝကို ရှင်းပြမယ်၊ အိပ်မက်ဆိုး မြင်မက်တယ် ဆိုတာတွေဟာ ခင်ဗျားရဲ့ ဦးနှောက် အာရုံကြောကို ထိခိုက်စေတဲ့ အကြောင်းအရာ အထိအတွေ့၊ အနံ့အသက်၊ အကြောင်းအရာ တစ်ခုခုနှင့် တိုက်ဆိုင်လာတဲ့ အခါမှာ ဖြစ်ပေါ်လာ တတ်တာမျိုး ဖြစ်ပါတယ်၊ အဲဒီ အိပ်မက်ဆိုး ဆိုတာတွေက မသိစိတ်မှာ ဖြစ်ပေါ် လွှမ်းမိုးလာတာ ဖြစ်ပါတယ်'

'ဒါပေမဲ့ ကျုပ်ရဲ့ အိပ်မက်ဆိုးတွေကတော့ တကယ်ကြီး ထင်ထင်ရှားရှား မျိုး ဖြစ်လာတာဗျ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ စမ်းသပ်ခန်းထဲ သွားကြရအောင်၊ ကျုပ် အတတ်နိုင်ဆုံး ကူညီ ကုသပေးပါ့မယ်'

ဘွန်းသည် ခေါင်းညိတ် ပြပြီး ဒေါက်တာ ဆန်ဒါလင် ခေါ်ဆောင်ရာ နောက်ထပ် အခန်းတစ်ခုထဲသို့ လိုက် သွားသည်။ သည်အခန်းမှာ ဆွေးနွေး မေးမြန်းသည့် အခန်းထက် ကျယ်ပြောသည့်၊ သွားဆရာဝန်ဆိုင်မှာရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



ပက်လက်မှီထိုင်ရသော ကုလားထိုင် တစ်လုံးလည်း ရှိသည်။ ပစ္စည်း ကိရိယာ *များလည်း စုံလင်လှ၍ ခွဲစိတ်ခန်းနှင့် တူလှ၏။*

ဘွန်းသည် သွားစိုက် ဆရာဝန်၏ ကုလားထိုင်မျိုးမှာ ဝင်၍ ထိုင်ရသည်။ ဒေါက်တာ ဆန်ဒါလန်က သူ့ခေါင်းနှင့် ဆက်သွယ်သည့် ဝါယာကြိုးများ၊ ပစ္စည်းများ တပ်ဆင်သည်။

'ကျုပ် ခင်ဗျားရဲ့ ဦးနှောက်ဆီကို စမ်းသပ်မှု နှစ်ခု လုပ်ပါမယ်၊ (တစ်) ခင်ဗျား သတိရှိတဲ့ အချိန်မှာ ဖြစ်ပေါ်တဲ့ အတွေးလှိုင်း၊ စိတ်အာရုံလှိုင်းနဲ့ (နှစ်) ခင်ဗျား မသိစိတ်မှာ ဖြစ်ပေါ်တဲ့ စိတ်အာရုံလှိုင်းကို ထုတ်ဖော်ကြည့်မှာ ဖြစ်ပါတယ်'

ဘွန်းက

'ပြီးတော့ရော'

'ကျုပ် ဘာတွေ တွေ့ရှိသလဲ ဆိုတဲ့ အပေါ်မှာ တည်တာပါပဲ'

ဘွန်း သည် အသက်ပြင်းပြင်း တစ်ချက် ရှူသွင်း လိုက်ပြီး

'လုပ်စရာ ရှိတာ လုပ်ပါ'

ဒေါက်တာ ဆန်ဒါလန်သည် ဘွန်း၏ ဦးခေါင်းတစ်ဝိုက် တပ်ဆင်စရာ ရှိသည့် ပစ္စည်းများ တပ်ဆင်သည်။ ပြီးမှ တိုးတိုး ညင်သာသော လေသံဖြင့်

'သိပ်ပြီး စိတ်လှုပ်ရှား မနေနဲ့၊ ခင်ဗျား ဘယ်လိုမှ ထိခိုက်နာကျင်မှု ခံစားရမှာ မဟုတ်ပါဘူး'

ဘွန်းသည် ဘာမှ မပြော။

ဒေါက်တာ ဆန်ဒါလန်သည် လုပ်စရာ ရှိတာတွေကို ပြုလုပ်စမ်းသပ်လုပ် ကိုင်သည်။ အချိန်မည်မျှ ကြာသည် မသိ။ ဘွန်း နိုးထလာသည်။

ဒေါက်တာ ဆန်ဒါလင်က

'ဘယ်လို ခံစားရသလဲ'

ဘွန်းက

'သက်သာ လာတယ်လို့ ထင်ပါတယ်'

'ကောင်းတယ်'

ဒေါက်တာ ဆန်ဒါလန်က သူ့ကို ဦးနှောက် လှိုင်းမျဉ်းများ နှစ်ချပ်ကို ပြသည်။

ဒေါက်တာ ဆန်ဒါလန် ရုံးခန်းမှ ထွက်လာသောအခါ အမှောင်ပျိုးစ ဖြစ်နေပြီ ဖြစ်၏။ လမ်းကွေ့ချိုးလိုက်သော အခါ ပန်းဆိုင်တစ်ခု၏ ကာရံထားသော



မှန်ချပ်ကို တွေ့ရသည်။ မှန်ချပ်တွင် သူ၏ ပုံရိပ်သည် ထင်နေ၏။ နောက်*ဘက်မှ ပေါ်နေသည့် ပန်းများသည် မာရီ၏ အသုဘအခမ်းအနားတွင်* ဆင်ယင်သည့် ပန်းများနှင့် တူလှချေ၏။

အဲဒီနောက် သူ့ညာဘက်မှ ပန်းဆိုင်၏ တံခါးပွင့်လာပြီး အမျိုးသမီးငယ် တစ်ယောက် ထွက်လာသည်။ သူမ လက်ထဲတွင် ပန်းစည်း တစ်စည်း ကိုင်ထား၏။ ဘွန်း နှာခေါင်းဝသို့ ရနံ့များ ဝင်လာသည်။ ဘာရနံ့ပါလိမ့်၊ ဇီဇဝါ ပန်းနံ့ပါကလား။

သူ့စိတ်အာရုံ မြင်ကွင်းတွင် သူ အမျိုးသမီးကို ပွေ့ချီလိုက်သည်။ အမျိုးသမီးသည် သူထင်မှတ်ထားသည်ထက် ငယ်ရွယ်ပုံ ရ၏။ နှစ်ဆယ်စွန်းစွန်းပဲ ရှိမည်။ သည့်ထက် မပိုနိုင်။ သူမ၏ နှုတ်ခမ်းများမှာ တုန်ယင်နေ၏။ ဘွန်း ကျောရိုးထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ မိန်းကလေးက အသက်ရှိနေပါတယ်။ မိန်းကလေး၏ နှုတ်ခမ်းမှ တစ်စုံတစ်ရာ ပြောသည်။ ဘွန်းက မိန်းကလေး ဘာတွေ ပြောပါလိမ့်ဟု ကြိုးစား နားထောင်သည်။ မိန်းကလေး ဘာတွေများ ပြောပါလိမ့်။ သူ့ကို ဘာများ ပြောချင်ပါလိမ့်။ မိန်းကလေးသည် ဘယ်သူပါလဲ။

အေးစက်သော ဝါရှင်တန် ညနေခင်း လေသည် ဘွန်းကို လှန့်နိုးလိုက်၏။ စောစောက အာရုံတွင် မြင်မိသောအရာ တို့သည် ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ဇီဇဝါ ပန်းရနံ့သည် သူ့ အတွင်းစိတ် နက်ရှိုင်းသော စိတ်ထဲမှ တစ်စုံတစ်ရာ ကို နိုးထစေခဲ့ခြင်းလား၊ ၎င်းတို့သည် ဆက်စပ်မှု ရှိပါသလား။

ဘွန်းသည် ဒေါက်တာ ဆန်ဒါလင် ရုံးဘက်သို့ ပြန်လှည့်မည်ဟု စိတ်ကူးလိုက်သည်။ ထိုစဉ် အိတ်ထဲမှ လက်ကိုင်ဖုန်းက မြည်လာသည်။ ပထမ မြည်စမ်းပါစေ၊ ဒီအတိုင်း ထားမည်ဟု စိတ်ကူး၏။ နောက်မှ စိတ်ပြောင်းသွားပြီး ဖုန်းခလုတ်ကို နှိပ်လိုက်သည်။

ဖုန်းထဲမှ အသံမှာ အင်နီဟဲလ်အသံ ဖြစ်သည်။ အင်နီဟဲလ်သည် သူ၏ အဖွဲ့အစည်း ဒီစီအိုင် အကြီးအကဲ၏ ကိုယ်ရေး အရာရှိ မိန်းကလေးဖြစ်သည်။

'ဟလို မစ္စတာဘွန်း ဒီစီအိုင် ဆရာကြီးက ရှင်နဲ့ တွေ့ချင်လို့ပါ'

ဘွန်းက အေးစက်စွာဖြင့်ပင်

'ကျုပ်က သူနဲ့ မတွေ့ချင်ပါဘူး'

အင်နီဟဲလ်သည် သက်ပြင်းချ၏။ ပြီးမှ

'မစ္စတာဘွန်း ရှင်ဟာ မာတင် လင်းဒရိုစ်က လွဲရင် အဘိုးကြီးနဲ့ အရင်းနှီးဆုံး ပုဂ္ဂိုလ်ပဲ၊ အဘိုးကြီးက ရှင့်ကို အများကြီး ခက်ခဲပင်ပန်းတဲ့ အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်းခဲ့တယ်၊ ရှင် ဘယ်လို ခံစားရသလဲ ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ အခုတော့ ဝင်လာမှ ဖြစ်မယ်'

'အပိုတွေ ပြောမနေပါနဲ့၊ ဒီစီအိုင်က ကျုပ်ကို ပြောစရာ ရှိတယ်ဆိုရင် မာတင်က တစ်ဆင့် ပြောနိုင်တာပဲဟာ'

'အဲဒီ မာတင် လင်းဒရိုစ် ကိစ္စနဲ့ ပတ်သက်ပြီး အဘိုးကြီးက ရှင့်ကို တွေ့ချင်နေတာ'

ဘွန်းသည် ဖုန်းခွက်ကို အတင်းဆုပ် လိုက်မိ၏။ သူ့အသံမှာ ရေခဲသဖွယ် အေး စက်သွား၏။

'မာတင်က ဘာဖြစ်လို့တုံး'

'အဲဒါကို ကျွန်မလည်း သေသေချာချာ မသိဘူး၊ အဘိုးကြီးကလွဲရင် ဘယ်သူမှ မသိဘူး၊ သူ့အခန်းထဲမှာ တံခါးပိတ်ပြီး ဘယ်သူနဲ့မှ မဆက်သွယ်ဘူး၊ နေ့လယ်စာ အချိန်လည်း ကျွန်မတို့ မတွေ့ရဘူး၊ လွန်ခဲ့တဲ့ သုံးမိနစ်က မှ သူ ကျွန်မကို ဖုန်းဆက်ပြီး ရှင့်ကို ခေါ်ခိုင်း လိုက်တာပဲ'

'သူက ဘယ်လို ပြောသလဲ'

'သူပြောတဲ့ စကားအတိအကျကတော့ 'ဘွန်းနဲ့ လင်းဒရိုစ်တို့ ဘယ်လောက် ရင်းနှီးကြတယ် ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ် ဘွန်းကို အခေါ်ခိုင်းရတာ' တဲ့။ မစ္စတာဘွန်း ဆက်ဆက်လာခဲ့ပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒီ တောင်းခံလွှာရဲ့ လျှို့ဝှက်အမှတ်အသားက ကုတ်မီဆာပါ'

ဒီစီအိုင်တွင် လျှို့ဝှက်သင်္ကေတ ကုတ်မီဆာဆိုသည်မှာ အရေးအကြီးဆုံး အဆင့်တစ် ဖြစ်ပါသည်။

ဘွန်းသည် အငှားတက္ကစီ စောင့်ရင်း မာတင်လင်းဒရိုစ် အကြောင်း ပြောသွားခဲ့၏၊ မာတင်လင်းဒရိုစ်နှင့် အကြိမ်ပေါင်းများစွာ သူ၏ မှတ်ဉာဏ် ပေါက်ဆုံးမှု အကြောင်း တရင်းတနှီး ဆွေးနွေး ပြောဆိုဖူး၏။ မာတင် လင်း ဒရိုစ်သည် ထောက်လှမ်းရေး ဒီစီအိုင် အဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူး ဒါရိုက်တာ တစ်ယောက် ဖြစ်သဖြင့် အမှန်အားဖြင့် ဘွန်းနှင့် တရင်းတနှီး ဖြစ်လာစရာ အကြောင်း မရှိပေ။ ဘွန်း ကိုယ်တိုင်ကလည်း ထိုကဲ့သို့ပင် ယူဆ ထားခဲ့မိသူ ဖြစ်၏။ တကယ်တမ်းတွင်ကား လင်းဒရိုစ်သည် ထောက်လှမ်းရေး ဒီစီအိုင်တွင် အင်အားဖြည့်သည့် သဘောဖြင့် ဘွန်းကို ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ လင်းဒရိုစ်သည် ဒီစီအိုင်အတွင်း မသမာမှုများ ဘက်လိုက်မှုများကို ဖယ်ရှား၍ သန့်ရှင်းသော ဒီစီအိုင် ထောက်လှမ်းရေးအဖွဲ့ကြီးအဖြစ် တည်ထောင်



ရန် ကြိုးပမ်းသူတစ်ဦး ဖြစ်လေသည်။ သူ၏ ရည်မှန်းချက်ပန်းတိုင်မှာ အကြမ်းဖက် ဝါဒနှင့် အကြမ်းဖက် ဝါဒီများအား နှိမ်နင်း တိုက်ခိုက်ရန် ဖြစ် ပါသည်။ လင်းဒရိုစ်၏ အလုပ်မှာ လွယ်မယောင်နှင့် ခက်လှပါသည်။

အလုပ်အတူ လုပ်ဖြစ်ရင်း ဘွန်းသည် လင်းဒရိုစ်ကို ပို၍ ပို၍ နားလည် လာသည်။ ခင်မင် ရင်းနှီးလာ သည်။ စားပွဲတွင် သန့်ရှင်းရေး လုပ်ရန် ကြိုးစား နေသူ ဖြစ်၍ လင်းဒရိုစ်မှာ တစ်ကိုယ်တော် အထီးကျန်သမား ဖြစ်နေ ပါသည်။ သည် အချက်သည်ပင် ဘွန်းနှင့် ရင်းနှီးစေခြင်း ဖြစ်နိုင်၏။

လင်းဒရိုစ်တွင် မိုရာ အမည်ရှိ တွဲဖော် မိန်းကလေးမှလွဲ၍ တခြား မည် သူမျှ မရှိ၊ ဘွန်းကိုမူ ဘွန်းရောဂါ၊ ဘွန်း ဒုက္ခကို ကူညီစောင်မလေ့ ရှိသည်။ လင်း ဒရိုစ်၏ ပြောနေကျ စကားမှာ 'ဘွန်း မောင်ရင်က မောင်ရင့် ဘဝကို ဘာမှ မမှတ်မိဘူး၊ ကျုပ်ကကျတော့ ကျုပ် ဘဝမှာ ဘာမှတ်မိစရာမှ မရှိတာပဲ' ဤသို့ဖြင့် လင်းဒရိုစ်နှင့် ဘွန်းတို့သည် တစ်ဦးကို တစ်ဦး ဖေးမရင်း ရင်းနှီးမှု တိုးလာ၏။ တစ်ဦးအပေါ် တစ်ဦး စိတ်ချယုံကြည်မှု ဖြစ်လာ၏။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဘွန်း ဌာနမှ ခွင့်တစ်ပတ် ယူသည်။ အဲဒီတုန်း က လင်းဒရိုစ်ထံ ဖုန်းဆက်သေး၏။ သို့သော် ဆက်သွယ်လို့ မရခဲ့။ ဘယ်သူက မှ သူဘယ်ရောက်နေသည်၊ ဘာလုပ်နေသည်ကို မသိကြ။

ခုတော့ သူ့မိတ်ဆွေ လင်းဒရိုစ်သည် ပြဿနာ တစ်ခုခုတော့ ဖြစ်နေ ပြီ။ ဌာနချုပ် အဘိုးကြီးက သူ့ကို ဆင့်ခေါ်နေပြီ။ လျှို့ဝှက်ကုတ် အမှတ် အသား အရေးတကြီး ဖြစ်နေ၏။

ထိုအချိန်၌ သူ့ကိုယ်သူ ဒေါက်တာ ဆန်ဒါလန်ဟု ခေါ်သည့် ကော်စတင် ပီန်းထရော့သည် ဂျေဆင်ဘွန်း သူ့ရုံးခန်း အဆောက်အအုံထဲမှ ထွက်သွား ကြောင်း အသေအချာ သိရပြီးနောက် စောစောက သူ စမ်းသပ်ခဲ့သည့် ပစ္စည်းပစ္စယများကို အိတ်အနက် တစ်လုံးထဲသို့ ထည့်၏။ တစ်ဆက်တည်းတွင် လက်ပ်တော့ ကွန်ပျူတာကို ဖွင့်လိုက်၏။ ဤကွန်ပျူတာမှာ ရိုးရိုးသာမန် ကွန်ပျူတာ မဟုတ်ပါ။ ပီန်းထရော့သည် လူသား မှတ်ဉာဏ်ဆိုင်ရာ ကျွမ်းကျင် သူ ဖြစ်သည်။ သူသည် သူရိုက် ကူးထားသည့် ဘွန်း၏ ဦးနှောက် အနေ အထား ဓာတ်ပုံလေးပုံကို ပုံထုတ်သည်။ ပြီးနောက် ပစ္စည်းများအားလုံး သိမ်းဆည်း လိုက်သည်။ အခန်းကို ဘွန်းမရောက်ခင်က အတိုင်း ပကတိ အနေအထားရောက်အောင် ပြန်လည် ပြင်ဆင်ထားလိုက်၏။ အားလုံးပြီးစီး သောအခါ အခန်းမီးပိတ်လိုက်ပြီး စမ်းသပ်ခန်းဘက်သို့ ကူးလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိန်းထရော့သည် သူကူးလာသော မာတ်ပုံများကို ကြည့်သည်။ ပြီးနောက် သူ၏ ဇနီးဟု မိတ်ဆက်ပေးထားသော အမျိုးသမီးကို ကြည့်သည်။ အမျိုးသမီးကား ကတ်တယာ ဖြစ်ပါသည်။ ဗိန်းထရော့၏ ဘောလ်တစ် ဒေသမှ ဇနီးပင် ဖြစ်ပါ၏။ သည်နောက် လက်ကိုင်ဖုန်းဖြင့် ဆက်သည်။

'လုပ်ကိုင်လို့ ပြီးပါပြီ'

ဗိန်းထရော့က အာရာဗစ်ဘာသာဖြင့် ပြောမည့်အစား ရှုမေးနီးယား ဘာသာ စကားဖြင့် ပြောသည်။ လုံခြုံမှုအတွက် ဖြစ်ပါသည်။

တစ်ဖက်မှ

'ကျေနပ်မှုကော ရရဲ့လား'

တစ်ဖက်မှ အသံမှာ ပို၍ ဩဇာတိက္ကမ ရှိပုံရသည်။ အခါတိုင်း သူ သတင်းပို့ ရသူထက် အဆင့်မြင့်ပုံ ရသည်။

သူက

'ဟုတ်ကဲ့ အောင်မြင်ပါတယ်၊ အစီအစဉ်အတိုင်း လူကြီးမင်းတို့ စီစဉ် ပေးထားတဲ့အတိုင်း သူ့ခေါင်းထဲကို စနစ်တကျ ထည့်ပေးနိုင်ပါတယ်၊ အားလုံး အဆင်ပြေ ချောမောသွားမှာပါ'

ဟု အစီရင်ခံပြီး ဖုန်းချလိုက်ပါသည်။ ပြီးနောက် အဆောက်အအုံ အပြင်ဘက် ရောက်ကာမှ နာရီ ကြည့်လိုက်သောအခါ ညနေ ၄ နာရီ ၄၆ မိနစ် ရှိနေပြီ ဖြစ်ပါ၏။

၎င်းနေ့မှာ ဖေဖော်ဝါရီလ ၃ ရက် အင်္ဂါနေ့ ဖြစ်ပါသည်။ အင်္ဂါနေ့တွင် ဒေါက်တာဆန်ဒါလန် အစစ်သည် ရုံးခန်းဖွင့်လေ့ မရှိ။ ဒေါက်တာဆန်းဒါလန် ရုံးခန်းအစစ်သည် အင်္ဂါနေ့တွင် ပိတ်သည်။

၁

ဝပိုထောက်လှမ်းရေး (စီအိုင်) ဌာနချုပ်သည် ၂၃ လမ်းပေါ်တွင် ရှိပြီး မြေပုံ ပေါ်တွင် လုံးဝ မရှိပါ။ အဆောက်အအုံသည် စိုက်ပျိုးရေး ဝန်ကြီးဌာနမှ ရုံးတစ်ရုံးသာ ဖြစ်ပါသည်။ စိုက်ပျိုးရေး ဝန်ကြီးဌာန၏ အမှတ်အသား ပြည့်စုံစေရန် အဆောက်အအုံဝန်းကျင် လှပသော မြက်ခင်းပြင်များ၊ အရိပ်ရ သစ်ပင်များ ရှိသည်။

ဘွန်းရောက်သွားသောအခါ အဘိုးကြီး၏ အတွင်းရေးမှူး အင်နီဟဲလ်က ဘွန်းကို အထဲဝင်စေသည်။ လုံခြုံရေး စနစ်များ တပ်ဆင်ထားသည့် နေရာ သုံးခု ကို ဘွန်း ဖြတ်သွားရသည်။ နောက်မှ မြေအောက် ပုံးခိုကျင်းနှင့်တူသော



အခန်းထဲသို့ ဝင်ရသည်။ ဘွန်းနှင့်အတူ လူတစ်ဦးလည်း လိုက်ပါလာ၏။

အထဲ ရောက်လာသောအခါ အဘိုးကြီးက ဆေးပြင်းလိပ် တစ်လိပ် မီးညှိကာ ရှူဖွာနေ၏။ လက်ထဲတွင် ဖိုင်တစ်ခု ကိုင်ထားသည်။

'သား နောက်ဆုံးတော့ မင်းရောက် လာသားပဲ'

အဘိုးကြီးမှာ ပိုမို အိုမင်းသွားပုံရသည်။ ဘွန်းသည် ဘာမှ ပြန်မပြော။ အဘိုးကြီးက သူနှင့်အတူ လိုက်ပါလာ သူအား

'ဘွန်း သူက ကျုပ်တို့ လက်ထောက် ညွှန်ကြားရေးမှူး မက်သရူး လန်းနား တဲ့၊ လန်းနား သူကတော့ ဂျေဆင်ဘွန်းပဲ'

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြ သည်။

ဘွန်းက

'လက်ထောက် ညွှန်ကြားရေးမှူး မာတင်လို့ မှတ်ထားတာ'

'အဲ နည်းနည်းလည်း ရှုပ်ထွေးနေပါတယ်၊ အဲ'

အဘိုးကြီးက စကား ဝင်ဖြတ်ပြီး

'ပြီးတော့ လန်းနားက အားလုံး ရှင်းပြပါလိမ့်မယ်'

ဘွန်းက တိုက်ရိုက်ပင်

'မာတင်က ဘာဖြစ်သွားလို့လဲ'

အဘိုးကြီးက

'မာတင် လင်းဒရိုစ် ပျောက်ဆုံးနေတာ ၇ ရက် ရှိတော့မယ်'

အဘိုးကြီးသည် ရုတ်တရက် အိုစာသွားသည် ထင်ရ၏။

ဘွန်းသည် တန့်ခနဲ ဖြစ်သွားသည်။ သူ့ဆီကို မဆက်သွယ်ခဲ့တာဒါကြောင့် တိုး။

ဘွန်းက

'ဘာတွေ ဖြစ်သွားတာလဲ'

အဘိုးကြီးက နောက်ထပ် စီးကရက် တစ်လိပ်ကို သောက်လက်စ မီးဖြင့် ဆက်ညှိသည်။ အင်မတန် တည်ငြိမ်သော အဘိုးကြီး၏ လက်များမှာ အနည်းငယ် တုန်ယင်နေပုံ ရ၏။ သူက

'မာတင်က အီသီယိုးပီးယားကို ကွင်းဆင်းသွားခဲ့တာ'

ဘွန်းက ချက်ချင်းပင်

'မာတင်က ကွင်းထဲကို ဘာဖြစ်လို့ ဆင်းရတာလဲ'

လန်းနားက ဝင်၍

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လည်း အဲဒီ မေးခွန်းပဲ မေးနေမိတာ၊ ဒါပေမဲ့ ဒီဇာတ်လမ်း ဒီဇာတ်ကွက်က သူ့ဇာတ်လေ'

အဘိုးကြီးက

'မာတင်ရဲ့အဖွဲ့သားတွေက အကြမ်းဖက် အဖွဲ့တစ်ခုရဲ့ လျှို့ဝှက် သတင်း ပို့ချက်ကို ဖြတ်ပြီး ဖမ်းယူလို့ ရတယ်၊ အဲဒါကို အဓိပ္ပာယ် ဖွင့်လိုက်တော့ အကြမ်းဖက် အဖွဲ့အစည်း တစ်ခုဟာ အမေရိကန် နိုင်ငံရဲ့ မြို့ကြီး သုံးမြို့ ဖြစ်တဲ့ ဝါရှင်တန်ဒီစီ၊ နယူးယောက်နဲ့ အယ်လ်အေကို တိုက်ခိုက်ဖို့ စီစဉ် နေကြတယ် ထင်တာပဲ၊ တိုက်ခိုက်မှာကလည်း နျူကလီးယား လက်နက်နှင့် တိုက်ဖို့လုပ်နေကြတာ'

အဘိုးကြီးသည် သူ့ အံ့ဆွဲထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူ၍ ဘွန်း ကိုပေးသည်။ လန်းနားက ဝင်၍

'အဲဒါဘာလဲဆိုတာ သိရဲ့လား'

ဘွန်းက အဘိုးကြီးကိုသာ ကြည့်၍

'အဝေးထိန်း စက်ခလုတ် ပါပဲ၊ စက်မှု လုပ်ငန်းတွေမှာ အဝေးကနေ လှမ်းပြီး ခလုတ်နှိပ် ဖွင့်နိုင်အောင် လုပ်ထားတဲ့ ပစ္စည်းပဲ၊ ဒီပစ္စည်းကတော့ ပိုပြီး အဆင့် မြင့်မြင့် လုပ်ထားပုံရတယ်'

'ဟုတ်တယ်၊ ဒီပစ္စည်းက တစ်ခါပဲ သုံးလို့ရအောင် လုပ်ထားတာ'

'မှန်ပါတယ်၊ ဒါကြောင့် စက်မှုလုပ် ငန်းတွေမှာ သုံးဖို့ မဖြစ်နိုင်တော့ဘူး၊ ဖြစ် နိုင်စရာက တစ်ခုပဲ ရှိတယ်၊ နျူကလီးယား လက်နက်ကို ဖောက်ခွဲဖို့ လုပ်ထားတဲ့ အဝေးထိန်း ခလုတ်ပဲ'

လန်းနားက မျက်နှာ မည်းသွားပြီး

'ဟင် နျူကလီးယား လက်နက်တွေက အကြမ်းဖက်အဖွဲ့ လက်ထဲကို ရောက်သွားပြီလား'

လန်းနားကို ဘယ်သူမှ ပြန်မပြောပါ။ အဘိုးကြီးက ဘွန်းလက်ထဲက ပစ္စည်းကို ပြန်ယူပြီး

'မာတင်က အဲဒီ နျူကလီးယား ပစ္စည်းတွေ သယ်ဆောင်တဲ့ လုပ်ငန်းကို အီသီယိုးပီးယား အနောက်မြောက်ဘက်က တောင်တန်းတွေမှာ သယ်ယူ ပို့ဆောင်မှု လုပ်နေကြောင်း သတင်းအစ ရတယ်၊ အကြမ်းဖက် အဖွဲ့တစ်ဖွဲ့က သယ်မှာ'

'သယ်ပြီး သူတို့က ဘယ်ကိုပို့ကြမှာလဲ'



'မသိဘူး'

ဘွန်းသည် သက်ပြင်းချလိုက်၏။

'အသေးစိတ် ဖြစ်ပျက်ပုံကို ပြောပါဦး'

လန်းနားက

'လွန်ခဲ့တဲ့ ၆ ရက် ဒေသစံတော်ချိန် ၁၇း၃၂ နာရီမှာ မာတင်လင်းဒရိုစ်နဲ့ အဖွဲ့သား ငါးယောက်ပါတဲ့ ကင်းမြီးကောက် စကော်ပီယံ တပ်ဖွဲ့နဲ့အတူ ရဟတ်ယာဉ် တစ်စင်းနဲ့ အီသီယိုးပီးယား အနောက်မြောက် ရပ်စ်ဒီဂျင် တောင်စောင်းကို ရောက်သွားတယ်'

အဘိုးကြီးက ဝင်၍

'သူတို့သွားတဲ့ ရပ်စ်ဒီဂျင်ဟာ ဆီမီယင် တောင်ကုန်းမှာ အမြင့်ဆုံးပဲ [illegible] ခင်း အဲဒီအရပ် ရောက်ဖူးပါတယ်၊ ဒေသ စကားလည်း ပြောတတ် နေတာပဲ'

လန်းနားက

'သူတို့ ချိနွတ်ရဟတ်ယာဉ်နှင့် သွားတော့ စကော်ပီယံ အဖွဲ့တစ်နဲ့ [illegible]၄ နာရီမှာ အဆက်အသွယ် ပြတ်သွားခဲ့တယ်၊ ၁၀း၀၆ AM အရှေ့တိုင်း စံတော်ချိန်မှာ ကျုပ်တို့က စကော်ပီယံ နှစ်ကို စထွက်ရာ နောက်လိုက်ခိုင်း တယ် စကော်ပီယံ နှစ်အဖွဲ့ ခေါင်းဆောင် ဂျက်ဖရီဆီက သတင်းရောက်လာ တယ် ၁၀း၄၆ AM မှာ ရောက်လာတာ ဖြစ်တယ်၊ တောင်စောင်း တစ်နေရာ မှာ မီးလောင် ပျက်စီးနေတဲ့ စကော်ပီယံ တစ်တို့အဖွဲ့ စီးနင်းလိုက် ပါသွား တဲ့ ချီနွတ်ရဟတ်ယာဉ်ကို တွေ့ရသတဲ့၊ အဲဒါ စကော်ပီယံ နှစ် ဆီက ရတဲ့ နောက်ဆုံး အစီရင်ခံချက်ပဲ'

အဘိုးကြီးက

'အဲဒီနောက်မှာ လင်းဒရိုစ်ဆီကရော သူ့အဖွဲ့တွေဆီကရော ဘာမှ အဆက်အသွယ် မရတော့ဘူး'

လန်းနားက ဝင်၍

'ဒီတို့အို စခန်းမှာ စကော်ပီယံ တပ်စုဟာ အဆင်သင့် ရှိနေပါတယ်'

အဘိုးကြီးက လန်းနားကို စိတ်ပျက် လက်ပျက် ကြည့်သည်။ ဘွန်းကမူ လန်းနားကို မကြည့် အဘိုးကြီးကိုပဲ ကြည့်ပြီး

'ဖြစ်နိုင်စရာက နှစ်လမ်းပဲ ရှိတယ်၊ လင်းဒရိုစ်ဟာ တိုက်ပွဲမှာ ကျဆုံး သွားတာ ဒါမှမဟုတ် အဖမ်းခံရပြီး စစ်ကြောမှု ခံယူနေရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လန်းနားက

'ကျုပ်တို့ရဲ့ စကော်ပီယံ တပ်ဖွဲ့သားတွေဟာ အကောင်းဆုံးနဲ့ အတော်ဆုံးတွေ ရွေးထားတာ ဖြစ်ပါတယ်၊ ခင်ဗျား လိုသလို သုံးနိုင်ပါတယ်'

ဘွန်းက

'ရပ်စ်ဒီဂျင် တောင်စောင်းမှာ ဖြစ်တဲ့ ပြဿနာကို စကော်ပီယံ တပ်ဖွဲ့နှစ်ဖွဲ့မှ မဖြေရှင်းနိုင်ခဲ့ဘဲ၊ နောက်တစ်ဖွဲ့ မလိုပါဘူး၊ ကျုပ်သွားရင် တစ်ယောက်တည်းပဲ သွားမယ်'

အဘိုးကြီးက

'အေး ဒါဆို စကော်ပီယံ သုံးကို မေ့ပစ်လိုက်တော့၊ မင်း တစ်ယောက်တည်းပဲ လုပ်တတ်တယ်ဆိုတာ သိပါတယ်'

အဘိုးကြီးက

'ဘွန်း မင်းဟာ မင်း မိတ်ဆွေနောက်ကို လိုက်ဖို့ ဝန်လေးမှာ မဟုတ်ဘူးဆိုတာ ကျုပ် သိပါတယ်'

ဘွန်းက

'ဟုတ်တယ် ခင်ဗျား ပြောတာ မှန်တယ်၊ ခင်ဗျားလူတွေနဲ့ ခင်ဗျား လုပ်သင့်တယ် ထင်တာတွေ၊ လုပ်စရာတွေ လုပ် ပါ၊ ကျုပ်ကတော့ မာတင့်နောက် လိုက်ရှာမှာပဲ၊ ဘယ်သူ့အကူမှလည်း မလိုဘူး'

အဘိုးကြီးက

'ဟုတ်ပြီလေ လန်းနားက မင်းလိုသမျှ အကူအညီ ပေးလိမ့်မယ်၊ အရေးကြီးတာ တစ်ခုပဲ ပြောမယ်၊ မာတင်လင်းဒရို့စ်ကိုတော့ ရအောင် ပြန်ခေါ်ခဲ့၊ ဒါပဲ'

လန်းနားသည် အဖွဲ့ချုပ်ခန်း အကျယ်မှ တစ်ဆင့် သူ့ရုံးခန်း ရှိရာသို့ ဘွန်းကို ဦးဆောင် ခေါ်လာခဲ့၏။ သူ့ ရုံးခန်းသို့ ရောက်သောအခါ သူ့ စားပွဲနောက်မှ သူ့ ထိုင်သည့် ခုံတွင် လန်းနား ထိုင်သည်။ ဘွန်း၏ ပုံပန်းမှာ ထိုင်မည့်ပုံ မပေါ်သဖြင့် ထိုင်ပါဟု မပြောတော့ဘဲ ခုံနောက်မှီကို မှီလိုက်၏။ ပြီးမှ

'အခု ကျုပ်ပြောတဲ့ စကားတွေဟာ ဘာအကြောင်းနဲ့မှ ဒီအခန်းရဲ့ ပြင်ပကို ထွက်ခွင့် ပြောခွင့် မရှိဘူး၊ အဘိုးကြီးက မာတင်ကို ဒါရိုက်တာ အဖြစ်



ခန့်ပြီး 'မုန်တိုင်း' ဆိုတဲ့ အမည်ကို လျှို့ဝှက်သင်္ကေတအဖြစ် သုံးတဲ့ အေဂျင်စီ တစ်ခုကို တာဝန်ပေးပါတယ်၊ ဒီအဖွဲ့ရဲ့ တာဝန်ကတော့ အကြမ်းဖက်အဖွဲ့တွေကို အဓိက ပစ်မှတ်ထား ထောက်လှမ်းဖို့ပဲ'

ဘွန်း စိတ်ထဲတွင် တိုက်ဖွန်း 'မုန်တိုင်း' ဆိုသည့် သူ၏ လျှို့ဝှက်အမည်သည် ဂရိ မိုင်သိုလော်ဂျီမှ ကြောက်စရာ ကောင်းလှတဲ့ ခေါင်းတစ်ရာရဲ့ ဖခင်ဘိုးတ်ဒရာ ဖြစ်ကြောင်း သတိရသွား၏။ ဒီကုတ်၏ အောက်တွင် အထူးလျှို့ဝှက်ထင်းကျပ်ကြောင်း သူသိသည်။ ဘွန်းက

'နေပါဦး၊ ကျုပ်တို့မှာ အကြမ်းဖက် တန်ပြန်အဖွဲ့ Counterterrorist Center စီတီစီ ရှိပြီးသား မဟုတ်လား'

'အဲဒီ စီတီစီက 'မုန်တိုင်း' အကြောင်း ဘာမှ မသိဘူး၊ ကျုပ်တို့ စီအိုင်ထောက်လှမ်းရေးအဖွဲ့ထဲမှာတောင် 'မုန်တိုင်း' ဟာ အထူး လျှို့ဝှက်သုပ်ရှားမှုပဲ'

'ဒါဆို 'မုန်တိုင်း' က နှစ်ဆင့်ချည်တဲ့ ကြိုးလို ဖြစ်နေတာပေါ့'

လန်းနားက ခေါင်းညိတ် ပြသည်။

'ခင်ဗျား ဘာတွေးနေသလဲ ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်တို့ ဒီလို အလုပ်မျိုးကို 'ထရက်စတုန်း (ဂျေဆင်ဘွန်း ဘဝမေ့သွားရတဲ့ အဖြစ်အပျက်အတ်လမ်း) နောက် တစ်ခါမှ မလုပ်ဖူးသေးဘူး'

လန်းနားသည် ခဏ ရပ်လိုက်ပြီးမှ

'ကျုပ် လိုရင်းပဲ ပြောပါမယ်၊ မာတင် လင်းဒရို့စ်ဟာ 'မုန်တိုင်း' ကို အောက်ခြေကစပြီး စတင် တည်ဆောက်ခဲ့တယ်၊ သူ့အလုပ်ကို ဗဟိုကတောင် ဝင်စွက်ဖက်ရဘူး၊ လင်းဒရို့စ်က သူ့ဘာသာ လွတ်လွတ်လပ်လပ် တည်ဆောက်တယ်၊ သူ့လူတွေကို လန်ဒန်၊ ပါရီ၊ အီစတန်ဘူလ်၊ ဒူဘိုင်း၊ ဆော်ဒီအာရေးဗီးယားနဲ့ အာဖရိက ဦးချိုဒေသမှာ သုံးဌာနထားပြီး လုပ်ဆောင်စေပါတယ်၊ လင်းဒရို့စ်ရဲ့ အစီအစဉ်က အကြမ်းဖက် အဖွဲ့ထဲကို အတွင်းသူအဖြစ် ရောက်အောင် ထိုးဖောက်ပြီး တိုက်ဖျက်ဖို့ စီစဉ်တာ ဖြစ်ပါတယ်'

'ထိုးဖောက် ဝင်ရောက်ခြင်း'

ဘွန်းက

အာလုပ် စကား ထွက်လာ၏။ ဒါကြောင့်ပင် မကြာခင်က မောင်လင်းဒရို့စ်သည် သူ့ အနေနှင့် ဗဟို ထောက်လှမ်းရေးအဖွဲ့ ချုပ် စီအိုင်ထဲမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တော် အထီးကျန် ဖြစ်နေကြောင်း ဘွန်းအား ပြောခဲ့သည်ကို ပြေး သတိရမိ၏။

လန်းနားက

'ခုထိတော့ ဘယ်သူမှ ထိုးဖောက်နိုင်သေးပုံ မရဘူး၊ အနီးကပ်ဆုံး နေရာ တောင် မရောက်ကြသေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ဆီမှာ မွတ်ဆလင် အမှုထမ်းက သိပ်နည်းတယ်၊ အာရပ် နွယ်ဖွားဆိုတာကတော့ မရှိသလောက်ပဲ၊ အက်ဖ်ဘီအိုင်ဌာနကြီးမှာလည်း ဝန်ထမ်းပေါင်း နှစ်ထောင် ကျော် ရှိတာ၊ သုံးဆယ်ကျော်လောက်ပဲ အာရပ်ဘာသာ တတ်တယ်၊ အဲဒီ အထဲသူတွေထဲတလည်း ဘယ်သူကိုမှ အကြမ်းဖက်မှုကို တိုက်ဖျက်ရေး အဖွဲ့ ပြည်တွင်းမှာရော၊ ပြည်ပမှာရော မသုံးကြဘူး၊ အကြောင်းကတော့ အုပ်ချုပ်ရေးမှာ ထိပ်ပိုင်းက လူတွေက မွတ်ဆလင်များ၊ အနောက်တိုင်းရောက် အာရပ်နွယ်ဖွားတွေကို အသုံးပြုဖို့ တွန့်ဆုတ်နေကြလို့ပါပဲ။ သူ့ဘို့ မယုံကြ ဘူးလေ'

ဘွန်းက

'ဒါကတော့ အမြင် ကျဉ်းမြောင်းပြီး မိုက်မဲမှုတစ်ခုပါပဲ'

လန်းနားက

'ဒါပေမဲ့ လင်းဒရိုစ်တတော့ အဲဒီလို လူမျိုးတွေကို တိုးတိုးတိတ်တိတ် စုဆောင်း နေခဲ့ပါတယ်၊ နောက်ထပ် ခင်ဗျားသိရမှာကတော့ 'မုန်တိုင်း အော်ပရေရှင်း'ပဲ'

မုန်တိုင်း အော်ပရေရှင်းမှာ နှစ်ဖက်လှူ၊ နှစ်ဖက်သွား တန်ပြန် ထောက်လှမ်းရေး ဖြစ်သဖြင့် အထူးလျှို့ဝှက်မှုရှိသည့် သီးခြားဌာန တစ်ခု ဖွင့်လှစ် ထားရှိရသည်။

ဘွန်း အခန်းထဲမှ ထွက်လာသော အခါ စက္ကတေရီ ဖြစ်သူ အင်နီဟဲလ်က ရပ်ခိုင်းပြီး လိုအပ်သော အချက်အလက်များ ထုတ်ပေးသည်။ သတင်းတစ်စွန်း တစ်စ ကြားသိခဲ့ရသော ထောက်လှမ်းရေး သမားနှစ်ဦး၏ ရုပ်ပုံနှင့် အကျိုးအကြောင်း ထိုသူတို့၏ စကားကို မှတ်ယူ၍ ကမ္ဘာတစ်ခြမ်း ဖြတ် ကျော်ပြီး မာတင်လင်းဒရိုစ် ကွင်းထဲသို့ ဆင်းလိုက်ပါသွားခြင်း ဖြစ်သည်။

နောက် အင်နီက လင်းဒရိုစ်၏ ရုံးခန်းကို ပြသည်။ 'မုန်တိုင်းအော်ပရေ ရှင်း' ကို ကြီးမှူးကြပ်မတ်သည်။ လင်းဒရိုစ် ရုံးခန်းမှာ ခေတ်မီပစ္စည်းများပြည့် စွာရှိ၏။ လျှို့ဝှက် ထောက်လှမ်း ရိုက်ကူးထားသော ပုံများကိုလည်းတွေ့ရသည်



ဘွန်းရောက်နေကြောင်းကို လန်းနားက ဌာနတွင်း အကြောင်းကြားထားပုံ ရသည်။ အပြင်ရောက်သည်နှင့် လင်းဒရိုစ် ရုံးခန်း ဖန်သားပြင်ပေါ်တွင် တွေ့မြင်ခဲ့ရသော အမျိုးသမီးတစ်ဦး သူ့အား စောင့်ကြိုနေသည်ကို တွေ့ရ၏။ မိန်း တလေးသည် ငယ်ရွယ် လှပသော အမျိုး သမီး ဖြစ်ပါ၏။ အမျိုးသမီးကို မြင်လိုက်ရသည်နှင့် ဤအမျိုးသမီးကား ကွင်းထဲမှာ ဆင်းပြီး လှုပ်ရှားသော အမျိုးသမီး ဖြစ်ကြောင်း ဘွန်း သိသည်။ အမျိုးသမီး သူရှိရာသို့ လှမ်းလာ သော ခြေလှမ်းများမှာ မြန်လည်း မမြန်၊ နှေးလည်း မနှေး၊ မည်သည့် သီးခြား လက္ခဏာမျှ မပြသော လမ်းလျှောက်ပုံနှင့် လျှောက်လာခြင်း ဖြစ်၍ပင်။ လူသားတို့၏ ကိုယ်ဟန်လက်ဟန် လမ်းလျှောက်ဟန်တို့မှာ လက်ဗွေ ပုံစံများ ကဲ့သို့ သီးခြား လက္ခဏာများ ပြဆို နေတတ်၏။ ဤ မိန်းကလေးကား ထို သို့ သီးခြား လက္ခဏာ များကို ပယ်ဖျောက် ထားနိုင်ပြီးသူ ဖြစ်နေ၏။

မိန်းကလေး၏ မျက်နှာပေါက်မှာ ခိုင်မာ၊ မာနရှိသော မျက်နှာမျိုးဖြစ် သည်၊ အာရပ်နွယ်ဖွားတို့၏ သွင်ပြင် လက္ခဏာ ရှိသော်လည်း မျက်လုံးများ ကမူ နက်ရှိုင်း ပြာမှိုင်းလှသည်။

ဘွန်းက

'ခင်ဗျားက ဆိုရာယာ မိုရီ မဟုတ်လား'

မိန်းကလေး မျက်နှာပေါ်တွင် အပြုံးတစ်ချက် လက်ခနဲ ပေါ်လာပြီး ချက်ချင်း အေးစက် ရှုပ်ထွေးသော မျက်နှာပေးသို့ ပြန်ရောက်သွား၏။ အမျိုးသမီးက

'ဟုတ်ပါတယ်ရှင့်၊ ဒီဘက်ကို ကြွပါဦး'

သူတို့နှစ်ဦး ခန်းမကို ဖြတ်ကျော်၍ ရုံးခန်းတစ်ခုတည်းသို့ ဝင်ရ၏။ အခန်းထဲတွင် ယောကျ်ားတစ်ဦးရှိသည်၊ ဆိုရာယာထက် ငယ်ပုံရ၏။

ထိုလူငယ်က ထိုင်ရာမှ မထဘဲ

'ကျွန်တော်က တင်အာနာပါ'

လူငယ်သည် လျှို့ဝှက် ဆိုက်ဘာများကို အဖြေထုတ်နေပုံရ၏။

ဘွန်းက

'ကျုပ် လန်ဒန်ကို ထွက်မယ့် လေယာဉ်စီးဖို့ ငါးနာရီလောက် အချိန်ရ သေးတယ်၊ ကျုပ်သိသင့် သိထိုက်တာတွေ ပြောပြပါ'

ဘွန်းလည်း သူတို့နှစ်ယောက် အကြား ကုလားထိုင်မှာ ဝင်ထိုင်ရင်း ပြော ဆိုလိုက်၏။ ဟာနာက

www.burmeseclassic.com

www.burmeseclassic.com



'မာတင် ရလိုက်တဲ့ သဲလွန်စက အလွန် အရေးကြီးလှတဲ့ တီအက်စ်ဂျီ တွေကို အဖွဲ့အစည်းတစ်ခုက သယ်လို့ ရတယ်ဆိုတဲ့ သတင်းပဲ၊ ဒီသဲလွန်စ ကိုရတော့ မာတင်လင်းဒရို့စ်ဟာ သူကိုယ်တိုင် ကွင်းထဲဆင်းပြီး ထောက် လှမ်း ရမယ် ဆိုပြီး သွားခဲ့တာပဲ'

ထိုစဉ် ဟာနာရှေ့မှ ဆိုင်ဘာစက်မှ အသံများ မြည်လာ၍ ဟာနာ စက် ကို ကိုင်ရသည်၊ ဆိုရာယာက စကား ဝင်ဆက်သည်။

'မာတင်ရဲ့ ခရီးစဉ်ဟာ ပထမ တောင်အာဖရိက နောက် ကိတ်တောင်း ကို သွားပါတယ်'

ဘွန်းက

'ဘာဖြစ်လို့ မာတင်က ကိတ်တောင်းကို သွားရတာလဲ'

ဆိုရာယာက

'အရင် အသွေးအရောင် ခွဲခြားမှုရှိတဲ့ အချိန်တုန်းက တောင်အာဖရိကဟာ မှောင်ခိုကုန်စည် ရောင်းဝယ် ဖောက်ကားမှု အရှိဆုံး နေရာဖြစ်ခဲ့ပါတယ်၊ ဒီနောက် ပြောင်းလဲ လာပြီးနောက် အမည်းရောင်ကနေ အဖြူရောင်အဖြစ် သတ်မှတ်ခံရပြီး အမေရိက နိုင်ငံကလည်း အဲဒီကို တီအက်စ်ဂျီတွေ တင်ပို့ နေခဲ့ပါတယ်'

'အဲဒီမှာ ပျောက်ဆုံး သွားတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ အခု အဲဒီမှာ လှုပ်ရှားနေတဲ့ မှောင်ခို အဖွဲ့တွေဟာ အလွန်ခေတ်မီပြီး ယောက်လှမ်းဖို့၊ အစကောက်ဖို့ အလွန် ခက်ခဲပါတယ်၊ သူတို့တာ အလွန် ဆန်းပြားတဲ့ လျှို့ဝှက်ကုတ်စနစ်ကို သုံးစွဲပြီး အဆက်အသွယ် လုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးတော့ ကျွန်မတို့ ပြန်ဆို အဓိပ္ပာယ် ဖွင့်နိုင်ခဲ့ပါတယ်။ အဲဒီဆိုက်ဘာထဲက ရရှိထားတဲ့ ကုန်ပစ္စည်းတွေကို သမား နိုးကျ သယ်ယူ ပို့ဆောင်ရေး လမ်းကြောင်းက ပို့လို့ မရနိုင်ဘူး ဆိုတာကို အဓိပ္ပာယ် ဖွင့်ဆိုနိုင်ခဲ့ပါတယ်'

ဘွန်းက

'ပျောက်ဆုံးသွားတဲ့ တီအက်စ်ဂျီ ကုန်ပစ္စည်းတွေဟာ ဘာထူးခြားမှု ရှိသလဲ၊ အမေရိကကို အန္တရာယ်ပြုနိုင်တဲ့ အခြေအနေထိ ရှိနိုင်သလား'

'ဟုတ်ပါတယ်၊ အဲဒီ ကုန်ပစ္စည်း မှောင်ခိုအဖွဲ့ထဲက နှစ်ဦးကို ဖမ်းမိပြီး ဒီကို ခေါ်လာနိုင်ခဲ့ပါတယ်'



'ဒီကို ခေါ်လာတဲ့အတွက် ကျန်တဲ့ သူ့ အဖွဲ့အစည်းကို လှန့်လိုက်သလို ဖြစ်သွားနိုင်ဘူးလား'

ဆိုရာယာက ခေါင်းခါပြသည်။

'ဖြစ်နိုင်ခြေ မရှိပါဘူး၊ ဒီအဖွဲ့အစည်းဟာ ကုန်ပစ္စည်း သယ်ဆောင် [illegible]အတွက် တစ်ဖွဲ့ကို တစ်ကြိမ်သာ သုံးစွဲကြလို့ပါပဲ'

ဘွန်းက

'အဲဒီ တီအက်စ်ဂျီတွေကို ဘယ်သူက ဝယ်ယူသွားတယ် ဆိုတာ သိကြ သလား'

'အဲ အများကြီး သံသယ ဖြစ်စရာ ကောင်းတဲ့ အဖွဲ့အစည်းလို့တော့ [illegible] ထားကြလို့ ရပါပြီ၊ အဲဒီ သဲလွန်စ ရလို့ လင်းဒရို့စ်ကိုယ်တိုင် ကွင်းထဲ ကို ဆင်းတာပေါ့'

ဟာနာက ဝင်၍

'ခင်ဗျား ဒုဂျာဆိုတဲ့ အဖွဲ့အစည်း ကြားဖူးလား'

ဘွန်းသည် ဦးနှောက်ကို အလုပ်ပေးလိုက်၏။

'ဒုဂျာဆိုတာ ဂျော်ဒန်နဲ့ ဆော်ဒီအာရေဗီးယားတို့မှာ ဖြစ်ပွားခဲ့တဲ့ [illegible]တိုက်ခိုက်မှုတွေကို သူရဲ့ လက်ချက်လို့ ကြေညာခဲ့တဲ့ အဖွဲ့အစည်း မဟုတ် [illegible] ဘက်ဂဒက် မြို့တော်နဲ့ ၁၄၄ ကီလိုမီတာ အကွာက ခါကွင်မဟာဗလီ [illegible]တက်အအုံကို ပြီးခဲ့တဲ့လက ဗုံးခွဲ တိုက်ခိုက်ခဲ့လို့ လူပေါင်း ၉၅ ဦး [illegible]ခဲ့ရတယ်လေ၊ ကျုပ် မှတ်မိသလောက်ကတော့ ဆော်ဒီ ဘုရင့်ဆွေတော် [illegible]နှစ်ဦးကို လုပ်ကြံခဲ့တာလည်း သူတို့ လက်ချက်ပဲ၊ ဂျော်ဒန် နိုင်ငံရေး [illegible]နဲ့ အီရတ် လုံခြုံရေးတာဝန်ခံကို လုပ်ကြံ ခဲ့တာလည်း သူတို့ပဲ'

ဆိုရာယာက

'ဟုတ်ပါတယ်၊ အဖွဲ့အစည်း တစ်ခုတည်းက အဲဒီလောက် များပြားတဲ့ တိုက်ခိုက်မှုတွေ လုပ်နိုင်တယ် ဆိုတာ ယုံနိုင်စရာ မရှိပါဘူး၊ ဒါပေမဲ့ တကယ်ပဲ ဖြစ်ခဲ့ပါတယ်'

ဘွန်းက

'ဟုတ်ပါတယ်၊ အချက်အလက်တွေကို ကျုပ်သိပါတယ်၊ သူတို့ အဖွဲ့ [illegible] ဗုံးခွဲမှုမျိုး မလုပ်ခဲ့ဘဲ တိုက်ခိုက်မှုကိုပဲ လုပ်ခဲ့ကြတယ်၊ သူတို့ အဖွဲ့အစည်း ထဲက ပါဝင်သူတစ်ဦးမှ ဖမ်းဆီးရမိတာ မရှိခဲ့ဘူး၊ [illegible]အဖွဲ့ရဲ့ ခေါင်းဆောင်ဟာ ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာက

'သူ့နာမည်က ဖာဒီတဲ့'

'ဖာဒီ ဆိုတာ အာရဗီစကားနဲ့ အမှန်တရားကို ဖော်ဆောင်သူလို့ အဓိပ္ပာယ် ထွက်တယ်လေ၊ အဲဒီသဘော အဓိပ္ပာယ်နဲ့ ယူထားတာ ဖြစ်မှာပေါ့'

ဟာနာက ဝင်၍

'အမှန်အတိုင်း ဝန်ခံရရင် ကျုပ်တို့ဟာ သူ့အကြောင်းကို ဘာမှ မသိပါဘူး၊ သူ့နာမည်ရင်းက ဘယ်သူ ဆိုတာတောင် မသိဘူး'

ဘွန်းက တွေးတွေးဆဆဖြင့်

'ကျုပ်တို့ သိတာတော့ တစ်ခုရှိတယ်၊ နံပါတ်တစ် ဒူဂျာရဲ့ တိုက်ခိုက်မှုတွေဟာ စနစ်တကျ ပြင်ဆင် ပြုလုပ်ခဲ့တာ ဖြစ်ပြီး ထူးခြား ဆန်းပြားမှုတွေ ရှိတယ်၊ ဒီတော့ ဒီလူဟာ အနောက်တိုင်းမှာ ပညာသင်ကြားခဲ့သူ သော်လည်းကောင်း ဖြစ်မယ်၊ ဒါမှမဟုတ် ခေတ်ပေါ် နည်းပညာ လက်နက်တွေကို သိနားလည် ကျွမ်းကျင်သူ ဖြစ်ရမယ်၊ ဒီလို ခေါင်းဆောင်မျိုး အာရပ် အကြမ်းဖက် အုပ်စုတွေမှာ မတွေ့ရသလောက်ပဲ'

ဆိုရာယာက ခေါင်းညိတ်ပြပြီး

'ဟုတ်ပါတယ်၊ အဲဒီ ရှုထောင့်ကလည်း ကျွန်မတို့ လေ့လာ ဆန်းစစ်ကြည့်ခဲ့ပါတယ်၊ ဒူဂျာ အဖွဲ့ဝင်တွေဟာ ရိုးရိုး သာမန် အကြမ်းဖက်သမားများ မဟုတ်ဘဲ အသစ်သော မျိုးဆက်က ဖြစ်ပါတယ်၊ သူတို့ဟာ ရာဇဝတ်၊ ဒုစရိုက်ဂိုဏ်းတွေ၊ လူကုန်ကူးတဲ့ ဂိုဏ်းတွေနဲ့ အရှေ့တောင် အာရှမှာ လက်တင်အမေရိကမှာ ဆက်သွယ် လှုပ်ရှားခဲ့ပါတယ်'

ဟာနာက ဝင်၍

'လက်ထောက်ညွှန်မှူးဖြစ်တဲ့ မာတင်လင်းဒရိုစ်ဟာ မုန်တိုင်း အော်ပရေးရှင်းကို အကောင်အထည်ဖော်ဖို့ အတိုးကြီးဆီက လျင်လျင်မြန်မြန် ခွင့်ပြုချက် ရခဲ့တာဟာ လင်းဒရိုစ်က ဒူဂျာခေါင်းဆောင် ဖာဒီကို ဖော်ထုတ်ရှင်းပစ်ဖို့ လုပ်ဆောင်မှာမို့ ဖြစ်ပါတယ်။ နှစ်တိုင်း နှစ်တိုင်း ဒူဂျာဟာ အင်အားကြီးထွားလာခဲ့ပါတယ်။ ဖာဒီကို ခေါင်းဆောင်ကြီးအဖြစ် ဝိုင်းအုံ ချဉ်းကပ်လာသူတွေ အများကြီး ဖြစ်နေပါတယ်'

ဆိုရာယာက



'ခုထက်ထိ ဘယ်ထောက်လှမ်းရေး အေဂျင်စီကမှ ဒူဂျာရဲ့ အခြေစိုက်စခန်းကို မဖော်ထုတ်နိုင်သေးပါဘူး၊ ကျွန်မတို့ အပါအဝင်ပဲပေါ့'

ဟာနာက ဝင်၍

'ကျုပ်တို့ ဌာနသစ်က ဖွဲ့စည်းတာ ဘာမှမှ မကြာသေးတာ'

ဆိုရာယာက ကိုင်ထားသောဖိုင်တွဲကို ပိတ်လိုက်သဖြင့်

'အကြမ်းဖက် တိုက်ခိုက်မှုတွေကို လုပ်ဆောင်နိုင်ခဲ့တာ ဖာဒီရဲ့စီမံမှုလို့ ကျွန်မတို့ ဖော်ထုတ်နိုင်ခဲ့ပေမယ့် ဖာဒီဟာ ဘယ်သူတုံး၊ ဘယ်လိုလူလဲ ဆိုတာ မသိ ဘူး၊ သူ့ဓာတ်ပုံလည်း မရှိဘူး'

ဘွန်းက မျက်မှောင်ကြုတ်လိုက်ပြီး

'တီအက်စ်ဂျီတွေကို ဒူဂျာက ဝယ်ယူခဲ့တယ်လို့ မင်းတို့ကဘာကြောင့် ယူဆရတာလဲ'

ဟာနာက

'အဲ ကျုပ်တို့ ဖမ်းမိခဲ့တဲ့ သူနှစ်ဦး အနက် တစ်ဦးရဲ့ ရုပ်အင်္ကျီ အနားစမှာ လျှို့ဝှက်ကုတ် ဆိုက်ဘာကို ရှာဖွေ တွေ့ရှိခဲ့ပါတယ်၊ အဲဒီလို လျှို့ဝှက်ဆိုက်ဘာကုတ်ကို သုံးစွဲကာ ဒူဂျာတစ်ဖွဲ့တည်းပဲ ရှိပါတယ်'

ဘွန်း

'ကျုပ် သူတို့ကို စစ်မေးချင်တယ်'

ဟာနာက

'ဆိုရာယာဟာ တာဝန်ခံပဲလေ၊ သူ့ ဆီကို ခွင့်တောင်းပေါ့'

ဘွန်းက ဆိုရာယာကို ကြည့်လိုက်၏။

ဆိုရာယာသည် ပထမ တွန့်ဆုတ် သွားပုံရသည်။ နောက်မှ ထိုင်ရာမှ ထလိုက်ပြီး

'ဒါဖြင့်လည်း သွားကြတာပေါ့'

ဘွန်းလည်း ထလိုက်ပြီးမှ ဟာနာ အား

'တင် အဲဒီ ဆိုက်ဘာရဲ့ ကော်ပီကို ၁၅ မိနစ်အတွင်း ရအောင်လုပ်ပြီး ကျုပ်တို့ဆီ လိုက်ခဲ့'

ဟာနာက

'ဗျာ ၁၅ မိနစ်နဲ့တော့ ရနိုင်မယ် မထင်ဘူး'

ဘွန်းက တံခါးပေါက် အရောက်တွင်

'ရအောင်လုပ်ပော့'

ဝ

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းနှင့် ဆိုရာယာတို့သည် အချုပ်သား ရှိရာသို့ လာကြ၏။ ဆိုရာယာက

'သူ့ နာမည်က ဟီရမ်စီဗစ်တဲ့၊ အသက်က ၅၁ နှစ်၊ အိမ်ထောင်ရှိတယ်၊ သားသမီး သုံးယောက် ရှိတယ်၊ တူရကီ နွယ်ဖွား တစ်ဦးပါပဲ၊ ၁၈ နှစ်သား လောက်ကပဲ ယူကရိန်းကို သွားရောက်နေထိုင် လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်၊ ကိတ်တောင်းကို ရောက်တာတော့ ၂၃ နှစ်လောက် ရှိပါပြီ၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းတစ်ခု ပိုင်ဆိုင်တယ်၊ အဲဒီ စီးပွားရေး လုပ်ငန်း တွေဟာ တရားဝင် လုပ်ငန်းတွေပါပဲ၊ ဒါပေမဲ့ မစ္စတာ စီဗစ်ဟာ တစ်ခါတစ်ရံ သီးခြား အလုပ် တွေကိုလည်း လက်ခံလုပ်လေ့ ရှိပါတယ်၊ သူ့ မယားငယ်က စိန်တွေလိုချင် လို့လား ဒါမှမဟုတ် သူကိုယ်တိုင်က အင်တာနက် လောင်းကစားမှုမှာ ကစား နေသလားတော့ မပြောတတ်ဘူး'

ဘွန်းက

'ဟုတ်တာပေါ့၊ ဒီခေတ်ကြီးက လုပ် ငန်းတစ်ခုတည်းနဲ့ စီးပွားရေး ပိုပို လျှံလျှံ ဖြစ်ဖို့ဆိုတာမှ မလွယ်တာ'

ဆိုရာယာသည် ရယ်တော့မလို ဖြစ်သွား၏။

သို့သော် မရယ်ပါ။

ဘွန်းက

'ကျုပ်ဟာ စာအုပ်ကြီးအတိုင်း လုပ်တဲ့သူ မဟုတ်လို့၊ ကျုပ် ဘာပဲလုပ် လုပ်၊ ဘာပဲပြောပြော လုပ်ပေးရမယ်၊ အဲဒါ ရှင်းရဲ့လား'

ဆိုရာယာသည် ဘွန်းမျက်လုံး အစုံကို စိုက်ကြည့်သည်။ ဆိုရာယာ ဘာတွေများ စူးစမ်းသိလိုပါလိမ့်ဟု ဘွန်းတွေးသည်။ ဒီမိန်းမ ဘာတွေရှိနေ ပါလိမ့်။

ဆိုရာယာက

'ရှင့်ရဲ့ လုပ်ပုံကိုင်ပုံတွေ အကြောင်း ကို ကျွန်မ ကြားသိပြီးသားပါ'

ဆိုရာယာ၏ လေသံမှာ အေးစက်လှ၏။ သူတို့ အချုပ်ခန်း ရှိရာ ရောက်လာ၏။

စီဗစ်သည် အချုပ်ခန်း နံရံကို မှီနေပြီး စီးကရက် တစ်လိပ်သောက်နေ သည်။ စီဗစ်သည် ဆိုရာယာနှင့်အတူ ပါလာသော ဘွန်းကို တွေ့သည်နှင့်

'ခင်ဗျားက ကျုပ်ကို ကယ်တင်ဖို့ လာတာလား၊ စစ်ကြောဖို့ လာတာလား'



ဘွန်းသည် ဘာမှ မပြော၊ ဆိုရာယာက အချုပ်ခန်း သော့ကို ဖွင့်သည်။

စီဗစ်က စီးကရက်ကို အောက်နင်းခြေလိုက်ပြီး

'ဒါဆို စစ်ကြော မေးမြန်းမယ့်သူ ဖြစ်မယ်၊ ဒီမယ်၊ ကျုပ် မိန်းမဟာ ကျုပ် လောင်းကစား လုပ်နေတာလည်း သိတယ်၊ ကျုပ် မယားငယ် ထားတာလည်း သိတယ်'

ဘွန်းက

'ကျုပ်က မင်းဆီကို အကျပ်ကိုင်ဖို့လာတာ မဟုတ်ဘူး'

ဘွန်းသည် အချုပ်ခန်းထဲ ဝင်လိုက်၏။ ဆိုရာယာသည် ဘွန်း၏ အရိပ် တကောက်ကောက် ဝင်လိုက်သည်။ ဘွန်းနောက်စေ့မှ အမွှေးများထောင်သလို ဖြစ်သွား၏။ ဆိုရာယာတွင် လက်နက်ပါသည်။ အချုပ်သား တစ်စုံတစ်ရာ မှားလုပ်ပါက သေနတ်နှင့် ပစ်မည်ဖြစ်သည်။ ဆိုရာယာသည် တကယ့်ပညာ ရှင် တစ်ဦး ဖြစ်ကြောင်း ဘွန်း သိ၏။

စီဗစ်သည် ဘွန်းတို့ရှေ့မှာ လာရပ်သည်။ သူ၏ အရပ်အမောင်းမှာ မြင့်မားလှပြီး ကြီးထွားသော ကိုယ်လုံးကိုယ်ထည်လည်း ရှိပေရာ ရပ်ဘီ ဘောလုံးကစား သမားပုံ ~ါက်နေ၏။

ဘွန်းသည် စီဗစ်ကို ကြည့်သည်။ အချုပ်ခန်းကို ကြည့်သည်။

'ဒီအချုပ်ခန်းထဲ နေရတာ အဆင်မပြေလောက်ပါဘူး၊ မင်းကဒီအချုပ် ခန်းထဲက လွတ်မြောက်ချင်မယ်၊ ကျုပ်က သတင်း အချက်အလက်လိုချင်တယ်၊ ဒါရှင်းရှင်းလေးပါပဲ'

စီဗစ်က ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။

'ဒီမှာ မိတ်ဆွေကြီး အဲဒီလောက် ရှင်းလင်း လွယ်ကူရင် ကျုပ် ဒီအချုပ် ထဲမှာ မရှိတော့တာ ကြာပေါ့'

ဘွန်းက

'ကျုပ် နာမည်က ဂျေဆင်ဘွန်းပဲ၊ အခု ခင်ဗျား တွေ့နေရတာ ပြောနေရ တာက ကျုပ်ကို ဖြစ်တယ်၊ ကျုပ်ဟာ ခင်ဗျားကို ဖမ်းချုပ်ထားသူလည်း မဟုတ် ဘူး ခင်ဗျားကို ရန်ပြုမယ့် သူလည်း မဟုတ်ဘူး'

စီဗစ်က

'ဘယ်လို အနေအထား ဖြစ်ဖြစ်၊ အရေးမကြီးပါဘူး၊ ကျုပ် ခင်ဗျား အကြောင်း ကြားဖူးပါတယ်'

ဘွန်းက ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒါဆို ကျုပ်တို့ အပြင်ဘက် လမ်းလျှောက်ကြရအောင်'

ဆိုရာယာသည် ချက်ချင်းပင်

'အဲဒီ အစီအစဉ်ကတော့ မကောင်းဘူး'

ဘွန်းသည် ဆိုရာယာအား ကြည့်ပြီး လက်ဖြင့် လမ်းဖယ်ပေးရန် အချက်ပြ လိုက်၏။

ဆိုရာယာက

'ဒါ လုံခြုံရေးအတွက် မကောင်းဘူး'

ဘွန်းက

'ကျုပ်က စာအုပ်ကြီးအတိုင်း လုပ်တဲ့ လူ မဟုတ်ဘူးဆိုတာ ပြောပြီးသားပဲ လမ်းဖယ်ပေးပါ'

ဆိုရာယာသည် လမ်းဖယ် ပေးရင်း တယ်လီဖုန်း ဆက်သည်။ အဘိုးကြီးထံ ဆက်ခြင်းတော့ မဟုတ်ပါ။ တင်ဟိုက်နာထံ ဖြစ်သည်။

အပြင်ဘက် မြက်ခင်းပြင်မှာလည်း မီးထိန်ထိန် လင်းနေ၏။ ဘွန်းသည် စီဗစ်နှင့်အတူ လျှောက်လာကြ၏။ ဆိုရာယာက နောက်နား လေးငါးလှမ်း အကွာမှ ကပ်လိုက်ပါသည်။ သူမ၏ ညာလက် သည် ခါးမှ သေနတ်ပေါ်တွင် ကပ်ထား၏။

ဘွန်းက စီဗစ်အား

'မင်း တီအက်စ်ဂျီတွေကို ဘယ်သူ့ဆီကို ရောင်းခဲ့တာလဲ'

စီဗစ်က

'ကျုပ်က ပြောပြီးသားပါဗျာ၊ ကျုပ် ဘယ်သူ့ဆီ ရောင်းလိုက်သလဲဆိုတာ မသိဘူးလို့ တယ်လီဖုန်းထဲက အသံရှင်ဆီကိုပဲ ရောင်းခဲ့တာပဲ'

ဘွန်းက

'မင်းရဲ့ စီးပွားရေး လုပ်ပုံလုပ်ငန်းက ဒီလောက် အန္တရာယ်များ တန်ဖိုးကြီးတဲ့ တီအက်စ်ဂျီတွေကို တယ်လီဖုန်းကနေ ဝယ်သူကို ရောင်းတာပဲလား'

စီဗစ်က ခေါင်းညိတ်ပြီး

'ဒေါ်လာ ငါးသန်းရရင်၊ ရမယ်ဆိုရင် လုပ်တယ်'

ဖြစ်နိုင်စရာပဲ ဖြစ်သည်။ သို့သော် အမှန်မှ ဟုတ်ပါရဲ့လား မသေချာ။ ဘွန်းက

'အသံရှင်က ယောကျ်ားလား၊ မိန်းမလား'

'ယောကျ်ား'



'လေယူ လေသိမ်းကရော'

'ဗြိတိသျှလို့ ယူဆရတာပဲ၊ ဒါတွေ ကျုပ်ပြောပြီးသား ပြောပြီးသားပါဗျာ'

'ဒီထက် ပိုပြီး အသေးစိတ်လိုက်ပါဦး'

'ဘာလဲ ခင်ဗျားက မယုံလို့လား'

'ကျုပ်က ထပ်စဉ်းစားပေးပါလို့ ပြောနေတာ၊ နည်းနည်း ထပ်ပြီး စူးစူးစိုက်စိုက် စဉ်းစားပေးပါလို့ ပြောနေတာ၊ အသံရှင်ရဲ့ လေယူလေသိမ်းထဲမှာ တစ်ခုခုများ သိနိုင်မလားပေါ့၊ ဥပမာ အရှေ့ဥရောပ လေယူလေသိမ်းမျိုး ဖြစ်လေမလားပေါ့၊ မင်း ယူကရိန်းမှာ နှစ်တော်တော်များများ နေခဲ့တယ် ဆိုတော့လား'

စီဗစ်သည် အသေအချာ စဉ်းစားပြီးနောက်

'အဲ ဆလားဗန် မျိုးနွယ်စုထဲက ဖြစ်ချင် ဖြစ်နိုင်တယ်၊ အရိပ်အကောင်အလေး ပါသလိုပါ၊ ဖြစ်နိုင်ခြေက ယူကရိန်းတောင်ပိုင်းက၊ အဲဒီမှာ ကျုပ်နေဖူးတယ်၊ ဒီ ဒေသက လူတွေရဲ့ လေယူလေသိမ်းက တစ်မျိုးလေ၊ ဒါကိုတော့ ခင်ဗျားလည်း သိမှာပါ'

စီဗစ် ဘာဆိုလိုကြောင်း ဘွန်း သိသည်။ သို့သော် ဘာမှ ပြန်မပြောပါ။ သူ့စိတ်ထဲတွင် တင်ဟတ်နာတစ်ယောက် ဆိုက်ဘာကို ဖွင့်ဆို ပြီးစီးလာမည်ထဲတု မှန်းဆနေမိ၏။

ဘွန်းက စီဗစ်အား

'မင်း ကျုပ်ကို လိမ်နေတုန်းပဲ၊ မင်း တီအက်စ်ဂျီ ဝယ်တဲ့လူရဲ့ မျက်နှာဆိုတော့ တွေ့ဖူးလိုက်ရမှာပေါ့'

စီဗစ်က

'မတွေ့ရဘူးဗျ၊ တစ်နေရာမှာ ပစ္စည်းတွေ ချထားဖို့ပဲ ဖုန်းနဲ့ ညွှန်ကြားတာ'

'မင်းပြောတဲ့ ဖုန်းထဲက အသံပဲလား၊ လုပ်စမ်းပါ ပြောစမ်းပါ'

'အဲဒါ အမှန်ပဲဗျ၊ ဖုန်းထဲက အသံက ကျုပ်ကို နေရာအတိအကျနဲ့အချိန်အတိအကျ ပေးတယ်၊ ကျုပ်က ပစ္စည်းထက်ဝက် ထားခဲ့ပြီး ပြန်လာတယ်၊ နောက်တစ်နာရီ လောက် အကြာမှာ ဒေါ်လာ ၅ သန်းရဲ့ ထက်ဝက် ရတယ်၊ နောက်နေ့ကျတော့ ရောင်းဝယ်မှု အားလုံး ပြီးစီးတယ်၊ ကျုပ် ဘယ်သူနဲ့မှ မတွေ့ရဘူး၊ ကျုပ်ပြောတာ ယုံပါ၊ ကျုပ်ကလည်း ဘယ်သူနဲ့မှ မတွေ့ ချင်ဘူး'

ဖြစ်နိုင်ခြေ ရှိကြောင်း စဉ်းစားမိ၏။ အလွန်ကောင်းတဲ့ အစီအမံဖြစ်သည်ဟု တွေးမိ၏။ သို့သော် အမှန်ကော ဟုတ်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းက

'လူဆိုတာ စူးစမ်းချင်တဲ့ အမျိုး မဟုတ်လား'

'စူးစမ်းချင်စိတ် ရှိတယ် ဆိုတာ အမှန်ပါပဲ၊ ဒါပေမဲ့ ကျုပ်က မသေချင်ဘူး လေ၊ ကျုပ်ကို ညွှန်ကြားတဲ့လူနဲ့ သူ့ရဲ့ အဖွဲ့အစည်းက ပစ္စည်းထားခဲ့တဲ့ နေရာမှာ စောင့်ကြည့်နေကြမှာ ကျုပ်ရဲ့ အရိပ်အယောင် မြင်တာနဲ့ ပစ်သတ်မှာဗျ၊ ခင်ဗျား သူတို့ လုပ်ပုံလုပ်နည်းတွေ သိပါတယ်'

စီဗစ်သည် စီးကရက် ဘူးထဲမှ စီးကရက် တစ်လိပ် ထုတ်သည်။ ဘွန်းကို တစ်လိပ်ပေး၏။ လက်ထဲမှ စက္ကူကတ်ပြား မီးခြစ်နှင့် မီးညှိသည်။ စက္ကူကတ်ပြား မီးခြစ်ဘူးမှာ မီးခြစ်ဆံ ကုန်သလောက် ရှိနေပြီ ဖြစ်၏။ ဘွန်းက သူ့လက်ထဲမှာ ရှိသော မီးခြစ်ကို ကြည့်နေသည်ကို မြင်၍ စီဗစ်က

'လှောင်အိမ်ထဲမှာ ဘာမှ မီးရှို့စရာ မရှိလို့ ကျုပ်ကို မီးခြစ်ပေးထားတာပါ'

ဘွန်း ခေါင်းထဲတွင် ပုံတင်သံများ ကြားယောင်လာ၏။ ဟိုးအဝေးကြီးမှ လာ သောအသံမျိုး ဖြစ်သည်။ ဘွန်းက

'အဲဒါ အဲဒီတုန်းက၊ အခုဟာက အခုပဲ'

ပြောပြောဆိုဆိုပင် စီဗစ်လက်ထဲမှ မီးခြစ် ကတ်ကလေးကို ဘွန်း လှမ်းယူသည်။ စီဗစ်က ဘာမှ ငြင်းဆန်ခြင်း မပြု၊ စီးကရက် မီးခိုးများကိုသာအဆုတ်ထဲ သွင်းလိုက်ပြီး နောက် ဖြည်းဖြည်းချင်း ပြန်ထုတ်သည်။

'လှောင်အိမ်ထဲမှာ ဘာမှ ရှို့စရာ မရှိဘူး' ဆိုသည့် ဝါကျသည် ဘွန်း ခေါင်းထဲတွင် ထပ်တလဲလဲ ကြားယောင်၏။ တစ်စုံတစ်ရာကို သတိရစရာ တွေးမိ၏။ သတိကား မရ။

ဘွန်းသည် စီဗစ်ကိုဆက်၍ လမ်းလျှောက်စေ၏။ ဘွန်း၏ မျက်စိ ထောင့်စွန်း တစ်နေရာတွင် တင်ဟတ်နာ ကပျာကယာ သူတို့ဘက် လာနေသည်ကို မြင်ရသည်။

စီဗစ်က စီးကရက်ကို ဖွာသွင်းနေ၏။ ဘွန်းက

'လွတ်လပ်မှုကို လူတစ်ယောက်ဆီက သိမ်းယူလိုက်တာ ဘယ်လို ခံစားရသလဲ ဆိုတာ မင်း သိမှာပါ၊ မင်းရဲ့ ဘဝမှာ ဆင်းဆင်းရဲရဲနဲ့ ကြီးပြင်းလာခဲ့ရတာ၊ ဆင်းရဲတွင်း ဆိုတာ ဝက်ပါလိုပဲ၊ ရောက်သွားပြီဆိုရင်ထွက်ဖို့ မလွယ်ဘူး၊ အဲဒီ ဘဝဟာ မျှော်လင့်ချက် မရှိတဲ့ဘဝပဲ၊ မင်း သဘောတူရဲ့လား'

ဘွန်း၏ ခေါင်းသည် ကိုက်ခဲလာ၏။ စီဗစ်သည် သူ့အတွေးများနဲ့ သူ တည်ဆောက်နေပုံ ရ၏။ ဒီအချက်မှာ စစ်ကြောရေး၏ အခြေခံ အချက် ဖြစ်



သည်။ မေးခွန်း တစ်ခုကို မဖြေဘဲနေဖို့ ဖြစ်သည်။ မေးခွန်းတစ်ခုကို ဖြေ လိုက်မိသည်နှင့် ရပ်၍ မရတော့။

စီဗစ်က မျက်မှောင် ကြုတ်လိုက်ပြီး

'ကျုပ် ကျုပ်က ကြားလူပါဗျာ၊ ဒါပါပဲ၊ ခင်ဗျားတို့ လိုချင်တာက ဝယ်သူ တို မဟုတ်လား၊ ကျုပ်ကို ဘာမှ လိုချင်စရာမှ မရှိတာ'

'ကျုပ်တို့ သိတာကတော့ မင်းက တစ်ဆင့် ဝယ်သူကို ညွှန်နိုင်တယ် ဆိုတာပဲ'

'မညွှန်နိုင်ဘူး၊ မသိဘူးလေ၊ ကျုပ် ပြောခဲ့ပြီးသားပဲဟာ'

ထိုအချိန်တွင် ဟတ်နာသည် အမှောင်ရိပ်ထဲမှ တိုးထွက် လာနေ၏။ ဘွန်း စိတ်ထဲတွင် တင်ဟတ်နာ တစ်ယောက် ဘာကိစ္စ ရောက်လာပါလိမ့်။ ခေါင်းက တဒုန်းဒုန်းနဲ့ ကိုက်နေသည်။ ပြီးမှ သတိရသည်။

'စီဗစ် မင်းတို့ရဲ့ ဆိုက်ဘာကို တို့ဖော် ထုတ်နိုင်ပြီကွ'

ထို အချိန်တွင်ပင် ဟတ်နာက အနား ရောက်လာပြီး ဘွန်းလက်ထဲသို့ စာတစ်ရွက် ထည့်ပေးသည်။

ဟတ်နာက

'ဒီ ဆိုက်ဖာကို ဖွင့်ရတာ ခက်လိုက် တာ၊ တအား ရှုပ်ထွေးတာပဲ၊ နောက်ဆုံးတော့ ရသွား. . .'

ဟတ်နာသည် စကားဆုံးအောင် မပြောလိုက်ရပါ၊ အကြောင်းမူ စီဗစ် သည် ရုတ်တရက် သောက်လက်စ စီးကရက်တို မီးဖြင့် ဟတ်နာ၏ မျက်လုံးကို ထိုးပေါက်ပြီး ဟတ်နာကို နောက်မှ သိုင်းဖက်၊ လည်ပင်းကို လိမ်လိုက်သည်။ သူနှင့် ကျန်လူများ အကြားမှာ ဟတ်နာကို ထား၏။

စီဗစ်က လေသံဖြင့်

'ကျုပ်ရှိရာကို ခြေတစ်လှမ်း တိုးမလာကြနဲ့နော်၊ တိုးလာလို့ကတော့ ဒီငနဲရဲ့ လည်ကို လိမ်ချိုးလိုက်မှာပဲ'

ဆိုရာယာသည် ဘွန်းကို တစ်ချက် ကြည့်သည်။ ဆိုရာယာ လက်ထဲ မှ သေနတ်သည် အဆင်သင့် ထုတ်ပြီး ချိန် ရွယ်ပြီး ဖြစ်နေ၏။ ဆိုရာယာက

'ကျုပ်တို့ ရှင့်ကို အလွတ်ပေးမှာ မဟုတ်ဘူးလေ၊ မသေချင်စမ်းပါနဲ့၊ ရှင့်ရဲ့ ဘဝလေး သုံးယောက်ကို စဉ်းစားပါ'

ဘွန်းသည် ချိန်ဆနေ၏။ စီဗစ်က

'ဒေါ်လာ ငါးသန်းလည်း စဉ်းစားရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



စီဗစ်၏ မျက်လုံးများသည် ဆိုရာယာကို ကြည့်နေ၏။ ပြီးနောက် ဟတ်နာကို ရှေ့မှ ဒိုင်းသဖွယ် ကာပြီး တစ်ဖက်သို့ ဆုတ်၏။

ဆိုရာယာက ဖျောင်းဖျသော လေသံဖြင့်

'ရှင် ဘယ်မှ သွားစရာ မရှိပါဘူး၊ ဒီမှာ အေးဂျင့်တွေ အများကြီး၊ သူ့ကို ဖမ်းခေါ် ထားရတာကလည်း နှောင့်နှေး နေစေဦးမယ်'

စီဗစ်သည် ဆိုရာယာတို့ ဘွန်းတို့ နံဘေးမှ ဆုတ်ရင်း မီးရောင်အောက်မှ ထွက်ရန် ကြိုးစားနေ၏။ တခြားဘက်မှာ ၂၃ လမ်း ဖြစ်သည်။ နိုင်ငံတော် သိပ္ပံ အလယ်ဗဟို ရှိ၏။ အဲဒီ နေရာတွင် ခရီး သွားများ၊ တိုးရစ်များ ထူထပ် သောနေရာ ဖြစ်သည်။

'ကျုပ်က ဒေါ်လာ ငါးသန်းပဲ စဉ်းစားနေတာ၊ နောက်ထပ် အကျဉ်း ထောင်ထဲမှာ မနေနိုင်တော့ဘူး၊ နောက်ထပ် တစ်ရက်တောင် မနေနိုင်ဘူး'

ဘွန်း၏ နားထဲတွင်

'လောင်အိမ်ထဲမှာ ဘာမှ ရှုံ့စရာ မရှိဘူး' ဆိုသည့် အသံသာ ထပ် တလဲလဲ ကြားယောင်နေ၏။ ဘွန်းသည် ချက်ချင်း သိလိုက်သည်။ သူ ပြေးလွှားနေသည်။ သူ မာရီကို ပြေးကြည့်လိုက်၏။ မဟုတ်ပါ။ မာရီ မဟုတ်ပါ၊ တခြား အမျိုးသမီး တစ်ဦး ဖြစ်သည်။ မျက်နှာနှင့်တကွ တစ်ကိုယ်လုံး သွေးများ ပေကျံနေ၏။

ထိုအချိန်တွင် ဆိုရာယာက စီဗစ်အား

'မရူးချင်စမ်းပါနဲ့ စီဗစ်ရယ်၊ ရှင် ကျွန်မတို့ လက်ထဲက ဘယ်လို ပုန်းရှောင် နိုင်မှာလဲ၊ ကီတ်တောင်းမှာ ဖြစ်ဖြစ်၊ ဘယ်မှာပဲ ဖြစ်ဖြစ်ပေါ့'

စီဗစ်က ဟတ်နာ လည်မျိုကို ဖိညှစ်၏။

'ဒီမှာ ကျုပ် ဘာလုပ်နိုင်တယ်ဆိုတာ'

ဆိုရာယာက

'သူ မေ့သွားတာ နေမှာပါ၊ မသေပါဘူး၊ သူ့ကို လွှတ်လိုက်ပါ'

စီဗစ်က မဲ့ပြုံး ပြုံးပြီး

'မင်း သေနတ် ကျုပ်ကို ပေးလိုက်လေ၊ ဒီမယ် ဒီမယ် ကျုပ်က သေလူ ဖြစ်နေပြီ၊ မဟုတ်ဘူးလား ဘွန်း'

သူ့အမည်ကို ရွတ်လိုက်သဖြင့် ဘွန်း သည် အိပ်မက်ဆိုးမှ တဖြည်းဖြည်း နိုးထလာ၏။ ထိုအချိန်တွင် ဟတ်နာသည် ၂၃ လမ်းဘက် နီးလာ၏။



ဘွန်း လှမ်းခုန်လိုက်ချိန်တွင် စီဗစ်က ဟတ်နာကို သူတို့ထံ တွန်းပို့လိုက်၏။

အဲဒီ အချိန်ကလေးတွင် အဖြစ်အပျက်များသည် အများကြီး ဖြစ်သွား သွား၏၊ ဟတ်နာသည် သနားစရာ လဲကျသွား၏။ မလှမ်းမကမ်းမှ [illegible]တော်ကား ဘရိတ်အုပ်သံ မြည်သွား၏။ အဲဒီကား နောက်တွင် နောက် [illegible] ထရေလာကားကြီး ပါသည်။ ဟာလီဒီဗစ်ဆင် မော်တော် ဆိုင်ကယ် [illegible] အပြင်းမောင်းလာရာမှ လီဆပ်ကားနှင့် တိုက်မိမလို ဖြစ်သွား၏၊ [illegible] စက္ကန့်ပိုင်းတွင် ဟတ်နာသည် စီဗစ် တွန်းလိုက်၍ လဲကျသွားသည်ဟု [illegible]ရသည်။ တစ်ချိန်တည်း သူ့ရင်ဘတ်မှာ သွေးများ ထွက်လာ၏၊ [illegible]တ်ဒဏ်ရာ ဖြစ်သည်။

ဆိုရာယာက

'ဘုရား ဘုရား'

ဘရိတ် အုပ်လိုက်သော အမည်းရောင် ဟမ်းမားကားသည် အရှိန်ကြောင့် [illegible]နေ၏။ ရှေ့ခန်း ပြတင်းမှန်သည် ထက်ဝက် ချထား၏။ ၎င်းတွင် အသံ [illegible] သေနတ်ပြောင်း တစ်ခု တွေ့ရ သည်။ ဆိုရာယာသည် ချက်ချင်းပင် [illegible]မားကား ရှိရာသို့ နှစ်ချက် လှမ်းပစ်သည်။ တစ်ချိန်တည်းတွင် [illegible]ယာရော ဘွန်းပါ ဝပ်လှဲလိုက်ကြရ၏။ သည်အခိုက်မှာပင် စီဗစ်သည် [illegible]ကားနား ရောက်အသွား နောက်ခန်းတံခါး ပွင့်လာပြီး စီဗစ် ခုန်ဝင် [illegible] တံခါး ပြန်ဆွဲပိတ်လိုက်၏။

ဘွန်းခေါင်းထဲတွင် အတွေးများက ဆက်တိုက် ဖြစ်ပေါ်နေ၏။ အမှောင် [illegible] စီဗစ် စီးကရက် မီးခြစ် ခြစ်လိုက်ခြင်း သည် အချက်ပြလိုက်ခြင်း [illegible]သည်၊ အမည်းရောင် ဟမ်းမားကား သည် စကတည်းက စောင့်နေသော [illegible]မည်၊ စီဗစ် လွတ်မြောက်ရေးမှာ ကြိုတင် စီစဉ်ထားပုံသာ ဖြစ်ရမည်။ [illegible]မဲ့ ဘယ်သူက လာကယ်တာလဲ၊ လာကယ်တဲ့ သူတွေက စီဗစ် ဘယ် [illegible] ဘယ်နေရာမှာ ရှိနေမည်ကို ဘယ်လို သိနိုင်ပါသလဲ။

[illegible]ပြရှာနေဖို့ အချိန်မရှိပါ။ ဟမ်းမားကား လွတ်သွားတော့မည်၊ [illegible]ည် ထရေလာ ထရပ်ကားနောက်မှ ဟာလီဒီဗစ်ဆင် ဆိုင်ကယ်ပေါ် [illegible] စက်နှိုးကာ အရှိန်ဖြင့် ထွက်လိုက်၏။

[illegible]တွင် ရှိသော ဟမ်မားကားမှာ လွဲမှားစရာ မရှိ။ ဘွန်းသည် ဆိုင်ကယ် [illegible] မြင့်လိုက်၏။ ကားများ ရှုပ်ထွေးနေသည့် အကြားမှ ဟမ်းမားကား [illegible]သို့ ဘွန်း လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းပေါ်မှ ရဟတ်ယာဉ်အသံ ကြားရသည်။ လက်ကိုင်ဖုန်း မြည်လာ၍ နားထောင်လိုက်ရာ ဆိုရာယာ အသံ ကြားရသည်။

'ကျွန်မ ရဟတ်ယာဉ်ပေါ်မှာ ရှိတယ်၊ ရှင် ဆက်လိုက်'

ဘွန်းက

'ဟတ်နာရော ဘယ်လို ရှိသလဲ'

'သေပြီ၊ အဲဒါ ရှင့်ကြောင့်ပဲ'

ရဟတ်ယာဉ် နောက်တစ်စင်း ပေါ် လာသည်။ ဟမ်းမားကားကို အသံချဲ့စက်ဖြင့်

'လမ်းဘေးကို ထိုးရပ်လိုက်၊ မရပ်ရင် ပစ်ရလိမ့်မယ်'

ဟမ်းမားကားသည် လုံးဝ အရှိန် မလျှော့၊ ဘွန်းသည် ဆိုင်ကယ်ကို ချိတ် ထားသည့် ချိတ်ကြိုးကို ယူလိုက်သည်။ အချိန် မရှိတော့ကြောင်း ဘွန်းသိသည်။ သည် အခွင့်အရေးသည် တစ်ကြိမ်သာ ရမည် ဖြစ်၏။ ဘွန်းသည် ချိတ်ကြိုးဖြင့် ဟမ်းမားကား ရှေ့ခန်းရှိရာသို့ ပစ်ပေါက် သည်။ ချိတ်ကြိုးသည် ရှေ့မှန် နောက်မှန်များ ထိပြီးနောက် တစ်ခုခုကို ချိတ်မိသွားပုံ ရ၏။

ရုတ်တရက် ဟမ်းမား ကားသည် တုန်ခါ ချာယမ်းပြီး နောက်ဆုံး ထိုးရပ်သွားသည်။ ဆိုရာယာနှင့် အေးဂျင့်များ သည် ဟမ်းမားကား ရှိရာသို့ သွားကြသည်။ အနီး ရောက်လာသောအခါ ကားရှေ့ဘီး နှစ်လုံးကို ဆိုရာယာက ပစ်ဖောက်လိုက်၏။ တခြား အေးဂျင့်များက လည်း နောက်ဘီးကို ပစ်ဖောက်သည်။ သူတို့ကား ရှိရာသို့ သွားနေကြ၏။ ဆိုရာယာက လှမ်းအော်သည်။

'အားလုံး ကားထဲက ထွက်ခဲ့ကြ'

ဆယ်မီတာ အကွာမှာ ရှိနေသော ဘွန်းသည် တစ်စုံတစ်ရာ လွဲမှားနေကြောင်း ခံစားရ၏။ ဆိုရာယာနှင့် အေးဂျင့်များ ကားဆီ သွားနေကြ၏။ သည်တွင် ဘွန်း သိသွား၏။

ဘွန်းသည် ဆိုင်ကယ် စက်ရှိန် မြှင့်ပြီး ဟမ်းမားကားနှင့် ဆိုရာယာတို့ဆီ မောင်းလိုက်သည်။ ဆိုရာယာတို့သည် လှည့်ကြည့်၏။

ဘွန်းသည် ကြည့်နေသော ဆိုရာယာကို လှမ်းဆွဲပြီး ဆိုင်ကယ်နောက်ခုံပေါ် တင်လိုက်သည်။ ကျန် အေးဂျင့်များသည် ထိတ်လန့်တကြား လမ်းပေါ် ဝပ်လိုက်ကြ၏။



ပေါက်ကွဲသံကြီး ဖြစ်ပေါ်ပြီး ဟမ်းမားကားသည် တစ်စစီ ပျက်စီးသွားတော့၏။

ဘွန်းသည် ဆိုရာယာကို နောက်မှာပင်ထား၍ ဆက်မောင်းခဲ့၏။

၁

တော့ဗ်ဆီလ်ဗားနှင့် သူ့ညီတို့သည် ဟိုတယ်ထဲသို့ ဝင်လာချိန်တွင် တယ်သည် လူရှင်းနေ၏။ သူတို့ ညီအစ်ကိုသည် လမ်း ၂၀ နှင့် F ထောင့်က ကွန်စတီကျူးရှင်း ဇိမ်ခံ ဟိုတယ်ကြီးထဲသို့ ဝင်လာကြခြင်းသည်။

ည့်ကြိုကောင်တာမှ သောမတ် သူတို့ကို ကြိုဆိုသည်။ သူတို့ ညီအစ်ကိုသည် အမ်စတာဒမ်မှ စိန်ကုန်သည်များဟု ဆို၍ ချမ်းသာ သုံးဖြုန်းနိုင်သူများ ၍ အထူး ဂရုစိုက်နေခြင်း ဖြစ်၏။ ရောက်မဆိုက် ဧည့်ကြို စားပွဲမှ ထမ်းအားလုံးကို ဒေါ်လာ ၁၀၀ တန် အသစ်ကျပ်ချွတ်များ ပေးကမ်း သူတို့၏ သုံးဖြုန်းနိုင်မှုကို အထောက်အကူ ပြုနေ၏။

သောမတ်က

'မင်္ဂလာ ဆီလ်ဗား ခင်ဗျား၊ ကျွန်တော့်နာမည်က သောမတ် ဖြစ်ပါတယ်၊ င်းတို့အတွက် လိုအပ်သမျှ အကူအညီ ပေးပါရစေ၊ ဘာများ လိုချင်သေးသလဲ'

'ကောင်းပြီလေ သောမတ်၊ မင်းတို့ ဟိုတယ်က အကောင်းဆုံး ရှန်ပိန် ယူခဲ့ကွာ'

'ဟုတ်ကဲ့ခင်ဗျ'

ယိဗ်ဆီလ်ဗားက ကြားဝင်၍

'ဒါထက် မင်းတို့ဆီမှာ ပါကစ္စတန် လူမျိုးတစ်ဦး ရှိတယ် မဟုတ်လား၊ ည်က ဘယ်သူ'

'အိုမာ ခင်ဗျ'

'အေး အိုမာကို ရှန်ပိန်ပုလင်း လာပို့ခိုင်းလိုက်ပါ'

နောက် သူတို့နှစ်ဦးသား ၅ ထပ်ရှိ သူတို့ အခန်းကျယ်ရှိရာသို့ ထွက်လာ အခန်းထဲ ရောက်သည်နှင့် ဂျေကော့ ဆီလ်ဗားသည် သူ၏ တုတ်ကို ချွတ်၊ ဂျာကက်ကို ချွတ်ပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။

www.burmeseclassic.com



ရေချိုးခန်းထဲသို့ ရောက်သောအခါ မီးအားလုံး ဖွင့်လိုက်၏။ ရေချိုးခန်း နောက်ဘက် ဧည့်ခန်းထဲမှ ရုပ်မြင်သံကြား စက် ဖွင့်သံ ကြားရသည်။ ချွေးများ စို့ရွှဲ နေသော ရှပ်အင်္ကျီကို ချွတ်လိုက်၏။

ပန်းနုရောင် ကြွေပြားများနှင့် ခင်းကျင်း ထားသည့် ရေချိုးခန်းထဲတွင် ပစ္စည်းအားလုံး အသင့် ပြင်လိုက်၏။ အပေါ်ပိုင်း ကိုယ်လုံးတီး ဖြစ်နေသော ဂျေကော့ဆီလ်ဗားသည် လက်ဆေးကန် ရှေ့တွင် ရပ်ကာ သူ၏ ချွေးမျက်စိများ ကို ဖြုတ်လိုက်သည်။

ဂျေကော့သည် အရပ် မြင့်မား ကိုယ်လုံး ထွားကျိုင်းသူတစ်ဦး ဖြစ်ပါ သည်။ သူဖြုတ်လိုက်သော ချွေးမျက်ကြည် လွှာကို စနစ်တကျ ပလတ်စတစ် ကေ့စ်ထဲ ထည့်ပြီး သိမ်းလိုက်၏။ ခန်းမတွင် ရုပ်မြင်သံကြား ဖွင့်ထားသူသည် ပထမ စီအင်အင် ဖွင့်သည်၊ နောက် ဖောက်စ်နယူးကို ဖွင့်သည်၊ နောက် MSNBC ဖွင့်သည်။

'ဘယ် သတင်းဌာနကမှ ဘာမှ မလာဘူး'

ဧည့်ခန်းမှ မူတာ ဘင်အဇစ်၏ အသံ ထွက်လာသည်။ အဇစ်သည် လက်ဗ် ဆီလီယားဟု အမည်ပေးထားသူ ဖြစ်သည်။ သူက ဆက်၍

'ဘယ် သတင်းဌာနကမှ မကြေညာကြဘူး'

ဂျေကော့ဆီလ်ဗားက

'အေး ဒါဆို သတင်း မကြေညာလို့ပဲပေါ့၊ ဗဟိုထောက်လှမ်းရေး ဌာနချုပ် ဟာ သတင်းမီဒီယာတွေကို ကောင်းကောင်း ထိန်းချုပ်ထားနိုင်တယ်ကွ'

ဂျေကော့ ကြည့်နေသော မှန်ရိုပ်တွင် လက်ဗ်ဆီလ်ဗားဟု အမည် ပေးထားသော မူတာဘင်အဇစ်၏ ပုံရိပ်ပေါ်လာ၏။ မူတာသည် အဘူဘင် အဇစ်၏ ညီငယ်ဖြစ်သည်။

မူတာက မှန်ထဲမှာ ပေါ်သော သူ့ပုံရိပ်ကို ကြည့်ပြီး

'ကျုပ်တို့မှာ မုတ်ဆိတ်တွေ မရှိတော့တာ ရှင်းရှင်းကြီးပဲနော်'

'ဒါ အမေရိကကွ၊ သွား အပြင်ဘက် ထွက်'

တစ်ယောက်တည်း ကျန်ရစ်သော ဂျေကော့ဆီလ်ဗားသည် သူ့ကိုယ်သူ ဟာဒီ ကဲ့သို့ စဉ်းစားလိုက်၏။ စောစောက သူသည် ဟီရမ်စီဗစ်အသွင်၊ သူနှင့် မူတာ တို့သည် အနက်ရောင် ဟမ်းမားကား ပေါ် ရှိခဲ့ကြသည်။ ကားပေါ်တွင် အသင့် ပြင်ဆင်ထားသော မောင်းပြန် စက်သေနတ်များ ရှိသည်။ ထို စက်သေနတ်များဖြင့် လမ်းရှင်းခဲ့ကြ၏။ လမ်းကွေ့တွင် သူနှင့် မူတာတို့



ချဲ့ဆင်းခဲ့ကြသည်။ ပေါက်ကွဲနိုင်သည့် စီ. ၄ ပါဝင်သော ဟမ်းမားကားသည် ရှေ့ဆက် မောင်းသွား၏။ ကားပေါ်တွင် အာမက် ပါသွားသည်။ ရှေ့တစ်မိုင် ခန့်တွင် ပေါက်ကွဲ၍ အာမက်သည် သူရဲကောင်းတစ်ဦး အဖြစ် ကောင်း ကင်ဘုံသို့ ရောက်ရှိသွားလောက်ပြီ ဖြစ်၏။

ယခုတော့ ကားမှန်ရှေ့တွင် ပကတိ အာရပ်နွယ်ဖွားပုံရိပ် ရှိနေ၏။ ဧည့်ခန်းထဲတွင် မူတာက ရုပ်မြင်သံကြား ကြည့်နေ၏။

အခန်း တံခါး ခေါက်သံ သဲ့သဲ့ ကြားရသည်။

မူတာက

'အိုမာက ရှန်ပိန် လာပို့တာ ထင်ပါ တယ်၊ ကျွန်တော် သွားဖွင့်ပေးလိုက် မယ်'

ဟာဒီက ခေါင်းဆတ်ပြပြီး ရေချိုးခန်း ထဲ ပြန်ဝင်လိုက်သည်။

မူတာ အခန်းတံခါးကို ဖွင့်ပေးလိုက်၏။

အခန်းဝတွင် ရပ်နေသူကား အိုမာ၊ အိုမာ အခန်းထဲ ဝင်လာသည်။ အိုမာသည် အရပ်အမောင်း မြင့်မား ခန္ဓာကိုယ် ထွားကျိုင်းသူ ဖြစ်၍ ဟာဒီနှင့် အိုက်တူ ရွယ်တူခန့် ရှိသည်။ ခေါင်းတုံးကို ပြောင်အောင် တုံးထားပြီး အောက်တို့သော မျက်နှာထားနှင့် အပြုံးရှင် ဖြစ်သည်။ သူ့ပခုံးထက်တွင် အခဲပုံးဖြင့် ထည့်ထားသော ရှန်ပိန်ပုလင်း ပါသည်။

အိုမာက 'မှာထားတဲ့ ရှန်ပိန်ခင်ဗျ'

'အေး အေး'

အိုမာက ရှန်ပိန်ဖွင့်မည် ပြုရာ မူတာက

'နေ နေ ငါဘာသာ ဖွင့်မယ်'ဟု ပြောပြီး ရေချိုးခန်းဘက်သို့ အသံပြု၏။

'ဂျေကော့ ခင်ဗျား မှာထားတဲ့ ရှန်ပိန် လာပို့တယ်၊ လက်မှတ် ထိုးပေး လိုက်ဦး'

ရေချိုးခန်းထဲမှ ဟာဒီက

'အိုမာကို လက်မှတ်ထိုးပေးဖို့ ရေချိုး ခန်းထဲကို လွှတ်လိုက်ကွာ'

အသံ ကြားသော်လည်း အိုမာသည် ရေချိုးခန်းထဲသို့ လိုက်ပါ ဝင်ရောက် ဘဲ တွန့်ဆုတ်နေ၏။

မူတာက

'ဝင်သွားလေကွာ သူက မင်းကို ကိုက်မစားပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အိုမာသည် စာရင်းစာရွက် ပါသော သားရေဖိုင်တွဲ ကိုင်၍ ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။

အိုမာ ရေချိုးခန်းထဲ ဝင်သွားသည်နှင့် မူတာသည် ရှန်ပိန်ပုလင်းကို ဖောက်ဟန် မပြုတော့၊ သူသည် ရှန်ပိန်၏ အရသာကို လည်းကောင်း၊ ရှန်ပိန်ကို လည်းကောင်း စိတ်ဝင်စားသူ မဟုတ်၊ ရေချိုးခန်းထဲဘက်မှ ပြင်းထန်သော ရိုက်နှက်သံ ကြားရလျှင် သူသည် ရုပ်မြင်သံကြားစက်မှ အသံရှိန်ကို မြှင့်တင်လိုက်၏။

ရေချိုးခန်းထဲတွင် အိုမာသည် လက်နှစ်ဖက် နောက်ကျောဘက်တွင် ချည်နှောင်ပြီး ကုလားထိုင်တွင် တုတ်နှောင် ထားပြီး ဖြစ်နေ၏။ သူ၏ ညိုမှောင်သော မျက်လုံးများက ဖာဒီကို ကြည့်နေ၏။ သူ့ မေးရိုးမှာ စောစောက ထိုးနှက် ခံထားရသော လက်သီးချက်ကြောင့် ရောင်ကိုင်းစ ပြုနေပြီ ဖြစ်၏။

အိုမာက အူရဒူ ဘာသာဖြင့်

'ခင်ဗျားဟာ ဂျူးလူမျိုး မဟုတ်ပါဘူး၊ ကျုပ်လိုပဲ မူဆလင် ဘာသာဝင် တစ်ဦးပဲ ဖြစ်ရမယ်'

ဖာဒီက သူ့စကားကို ဂရုမထားဘဲ ပြင်ဆင်စရာ ရှိတာတွေကို ပြင်ဆင်နေ၏။

အိုမာက

'ခင်ဗျားဟာ ကျုပ်လို မူဆလင် ဘာသာဝင် တစ်ဦးပဲဗျ'

အိုမာသည် ထိုသို့ ထပ်ပြောလိုက်၏။ အိုမာသည် ကြောက်ရွံ့ ထိတ်လန့်ရ မည်ကို မေ့ပျောက်နေ၏။ ယခုကဲ့သို့ အဖြစ်မျိုး တစ်နေ့တစ်ကွေ့ ကြုံရမည်ဟု တွေးဆထားမိသလိုလို ရှိနေ၏။

အိုမာက

'ခင်ဗျား ဘာဖြစ်လို့ ဒီလို လုပ်ရ တာလဲ'

ဖာဒီက အူရဒူဘာသာဖြင့်

'ခဏကြာရင် မင်းဟာ တရားသော တိုက်ပွဲအတွက် အသက် စွန့်သွား ရတဲ့ သူရဲကောင်း တစ်ဦး ဖြစ်သွားမှာပဲကွာ၊ မင်း ဘာများ ကန့်ကွက်ချင်စရာ ရှိနေ သေးလို့လဲ'

အိုမာက

'တရားသော တိုက်ပွဲ၊ ယုံကြည်ချက် ဟုတ်လား၊ အဲဒါ ခင်ဗျား ယုံကြည်ချက်



ခင်ဗျား တိုက်ပွဲလေ၊ ကျုပ်ရဲ့ ယုံကြည်ချက်မှ မဟုတ်တာ၊ ကျုပ်တို့ မူဆလင် ဘာသာဟာ ငြိမ်းချမ်းတဲ့ အေးချမ်းတဲ့ ဘာသာတရားပါ၊ ခင်ဗျားတို့ကတော့ လူသားတွေကို ရန်ပြု သတ်ဖြတ်နေကြတယ်'

ဖာဒီက

'အမေရိကန်နဲ့ အကြမ်းဖက်ဝါဒီတွေက ကျုပ်တို့ကို တခြား ရွေးချယ်စရာ လမ်းမှ မပေးခဲ့တာပဲဟာ၊ သူတို့က ကျုပ်တို့ကို မျိုးဖြုတ်ပစ်နေတာ၊ အာရှ အလယ်ပိုင်း တစ်ခုလုံး အပိုင် သိမ်းထားချင်နေတာ'

'ခင်ဗျား လေသံက မုန်းတီးမှု အပြည့်နဲ့ပါလား'

'အေး ဟုတ်တယ်'

'မုန်းတီးမှုကို အခြေခံပြီး လုပ်ဆောင် မှုတိုင်းဟာ မုန်းတီးမှုကြောင့် ဘာတိုမှ မမြင်တော့ဘဲ ကိုယ် ဘာတွေ လုပ်နေမှန်း မသိတော့ဘူး'

ဖာဒီ မျက်နှာပေါ်တွင် မကျေနပ်မှု အရိပ်အယောင် ပေါ်လာ၏။

'ငါ ဘာမှ မဖန်တီးဘူး၊ မလုပ်ဘူး ငါက ခုခံကာကွယ်ပေးနေသူပဲ ဖြစ်တယ်၊ ငါတို့မှာ ခုလို ခုခံတိုက်ပွဲဝင်တဲ့ လမ်းက လွဲလို့ ဘာမှမှ မရှိနိုင် တော့တာ မင်း မမြင်ဘူးလား'

'ကျုပ် မမြင်တာ မဟုတ်ပါဘူး၊ ခင်ဗျား မမြင်တာပါ၊ တခြား နည်းလမ်း တွေ ရှိပါသေးတယ်'

ဖာဒီသည် ခေါင်းမော့ပြီး လှန်လိုက်၏။ ပြီးမှ

'ဟုတ်တယ် ဟုတ်တယ်၊ မင်းပြော လိုက်လို့ ငါမြင်သွားပြီ၊ လမ်းတွေ့ သွားပြီ အိုမာ ငါ့ ယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်၊ လူမျိုးကို စွန့်လွှတ်၊ မျိုးချစ်စိတ် မာနကို စွန့်လွှတ်၊ မင်းလိုပဲ အစေခံအဖြစ်နဲ့ အမေရိကန်တွေရဲ့ ကောက်ခြေသိမ်း အလုပ်တွေ လုပ်ပေးရင်း သူတို့ ပေးစာ ကမ်းစာတွေ စားပေါ့ ဟုတ်လား'

အိုမာ၏ မျက်နှာသည် ဝမ်းနည်းရိပ် သမ်းသွား၏။

'ခင်ဗျားကတော့ ကိုယ်မြင်ချင်သလိုပဲ မြင်နေတော့တာကိုး၊ ဒီမယ် အစ္စရေးကိုပဲ ကြည့်လိုက်၊ သူတို့ဟာ သဲကန္တာရကြီးတွေကို မြို့ကြီး ပြကြီး ဖြစ်အောင် တည်ဆောက် လုပ်ကိုင်နိုင်ကြတာပဲ'

'အစ္စရေးရဲ့ နောက်ကွယ်မှာ အမေရိကန်ရဲ့ လက်နက်နဲ့ ငွေတွေက ရှိနေတယ်ကွ၊ ခုဆိုရင် အစ္စရေးတွေမှာ အဏုမြူဗုံးတောင် ရှိနေပြီကွ'

'ဟုတ်ပါတယ်၊ အဲဒါ ခင်ဗျား အမြင်ကိုး၊ ဒါပေမဲ့ အစ္စရေးတွေမှာ ထူးချွန်

www.burmeseclassic.com



ထက်မြက်တဲ့ သိပ္ပံ ပညာရှင်တွေ၊ စီးပွားရေး ပညာရှင်တွေ ရှိတယ်၊ ဒါတွေကိုလည်း မြင်ရ ကြည့်ရမှာပေါ့'

ဖာဒီက

'ဘာတွေ လျှောက်ပြောနေတာလဲ'

အိုမာက

'ခင်ဗျားအတွက်တော့ ဟုတ်မှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက အဖျက် အဆီး လုပ်ငန်းတစ်ခုကိုပဲ သိတဲ့ လူမျိုး ကိုး၊ ကိုယ့်လူမျိုးတို့ရဲ့ ဘဝ၊ သူတို့ရဲ့ သားသမီး မြေးမြစ်တွေရဲ့ ဘဝ သာယာ တိုးတက်အောင် ဘယ်လို လုပ်ပေးမယ်လို့မှ မစဉ်းစားဘဲကိုး၊ တကယ်တော့ ကိုယ့် လူမျိုးကို ချစ်ရင် သူတို့ရဲ့ အနာဂတ် အတွက် တည်ဆောက်ပေးရမှာ'

ဖာဒီသည် ဆတ်ဆတ်ထိ နာသွား၏။ သူက ဒေါသတကြီးဖြင့်

'မင်း ရူးနေပြီ၊ မင်း နိဂုံး ရလဒ် အဖြေကို မြင်အောင် မကြည့်နိုင်တဲ့ သူပဲ' ပြောပြောဆိုဆိုပင် ဖာဒီသည် အိုမာ၏ လည်ကုပ်ကို ရိုက်ချိုး လိုက်လေ၏။

ရုပ်မြင်သံကြားရှေ့မှ မူတာအဇစ်သည် ရေချိုးခန်းထဲ ဝင်လာ၏။ ထိုအချိန်၌ ဖာဒီသည် အိုမာ၏ မျက်နှာကို အသေအချာ ကြည့်နေသည်ကို တွေ့ရ၏။

မူတာက အိုမာ၏ ရုပ်အလောင်းကို ကြည့်ပြီး

'ခင်ဗျား သူ့လည်ပင်းကို ရိုက်ချိုး လိုက်တာ သိပ်ပြီး တိကျ သေသပ်တာပဲ'

ဖာဒီနှင့် မူတာတို့သည် အိုမာ၏ အဝတ်အစားများ ချွတ်ယူ၍ ဖာဒီက ဝတ်သည်။ မူတာက

'ခင်ဗျားရဲ့ ပုံပန်းကတော့ တကယ်ပဲ ပါကစ္စတန် လူမျိုးပဲဗျ'

ဖာဒီက ခေါင်းညိတ်ပြသည်။

'ကဲ အလုပ်စရအောင်'

အိုမာ၏ ဝတ်စုံ ဝတ်၊ အိုမာ၏ ချက်စာဖိုင်ကို ကိုင်ပြီး အခန်းထဲမှ ထွက်သည်။ နောက် ဓာတ်လှေကားမှ တစ်ဆင့် မြေအောက်ခန်းထဲ ဆင်းခဲ့သည်။ ဟိုတယ်၏ လျှပ်စစ်ဓာတ်အားပေးမှု စနစ်ကို ကြည့်သည်။ ပြီးမှ ငါးထပ်အတွက် လုပ်ကိုင်စရာ ရှိသည်ကို လုပ်လိုက်၏။



နောက် ငါးထပ်သို့ ဖာဒီ ပြန်တက်ခဲ့သည်။ လမ်းတွင် အခန်းရှင်း ဝန်ထမ်း အမျိုးသမီး တစ်ဦးနှင့် ဆုံသည်။ ဝန်ထမ်း အမျိုးသမီးမှာ သူ့ကို သတိထားမိပုံပင် မပေါ်ပေ။

အခန်းထဲ ပြန်ဝင်လိုက်ပြီး ရေချိုးခန်းထဲ ပြန်ဝင်သည်။ သူ သယ်ဆောင်လာသည့် သတ္တုဘူးထဲမှ ကာဗွန် ဒီဆူးလ်ဖိုက် ဆေးရည် နှစ်ဘူးမှ တစ်ဘူးထဲမှ ဆေးရည်များကို အိုမာ၏ ကိုယ်ပေါ် ဖျန်းလိုက်၏။ ကြက်ဥပုပ်နံ့သည် ထောင်းထောင်း ထသွား၏။ နောက်တစ်ဘူးက အရည်များဖြင့် ခန်းဆီး အဝတ်စများကို ဖျန်းဆွတ်သည်။ အလွန် မီးလောင်လွယ်သော ဆေးရည် ဖြစ်၏။

ဧည့်ခန်းထဲသို့ ပြန်ထွက်လာပြီး မူတာအား 'လုပ်စရာရှိတာတွေ လုပ်ပြီးပြီလား'

မူတာက

'ဖာဒီ ညွှန်ကြားချက် အတိုင်း အားလုံး တိတိကျကျ လုပ်ထားပါတယ် ဖာဒီ'

ဖာဒီက ရေချိုးခန်းထဲ ပြန်ဝင်ပြီး သူ့ခြေရာ လက်ရာများ ကျန် မကျန် ထစ်ချက်ကြည့်သည်။ ဘာမှ ထူးထူးထွေထွေ မရှိပါ၊ မကျန်ပါ။ ပြင်းထန်သော မီးလောင် ပေါက်ကွဲမှု ဖြစ်ပြီးနောက် ဘာမှလည်း အချက်အလက် ရှာ၍ ရမည် မထင်၊ သူသည် စောစောက လောင်စာဆီ ဖျန်းထားသော ခန်းဆီးနှင့် အိုမာကို မီးညှိပေးလိုက်ပြီး နှစ်ယောက်သား အခန်းထဲမှ ထွက်လိုက်ကြ၏။ အခန်းပြင်ဘက် ရောက်သည်နှင့် တစ်လမ်းစီ ခွဲလိုက်သည်။ မူတာက လှေကား ရှိရာသို့ သွားပြီး ဖာဒီက ဝန်ထမ်းသုံး ဓာတ်လှေကား ရှိရာသို့ သွားသည်။ ဝန်ထမ်းသုံး ဓာတ်လှေကားဖြင့် ဟိုတယ် အောက်ထပ်သို့ ဆင်းလာပြီး ဟိုတယ် နောက်ဖေး ပေါက်မှ အပြင်ဘက်သို့ ထွက်သည်။ ချိန်းဆိုထားသော နေရာသို့ လေးဆယ့်သုံးစက္ကန့် အကြာခန့်တွင် မူတာ ရောက်လာ၏။

သူတို့ နှစ်ဦးသား ဂျော့ဝါရှင်တန် တက္ကသိုလ်လမ်းဘက်သို့ လျှောက်လာကြစဉ် နောက်ဘက်မှ မီးလောင် ပေါက်ကွဲသံ ကြားရသည်။ သူတို့ တည်းခိုခဲ့သည့် ဟိုတယ် ငါးထပ်မှ သူတို့ နေထိုင်ခဲ့သော ဧည့်ခန်းမကြီး တစ်ခုလုံး ပေါက်ကွဲ ပျက်စီး မီးလောင်သွားခြင်း ဖြစ်ပါသည်။

၁

www.burmeseclassic.com

www.burmeseclassic.com

'ရှင် ရှင် ရှင့်ကြောင့်'

ဆိုရာယာသည် စိတ်ဆိုး မာန်ဆိုး အော်ပြော၏။

ဘွန်းသည် ဆိုရာယာ၏ အသံကို သဲကွဲစွာ မကြားပါ။ သူ့အတွက် အသက်ရှင်နေနိုင်ဖို့ အရေးအတွက် အလုပ်ရှုပ်နေ၏။ သူတို့ စီးနင်းလာသော မော်တော် ဆိုင်ကယ်မှာ ကီလိုမီတာ ၁၀၀ နှုန်းဖြင့် လမ်းပြောင်းပြန် မောင်းနေသည် ဖြစ်၏။ ဘွန်းသည် ဖို့ဒ်ကားကောင်းကြီး တစ်စီးက မျက်နှာချင်းဆိုင်မှ ဟွန်းတပွမ်ပွမ် တီးနေသည်ကို ကပ်၍ ရှောင်လိုက်နိုင်၏။ တစ်ဖက်မှ အော်ဟစ် ဆဲဆိုသံများ ထွက်လာသည်။ ဤသို့ စွန့်စား မောင်းနှင်လိုက်သည့်တိုင် လင်ကွန်းကားကြီးသည် ဂငယ်ကွေ့ကွေ့ပြီး တစ်ရှိန်ထိုး သူ့ဆိုင်ကယ် နောက်သို့ လိုက်ပါလာ၏။ သူတို့ ဆိုင်ကယ်ကို ကျော်ဖြတ်၍ ရှေ့မှ ပိတ် လိုက်သည်။ စတစ်ကာအမည်း တပ်ထားသော ကား ပြတင်းပေါက်သည် နိမ့်ကျပြီး မျက်နှာဝိုင်းဝိုင်းနှင့် လူမည်း ခေါင်းဖြူ ပါသည်။ နောက် ပြောင်းရှည်ကို လွှဖြင့် တိုက်ပြီး ပြောင်းတို ဖြစ်အောင် ဖန်တီးထားသည့် နှစ်လုံးပြူး သေနတ် ထွက်လာ၏။ ပါးစပ်မှလည်း

'မင်းတို့ကို ဒါနဲ့ တွေ့မယ်'

ဟု ပြောသည်။

မျက်နှာဝိုင်း ပြောင်းတိုနှစ်လုံးပြူး မောင်းမဆွဲနိုင်မီ အနား ရောက်နေပြီဖြစ်သော ဆိုရာယာက သေနတ်ကိုခြေထောက်ဖြင့် ကန်လိုက်၏။ ဆိုရာယာ၏ ဘွတ်ဖိနပ်သည် နှစ်လုံးပြူး သေနတ် ပြောင်းကို ထိပြီး သေနတ်ပြောင်းသည်



အပေါ် ထောင်ကာ သေနတ်ကျည်သည် သစ်ပင်များဆီသို့ ရောက်သွား၏။ ထို အချက်ကို အခွင့်ကောင်းယူ၍ ဘွန်းသည် ဆိုင်ကယ်လက်ကိုင်ကို ဆောင့်တွေ့လိုက်ရာ တူရှုမှလာသော ထရပ်ကားကြီးနှင့် တန်းတိုးတော့၏။ ထရပ်ကား ဒါရိုက်ဘာသည် သေလမ်းရွေးလိုက်သလို ကွေ့ချိုးလာသော ဆိုင်ကယ်ကို မြင်ပြီး ရှောင်ကွေ့ရန် ကြိုးစား၏။ ဘွန်း၏ လည်တိုင်ကို လည်မျိုညှစ်သလိုကိုင်ထားသော ဆိုရာယာသည် ထရပ်ကားကြီးနှင့် တိုက်မိတော့မည့် အခြေအနေကို မြင်၍ ပါးစပ်မှ ဆဲရေးလိုက်ပြီး လည်တိုင်မှ လက်ကို ဘွန်း ခါးဆီ ပြောင်းဖက်လိုက်ရ၏။ လည်တိုင်မှ လက်လွှတ်ခံရသဖြင့် ဘွန်းသည် အသက်ဝဝ ရှူလိုက်ပြီး အင်ဂျင်စက်ကို ရုတ်တရက် သတ်လိုက်ပြီး ကားကြီးနှင့် ပွတ်ကာ သီကာ ဖြတ်ကျော်လိုက်နိုင်၏။ ကားကြီးခေါင်း ရှေ့မှ ဖြတ်ကျော်သွားပြီး နောက် ဆိုင်ကယ်စက်ကို ပြန်နှိုးကာ အရှိန်တင်လိုက်၏။

ဆိုရာယာသည် ရုတ်တရက် တွေသွားပြီးမှ

'ရပ် ခုရပ်လိုက်'

ဘွန်းသည် ဆိုရာယာ စကားသံကို မကြားဟန် ဆောင်နေလိုက်၏။ ဘွန်းသည် သူ ဘယ်ကို သွားနေမှန်း သူ့ဘာသာ သူသိ၏။

ဒီစီအိုင်အဖွဲ့ချုပ်တွင် ဟီရမ်စီဗစ် လွတ်မြောက်သွားခြင်းနှင့် နောက်ဆက်တွဲ အရေးအခင်းများအကြောင်း ဆွေးနွေး နေကြ၏။

မက်သရူးလာနာက

'ဟက်နာ ဆုံးပါးတာက လွဲရင် တခြား ထိခိုက် ဒဏ်ရာရမှုက နည်းပါးပါတယ်'

အဘိုးကြီးက

'ခုဖြစ်သွားတာက တကယ့် လူထူထပ်တဲ့ နေရာကြီးမှာကွ၊ တကယ့် သူမြင်ကွင်း နေရာမျိုး'

'ဘွန်းက ဘာ အကြောင်းကြောင့် စီဗစ်ကို ဒီလို လူမြင်ကွင်းကို ထုတ်လာရတာလဲ'

တခြား ထောက်လှမ်းရေး အဖွဲ့များကလည်း အကူပေးရမည်လား ဆိုသော ကမ်းလှမ်းချက်များ၊ သမ္မတကြီးက ဘာဖြစ်တာလဲဟလို့ မေးမြန်းမှုများ ခံရသည်။

အဘိုးကြီးက

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က သမ္မတကြီးကို အစစ ထိန်းချုပ် နိုင်လိုက်ပါပြီလို့ အစီရင်ခံလိုက်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကိုယ်တိုင်လည်း သမ္မတကြီး မေးသလို ဘာတွေ ဖြစ်ကြတာ လဲဟလို့ မေးချင်တာ၊ သိချင်တာ'

မက်သရှူးလာနာက

'ဇာတ်အဆုံးကတော့ ဂျေဆင်ဘွန်း ဆီပဲ ပြန်ရောက်တာပဲ၊ နောက်ပြီး ပြောရမှာ ဝန်လေးပေမယ့် မာတင်လင်းဒရိုစ်ကို ကွင်းထဲ ဆင်းခိုင်းတာ မှားတယ် ထင်ပါတယ်၊ မာတင်ဟာ အရင်က ကွင်းထဲက အေးဂျင့်တစ်ဦး ဖြစ်ပေမယ့် စားပွဲမှာ ထိုင်နေရတာ အတော် ကြာသွားပြီမို့ ကွင်းထဲက အေးဂျင့်တွေလို တီရစ္ဆာန် အသိစိတ်မျိုး နည်းပါး သွားနိုင်ပါတယ်။ မာတင်လင်းဒရိုစ်ဟာ သူ့စီမံကိန်း သူ့ဗျူရိုကို သူ့စိတ်ကြိုက် စီမံအုပ်ချုပ်နေတာ၊ တကယ်လို့ သူ သေဆုံးသွားခဲ့ပြီဆိုရင် တိုင်ဖွန်း (မုန်တိုင်း) စစ်ဆင်ရေးကြီး တစ်ခုလုံးမှာ ခေါင်းမရှိတဲ့ ဥာန ဖြစ်သွားမှာပေါ့'

အဘိုးကြီးက ခေါင်းဆတ် ပြပြီး

'မင်းပြောတာတွေက အမှန်တွေချည်းပါပဲ၊ ကျုပ် မာတင်ရဲ့ တင်ပြချက်တွေကို ခေါင်းညိတ် ခွင့်ပြုခဲ့ဖို့ မကောင်းပါဘူး၊ ကျုပ် ခွင့်ပြုခဲ့လို့ ရပ်စ်ဒီဂျင်မှာ ဆုံးရှုံး သေဆုံးမှုတွေ ဖြစ်ခဲ့ရတာပဲ၊ ဒီတစ်ချီမှာလည်း ဘွန်း ပျောက်မသွားတန်ရာဘူးလို့ ယူဆရတာပဲ'

လာနာက

'စီဗစ် ထွက်ပြေး လွတ်မြောက်သွားတဲ့ ကိစ္စမှာ ဘွန်းနဲ့ တစ်စုံတစ်ရာ ပတ်သက်မှု ရှိတယ်လို့ ကျွန်တော် ယူဆတယ်'

အဘိုးကြီးသည် မျက်မှောင်ကြုတ်လိုက်၏။

'မင်းမှာ အထောက်အထား ရှိရဲ့လား'

လာနာက

'ကျွန်တော် အဲဒါကို တွက်ချက် စစ်ဆေးနေတာပါ၊ သေချာတာက စီဗစ် လွတ်မြောက်သွားမှုဟာ ကြိုတင်ပြီး စနစ်တကျ စီစဉ်ထားတာ ဖြစ်တယ်၊ စီဗစ်ရဲ့ လူတွေက စီဗစ်ကို လှောင်အိမ်ထဲက အပြင် ထွက်လာဖို့ပဲ စောင့်နေခဲ့တာ၊ ဘွန်းက အဲဒါကို ဖြစ်အောင် လုပ်ပေးခဲ့တယ်လေ၊ ဘွန်းဟာ စွမ်းဆောင်နိုင်မှုလည်း မရှိဘူးဆိုတာ ကျွန်တော်တို့ သိပြီးသားပဲ'

အဘိုးကြီးသည် စားပွဲကို လက်ဖြင့် ပုတ်လိုက်ပြီး



'စီဗစ် လွတ်မြောက်သွားတဲ့ ကိစ္စမှာ ဘွန်းကြောင့်သာ ဆိုရင် ကျွန် သူ့ကို အစိမ်းလိုက် အရေ ဆုတ်ပစ်မယ်'

လာနာက

'ကျွန်တော် ဂျေဆင်ဘွန်းကို တာဝန် ယူလိုက်မယ်လေ'

အဘိုးကြီးက

'စိတ်ရှည်စမ်းပါ မက်သရှူး၊ အခု အခိုက်အတန့်မှာ ကျုပ်တို့ ဂျေဆင်ဘွန်းဟာ အသုံးတည့်နေတယ်၊ လိုအပ်နေတယ်၊ ကျုပ်တို့က မာတင်လင်းဒရိုစ်ကို ပြန်ရမှ ဖြစ်မယ်၊ အဲသလို ပြန်ရနိုင်ဖို့ အရေးမှာ ဘွန်းဟာ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ'

'ဒါပေမဲ့ ဘွန်းအကြောင်းကို ဆရာ ကြီးလည်း အသိသားနဲ့၊ သူ့ရာဇဝင်ကို ဆရာကြီး သိပြီးသားပါ၊ သူဟာ သူလုပ် ချင်ရာကို သူ့ဘာသာ စွတ်ပြီး အစွတ် ထိုးလုပ်တဲ့သူ၊ ဘာမှ ဂရုစိုက်တဲ့သူ မဟုတ်ဘူးလေ'

'အေး မင်းပြောတာ မှန်ပါတယ်၊ ကျုပ်ကိုယ်တိုင်လည်း သူ့ကို မုန်းတီးပါတယ်၊ ကျုပ် သင်ထား ကြားထားသမျှ သူ့ရဲ့ စွမ်းရည်တွေဟာ ဥာနအတွက် အညောင့် ဖြစ်လာစေတာ အမှန်ပါပဲ၊ ဒါပေမဲ့ ကျုပ် သူ့အကြောင်း အသေအချာ သိတာ တစ်ခုရှိတယ်၊ သူဟာ သူနဲ့ တွဲလုပ်တဲ့သူ အပေါ်မှာတော့ အင်မတန် သစ္စာရှိတယ်၊ မာတင်ဟာ ဘွန်းရဲ့ လုပ်ဖော်ကိုင်ဖက်ပဲ၊ မာတင်ကို ပြန်တွေ့အောင် ရှာပြီး ကယ်တင်နိုင်မယ့် သူဟာ ဘွန်းတစ်ယောက်ပဲ ရှိတယ်'

တံခါးပွင့်ပြီး အတွင်းရေးမှူး အင်နီ ဝင်လာသည်။ အင်နီက

'ကျွန်မတို့ ပျောက်နေတဲ့ အေးဂျင့် အကြောင်း သိရပြီ'

အဘိုးကြီးက

'ဘယ်သူလဲ'

'ဆိုရာယာမိုးပါ၊ ဆိုရာယာဟာ ဘွန်းနဲ့ အတူ ရှိနေသတဲ့'

'ဟော ဘယ်လို ဖြစ်သွားတာလဲ'

အင်နီက

'ဘယ်သူမှ မသိကြဘူးတဲ့'

အဘိုးကြီးသည် ဒေါသ ပေါက်ကွဲ သွား၏။

'ဒီမယ် မက်သရှူး ခုပုံ ကြည့်ရတာ တိုင်ဖွန်း (မုန်တိုင်း) စစ်ဆင်ရေးမှာ စီမံ အုပ်ချုပ်ဖို့ လိုနေပြီကွ၊ ခု လတ်တလော စီမံ အုပ်ချုပ်သူအဖြစ် မင်းကပဲ လုပ်ပြီး စီမံကိန်း ပြီးမြောက်အောင် လုပ်'

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာသည် ဘွန်း နားရွက်နားသို့ ကပ်ပြီး

'မော်တော်ဆိုင်ကယ်ကို ရပ်လိုက်ပါ'

ဘွန်းက ခေါင်းခါယမ်းပြသည်။

'ကျုပ်တို့က သိပ် နီးလွန်းနေသေး တယ်'

ဘွန်းသည် ပြောပြော ဆိုဆိုလမ်းကျဉ်း လမ်းကြားလေး တစ်ခုထဲ ဝင်လိုက်ပြီး ဆိုင်ကယ်ကို ရပ်လိုက်သည်။ နှစ်ယောက်စလုံး ဆိုင်ကယ်ပေါ်မှ ဆင်းပြီးနောက် ဘွန်းက

'နေပါဦး မင်း ဘာတွေ ဖြစ်နေတာလဲ'

ဆိုရာယာ၏ မျက်လုံး များသည် ဒေါသမီး တောက်လောင်နေ၏။ သူမက

'ရှင် တင်ကို သတ်လိုက်တာပဲ၊ ရှင် လူမဟုတ်ဘူး ခွေး'

'ဘာ ဘာပြောတယ်၊ မင်း ဘာကြောင့် အဲဒီလို စဉ်းစားရတာလဲ'

'ရှင်ပဲ စီဗစ်ရဲ့ လူတွေကို တင်ဘယ်မှာ ရှိတယ်လို့ ပြောလိုက်တာ မဟုတ်လား'

'မင်း ရူးနေပြီ'

'ဩော် ကျွန်မက ရူးနေသတဲ့လား၊ စီဗစ်ကို အချုပ်ခန်းထဲကအပြင်ထုတ်ဖို့ ပြောတာ ရှင့်စိတ်ကူး၊ ရှင့်ဆန္ဒလေ၊ ကျွန်မ ရှင့်ကို တားဆီးဖို့ ကြိုးစားပါတယ် ၊ မရဘူး'

'ကျုပ်က တင်ဟတ်နာကို သတ်စရာ အကြောင်းမှ မရှိတာ'

'ဒါဆို တင်ကို သူတို့ လှမ်းပြီးပစ်ခတ်တဲ့ အချိန်မှာ ရှင် ရှင်က ဘာကြောင့် ဒီအတိုင်း မတ်တတ်ကြည့်နေရတာလဲ'

ဘွန်းသည် ဆိုရာယာ၏ ထိုမေးခွန်းကို အဖြေမပေးလိုက်ပါ။ အကြောင်းမှာ ဖြေစရာ အဖြေ မရှိသောကြောင့် ဖြစ်ပါသည်။ ထိုအဖြစ်အပျက် ဖြစ်ပွားချိန်ကို ပြန်စဉ်းစား ကြည့်လိုက်သောအခါ သူ့ ခေါင်းထဲသို့ မြည်လာသော အသံလှိုင်း တစ်ခု ကြားရသည်။ ခေါင်းမူးဝေသွားသည်။ သူ နဖူးကို ပွတ်သပ်မိသည်။ ပြင်းထန်သော ခေါင်းကိုက်ဝေဒနာ ခံစားနေရ၏။ ဆိုရာယာ စွပ်စွဲနေခြင်းများသည် မှန်ပါ၏။ စီဗစ် လွတ်မြောက်သွားခြင်း၊ တင်ဟတ်နာ ပစ်သတ်ခံ သေဆုံးသွားရခြင်း များသည် သူ့မျက်စိ ရှေ့မှောက်မှာ ဖြစ်၏။ ထိုကဲ့သို့ ဖြစ်ပျက်ခြင်းကို သူ ဘာကြောင့် ဟန့်တားခြင်း မပြုလုပ်နိုင်ခဲ့ပါသလဲ။

ဘွန်းက



'စီဗစ်ရဲ့ လွတ်မြောက်ရေးဟာ စနစ် တကျ အချိန်ကိုက် ပြင်ဆင်ထားတာ ဖြစ်တယ်၊ ဒါပေမဲ့ ဘယ်လိုများ'

ဆိုရာယာက

'စီဗစ်ရဲ့ လူတွေက စီဗစ် ဘယ်မှာ ထားသလဲဆိုတာ ဘယ်လို သိနိုင်သလဲ၊ အဲ ရှင်ပြောပြမှပဲ သိနိုင်မှာ'

ဆိုရာယာသည် ခေါင်းကို ခါယမ်း လိုက်၏။ ပြီးမှ

'ကျွန်မကိုက တုံးတာပါ၊ ရှင့်အကြောင်း၊ ရှင့်ဇာတ်လမ်းတွေကို သေသေချာချာ နားထောင်ခဲ့ဖို့ ကောင်းတယ်၊ ရှင် ဖောက်သွားတယ် ဆိုတာတွေလေ၊ အဖွဲ့ချုပ်မှာ ရှင့်ကို ယုံတဲ့သူဆိုလို့ နှစ်ယောက်ပဲ ရှိတယ်ဆို၊ တစ်ယောက်က သေသွားပြီလေ၊ တစ်ယောက်ကတော့ ပျောက်ဆုံးနေတယ်၊ တကယ်တော့ ရှင့်ကို ယုံကြည်ဖို့ မကောင်းပါဘူး'

ဘွန်းသည် သူ့ခေါင်းကို ကြည်လင်အောင် ကြိုးစားထားပြီး

'နောက်ထပ် ဖြစ်နိုင်ခြေ တစ်ခုရှိသေးတယ်လေ'

'ဘာဖြစ်နိုင်ခြေလဲ ခိုင်ခိုင်မာမာတော့ ရှိပစေနော်'

'ကျုပ်က ဘယ်သူ့ကိုမှ မဆက်သွယ်ခဲ့ဘူး၊ အချုပ်ခန်းထဲမှာ ရှိစဉ်ကရော၊ အပြင်ဘက် ရောက်တုန်းက အထိရောပဲ'

'ရှင်က လက်ဟန် ခြေဟန်နဲ့ အချက်ပြနိုင်တာပဲ'

'အင်း အချက်ပြတဲ့နည်း ဆိုတာ တော့ မင်းမှန်တယ်၊ အချက်ပြတဲ့သူကို တော့ မင်း လွဲနေပြီ၊ စီဗစ်က မီးခြစ်ခြစ်လိုက်တာကို မင်း မှတ်မိသလား'

ဆိုရာယာက နာကြည်းစွာဖြင့်

'ဘယ်နှယ် လုပ်ပြီး မမှတ်မိဘဲ နေမှာလဲ'

'အဲဒါ နောက်ဆုံး အချက်ပြလိုက်တာပဲလေ၊ အသင့်စောင့်နေတဲ့ ဟမ်းမား ကားပေါ်က လူတွေ လှုပ်ရှားဖို့'

'ဟုတ်တယ်ထား၊ ဟမ်းမားကားက ဒီနေရာမှာ အဆင်သင့် စောင့်နေကြပြီး သား၊ ရှင် အကွက်ရိုက်တာပဲ ဖြစ်မယ်'

'ကျုပ် ဆင်ထားတဲ့ အကွက်ဆိုရင် ကျုပ် မင်းကို ဒါတွေ ပြောပြနေပါ့မလား စဉ်းစားပါ ဆိုရာယာ၊ မင်းပဲ တင်ဟတ်နာကို ကျုပ်တို့ အပြင်ထွက်မယ် ဆိုတဲ့အကြောင်း ပြောလိုက်တာ မဟုတ်လား၊ ကျုပ်တို့ အပြင်ထွက်မယ်ဆိုတာ တင်ဟတ်နာကပဲ စီဗစ်ရဲ့ လူတွေကို အကြောင်းကြားလိုက်တာ ဖြစ်ရမယ်'

ဆိုရာယာက နာကြည်းစွာ တစ်ချက် ရယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် စီဗစ်ရဲ့ လူတွေက ဘာဖြစ်လို့ တင်ကို ပစ်သတ်ရတာလဲ၊ ဘာကြောင့် သတ်ရတာလဲ'

'လက်စ လက်န သဲလွန်စတွေ အကုန်လုံးကို ဖျောက်ဖျက် ပစ်လိုက်တဲ့သဘောပေါ့၊ တင်ဟတ်နာ သေဆုံးသွားပြီ ဆိုရင် သူ့ကို မေးမြန်း စစ်ဆေးလို့ မရ တော့ဘူးလေ၊ သူတို့အကြောင်း ဖော်မပြောနိုင်အောင် နှုတ်ပိတ်လိုက်တဲ့သဘောပေါ့'

ဆိုရာယာက ခေါင်းကို ခါယမ်းလိုက်၏။

'ကျွန်မ တင်ကို သိတာ ကြာလှပြီ၊ တင်ဟာ သစ္စာဖောက် မဟုတ်ဘူး'

'အဲဒီလို မထင်ရတဲ့ လူတွေကပဲ သစ္စာဖောက် အလုပ်ကို လုပ်ကြတာပဲ ဆိုရာယာ'

'တော်စမ်းပါရှင်'

'အဲ တစ်ခုတော့ ရှိတယ်၊ တင်ဟာ သစ္စာဖောက်ချင်လို့ ဖောက်တဲ့သူလည်း ဖြစ်ချင်မှ ဖြစ်မယ်၊ သူ့ကို နိုင်ကွက်ကိုင်ပြီး သစ္စာဖောက်ခိုင်းတာလည်း ဖြစ်နိုင်တာပဲ'

'ရှင် တင် အကြောင်း ဆက်မပြော နဲ့တော့၊ ရှင့်ကိုယ်ရှင် ကာကွယ်ဖို့ ပြောနေ တာ'

'ဒီမယ် ဆိုရာယာ အသေအချာ စဉ်းစားကြည့်၊ မင်းတွေးထင်ထားချက်က အမှန်ပဲ၊ စီဗစ်ရဲ့ လွတ်မြောက်ရေးဟာ ကြိုကြိုတင်တင် ပြင်ဆင် ထားကြပြီးသား၊ ကျုပ်က စီဗစ် ဘယ်မှာ ထားသလဲ၊ ချုပ်ထားသလဲ ဆိုတာတောင် သိတဲ့သူ မဟုတ်ဘူး၊ မင်း စီဗစ်ကို ဖမ်းမိထားတယ် ဆိုတာကိုတောင်မှ အဖြစ်အပျက် မတိုင်မီ ၁၀ မိနစ်လောက်က မင်းပြောမှ ကျုပ်က သိရတာ၊ အဲဒီတော့မှ ကျုပ်က စီဗစ်နဲ့ တွေ့ချင်တယ်လို့ မင်းဆီက ခွင့်တောင်းခဲ့တာ'

ဆိုရာယာသည် တွေသွား၏။ ဆိုရာယာသည် ဘွန်းကို စူးစူးဝါးဝါး ကြည့်လိုက်၏။ အကြည့်သည် ဘွန်းတစ်ယောက် မုန်တိုင်း (တိုက်ဖွန်း) အော်ပရေးရှင်းရုံးသို့ ရောက်လာလာချင်း ကြည့်သော အကြည့်မျိုးဖြစ်သည်။

ဘွန်းက

'ကျုပ်သာ မင်းရန်သူဆိုရင် မင်းကို ဗုံးပေါက်ကွဲမှုထဲ ပါမသွားအောင် ဘာကိစ္စ ကယ်မှာလဲ'

ဗုံးပေါက်ကွဲမှုကို ပြန်တွေးလိုက်ပုံရပြီး ဆိုရာယာသည် ကြက်သီးထသွား၏။ ပြီးမှ



'ကျွန်မလည်း အဖြေတွေ အားလုံး သိနေပြီလို့ မယူဆပါဘူး'

ဘွန်းသည် ပုခုံး တွန့်ပြလိုက်ပြီး

'မင်း စိတ်တုံးတုံးချပြီဆိုရင် မင်း အမှန်ကို သိမြင်နိုင်ဖို့ ကျုပ် ကူညီနိုင်ပါတယ်'

ဆိုရာယာသည် တွေဝေသွား၏။

'ကျွန်မလည်း ဘာကို ယုံရမှန်း မသိတော့ဘူး၊ မုန်တိုင်း အော်ပရေးရှင်းကို ရှင်ရောက်လာကတည်းက ဘာကို ယုံရမှန်း မသိတော့ဘူး'

ထို အခိုက်အတန့်မှာပင် ဘွန်းသည် ဆိုရာယာ ကိုင်ထားသောမောင်းပြန်သေနတ်ကို ယူလိုက်ပြီး အသွား ပြန်ပိတ်ကာ ဆိုရာယာ လက်ထဲသို့ ပြန်ထည့်၏။

'ကျုပ်သာ မင်းရဲ့ ရန်သူဆိုရင်'

ဆိုရာယာသည် ဘွန်းကို အကြာကြီး စိုက်ကြည့်၏။ ပြီးမှ ခေါင်းကို ညိတ်သည်။

'အိုကေ မင်းက ရန်သူမဟုတ်ဘူး ဆိုပါတော့၊ ဒါပေမဲ့ တင်ဟာလည်း ဘယ်သူ့ သစ္စာဖောက် မဖြစ်နိုင်ဘူး၊ ဒါတွေကို ရှင်းလင်းဖို့ လိုနေတယ်'

ဘွန်းက

'ဟုတ်ပြီလေ၊ ကျုပ်တို့ နှစ်ယောက် အဖြေ ရှာကြတာပေါ့၊ ကျုပ်က ကျုပ်အပေါ် ညွှန်ပြနေတာ အဖတ် ပြန်ဆယ်ဖို့၊ မင်းက တင်ဟတ်နာ အတွက်ပေါ့'

ဆိုရာယာက

'ရှင့် ညာဘက်လက်ကို ကျွန်မကို ပေး'

ဘွန်းက လက်ကမ်းပေးသည်နှင့် ဆိုရာယာက ဘွန်းလက်ဖဝါးကို လှန်ပြီး ဘွန်းရဲ့ လက်ခလယ်ထိပ်ကို သူမ ဓားအပြားဖြင့် ထိကပ်လိုက်၏။

'မလှုပ်နဲ့နော်'

တစ်စုံတစ်ရာ လှုပ်ရှားမှု ဓားပြားဖြင့် ဆိုရာယာ လုပ်သည်။ ဘွန်း၏ လက်ခလယ်သည် နာကျင် သွေးထွက်ခြင်း မရှိ။ အင်မတန် ပါးလွှာသော အရာတစ်ခု ထိကပ်ပေးခြင်း ဖြစ်သည်။ ဘွန်းသည် မည်သို့မျှ မခံစားလိုက်ရ။ ပြီးတော့မှ ဆိုရာယာက

'အဲဒါ (NET) နက်လို့ ခေါ်တယ်၊ ကာကွယ်ရေး သုတေသန ဌာနအဖွဲ့ချုပ်က တီထွင် ထုတ်လုပ်ထားတာပဲ၊ ကွင်းထဲဆင်းတဲ့ အေးဂျင့်တွေ ရဲ့ လှုပ်ရှားနေမှုကို ဌာနချုပ်က သိနေရ အောင်လို့ စီစဉ်ထားတာ'

'ဒီတော့ ကျုပ်လှုပ်ရှားမှုတွေ အားလုံး သိနေရမှာပေါ့'

www.burmeseclassic.com



'ဟုတ်ကဲ့ ညွှန်ချုပ် အဘိုးကြီးရဲ့ အမိန့်ပါ။ အခု ရှင်သွားလိုရာ သွားနိုင်ပါပြီ'

ဘွန်းက ခေါင်းညိတ် ပြပြီး

'ကျေးဇူးပဲ'

'ကျေးဇူးပဲဆိုရင် တုံ့ပြန်မှု မပေးတော့ဘူးလား'

'ဘယ်လို တုံ့ပြန်ရမှာလဲ'

'ကျွန်မ ရှင့်ကို ကူညီပါရစေ'

ဘွန်းသည် ခေါင်းကို ခါယမ်းလိုက်၏။

'မင်း ကျုပ်အကြောင်း ကောင်းကောင်း သိတယ်ဆိုရင် ပြောမှာ မဟုတ်ဘူး၊ ကျုပ်က ကျုပ်တစ်ယောက်တည်းပဲ အလုပ် လုပ်တတ်တာ'

ဆိုရာယာသည် ဘွန်းကို တစ်ချက် စိုက်ကြည့်သည်။ တစ်စုံတစ်ရာ ပြောမည် ပြုပြီးမှ စိတ်ပြောင်းသွားပုံ ရသည်။ ဆိုရာယာက

'ဒီမယ် ရှင့်ရဲ့ အခြေအနေကစောစောက ရှင်ပြောတဲ့ အတိုင်းပဲ၊ ဒုက္ခ တော့ ရောက်နေပြီ၊ အဘိုးကြီးနဲ့ ပြဿနာတော့ ဖြစ်နေပြီ၊ အဖွဲ့ထဲမှာ ရှင်ယုံကြည်ရတဲ့သူ တစ်ယောက်ယောက်တော့ လိုလာမှာပဲ၊ အဘိုးကြီး ကတော့ ရှင့်ကိုရှင်းပစ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားတော့မှာ'

✳

ကင်လိုဗက်သည် ပင်ပန်းလှပြီ ဖြစ်၏။ သူမသည် လွန်ခဲ့သည့် ၆ လခန့် အိမ်ထောင် ပြုထားသည့် ခင်ပွန်းရှိရာ အိမ်သို့ ပြန်ချင်လှပြီ ဖြစ်၏။ သူ ခင်ပွန်းမှာ တစ်နယ် တစ်ကျေးသား ဖြစ်ပြီး သည်ရပ်ရွာသို့ ရောက်ရှိသည်မှာ မကြာသေး။ ဇနီး ဖြစ်သူ၏ အလုပ်တာဝန်များကြောင့် အိမ်ပြန် မမှန်တ ခြင်းကို နှစ်ခြိုက်မည် မဟုတ်။

ကင်သည် အမြဲ ပင်ပန်းနေသူ ဖြစ်၏။ သူမ အလုပ် လုပ်သည့် ဝါရှင်တ မြို့တော် မီးလောင်ကျွမ်းမှု ဆိုင်ရာ ဌာနသည် အလုပ်ချိန်ဟူ၍ သတ်သ မှတ်မှတ်ရှိသည်မဟုတ်ပေ။ အထူးသဖြင့် ကင်လိုကျွမ်းကျင်သော၊ အတွေ့ အကြုံ ရှိသော၊ ဘယ်ကိစ္စကို ဘယ်လို ဆောင်ရွက်ရမည် သိသော အေး တစ်ယောက် ဆိုပါက စစ်မြေပြင် တိုက်ပွဲတွင် ဒဏ်ရာရှိရာသို့ အရေးပေ စေလွှတ်ခံရသော ခွဲစိတ်ဆရာဝန် တစ်ဦးလိုပင် အမြဲ စေလွှတ်နေကျ ဖြစ်

ကင်သည် အခင်း ဖြစ်ပွားရာ ဟိုတယ်ရှိရာသို့ မော်တော်ကားမှ အချ ပေး ဥသြဆွဲစေ၍ မောင်းနှင်သွားရာ ၇ မိနစ်ခန့်သာ ကြာမြင့်၏။ ဟိုတယ်



ရောက်သောအခါ ရဲကားများ၊ မီးသတ် ကားများဖြင့် ပြည့်ကျပ်နေ၏။

တင်သည် သူမ၏ အိုင်ဒီကတ်ပြားကို ထုတ်ပြပြီး ရဲအစောင့်များ ကျော်ဖြတ်၍ ဟိုတယ်တွင်းသို့ ဝင်ခဲ့သည်။

ဦးစီးမှူး အိုဂရယ်ဒီသည် သူမကို စောင့်နေ၏။ တွေ့သည်နှင့် 'လိုဗက် ရောက်လာပြီပေါ့' ဟု ဆိုသည်။

တင်က

'ဘာတွေ ဖြစ်တာလဲ'

'ပေါက်ကွဲမှု ဖြစ်တယ်၊ မီးလောင်တယ်'

'ကျွန်မတို့ ဌာနက လူတွေ ထိခိုက် ဒဏ်ရာရတာများ ရှိသေးလား'

'မရှိပါဘူး၊ အခုလို မေးတဲ့အတွက်တော့ ကျေးဇူးပဲ'

အိုဂရယ်ဒီသည် နဖူးပြင်မှ ချွေးများ ကို စက္ကူ လက်သုတ်ပဝါဖြင့် သုတ် သေဆုံးမှုတစ်ခုတော့ ရှိတယ်။ အခန်း ပိုင်ရှင်ပဲ ထင်ပါရဲ့။ ပေါက်ကွဲမှု၊ လောင်ကျွမ်းမှုက သိပ်ပြင်းထန်လွန်းတော့ ရုပ်ကလာပ်က နည်းနည်း ပဲ ကြွင်းကျန်တယ်။ သူ့ရဲ့ အိုင်ဒီကို ချက်ချင်း သိဖို့ တောင် မလွယ်ဘူး။ တော့ ရဲတွေ ပြောတာကတော့ ဟိုတယ် ဝန်ထမ်း တစ်ယောက်လည်း နေသတဲ့။ မီးလောင်ပေါက်ကွဲမှုက သိပ်ပြင်းထန်တာ ဒီလောက်ပဲ အပျောက် ရှိတာ ကံကောင်းတယ်လို့ ပြောရမှာပဲ။

'ဆရာပြောတော့ ရုပ်အလောင်းရဲ့ ပိုင်ရှင်ဟာ ဟိုတယ်အခန်းကတည်းခိုသူ ဆတယ် ထင်တယ်လို့ ပြောတယ် နော်'

'တယ် အဲဒီလို ထင်ရတာပဲ၊ မီးလောင် ပေါက်ကွဲမှုက သိပ်ပြင်းထန် တို့အထူးဌာနကို ခေါ်ယူ စုံစမ်းစေတာပဲ'

'ဘာကြောင့် ဒီလို ပေါက်ကွဲမှု ဖြစ်စေတာလဲ၊ ထင်မြင် ယူဆချက် ရှိပြီ

'သိသေးဘူးကွ၊ မြို့တော် ရဲအဖွဲ့က စုံစမ်းရေး အဖွဲ့တွေ ရောက် မင်းမှာ အချိန် တစ်နာရီလောက်ပဲ ရတယ်၊ သူတို့ ရောက်လာရင် ဖြစ်ပွားရာ နေရာကို ပိုက်စိပ်တိုက်တော့မှာပဲ၊ သူတို့ မလာခင် သိထိုက်၊ ရသင့် ရထိုက်တာ ရှာထားမှ ဖြစ်မယ်'

တဲ့ပါ'

ဆို အပေါ်တက်၊ တာဝန်ကျ စုံထောက် အိုဗာတန် အပေါ်မှာ စောင့်

www.burmeseclassic.com



ကင်သည် ဓာတ်လှေကားဖြင့် ငါးထပ်သို့ တက်ခဲ့ပြီး မီးလောင်ကျွမ်းသည့် အခန်းရှိရာသို့ လာခဲ့သည်။ ကော်ရစ်ဒါ တစ်ခုလုံးမှာ မည်သူ တစ်ဦး တစ်ယောက်မှ မရှိ။ ကင် အခန်းထဲ ဝင်လိုက်သောအခါ စုံထောက် အိုဟာတန် နှင့် တွေ့သည်။

ကင်က

'ဘာ့ကြောင့် ပေါက်ကွဲ မီးလောင်မှု ဖြစ်တယ်လို့ ထင်သလဲဟင်'

'တိတိကျကျ မပြောနိုင်ဘူး၊ အခန်းမှာ တည်းခိုသူတွေ ကတော့ အမ်စတာဒမ်က စိန်ကုန်သည် ဂျက်ကော့ နဲ့ လက်ဗ်လို့ သိရတာပဲ။ သူ ဒီဟိုတယ်ကို ၇ နာရီ ၄၅ မိနစ်လောက်မှာ ရောက်လာတယ်လို့ ဆိုတယ် သူတို့ထဲက တစ်ယောက်က ဂုဏ်ပြုသောက်စားဖို့ ရှန်ပိန် တစ်ပုလင်းပို့ပါ မှာသတဲ့။ ဒီနောက်တော့ သူတို့ နှစ်ယောက်လုံးကို မတွေ့ရတော့ဘူး ပြောတယ်။ ဟိုတယ် အပြင်ဘက် ထွက်သွားတာလည်း ဘယ်သူမှ မတွေ့ ဘူး'

အခန်းထဲတွင် ရဲစုံထောက်က

'ဘာကြောင့် ပေါက်ကွဲမှု ဖြစ်တယ် ဆိုတာ လုပ်စမ်းပါဦး'

'ဟုတ်ကဲ့၊ ကျွန်မ အဲဒါ စူးစမ်းဖို့ အခု ရောက်လာတာပေါ့'

ကင်သည် သားရေပျော့ လက်အိတ်ကို စွပ်ပြီး လုပ်ငန်းခွင်သို့ ဝင်သည် မိနစ် ၂၀ ကြာမျှ အသေးစိတ် လေ့လာ စူးစမ်း၏။ ပုံမှန်အတိုင်း ဆိုလျှ ကင်သည် အခင်း ကော်ဇောနှင့် ကြမ်းပြင်ကို လေ့လာရစမြဲ ဖြစ်သည် ပေါက်ကွဲစေသော၊ ပြင်းထန် သော လောင်စာဆီ တစ်မျိုးမျိုးကြောင့် ဖြစ်ပါ လောင်စာဆီသည် ကော်ဇောကို ထိုးဖောက်၍ ကြမ်းကြို ကြမ်းကြားတွင် အနု ကျန်စမြဲ ဖြစ်သည်။ ထိုမှ ရသော အစအနသည် လက်ဗွေပုံစံရ မှုခင်း စုံထောက်ကဲ့သို့ မည်သည့် လောင် စာကြောင့် ပေါက်ကွဲမှုကို ဖြစ် ကြောင်း သိနိုင်သည်။

ဤအခင်း ဖြစ်ပွားရာ နေရာတွင်ကား ထိုသို့ မဟုတ်ပေ။ လောင် ပေါက်ကွဲမှုသည် အင်အား ပြင်းထန်လွန်းရကား အခင်း ကော်ဇော သ အောက်ခံ ပျဉ်ထုထိပါ လောင်ကျွမ်းသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့်လ မီးသတ်အရာရှိ အိုဂရယ်ဒီတို့အဖွဲ့ မီးငြိမ်းအောင် အရမ်း ကြိုးစား လုပ် ခဲ့ရပုံရ၏။



င်သည် ရနိုင်သမျှ သတ္တုအပိုင်းအစများ၊ အကြွင်းအကျန် အဝတ်စ များ များကို သူမ၏ အိတ်ထဲမှ သိမ်းဆည်းရန် အသင့် ပါလာသော ဖန်ပြွန်များ အိတ်များဖြင့် စနစ်တကျ ထည့်သည်။

တင်က

'လောင်စာ တစ်ခုခုကြောင့် ပေါက်ကွဲ မီးလောင်တာတော့ အမှန်ပါပဲ၊ ပေမဲ့ သာမန် ခြိဥယျာဉ်တွေထဲ သုံးတဲ့ လောင်စာမျိုးထက်တော့ ပြင်းထန် သေချာတယ်၊ အတိအကျတော့ ကျွန်မ ဓာတ်ခွဲခန်းထဲက အဖြေရမှ နိုင်မယ်၊ မီးလောင် ပေါက်ကွဲမှုကတော့ တကယ် ပြင်းထန် ဆိုးရွားတာ ပဲ'

စုံထောက် အိုဟာတန်က

'ဒါပေမဲ့ ပေါက်ကွဲမှုကရောဗျာ'

င်က

ဒီမှာ တွေ့ရသမျှတော့ ပေါက်ကွဲစေတတ်တဲ့ ဗုံးလိုမျိုးရဲ့ အစအနကို င် မတွေ့ရပါဘူး၊ ဒါပေမဲ့ ပြင်းထန်တဲ့ လောင်စာဆီကလည်း ပေါက်ကွဲ ဖြစ်စေတတ်ပါတယ်၊ အတိအကျတော့ ဓာတ်ခွဲခန်းကျမှ ကျွန်မ နိုင်ပါလိမ့်မယ်'

စုံထောက် အိုဟာတန်က သူ၏ မှတ်စုကို ပြန်ဖတ်ရှုပြီး ပေါက်ကွဲမှု တို ရှင်းပြသည်။

င်က

'အဖြစ်အပျက်က တမင်ဖောက်ခွဲ ဖျက်ဆီးခဲ့တာလို့ ယူဆရတာပေါ့'

အိုဟာတန်က

သို့ ရှိတယ်လေ၊ ဒီအခန်းမှာ တည်းခိုသူ ညီအစ်ကို နှစ်ယောက် ကော့နဲ့ လက်ဗ်တို့ဟာ ဂျူးလူမျိုးတွေ ဖြစ်တယ်၊ သူတို့ဆီကို အောင်ပွဲခံ ပုလင်း လာပို့သူကတော့ ပါကစ္စတန် လူမျိုး တစ်ဦး ဖြစ်နေတယ်၊ ဆုံးနေတဲ့ သူပေါ့၊ ကျုပ် တာဝန်ကတော့ သူ့ကို ရအောင် ရှာပြီး ရှိသူတွေထံ အပ်ဖို့ပါပဲ'

င်သည် ပစ္စည်းများ စုဆောင်း ရှာဖွေရာမှ မော့ကြည့်လိုက်ပြီး

'အဲဒီ စားပွဲထိုး ဝိတ်တာကို အကြမ်းဖက်သမားလို့ ရှင်က ထင်မြင် သလား'

အိုဟာတန်က ပခုံး တွန့်ပြပြီး

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ထင်မြင်ချက်ကတော့ စီးပွားရေး ကလဲ့စားချေမှု ဖြစ်မယ်ထင်တာပဲ၊ စိန်ကုန်သည် ဆီလ်ဗား ညီအစ်ကို အပေါ် လုပ်တာလို့ ထင်တာပဲ၊ ဘာပဲပြောပြော အထူး လုံခြုံရေးတပ်ဖွဲ့ မရောက်ခင် အဖြေကိုတော့ ကျုပ်သိချင်တယ်ဗျ'

ကင်က ခေါင်းကို ခါယမ်းလိုက်သည်။

'အခင်းဖြစ်ပွားပုံကို မြင်တွေ့ရတာကတော့ သိပ်ရှုပ်ထွေး နက်နဲလွန်းတယ်၊ ရိုးရိုးသာမန် အကြမ်းဖက် ဖောက်ခွဲမှုမျိုး မကချင်ဘူး'

အိုဗာတန်က

'စိန်ဆိုတာ ရာသက်ပန်လေ'

ကင်သည် မတ်တတ်ရပ်လိုက်ပြီး

'ကျွန်မတို့ ရုပ်အလောင်းကို ကြည့် ရအောင်'

အိုဗာတန်က

'ကြွင်းကျန်သမျှဟာ ရုပ်အလောင်း လို့ ပြောဖို့တောင် မလွယ်ဘူးဗျ'

အိုဗာတန်သည် ကင်အား ရေချိုး ခန်းထဲသို့ ခေါ်သွား၏။ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ရေချိုးကန်ထဲရှိ အရိုး အပိုင်းအစများကို ကြည့်သည်။

ကင်သည် ရေကန်ပတ်လည် ၃၆၀ ဒီဂရီအထိ ထောင့်စေ့အောင် ကြည့်လေ့လာသည်။

'ခု တွေ့ရတာဟာ ဂျက်ကော့လား၊ လက်ဗ်ဆီလ်ဗားလား တစ်ယောက်ဖြစ်နိုင်တာပေ့၊ ဒါဆို တခြားတစ်ယောက်က ဘယ်ရောက်သွားသလဲ'

'လုံးဝ မီးလောင်ကျွမ်းသွားတာရော မဖြစ်နိုင်ဘူးလားဟင်'

ဒီမီးရဲ့ အပူဒဏ် ပြင်းပုံနဲ့တော့ ဖြစ် နိုင်ပါတယ်၊ ဒါပေမဲ့ ကြွင်းကျန်ရရှိအထဲက လူသားပြာ ပါသလား၊ ဘာလား ဆိုတာတွေကတော့ ဓာတ်ခွဲခန်းအဖြေကျမှ သိရမှာပဲ၊ တစ်ပတ် နှစ်ပတ်လောက် ကြာချင်ကြာမှာ၊ အဖြေလည်း ရချင်မှ ရမှာ'

ကင်သည် တစ်ခန်းလုံး နေရာအနှံ့ ရှာဖွေ၏။ ရေချိုးကန် ရေထွက်ပေါက်ထဲကို ကြည့်သည်။ သူမ၏ ဇီနွန် လက်နှိပ် ဓာတ်မီး ပေါက်စ ထိုးကြည့်သည်။ ပြီးနောက် သူမ အိတ်ထဲမှ ရှည်လျားသော ညှပ်တ ထုတ်ယူ၍ အပေါက်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူသည်။ အံကပ် သွားတု ဖြစ်သည်။



အိုဗာတန်က

'ဆေးလ်ဗားညီနောင် တစ်ယောက်ရဲ့ သွားတွေများလား'

ကင်က သူမ၏ လက်နှိပ်ဓာတ်မီးဖြင့် အသေအချာ စစ်ဆေး ကြည့်ရင်း

'ဖြစ်နိုင်ပါတယ်'

ကင်သည် မျက်မှောင် တစ်ချက် ကြုတ်လိုက်သည်။ သူမ၏ ခေါင်းထဲတွင် လည်း မဖြစ်နိုင်ဟု အတွေး ပေါ်လာ၏။

သမ်း အစွန်ရှိ အစိမ်းဖျော့ဖျော့ အိမ်ကြီးမှာ နဘေးဝန်းကျင်မှ အိမ်များနှင့် ကွာခြားပုံ မရချေ။ ဘွန်းသည် ဒဏ်ရာရနေသော ညာဘက်ခြေထောက် ဖရုမစိုက်ဘဲ အိမ်ပေါက်သို့ သွားသည်။ အိမ်ပေါက်ဝတွင် မြီးကောင် လူငယ်များ ရှိနေ၏။ အရပ်မြင့်ဆုံး လူငယ်အား ဘွန်းက

'တိုင်ရွှန် မင်းတို့ အခြေအနေ ဘယ်လိုလဲဟေ့'

တိုင်ရွှန်က

'စုံမှန်ပါပဲ၊ ထုံးစံအတိုင်း ပါပဲ'

ဘွန်းက ဆိုရာယာကို ပြရင်း

'သူက ဆိုရာယာ မိုရီတဲ့'

တိုင်ရွှန်က သူ၏ မျက်လုံးမည်းများ ဖြင့် ဆိုရာယာအား ကြည့်ရှု အကဲ သည်၊ ပြီးမှ

'ဒီရွှန်ကတော့ မကျေမနပ် ဖြစ်တော့မှာပဲ သူက ခင်ဗျားတစ်ယောက်တည်း ခွင့် ပေးထားတာ'

ဘွန်းက

'အေးပါ ငါသိပါတယ်၊ ငါ့တာဝန် ထားပါ၊ ဒီရွှန်နဲ့ တွေ့ပြီး သူ ကျေနပ် ပြောပြပါ့မယ်'

ထိုစဉ် အိမ်တံခါး ပွင့်သွားပြီး အိမ်ထဲမှ အရပ် မြင့်မားသွယ်လျ ချောမော အမျိုးသားတစ်ဦး ထွက်လာ၏။ ဒီရွှန် ဖြစ်သည်။

ဒီရွှန်က

'ဗိုလ်မှူးဆင်ဘွန်း ပါလား၊ ဘယ်လို ဖြစ်လာတာလဲ'

ထို့နောက် ပါလာသော ဆိုရာယာကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ထုတ်ထားတဲ့ စည်းကမ်းကို ခင်ဗျား သိပါတယ်၊ ဂျေဆင် ခင်ဗျားဆို ခင်ဗျား တစ်ယောက်ပဲ ဒီကို လာခွင့် ရှိတယ်လို့'

ဘွန်းသည် ဒီရွှန်နှင့် ဆိုရာယာ အကြားသို့ ရပ်လိုက်၏။

'ကျုပ် လန်ဒန်ကို သွားဖို့ နှစ်နာရီ ကျော်ကျော်ပဲ လိုတော့တယ်၊ လုပ်စရာ ကိုင်စရာတွေက တောင်လို ပုံနေသေးတယ်၊ ဒီမိန်းကလေးရဲ့ အကူအညီ လည်း လိုတယ်၊ ဒီရွှန်ရဲ့ အကူအညီလည်း လိုနေလို့ပါ'

ဒီရွှန်သည် အိမ်ထဲ ဝင်ရာ ဘွန်းတို့ နှစ်ဦး နောက်မှ လိုက်ဝင်ကြ၏။ ဒီရွှန် လက်ထဲတွင် အသင့်ဆောင်ထားသော ပွိုင့် ၃၅၇ မဂ္ဂနမ် သေနတ်ကို မြင်ရ၍ ဆိုရာယာ တွန့်သွား၏။

ဒီရွှန်က

'အား ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်ဆီကိုလာရင် အမှန်ပါပဲ၊ ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲ ဖြစ်ဖြစ်၊ အစချီသည့် စာတစ်ပိုဒ်ကို ရွတ်သည်။

ဆိုရာယာက ဝင်၍

*'ဘယ်သူလဲဆိုတာ ကြည့်လိုက်လေ*

*အခုတော့ စစ်ပွဲက ပြီးဆုံးခဲ့ပြီပဲ*

*မိတ်ဆွေပဲ ဖြစ်ဖြစ်၊ ရန်သူပဲ ဖြစ်ဖြစ်*

*ညင်သာစွာ အသုံးပြုကြဖို့ပဲပေါ့'*

ဒီရွှန်က

'အောင်မယ် မင်းက ရှိတ်စ်ပီးယားကို အကျေသားပါကလား'

'ဆဋ္ဌမမြောက် ဟင်နရီ ဝတ္ထု အပိုင်း ၃ ကလေ ကျောင်းတုန်းက ကျွန်မ အနှစ်ခြိုက်ဆုံးပေါ့'

ဒီရွှန်က

'ဒါပေမဲ့ စစ်ပွဲက တကယ်ပဲ ပြီးဆုံး သွားပြီလားဟင်'

ဂျေဆင်ဘွန်းက

'သူ့ကို နက် (NET) ကို ပြလိုက်ပါ'

ဆိုရာယာက ဘဲဥသဏ္ဌာန် ပစ္စည်းလေးကို ပြသည်။

'အား'

ဒီရွှန်၏ မျက်လုံးများသည် ပစ္စည်းလေးကို ကြည့်ရင်း တောက်ပြောင် သွား၏။

ဘွန်းက



'စီအိုင်ဌာနချုပ်က နောက်ဆုံး ထုတ် လုပ်ထားတဲ့ ပစ္စည်းလေး၊ အဲဒါ ကျုပ်ကို ဆိုရာယာက ကပ်လွှတ်လိုက်တာပေါ့'

'တကယ့် နည်းပညာပါလား ဟရို့'

ဒီရွှန်၏ နှုတ်ခမ်းများသည် ဝမ်းသာ အားရ စိုစွတ်၍ သွားသည်။ ဒီရွှန်သည် နည်းပညာ အသစ်အဆန်းလောက် သူ့ကို ဆွဲဆောင်နိုင်သော တခြားအရာ မရှိ။

တကယ်တော့ ဒီရွှန်သည် ခွဲစိတ် ပါရဂူလည်း မဟုတ်၊ ခါးပိုက်နှိုက်လည်း မဟုတ်ကြောင်း ဒီရွှန်နှင့်အတူ အိမ်ထဲ ဝင်လာရင်း ဘွန်းက ဆိုရာယာအား ရှင်းပြ၏။ ဒီရွှန်သည် ကမ္ဘာပေါ်တွင် အတော်ဆုံး အတုလုပ်သမား တစ်ဦး ဖြစ်သည်။ ဈေးအကြီးဆုံး လူလည်း ဖြစ် သည်။ သူ့ကို အလုပ်အပ်သူတိုင်းတ ဆေးရသမျှသော ကြေးကြီးများ ထိုက်တန် ပါပေသည်ဟု သတ်မှတ်ခြင်း ခံရသူ ဖြစ် သည်။ ဒီရွှန်သည် အလုပ်အပ်သူများ၏ ကျေနပ်ကြမှုကို ဂုဏ်ယူနေသူ ဖြစ်၏။

အခန်း တစ်ခုထဲ ရောက်သွားကြသည်။

ဆိုရာယာသည် တစ်ခန်းလုံး လျှောက်ကြည့်ပြီး တအံ့တသြ ဖြစ်နေ၏။ အခန်း နံရံထက်များတွင် ကမ္ဘာကျော် ပန်းချီဆရာများ ဖြစ်သည့် ရန်းဘရန့် ဘာမီယာ၊ ဗင်ဂိုး၊ မိုနေး၊ ဒီဂါးနှင့် တခြား ပန်းချီကျော်တို့၏ ကားများ ချိတ်ဆွဲ ထား၏။ အားလုံး အတုများ ဖြစ်ပုံရသည်။ ဟုတ်မှ ဟုတ်ပါလေစ။ ဆိုရာယာ သည် အနီးကပ် ကြည့်သည်။ ဆိုရာယာသည် ကျွမ်းကျင်သူ အိတ်စပတ် တစ်ဦး မဟုတ်သဖြင့် မပြောတတ်ပါ။ ပြောနိုင်သည်ကား လက်ရာမြောက်လှ ပါပေသည် ဟူ၍သာ။ အကယ်၍များ ဤ ပန်းချီကားများကို ပြတိုက် တစ်ခုထဲတွင် တွေ့ရပါက အစစ်အမှန်များ ဖြစ်ကြောင်း ယုံမှား သံသယ ရှိမည် မထင်ပါ။ ဤကားထဲမှ တချို့သည် တကယ့် မူရင်းကားများ ဖြစ်လေ ရော့ သလားဟု တွေးထင်လာမိ၏။

နောက်ဘက် လှည့်ကြည့်လိုက်သော အခါ ဒီရွှန်သည် ဘွန်းကို ပွေ့ဖက် နှုတ်ဆက်နေသည်ကို တွေ့ရ၏။

ဘွန်းက

'ခင်ဗျား တစ်ယောက် အင်မတန် အလုပ်များတဲ့ကြားက အသုဘ အခမ်းအနားကို လာခဲ့တဲ့အတွက် ကျေးဇူးတင် စကားတောင် ကျွန် ပြောဖို့ အခွင့်အရေး မရခဲ့ပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဒီရွှန်က

'ဒီမယ် ချစ်မိတ်ဆွေကြီး၊ လောကကြီးမှာ အလုပ်ထက်၊ ငွေထက် တန်ဖိုးကြီး တာ ရှိသေးတယ်ဗျ၊ ဘယ်လောက်ပဲ အလုပ် များများပေါ့'

ဒီရွှန်သည် ဘွန်းကို ဖက်ထားရာမှ ခွာလိုက်ပြီး

'ပထမဆုံး ကျုပ်တို့ လုပ်ရမယ့် အလုပ်က ခင်ဗျားရဲ့ ခြေထောက်က ဒဏ်ရာပဲ၊ အပေါ်ထပ်ကို တက်သွား၊ ပထမဆုံး တွေ့တဲ့ ညာဘက်က တံခါး ပေါက်၊ ဘာလုပ်ရမယ်ဆိုတာ ခင်ဗျား သိပါတယ်၊ သန့်ရှင်းရေး လုပ်ရမယ်၊ ဆေး ထည့်ရမယ်၊ ဝတ်စုံအသစ်တွေလည်း ရှိပ့ါ'

ဒီရွှန်က ပြုံး၍

'ဒီရွှန်ရဲ့ ပစ္စည်းတွေ ထုံးစံအတိုင်းပဲပေါ့ဗျာ အကောင်းတကာ့ အကောင်းစား ချည်းပါပဲ'

ဘွန်း အပေါ်ထပ်သို့ တက်သွားသော အခါ ဒီရွှန်နှင့် ဆိုရာယာတို့သည် အခန်း တစ်ခန်းထဲသို့ ဝင်လိုက်ကြ၏။ အခန်းထဲတွင် ပစ္စည်းထည့် ဗီရိုများ တွန်းပျှတာများနှင့် ပြည့်နှက်နေ၏။

ဒီရွှန်သည် ထိုအခန်းထဲ ရောက်သည်နှင့် ဆိုရာယာ ရှိသည်၊ ပါသည် တိုပင် သတိထားမိပုံ မပေါ်တော့။ သူက

'ဂျေဆင်ဘွန်း ဘာကို ရှာဖွေနေသလဲ ဆိုတာ ကျုပ် သိပါတယ်'

ဒီရွှန်သည် ဗီရို တချို့ကို ဖွင့်၍ ပစ္စည်း တချို့ကို ထုတ်ယူသည်။

ဒီရွှန် ပခုံးပေါ်မှ ကျော်၍ ကြည့်လိုက်သောအခါ ဆိုရာယာ လန့်သွား၊ အံ့သြသွား၏။ ပစ္စည်းများမှာ နှာခေါင်း၊ နားရွက်များ၊ သွားများ ဖြစ်နေ၏။ ပစ္စည်းများသည် ပကတိ လူ့နားရွက်၊ လူ့နှာခေါင်း၊ လူ့သွားများနှင့် ခွဲခြား မရအောင် တူလှ၏။

ဆိုရာယာသည် မနေနိုင်တော့ဘဲ နှာခေါင်းတစ်ခုကို တပ်ကြည့်ရာ မတော်ဘဲ ဖြစ်နေ၍ ဒီရွှန်က ရယ်မောပြီး နောက်ထပ် အံဆွဲတစ်ခုမှ နှာခေါင်း တစ်ခုကို ထုတ်ပေးသည်၊ တပ်ကြည့်ရာ အတော်ပဲ ဖြစ်နေသည်။ ဟန်ပြ အနေဖြင့် ဇာတ်စင်သုံး ကော်ဖြင့် ကပ်ပေးရင်း ဒီရွှန်က

'တကယ် သုံးတဲ့အခါမှာတော့ အထူး စီမံပြုလုပ်ထားတဲ့ ကော်ကို သုံးရ တယ်၊ ပြီးတော့ အဆက်အစပ်တွေ မပေါ်အောင် အထူး မိတ်ကပ်နဲ့ ဖုံးဖိ ရတယ်'

ဆိုရာယာက



'အဲဒါဆိုရင် ချွေးထွက်လို့ပဲ ဖြစ်ဖြစ်၊ ရေကူးလို့ပဲ ဖြစ်ဖြစ်၊ ပြုယ်မသွား ဘူးလား'

'ကျုပ် လိမ်းပေးတဲ့ မိတ်ကပ်က ချန်နယ်က ထုတ်တာမှ မဟုတ်တာ၊ အဲဒီ မိတ်ကပ် လိမ်းထားပြီးရင် အထူးဖော်စပ်ထားတဲ့ ဆေးရည်နဲ့မှဖျက်လို့ ရတာ'

ဆိုရာယာက နှာခေါင်းတုကို ခွာလိုက်စဉ် ဘွန်း ပြန်ရောက်လာ၏။ ဘွန်း ရဲ့ ဒဏ်ရာရ ခြေထောက်မှာ စနစ်တကျ ဆေးထည့်ခဲ့ပြီး ဖြစ်ပုံရသည်။ အဝတ် အစား အသစ်များလည်း ဝတ်ဆင်ထား၏။

ဘွန်းက

'ဆိုရာယာ ကျုပ်နဲ့ မင်းစကားပြောမှုရမယ်'

ဘွန်းနှင့် ဆိုရာယာတို့သည် ဒီရွှန်၏ ဓာတ်ခွဲခန်းလေးထဲမှ ထွက်ပြီး မီးဖိုချောင် ဘက် လာခဲ့ကြ၏။

ဘွန်းက

'ကျုပ်သွားနေတုန်း မင်းနဲ့ ဒီရွှန်တို့ စကားလက်ဆုံ ကျနေကြသေးလား'

ဆိုရာယာက

'ရှင် ဆိုလိုတာက ဒီရွှန်က ကျွန်မဆီက သတင်း အချက်အလက်ရအောင် အစ်အောက် မေးသလားလို့ မေးတာလား'

ဘွန်းက

'ကျုပ်က သူ့ကို အဲဒီလို ခိုင်းထား သလားလို့ မေးတာလား'

'ဟုတ်တယ်'

'အမှန်အတိုင်း ပြောရရင် ကျုပ် ခိုင်းမထားပါဘူး'

ဆိုရာယာက ခေါင်းဆတ်ပြ၏။

'သူကလည်း မမေးပါဘူး'

ဆိုရာယာသည် ဘာမှ မပြောတော့ဘဲ စောင့်နေ၏။

ဘွန်းကပင် စတင်၍

'မင်းနဲ့ ကင်တို့ဟာ ရင်းနှီး ပတ်သက်သလား'

ဆိုရာယာသည် ခေါင်းတစ်ဖက် စောင်းလိုက်ပြီး နှုတ်ခမ်းကို ကိုက်သည်။ ပြီးမှ

'ရှင်က ဘာဂရုစိုက်စရာ ရှိတာမှတ်လို့၊ ရှင့်အတွက်တော့ တင်ဟာ သစ္စာဖောက် တစ်ယောက်လို့ သတ်မှတ် ထားပြီပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ဆိုရာယာ၊ ကျုပ် ပြောတာ နားထောင်၊ ဒီကိစ္စမှာ သစ္စာဖောက်တဲ့ သူက တစ်ယောက်ပဲ ရှိတယ်၊ တင် ဒါမှမဟုတ် ကျုပ်ပဲ၊ ကျုပ် မဟုတ်တာတော့ အမှန်ပဲလေ'

ဆိုရာယာသည် မကျေမနပ်နှင့်

'ဒါဆိုရင် ရှင်က ဘာဖြစ်လို့ စီဗစ်ကို အချုပ်ခန်းထဲက အပြင်ကို ထုတ်ရတာလဲ'

'ကျုပ် အယူအဆက ဆီဗစ်ကို အချုပ်ခန်းရဲ့ အပြင်ဘက် လွတ်လပ်တဲ့ အရသာကို တွေ့ထိစေချင်လို့ပဲ'

'ဪ ဒါကြောင့်လား၊ ကျွန်မတော့ မယုံပါဘူး'

ဘွန်းသည် မျက်မှောင် ကြုတ်လိုက်၏။ မာရီယာ သေဆုံးပြီးသည့်နောက် သူ့ အတွေးအခေါ်၊ အဆုံးအဖြတ် များသည် မှန်မှ မှန်ပါ့မလားဟု တွေးမိ၏။ သို့သော် သူက

'မင်း မယုံတာတော့ မတတ်နိုင်ဘူး၊ အဲဒါက အမှန်ပါပဲ'

ဆိုရာယာက

'ကျွန်မ ယုံတာ မယုံတာ ထားလိုက် ပါတော့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ် ခေါင်းဆောင် အဘိုးကြီးကို ရှင် ဘယ်လို ရှင်းမလဲ၊ ဆက်ဆံမလဲ'

'အဲဒါလည်း အရေးမကြီးတော့ပါဘူး၊ အဘိုးကြီးက တစ်ပိုင်း တန်းလန်း ကိစ္စ မှန်သမျှ သိပ်မုန်းတဲ့ဟာကိုး'

ဆိုရာယာသည် ခေါင်းငုံ့လိုက်ပြီးမှ

'ကျွန်မက တင်ကို မုန်တိုင်း အော်ပရေးရှင်း အတွက် အာမခံပြီး ခေါ်သွင်း လာခဲ့တာ'

ဘွန်းသည် ငြိမ်သွား၏။

ဘွန်းသည် တိုက်ပွဲဝင် အေးဂျင့် တစ်ဦး ဖြစ်သည်။ သူ့ထံမှ ဆိုရာယာက ဝမ်းနည်းမှုတို့၊ မျက်ရည်တို့ မျှော်လင့်၍ မရနိုင်ပါ။ သို့တိုင် စိတ်ခံစားမှု တစ်ခုရှိကြောင်း ထင်ရှားနေ၏။ သည်တော့မှ ဆိုရာယာ တွေးမိသွားသည်။ ဘွန်းသည် မကြာမတင်ကမှ ဇနီးသည် သေဆုံးသွားခဲ့ သည့် အကြောင်း၊ ထိုသို့ တွေးမိပြီး ဆိုရာ ယာ ရှက်သွား၏။ ပြီးမှ မပြော မဖြစ်သည်နှင့်

'တင်နဲ့ ကျွန်မတို့က ကျောင်းမှာ အတူ ဆုံခဲ့ကြတာပါ၊ ကျောင်းသားနဲ့ ကျောင်းသူ ဆိုတဲ့ သဘောပါပဲ'

ဘွန်းက



'တင်ဟာ မုန်တိုင်း (တိုင်ဖွန်း) အတွက် သင့်တော်တဲ့သူ မဟုတ်ဘူးလေ

'ဟုတ်ပါတယ်၊ တင်ဟာ ကွင်းဆင်း အေးဂျင့် တစ်ယောက်တော့ မဖြ နိုင်ပါဘူး'

'ကျုပ်တို့ ဒါတွေ ပြောနေလို့ မဖြစ် ဘူးလေ၊ တကယ်တော့ ကျုပ်တို့ နှစ်ယောက် တိုက်ပွဲအတွင်းမှာ တစ်ယောက် အသက် တစ်ယောက်က ကယ် ကြဖူးတယ်၊ လမ်းမှာ မင်းက ကျုပ်ကို သတ်ဖို့ လုပ်ဖူးတယ်၊ တကယ်တော့ ကျုပ်တို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် မယုံကြည်ကြဘူး'

ဆိုရာယာက

'ကျွန်မက ရှင့်မှာ တွယ်ပေးလိုက်တဲ့ နက် (Net) ကို ဖယ်ရှားပေးတယ် ရှင်က ကျွန်မကို ဒီရွှန်ဆီ ခေါ်လာတယ်၊ အဲဒါ ရှင့်ဘက်က ယုံကြည်မှု ဖြစ် သဘောလား'

ဘွန်းက

'ဒီမယ် ဆိုရာယာ စီဗစ်ကို ချုပ်ထားတုန်းက သူ့ပုံတွေကို ရိုက်ထားတယ် မဟုတ်လား'

ဆိုရာယာသည် ခေါင်းညိတ်ပြလိုက်၏။

ဘွန်းက

'အိုကေ ဒါဆိုရင် တိုင်ဖွန်း(မုန်တိုင်း) ကို ဆက်သွယ်၊ အဲဒီ ပုံတွေကို မင်းရဲ့ တယ်လီဖုန်းထဲ ပို့လိုက်ဖို့ပြော၊ နောက် တင်ဟတ်နာ ရယူထားတဲ့ စီဗစ်ရဲ့ ဆိုက်ဘာ စာလုံးတွေလည်း တောင်းလိုက်'

'ဌာနချုပ်က သတင်း အချက်အလက်ကို အသေအချာ ထိန်းချုပ်ထား တာ၊ မျှဝေဖြန့်ဝေလို့ မရဘူးဆိုတာ ရှင် မေ့နေပြီလား'

ဘွန်းက

'မင်း ရအောင် လုပ်နိုင်ပါတယ်၊ ကျုပ် ယုံတယ်'

ဆိုရာယာလည်း အဖွဲ့ချုပ်မှ အန်နာ ထံ ဖုန်းဆက် အကူအညီ တောင်း ရ၏။ စကားတွေ အများကြီး ပြောပြီးမှ အန်နာက သဘောတူပြီး သတင်း အချက် အလက်များ ပို့ပေးသည်။

ဆိုရာယာက

'ရှင် လိုချင်တဲ့ ဒေတာ အချက် အလက်တွေ အားလုံး ပြီ

ဘွန်းက ဆိုရာယာ၏ လက်ကိုင်ဖုန်း ကို ယူပြီး အမေသို့ ရောက်နေ ဖြစ်သော ဒီရွှန်ကို ပေးသည်။ ဒီရွှန်သည် သူတို့နှစ်ဦးအား သူ၏ တွန်

www.burmeseclassic.com

www.burmeseclassic.com



ရွှေသို့ ခေါ်သွားပြီး ဆိုရာယာ ဖုန်းထဲမှ အချက်အလက်များကို ကွန်ပျူတာထဲသို့ ထည့်သည်။ ပြီးမှ ထုတ်ပြသည်။

ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် စီဗစ်၏ မျက်နှာ ပေါ်လာ၏။

ဘွန်း အသေအချာ စစ်ဆေးကြည့်လိုက်ရာ မျက်လုံးထောင့် မျက်လွှာ၏အစပ်တွင် ပျပျကလေး ဟာနေ၏။

ဘွန်းသည် ကြိတ်၍ ရယ်လိုက်မိ၏။

ထိုစဉ် ဆိုရာယာ ဖုန်းမြည်လာ၍ နားထောင်သည်။ ပြီးမှ

'ခုပဲ ဓာတ်ခွဲခန်းက အစီရင်ခံစာ ရပြီတဲ့၊ ဟမ်းမားကား တစ်စီးလုံးမှာ စီဖိုး ပေါက်ကွဲ ပစ္စည်းတွေ အပြည့်တဲ့'

ဘွန်းက

'ဒါကြောင့် သူတို့ဆီက တုံ့ပြန်မှု မရတာပဲ ဖြစ်မယ်'

ဆိုရာယာက

'စီဗစ်နဲ့အဖွဲ့ဟာ အကြမ်းဖက် ဖောက်ခွဲရေးသမားတွေ ဖြစ်မယ်ထင်တယ်'

ဘွန်းက

'ဟုတ်ချင်မှ ဟုတ်မယ်နော်၊ ဒီမှာ လာကြည့်'

ဘွန်းက အနီးကပ် ချဲ့ထားသော စီဗစ်၏ မျက်လုံး တစ်နေရာကို ပြသည်။

'မျက်လွှာကြည် အဖျားလေးမှာ နည်းနည်း ကွာနေတယ်၊ သဘောက စီဗစ်ဟာ အရောင် မျက်လွှာကြည် အတု တပ်ဆင်ထားတာပဲ'

ဘွန်းက ဆိုရာယာကို စိုက်ကြည့်ပြီး

'စီဗစ်ဟာ ဘာကြောင့် ရုပ်ဖျက်ထား ရတာလဲ၊ သူဟာ စီဗစ်အစစ်မဟုတ်လို့ပဲ ဖြစ်ရမယ်'

ဆိုရာယာသည် တွေနေ၏။

'ကျွန်မ စဉ်းစားနေပါတယ်'

ဘွန်းက

'ရုပ်ဖျက်တာရယ်၊ သိပ်ပြီး စနစ်ကျတဲ့ စီစဉ်မှုတွေရယ်၊ တမင် ရည်ရွယ်တိုက်ခိုက်တဲ့ ဗုံးခွဲမှုတွေရယ် ပေါင်းလိုက်ရင်'

ဆိုရာယာက

'တောထဲမှာ ဆိုရင် မြွေမြွေချင်းမှ ခြေမြင်သတဲ့'

ဘွန်းက ခေါင်းညိတ်ပြရင်း စီဗစ်၏ ပုံကို ကြည့်ကာ

'ဟုတ်တယ်၊ ကျုပ်တို့ လက်ထဲတောင် ဖာဒီ ရောက်လာခဲ့တာပါလား'



ဆိုရာယာသည်လည်း အပြင်းအထန် တွေးနေ၏။

'ဒါဆိုရင် ပေါက်ကွဲမှုထဲမှာလည်း စီဗစ် ပါမသွားနိုင်ဘူး'

'သေချာသလောက် ပါပဲ၊ ဟမ်းမား ကားထဲက သူ လစ်ထွက် သွားနိုင်တဲ့အချိန်တွေ ရှိနေတယ်'

ဆိုရာယာက

'သူ့အတွက် တခြား ကားတစ်စီးက အသင့် စောင့်ထားပြီးသား ဖြစ်မှာပေါ့'

'စုံစမ်းခိုင်းကြည့်လေ၊ ဒါပေမဲ့ ခြေရာခံလို့တော့ ရနိုင်မယ် မထင်ပါဘူး'

ဘွန်း စိတ်ထဲတွင် အတွေးများသည် ပို၍ ရှင်းလင်းလာ၏။ ဖာဒီသည် ဟမ်းမား ကားထဲတွင် ဖောက်ခွဲရေး ဗုံးများ ထည့် ၍ စီအိုင်မှ ပုဂ္ဂိုလ်များကို ရှင်းပစ်နိုင် သလောက် ရှင်းပစ်ရန် ရည်ရွယ်ခဲ့ပုံ ရသည်။

ဘွန်းက

'စီဗစ် ဟမ်းမားကားပေါ်က ဘယ်နားမှာ လစ်ပြေးနိုင်သလဲ ဆိုတာ မှန်းဆဖို့ ခက်သားပဲ'

ဆိုရာယာ ခေါင်းညိတ်ပြ၏။

'ကျွန်မ အခုပဲ ဌာနချုပ်ကို ဆက်ပြီး ဟမ်းမားကား စီဗစ်ကို စတင်သွားတဲ့နေရာက နောက်ဆုံး နေရာအထိ အသေး စိတ် စုံစမ်းဖို့ ခိုင်းလိုက်မယ်'

ပြောပြောဆိုဆို ဆိုရာယာသည် သူမ ဖုန်းမှ တစ်ဆင့် အဖွဲ့ချုပ်သို့ သွယ်၍ ညွှန်ကြား ချက်ပေး၏။ တစ်ဖက်မှ စကားသံများကိုလည်း နားထောင်နေရ၏။ ဖုန်းပြောပြီးသည့်နောက် ဘွန်းကို ကြည့်၍

'ဂျေဆင် ကျွန်မတို့ စီအိုင်အတွင်းမှာ အပြောင်းအလဲတွေ ရှိနေတယ်၊ အဘိုး ကြီးကလည်း စီဗစ်ကိစ္စမှာ ရှင့်အပေါ် အပြစ် ဖို့နေတယ်'

ဘွန်းက

'သဘာဝ ကျပါတယ်၊ ကျုပ်ကလည်း မာတင် လင်းဒရိုစ် ကိစ္စသာ မရှိရင် အဖွဲ့ ချုပ် အတွက် ဖြစ်ဖြစ်၊ မုန်တိုင်း (တိုင်ဖွန်း) အတွက်ပဲ ဖြစ်ဖြစ် ဘာမှ လုပ်ပေး စရာ မရှိဘူး၊ ဒါပေမဲ့ မာတင်ဟာ ကျုပ်ရဲ့ မိတ်ဆွေ ဖြစ်နေတယ်၊ သူက ကျုပ်ကို ယုံတယ်၊ အဖွဲ့ချုပ်က ကျုပ်ကို မယုံကြည်တော့ဘဲ အပြောတွေ ရှင်းနေတဲ့ အချိန်မှာ သူပဲ ကျုပ်ကို ယုံကြည်ခဲ့တယ်၊ သူ ဒုက္ခ ရောက်နေချိန်မှာ ကျုပ် ပစ်မထားနိုင်ဘူး၊ ဒါပေမဲ့ ကျုပ် ကျိန်ဆို ပါတယ်ဗျာ၊ ဒါ စီအိုင် ထောက်လှမ်းရေး အဖွဲ့ချုပ်အတွက် ကျုပ် နောက်ဆုံး ထောက်လှမ်း ပေးချက်ပါပဲ

www.burmeseclassic.com



မာတင်လင်းဒရိုစ် အတွက်မူ အရိပ်များသည် မိုးတိမ်အောက်မှာ ပျောက်ကွယ်နေ၏။ ကန်ရေ မျက်နှာပြင်ပေါ်ရှိ မိုးတိမ်၏ အရိပ်သည် ထိုသို့ပင်။ ပြင်းထန်သော ဝေဒနာ ခံစားရ၏။ သွားစိုက်ဆရာက နာကျင်နေသော သွားကို လွန်ပူစက်ဖြင့် တိုက်လိုက်သကဲ့သို့ ခံစားရ၏။ ပြင်းထန် သော ထိုဝေဒနာများသည် မာတင်လင်းဒရိုစ်၏ စိတ်အာရုံထဲ၌ ကောင်းစွာ မထင်။ မာတင်၏ စိတ်အာရုံသည် ရေကန်ပြင်ထက်မှ ထရောက်ငါးကို ဖမ်းနေခြင်းတွင် စူးစိုက်နေ၏။ သူသည် ငါးမျှားတံကို ရုတ်လိုက်သော အခါ ငါးမျှားတံသည် လေးကိုင်းသဖွယ် ညွတ်ကွေးသွား၏။ နောက် လျှော့လိုက်သောအခါ ဖြောင့်တန်း သွားမြဲ ဖြစ်သည်။ သူ့ဖခင် သင်ကြားထားသည့် အတိုင်း ဖြစ်သည်။ ဤသို့ လျှော့လိုက်၊ တင်းလိုက် ပြုလုပ်ခြင်းက ဖမ်းမိလာသော ငါးကို မောပန်းစေ၏။ ဘယ်လောက်ပဲ ရုန်းကန်အား ကောင်းသည့် ငါးဖြစ်စေ၊ စနစ်တကျ စိတ်ရှည် လက်ရှည်ဖြင့် အလျှော့အတင်း လုပ်ပေးပါက နောက်ဆုံး ငါးကို မိရစမြဲ ဖြစ်သည်။

အမှောင်ထုသည် သူ့အပေါ်၌ ကပ်၍ လွှမ်းခြုံထားသလို မာတင် ခံစားရ၏။ တစိမ့်စိမ့် အေးမြမှုကြောင့် မာတင်သည် သူ့စိတ်အာရုံနှင့် ငါးမျှားနေခြင်းကို ပို၍ ပို၍ အားပြုနေရ၏။

မာတင် လင်းဒရိုစ်၏ ဖခင်သည် မာတင်အား ငါးမျှားခြင်း အပြင် တခြားကိစ္စ ပညာရပ်များစွာကို သင်ကြားပေးခဲ့သူ ဖြစ်ပါသည်။ ဖခင်ကြီး အော်စကာ လင်းဒရိုစ် ဗော့လ်လိုင်းသည် ပုဂ္ဂလိက လုံခြုံရေး အေဂျင်စီကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သူ ဖြစ်သည်။ ဗောလ်လိုင်း၏ အမှုသည်များမှာ ထင်ရှားသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ ဖြစ်ပြီး သူတို့၏ လုပ်ငန်း၊ သူတို့၏ အသက်အန္တရာယ် ဘေးရန်တို့ မကြာခဏ ကြုံတွေ့ရသူများ ဖြစ်ကြပါသည်။ သူတို့ ကြုံတွေ့ လာရသော ပြဿနာ အန္တရာယ်တို့မှာ တမ္ဘာ့နေရာ အနှံ့အပြားမှာ ကြုံတွေ့ကြရသည်။ ထိုအခါ အော်စကာလင်းဒရိုစ် သို့မဟုတ် သူ့ရဲ့ အေဂျင့် တစ်ဦးဦးသည် ထိုလုပ်ငန်း ရှင်ကြီး၏ ပြဿနာကို ဖြေရှင်းခြင်း၊ အသက်အန္တရာယ်ကို ကာကွယ်ပေးခြင်းများ ပြုလုပ်ကြရ၏။ လှေ၏ တစ်ဖက်ခြမ်းဘက်သို့ ကိုင်းညွှတ်လိုက်သောအခါ မာတင်လင်းဒရိုစ် သည် ငါးမျှားတံ၊ ငါးမျှားကြိုး အပြင် ငွေရောင် လင်းလက်နေသည့် ထရောက် (ငါးသလောက် တစ်မျိုး) ကို လှမ်းမြင်ရပါသည်။ ငါးကြီးမှာ အတော် ကြီးမားသည့် ငါးကြီး ဖြစ်ပါသည်။ မာတင် ဖမ်းမိဖူးသမျှ ထဲတွင် အကြီးမားဆုံး



...င်သည်။ ငါးကြီး၏ တြိဂံပုံ ဦးခေါင်း၊ ဟပြဲလိုက် ပြန်စေ့လိုက် လုပ်နေ ...ာ ဝါးစပ်တို့ကို မြင်နေရသည်။ မာတင် ငါးမျှားကြိုးကို သုတ်လိုက်ရာ ...ေါ်သို့ အခိုက်အတန့် ပေါ်လာခိုက် မြင်ရခြင်း ဖြစ်သည်။ ခရီး ထက်ဝက် ...ုတ်နေပြီ ဖြစ်သည်။

အရွယ်ရောက်စကပင် မာတင်လင်းဒရိုစ်သည် စပိုင်လုပ်ရန် စိတ်ဝင်စား ...ည်။ စိတ်အား ထက်သန်သည်။ မာတင်၏ စိတ်အား ထက်သန်မှုသည် ...ကြီး အော်စကာ လင်းဒရိုစ်ကို ရိုက်ခတ်မှု ဖြစ်ပြီး သားဖြစ်သူကို ...ော်စကာ လင်းဒရိုစ်က သူ့သားကို စပိုင် တစ်ယောက်၏ အရည်အသွေးမှာ ...အာရုံပြောင်းထားနိုင်မှု ဖြစ်ကြောင်း ရှင်းပြ၏။ ကြုံတွေ့ ရင်ဆိုင်နေရ ... အခက်အခဲ အခြေအနေမှ ရွှေ့ပြောင်း၍ အာရုံ လမ်းကြောင်းကို ...တ်မှ တစ်ဆင့် ပြောင်းခြင်း ဖြစ်သည်။ ပြင်းထန်သော ကိုယ်ကာယ ...ဝေဒနာမှ အာရုံ လွှဲပြောင်းရန် အတွေးအာရုံ လမ်းကြောင်းမှာ ပီပြင် ... တိကျဖို့ လိုသည်။ အမှန်အစစ် ဖြစ်ရန်လည်း လိုသည်။ ထိုသို့ ...ာမှာ လမ်းကြောင်းမှန်ပေါ်သို့ မပြောင်းလဲနိုင်ပါက နှိပ်စက်ညှဉ်းပန်းမှု ...ကို မခံနိုင်တော့ဘဲ စပိုင် တစ်ယောက်သည် အရှုံးပေး၊ ဖြောင့်ချက် ...ခြင်း သော်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ရူးသွပ်သွားမှုလည်း ဖြစ်နိုင် ...ည်။

...ခုလက်ရှိ ဘဝမှာ ထို အခြေအနေ ၌ မာတင် လင်းဒရိုစ် ရောက်နေ၏။ ...င် လင်းဒရိုင်ကို ဖမ်းဆီးခံခဲ့ရပြီးသည့်နောက် ဤ အရပ်ဒေသသို့ ...ာ ကတည်းက ဖြစ်သည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ နှိပ်စက် ...မှု ဒဏ်ကြောင့် ပြင်းထန်သော နာကျင်မှု ဝေဒနာ ခံစားရ၏။ ... အလိမ်းလိမ်း ဖြစ်နေ၏။

...ောက်ထဲတွင်မူ မာတင်လင်းဒရိုစ်သည် ထရောက်ငါးကို ဖမ်းဆီးရမိ ...ဖြစ်သည်။ လှေ၏ ဝမ်းဗိုက်တွင်းမှာပင် ရောက်ရှိနေပြီ ဖြစ်၏။ မာတင် ...ရိုစ် သည် ကိုယ်ကို ကိုင်းညွှတ်၍ ထရောက် ငါးပါးစပ်မှ ငါးမျှားချိတ်ကို ... ငါးမျှားချိတ် ဖြုတ်လိုက်သော ထရောက်ငါးသည် မာတင်အတွက် ...တော့။ မာတင်သည် ငါးမျှားချိတ်တွင် အစာတပ်ပြီး ရေကန်ပြင် ...သို့ ငါးမျှားတံဖြင့် လှမ်းပစ်လိုက်၏။ သူသည် ဤသို့ အဆက်မပြတ် ...ဖို့ လိုအပ်သည်။ မဟုတ်ပါက ခံစားမှု ဝေဒနာဆိုးများသည် မုန်တိုင်း ...သို့ သူ့အပေါ် ကျရောက် လာမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်သွား ခရီးသည်တင် လေယာဉ်ပေါ် ထိုင်နေသော ဂျေဆင်ဘွန်းသည် 'မနှောင့်ယှက်ပါနှင့်' ဟူသော စာတန်း ချိတ်ဆွဲလိုက်ပြီးနောက် ပါလာသော ပီအက်စ် ၃ ဒီရွန်၏ စက်ကို ထုတ်လိုက်သည်။ သည်စက်ကလေးမှာ သူတို့ ဌာနချုပ် ဒီစီအိုင်မှ အကျွမ်းကျင်ဆုံး နည်းပညာရှင်များက အဆင့်မြှင့်စက် ဖြစ်ပေသည်။

ဒီရွန် စက်ကလေးသည် ဂျေဆင်ဘွန်းအတွက် သီးခြား မှတ်ပုံတင် ပတ်စ်ပို့ ၃ ခု ပြုလုပ်ထုတ်ပေး၏။ ပတ်စ်ပို့ထဲမှာ ကပ်ထားသော ဓာတ်ပုံရှင်မှာ ဂျေဆင်ဘွန်းနှင့် ပကတိ ရုပ်လက္ခဏာနှင့် လုံးဝ မတူ ကွဲပြားကြ၏။ သူတို့ အထူး မိတ်ကပ်များ လိမ်းခြယ်၊ အရောင်ပါ မျက်ကပ်မှန်မှာလည်း ပုံစံမှအ စနစ်တကျ စစ်ဆေးရန် မရနိုင်လောက်အောင် ပြုပြင် ပြောင်းလဲပြီး ဖြစ်သည်။ ဒီရွန်သည် ဂျေဆင်ဘွန်း အတွက် အထူးပြုလုပ်ထားသည့် ရော်ဘာကျည်ဆံ နှင့် ပစ်ခတ်နိုင်သည့် ပလတ်စတစ် သေနတ်တစ်လက်လည်း ပေးအပ်လိုက် သေး၏။ ထိုသေနတ်ဖြင့် ချက်ကောင်းကို ထိမှန်အောင် ပစ်ခတ်နိုင်ပါ မှန်ယို တိုက်ခိုက်လာသော ဆင်ရိုင်းကိုပင် ဗုန်းဗုန်း လဲကျနိုင်သည့် စွမ်းအား ရှိ၏။

ဘွန်းသည် စက်ကလေးကို ဖွင့်၍ အတွင်းမှ ဟီရန်စီဗစ်(ဝါ) အကြမ်းဖက် သမားကြီး ဖာဒီ၏ ရုပ်ပုံလွှာကို ထုတ်ကြည့်၏။ အင်အား ကြီးမား အန္တရာယ် ပေးနိုင်စွမ်းရှိသော အကြမ်းဖက် သမားကြီး ဖာဒီသည် နှစ်ပေါင်းများစွာအတွင်း မည်မျှ မည်မျှသော ရုပ်ပြောင်း ရုပ်လွှဲများ လုပ်ခဲ့လေမည်ကို မှန်းဆ၍ မရပါ။ စက်ထဲတွင် ဆိုရာယာ ထည့်ပေးလိုက် သည့် ဒူးကျော ပစ်ခတ်မှုကာ အတွင်း ဝန်းကျင် တစ်ဝိုက် ရိုက်ကူးထားသော ရုပ်ပုံများ၊ လူများကို ရှာ ကြည့်ရှုနေရ၏။ သူကိုယ်တိုင်လည်း ဤကဲ့သို့ ထောက်လှမ်းရေး လျှို့ဝှ ရိုက်ကူးထားသော ဓာတ်ပုံ သတင်း မှတ်တမ်းများထဲတွင် အကြိမ်ကြိမ် ပါခဲ့ သား ဖြစ်သည်။ သို့သော် ဂျေဆင်ဘွန်း စိတ်မပူပါ။ ပုတ်သင်ညို ဟူသ အကြိမ်ကြိမ် အရောင်ပြောင်း နိုင်သည် မဟုတ်ပါလား။ သူသည် ပုတ်သင် ဖြစ်သည်။ အကြမ်းဖက် ခေါင်းဆောင်ကြီး ဖာဒီသည်လည်း ပုတ်သင်ညို တစ်ကောင်ပင် ဖြစ်ပါ၏။

ဂျေဆင်ဘွန်းသည် အကြာကြီး ကြည့်နေ၏။ သူ မည်မျှ ကြိုးစား အာ နေသော်လည်း ပင်ပန်းမှုဒဏ်ကြောင့် သူ အိပ်ပျော်သွားလေ၏။

မာရီ သူ့ထံ ရောက်လာ၏။



...ဆင်က မာရီကို ပြောသည်။ 'ကျုပ် လိုချင်တာကို မင်း ရအောင် လုပ် ...နိုင်ပါတယ်၊ မင်းအပေါ်မှာ ကိုယ် ယုံကြည်မှု အပြည့်အဝ ရှိပါတယ်'

*...ရီ၏ မျက်ဝန်းအစုံတွင် ထိတ်လန့်ခြင်း၊ အရိပ်အယောင်များ ...သိမ်းနေ၏။ တစ်ချိန်တည်းတွင် သတ္တိသွေးခဲနှင့် ခိုင်မာသော ဆုံးဖြတ် ...တို့ကိုလည်း တွေ့ရ၏။ မာရီသည် ဘယ်လောက် အန္တရာယ်တွေကို ...နိုင်ရသည် ဖြစ်စေ သူခိုင်းသည်ကို လုပ်ပေးမည် ဖြစ်သည်။ ဂျေဆင်ဘွန်း ...ဆတ်ပြီး နှုတ်ဆက် လိုက်သည်။ မာရီ ပျောက်ကွယ်သွား၏။*

*...ဆင်သည် လမ်း အမှောင်ကြားတွင် ပြေးလွှားနေရ၏။ နောက်မှ ...လာသော ခြေသံများကို ကြားနေရသည်။ သူလက်ထဲတွင် တစ်စုံတစ်ရာ ...ထား၏။ တစ်စုံတစ်ရာမဟုတ် တစ်စုံတစ်ယောက် ဖြစ်နေသည်။ ...ဆွဲထား၏။ ...ထားသည်မှာ သွေးအလိမ်းလိမ်းနှင့် အမျိုးသမီးငယ် ဖြစ်သည်။ ...လေးသည် သူ့ကို တစ်စုံတစ်ရာ ပြောဖို့ ကြိုးစားနေသည်။ နောက်မှ ...လာသော ခြေသံ များကို နားစွင့်နေရသဖြင့် ဘာမှ မကြားရပါ။ တစ်ခုပဲ ...သည်။ ငါတို့တစ်တွေ သစ္စာဖောက်ခံနေရပြီ ဖြစ်၏။*

...

...လာနာ ဒီစီအိုင် ရုံးချုပ် အပြင်ခန်းသို့ ဝင်လာသောအခါ အင်နီဟဲ ... အချိန် အတော်ကြာမှ မော့ကြည့်၏။

...င်နီက

'...စီအိုင်က ကျွန်မကို တွေ့ချင်တယ်လို့ ရှင်က ပြောတယ်ဆို'

...နာက

'...မှန်အတိုင်း ပြောရရင် ကျုပ်က တွေ့ချင်တာပါ'

...င်နီဟဲက ထိုင်ရာမှ ထပြီး

'...တော်ဖီ သောက်မလား'

...နာက မျက်ခုံး ပင့်လိုက်ပြီး

'...င်းတို့ အင်္ဂလိပ်တွေက လက်ဖက် ရည်ပဲ သောက်တယ်ဆို'

...င်နီဟဲသည် မက်သရူးလာနာအား ရုံးခန်း တံခါး ဖွင့်ပေးလိုက်ပြီး ...ဝင်စေ၏။

'...ရှင် ကျွန်မ အပေါ် ထင်မြင်ယူဆချက် လွဲနေတာ ဖြစ်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း ရောက်သောအခါ အင်နီက လာနာအတွက် ကော်ဖီ တစ်ခွက် ဖျော်ပြီး ပေး၏။

လာနာက

'ဒါ ဒီရုံးရဲ့ ထုံးတမ်းစဉ်လာ တစ်ခုလား'

အင်နီက

'ကော်ဖီ သောက်လိုက်ပါ မက်သရူး၊ အီသီယိုးပီးယား ကော်ဖီက မြင်းတယ်၊ ကောင်းတယ်'

လာနာက

'ဒီမှာ မစ္စက်ဟဲ၊ ကျုပ်ရဲ့ အသစ် ထုတ်ပြန်လိုက်တဲ့ စည်းကမ်းမှာ ကျုပ်တို့ အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ခရစ္စတင်း နာမည်၊ ရှေ့နာမည်ကို ခေါ်ပြီး မသုံးစွဲရဘူး'

အင်နီက လာနာကို ကြည့်၍

'ရှင် ဒီဌာနရဲ့ တာဝန်ယူဖို့ တာဝန် ပေးတာ ခံရတယ်၊ အစစ အရာရာ ပြောင်းလဲဖို့ ဆိုတာ မလွယ်လှဘူးရှင့်၊ တချို့ဆိုရင် ပြောင်းဖို့ မဖြစ်နိုင်ဘူး'

လာနာက

'လိုရင်းကို ပြောပါလေ'

အင်နီသည် ကော်ဖီ တစ်ငုံ သောက်လိုက်ပြီးမှ

'ဒီမှာ မက်သရူး၊ ရှင်က မာတင်လင်းဒရို့စ် အကြောင်း မကောင်း ပြောဖို့ မတော်ဘူး ထင်တယ်'

'ဟုတ်လား သူက ဘာမို့လို့လဲ၊ ဘာတွေ ထူးခြားနေလို့လဲ'

'ဒီရုံးမှာ ရှင် တာဝန်ကျတာ ကြာပြီ ဆိုရင် ဒီမေးခွန်းကို မေးစရာ လိုမယ် မဟုတ်ဘူး'

'ကျုပ်တို့က မာတင် လင်းဒရို့စ် အကြောင်း ပြောစရာ လိုလို့လား၊ သူက သေများ သေသွားမလားမှ မသိတာ'

'ကျွန်မတို့ အတိအကျ မသိရသေးဘူးလေ၊ မာတင် လင်းဒရို့စ်ဟာ ဒီဌာနရဲ့ အကြီးအကဲပဲ'

'မာတင် လင်းဒရို့စ်ဟာ အဘိုးကြီးရဲ့ အားနည်းချက်ပဲဗျ၊ မာတင်လင်း ဒရို့စ်ရဲ့ လမ်းတွေက မမှန်ဘူး၊ ကျုပ်လမ်းကမှ မှန်တယ်'

လာနာသည် အင်နီဟဲကို တစ်ချက် ကြည့်ပြီးနောက်



'ကျုပ်က ဒီဌာန အကြီးအကဲ ဖြစ်နေပြီ၊ ကျုပ်တို့ အထောက်အထူ ပြုလုပ်ပေး ကြရဖို့ပဲရှိတယ်၊ နောက် ကျုပ်လို လက်ထောက် ညွှန်ကြား ရေးမှူးတစ်ယောက်ကို ကော်ဖီ တိုက်ပြီး ထင်မြင်ချက်တွေ ပေးစရာ မလိုဘူး'

တင်လိုဗတ်သည် မီး လောင်ကျွမ်းသော ဟိုတယ်မှ ရရှိသမျှသော အညွှန်းများကို အထူး ဓာတ်ခွဲခန်း၌ စစ်ဆေးနေ၏။

ထိုစဉ် အခန်းထဲသို့ ရဲစုံထောက် အိုဗာတန် ဝင်လာ၏။

'ဘာများ လေ့လာတွေ့ရှိရသေးသလဲ'

'နောက် တစ်မိနစ်လောက် ဆိုရင် လောင်ကျွမ်းစေတဲ့ ဘာပစ္စည်း သုံးစွဲခဲ့တယ်ဆိုတာ သိရမှာပါ'

'အဲဒါက အမှုကို ဘယ်လို အထောက်အကူ ပြုနိုင်မှာလဲ'

တင်လိုဗက်က

'ရှင် ဒီအမှုကို ပြည်ထဲရေး လုံခြုံရေး အဖွဲ့ကို လွှဲလိုက်ပြီဆို'

အိုဗာတန်က

'တကယ် ကြီးကျယ်တဲ့ ငနဲတွေပဲဗျာ၊ သူတို့နှစ်ယောက် ကျုပ်ရဲ့ ရုံးထိုင်ခန်းထဲ ရောက်လာပြီး ကျုပ်ရဲ့ မှတ်စုတွေ အားလုံး ပေးအပ်ဖို့ ပြောတယ်၊ ကျုပ်က မျှော်လင့်ထားပြီးသားပါ၊ ဒါကြောင့် ကျုပ်က မှတ်စုကို အရင်ကတည်း နှစ်စုံလုပ်ထား ပြီးသား၊ ကျုပ်ကိုယ်တိုင် ဒီအမှုကို ဖြေရှင်း ပြီး သူတို့တွေရဲ့ မျက်နှာကို ပြလိုက်ချင်တာ'

ထိုစဉ် ဓာတ်ခွဲခန်း စစ်ချက် ထွက်လာ၏။ ကင်လိုဗတ်သည် အသေ အချာ ကြည့်ပြီးနောက်

'လောင်စာစွမ်းအားက တအား ပြင်းထန်လွန်းအား ကြီးတယ်၊ သာမန် လောင်စာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မတို့ တစ်ခန်းလုံးထဲမှာ ဘာမှရှာလို့ မတွေ့နိုင်တာပေါ့၊ ဒါထက် စိတ်ဝင်စားစရာ ပစ္စည်းက ရှိသေးတယ်'

တင်လိုဗတ်သည် လက်ဆေးကန် အတွင်းမှ နှိုက်ယူ ရရှိခဲ့သော သွားတု တစ်ချောင်းကို ပြ၏။

အိုဗာတန်က

'ဒါဆိုလည်း ကျုပ်တို့က ဂျေကော့နဲ့ ဆီးလ်ဗား ညီနောင် လာခဲ့ကြတယ် ဆိုတဲ့ အမ်စတာဒမ်ကို လှမ်းစုံစမ်းပြီး သူတို့ရဲ့ အကျိုးအကြောင်း သိရတော့ မှာပေါ့'

တင်လိုဗတ်က

www.burmeseclassic.com

www.burmeseclassic.com



'ဒီပစ္စည်းဟာ အံကပ် မဟုတ်ဘူးရှင့်'

'ဒါဆိုရင် ဘာဖြစ်နိုင်မလဲဟင်'

'ကျွန်မ မိတ်ဆွေ တစ်ယောက်ဆီကို ဆက်သွယ် ကြည့်ပါဦးမယ်၊ သူကတော့ ပြောနိုင်မယ် ထင်ပါတယ်'

'သူက ဘာလုပ်ဖို့လဲ'

ဂျေဆင်ဘွန်းသည် လန်ဒန်မှ အဒစ် ကအာဘာဘာကို ခရီးဆက်၏။ အဒစ် အာဘာဘာကို ခရီးဆက်၏။ အဒစ်ဘာဘာမှ ဒီဂျင်ဘိုတီကို ခရီးဆက်သည်။ သူသည် လုံးဝ အနားမယူခဲ့ဘဲ လင်းဒရိုစ်၏ လမ်းကြောင်းကို ခြေရာခံလိုက်နေခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် အင်နီဟဲလ်ဆီမှ ဆိုရာယာ ရရှိခဲ့သော တင်ဟာနာ ဖော်ထုတ်ဖို့ ကြိုးစားနေသည့် ဆိုက်ဘာအကြောင်း စီဗစ်ထံမှ ရရှိခဲ့သော ထိုဆိုက်ဘာသည် တကယ် အမှန်လောဟု စဉ်းစားစရာ ဖြစ်လာ၏။ တမင်သက်သက် သဲလွန်စ ရအောင် ချပေးလေသလောဟု တွေးမိသွား၏။ သူ စဉ်းစားရသမျှ အတွေးစ တစ်စတိုင်းသည် ခက်ခဲ နက်နဲနေ၏။ ခြေလှမ်းတစ်ချက်၊ အတွေး တစ်ချက် လွဲသည်နှင့် နွံထဲ နစ်သွားမည့် အနေအထား ဖြစ်နေသည်။

ဤသို့သော အခြေအနေကို သိလိုက် ရသည်နှင့် ဂျေဆင်ဘွန်းသည် ယခု သူ ရင်ဆိုင်နေရသော ရန်သူမှာ အလွန်ညာဏ်များ အစွမ်းအစ ကြီးမားသူ ဖြစ်ကြောင်း သိလာရ၏။ သူ၏ ရန်သူ ပြိုင်ဘက်ကြီး ကာလို့စ်နှင့် နှိုင်းယှဉ်ရမည့် လူစားမျိုးပါကလား။

သူမျက်စိ မှိတ်လိုက်သောအခါ မာရီ၏ ရုပ်သွင်သည် ချက်ချင်း ပေါ်လာ၏။ သူဒုက္ခရောက်စဉ် ညှဉ်းပန်း နှိပ်စက်မှုများ ခံနေရချိန်တွင် မာရီ၏ ရုပ်သွင်သည် ကျောက်ဆိုင် ကျောက်တိုင်ပမာ မှီခို အားထားစရာ ဖြစ်ခဲ့၏။ ယခုတော့ မာရီကား မရှိတော့ပြီ ဖြစ်၏။ စိတ်အာရုံ၌ ထင်မြင်လာသော မာရီ၏ ရုပ်သွင်ပင်လျှင် တဖြည်းဖြည်း မှိန်ဖျော့လာနေပြီ ဖြစ် သည်။ သူက အငမ်းမရ ဖက်တွယ်နေဆဲ ဖြစ်သည်။ စိတ်ခံစားမှု ဝေဒနာများ၊ ဝမ်းနည်း ကြေကွဲမှုများဖြင့် အတိပြီးနေ၏။ ထို့ကြောင့် ဒေါက်တာ ဆန်ဒါလန်က ဂျေဆင်ဘွန်းသည် ဘယ်လို လူစားမျိုး ဖြစ်ကြောင်း ခွဲခြမ်း စိတ်ဖြာ ပြခဲ့ခြင်း ဖြစ်သည်။



...ဆိုတိ ရောက်လာသော အခါ စီအိုင်မှ ရဟတ်ယာဉ်သည် ဆီ အပြည့် ...၍ အရန်သင့် စောင့်နေ၏။ ဂျေဆင် ဘွန်းသည် အပြေးအလွှား ရဟတ် ...ဉ်ပေါ် တက်ပြီး ခရီးဆက်ခဲ့၏။ အချိန်သည် နံနက် စောစောကြီး ဖြစ် ...သည်။ ဝါရှင်တန် မြို့တော် ဒီစီမှ သူထွက်ခွာရမည့် အချိန်။ သုံးရက်မြောက် ...နေ့တ် ဖြစ်သည်။ အနား လုံးဝ မရခဲ့တာ သူ့ တစ်ကိုယ်လုံးမှာ နာကျင် ...ကိုက်ခဲနေ၏။

စီဗစ်ထံမှ ရသော ဆိုက်ဘာသည် အစစ်အမှန်ပေလော။ ၎င်း ဆိုက်ဘာ ...ကို တင်ဟာနာက အဖြေရှာ ဖော်ထုတ် နိုင်ခဲ့ခြင်းကတော့ အစစ်အမှန် ...လား။ တင်ဟာနာ ကိုယ်တိုင်က သစ္စာဖောက်တစ်ဦး အဖြစ် သူဖော်ထုတ် ...ခဲ့သည် မဟုတ်ပါလား။ ဆိုက်ဘာမှ ရရှိလာသော သတင်းသည် အစစ် ...အမှန်ပေလား၊ တမင်လွဲမှားသော လမ်းကြောင်းသို့ ရောက်အောင် စီမံ ...ဆောင်ရွက်ချက်ပေလား။ ဒါမှမဟုတ် မာတင် လင်းဒရို့စ်၏ မှန်တိုင်း ...ဆင်ရေးကို လမ်းမှား ရောက်အောင် တမင် လုပ်ခဲ့လေသလား။

နံနက်စာ စား၊ နှင်းတောတိုးနိုင်သည့် အထူးဝတ်စုံ၊ ဖိနပ်များ ဝတ်ဆင် ...လိုက်ပါလာသော ဂျေဆင်ဘွန်း၏ ရဟတ်ယာဉ်သည် ဆင်မြင် ...ဘင်တန်းကြီးများ ဆီသို့ ရောက်လာနေပြီ ဖြစ်၏။ သည် အချိန်၌ ...ဆင်ဘွန်း၏ အတွေးသည် သူ့မိတ်ဆွေ ရဲဘော်ကြီး မာတင်လင်းဒရို့စ် ...ကြောင်း ဖြစ်သည်။ ဂျေဆင်ဘွန်း ဘဝ၊ သူ့ ဆရာသမား အဲလက် ...ဘာလင် လုပ်ကြံခံရပြီးသည့်နောက် ဂျေဆင်ဘွန်းကို မည်သူကမှ ...ကြည်တော့။ ဒီစီအိုင်၏ ညွှန်ချုပ် အဘိုးကြီးက ဂျေဆင်ဘွန်းကို ကမ္ဘာ ...နှင့် ခြေဆန့် ဖြန့်ကြက် ရှာပုံတော်ဖွင့် ရှင်းပစ်ရန် ကြိုးစားခဲ့၏။ ထိုအချိန် ...စီအိုင် (ဗဟိုထောက်လှမ်းရေး အဖွဲ့ချုပ်) တွင် သူ့ကို ယုံ၍ သူ့ဘက်မှ ...ရပ်တည်ခဲ့သူမှာ မာတင်လင်းဒရို့စ် တစ်ယောက်သာ ရှိ၏။ မာတင်လင်းဒရို့စ် ...ကြည်မှု ရပ်တည်မှုဖြင့် ဂျေဆင်ဘွန်း အရာရာကို ဖြေရှင်းကျော်လွှားနိုင်ခဲ့ ...ယခုသော်ကား မာတင်လင်းဒရို့စ် ဘယ်အရပ်ဒေသတွင် ရောက်ရှိပြီး ...ဘွေ့ ဖြစ်နေမည် မသိရသေးပါ။ မာတင်လင်းဒရို့စ် ရှင်သည် ဖြစ်စေ ...ဆုံးသည် ဖြစ်စေ ဂျေဆင်ဘွန်းသည် မရ အရ ပြန်လည် ခေါ်ဆောင်မည်ဟု ...စွာ ဆုံးဖြတ်ထား၏။

သူတို့၏ ရဟတ်ယာဉ်သည် မာတင်လင်းဒရို့စ်တို့၏ စကော်ပီယံ ...အစီး နှစ်စင်း ရှိရာသို့ ရောက်လာ၏။ ရဟတ်ယာဉ် တစ်စင်းမှာ ရစရာ ...အောင် ပျက်စီးနေပြီ ဖြစ်သည်။ ရဟတ်ယာဉ်မှူး ...ဖေးဗစ်က

www.burmeseclassic.com

www.burmeseclassic.com



'ဒီလို ဖွက်စီးနိုင်တာ မြေပြင်က ဝေဟင်ပစ် ဒုံးကျည်နဲ့မှ ပစ်ခတ်ဖျက်ဆီး နိုင်တာ'

ဆိုရာယာ၏ အယူအဆသည် မှန်သွားပြန်၏။

ဤကဲ့သို့သော လက်နက် ပစ္စည်းများမှာ တော်ရုံတန်ရုံ လူဆိုးဂိုဏ်းများ ကိုင်ဆောင် သုံးစွဲနိုင်သည်မဟုတ်၊ အဆင့်မြင့် စနစ်တကျ ဖွဲ့စည်းပြီး ငွေရေးကြေးရေးပါ ပြည့်စုံသည့် အကြမ်းဖက် အဖွဲ့အစည်း မျိုးကသာ ကိုင်တွယ်သုံးစွဲနိုင်မည် ဖြစ်၏။

ဂျေဆင်ဘွန်းက ရဟတ်ယာဉ်ပျက် နံဘေးမှာ ရှိသော ဒုတိယ တစ်စင်းကို လှမ်းပြပြီး

'အဲဒီ တစ်စင်းကတော့ တိုက်ရိုက် အပစ်ခံရပုံ မရဘူးကွ'

ဒေးဗစ်က

'အခု အပေါ်က မြင်ရသလောက် ပြောရရင် အဲဒီရဟတ်ယာဉ်က စကော်ပီယံ တစ်ပဲ'

ဂျေဆင်ဘွန်း တောင်ကြော တစ်လျှောက်သို့ ရဟတ်ယာဉ်ကို ဝဲပျံလျှောလာ ခိုင်း၏။ သူသည် ဤဒေသ ရပ်စ်ဒီဂျင်ကို နှံ့စပ် ကျွမ်းကျင်ပြီး ဖြစ်သည်။ တောင်ကုန်း တောင်စွယ်မှ မကျန် သိပြီး ဖြစ် သည်။ အီသီယိုပီးယား နိုင်ငံ အတွင်းပိုင်း ဆီဝင်း တောင်တန်းဒေသ ရပ်ဒီဂျင်ဒေသမှာ အမ်ဟာရာ မျိုးနွယ်စုများ နေထိုင်ရာဖြစ်၏။ ရန်သူများ ရှိနိုင်ရာတို့ကို လှည့်လည် ပတ်ရှုလေ့လာပြီးနောက် ဂျေဆင်ဘွန်းက ဒေးဗစ်အား

'ရန်သူက ဘယ်သူပဲ ဖြစ်ဖြစ်၊ အခုတော့ ဒီမှာ မရှိတာ သေချာပြီကွ၊ တို့ဆင်းကြရအောင်'

ဒေးဗစ် ရဟတ်ယာဉ် အပျက်များ၏ မြောက်ဘက်နားတွင် ဆင်း၏။ မြေပြင် ရောက်သည်နှင့် ဒေးဗစ်က ဂျေဆင်ဘွန်းအား ကြိုးမဲ့ ဆက်သွယ်ရေး စက်ကလေး တစ်လုံးပေး၏။ ပြီးနောက် ထိုင်ခုံခါးပတ်များ ဖြုတ်ရန် ပြုသည် တွင် ဂျေဆင်ဘွန်းက

'မဆင်းနဲ့ ဒီပေါ်မှာပဲ နေခဲ့၊ ကျုပ် ဘာပဲ ရင်ဆိုင်ရရ တွေ့ရရ နှစ်နာရီ တစ်ကြိမ် ခင်ဗျားဆီကို ဆက်သွယ်မယ်၊ ၆ နာရီ ကျော်လို့မှ ကျုပ်ဆီက ဘာ အဆက်အသွယ်မှ မရခဲ့ရင် ရဟတ်ယာဉ် မောင်းပြီး ပြန်ပေတော့'

ရဟတ်ယာဉ်မှူး ဒေးဗစ်က

'ဒါတော့ မဖြစ်ဘူး ထင်တယ် ဆရာ၊ ကျွန်တော်ဟာ ဘယ်သူ တစ်ဦး တစ်ယောက်မှ ချန်ထားပြီး ပြန်ရိုးထုံးစံ မရှိဘူး'



ဘွန်းက ဒေးဗစ် ပခုံးကို လက်ဖြင့် ညှစ်လိုက်ပြီး

'ခု ပြဿနာက တစ်မျိုးကွ၊ ဘယ် အခြေအနေမျိုးပဲ ကြုံတွေ့ရ ကြုံတွေ့ရ ကျုပ်နောက်ကို မလိုက်ရဘူး၊ ဒါ အတိအကျပဲ၊ ရှင်းတယ်နော်'

ဒေးဗစ်သည် ထိုအမိန့်ကို ကြားရ၍ စိတ်ချမ်းသာပုံ မရပါ။ သို့သော် အမိန့် နာခံသူ တစ်ဦး အဖြစ်

'ဟုတ်ကဲ့ ဆရာ'

ဒေးဗစ်သည် သူ၏ မောင်းပြန် သေနတ်ကို ယူ၍ ရဟတ်ယာဉ်ပေါ်မှ ဆင်းသည်။

ဂျေဆင်ဘွန်းက

'အေး၊ မင်း တစ်ခုခု တာဝန်ယူချင် တယ်ဆိုရင်တော့ အဲဟို တောင်တန်း က ဂူပေါက်ကို အမြဲ စောင့်ကြည့် မင်း မသိတဲ့ တစ်ခုခု တစ်စုံတစ်ရာ ထူးခြားမှု တွေ့ရင် ပစ်သာပစ်၊ နောက်မှ မေးတာလုပ်'

ဘွန်းသည် မြေပြင်ပေါ် ဆင်း၍ အခြေအနေကို ကြည့်သည်။ ရဟတ်ယာဉ်ပေါ်မှ ဝဲပျံပြီး မှန်ပြောင်းနှင့် အသေးစိတ် လေ့လာ ကြည့်ရှုခဲ့ပြီး ဖြစ်သည့်တိုင် မြေပြင်ပေါ်ရှိ ပကတိ အနေအထားမှာ မတူလှပေ။

ဂျေဆင်ဘွန်းသည် ချိုးနွတ် ရဟတ်ယာဉ်ပျက်များ ရှိရာသို့ လာခဲ့၏။ ရဟတ်ယာဉ်ပျက်ထဲတွင် အရိုးစုမျှသာ ကျန်တော့သည့် ရုပ်အလောင်းများကို တွေ့ရ၏။ နောက် လင်းဒရို့စ် စီးနင်းလိုက်ပါလာသည့် ရဟတ်ယာဉ်ပျက်ကို ကြည့်သည်။ လင်းဒရို့စ်၏ အမှတ်အသား တစ်စုံတစ်ရာ ရလိုရငြား ရှာဖွေကြည့်ချင်စိတ် ပေါ်၏။ မဖြစ်သေး၊ လုံခြုံရေးက ပို၍ အရေးပါသည်။ ထထမဆုံး အလုပ်မှာ တောင်ကမ်းပါးမှ ဂူပေါက်ထဲ သွားရောက် စူးစမ်းရမည် ဖြစ်သည်။

ဂျေဆင်ဘွန်းသည် ဂူပေါက်ဝသို့ ဘာအန္တရာယ်မှ မတွေ့ဘဲ ရောက်ရှိလာ၏။ ဂူပေါက် နံဘေး အေးစက်သော ကျောက်နံရံကို မှီ၍ အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်၏။

ဂူတွင်းမှာ မှောင်နေ၏။ သူ၏ မီးအားပြင်းသည့် ဓာတ်မီးကို ဖွင့်လိုက်၏။ ဂူအတွင်း၌ ဆိုးရွား ညစ်ထေးနံစော်နေ၏။ မီး အလင်းရောင်တန်းကို အသုံးပြု၍ ဂျေဆင်ဘွန်း အတွင်းပိုင်းသို့ ဝင်ခဲ့၏။ ကျယ်ပြန့်သော အရပ် တစ်ခု၏ ဂူကြမ်းပြင်တွင် အရိုးစုများ ပြန့်ကြဲနေ၏။ လူများ၊ တိရစ္ဆာန်များ အကောင်များ၏ အရိုးစုများ ဖြစ်သည်။ ဆက်၍ ဝင်ခဲ့ရာ ကျောက်နံရံကို မှီနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ရုပ်အလောင်းတစ်ခုကို တွေ့ရ၏။ ရုပ်အလောင်းကို တွေ့လိုက်ရသည်နှင့် ၎င်း ရုပ်အလောင်းမှာ အာကုမြူရေဒီယို ဓာတ်ငွေ့ ထိမှန် သေဆုံးသွားခြင်း ဖြစ်သည်ကို သူ သိလိုက်ရ၏။

သည်တွင် သူမေးနေခဲ့သော မေးခွန်းပေါင်း များစွာ၏ အဖြေသည် ထွက်ပေါ် လာလေ၏။ ဘာကြောင့် ရုံးထိုင်သည့် မာတင်လင်းဒရိုစ် တစ်ယောက် ကွင်းထဲသို့ ကမန်းကတန်း ဆင်းလာခဲ့ရခြင်း အကြောင်း။

ဒူဂျာ အကြမ်းဖက် အုပ်စုသည် မုန်တိုင်း စစ်ဆင်ရေးက ပစ်မှတ်ထား ဖော်ထုတ်နေသည့် အကြမ်းဖက် အဖွဲ့ သာမန်မျိုး မဟုတ်တော့။ သူတို့သည် အာကုမြူ လက်နက် စွမ်းအားကိုပင် ကိုင်တွယ်နေသူများ ဖြစ်နေပြီ ဖြစ်၏။ သည်အချက် သဲလွန်စကို ရ၍ မာတင်လင်းဒရိုစ် ဤအရပ်သို့ ကိုယ်တိုင် ကိုယ်ကျ အမြန် လိုက်လာခြင်း ဖြစ်ရမည်။

အခြေအနေ အားလုံး သိပြီးနောက် ဂျေဆင်ဘွန်း ဂူထဲမှ ပြန်ထွက်ခဲ့ သည်။ ဂူပြင်ရောက်မှ အသက်ပြင်းပြင်း ရှူသွင်း လိုက်ရ၏။ အဝေးမှ စောင့် ကြည့်နေသော ဒေးဗစ်ထံသို့လည်း အားလုံး အန္တရာယ် မရှိကြောင်း အချက် ပြလိုက်၏။ သူသည် ရဟတ်ယာဉ်ပျက်များ ရှိရာသို့ ပြန်လာခဲ့၏။ သူ့ခေါင်း ထဲမှ အတွေးများက လှုပ်ခတ်နေ၏။ မာတင်လင်းဒရိုစ်၏ 'မုန်တိုင်း စစ်ဆင်ရေး' စီမံချက်၏ အဓိက ပစ်မှတ်မှာ အကြမ်းဖက် အဖွဲ့အစည်းကြီး တစ်ခုက အမေရိကကို အာကုမြူ လက်နက်ဖြင့် ဖျက်ဆီး တိုက်ခိုက်မည့် အန္တရာယ် ရှိနေသည်ဆိုသော စိုးရိမ် ပူပန်မှု ဖြစ်သည်။ ထိုသံသယ စိုးရိမ်စိတ် ကား တကယ်ပင် အကောင်အထည် ဖြစ်ခဲ့ပြီ ဖြစ်၏။

ဂျေဆင်ဘွန်း စိတ်ထဲတွင် မာတင် လင်းဒရိုစ်က ဖောက်ခွဲ ပစ်လွှတ် လိုက်သော အချက်ပြ သေနတ်သံကို ကြားလိုက်ရပြီ ဖြစ်သည်။ မာတင်၏ နောက်ဆုံး တွေ့ရှိချက်ကို သူ့ထံ အချက်ပြခဲ့ပြီ ဖြစ်သည်။ အကယ်၍ သူသာ အကြမ်းဖက် ခေါင်းဆောင် ဖာဒီ ဦးဆောင်သည့် အကြမ်းဖက် အဖွဲ့ကို မတားဆီးနိုင်ပါက ဖာဒီတို့သည် အမေရိကန်နိုင်ငံ မြို့ကြီးများကို အာကုမြူ လက်နက်များဖြင့် တိုက်ခိုက်တော့မည် ဖြစ်သည်။

အင်နီဟဲ တစ်ယောက် စီအိုင်ရုံးချုပ် ရောက်သည်နှင့် ဆိုရာယာကို အပြေး အလွှား ရှာသည်။ ပြီးနောက် အမျိုးသမီး သန့်စင်ခန်းထဲ သွားဖို့ ပြောသည်။



အမျိုးသမီး သန့်စင်ခန်းထဲ ရောက်ကြသောအခါ အင်နီသည် ရေချိုး အခန်းစေ့ လျှောက်ကြည့်၏။ လူသူ လေးပါး ရှိ မနေစေလိုသောကြောင့် ဖြစ်သည်။

နှစ်ယောက်တည်း ရှိတာ သေချာသော အခါမှ ဆိုရာယာက

'ကျုပ်တာဝန်ယူရတဲ့ အပိုင်းက ဒီလိုရှိတယ်၊ NET က မီးလောင်ကျွမ်းမှု နှုန်း နဲ့ အဆက်အသွယ် ရပြီး မီးလောင် ပေါက်ကွဲမှုဟာ အားလုံး ပျက်စီးသွား သလောက်ပဲတဲ့။

အင်နီက

'ဟုတ်ပြီလေ၊ အဘိုးကြီးကို အစီရင်ခံဖို့ စကားတစ်ခွန်းတော့ရတာပေါ့ အဘိုးကြီး ကတော့ ဂျေဆင်ဘွန်းကို တအား ရချင်နေတယ်၊ လာနာကလည်း အဲဒီအတိုင်းပဲ'

ဆိုရာယာက

'ဘာလဲ စီဗစ်ကိစ္စနဲ့ ပါဝင်ပတ် သက်ခဲ့တာကြောင့်လား၊ ဒါပေမဲ့ လာနာ က ဘာကိစ္စ ပါဝင် ပတ်သက်လာရတာလဲ'

အင်နီက

'ဒါကြောင့် မင်းကို ကျုပ်က ဒီအခန်းထဲ ခေါ်ရတာပေါ့၊ မင်းက ဘွန်းနဲ့ သွားလာ လှုပ်ရှားနေချိန်မှာ လာနာက အာဏာ သိမ်းလိုက်တယ်လေ'

'ဘာပြောတယ်'

လာနာက အဘိုးကြီးကို အယုံသွင်း ပြီး မုန်တိုင်း အော်ပရေးရှင်းရဲ့ ဒါရိုက်တာ ရာထူးကို သူ့ကို ယာယီ လွှဲပြောင်းပေးဖို့ ပြောခဲ့တယ်လေ'

'အို ဘုရားသခင်၊ အခြေအနေက ကမောက်ကမ ဖြစ်နေရတဲ့ ကြားထဲမှာ ညှပ်ပါပဲ'

'မင်း ဘာမှ မရိပ်စားမိသေးဘူးနဲ့ တူတယ်၊ လာနာဟာ အဖွဲ့ချုပ်ရဲ့ ဖွဲ့စည်းပုံကို အစစအရာရာ ပြောင်းလဲပစ်နေတာ၊ သူက အခု ယာယီ ဒါရိုက်တာ ဖြစ်သွားပြီဆိုတော့ မုန်တိုင်း အော်ပရေးရှင်းကိုလည်း အစတာ ပြောင်းလဲပစ်နေတော့တာ'

အဲဒီအချိန်မှာ အခန်းထဲသို့ အမျိုးသမီး ဝန်ထမ်းတစ်ဦး ဝင်လာ [illegible]စားသည်။ အင်နီက ဒီအခန်း ရေလျှံနေတယ်၊ အပေါ်ထပ် တက်လာ [illegible] အမိန့်ပေးလိုက်၏။

နှစ်ဦးတည်း ကျန်ရစ်သောအခါမှ အင်နီက

www.burmeseclassic.com

www.burmeseclassic.com



'လာနာကတော့ သူမယုံရတဲ့ လူတွေကို ဖယ်ရှားပစ်ဖို့ လုပ်မှာပဲ၊ မင်းက ဖျေဆင်ဘွန်းနဲ့ ပတ်သက်နေလေတော့ သူ ရှင်းပစ်ရမယ့် စာရင်းထဲမှာ ထိပ်ဆုံးက ပါနေမှာပဲ'

'ကဲဒါပဲ တို့ထွက်ကြစို့၊ ခေါင်းမတ်မတ်ထားပေါ့ကွာ'

၈

ဘွန်းသည် ထိုင်နေရင်း ဖြစ်ပျက်ခဲ့သမျှကို စဉ်းစားနေ၏။ ပြဿနာမှာ သူ့တွင် ဘာသတင်း အချက်အလက်မှ ရှိမနေခြင်း ဖြစ်သည်။ သူ့အနေနှင့် ဘာမှ လုပ်စရာ မရှိ။ လုပ်စရာ ရှိသည်က လင်းဒရိုစ်ကို ဆက်လက်ရှာဖွေရုံပဲ ရှိသည်။ အကယ်၍ သူ့မိတ်ဆွေ လင်းဒရိုစ် ကွယ်လွန်သွားပြီ ဆိုပါကလည်း အကြမ်းဖက်အဖွဲ့ ဒူဂျာနှင့် သူတို့ ခေါင်းဆောင် ဖာဒီ၏ ဖောက်ခွဲ ဖျက်ဆီးမည့် အန္တရာယ်ကို တားဆီး ဖို့သာ ရှိသည်။

ဘွန်းသည် ထိုင်ရာမှ ထလိုက်၏။ နောက် လင်းဒရိုစ်ကို သယ်ဆောင်လာသော ချိနွတ်ရဟတ်ယာဉ်ပျက်ထဲသို့ တက်သည်။ ရဟတ်ယာဉ် အတွင်းပိုင်း ပျက်စီးနေပုံကို ထောက်ရှု၍ မီးသေနတ် ဖြင့် အတင်းနောက်မှ လောင်ကျွမ်း ဖျက်ဆီးထားပုံရကြောင်း သတိပြုမိသည်။

ဘွန်း၏ စိတ်အာရုံထဲတွင် ဟီရမ် စီဗစ်၏ မျက်နှာကို မြင်ယောင်ကြည့်မိသည်။ ဤတိုက်ပွဲထောင်ချောက်မှာ ဖာဒီ၏ အစီအမံပဲ ဖြစ်ရမည်။ ခေတ်မီ ဆန်းပြားသော လက်နက်ကြီးများကို သုံးစွဲခဲ့ခြင်း စနစ်တကျ ပြင်ဆင်ခဲ့ခြင်း တို့ကြောင့်သာ အထူး ထောက်လှမ်းရေး အဖွဲ့ စီအိုင်၏ လက်ရွေးစင် တပ်ဖွဲ့ ကို အပြတ် ရှင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အချက်အလက် အားလုံးက ထိုသို့ ညွှန်ပြနေ၏။

ဘွန်းခေါင်းထဲတွင် မေးခွန်းတစ်ခုက ဒုက္ခပေးနေ၏။ ထိုမေးခွန်းကား ဖာဒီသည် ဘာကြောင့် သူ့ကိုယ်သူ စီအိုင်ရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ပါသလဲ ဆိုခြင်းပင်။ စဉ်းစားစရာ အဖြေတွေက အများကြီး ပေါ်ထွက်လာ၏။ ထို အထဲတွင် အဖြစ်နိုင်ဆုံး အဖြေမှာ ဖာဒီက စီအိုင်ကို သဝဏ်လွှာတစ်စောင် ပါးလိုက်ခြင်းပင်။

*'ဒီမယ် ခင်ဗျားတို့က ကျုပ်ကို ခင်ဗျားတို့ရဲ့ မျက်ခြည်မပြတ် စောင့် ကြည့်တဲ့ အောက်မှာ ရှိနေတယ်လို့ ထင်နေကြတယ် မဟုတ်လား၊ တကယ်*



*တမ်းကတော့ ခင်ဗျားတို့ ရင်ဆိုင်နေရတဲ့ သူဟာ ဘယ်လို လူမျိုးလဲ ဆိုတာ ခင်ဗျားတို့ မသိပါဘူး'*

ဘွန်းအနေနှင့်လည်း ဝန်ခံရမည်ပင်။ သူတို့သည် ဖာဒီအကြောင်း ဘာမှ မသိကြ။ ထိုအချက်ကြောင့်ပင် ဖာဒီသည် စွန့်စွန့်စားစား အဖမ်းခံခဲ့ခြင်း ဖြစ်မည်။ ဘွန်း အတွက် ဤအချက်သည် အရေးပါလှ၏။ အမှောင်ထဲမှ ရန်သူကို ရှာဖွေရသည်မှာ ခက်လှ၏။ ယခုတော့ ဖာဒီသည် ကိုယ်ထင်ပြခဲ့ပြီ ဖြစ်၏။ ဘွန်းတာဝန်ကား တွေ့အောင် ရှာဖို့ပဲ ဖြစ်သည်။

ဘွန်းသည် မျက်မှောက် အခြေအနေကို ပြန်ကြည့်လိုက်၏။ အထူး တပ်ဖွဲ့ဝင်တိုင်းသည် ကိုယ်ပိုင် အမည်နှင့် နံပါတ်ပြား တပ်ဆင်ထားရ၏။ ဘွန်းသည် အလောင်းများထဲမှ နံပါတ်ပြားများကို ယူ၍ ကြည့်ကာ နာမည် များကို သူ့ ခေါင်းထဲမှာ မှတ်သားလိုက်၏။ ထိုသေဆုံးကြသူများထဲတွင် မာတင်လင်းဒရိုစ် မပါဝင်ပေ။ ထိုနည်းတူ ရဟတ်ယာဉ်မှူး ဂျေမီကောင်းဝဲလ် တို့လည်း မတွေ့ရ။

ရဟတ်ယာဉ် အတွင်း ရှာဖွေနေစဉ် ဖျတ်ခနဲ အရိပ်တစ်ခုနှင့် မျက်လုံး တစ်စုံ ခုံတန်း နောက်ကွယ်မှ တွေ့လိုက်ရ၏။ ဘွန်းက လှမ်း၍ ဖမ်းရန် ကြိုးစားစဉ် သူ့ လက်သည် နာကျင်သွား၏။ သူ ဟန်ချက် ပြန်ထိန်းလိုက်စဉ် အရိပ်သည် ရဟတ်ယာဉ်ပေါ်မှ ခုန်ထွက်ပြေးသည်။

ဘွန်းသည် သူ့ကိုယ်သူ ပြန်ထိန်းပြီး ပြေးသူနောက်သို့လိုက်၏။ တစ်ချိန်တည်းတွင် ဒေးဗစ်ကို သေနတ်နှင့် မပစ်ရန် အချက်ပြရ၏။ ပြေးသူသည် ကျောက်နံရံကို ပတ်ပြေးရာ ဘွန်းက နံရံပေါ် ကျော်၍ ပြေးသူကို ခုန်အုပ်လိုက်၏။ နှစ်ယောက်စလုံး နှင်းခဲများ၊ ကျောက်တုံးများပေါ် လိမ့်သွား ကြ၏။ ဘွန်းသည် ထိုလူ၏ဆံပင်ကို ကိုင်ဆွဲ၍ မျက်နှာကို ကြည့်လိုက်၏။ သူ တွေ့ရသူမှာ အသက် ၁၁ နှစ်ခန့်သာ ရှိမည့် ကလေးလေး တစ်ဦး ဖြစ် နေ၏။

ဘွန်းက ဒေသသုံး အမ်ဟာရစ် ဘာသာစကားဖြင့်

'မင်း ဘယ်သူလဲ၊ ဒီမှာ ဘာလာ လုပ်တာနေတာလဲ'

တလေးက ဘာမှ မဖြေဘဲ ဘွန်း မျက်နှာကို တံတွေးဖြင့် ထွေးသည်။ ပြီးတော့ သူ့လက်သည်းများဖြင့် ကုတ်ခြစ်ဖို့ ကြိုးစား၏။ ဘွန်းက ကလေး သက်နှစ်ဖက်စလုံးကို နောက်ပြန်ချုပ်ထားလိုက်ပြီး ကျောက်နံရံ နံဘေး ယာတွယ်ရာမှာ ထိုင်လိုက်၏။ ကလေးမှာ ပိန်ညှော် ချောက်ကပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းက

'မင်း အစာ မစားရတာ ဘယ်လောက် ရှိပြီလဲ'

ကလေးက ဘာမှ မဖြေ။ သို့သော် ဘွန်းမျက်နှာကို တံတွေးနှင့် မထွေးတော့။ ဘွန်းသည် လက်တစ်ဖက်ဖြင့် ရေဘူးကို ယူပြီး အဖုံးကို ပါးစပ်ဖြင့် တိုင်ဖွင့်သည်။ ပြီးမှ ကလေးအား

'ငါ မင်းကို လွှတ်ပေးမယ်၊ ငါ မင်းကို ရန်လုပ်စရာ ဘာအကြောင်းမှ မရှိဘူး၊ မင်း ရေသောက်မလား'

ကလေးသည် ပါးစပ် ဟပြသည်။

ဘွန်းက

'အေး မင်းက ငါ မေးတဲ့ မေးခွန်း တွေကိုတော့ ဖြေရမယ်၊ ဒါတရားတယ် မဟုတ်လား'

ကလေးသည် ဘွန်းကို အကြာကြီး ကြည့်ပြီးမှ ခေါင်းညိတ်ပြသည်။ ဘွန်းက ချုပ်နှောင်ထားသော လက်ကို လွှတ်ပေး လိုက်ပြီး ရေဘူးကို ပေးလိုက်၏။ ကလေးသည် ရေကို အငမ်းမရ သောက်၏။

ကလေး ရေသောက်နေစဉ် ဘွန်းက သူတို့နှစ်ဦး ထိုင်နေရာကို ရေခဲများဖြင့် ဝန်းရံကာလိုက်၏။ သူတို့၏ ကိုယ်ငွေ့ အပြင်သို့ ပျံ့လွင့်မသွားစေရန် ဖြစ်သည်။ ပြီးမှ ရေဘူးကို ပြန်ယူ၏။

ဘွန်းက

'ပထမဆုံး မေးခွန်းက ဒီနေရာမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ သိသလား'

ကလေးက ခေါင်းခါပြ၏။ ဘွန်းက

'ဒီမှာ ပစ်ခတ် ပေါက်ကွဲသံတွေ ကြားရမယ်ကွာ၊ မီးလောင်ကျွမ်းတာကို အဝေးက မြင်နိုင်တာပဲ မဟုတ်လား'

ခဏမျှ တွေနေပြီးမှ ကလေးက

'ဟုတ်ကဲ့ မြင်ရပါတယ်'

ဘွန်းက

'ဒါဆိုရင် စူးစမ်းချင်လို့ ဖြစ်ဖြစ်၊ သိချင်လို့ ဖြစ်ဖြစ်၊ ဒီပေါ်ကို တက်လာ မကြည့်ဘူးလား'

ကလေးသည် ခေါင်းငုံ့ပြီး နှုတ်ခမ်း ကို ကိုက်ထား၏။

ဒီနည်းလမ်းကား မဟုတ်တော့၊ ဒါဆိုရင် ကလေး ပါးစပ်ဖွင့်ဖို့ တခြား



နည်းလမ်း ကြိုးစားမှ ဖြစ်တော့မယ်။ ဘွန်းက

'ငါ့ နာမည်က ဂျေဆင်ဘွန်းတဲ့ မင်းနာမည်ကရော'

ခဏမျှ တွေဝေ စဉ်းစားပြီးမှ ကလေးက

'အလန်'

'မင်း အင်မတန် ချစ်ခင်ရတဲ့သူ တစ်ဦးဦးကို ဆုံးရှုံးဖူးသလား'

ကလေးသည် အမ်သွား၏။

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ လောလော လတ်လတ် တစ်စုံတစ်ယောက် ပျောက်ဆုံးနေပါတယ်၊ ငါ့ရဲ့ အချစ်ဆုံး မိတ်ဆွေ၊ ရဲဘော်ပေါ့၊ အဲဒီလူကြောင့် ဒီကို ရောက်လာရတာပဲ၊ သူဟာ ဟောဟိုက မီးလောင်ကျွမ်း သွားတဲ့ ရဟတ်ယာဉ် နှစ်စီးထဲမှာ ပါလာခဲ့တဲ့ သူပေါ့။ ဒါကြောင့် ငါက မင်းများ သူ့ကို မြင်လိုက်သလား၊ သူနဲ့ ပတ်သက်လို့ တစ်ခုခု သိလိုက် မြင်လိုက်ရမလားလို့ သိချင်တာ'

အလန်က ခေါင်းကို ခါယမ်းပြ၏။

ဘွန်းကမူ ဆက်၍

'သူ့နာမည်က မာတင်လင်းဒရို့စ်တဲ့၊ အဲဒီ နာမည်ကိုရော ပြောသံဆိုသံများ ကြားဖူးသလား'

အလန်သည် နှုတ်ခမ်းကိုသာ ကိုက်နေ၏။ သူ့ခန္ဓာကိုယ်ကလေးမှာ တုန်ယင် နေ၏။ အအေးဒဏ်ကြောင့် ဖြစ်နိုင်သည်။

ဘွန်းက သူ့လက်ကို ကြည့်သည်။ ရဟတ်ယာဉ်ပေါ်မှာ အလန်ကို သူမ်းပြီး ဖမ်းယူလိုက်စဉ် အလမ်က သူ့လက်ကို ကိုက်လိုက်ခြင်း ဖြစ်သည်။ ဘွန်းက သူ့လက်မှ ဒဏ်ရာကို မြေပြင်ပေါ်မှ နှင်းခဲများ ယူ၍ အုံ၏။ အလန်သည် ဘွန်း၏ လှုပ်ရှားမှု တိုင်းကို လိုက်ကြည့်နေ၏။ အတန်ကြာမှ

'ကျွန်တော့်ရဲ့ အစ်ကိုကြီး တစ်ယောက် လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က သေဆုံးသွားပါတယ်'

ဘွန်းသည် ဟန်မပျက် ဒဏ်ရာကို နှင်းခဲ ဆက်အုံနေလိုက်သည်။ ဘာသိဘာသာ နေဖို့လိုကြောင်း သူ တွေးမိသောကြောင့် ဖြစ်သည်။ ပြီးမှ

'သူက ဘာဖြစ်လို့ သေဆုံးရတာလဲ'

အလန်သည် 'သူက တောင်ပြိုကျရာမှာ ပိပြီး သေဆုံးသွားတာ၊ အဲဒီ တောင်ပြိုတာကြောင့် ကျွန်တော့်အဖေလည်း ခြေထောက်သေန် ဖြစ်သွားတာပေါ့

www.burmeseclassic.com



'ဟုတ်လား၊ ငါတကယ်ပဲ စိတ်မကောင်းပါဘူးကွာ'

ဘွန်းသည် စိတ်ရင်း အမှန်အတိုင်း ပြောလိုက်၏။ ပြီးမှ

'ဒီမယ် အလန် ငါ့မိတ်ဆွေ ငါ့ရဲဘော် အကြောင်းကရော သူအသက်ရှင် ကျန်နေဦးမယ်ဆိုရင် မင်းသူ့ကို သေစေ ချင်မှာလား' အလမ်သည် အတန်ကြာ တွေနေပြီးမှ လေသံ တိုးတိုးဖြင့်

'ခင်ဗျား ကျွန်တော့်ကို ရိုက်မှာ'

ဘွန်းက

'ဟော၊ ငါက မင်းကို ဘာဖြစ်လို့ ရိုက် ရမှာလဲ'

'ကျွန်တော် အဲဟို အပျက်အစီးတွေ နားက ပစ္စည်းတစ်ခုရှာတွေ့ထားတယ်'

'အလမ် ငါမင်းကို ကတိပေးတယ်၊ မင်းကို ဘာမှ မလုပ်ဘူး၊ ငါ့အတွက် အရေးကြီးတာက ငါ့မိတ်ဆွေကို ပြန်တွေ့ဖို့ပဲ'

ဘွန်းကို နောက်တစ်ချက် ပြန် မကြည့်တော့ဘဲ အလန်သည် လက်စွပ် တစ်ကွင်း ထုတ်ပြသည်။ ဘွန်းသည် လက်စွပ်ကို ယူကြည့်၏။ ဘွန်းချက်ချင်း မှတ်မိ၏။ မာတင်လင်းဒရို့စ်၏ ဘရောင်း တက္ကသိုလ် အမှတ်အသားပါ လက်စွပ် ဖြစ်သည်။

'ဟုတ်တယ်၊ ဒီလက်စွပ်ဟာ ငါ့မိတ်ဆွေရဲ့ လက်စွပ်ပဲ' ဘွန်းသည် အသေအချာပင် လက်စွပ်ကို အလန်ထံ ပြန်ပေး လိုက်၏။

'ဘယ်နားက တွေ့မယ်ဆိုတာ လိုက်ပြပါလားဟင်'

အလန်က ထိုင်ရာမှ ထပြီး ရဟတ် ယာဉ်ပျက်များဆီသို့ သွားသည်။ ရဟတ်ယာဉ်ပျက်များနှင့် မီတာ တစ်ရာခန့် အကွာ နေရာတစ်ခုတွင် ထိုင်ချ လိုက်၏။ ဘွန်းက လိုက်ထိုင်သည်။ ဘွန်းက

'ဒီနားက တွေ့တာလား'

အလန်က ခေါင်းညိတ်ပြသည်။

'ဟုတ်တယ် ဒီနေရာက တွေ့တာ၊ လက်စွပ်က နှင်းထဲမှာ ထက်ဝက် မကဘူး မြုပ်နေတာ'

'လက်စွပ်ကို တမင်ချထား၊ မြေကြီးထဲ နင်းမြှုပ်ထားခဲ့ပုံပဲဗျ'

ဘွန်းက

'အဲဒါကိုတောင် မင်းက ရှာတွေ့တယ်'

'ကျွန်တော်နဲ့ ကျွန်တော့် အဖေက ဒီရဟတ်ယာဉ် ပျက်တွေဆီ လာပြီး ပစ္စည်း ရှာကြတာလေ'



'မင်း အဖေကရော ဘာတွေ ရှာတွေ့သလဲ'

အလန်က ပခုံး တွန့်ပြ၏။

ဘွန်းက

'မင်း ငါ့ကို မင်းအဖေဆီ ခေါ်သွားမလား'

အလန်သည် သူ့ လက်ဝါးထဲမှ လက်စွပ်ကို ကြည့်သည်။ ပြီးမှ ဘွန်းကို ကြည့်သည်။

ဘွန်းက

'ငါ မင်းအဖေကို ဘာမှ ပြန်မပြောပါဘူးကွာ၊ ကတိပေးပါတယ်'

ထိုအခါမှ အလန် ခေါင်းညိတ်ပြသည်။ သူတို့နှစ်ဦး အတူ ထသည်။ ...တော ဒေးဗစ်ထံမှ အနာလိမ်းဆေးနှင့် ပလာစတာ တောင်းယူ၍ လက်မှ ...ရာကို ကပ်သည်။ ပြီးနောက် သူတို့နှစ်ဦးသားသည် နှင်းဖုံးတောင်ကြား ...မှ တစ်ဆင့် ရွာကလေးရှိရာသို့ ဆင်းလာကြ၏။

...ာ တစ်ယောက် ဖြုတ်ထုတ်သတ် ရှင်းပွဲလုပ်မည် ဆိုသော စကားမှာ ...တားခြင်း မရှိပါ။ မုန်တိုင်း အော် ပရေးရှင်း အထပ်သို့ ဓာတ်လှေကားမှ ...တ်ကတည်းက ဆိုရာယာကို အေးဂျင့် နှစ်ဦးက စောင့်နေကြသည်။

...စ်ဦးက

'ယာယီ ညွှန်မှူး ဒါရိုက်တာ လာနာက စကားတစ်ခွန်း ပြောစရာ ရှိသတဲ့'

ဆိုရာယာက ဟန်ပြင် လိုက်ပြီး အထက်စီး လေသံဖြင့် 'ဟဲ့ နည်းနည်း ...း အလှလေး အရင်ပြင်ပါရစေဦး'

...ရုပ်မြင့်သော အေးဂျင့်က

'...တ်ချင်း လာပါလို့ ယာယီ ဒါရိုက်တာက အမိန့် ပေးထားပါတယ်'

ဆိုရာယာသည် ပခုံး တွန့်ပြပြီး အေးဂျင့်နှစ်ယောက်နှင့် အတူ လိုက်ပါ ...း ဆိုရာယာသည် သူမကိုယ် သူမ စိတ်ပူပင်မှု မထားရန် ပိုင်းဖြတ် ...း ခေါင်းကို မော့်မော့် မတ်မတ်ထား၏။ စီအိုင်သို့ လာနာရောက်ရှိ ...ည်းက သူ့သတင်းတွေကို ဆိုရာယာ ကြားဖူးပြီးသား ဖြစ်သည်။ ...တ လာနာအပေါ် အကောင်း မမြင်ကြောင်းလည်း လာနာ ...း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကြံ့ထောင့်စွန်း အခန်းသို့ ရောက်သောအခါ အေးဂျင့်တစ်ဦးက တံခါးခေါက်ပေးပြီး ဆိုရာယာကို ဝင်စေ၏။

အခန်းတွင်း ရောက်၍ ပထမဆုံး တွေ့ရသည့် မြင်ကွင်းမှာ စိတ်ဓာတ်ကျစရာ ကောင်းလှ၏။ လာနာသည် လင်းဒရို့စ်၏ ရုံးခန်းကို အပိုင်စီးလိုက်ပြီး လင်းဒရို့စ်၏ ကိုယ်ရေးကိုယ်တာ ပစ္စည်းများ အားလုံးကို ဖယ်ရှားထားပြီး ဖြစ်နေ၏။

ယာယီ ဒါရိုက်တာ လာနာသည် လင်းဒရို့စ်၏ စားပွဲတွင် အခန့်သား ထိုင်နေ၏။ တယ်လီဖုန်း ပြောနေ၏။ ဆိုရာယာကို လှမ်းကြည့်ပြီးနောက် ဖုန်းခွက်ကို ချသည်။

'အား မစ္စက်မိုး အခုလို လာတာ ကောင်းပါတယ်'

လာနာသည် ဆိုရာယာအား ထိုင်ရန် မပြော၊ ဆိုရာယာအား မတ်တတ်ပဲ ရှိစေချင်ပုံရသည်။ ပြီးမှ

'ခင်ဗျား ဘယ်တွေမှာ ရောက်နေခဲ့သလဲ'

သည်အဖြေကို ဆိုရာယာ သိသည်။ လာနာလည်း သိပြီး ဖြစ်ပါသည်။ ဆိုရာယာ ပါးစပ်မှ ဖွင့်ဟ ဝန်ခံခြင်းကို လိုချင်နေပုံရ၏။

ဆိုရာယာက

'ကျွန်မ မာရီလင်း သွားပြီး ကွယ်လွန်သွားတဲ့ တင်ဟာနာရဲ့ မိခင်ရဲ့ အစ်မတွေကို နှစ်သိမ့်စကား သွားပြောနေပါတယ်'

'အဖွဲ့အစည်းရဲ့ ထုံးတမ်းစဉ်လာ စည်းကမ်းတွေ ရှိတယ်၊ မဟုတ်လား'

'တင်ဟာ ကျွန်မရဲ့ မိတ်ဆွေပဲ'

'စီအိုင်က မိသားစုကို နှစ်သိမ့်ဖို့ အရည်အချင်း မရှိဘူးလို့ ယူဆလို့လား'

'ကျွန်မက သူ့ရဲ့ မိသားစုနဲ့ တိုက်ရိုက် သိကျွမ်းတယ်လေ၊ ဒီတော့ သူ သေဆုံးရတဲ့ သတင်းကို ကျွန်မက သွားပြောရင် ပိုပြီး လွယ်ကူ လက်ခံနိုင်တာပေါ့'

'ဘာလဲ တင်ဟာ သူ့ရဲ့ကောင်း တစ်ယောက် ဆိုပြီး သွားညာပြောတာလား၊ တကယ်တော့ သူဟာ ရန်သူ့ရဲ့ အသုံးချခြင်း ခံခဲ့တဲ့ လူတစ်ယောက်ပဲ'

ဆိုရာယာသည် သူမကိုယ် သူမ ကောင်းစွာ ထိန်းသိမ်းခြင်း မပြုနိုင်တော့။

'တင်ဟာ ကွင်းဆင်းအေးဂျင့်တစ်ဦး မဟုတ်ပါဘူး'

ရုတ်တရက် ပြောပြီးချည်နှင့် သူမ မှားသွားကြောင်း သိလိုက်၏။



[illegible]နာက စားပွဲပေါ်မှ အစီရင်ခံစာကို ကိုင်ပြီး

'[illegible]မှာ မင်းလက်ရေးနဲ့ ရေးထားတဲ့ အစီရင်ခံစာ အရ တင်ဟာ ကွင်းထဲက [illegible]ဆင်ဘွန်း ရှိရာကို လာစေခဲ့တယ်လေ'

[illegible]ရာယာက

'[illegible]င်ဟာနာဟာ ကျွန်မတို့ ဖမ်းမိထားတဲ့ စီဗစ်ရဲ့ ဆိုက်ဖာသတင်းကို [illegible] ဖွင့်ဆို ပြန်ပေးရတဲ့ သူလေ၊ အဲဒီ စီဗစ်ဆိုတာ တကယ်တော့ [illegible] ဂျေဆင်ဘွန်းက အဲဒီအချက်ကို သူ့ဆီက ဖွင့်ဟ ဝန်ခံချက် ယူချင် [illegible]

[illegible]နာ၏ မျက်နှာသည် တင်းမာ သွား၏။

'[illegible] တဲ့တိုးပဲ ပြောမယ် မစ္စက်မိုး၊ ခင်ဗျားဟာ ဂျေဆင်ဘွန်းကို အကာ[illegible]ပေး ခုခံနေတယ်'

'[illegible]ဆင်ဘွန်းက ဖာဒီဆိုတာ ဘယ်သူ ဘယ်ဝါလို့ ဖော်ထုတ်ပေးတဲ့ [illegible] ဂျေဆင်ဘွန်းက ကျွန်မတို့အတွက် လမ်းစ ရှာပေးတဲ့ သူပဲ'

'[illegible]တော်တော့ အူကြောင်ကြောင်နိုင်တဲ့ ဖြစ်ရပ်ပဲဗျ၊ အဲဒီဂျေဆင်ဘွန်း [illegible] တင်ဟာနာဟာ အသတ်ခံရတယ်၊ ပြီးတော့ စီဗစ်ကို လွှတ်မြောက် [illegible]ခဲ့တယ်'

[illegible]ရာယာသည် ဒေါပွသွား၏။

'[illegible]ခုပြောနေတာက စီဗစ်ဟာ ဖာဒီ လို့ ရှင်က မယုံကြည်ဘူးပေါ့'

'[illegible] ပြောချင်တာက မင်း ရရှိတဲ့ သတင်းဟာ အဖွဲ့ချုပ်ရဲ့ စကား နား[illegible]တတ်တဲ့ အေးဂျင့် ဂျေဆင်ဘွန်းရဲ့ စကားပဲ ရှိတယ်လေ၊ ဒါကို ဘုရား[illegible] ယုံကြည်လို့ ဘယ်ဖြစ်မှာလဲ၊ ကိုယ်ရေးကိုယ်တာ ခံစားမှုကိုအလုပ်ခွင် [illegible]အဖြတ် မပေးသင့်ဘူး'

'[illegible]မ ဆိုလိုတာက'

[illegible]နာက စကားပြောင်းလိုက်ပြီး

'[illegible] တာနာရဲ့ မိသားစုဆီကို ဝမ်းနည်းစကား သွားပြောတာ ဘယ်သူ့ဆီ [illegible]ချက် ယူသွားသလဲ'

'[illegible]မက ဘယ်သူ့ဆီမှာ သွားပြီး ခွင့်တောင်းရမှာလဲ'

[illegible]နာသည် အစီရင်ခံစာကို ပိတ်လိုက်ပြီး

'[illegible] ရှိနေပြီလေ၊ အကြံတစ်ခုတော့ ပေးလိုက်မယ်၊ နောက်နောင် [illegible]လုပ် အသိပေးရပါမယ်၊ ရှင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ရှင်းပါတယ်'

'အင်း မင်းက ဒီရုံးမှာ ရက်အတော်ကြာ ရှိမနေတော့ ဒီမှာ ပြုလုပ်တဲ့ အဖွဲ့တွင်း အစည်းအဝေးတွေရဲ့ အဆုံးအဖြတ်ကို မသိနိုင်ဘူးလေ၊အကျဉ်းချုပ် ကို မသိချင်ဘူးလား'

'သိချင်ပါတယ်'

'အဓိကကတော့ ကျုပ်က မုန်တိုင်း အော်ပရေးရှင်းကို ပြောင်းလဲပစ်မှာ ဆိုတာပဲ'

'ရှင် ဘာလုပ်မယ်'

'ဒီမယ် မစ္စက်မိုး ဒီအေဂျင်စီကြီးဟာ စောင့်ကြည့် ဝေဖန် အကဲခတ် နေတာ လုပ်ဖို့ထက် လှုပ်ရှားမှု လုပ်ရတော့မယ်၊ အကြမ်းဖက် သမားတွေ ဘာလုပ်နေသလဲ၊ သူတို့ ဘာတွေ စဉ်းစားနေကြသလဲ ဆိုတာ အဓိက မဟုတ်ဘူး၊ သူတို့လုပ်ချင်တာက ကျုပ်တို့ကို သေစေချင်တာပဲ၊ ဒီတော့ ကျုပ် တို့ကလည်း သူတို့ဆီသွားပြီး ပင်လယ်နီထဲ ကန်ချပစ်ဖို့ပဲ၊ ရှင်းရှင်းလေး ပဲ'

'ဆရာ ကျွန်မ ပြောပါရစေ၊ ဒီကိစ္စက အဲဒီလောက် ရှင်းလင်း လွယ်ကူတာ မဟုတ်ပါဘူး၊ တခြား ပြဿနာတွေလို မဟုတ်ဘူးနော်'

လာနာက

'ကဲ ကျုပ်မင်းကို ပြောစရာ ပြောပြီးပြီ၊ လုပ်စရာ ရှိတာ မြန်မြန်ဆန်ဆန် လုပ်ပေတော့'

ဆိုရာယာ ရင်ထဲတွင် အလိပ်လိပ် တက်လာ၏။ ဒီလို လုပ်ကြလို့ မ... နိုင်ပါ။ မာတင်လင်းဒရို့စ်၏ ကြီးမားသော အကြံအစည်၊ အစီအ... သူတို့အားလုံး၏ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း လုပ်ခဲ့ရသည်များ အား... အားလုံး သဲထဲ ရေသွန် ဖြစ်ရ တော့မည်လား၊ ဆိုရာယာတို့ အား... အလိုရှိနေချိန်တွင် မာတင်လင်း ဒရို့စ်သည် ဘယ်မှာ ရောက်နေပါသနည်း... သူ အသက်ရှင်လျက်မှ ရှိပါလေစ။ ဆိုရာယာ စိတ်ထဲတွင် အသက်ရှင်လျ... ရှိသေးသည်ဟု ယုံကြည်ပါသည်။ သို့သော် ယခု လောလောလတ်လ... တွင်မူ တိုက်ကွင်း၊ စစ်တလင်းမှ လာသော မကောင်းဆိုးရွားက အရေး... ဆုံးဖြတ်နေပြီကော၊ တော်ပါသေးရဲ့။ သူမကို စစ်ကြော မေးမြန်းခြင်း... ပြီးဆုံးမှုကို ရောက်ပေလို့။



တကယ်ကား မပြီးပေ။ လာနာသည် စားပွဲခုံပေါ်မှ **အစီရင်ခံစာ တစ်ခု** ...ကြည့်ပြီး

'ဒီမယ် ကြည့်စမ်း မင်းဘယ်လို လုပ်ပြီး တလွဲတချော်တွေ လုပ်ခဲ့ရတာလဲ'

ဆိုရာယာ ရင်ထဲမှာ ဒေါသများသည် အလိပ်လိပ် တက်လာ၏။ ...နာသည် သူမကို စစ်ကြောမေးမြန်းမှုပြီးဆုံး သယောင် ပြုခဲ့ခြင်းသာ ...သည်။ တကယ်တမ်းကား ယခုမှ စစ်ကြေညာခြင်း လုပ်နေပြီ ဖြစ်၏။

လာနာက

'မင်းဟာ အချုပ်ခန်းထဲက ဟီရမ်စီဗစ်ကို ဂျေဆင်ဘွန်းအတွက် အပြင် ...ပေးခဲ့တယ်၊ စီဗစ် ထွက်ပြေး လွတ်မြောက်ချိန်မှာ မင်းရှိနေခဲ့တယ်၊ ...တ်သာဉ်တွေကို လှုပ်ရှားဖို့ အမိန့်ပေးခဲ့တယ်၊ မင်းမှာ တာဝန် ရှိတယ်'

ဆိုရာယာသည် ဘာမှ မတုံ့ပြန်လို တော့ဘဲ

'မရှိပါဘူး'

'စီဗစ်နဲ့ ပတ်သက်ပြီး တာဝန်ယူ ထားရတဲ့ အေးဂျင့်ဟာ မင်းမဟုတ်လား၊ ... မင်းတာဝန် မဟုတ်ဘူးလား'

'ဟုတ်ပါတယ်'

'အဲဒီဆိုရင် မင်းကို အလုပ်က ထုတ်ပစ်ဖို့ မသင့်ပေဘူးလား၊ မစ္စက်မိုး'

'အဲဒါ ပြဿနာပေါ့၊ မင်း သိသင့်ပါတယ်၊ စီဗစ်ကို အချုပ်ခန်းထဲက ထုတ် ...သင့်ဘူး ဆိုတာ'

ဆိုရာယာက ဘယ်လိုပဲ ထုချေ၊ ထုချေ ရမည်မထင်တော့။ သို့သော် ...ယာက

'ဒီလို ရှိတယ်လေ၊ ကျွန်မဆီကို ညွှန်ချုပ်ကြီးက တိုက်ရိုက် ညွှန်ကြားချက် ...တ်တာက ဂျေဆင်ဘွန်းကို အစစ အရာရာ သူလုပ်ချင်တာ လုပ်ဖို့ ...ညီ ပေးလိုက်ဖို့ပါပဲ'

လာနာသည် ဆိုရာယာကို တစ်ချက် ကြည့်၍

'မင်းက ဘာဖြစ်လို့ မတ်တတ်ကြီး ရပ်နေရတာလဲ'

ဆိုရာယာသည် ရှေ့မှ ကုလားထိုင် တွင် ဝင်ထိုင်လိုက်၏။

လာနာက ဆိုရာယာကို ကြည့်၍

'ဂျေဆင်ဘွန်းနဲ့ ပတ်သက်ရင် မင်းဟာ အိတ်စပတ် ကျွမ်းကျင်သူ ...တ် ဖြစ်နေပါလား'

'ကျွန်မ အဲဒီလို မပြောနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



လာနာက

'မင်းရဲ့ ဖိုင်ထဲက မှတ်တမ်းအရ မင်း အိုဒက်ဆာမှာတုန်းက ဂျေဆင်ဘွန်းနဲ့ အတူ ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့တယ်'

'ဟုတ်ကဲ့၊ တခြား အေးဂျင့်တွေထက်တော့ ဂျေဆင်ဘွန်းကို ပိုပြီး သိတယ်လို့ ပြောနိုင်ပါတယ်'

'ဟုတ်ပြီလေ၊ ဟုတ်ပြီလေ၊ အရေးအကြီးဆုံး အချက်ကတော့ မင်းရဲ့ အလုပ်ဝတ္တရား တာဝန်ကို သိနားလည်ဖို့ပဲ'

'ရှင်'

'မင်းဟာ မာတင်လင်းဒရီ့စ် အပေါ်မှာ သစ္စာရှိရှိ လုပ်ဆောင်ခဲ့သလို ကျုပ် လက်အောက်မှာလည်း လုပ်မယ်လို့ ယုံကြည်ပါတယ်'

'ရှင် အခု ပြောနေပုံက မာတင်လင်းဒရီ့စ်ဟာ သေဆုံးသွားပြီ ဖြစ်နေသလိုပါပဲလား'

လာနာက သူမစကားကို မကြားယောင်ပြုပြီး

'စီပစ်ရဲ့ ကိစ္စ အမှုသွား အမှုလာအရ မင်းမှာ တာဝန်လုံးလုံး ရှိတယ် ကျုပ် အထက်ကို တင်ပြရမယ်၊ အကောင်းဆုံး ကတော့ မင်းဘာသာ နုတ်ထွက်စာ တင်လိုက်ဖို့ပဲ'

ဆိုရာယာ ရင်သည် တစ်ဆို့ကြီး ဖြစ်သွားပြီး

'ဘာ နုတ်ထွက်စာ ဟုတ်လား'

လာနာက မင်သေသေဖြင့်

'နုတ်ထွက်စာက မင်းအတွက် အသင့်တော်ဆုံး မဟုတ်ဘူးလား'

ဆိုရာယာ၏ ဒေါသသည် မထိန်းသိမ်းနိုင်တော့ဘဲ ပေါက်ကွဲသွားတော့၏ ဆိုရာယာသည် ထိုင်ရာမှ ထလိုက်ပြီး

'နေစမ်းပါဦး၊ ရှင် ဘယ်သူလဲ၊ ဘယ်နှယ့် လုပ်ပြီး ဒီဌာနကို လာပြီး အမိန့်တွေ ပေးနေရတာလဲ'

လာနာက

'ဟုတ်တယ် ကျုပ် အမိန့်ပေးတယ်၊ မင်းပစ္စည်းတွေ သိမ်းသွားတော့ မင်းကို ထုတ်ပယ်ပစ်လိုက်ပြီ'



တောင်ကြားလမ်း သေးသေးလေးအတိုင်း ဘွန်းသည် အလန်နောက်သို့ လိုက်ခဲ့၏။ လမ်းသည် ဆုံးပုံ မပေါ်တော့။ တောင်ကို ကျော်ဖြတ်ရင်း ရထားတ အိုင်ပျက်များကို မမြင်ကွယ်ရာ ရောက်သောအခါမှ ရွာလေးကို လှမ်းမြင်ရ သည်။

ရွာဟုသာ ဆိုရသော်လည်း ဖြစ်သလို ဆောက်ထားသော အဆောက် အအုံ အစုလေး တစ်ခုသာ ဖြစ်ပါ၏။ ဘယ် အဆောက်အအုံမှ ကြီးကြီးမားမား မရှိ။ အညိုရောင် ဆိတ်နှစ်ကောင်က ပထမ သူတို့ကို လှမ်းကြည့်သည်။ အလန်ကို တွေ့မြင်တော့ မှတ်မိသွားပုံ ရပြီး မြက်ခြောက်များကို ဆက်ဝါး နေကြ၏။ ခပ်လှမ်းလှမ်းမှ မြင်းများသည်လည်း လူနံ့ရပြီး ခေါင်းခါ အသံပြု ကြသည်။

ဂျေဆင်ဘွန်းက

'မင်းအဖေက ဘယ်မှာလဲ'

'ထုံးစံအတိုင်း ဘားထဲမှာ ရှိမှာပေါ့' အလန်သည် ဘွန်းကို တစ်ချက် ကြည့်ပြီးနောက်

'ဒါပေမဲ့ ကျွန်တော်ကတော့ လိုက်မပို့နိုင်ဘူးနော်၊ ခင်ဗျား ဘာသာ တစ်ယောက်တည်း သွားရမယ်၊ ကျွန်တော် ခင်ဗျားကို ဘာတွေ ပြောခဲ့တယ် ဆိုတာလည်း သူ မသိမှ ဖြစ်မှာ'

ဘွန်းက ခေါင်းညိတ်ပြ၏။

'ငါ ကတိပေးပါတယ် အလန်'

'ကျွန်တော်နဲ့ တွေ့ခဲ့တယ် ဆိုတာတောင် မပြောနဲ့နော်'

'အေးပါ၊ ဒါ့ထက် ငါက မင်းအဖေကို ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

'သူ့ခြေထောက်ကို ကြည့်ရုံနဲ့ သိပါတယ်ဗျာ၊ သူ့ရဲ့ဘယ်ဘက်ခြေထောက် က ပိန်ပိန်သေးသေးလေးရယ်၊ ပြီးတော့ တိုလည်း တိုတယ်၊ အဖေ့နာမည်က ဘာရာဆင်' တဲ့။ ဘွန်းက လှည့်ထွက်တော့မည်အပြု အလန်က ဘွန်းကို လှမ်းဆွဲ ပြီး သူ့ လက်ထဲသို့ မာတင်လင်းဒရီ့၏ လက်စွပ်ကို ထည့်ပေးသည်။

ဘွန်းက

'ဒီလက်စွပ်က မင်းရှာတွေ့တာပဲဟာ'

အလန်က

'ဒီလက်စွပ်ဟာ ခင်ဗျား မိတ်ဆွေ ပိုင်ဆိုင်တဲ့ လက်စွပ် ဖြစ်တယ်၊ ကျွန်တော်က ခင်ဗျားကို ပြန်ပေးလိုက်ရင် သူသေချင်မှ သေမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စားချိန် ရောက်ပြီ ဖြစ်သည်။ ဖခင်ကြီး ဒေါ်စကော လင်းဒရိုစ်က သားဖြစ်သူ မာတင်လင်းဒရိုစ် ဘာကြောင့်ပဲ ဖြစ်ဖြစ် စားသောက်ရန် ငြင်းဆန်ခြင်း မပြုရဟု သင်ကြားထား၏။ မိမိခန္ဓာကိုယ် သန်စွမ်းဖို့ အားအင်ရှိဖို့ အစာအာဟာရ လိုသည်။ မင်းကို ဖမ်းထားသူတွေဟာ မင်းကို သတ်ချင်ရင်၊ သေစေချင်ရင် အစာငတ်ထားမှာပေါ့၊ ဒူဂျာများက မာတင်လင်းဒရိုစ်အား အစာငတ်မထားပေ။ သူတို့က ညှဉ်းပန်း နှိပ်စက်၍ သိချင်တာတွေ မေးမြန်းမရသောအခါ အစားအစာထဲတွင် ဆေးခတ်ကောင်း ခတ်နိုင်သည်။ ဆေးခတ်လျှင်လည်း ဘာမှ ရကြမည် မဟုတ်ပေ။ မာတင်လင်းဒရိုစ်သည် အချက်အလက်များကို လုံခြုံရာမှာ သော့ခတ် သိမ်းဆည်းထားပြီး ဖြစ်သည်။ ဥပမာ ဆိုဒီယံ ပင်တိုသယ်ဆေး ဆိုပါစို့။ ထိုဆေးက စားသုံးပြီးနောက် သူ့ပါးစပ်ထဲမှ ကရားရေလွှတ် တတွတ်တွတ် ဒလဟော စကားများ ထွက်ပေါ်လာစေနိုင်ပါ၏။ သို့သော် ဘာမှ အသုံးဝင် အသုံးတည့်သည့်သတင်းအချက်အလက်များ ပါဝင်မည်ကား မဟုတ်ပေ။ သူတို့ သိလိုသော အကြောင်းအရာအားလုံးတို့သည် မာတင် လင်းဒရိုစ်၏ စိတ်ထဲမှာ လုံလုံခြုံခြုံ သော့ခတ် သိမ်းဆည်းထားပြီး ဖြစ်သည်။

ဖမ်းထားသူများသည် အချိန်ဇယားနှင့် ပြုလုပ်ကြသူများ ဖြစ်သည်။ ယခုအခါတွင် အချိန် တော်တော်များများ မာတင်လင်းဒရိုစ်ကို တစ်ယောက်တည်းထား၏။ သူ့ကို ပုံမှန် အစားအသောက် ကျွေး၏။ သူ့ကို စောင့်သူက အစားအစာ ပန်းကန်ထဲသို့ တံထွေး ထွေးထည့်ပြီး စားစေသည်။ တစ်ခါတစ်ရံလင်းဒရိုစ်က အစား အသောက်များဖြင့် သူ့ကိုယ်သူ ညစ်ပတ် ပေကျံအောင်လုပ်သည့် အခါများတွင်လည်း ဘာမှမပြောဘဲ ဒီအတိုင်းပဲ ပစ်ထား၏။ အနံ့အသက်များ အလွန် ဆိုးရွားသော အခါမှ သူ့ကို ရေခဲရေပိုက်ဖြင့် ပက်ရာ နံရံမှာပဲ မိုက်ကပ်စရာ ရှိတော့သည်။ အေးစက်သော ရေခဲရေနှင့် သွေးတို့သည် နေရာအနှံ့ စီးဆင်းကြသည်။ ထိုအခါမျိုးတွင် မာတင်လင်းဒရိုစ်သည် ရေကန်သာတွင် ထရော့ ငါးကို တစ်ကောင်းချင်း မျှားနေရလေ၏။

သို့သော် ထိုကိစ္စများကား ရက်သတ္တပတ်များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ သူ့ စိတ်က ထင်မှတ်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ယခုတော့ သူ့အခြေအနေမှာ တိုးတက်နေပြီ ဖြစ်ပါသည်။ သူတို့သည် ဆရာဝန် တစ်ဦးအား လာရောက်စေပြီး သူ့ကို ကြည့်ရှုစစ်ဆေးစေ၏။ ဆရာဝန်က သူ၏ ပြဲစုတ်သော ဒဏ်ရာတချို့ကို ချုပ်၍ ပေးသည်။ လိုအပ်သည့် နေရာများတွင်



ဗလာစတာ ကပ်ခြင်း၊ ပတ်တီးစည်း ခြင်းများ ပြုလုပ်ပေးသည်။ ရေခဲရေဒဏ်ကြောင့် အဖျားတက်နေခြင်းကို ကာကွယ် နိုင်စေရန် ပဋိဇီဝ ဆေးများ ပေး၏။

ယခုသော်ကား မာတင်လင်းဒရိုစ်သည် ရေကန်ထဲသို့ ငါးမျှားထွက်ခြင်း အလုပ်ကို အချိန် ကြာမြင့်စွာ မလုပ်ဘဲ နေ၍ ရနေ၏။ ပတ်ဝန်းကျင် အခြေအနေကို လေ့လာ ဆန်းစစ်လာနိုင်၏။ သူ့ နေရာမှာ ဂူတစ်ခုထဲ ဖြစ်နိုင်သည်ဟု သူ သိသည်။ ဂူဝဆီမှ လေတိုးသံများ ကြားရသည်။ အေးမြ၍ မြင့်မားပုံရကြောင်း ခန့်မှန်းမိ၏။ သူ့စိတ်ထဲတွင် သူသည် ရပ်စ်ဒီဂျင် တောင်တန်းတစ်နေရာမှာ ရှိနေပုံ ရသည်ဟု သူ ယူဆ၏။ ယခုအချိန်တွင် သူ ဖာဒီကို မတွေ့ရပါ။ ရံဖန်ရံခါ ဖာဒီ၏ လက်ထောက်ဖြစ်သူ အဘူဘင်အဇစ် ဆိုသူနှင့် တွေ့ရသည်။ ဖာဒီက သူ့ကို စစ်ကြော မေးမြန်း၍ မရရှိသော အခါ ယခုအဇစ်သည် သူ့ကို စစ်ကြောရေး တာဝန်ခံ ဖြစ်လာ၏။

မာတင်လင်းဒရိုစ် အတွက်မူ အဘူဘင်အဇစ်သည် သိလွယ်နားလည်လွယ်နိုင်သူ ဖြစ်၏။ သူသည် လူသားတို့ ယဉ်ကျေးမှု ကမ္ဘာနှင့် ကင်းဝေးနေသူဖြစ်သည်။ သူသည် သဲကန္တာရ၏သား ဖြစ်သည်။ သည်သဲကန္တာရမှာ မွေးဖွား၍ သဲကန္တာရမှာပဲ ကြီးပြင်းလာသူ ဖြစ်သည်။ သူ ပြောသော အာရပ်စကားအရ သူသည် ဘီဒိုဝင် မျိုးနွယ်စုမှ ဖြစ်နိုင်သည်။ သူသည် အမှားနှင့် အမှန်တို့ကို အဖြူနှင့် အမည်းလို ခွဲခြား သတ်မှတ်ထားသူမျိုး ဖြစ်သည်။ တစ်နည်းဆိုရသော် သူသည် မာတင်လင်းဒရိုစ်လို လူစားမျိုးပင်တည်း။

အဇစ်သည် မာတင်လင်းဒရိုစ်နှင့် စကား ပြောရခြင်းကို သဘောကျပုံ ရသည်။ အဇစ်သည် မာတင် ရေပိုက်နှင့် ထိုးခံရခြင်းမှ ကာကွယ်ပေးခဲ့သူ၊ အဝတ်အစားများ ပေးဝတ်ခဲ့သူ ဖြစ်သည်။ ဤကဲ့သို့ သူတော်ကောင်းစစ်ကြောရေးသမား ပြုလုပ် နေခြင်းဖြင့် အကျဉ်းသား၏ ခင်မင်ရင်းနှီးမှု ရရှိလာနိုင်သည်ဟု ယူဆ ပုံရ၏။

မာတင် လင်းဒရိုစ်ကား မိတ်ဆွေ ဖြစ်လွယ်သူ တစ်ဦး မဟုတ်ပေ။ သူသည် တစ်ကိုယ်တော်သမား ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ မာတင်လင်းဒရိုစ်သည် အဘူဘင်အဇစ် ဘာသိချင်တာလဲ ဆိုတာကို ဖြစ်သည်။ ထိုအချက်သည်ပင် လင်းဒရိုစ် အတွက် ပဟေဠိလို ဖြစ်နေ၏။ အဇစ်သိချင်နေသည်မှာ လွန်ခဲ့သော နှစ်ပေါင်း များစွာက ထောက်လှမ်းရေး အဖွဲ့ချုပ်စီအိုင်တ အကြမ်းဖက် ခေါင်းဆောင်ဟာ မစ်ဘင်အရှက် အကြောင်း သတင်းအချက် စုဆောင်းခဲ့ခြင်းများကို သိလိုနေ၏။ အဇစ်နှင့် ဟာမစ်တို့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ကြပါသနည်း။ ဘာကြောင့် သိလိုရပါသနည်း။

ဤစုံစမ်းမှုကို ကောက်ချက် ဆွဲရသော် ဒူဂျာအဖွဲ့က သူ့ကို ပြန်ပေးဆွဲရခြင်း၏ အဓိက အကြောင်းနှင့် ပတ်သက်ပုံ မရချေ။

ထိုအချိန်၌ အဇစ်သည် မာတင်လင်းဒရို့စ် ရှေ့တွင် လာထိုင်လိုက်ပြီး

'ဒီနေ့ ဘယ်လို နေသလဲ၊ နေလို့ ကောင်းရဲ့လား'

မာတင်လင်းဒရို့စ်၏ စိတ်အာရုံမှာ ပြေးလွှားနေ၏။ သူက နောက်ဆုံးမှာ ထိန်းသိမ်းပြီး

'ရာသီဥတုက ဘယ်လို ရှိသလဲ'

'အေးတယ်၊ လေအေးတွေက ဆက်တိုက် တိုက်နေတော့ ပိုအေးဦးမှာပဲ'

အဘူဘင်အဇစ်က တုန်ပြပြီး

'နောက်ထပ် အေးလာဦးမှာပဲ'

မာတင်လင်းဒရို့စ်သည် ဒုက္ခ အမျိုးမျိုးကို ခံစားခဲ့ရပြီး ဖြစ်သည်။ အပူဆုံး၊ အအေးဆုံးများကိုလည်း ရင်ဆိုင်ခဲ့ရပြီး ဖြစ်သည်။ သဲရုပ်ရုပ် အစားအစာများကိုလည်း စားခဲ့ရပြီး ဖြစ်သည်။ လင်းဒရို့စ် ဘာမှ မပြော။

အဇစ်က

'ဒီမှာ ရောက်နေရတာ ခင်ဗျား အတွက်တော့ ပင်ပန်းမှာပဲနော်'

လင်းဒရို့စ်က

'ခင်ဗျားက သဲကန္တာရကို လွမ်းတာထက် ပိုမှာပေါ့ဗျာ၊ ခင်ဗျားရဲ့ မိဘစဉ်ဆက် နေလာခဲ့ကြတဲ့ နေရာ မဟုတ်လား'

အဘူဘင်အဇစ်က

'အနောက်တိုင်း ယဉ်ကျေးမှုဆိုတာတွေဟာ ရောဂါပိုး ဝင်လာသလိုမျိုးပဲ ဖယ်ရှား သုတ်သင်ပစ်မှ ဖြစ်မှာ'

'အနောက်တိုင်း ယဉ်ကျေးမှု လူနေမှုစနစ်ကို ခင်ဗျား ကြောက်ရွံ့နေတာက ခင်ဗျား မသိ နားမလည်လို့ပဲ ဖြစ်မှာပါ'

အဇစ်က

'ခင်ဗျားတို့ အမေရိကန်တွေလည်း ကျွန်တော်တို့ ယဉ်ကျေးမှု လူနေမှုစနစ်ကို နားမလည်ကြပါဘူး'

လင်းဒရို့စ်က ခေါင်းညိတ်လိုက်၏။

'ခင်ဗျား ပြောတာလည်း မမှားပါဘူး၊ ဒါဆိုရင် ကျုပ်တို့ ဘယ်လိုများ ဖြစ်နိုင် သွားကြမလဲ'



'တစ်ယောက် လည်မျိုကို တစ်ယောက် ညှစ်ကြတော့တာပေါ့'

၁

ဂျေဆင်ဘွန်းသည် ဘား၏ အတွင်းပိုင်းကို အကဲခတ် ကြည့်လိုက်၏။ သူသည် အပြင်မှ ကပ်ပါလာသော နှင်းပွင့်များကို ခါပြီး အထဲသို့ ဝင်လိုက်၏။ ဘယ်သူကမှ သူ့ကို ဂရုမစိုက်ကြ။ ဘားအထိ သွားပြီး ဘီယာမှာလိုက်သည်။ ပုလင်းဘီယာ တစ်လုံးရသည်။ ဘီယာတစ်ငုံ သောက်ပြီး ဝန်းကျင်ကိုလှည့်လာကြည့်၏။ အခန်းထဲမှာ ဘာမှ ထူးထူးခြားခြား ကြည့်စရာ မရှိ။ ခြေထောက် တစ်ဖက်သန်ပုံ မရသော အလန် ပြောပြလိုက်သည့် ပုံသဏ္ဌာန်ရှိသည့် သူ့အဖေ ဇိန်းသည် အခန်းထောင့် စားပွဲမှာ တစ်ယောက်တည်း ထိုင်နေ၏။ ဘွန်းသည် အလန်၏ ဖခင် ထိုင်နေသော စားပွဲသို့ သွားပြီး ထိုင်လိုက်၏။

ဇိန်းက မကျေမနပ်နှင့်

'ကျုပ်ခုံကို လာမထိုင်နဲ့ တိုးရစ်ကောင်'

ဘွန်းက ဇိန်းပြောသည့် ဘာသာ စကားဖြင့်ပင်

'ကျုပ်က တိုးရစ်မှ မဟုတ်တာ'

အလန်၏ ဖခင်သည် မျက်လုံး ကျယ်သွား၏။ နောက် ခေါင်းကို ခါယမ်းပြီး ကြမ်းပေါ်သို့ တံတွေး တစ်ချက် ထွေးလိုက်၏။

'ဘာပဲပြောပြော တစ်ခုခု လိုချင်လို့ လာတာပဲ ဖြစ်ရမယ်၊ ဘယ်သူမှ ရှယ်စ်ဒီဂျင် တောင်ထိပ်ကို ဆောင်းတွင်းကြီးမှာ မလာဘူး'

ဘွန်းက ဘီယာတစ်ငုံ သောက်လိုက်ပြီး

'ခင်ဗျား ပြောတာ မှန်ပါတယ်'

နောက် ဇိန်းရှေ့မှ ဘီယာပုလင်း ကုန်နေသည်ကို တွေ့ရ၍ ဘီယာ တစ်ပုလင်း ထယူပြီး ဇိန်းရှေ့ကို ချသည်။ ဇိန်း ဖန်ခွက်ထဲသို့ ငှဲ့ပေးမည် ပြုချိန်တွင် ဇိန်းက

'မလိုဘူး ထင်တယ်၊ မင်းက ရန်သူကို ခေါ်လာခဲ့တဲ့ သူပဲ'

ဘွန်းက

'ကျုပ်မှာ ရန်သူ ရှိတယ်လို့ မသိရပါလား'

ဇိန်းက

www.burmeseclassic.com

www.burmeseclassic.com



'မင်း သေမင်းကွင်းပြင်က လာတယ်၊ မငြင်းနဲ့၊ မင်း စစ်ရဟတ်ယာဉ်ပျက်တွေပေါ် တက်ကြည့်ခဲ့တယ်၊ အဲဒီလောက် ဆိုရင်ပဲ လူသေကောင်က ယင်ကောင်တွေ ခေါ်လိုက်သလိုပဲ၊ ရန်သူခေါ်ပြီး ဖြစ်သွားပြီပဲ၊ ကျုပ် မင်းကိုယ်ပေါ်က အဲဒီ အနံ့ကို ရတယ်'

ဘွန်းက

'အဲဒီ ရန်သူက ဘယ်သူ ဘယ်ဝါဆိုတာ ကျုပ်တော့ ခုထိ မသိသေးဘူး'

ဇီနီးက သွားဖြဲ ပြသည်။

'ဒါဆိုရင် ကျုပ်ဟာ မင်းအတွက် တန်ဖိုး ရှိနေပြီ၊ ဘီယာတစ်လုံးနဲ့တော့ ဘယ်ဖြစ်မလဲ'

ဘွန်းက

'ကျုပ်ရဲ့ ရန်သူတွေက ပုန်းကွယ်နေပြီး သေမင်းကွင်းကို စောင့်ကြည့်နေကြတယ်ပေါ့'

ဇီနီးက

'မင်း ရန်သူ့ရဲ့ မျက်နှာကို ကျုပ်က ပြပေးမယ်ဆိုရင် ဘယ်လောက် ပေးမှာလဲ'

ဘွန်းက ပိုက်ဆံတချို့ လှမ်းပေးသည်။ ဇီနီးက အလျင်အမြန် ယူလိုက်၏။ ပြီးမှ

'မင်းရဲ့ ရန်သူက အဲဒီကွင်းကို နေ့ရော ညပါ စောင့်ကြည့်နေတာ၊ ပင့်ကူ အိမ်ထဲ ဝင်လာတဲ့ ယင်ကောင်ကို စောင့်နေတဲ့ ပင့်ကူလိုပေါ့'

'သူ့အတွက် ဘာအကျိုး ရှိလို့လဲ'

ဇီနီးက ပခုံး တွန့်ပြပြီး

'နည်းနည်းပါးပါးပဲ ရှိမှာပါ'

'ဒါဆို တခြား သူ့ကို ခိုင်းတဲ့သူ ရှိသေးတာပေါ့'

ဇီနီးက စားပွဲပေါ် ကုန်း၍ ဘွန်းနားသို့ ကပ်ကာ

'ကျုပ်တို့က စစ်တုရင် ခုံပေါ်က နယ်ရုပ်ကလေးတွေ ပါပဲ၊ ကျုပ်တို့ ဘဝက အသက်မွေးမှုအတွက် လှုပ်ရှားရတာပဲ၊ အဆင်မတော်ရင် သေတွင်းကို ရောက်နိုင်တယ်၊ ဒုက္ခ တွေ့နိုင်တယ်ပေါ့'

ဘွန်း စိတ်ထဲတွင် ဇီနီး၏ သား သေဆုံးခဲ့ရပုံ အလန် ပြောပြသည်ကို ပြေး၍ သတိရ၏။ သို့သော် ဘာမှ မပြော။ သူသည် အလန်ကို ဘာမှ မပြောဘဲ နေမည်ဟု ကတိပေးပြီး ဖြစ်သည်။



ဘွန်းက လေသံ တိုးတိုးဖြင့်

'ကျုပ်က ကျုပ်ရဲ့ မိတ်ဆွေ တစ်ယောက်ကို လာရှာတာ ဖြစ်တယ်၊ သူဟာ ဒီ ရုပ်စ်ဒီဂျင် တောင်တန်းပေါ်ကို ရဟတ်ယာဉ် နှစ်စင်းနဲ့ လာခဲ့တယ်၊ ပထမ ရဟတ်ယာဉ်ပေါ်မှာ သူပါခဲ့မှာပဲ၊ ရဟတ်ယာဉ်ပျက်တွေကို ကျုပ် တွေ့ခဲ့ပြီပြီ ကျုပ်မိတ်ဆွေရဲ့ ရုပ်အလောင်း မတွေ့ရဘူး၊ ဒါဆို သူအသက်ရှင်ရက် ရှိနိုင်တယ်လို့ ကျုပ် ယုံတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာတွေ သိထားသလဲ'

'ကျုပ်လား ဘာမှ တိတိကျကျ မသိပါဘူး၊ ဟိုနားတစ်စ ဒီနားတစ်စ ကြားမိတာလေးတွေ လောက်ပဲ ရှိပါတယ်၊ ဒါပေမဲ့ ကူညီနိုင်မယ့်သူတော့ ရှိတယ်ဗျ'

ဘွန်းက

'ကျုပ်ကို သူ့ဆီ ခေါ်သွားမလား'

ဇီနီးက ပြုံးလိုက်၏။

'အဲဒါကတော့ မင်းအပေါ်မှာ တည်တာပဲ'

ဘွန်းသည် နောက်ထပ် ပိုက်ဆံ တစ်ထပ် စားပွဲပေါ်မှ တစ်ဆင့် ပေးလိုက်သည်၊ ဇီနီးက အမြန် ယူလိုက်၏။

'အဲ ဒါပေမဲ့ နောက်တစ်ချက်က ရှိသေးတယ်ဗျ၊ မင်းရဲ့ ရန်သူက မင်းကို စောင့်ကြည့်နေတုန်း လှုပ်ရှားဖို့ မလွယ် ဘူးလေ၊ မင်းကို စောင့်ကြည့်နေတဲ့ သူတ မင်းနောက်နားက ခုံမှာ ထိုင်နေတယ်၊ သူဟာ ခိုင်းဖတ် အဆင့်က နေပါ ဒီထက် အဆင့် မမြင့်ပါဘူး'

ဘွန်းက

'အခုဆိုရင် ခင်ဗျားလည်း ကျုပ်နဲ့ အမှုတွဲနေပြီပေါ့'

အလန်၏ ဖခင်က ပခုံးတွန့်ပြပြီး

'ကျုပ်က အရေးမကြီးပါဘူး၊ ဂရုလည်း မစိုက်ပါဘူး၊ ဒီငနဲကို ကျုပ်သိပါတယ်၊ သူ့လူတွေကိုလည်း ကျုပ် သိတယ်၊ မင်းကို ကျုပ် စကား ပြောတာ တွေ့ရုံနဲ့ ကျုပ်အတွက် ဘာအန္တရာယ်မှ မရှိပါဘူး'

ဘွန်းက လေသံဖြင့်

'အဲဒီ ငနဲကို ကျုပ် ကျောဝေါ်က ခွာချ ပစ်ချင်တာ၊ စောင့်ကြည့်နေတဲ့ မျက်လုံးကို အိပ်မောကျသွားစေချင်တာ'

'ဩော် မင်းက ဒီလို ဖြစ်စေချင်တာ ကိုး'

www.burmeseclassic.com

www.burmeseclassic.com



ဇိန်းက သူ့မေးစေ့ကို လက်ဖြင့် ပွတ်ပြီး

'ဘယ် ကိစ္စမျိုး မဆို ဖြစ်အောင် လုပ်လို့ ရပါတယ်၊ ခက်ခဲတဲ့ ကိစ္စပဲ ဖြစ်ဖြစ်ပေ့ါ'

ဘွန်းက နောက်ထပ် ပိုက်ဆံတစ်ထပ် ပေးလိုက်ပြန်၏။ ဇိန်းက ကျေနပ်သဘောတူသွားပုံ ရသည်။ သူက

'ကျုပ်ကို သုံးမိနစ် အချိန်ပေး၊ ပိုလည်း မပိုစေနဲ့ လိုလည်း မလိုစေနဲ့၊ ပြီးတော့ ကျုပ်နောက် အပြင်ကို ထွက်လိုက်ခဲ့၊ အပြင်ဘက် ရောက်ရင် လမ်းမအတိုင်း ခြေလှမ်းတစ်ရာလျှောက်၊ ပြီးရင် ပထမဆုံး တွေ့တဲ့ ညာဘက်က လမ်းမြောင်ထဲကို ကွေ့၊ ကျုပ်က မင်းကို ကူညီနေတယ် ဆိုတာ မြင်သိသွားလို့တော့ မဖြစ်ဘူး၊ မင်း ဘာလုပ်ရမယ် ဆိုတာ သိပါတယ်လေ၊ ပြီးရင် ကျုပ်က မင်းကို လာတွေ့မှာပေ့ါ'

၀

ဆိုရာယာ မုန်တိုင်း ရုံးခန်းမှ သူ့စားပွဲကို ရှင်းလင်းရန် ရောက်လာချိန်တွင် ပီတာမတ်က

'ခင်ဗျားအတွက် ပို့စာ ဝင်လာနေတယ်'

ဆိုရာယာက

'ရှင်ပဲ ယူထားလိုက်တော့ ပီရေ၊ ကျွန်မကို ဒီနေရာက ကန်ထုတ်လိုက်ပြီ'

'ဘုရားရေ ဘယ်လို ဖြစ်တာလဲ'

'ခုပဲ ယာယီတာဝန်ခံ ဒါရိုက်တာက ခေါ်ပြောတယ်လေ'

'အင်း သူကတော့ ပီတာလင်းဒရို့စ် လုပ်ထားတဲ့ အလုပ်တွေ အားလုံးကို ဖျက်၊ လင်းဒရို့စ် လူတွေ အားလုံးကို ရှင်းပစ်နေပြီ ထင်ပါရဲ့'

'အဲဒီ သဘောပါပဲ'

ဆိုရာယာ လှည့်ထွက်ရန် အပြု ပီတာက လက်ကို လှမ်းဆွဲပြီး

'ဒီမယ် ဆိုရာယာ၊ တင်ဟာနာ သေဆုံးခဲ့တဲ့ ကိစ္စအတွက် ကျွန်တော်ကိုယ်တိုင်ရော၊ ကျွန်တော်တို့ တစ်ဖွဲ့လုံး က ခင်ဗျားကို အပြစ်မတင်ကြပါဘူး၊ ဒီလို ဌာနမျိုးမှာ ဒီလို အဖြစ်အပျက်မျိုး ဖြစ်တတ်တာပါပဲ၊ ကံမကောင်းအကြောင်းမလှ လို့သာပါ'



ဆိုရာယာသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး

'ကျေးဇူးပါပဲ၊ ပီ ခုလို ပြောဖော်ရတဲ့ အတွက် ကျေးဇူးပါပဲ'

'ဆိုရာယာ အနေနဲ့ ဘွန်းကြောင့် ခင်ဗျားနဲ့တင် ဒီကိစ္စထဲ ပါဝင် တ်ခဲ့ရတာမို့ ဥပဒ်နေတယ် မဟုတ်လား'

ဆိုရာယာသည် ခဏမျှ တွေသွားပြီးနောက်

'တကယ်တော့ ဘွန်းကြောင့်လည်း မဟုတ်ပါဘူး၊ ကျွန်မကြောင့် ဖြစ်တာ း မဟုတ်ပါဘူး၊ ဖြစ်မယ့် ကိစ္စမို့ ဖြစ်သွားတာပါ'

'ဟုတ်ပါပြီ၊ အိုကေပါတယ်၊ တကယ်တော့ ဘွန်းဟာလည်း အပြင်လူပဲ င်လား၊ အဘိုးကြီးက ခေါ်လာတဲ့ အပြင်လူပဲလေ၊ အခု ဟိုသေချင်းဆိုး သို အဘိုးကြီး အပြင်က ခေါ်လာတဲ့ လူပဲပေ့ါ၊ အဘိုးကြီး အားလုံးကို ချာချာမှ ကိုင်တွယ်နိုင်ရဲ့လား မသိပါဘူး'

'အင်းလေ၊ အခုချိန်မှာတော့ အဲဒါ ကျွန်မ အပူ မဟုတ်တော့ပါဘူး'

ဆိုရာယာသည် ပြောပြောဆိုဆို သူမ ရုံးခန်းထဲသို့ ဝင်မည်အပြု ပီတာ

'ဒါပေမဲ့ ဒီပို့စာက'

'အို ပီကလည်း ရှင်ပဲ လက်ခံထား လိုက်ပါတော့လို့ ပြောနေတဲ့ဟာ'

ပီတာက

'ဒါပေမဲ့ ပို့စာက အရေးတကြီးလို့ ဆိုတယ်၊ ဆမ်လိုဗက်ဆီက ပို့လိုက်တဲ့ ခင်ဗျ'

ထွက်သွားသည်နှင့် ဘွန်းသည် ရေအိမ်ထဲသို့ ဝင်ခဲ့၏။ ရေအိမ်ကား လှပေသည်။ ရေအိမ်ထဲ ရောက်သည်နှင့် ဖုန်းဖြင့် ဒေးဗစ်ထံ ဆက်သွယ်

'ဒေးဗစ် အဲဒီကွင်းကို စောင့်ကြည့်နေတဲ့ သူတွေ ရှိတယ်လို့ သတင်း နံဘေး ဝန်းကျင်ကို အမြဲ သတိထားပြီး ကြည့်နေ'

ဒေးဗစ်က

'ခင်ဗျားလည်း ဂရုစိုက်ပါ၊ ရာသီဥတုက ပိုဆိုးလာပုံ ပေါ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ်၊ ကျုပ်တို့ ထွက်လမ်းဟာ အလွယ်တကူတော့ ရှိနိုင်မှာ မဟုတ်ပါဘူး'

ဒေးဗစ်က

'ပူမနေပါနဲ့ဗျာ၊ ကျွန်တော့်ဘက်ကတော့ ကျွန်တော် တာဝန်ယူပါတယ်'

ဘွန်းသည် ဖုန်းပိတ်၊ ရေအိမ်ထဲမှ ထွက်၊ ဘီယာဖိုး ရှင်းပြီးနောက် ဘားထဲမှ ထွက်၏။ မထွက်မီ ဇိန်းက ရန်သူ့ မျက်လုံးဟု ဆိုခဲ့သူကို တစ်ချက် ကြည့်လိုက်၏။ ထိုလူမှာ အင်ဟာရာ မျိုးနွယ်စုဝင်တစ်ဦး ဖြစ်သည်။ ဘွန်းက လှမ်းကြည့်ချိန်၌ ဘွန်းကို စောင့်ကြည့်နေသည့် မျက်လုံးများကို လွှဲ၍ပင် မပစ်။ ဘွန်းသည် မလိုလားအပ်သော ရန်သူ ဖြစ်သည်။ သည်နေရာကား သူ့နယ်မြေ မဟုတ်ပါလား။

ဘွန်းသည် မျက်လုံးကို တစ်ချက်မျှသာ ကြည့်ပြီး သုံးမိနစ် ပြည့်ပြီဖြစ်၍ ဘားအပြင်သို့ ထွက်လိုက်၏။

အပြင်ဘက် ရောက်သည်နှင့် ခြေလှမ်းတစ်ရာ ရေတွက်၍ လျှောက်လိုက်၏။ နောက်မှ မျက်လုံး ပါလာပုံ ရသည် ကိုလည်း သိနေ၏။ နောက်မှ ခြေရာခံ လိုက်နေသူ အတွက် ခပ်မြန်မြန်လေး လျှောက်လိုက်၏။ ခြေလှမ်း တစ်ရာ အပြည့်တွင် ဇိန်း ပြောသလို ညာဘက်က လမ်းမြောင်ထဲ ချိုးဝင်လိုက်၏။ ခဏ အတွင်း နောက်ထပ် ညာကွေ့ တစ်ခု တွေ့၍ ကွေ့လိုက်သည်။ ကွေ့ဝင်ပြီး နှစ်လှမ်းလှမ်းပြီးနောက် ခုံနံဘေးသို့ ကပ်လိုက်၏။ ထိုစဉ်မှာပင် အပြေးအလွှား လိုက်လာသော မျက်လုံး မီလာ၏။ ဘွန်းသည် မျက်လုံးကို လှမ်းဖမ်းဆုပ်ပြီး မေးရိုးကို လက်သီးဖြင့် ထိုးလိုက်၏။ မျက်လုံး မေ့သွား၏။

ခဏ အကြာတွင် ဇိန်း ပေါ်လာ၏။ ဇိန်းက

'မြန်မြန်လုပ်ဗျို့၊ ကျုပ် သတိမထားမိလိုက်တဲ့ ငနဲ နှစ်ကောင် ရှိသေးတယ်'

ဇိန်းသည် လမ်းမြောင် ကြားမှ ဦးဆောင်၍ ထွက်လိုက်သည်။ သူတို့သည် ရွာအပြင်ဘက် အစပ်သို့ ရောက်လာကြပြီ ဖြစ်သည်။ အတန် သွားလိုက်သောအခါ တဲကြီးတစ်လုံး တွေ့ရ၏။ တဲနောက်ဘက်တွင် မြင်းသုံးကောင် ရှိနေ၏။

ဇိန်းက

'ကုန်နှီးမပါဘဲ မြင်းကို စီးလို့ရရဲ့လား'

ဘွန်းက

'ဖြစ်ပါတယ်'



ဘွန်းသည် ဇိန်းကို မြင်းတစ်ကောင်ပေါ် တင်ပေးလိုက်ပြီး သူကိုယ်တိုင် မြင်းတစ်ကောင် ကျောပေါ် တက်လိုက်၏။ သူတို့နှစ်ဦး ခနိုးထွက် ကြ၏။

ရာသီဥတု အတော်ဆိုးလာပြီ ဖြစ်၏။ မုန်တိုင်း ဝင်တော့မည့် သဘော ကြောင်း ဘွန်း ရိပ်မိ၏။ ဒေးဗစ် တစ်ယောက် အကာအကွယ် လုပ်နေတန် တု မှတ်ယူလိုက်၏။

ဇိန်းသည် မြင်းများကို သစ်ပင်အုပ် ရှိရာသို့ နှင်စေ၏။ ဘွန်းနောက်ဘက် လှမ်းကြည့်လိုက်ရာ ဇိန်း သတိမထားမိ လိုက်သော အင်ဟာရာ မျိုးနွယ်စု သည် မြင်းကိုယ်စီနှင့် သူတို့နောက်သို့ လိုက်ပါလာနေပြီ ဖြစ်၏။

ဘွန်းသည် မြင်းကို ဇက်တွန့်လိုက်ပြီး လာရာလမ်းကို ဦးတည်၍ နှင် လိုက်၏။ နောက်မှ လိုက်လာသော မြင်းနှစ်ကောင်နှင့် ဟာရာတို့သည် သူတို့ထံ ပြန်ဝင်လာသော ဘွန်း မြင်းကို မြင်၍ ကောင် ခွာလိုက် ကြ၏။

ဤသို့ ဖြစ်မည်ကို ကြိုတင်ခန့်မှန်းပြီး ဖြစ်သည့် ဘွန်းသည် အနား လာသည်နှင့် သူ၏ ဘွတ်ဖိနပ်ကြီးဖြင့် အင်ဟာရာ တစ်ဦး၏ ရင်ဘတ် ကန်လိုက်၏။ မြင်းအရှိန်ရော၊ ကန်ချက် အရှိန်ရော ပေါင်းစပ်လိုက် ထိုလူ မြင်းပေါ်မှ ထွေးခနဲ ကျသွား၏။ ထိုစဉ် ကျန်မြင်း တစ်ကောင် အင်ဟာရာသည် သူ၏ သေနတ်ကို ထုတ်လိုက်ပြီ ဖြစ်သည်။ ဇမမ ပစ္စတို တစ်လက် ဖြစ်သည်။ ပစ္စတိုဖြင့် ဘွန်းကို ချိန်ရွယ်နေ၏။

သေနတ်သံ တစ်ချက် ကြားလိုက်ရပြီး အင်ဟာရာ မြင်းပေါ်မှ တလိမ့် တွေး ပြုတ်ကျသွားသည်။ ဘွန်းလှည့် ကြည့်လိုက်သောအခါ သေနတ် ပစ်လိုက်သူမှာ ဇိန်း ဖြစ်နေ၏။ ဇိန်းက လက်ဖြင့် အချက်ပြ ဆောင်နေ၏။ ဘွန်းသည် ဇိန်း ရှိရာသို့ နှင်ခဲ့ပြီး နှစ်ဦးသား တောအစပ် လိုက်ကြ၏။

သေနတ်သံ တစ်ချက် ကြားရပြီး သူတို့ အနားမှ သစ်ကိုင်းကို ကျည် သွားသံ ကြားရသည်။ ဘွန်း ကန်ခဲ့သော အင်ဟာရာသည် လဲကျရာမှ မြင်းပေါ်တက် သူတို့နောက်သို့ လိုက်ကာ ပစ်ခတ်လိုက်ခြင်း ဖြစ်၏။ သူတို့နှစ်ဦးသား ရှေ့မှ အသားကုန် နှင်ခဲ့ကြ၏။ သူတို့ နှစ်ယောက်သည် နေမှုနေးသို့ ရောက်လာ၏။

ထိုစဉ် သေနတ်သံ တစ်ချက် ကြားလိုက်ပြီး ဇိန်း၏ မြင်းသည် တုံးလုံး

www.burmeseclassic.com

www.burmeseclassic.com

လဲကျ သွား၏။ ဘွန်းသည် သူ မြင်းပေါ်မှ ဆင်း၍ ဇိန်းကို ပွေ့ထူပြီး မြစ်ကမ်းထဲသို့ ခုန်ဆင်းလိုက်၏။ မြစ်ရေပြင်မှာ ရေခဲပြင် ဖြစ်နေသည်။ ဘွန်းသည် ရေခဲပြင်အတိုင်း စွတ်ပြေး၏။ ဘွန်းက ဇိန်းအား

'ခင်ဗျား သေနတ်ရော'

'မြင်းလဲကျတုန်းက ကျကျန်ရစ်ပြီ'

ဘွန်းသည် မြစ်ကွေ့တစ်ခုကို ဖြတ်ကူးပြေးသည်။ ထိုစဉ် ဇိန်းထ ငယ်သံပါအောင် အသံပြု၏။ ထိုအချိန်မှ ဘွန်း သည် ဇိန်းဘာကြောင့် အော်လိုက်သည်ကို သတိပြုမိ၏။ ရှေ့နားတွင် မြစ်သည် ရေတံခွန် တစ် ဖြစ်နေပြီ ဖြစ်၏။

ဘွန်းက

'ရေတံခွန်က ဘယ်လောက် မြင့် သလဲ'

ဇိန်းက ထိတ်လန့်တကြားဖြင့်

'အမြင့်ကြီး၊ အမြင့်ကြီးမှ အမြင့်ကြီး'

၀

ဘွန်းသည် ညာဘက်၊ ဘယ်ဘက် သို့မဟုတ် ညာဘက် တစ်ဖက်ဖက် ကပ်ရန် ကူးရန် ကြိုးစား၏၊ မရပေ။ သူသည် လွင့်ပျံ မျောစီးနေသော ရေခဲမြစ်ထဲတွင် လိုက်ပါ မျောစီးရင်း အရပ်ဒေသ ရွှေ့ ပြောင်းဖို့ ကြိုးစား၏ မရဘဲ ဖြစ်နေသည်။ ရေခဲမြစ်ကြီးသည် ရေတံခွန်ကြီးနှင့် နီးသည်ထ နီးလာပြီ ဖြစ်သည်။ ဘွန်းသည် တခြား ထူးထူးခြားခြား မတတ်နိုင် သ နည်းတူ ရေခဲမြစ် ဗဟိုဘက်သို့ ရောက်အောင် ကြိုးစား၏။ သို့မှသ ရေတံခွန်ကြီးသည် အောက်ခြေ ရေ အနက်ဆုံး အပိုင်း၊ အောက်ခြေရေခဲပြ အပါးလွှာဆုံး အရပ်သို့ ကျနိုင်မည် ဖြစ်သည်။

ထိုအချိန်၌ပင် သူတို့ နှစ်ဦးသား အရှိန်ပြင်းစွာဖြင့် ရေတံခွန်ကြီးအော သို့ ပြုတ်ကျသွားကြပြီ ဖြစ်သည်။ အပေါ်က ကျလာသော ရေခဲများ အ သူတို့ နှစ်ဦး၏ ကိုယ် အလေးချိန်ကြောင့် အောက်ခြေမှ ရေခဲပြင်ခပ်ပါး သည် ပေါက်ပြီး ရေအောက်သို့ ကျသွား၏။ ထိုသို့ အမြင့်မှ ပြုတ်ကျနေ ဘွန်းသည် သတိလစ် မသွားစေရန် သူ့ကိုယ်သူ အထူး သတိထား ထိန်းသိ နေရ၏။ ဤအချက်က အထူး အရေးကြီးလှ၏။ သူ သတိရှိနေမှသ



တ်ခြေ ရေခဲပြင်အောက် ရောက်သွားသောအခါ ဘယ်သို့ ဘယ်ပုံ ပြင်ကို ဖောက်ထွက်နိုင်မည်ကို စဉ်းစားလုပ်ဆောင်နိုင်မည် ဖြစ်သည်။ တ်ပါက သူသည် ရေခဲလွှာများ အောက်တွင် အေးခဲ၍သော်လည်း ကောင်း ရေနစ်၍ သော်လည်းကောင်း သေဆုံးသွားမည် ဖြစ်သည်။ ရေတံခွန် သေရာ အရပ်သို့ ရောက်သွားပါကလည်း အပေါ်ယံ ရေခဲပြင်မှာ ပါးလွှာ ရှိနိုင်တော့သဖြင့် သူ ဖောက်ထွက်နိုင်တော့မည် မဟုတ်ပေ။

ဘွန်းသည် အရှိန်ပြင်းစွာ ရေအောက်သို့ ပြုတ်ကျသွားရာ အောက်ခြေ ကျောက်ဆောင် တစ်ခုကို ပခုံးနှင့် တိုက်မိသွားပြီး နာကျင်မှု ဝေဒနာသည် သတိလည်သွားစေ၏။ ဝန်းကျင်ကို အကဲခတ်လိုက်ရာ ပိတ်ပိတ်မှောင် သွန်းဘေး သူ့နောက်ကျောမှာ ကပ်လျက်ပါလာသော ဇိန်း၏ ခန္ဓာ ကို တွေ့သည်။ လှုပ်ရှားမှု မတွေ့ရ။ ထိုစဉ် တစ်နေရာမှ မှေးမှိန်သော နေရာလေးကို မြင်တွေ့ ရသဖြင့် ထိုနေရာကား ရေခဲပြင်လွှာ အပါး နိုင်သည်ဟု ဆုံးဖြတ်လိုက်၏။ ဘွန်းသည် ဇိန်းကို ဆွဲ၏။ ထိုအရပ်သို့ ည်း ဇိန်းကို တစ်ဖက်မှ ဆွဲရင်း ခပ်မှိန်မှိန် ခပ်ပျပျ အလင်း ရှိရာ ပြင်ကို ခေါင်းနှင့် ထိုးဖောက်၍ သော်လည်းကောင်း၊ ကန်ကျောက်၍ ည်းကောင်း ခွဲဖို့ ကြိုးစား၏။ မရပေ။ နောက်ဆုံး ဇိန်းကို လွှတ်ချပြီး တစ်ဖန် အလင်းပျပျရှိရာ စမ်းကြည့်ရာ အက်ကြောင်းတွေ့သည်။ ပို၍ ထင်သည်။ ဘွန်းသည် ထိုအက်ကြောင်းကို လက်သီးနှင့် ထိုးခွဲ လက်များမှာ ထုံကျဉ်နေ၏။ နောက်ဆုံး ရေခဲပြင် ကွဲ၍ အပေါက် ည်။ ထိုအခါမှ အောက်ဘက်သို့ ပြန်ကူး၍ ဇိန်းကို ရှာသည်။ ပထမ နောက်တွေ့ပြီး ခြေချင်းဝတ်မှ ဆွဲပြီး အပေါက်ရှိရာ ကူးတက်ခဲ့၏။ ည် အသက်မှ ရှိပါလေစ။ မပြောတတ်ပေ။ အပေါက်မှ ဖောက်ထွက် ဘက်သို့ ရောက်အောင် လျှောသွားကြ၏။ သူတို့နှစ်ဦးသည် ရေတံခွန် တ်ခြေ၏ ညာဘက်ခြမ်းမှာ ဖြစ်သည်။ ထင်ရှူးတော အစကို တွေ့ သစ်တောအစကို အရောက် သွား၏။ ပြီးမှ ဇိန်း အခြေအနေကို ည်။ ဇိန်း၏ သွေးခုန်နှုန်း အသက်ရှူသွင်းမှုကို စမ်းကြည့်သည်။ ပြီးတား အသက်ပြင်းလှ၏။ အသက် ရှိနေဆဲ ဖြစ်သည်။ ဇိန်းခေါင်းမှ ဆောင်နှင့် ဆောင့်မိဟန် တူသည့် ဒဏ်ရာမှ သွေးများ ထွက်နေ လွန်း၍ သွေးထွက် မများပါ။ အဓိက ပြဿနာက ဇိန်း အအေးမိ သွားမှာ စိုးရိမ်ရခြင်း ဖြစ်သည်။ ဘွန်း ကိုယ်၌က ထိုက်တန်

www.burmeseclassic.com

www.burmeseclassic.com



သလောက် မဆိုးလှပေ။ သူ ဝတ်ဆင်ထားသော အထူး တိုက်ပွဲဝတ်စုံသည် ရာသီဥတုဒဏ်၊ အကြမ်းပတမ်းဒဏ်ကို ခံနိုင်အောင် လုပ်ထားသောဝတ် ဖြစ်၍ ထိုက်တန် သလောက် ခံသာနေခြင်း ဖြစ်သည်။ သို့သော် ကျော ဆောင်နှင့် ဆောင့်မိသော ပခုံးနှင့် တခြားနေရာ အနံ့အပြားတွင် ရေတံခွ အောက် လိမ့်ကျခဲ့သည့်ဒဏ်ကြောင့် နာကျင်နေသည်ကား ရှိ၏။ ဘွန်းသည် ယခုအချိန်အထိ သတိမလည်သော ဇိန်းကို ဒဏ်ရာ မရှိသော ပခုံးဘက်ပေါ်သို့ တင်၍ သစ်တောရှိရာသို့ သွားသည်။

ဇိန်း၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပို၍ လေးလံလာ၏။ သို့သော် ဘွန်း ရပ်၍ နား၍ မရ၊ ရဟတ်ယာဉ်ရှိရာ ဒေသကို အပေါ်မှ ပတ်ကြည့် သစ်တော အစွန်း မြေပြန့်နားတွင် ရွာတစ်ရွာ ရှိသည်ကို သတိထားမိခဲ့သည် ထိုရွာသို့ ရောက်ပါမှ ဇိန်း အသက်ရှင်နိုင်မည် ဖြစ်၏။

ထိုစဉ် ရုတ်တရက် မှတ်မိသော အသံ တစ်သံ ကြားရသည်။ မြင်း အသက်ရှူ နှာမှုတ်သံ ဖြစ်သည်။ ဘွန်းသည် ဇိန်း ခန္ဓာကိုယ်ကို သစ် ခြေရင်းတွင် အသာမှေးချထားပြီး အသံကြားရာသို့ တိုး သွားသည်။ ရှေ့ မီတာ ၅၀၀ ခန့် အကွာတွင် ကွင်းပြင်တစ်ခု ရှိသည်။ ၎င်း ကွင်းပြင်ကလေး မြင်းညိုကြီးကို လှမ်း မြင်ရသည်။ မြင်းညိုကြီးသည် ရေခဲထုကို ခွာဖြင့် ရှ သူ့အတွက် အစားအစာ ရေညှိများ ရှိလိုရှိငြား ရှာနေခြင်း ဖြစ်သည် မြင်းညိုကြီးသည် မြစ်ရိုးအတိုင်း ကမ်းပါးမှ ဆင်းသက်လာခြင်း ဖြစ်နိုင် ဤမြင်းညိုကြီးကား ဘွန်းအတွက် ဇိန်းကို ရွာသို့ ပို့ဆောင်နိုင်သောယာ ဖြစ်နိုင်ပေသည်။

ဘွန်းသည် မြင်းညိုကြီး ရှိရာသို့ ထွက်မည် အပြုတွင် လေတစ်ချက်တိုး တိုက်ခိုက်လာသည်နှင့် မြင်းညိုကြီးသည် ခေါင်းကို မော့၍ နှာခေါင်း ပွရွံ့ပွရွံ့ ပြု၍ အနံ့ခံ၏။ မြင်းညိုကြီးသည် ဘာ အနံ့ကိုများ ခံပါလိမ့်။ တိုး လာသော လေထုတွင် အန္တရာယ် အနံ့ကိုရသော ကြောင့်သာ ဖြစ်နိုင်

ဘွန်း စဉ်းစားလိုက်သောအခါ သဘောပေါက် သွား၏။ ထို့ကြော မြင်းညိုကြီးကို ကျေးဇူးတင်လိုက် ပါ၏။ ဘွန်းသည် သစ်တောထဲသို့ ပြ ကာ ကွက်လပ်ကို မျက်ခြည် မပြတ်စေဘဲ မျက်နှာကို လေတိုးရာကိုရှေ့ တွား သွား၏။ သုံးချိုး နှစ်ချိုးခန့် ခရီးအပေါက်တွင် ခပ်လှမ်းလှမ်း တစ်စုံတစ်ရာကို မြင်ရ၏။ ထိုအရာကား ဘွန်း မြင်းပေါ်မှ ကန်ချခဲ့သော အင်ဟာရာ လူမျိုးပဲ ဖြစ်သည်။ အင်ဟာရာသည် မြင်းညိုကြီးကို တစ်ထော

ည်း လွှတ်ထားပြီး အကယ်၍ ဘွန်းတို့ ရေတံခွန်မှ လွှတ်မြောက်လာခဲ့ ှင် ထောင်ချောက်အဖြစ် ထောင်ထားခြင်း ဖြစ်ပုံရသည်။

ဘွန်းသည် အင်ဟာရာကို ကွေ့ပတ်ပြီး နောက်ဘက်သို့ ရောက်အောင် သည်။ ပြီးမှ အင်ဟာရာကို ခုန်အုပ်လိုက်၏။ လှုပ်ရှားမှုအသံကြောင့် ဟာရာ လှုပ်ရှားမှု ပြုသည်။ သို့သော် ဘွန်းက လျင်မြန်စွာပင် အင်ဟာရာ ည်ပင်း ကို သူ့ လက်မောင်းများဖြင့် ဆွဲပတ်လိမ်ချိုးလိုက်၏။

ဘွန်းသည် အင်ဟာရာ ရုပ် အလောင်း၏ ခါးကြားမှ ဓားမြှောင်နှင့် ၉ ဓာတာရှေ့ သေနတ်ကို ယူသည်။ ပြီးနောက် ကွက်လပ်ဘက်သို့ ထွက်၍ ညိုကြီးကို ချော့မော့ဆွဲယူပြီး မြင်းညို ကြီးကို ဇိန်းရှိရာ ဆွဲယူခဲ့၏။ တ် မြင်းကျောကုန်းပေါ်သို့ ဇိန်းကို မှောက်လျက် အနေအထား တင် ည်။ ပြီးမှ သူကိုယ် တိုင် မြင်းညိုကြီးပေါ်သို့ တက်ကာ ရဟတ်ယာဉ်ပေါ်မှ မြင်ခဲ့ရသည့် ရွာရှိရာသို့ မှန်းဆ၍ ခရီး ထွက်ခဲ့လေ၏။

ယာ တစ်ယောက် မီးသုတေသန ရုံးချုပ်သို့ ရောက်ရှိလာချိန်တွင် သုတေ ဂ ကင်လိုဇက်သည် စုံထောက် ဆိုဟာတန်နှင့်အတူ အယောက်အထား ကြည့်နေ၏။ ဆိုရာယာကို တွေ့ရသောအခါ ပေါ်စလင်နှင့် ပြုလုပ်ထား သွားတု နှစ်စုံကို လှမ်းပေး၏။

'ဒီ သွားတုနှစ်ခုကို လက်ဆေးကန် ပိုက်ခေါင်းထဲက ရှာတွေ့ခဲ့တာပဲ၊ တော့ အံဖုံးတု ဖြစ်မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ဟုတ်ပုံမရဘူး'

ဆိုရာယာသည် ထိုသွားတုကို အသေအချာ ကြည့်လိုက်သောအခါ ၏ ဓာတ်ခွဲခန်းတွင် ဆင်တူရိုးမှား ပစ္စည်းကို တွေ့ခဲ့ဖူးကြောင်း ရိပ်မိသွား၏။ ပစ္စည်းကို အသေးစိတ် ကြည့်ရှုလိုက်သောအခါ အလွန် ကျွမ်းကျင်သော ပညာရှင် တစ်ဦးဦးက အထူးစီမံ ပြုလုပ်ထား ကြောင်း ။ သွားတုများကို ကြည့်ပြီး နောက် ဆိုရာယာ ရိပ်မိသွားပြီသည် ဖြစ် ။ ဆိုရာယာကို လာနာက တိုင်ဖွန်ရုံးမှ ကန်ထုတ်ခဲ့ပြီး ဖြစ်သည်၊ သော် ဆိုရာယာသည် ယခုအခါ အမှန်ကို သိမြင်သွားပြီး ဖြစ်သည်၊ ယ်တော့ ဆိုရာယာသည် အစ ကတည်းက သိမြင် ခဲ့ပြီး ဖြစ်ပေမည်၊ ယာသည် ဖာဒီ အမှုကိစ္စ အတွက် မပြီးဆုံးနိုင်ကြောင်း သေချာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာက

'ဟုတ်ပါတယ် ကင်၊ ဒါ ပရိုစ်သဲတစ် ပါ'

စုံထောက် အိုဗာတန်က ဝင်၍

'ပရိုစ်သဲတစ် ဟုတ်လား၊ ကျုပ်ဖြင့် ဘာမှ နားမလည်နိုင်ပါလား'

ဆိုရာယာက

'ဒါဟာ သွားအစစ် အပေါ်ကနေ ရုပ်ပြောင်း ရုပ်လွှဲ ဖြစ်အောင် တပ်ရ[illegible] ပစ္စည်းပဲ၊ ဒါကို သွားအစစ်ပေါ် တပ်လိုက်ရင် လူတစ်ယောက်ရဲ့ ပါးစပ် အ[illegible] အထား ပုံသဏ္ဌာန် ပြောင်းသွားတယ်လေ'

ပြောပြော ဆိုဆို သွားတုများကို ဆိုရာယာ တပ်ဆင်ပြ၏။ သွားတုများ[illegible] ဆိုရာယာ အတွက် အတန်ကြီးနေသော် လည်း သွားတုများ တပ်ဆင်လို[illegible] သည်နှင့် ဆိုရာယာ ပါးစပ် အနေအထားမှာ ပြောင်းလဲသွားသည်ကို ကင်[illegible] ဖက်နှင့် စုံထောက် အိုဗာတန်တို့ တွေ့မြင်သွားလေ၏။

ဆိုရာယာက အိုဗာတန်အား

'ဒါကို ထောက်ရှုရင် ဂျက်ကော့ဆီလ်ဗားတို့ ညီနောင်ဟာ သွားတု[illegible] တပ်ဆင်ပြီး ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားသူတွေပဲ ဖြစ်ရမယ်'

ဆိုရာယာသည် သွားတုများကို ထုတ်လိုက်ပြီးနောက် ကင်လိုဗတ်အ[illegible]

'ဒါတွေကို ကျွန်မ ခဏ ယူထားလို့ မရဘူးလားဟင်'

ကင်လိုဗတ်က

'ရပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းတွေကို သဲလွန်စ စာရင်းထဲမှာ မှတ်တမ်း[illegible] ရမှာနော်'

အိုဗာတန်က ခေါင်းကုတ်သည်။

'ဒါတွေ အကုန်လုံးဟာ ကျုပ်အတွက်တော့ ဘာမှ အဓိပ္ပာယ် မရှိ[illegible] ဗျာ'

ဆိုရာယာက

'အဖြစ်အပျက်တွေ အားလုံးကို ရှင်းသိရင် သဘောပေါက်သွားမှာပါ'

ဆိုရာယာက အဖြစ်အပျက်ကို ရှင်းပြသည်။

'ဒီလူဟာ ကိတ်တောင်းမြို့က သူဌေး ကလေး ဟီရမ် စီဗစ်လို့ ဆိုပါတ[illegible] တကယ့်တကယ်ကတော့ သူဟာ ဆော်ဒီ အမျိုးသား တစ်ဦး ဖြစ်ပြီး သူ့ကို[illegible] သူ ဖာဒီလို့ အမည်တပ်ထားတဲ့ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်တစ်[illegible] ဖြစ်ပါတယ်၊ ဖာဒီ ခေါင်းဆောင်တဲ့ အကြမ်းဖက် အဖွဲ့အစည်းဟာ [illegible]



[illegible]အား အလွန် တောင့်တင်းပြီး အဆက်အသွယ်လည်း အလွန်တောင်း[illegible] [illegible] သူ့ နာမည်ရင်းဟာ ဘယ်သူ ဘယ်ဝါလို့ ကျွန်မတို့ မသိရ သေး[illegible] [illegible] အမြဲ ကိုယ်ယောင် ဖျောက်ထားနိုင်သူ ဖြစ်ပြီး ဘယ်ကို သွားမယ်[illegible] [illegible] မယ် ဆိုတာ မသိနိုင်ပါဘူး၊ သူဘယ်ကို သွားခဲ့တယ် ဆိုတာလည်း [illegible]တို့ မသိခဲ့ပါဘူး'

ဆိုရာယာက ပရိုစ်သဲတစ် သွားတုကို ပြပြီး

'အခုတော့ သူဘယ်ကို သွားခဲ့တယ် ဆိုတာ ကျွန်မတို့ သိပါပြီ'

ကင်လိုဗတ်က ဆိုရာယာ ရှင်းပြ သည်ကို သိနားလည်သွားပြီး

'ဒါဆို ကျွန်မတို့ တွေ့ခဲ့တဲ့ ရုပ် အလောင်းဟာ ဆီလ်ဗား ညီအစ်ကို [illegible]ယောက်ထဲက တစ်ယောက် မဖြစ်နိုင် တော့ဘူးပေါ့'

ဆိုရာယာက

'ကျွန်မလည်း အဲဒါကို သံသယ ရှိနေ ပါတယ်၊ မီးလောင် ပေါက်ကွဲမှု [illegible] တမင် ပြုလုပ်ဖန်တီးထားတာ ဖြစ်ပြီး ဖာဒီက ဝါရှင်တန် ဒီစီကနေ [illegible]ယောင် ဖျောက် ထွက်သွားဖို့ လုပ်ကြံထားချက်သာ ဖြစ်ရပါမယ်၊ [illegible] အထင်ပြောရရင် ဟိုတယ်က ပျောက်ဆုံးနေတယ်ဆိုတဲ့ အိုမာဆိုတဲ့ [illegible]ရဲ့ ရုပ်အလောင်းပဲ ဖြစ်ရပါမယ်'

စုံထောက် အိုဗာတန်က

'ဘုရားရေ ဒါဆို အဲဒီ ညီအစ်ကို နှစ်ယောက်ထဲက ဖာဒီဟာ ဘယ်သူ [illegible]နိုင်သလဲဟင်'

ဆိုရာယာက အိုဗာတန်ဘက် လှည့်ပြီး

'ဂျက်ကော့ဟာ ဖာဒီ ဖြစ်ရမယ်လို့ ကျွန်မ ပြောချင်တယ်၊ ဘာဖြစ်လို့ [illegible]ဆိုတော့ ဟိုတယ်မှာ အခန်းယူထားသူက လက်ဗင်ပဲ ဖြစ်ရပါမယ်၊ [illegible]ဖြစ်လို့လဲဆိုတော့ ဖာဒီဟာ ကိတ်တောင်းမှာ ဟီရန် စီဗစ်အမည်နဲ့ [illegible]ခဲ့ရသူ ဖြစ်ပြီး ကျွန်မတို့ အချုပ်ထဲမှာ ရှိနေခဲ့တာကိုး'

စုံထောက် အိုဗာတန်သည် စိတ် လှုပ်ရှားသွား၏။ အမှုခြေရာ လုံးဝ ရှာ [illegible]ဘဲ နေရာမှ ယခုတော့ တကယ့် ပင်မ အခြေအနေကို သိလာရပြီ ဖြစ် [illegible] သူ့ကို အလွန် ထူးချွန်သော စုံထောက်အဖြစ် ဌာနချုပ်မှ သတ်[illegible] [illegible]ပြီ ဖြစ်သည်။ ဆိုရာယာသည် ကင်ဘက်သို့ လှည့်ပြီး

'အဲဒီ မီးလောင်ကျွမ်း ပေါက်ကွဲမှုမှာ ဘာတွေများ ရှင် သိရသေးသလဲ၊ [illegible]ကွဲမှု ဖြစ်စေတဲ့ လောင်စာကိုပဲ စစ်တမ်း ထုတ်[illegible]တာ ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲရေး ပစ္စည်းဟာ အင်မတန် ပြင်းထန်တဲ့ အတွက် ကျွမ်းကျင်သူ တစ်ဦးဦးက ကိုင်တွယ်တာ မဟုတ်ရင် သူကိုယ်တိုင် ပေါက်ကွဲရာမှာ ပါသွားနိုင်ပါတယ်'

လောင်ကျွမ်းမှု စစ်တမ်းကို ကင်က ပြသည်။ ဆိုရာယာက ယူကြည့်သည်။

'အခြေအနေ အားလုံးဟာ ဖာဒီရဲ့ လက်ချက်ပဲလို့ ညွှန်ပြနေတာပဲ၊ ဒီပစ္စည်းတွေ ဘယ်က ထုတ်လုပ်တယ်ဆိုတာ သိနိုင်မလား'

'ဒီလို ပစ္စည်းမျိုး ဘယ်နိုင်ငံ၊ ဘယ် ကုမ္ပဏီက ထုတ်လုပ်တယ်ဆိုတာ စူးစမ်းလိုက်ရင် သိနိုင်ပါတယ်'

ဆိုရာယာက

'ဒါဆို ကျွန်မ ရှင့် ကွန်ပျူတာကို ခဏ သုံးလို့ ရမလား'

ကင်က

'ရပါတယ်'

ဆိုရာယာက ကင်၏ ကွန်ပျူတာမှာ ထိုင်ပြီး စစ်တမ်းမှာ ပါသည့် လောင်စာ ကာဘွန်ဒီဆာလ်ဖိုက် အမည်ကို ရိုက်ပြီး ဂူဂဲလ် အင်တာနက်ကို မေးမြန်းကြည့် လိုက်၏။ အင်တာနက်မှ ရေယွန်ဆယ်လိုဖိန်း ထုတ်လုပ်ရာ၌ အသုံးပြုကြောင်း သိရ၏။

ကင်က

'ဒါမျိုးက ဒီမှာ ရှိတဲ့ ကုန်စုံဆိုင်မှာ အလွယ်တကူ ဝယ်လို့ ရနိုင်တာမျိုး မဟုတ်ဘူးနော်'

ဆိုရာယာသည် သူမ၏ မှတ်စုထဲသို့ အချက်အလက်များ သိမ်းလိုက်ပြီး နောက်

'ကဲ ဒါဆို ကျွန်မ သွားမယ်'

စုံထောက် အိုဗာတန်က

'ကျုပ် မင်းနဲ့ လိုက်ခဲ့လို့ မရဘူးလား၊ မင်းနဲ့ မတွေ့ရခင်က ဒီအမှုမှာ ဘာဆို ဘာမှ အဖြေရှာလို့ မရခဲ့ဘူးလေ'

ဆိုရာယာက

'မဖြစ်ဘူး ထင်တယ်ရှင့်၊ ကျွန်မကို မုန်တိုင်းက ထုတ်ပစ်လိုက်ပြီ ရှင့် အကြောင်းထူးရင် ရှင့်ကို အကြောင်းကြားပါ့မယ်'

ဆိုရာယာသည် ကိုယ့် အလုပ်နှင့် ကိုယ် ရှုပ်နေ၍ စုံထောက်အိုဗာတန် မျက်နှာပေါ်မှ မကျေနပ်မှု အရိပ်အယောင် ကို သတိမမူမိပေ။





ဘွန်းနှင့် ဇိန်းတို့ ရွာရောက်သွားချိန်တွင် ဆီးနှင်းများ ကျနေပြီ ဖြစ်သည်။ ရွာထဲ တွင် အထင်ကရ အဆောက်အအုံမှာ ဘုရားကျောင်းပဲ ဖြစ်သည်။ ဘွန်းသည် ဇိန်းပြောပြထားသည့် စခန်းတဲ ရှိရာသို့ သွားသည်။ တဲထဲမှ မားလွတ်ကိုင် လူများ ထွက်လာကြ၏။ ထိုအချိန်၌ ဇိန်းသည် သတိလည် လာပြီ ဖြစ်သည်။

အဖွဲ့ခေါင်းဆောင်ဟု ယူဆသူက

'ဇိန်း မင်းဘာတွေ ဖြစ်ခဲ့တာတုံး'

ဇိန်းက ဘွန်းကို ပြပြီး

'သူက ကျုပ်အသက်ကို ကယ်ခဲ့တာ ပါ'

ဘွန်းက

'သူကလည်း ကျုပ်အသက်ကို ကယ်ခဲ့တာပါပဲ၊ ကျုပ်တို့ ဒီစခန်းကို ထွက်လာလမ်းမှာ အတိုက်ခံရတာပါ'

ခေါင်းဆောင် နာဂူးသည် ဘွန်းက သူတို့၏ ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနေသည်ကို အံ့သြသွားပုံ ရ၏။ ပြီးမှ

'မင်းတို့ အနောက် တိုင်းသားတွေ အားလုံး အတူတူပါပဲ၊ မင်းတို့ဟာ မုန်သူတွေကို ခေါ်ဆောင် လာကြတာပါပဲ'

ဘွန်းက

'ခင်ဗျား ပြောတာ တစ်ဝက်ပဲ မှန်တယ်ဗျ၊ ကျွန်တော်တို့ကို တိုက်ခိုက်ခဲ့တာက အင်ဟာရာ စစ်သား သုံးယောက်ပဲ'

ဇိန်းက ဝင်၍ နာဂူးအား

'သူတို့ကို ဘယ်သူတွေက ငွေပေး ခိုင်းသလဲဆိုတာ ခင်ဗျား သိပါတယ်'

နာဂူးက ခေါင်းညိတ်ပြပြီး နံဘေးမှ သူ့လူများကို

'သူတို့ နှစ်ယောက်စလုံးကို တဲထဲ ခေါ်သွားကြ၊ အဲဒီမှာ မီးလင်းဖို ဖိုပြီး အစာဆုံး နွေးထွေးအောင် လုပ်ကြ'

၁

ဆန်ဒီဂျင် တောင်တန်း မြောက်ဖျားတွင် အပူအိုဗင်အဇစ်သည် ခလုတ် ခေါင်းထဲမှ ပေါ်ထွက်လာသော ရဟတ်ယာဉ် ပန်ကာ လည်သံကို နားစွင့်နေ၏။

သူစိတ်ထဲမှာ လှုပ်ရှားနေ၏။

ဖာဒီသည် ဘယ်မှာပါလိမ့်။ သူ၏ ရဟတ်ယာဉ်မှာ နောက်ကျနေပြီ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဇစ်သည် ရာသီဥတု အခြေအနေကို တစ်မနက်လုံး စောင့်ကြည့် အကဲခတ်နေခဲ့သူ ဖြစ်သည်။ သူတို့ စခန်းသို့ ဝင်ရာလမ်းကြောင်းမှာ တျဉ်းမြောင်း လွန်း၍ ရာသီဥတု ဆိုးရွားပါက ရဟတ်ယာဉ် မောင်းသမား ဝင်ရန် လွယ်မည် မဟုတ်။

အဇစ် စိတ်ထဲတွင် အတွေးများက ယောက်ယက်ခတ်နေ၏။ သူတို့ တစ်တွေ ဘာကြောင့် ဒီနေရာကို ရောက်နေကြပါလိမ့်။ ဒီကြီးမား စွန့်စားရသော မဟာ စီမံကိန်းကြီးထဲမှာ သူတို့ ဘယ်လို ပါဝင် လာခဲ့ကြပါလိမ့်။ ဤကဲ့သို့ ကြီးမားသော မဟာစီမံကိန်းကို ရေးဆွဲသူမှာ တခြားသူ မဖြစ်နိုင်။ ဖာဒီနှင့် ညီဖြစ်သူ ကာရင်အယ်လ်ဂျမီးလ်ပဲ ဖြစ်သည်။ ဖာဒီသည် အကြမ်းဖက် ဒူဂျာအဖွဲ့ကြီး၏ ခေါင်းဆောင် ဖြစ်သည်မှာ သေချာ၏။ သို့သော် နောက်ကွယ်မှ ဦးနှောက် ပိုင်ရှင်မှာ ကာရင်အယ်လ်ဂျမီးလ် ဖြစ်ကြောင်း အဖွဲ့သားများ မည်သူမှမသိကြ။ အဇစ် တစ်ဦးသာ ရိပ်မိ သိနားလည် နေသူ ဖြစ်သည်။

အဇစ်အတွက် ပြဿနာမှာ သူသည် ဂျမီးလ်ကို မယုံကြည်ခြင်းပဲ ဖြစ်သည်။ ပြဿနာတစ်ခုခု အရေးကြီးပြီဆိုရင် ဖာဒီသည် သူ့ညီနှင့်သာ နှစ်ကိုယ်ကြား တိုင်ပင်လေ့ရှိ၏။ ဒူဂျာ အကြမ်းဖက် အဖွဲ့ကြီး၏ ဒုတိယ ခေါင်းဆောင် ဖြစ်သူ အဇစ်ကို အတွင်းစည်းထဲသို့ ဘယ်တော့မှ မသွင်း။ ဤအချက်ကို အဇစ် မကျေနပ်ခြင်း ဖြစ်သည်။ ဂျမီးလ်ကိုလည်း အဇစ် မယုံပေ။

တကယ့်တကယ်တော့ ဖာဒီတို့ ညီအစ်ကိုမှာ အာရပ်မျိုးနွယ် စစ်စစ်များ မဟုတ်ကြပါ။ သူတို့ညီအစ်ကို၏ မိခင်မှာ အင်္ဂလိပ် အမျိုးသမီး ဖြစ်သည်။ သူတို့သည် လန်ဒန်မှာ မွေးဖွားကြီးပြင်း ပညာ သင်ကြားခဲ့သူများ ဖြစ်သည်။ သူတို့၏ ဖခင်ကြီး ဆော်ဒီသို့ ရွှေ့ပြောင်းသောအခါမှ လိုက်ပါလာကြသူများ ဖြစ်သည်။

အဇစ်သည် ထိုအဖြေများကို စဉ်းစား၍ မရ။

ဘာပဲပြောပြော ဖာဒီနှင့် သူ့ညီ ဂျမီးလ်တို့သည် သဲကန္တာရ၏ သားများ မဟုတ်ကြ။ သူတို့သည် အနောက်တိုင်းမှာ မွေးဖွား ကြီးပြင်း ပညာ သင်ကြား လာခဲ့ကြ သူများ ဖြစ်သည်။ လန်ဒန်လို အရပ်မှာ နေထိုင်ပညာသင်ခဲ့ကြသူ သူတို့ညီအစ်ကို သည် သဲကန္တာရ၏ တိတ်ဆိတ်ခြင်းနှင့် သဲကန္တာရ၏ အသက် ဝိညာဉ်ကို သိနိုင် နားလည်နိုင်ကြသူများ မဖြစ်နိုင်ပေ။

ဖာဒီသည် အမြဲတစေ သူ့ညီ ဂျမီးလ် ကို အကာအကွယ် ပေး၏။ ဒါလည်း သဘာဝ ကျပါသည်။ အဇစ်ကိုယ်တိုင် လည်း သူ့ညီများကို ကာကွယ်ပေးစမြဲ



ဖြစ်၏။ သို့သော် ဂျမီးလ်၏ မဟာစီမံချက်ကြီး ကို သူ မယုံပေ။ သူတို့သည် ဤမျှ ဝေးလံသော အရပ်ကို လာခဲ့ကြ၏။ သူသည် ဒူဂျာအဖွဲ့ဝင်တောင် ပီသစွာ အမိန့်ကို နာခံပြီး ဖာဒီ၏ ခေါင်းဆောင်မှု ခေါ်ဆောင်ရာ ညွှန်ကြားရာ သို့ လိုက်ပါခဲ့ခြင်း ဖြစ်သည်။ သူသည် ဖာဒီအပေါ်၌ အလွန် သစ္စာရှိသူ ဖြစ်သည်။ ဖာဒီ၏ ကျေးဇူးများသည်လည်း သူ့အပေါ်တွင် အများအပြား ရှိသည်။ သူ့ကို အနောက် တိုင်းသို့ စေလွှတ် ပညာသင်ကြားနေသူမှာလည်း ဖာဒီ ဖြစ်သည်။ ဖာဒီသည် အနောက်တိုင်းသားများကို သေလောက် အောင် မုန်းတီးသူ ဖြစ်ကြောင်း သူ ကောင်းကောင်း သိသည်။ ဒါကြောင့်လည်း အားလုံးကို ချေမှုန်းပြီး မဟာအကြံ အစည်ကြီးကို အကောင်အထည်ဖော်နေ ခြင်း ဖြစ်သည်။

သူ့အပေါ်တွင် ဖာဒီ၏ ကျေးဇူးများကားများလှ၏။ ဖာဒီ၏ ဦးဆောင်မှု နောက်သို့ သူ လိုက်ပါမည်သာ ဖြစ်သည်။ တစ်ချိန်တည်းတွင် သူသည် လူအ သူနုံ တစ်ဦးတော့ မဟုတ်ပေ။ ထို့ကြောင့်လည်း မျက်စိဖွင့် နားစွင့်နေခဲ့ သောကြောင့် ဤ ဒူဂျာအဖွဲ့ကြီးကို နောက်ကွယ်မှ ကြိုးကိုင် နေသူ ဉာဏ်ကြီး ရှင်မှာ ဂျမီးလ် ဖြစ်ကြောင်း သူ ရိပ်စားနေမိခြင်း ဖြစ်သည်။

ခဏအကြာ ရဟတ်ယာဉ် အသံ ကြားရသည်။ မကြာခင် ရဟတ်ယာဉ် ဆိုက်ရောက်လာ၏။ ရဟတ်ယာဉ် အထဲမှ ဆင်းလာသူမှာ သူ မျှော်လင့်ထား သော ဖာဒီ မဟုတ်ဘဲ သူ့ညီ မူတာဆီဗင် အဇစ် ဖြစ်နေ၏။

သူတို့နှစ်ဦး ပွေ့ဖက်လိုက်ကြသည်။

မူတာက

'အစ်ကိုကြီး၊ ဖာဒီ ဘယ်သွားနေတာလဲ'

အဇစ်က

'တခြားနေရာတွေမှာ သူ စီစဉ်စရာ ရှိတာ စီစဉ်နေလို့ပေါ့ကွာ'

မူတာရင်မှာ ခါးသက်သက် ဖြစ်သွားသည်။ သည်လိုပါပဲ။ ဖာဒီနှင့် သူ့ညီ ဂျမီးလ်တို့သည် သူတို့၏ အစ်ကိုကြီး အဇစ်ကို အတွင်းစည်း မသွင်းသလို အဇစ်ကလည်း သူ့ကို အတွင်းစည်းမသွင်း။ ဘာမှ အသေးစိတ် ဖွင့်မပြော။ ဘာပဲ ပြောပြော အဇစ်သည် အစ်ကိုကြီးပဲ ဖြစ်သည်။ အစ်ကိုကြီး၏ စကားကို ညီငယ်က နားထောင်ရမည်သာ ဖြစ်သည်။

မူတာသည် အပြင်ဘက်မှ အတွင်းသို့ ဝင်လိုက်ရင်း

'အစ်ကိုကြီး ဒီမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



အဇစ်က

'ဘွန်း ရောက်လာနေပြီ၊ ရပ်စ်ဒီဂျင်ကို ရောက်နေပြီ၊ သူ တဖြည်းဖြည်း ရှေ့တိုးလာနေတယ်'

မူတာက

'ဒါဆို ကျွန်တော်တို့က မာတင်လင်း ဒရိုစ်ကို ဒီထက် လုံခြုံတဲ့ နေရာကို ရွှေ့ဖို့ လိုမှာပေါ့'

အဘူအဇစ်က

'အဲဒါ စီစဉ်ပြီးပါပြီ'

မူတာက ခေါင်းညိတ်ပြ၏။ နောက်ရက်များ မကြာမီတွင် သူတို့အတွက် ဂျေဆင်ဘွန်း အသုံးဝင်မှုသည် ကုန်ဆုံးတော့မည် ဖြစ်သည်။

မူတာ စိတ်ထဲမှာ ကြိတ်ပြုံးလိုက်၏။ ဖာဒီက ပြောသလိုပင် လက်စားချေခြင်း၏ အရသာကား ချိုမြိန်လွန်းလှပါ၏။ မူတာ အနေဖြင့် ဂျေဆင်ဘွန်း သေဆုံးသည်ကို မြင်ရခြင်းအတွက် ရရှိမည့် ချိုမြိန်သော အရသာသည် ရှိမည်ပင် မထင်။

၀

နာဂူး၏ တဲမှာ ထင်မှတ်ထားသည်ထက် ကျယ်ပြောလှ၏။ အခင်းကိုကော်ဇောများ ခင်းထားပြီး နံရံများတွင် သားရေချပ်များ ကာရံ၍ အအေးဒဏ်ကို ကာကွယ် ထား၏။ နောက် မြင်း၊ နွားချေးခြောက် များဖြင့် မီးလင်းဖို ဖိုထားရာ တစ်ခန်းလုံး နွေးနေ၏။

ဘွန်းသည် သိုးမွေးစောင်တစ်ထည် ခြုံ၍ ထိုင်နေ၏။ တစ်ချိန်တည်းတွင် နာဂူး၏ လူများက ဖိန်း၏ ရေစိုနေသော အဝတ်များကို အသာအယာချွတ်လဲ၍ နွေးနွေးထွေးထွေး ဝတ်ဆင်အပြီးမှာ စောင်ဖြင့် ထွေးပတ်ပြီး ဘွန်း နံဘေးမှာ ထိုင်စေသည်။ နောက် သူတို့ နှစ်ဦးလုံးအား ပူပူလောင်လောင် လက်ဖက်ရည် နှစ်ခွက် တိုက်၏။

ထို့နောက် နာဂူး၏ လူတချို့သည် ဖိန်း၏ ဒဏ်ရာ ဆေးကြောသန့်စင်ပြီးမှ တိုင်းရင်း ဆေးမြစ်၊ ဆေးရွက်များဖြင့် ဒဏ်ရာကို စည်းနှောင်သည်။

ထိုသို့ ပြုလုပ်နေစဉ် နာဂူး ခေါင်းဆောင်ဟု ယူဆရသူက ဘွန်းအနားမှာ လာပြီး ထိုင်သည်။ သူသည် သေးငယ်သော ကိုယ်လုံး ကိုယ်ထည်ရှိသည်။



သို့သော် မျက်လုံးအစုံကား တောက်ပြောင် စူးရှလှ၏။ သူ့ခန္ဓာကိုယ်မှာ သေးငယ် ပိန်လှီလှ၏။ သူ၏ ပုံပန်းသဏ္ဌာန်သည် ဘွန်းကို လှည့်စားနိုင်ခြင်း မရှိပါ။ ဤပုဂ္ဂိုလ်ကား ကျွမ်းကျင်သူ၊ တိုက်ပွဲအားလုံးကို ရင်ဆိုင်နိုင်သူ ဖြစ်ရမည်။ ထိုးစစ်၊ ခံစစ်များ ကျွမ်းကျင်လိမ္မာသူ ဖြစ်ပြီး သူနှင့်တကွ သူ၏ တော်လှန်ရေး ရဲဘော်များ အားလုံး အသက်ရှင် လှုပ်ရှားနိုင်သူ ဖြစ်ရမည်ဟု ဘွန်း သုံးသပ်မိ၏။

နာဂူးခေါင်းဆောင်က

'ကျုပ်နာမည်က ကဇာပါ၊ ဖိန်းရဲ့ ပြောပြချက်အရ ခင်ဗျားရဲ့ နာမည်က ဘွန်းဆို'

ဘွန်းက ခေါင်းညိတ်ပြသည်။ ပြီးမှ

'ကျွန်တော် ဒီ ရပ်စ်ဒီဂျင်ကို ကျုပ် မိတ်ဆွေတစ်ယောက် ရှာဖို့ လာခဲ့တာပါ၊ သူဟာ ပြီးခဲ့တဲ့ အပတ်လောက်က ပစ်ချခံရတဲ့ ရဟတ်ယာဉ် တစ်စီးနဲ့အတူ လိုက်ပါလာသူ ဖြစ်ပါတယ်၊ ရဟတ်ယာဉ် အပစ်ခံရတာကတော့ ခင်ဗျား သိပြီး ဖြစ်မှာပါ'

ကဇာက

'သိပါတယ်'

ကဇာသည် လက်တစ်ဖက်ဖြင့် သူ့ ဝတ်ရုံထဲကို နှိုက်သည်။ နောက် ငွေရောင် အပြားတစ်ခုကို ဘွန်းအား ပြသည်။ ဘွန်း ကြည့်လိုက်သောအခါ ရဟတ်ယာဉ်မှူး၏ ကိုယ်ပိုင်နံပါတ် သတ္တုပြားလေး ဖြစ်နေသည်ကို တွေ့ရ၏။

ကဇာက ရှိုးရှိုးရှင်းရှင်းပဲ ပြောသည်။

'ဒီဆွဲပြားလေးဟာ သူ့အတွက် အသုံး မဝင်တော့ပါဘူး'

ဘွန်း စိတ်မာတ်ကျသွား၏။

'သူက သေပြီပေါ့'

'သေဖို့ သိပ်နီးစပ်နေလောက်ပါပြီ'

'ဒါဆို ကျုပ်ရဲ့ မိတ်ဆွေကရော'

'သူ့ကိုလည်း အဲဒီလူနဲ့ အတူ ခေါ်သွားတာပဲ'

ထိုစဉ် နာရစ် တစ်ယောက်က သစ်သားဇလုံ တစ်လုံး လာချသည်။ အသားပြုတ်ရည် ခပ်ပျစ်ပျစ် တစ်ခွက်ဖြစ်သည်။ ပေါင်မုန့်ဝိုင်း တစ်ခြမ်း ပါသည်။ ဘွန်းက ပေါင်မုန့်ကိုဖဲ့၊ အသား ပြုတ်ရည်ဖြင့်တို့ပြီး စားသည်။

'ခေါ်သွားတာက ကျုပ်တို့ လူတွေ မဟုတ်ပါဘူး၊ ခင်ဗျားလည်း နားလည်

www.burmeseclassic.com



မှာပါ၊ ဒီကိစ္စမှာ ကျုပ်တို့နဲ့ ဘာမှ မပတ် သက်ပါဘူး၊ အင်း ဒါပေမဲ့ တချို့ တချို့သော သူတွေကတော့ သူတို့ဆီက ပိုက်ဆံယူပြီး သူတို့အတွက်'

ကဗာက ခေါင်းခါ ယမ်းလိုက်ပြီး ဆက်၍

'သူတို့ လုပ်ကြရတာလည်း မကောင်းတဲ့ ဒုစရိုက် အလုပ်တွေဆိုတော့ မကောင်းတဲ့ ပေးဆပ်မှုတွေ ပေးဆပ်ကြရပါတယ်'

ဘွန်းသည် အသား ဇလုံနှင့် ပေါင်မုန့်ကို အပြောင်ရှင်းပြီးနောက်

'သူတို့၊ သူတို့ဆိုတာ ဘယ်သူတွေကို ဆိုလိုတာလဲ'

ကဗာသည် ဆတ်ခနဲ ခေါင်းထောင် လာ၏။

'ကျုပ် အံ့ဩသွားတယ်၊ သူတို့ ဘယ် သူတွေလဲဆိုတာ ခင်ဗျားက သိပြီး သားလို့ ယူဆနေတာ၊ သူတို့ဟာ အေဒင်ပင်လယ် တွေကို ဖြတ်ပြီးလာကြတယ်၊ ယီမင်က ကူးလာတယ်လို့ ထင်တာပဲ၊ ဒါပေမဲ့ သူ တို့ဟာ ယီမင်လူမျိုးတွေ မဟုတ်ဘူး၊ သူတို့ရဲ့ ဌာနချုပ်က ဘယ်မှာလဲဆိုတာ ဘုရားသခင်မှ သိမှာပဲ၊ တချို့က အီဂျစ်လူမျိုးတွေ ဖြစ်တယ်၊ တချို့က ဆော်ဒီတွေ၊ အဲ အာဖဂန် တွေလည်း ပါတယ်'

ဘွန်းက

'သူတို့ရဲ့ ခေါင်းဆောင်က'

'အာ ဖာဒီလား၊ သူကတော့ ဆော်ဒီ လူမျိုးဆိုတာ သေချာတယ်၊ ကျုပ် တို့ အားလုံးက ဖာဒီကို ကြောက်နေကြရတယ်'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့ ရမှာလဲ၊ သူက အင်အားကြီးလို့ပေါ့၊ ရက်စက်တာလည်း ကမ်းကုန် လို့ပေါ့၊ သူဟာ သေမင်းကို လက်ဖဝါးပေါ် တင်ထားတဲ့ လူမျိုးလေ'

ဘွန်း ခေါင်းထဲတွင် ယူရေနီယံများ သယ်ယူ ပို့ဆောင်မှုကို အတွေးရောက် သွား၏။ သို့နှင့် သူက

'ဒါဆိုရင် သူ သယ်ဆောင်တဲ့ သေခြင်းတရားကို ခင်ဗျား မြင်တွေ့ဖူးတာ ပေါ့'

နာရစ်က ခေါင်းညိတ်ပြသည်။

'ကျုပ် မျက်စိနဲ့ တွေ့တာပဲလေ၊ ဇိန်းရဲ့ သားတွေထဲက တစ်ယောက်ပေါ့'

'ဒါဆို ဂူထဲက ကောင်လေးလား'

ကဗာက ဇိန်းဘက်သို့ လှည့်ကြည့် သည်။ ဇိန်းမျက်လုံးအိမ်ထဲတွင် ဝေဒနာများ တွေ့ရ၏။ သူက



'အဖေ့စကားကို နားမထောင်ချင်တဲ့ သားပေါ့၊ ခုတော့ ကျုပ်တို့တာ သူ့ကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ မဆိုထားနဲ့ ထိတောင် မထိရဲကြတော့ဘူး'

ခုတော့ ဘွန်းက အရာရာကို နားလည်သွားပြီ ဖြစ်သည်။ အလန်သည် ဘာကြောင့် ချီနွတ် ရပတ်ယာဥ်ပျက်နား ပုန်းခိုနေရခြင်းမှာ သူ့အစ်ကို၏ နွံတလာပ်နှင့် နီးနီးနားနား နေချင်လို့ပဲ ဖြစ်ရမည်။ ဘွန်းက

'ကျုပ် လုပ်ပေးနိုင်ပါတယ်၊ သူ့ရဲ့ ရုပ်အလောင်းကို အဲဒီ တောင်ထွတ် ထစ်နေရာမှာပဲ မြှုပ်နှံပေးပါ့မယ်'

နာရစ်တို့သည် ငြိမ်ဆိတ်သွားကြ၏။ ဇိန်း၏ မျက်လုံးအိမ်ကမူ မျက်ရည်များ ဝဲလာ၏။ ဇိန်းက

'အဲဒီလို လုပ်ပေးမယ် ဆိုရင်တော့ သေဆုံးသွားသူ အတွက် ကောင်းခြင်း ဆိုလာပေါ့ဗျာ၊ သူ့အတွက်ရော ကျုပ် အတွက်ရော ကျုပ်တို့ မိသားစုအတွက် ရောပေါ့'

ဘွန်းက

'ကျုပ် သူ့ရုပ်အလောင်းကို မြှုပ်နှံပေးပါ့မယ်လို့ သစ္စာပြုပါတယ်'

ဘွန်းသည် ကဗာဘက်သို့ လှည့်၍

'ကျုပ် မိတ်ဆွေကို ရှာဖို့အရေး အကူအညီ ပေးပါလား'

ကဗာသည် သက်ပြင်း တစ်ချက် ချသည်။ ဇိန်းကို တစ်ချက်ကြည့်သည်။ ပြီးမှ

'ခင်ဗျားရဲ့ မိတ်ဆွေကို ရှာဖွေတဲ့ အလုပ်ဟာ ဖာဒီကို ထိခိုက်နိုင်သလား'

ဘွန်းက

'ဟုတ်ကဲ့ အများကြီး ထိခိုက်နိုင်တာ ပေါ့ဗျာ'

ကဗာက

'ခင်ဗျားကို လမ်းညွှန် လိုက်ပို့ဖို့ ကူညီရမယ့် ခရီးက အလွန် ခက်ခဲ ကြမ်း တမ်းတဲ့ ခရီးပဲ၊ ခင်ဗျားကို ခေါ်သွားရမှာ ဆိုတော့ ပိုခက်တာပေါ့၊ ဒါပေမဲ့ ကျုပ် မိတ်ဆွေ ဇိန်းနဲ့ ခင်ဗျားတို့ရဲ့ ရင်းနှီးမှု၊ ခင်ဗျားက ဇိန်းအတွက် ဆောင်ရွက်ပေးမယ် ဆိုတဲ့ သစ္စာပြုမှုတွေကြောင့် ခင်ဗျားရဲ့ အကူအညီ တောင်းမှုကို ကျုပ်က ဖြည့်ဆည်းရတော့မှာပေါ့'

ကဗာသည် လက်ဆန့်တန်းလိုက်ရာ ဆေးရှူဘူး တစ်ဘူး ယူပေး၏။ သူက

'ကဲ ကျုပ်တို့ အတူ လုပ်ကြမယ့် အထိမ်းအမှတ်နဲ့ ဆေးရှူကြမလား'

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာသည် အိမ်သို့ ပြန်ချင်လှပြီဖြစ်၏။ သို့သော် သူမောင်းလာသော တားမှာ ဝါရှင်တန်ဒီစီ မြောက်ပိုင်းဆီသို့ ဦးတည်မိပြီး ဖြစ်နေသည်။ ၇ လမ်း ထဲသို့ ချိုးဝင်လိုက်သောအခါမှ ဘယ်ကိုသွားနေမှန်း ရိပ်မိတော့သည်။ နောက် တစ်ကွေ့ ကွေ့လိုက်သောအခါ ဒီရွှန်၏ အိမ်ရှေ့တည့်တည့်သို့ ရောက်သွား၏။

ဆိုရာယာ တံခါး ခေါက်သည်။ အတော်ကြာကြာ ခေါက်သော်လည်း ဘာမှမထူး။ ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ဒီရွှန်တော့မဟုတ်။ ဒီရွှန်း လူတွေထဲက အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး လူငယ် ဖြစ်နေ၏။ သူက

'မစ္စ ဆိုရာယာ မဟုတ်လား။ ကျွန်တော်က တိုင်ရွှန်ပါ၊ ခင်ဗျား ဒီကို ဘာကိစ္စ လာတာပါလဲ'

'ဒီရွှန် ဘယ်မှာ ရှိတယ်ဆိုတာ သိသလားဟင်'

'သူနဲ့ မတွေ့ရလည်း သူ့ကိုယ်စား ကျွန်တော့်ကို တွေ့နိုင်ပါတယ်၊ ပြော နိုင်ပါတယ်'

'ဟုတ်ကဲ့ ရပါတယ် တိုင်ရွှန်၊ ရှင်က ကျွန်မ သိချင်တဲ့ ကာဗွန်ဒီဆာလ်ဖိုက် ဘယ်လို အသုံးချတယ် ဆိုတာ ပြောပြနိုင်ရင်ပေါ့လေ'

'ဪ ခင်ဗျားက ကျွန်တော့်ကို ဘာမှမသိ နားမလည်တဲ့ သူလို့ထင်နေ တယ် ထင်ပါရဲ့'

'ဟုတ်ကဲ့၊ အမှန်ပြောရရင် ကျွန်မ ရှင့်အကြောင်းကို ဘာမှ မသိပါဘူးရှင်'

တိုင်ရွှန်က မျက်နှာ အမူအရာ မပြောင်းဘဲ

'ကောင်းပြီလေ၊ ကျွန်တော်နဲ့ လမ်းလျှောက်ကြတာပေါ့'

ဆိုရာယာမှ တွန့်ဆုတ်မှု တစ်ခုခု ပြခဲ့ရင် သူ့အပေါ်မှာ ရိုင်းပျသွားမည် ဖြစ်သဖြင့် ဘာမှမပြောဘဲ အတူလျှောက်လိုက်၏။

နှစ်ဦးသား အုတ်နံရံ အတိုင်း လျှောက်ခဲ့ကြ၏။ တစ်နေရာတွင် ဒီရွှန်၏ အဖွဲ့သားများ အစုအစည်းနှင့် တွေ့သည်။

တိုင်ရွှန်က

'ဒီရွှန်က သူ့အဖေဆီ သွားတာ၊ ရက်အတော်ကြာတဲ့အထိ ပြန်လာဦးမှာ မဟုတ်ဘူး'

'ဒုက္ခပါပဲ'

'ဒါ့ထက် ခင်ဗျားရဲ့ ကားကို နောက်ယောင်ခံ လိုက်လာတဲ့ ကားကို သိပါ သလား'



ဆိုရာယာသည် သူမကိုယ် သူမ ဒေါပွသွား၏။ ဆိုရာယာသည် ကိုယ်ရေး ...သော စိတ်ရှုပ်ထွေးမှုကြောင့် တစ်စုံတစ်ယောက် သူမ ကားနောက်မှ ...ယောင် ခံလိုက်လာခြင်းကိုမသိခဲ့။ အေးဂျင့်တစ်ယောက် အနေနှင့် ...သင့် မဖြစ်ထိုက်သော ကိစ္စပင်။

'တိုင်ရွှန် ကျေးဇူးပဲ'

'...တယ်ဗျာ၊ ဒီရွှန်က အဲဒီလို သင်ပေးထားတာပဲဟာ'

'...ကျွန်မ ကားကို နောက်ယောင်ခံ လိုက်လာတဲ့ ကားက အခု ဘယ်မှာလဲ'

'... လမ်းထိပ်မှာ ရပ်ထားပါတယ်၊ ကျုပ်လူတွေကို ရှင်းခိုင်းလိုက်ရမလား'

'...ဇူးတင်ပါတယ် တိုင်ရွှန်၊ မလိုပါဘူး၊ ကျွန်မ ခေါ်လာခဲ့မိတာ ... တာဝန်ပဲပေါ့၊ ကျွန်မ အခုပဲ ဆောင်ရွက် လိုက်ပါ့မယ်'

...ရာယာသည် ၈ လမ်း ထိပ်သို့ လျှောက်သွားသည်။ စုံထောက် ...န်သည် စာရွက်တစ်ခုပေါ်၌ တစ်စုံတစ်ရာ ရေးမှတ်နေ၏။

...ရာယာက ကားမှန်ကို ခေါက်လိုက်၏။

...တန်သည် မော့်ကြည့်ပြီး စာရွက်ကို အိတ်ထဲသို့ အမြန်ထည့်သည်။ ...တံခါး မှန်ချလိုက်သော အခါ ဆိုရာယာက

'...ဘာတွေ လုပ်နေတာလဲ'

...တန်က ဖောင်တိန် သိမ်းလိုက်ပြီး

'...ဗျား အန္တရာယ် မရှိအောင်လို့ပေါ့ဗျာ၊ ဒီနေရာ တစ်ဝိုက်က သိပ် ...သာ မဟုတ်ဘူး'

'...ကိုတော့ ကျေးဇူး တင်ပါတယ်၊ ဒါပေမဲ့ ကျွန်မကိုယ် ကျွန်မ ကာကွယ် ...တ်နိုင်ပါတယ်၊ ရှင် ပြန်ပါ'

...တန်က

'...မှာ ခင်ဗျား တစ်စုံတစ်ရာ တွေ့ရှိချက် ရှိလို့ လိုက်နေတာ ဖြစ်ရမယ်၊ ... လုံခြုံရေးအဖွဲ့မှာ ဘာသဲလွန်စ တစ်စမှ မရှိဘူး၊ ကျုပ်က သတင်း ... အလက် ရမှ ဖြစ်မယ်'

...ရာယာက စုံထောက် အိုဗာတန် မျက်နှာကို တည့်တည့်ကြည့်ပြီး

'... ပြန်ပါတော့၊ ဒါရှင့်အတွက် အကောင်းဆုံးပါပဲ'

...ဗာတန်၏ မျက်နှာသည် တင်းမာ သွား၏။

'...သိထားသမျှတော့ ကျုပ် သိရမှ ဖြစ်မယ်'

...ရာယာသည် ရင်ဆိုင် တိုက်ပွဲနှင့် ကြုံရသလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာက

'မသိရင်ရော'

အိုဗာတန်သည် ဘာမှ သတိမထားဘဲ တံခါးကို ဆောင့်ဖွင့်လိုက်ရာ တံခါးနှင့် တိုက်မိပြီး ဆိုရာယာ လဲကျသွားသည်။

အိုဗာတန်သည် ကားထဲမှ ထွက်လာပြီး ဆိုရာယာ အပေါ်မှ စီးပြီး ရပ်သည်။

'ကျုပ်ကို လာမစမ်းနဲ့ မိန်းကလေး ကျုပ်က မင်းထက် အသက်ကြီးတယ် အတွေ့အကြုံ များတယ်၊ ကျုပ်က စာအုပ်ကြီး အတိုင်း လုပ်တဲ့သူလည်း မဟုတ်ဘူး၊ မင်းသင်ထားတဲ့ ပညာတွေထက် ကျုပ်က အများကြီး ပိုတတ်တယ်'

ဆိုရာယာသည် မျက်လုံး အစုံကို ခဏ ပိတ်လိုက်၏။ အိုဗာတန် စိတ်အာရုံတွင် သူမ တယောက် အသက်ပြန်ရှူခြင်း ကိုယ်နေဟန်ထား ပြင်နေခြင်းအတွက်ဟု မှတ်ထင်စေ၏။ တစ်ချိန်တည်းတွင် သူမ၏ ဘယ်လက် ဖြင့် ဌာနချုပ်မှ ပေးထား သော A.S.P ပစ္စတိုကို ထုတ်လိုက်ပြီး အိုဗာတန် ကို တည့်တည့် ချိန်လိုက်၏။ ပြီးမှ ထသည်။

'ဒီသေနတ်ကလေးရဲ့ ကျည်ဟာ ၉ နဲ့ ၁၉ မီလီမီတာ ကျည်တွေ ထည့် ထားတယ်၊ ဒီလောက် အနီးကပ် ပစ်ကွင်းမှာ ဆိုရင် ကျည်တစ်တောင့်က ရှင့်ကို ထက်ပိုင်း ချိုးပစ်လိုက်နိုင်တယ်'

ဆိုရာယာသည် အသက် ပြင်းပြင်း နှစ်ချက် ရှူသွင်းလိုက်၏။ သေနတ် ပြောင်းကမူ တည့်တည့် ငြိမ်ငြိမ် ဖြစ်သည်။

'ကဲ အခု ဒီကနေ သွားပေတော့'

အိုဗာတန်သည် ဖြည်းဖြည်းဆုတ်ပြီး ကားထဲ ဝင်သည်။ စတီယာရင်ရှေ့ ထိုင်သည်။ အောက်ကလီအာ လေသံဖြင့်

'ဟုတ်ကဲ့'

အိုဗာတန် ကားမောင်း ထွက်လာခဲ့၏။ ကားနောက်ကြည့် မှန်ကြီး ကြည့်လိုက်ရာ ဆိုရာယာသည် နောက်မှ သူ့ကားကို သေနတ်နှင့် ချိန်ထား တွေ့ရ၏။ လမ်း ကွေ့လိုက်မှ ဆိုရာယာကို မမြင်ရတော့။

ဆိုရာယာ မမြင်တွေ့ နိုင်တော့ပြီ သေချာသော အခါမှ အိုဗာတန်သည် သူ၏ လက်ကိုင်ဖုန်းကို ထုတ်၍ အရေးပေါ် နံပါတ်ကို ဆက်သည်။ ဖုန်းထဲ လာနာ၏ အသံကို ကြားရသောအခါမှ အိုဗာတန်က

'ခင်ဗျား ပြောတာ မှန်တယ်၊ မစ္စတာ လာနာ ဆိုရာယာမိုးဟာအခုအချိန်



ချုပ်နေတုန်းပဲ၊ ခုအခြေအနေအတိုင်း ဆိုရင် ဒီမိန်းမဟာ အန္တရာယ် ပေးနိုင်တဲ့သူ ဖြစ်နေပြီ'

သည် ဘွန်းတို့အား ဘုရားကျောင်း တစ်ခုရှိရာသို့ ခေါ်ဆောင် လာ၏။ စိန့်ဘီယင်း အော်သိုဒေါ့ ရှေးဟောင်း ဘုရားကျောင်း ဖြစ်သည်။ ကိုလို လက်ကျန် ဖြစ်ပါသည်။

ဘုရားကျောင်းအတွင်းမှာ အေးမြလှ၏။ စိမ့်ခနဲ ဖြစ်သော အအေးဓာတ် ကြောင့် ပေလောမသိ။ ကဇာတို့၊ ဇိန်းတို့သည်ပင်လျှင် ဖာဒီ၏ လူများ သလောဟု ဘွန်း စိုးရိမ်လာ၏။ ထိုစဉ် အမှောင်ထဲမှ အရိပ်တစ်ခု လာသည်။ သူတို့ထံ လျှောက်လာနေခြင်း ဖြစ်သည်။ ဘွန်းသည် တော် မာကာရော့ သေနတ်ကို ကိုင်မည်အပြု ဇိန်းက

'ဒါ ဘုန်းတော်ကြီး ဖာသာမီးရက်ပါ၊ ကျုပ် သိပါတယ်' ဟု တီးတိုး ပြော ၏။

ဖာသာမီးရက်က

'ငါ့သားများ မင်းတို့လာတာ နောက်ကျသွားပြီလို့ ထင်ပါတယ်'

ဘွန်းက ပျာပျာသလဲဖြင့်

'ဖာတ်ယာဉ်မှူး ပိုင်းလော့လား၊ ကျွန်တော့်ကို သူ့ဆီ ခေါ်သွားပေးပါ'

သူတို့ကို ဖာသာက အတွင်းဘက် ခေါ်ဆောင်သွားသည်။ ဘွန်းက စိုးရိမ် ဖြင့်

'သူ အသက်ရှိပါသေးလား ခင်ဗျ'

'ရှိယုံပဲ ရှိပါတော့တယ်၊ ကျုပ်တို့လည်း တတ်နိုင်သလောက် ပြုစု ပါပဲ'

ဇိန်းက ဝင်၍

'သူက ဖာသာတို့ဆီ ဘယ်လို ရောက်လာပါသလဲ ခင်ဗျ'

'မြစ်တမ်း နဖူး ထင်းရှူးပင်အုပ် အခြေမှာ ဆိတ်ကျောင်းသမား ရွာသား တွေ့လို့ လာပြောတယ်၊ ကျုပ်တွေ့ တော့ ဒီကို ထမ်းစင်နဲ့ သယ်လာခဲ့ အခြေအနေက သိပ်မကောင်းဘူး၊ ထမ်းစင်နဲ့ ခေါ်ခဲ့တာတောင် သူ နိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းက ဝင်၍

'ကျွန်တော် ရဟတ်ယာဉ်နဲ့ ဆက်သွယ်နိုင်ပါတယ်၊ သူ့ကို လေကြောင်းက သယ်သွားချင်ပါတယ်'

ဖာသာမီးရက်က ခေါင်းယမ်းပြသည်။

'သူ့ရဲ့ ခါးရိုးက ကျိုးနေပြီ၊ လည်ကုပ် ရိုးကလည်း ကျိုးနေပြီ၊ သူ့အခြေအနေက နောက်ထပ် လှုပ်ရှားမှု တစ်ခုကို ခံနိုင်ပုံ မရတော့ဘူး'

ပိုင်းလော့ ဂျေမီကောင်းဝဲလ်သည် ဖာသာ မီးရက်၏ အိမ်ရာထက်၌ လဲလျောင်းနေ၏။ အမျိုးသမီး နှစ်ဦးက သူ့ကို ပြုစုနေကြ၏။ တစ်ဦးက အဝတ်စကို ရေဆွတ်၍ သူ့ပါးစပ်ထဲသို့ တစ်စက်ချင်း ချနေ၏။ ဘွန်းတို့ ဝင်လာသောအခါ ဂျိမ်းစ်၏ မှိတ်နေသော မျက်လုံးအစုံသည် တစ်ချက် ဖွင့်ကြည့်၏။

ဘွန်းက ဖာသာဘက် လှည့်၍

'သူ စကား ပြောနိုင်သလားဟင်'

'ယဲ့ယဲ့ပဲ၊ ဒီကို ရွှေ့လာလိုက်တာ အရမ်း ဝေဒနာ ခံစားရတယ်နဲ့ တူတယ်'

ဘွန်းသည် ခုတင်နား ကပ်သွားပြီး ဂျိမ်းစ်၏ မျက်နှာနားထိ သူ့မျက်နှာကို တိုးကပ်လိုက်သည်။

'ကျုပ်မင်းကို အိမ်ပြန်ခေါ်ဖို့ လာခဲ့တာ၊ ကျုပ်ပြောတာ မင်း ကြားရဲ့လား နားလည်ရဲ့လား'

ဂျိမ်းစ် ပါးစပ်လှုပ်ဖို့ ကြိုးစားသည်။ ရပုံ မရ။

ဘွန်းက မတတ်သာတော့ဘဲ

'ကျုပ် တိုတိုနဲ့ လိုရင်းပဲ ပြောမယ်၊ ကျုပ် မာတင်လင်းဒရိုစ်ကိုရှာတွေ့မှ ဖြစ်မယ်၊ ရဟတ်ယာဉ် တိုက်ပွဲမှာ မင်းတို့ နှစ်ဦးပဲ အသက်ရှင်လျက်ကျန်ခဲ့တာ၊ လင်းဒရိုစ်ရော အသက် ရှိသေးရဲ့လား'

ဂျိမ်းစ်က လေသံ ယဲ့ယဲ့ဖြင့်

'ကျုပ် နောက်ဆုံး တွေ့ခဲ့ရတုန်းက အသက်ရှင်လျက်ပါပဲ'

ဂျိမ်းစ်မှာ အသက်ရှူ၍ပင် ဝပုံ မပေါ်တော့။

ဘွန်းသည် မတတ်သာတော့သဖြင့်

'ဒီမယ် ဂျိမ်းစ်၊ ဒါက သိပ်အရေးကြီးတယ်၊ လင်းဒရိုစ် ဘယ်မှာ ရှိတယ်ဆိုတာ သိသလား၊ သူ့နေရာကို ပြောပြပါ'

ဂျိမ်းစ်သည် အားယူ၍



'သုံးကလစ် အနောက်နဲ့ အနောက်တောင်ဘက်မြစ်ရဲ့ တစ်ဖက်တစ်ချက်မှာ'

ပြောရင်း မောသွားပြန်၏။ ကြိုးစားပြီး ဆက်၍

'အဲဒီမှာ စခန်းတစ်ခု ရှိတယ်၊ အစောင့်တွေ သိပ်များတယ်'

စကားပြောလိုက်ရ၍ ဂျိမ်းစ်သည် ပင်ပန်းသွားပုံရသည်။

ဘွန်းက

'သက်သာအောင်နေပါ ဂျိမ်းစ်'

ဂျိမ်းစ်က ကြိုးစား၍

'သူတို့ရဲ့ ခေါင်းဆောင် ဖာဒီက လင်းဒရိုစ်ကို ညှဉ်းပန်းနှိပ်စက်နေတယ်'

ဘွန်းက စိုးရိမ်စိတ်ဖြင့်

'မာတင် တောင့်ခံနိုင်ရဲ့လား'

ဂျိမ်းစ်သည် ဘာမှ ပြောနိုင်တော့

ဖာသာမီးရက်က

'သူ့ကို ဘာမှ မေးလို့ ရမှာမဟုတ် တော့ဘူး၊ ဘုရားသခင်က သူ့ကို ဝေဒနာ ခံစားခြင်းမှ ကယ်တင်လိုက်ပြီ'

...

...တို့ သူ့ကို ရွှေ့ပြောင်းတော့မည် ဖြစ်ကြောင်း မာတင်လင်းဒရိုစ် သိသည်။ ...ဆို အဗူအဇစ်၏ အော်ဟစ်အမိန့်ပေးသံများ ကြားရ၊ လူအများ လေးလံသော ပစ္စည်းများ သယ်မသံ ကြားရ၊ ထရပ်ကား အင်ဂျင်စက်နှိုးပြီး ဂူထဲမှ ...ကဝသို့ သွားသံများ ကြားနေရသောကြောင့် ဖြစ်သည်။

ခဏအကြာ အဇစ် ကိုယ်တိုင် ရောက်လာပြီး မာတင်လင်းဒရိုစ်ကို ...လုံးများကို အုပ်၍ စည်းနှောင်သည်။

အဇစ်သည် လင်းဒရိုစ် ဘေး ဝင်ထိုင်၍

'ဘာမှ မပူပါနဲ့ဗျာ' ဟု ဆိုသည်။

လင်းဒရိုစ်က

'ကျုပ်ကတော့ ပူပန်ခြင်းကို ကျော်လွန်ခဲ့ပါပြီဗျာ'

အက်ကွဲသော အသံဖြင့် ပြောလိုက်၏။ သူ့အသံကို သူကိုယ်တိုင်ပင် ...င်းစွာ မမှတ်မိချင်တော့။

အဇစ်က လင်းဒရိုစ်၏ ခေါင်းကို မျက်လုံးပေါက် မပါသော ခေါင်းစွပ်ဖြင့် ...ုံသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက

'ကျုပ်တို့ ခေါင်းဆောင် ဟာမင်အီဗစ်အာရှက်ဖ်ကို လုပ်ကြံသတ်ဖြတ်တဲ့ မစ်ရှင်မှာ ခင်ဗျား သိတာတွေကို ပြောဖို့ ကောင်းပြီ'

လင်းဒရိုစ်က

'ကျုပ်က ထပ်ခါတလဲလဲ ပြောခဲ့ပြီးပါပြီဗျာ၊ ကျုပ် ဘာမှ မသိဘူး ခင်ဗျားက ယုံမှ မယုံတာ'

'ဟုတ်တယ် ကျုပ် မယုံဘူး'

ထို့နောက် မမျှော်လင့်ဘဲ လင်းဒရိုစ် ပခုံးပေါ်သို့ အဇစ်က လက်ဆုပ်ကိုင်သည်။

ဘာလုပ်တာပါလိမ့်ဟု လင်းဒရိုစ် တွေးသည်။ သနားကြင်နာမှုကို ဖြ သဘောလေလား။ လင်းဒရိုစ်သည် အတွေ့အထိနှင့် ပတ်သက်၍ သိကွဲ ခံစားမှုများ မရှိတော့။ သူ့ဘဝသည် သည်အတိုင်း သည်နေရာမှာ အသက်ရှင်လျက် ရှိနေပြီး ရှင်သန်ခြင်း မရနိုင်တော့။

နောက် သူ့ကို တစ်စုံတစ်ယောက်က ကြမ်းတမ်းစွာ ဆွဲထူ၍ ဆွဲ သည်။ ဘာကြောင့် သူ့ကို ယခုကဲ့သို့ ရေးကြီးသုတ်ပျာ နေရာ ရွှေ့ပြောင်း လုပ်ရသနည်း။ သူ့ နောက်ကို တစ်စုံတစ်ယောက်က လိုက်လာနေပြီလော လိုက်လာပြီဆိုလျှင်လည်း စီအိုင် ရုံးချုပ်မှ မဖြစ်နိုင်ပါ။ ဟုတ်သည်။ နိုင်ပါ။ သူ့နောက်ကို လိုက်မည့်သူမှာ တစ်ယောက်သာ ရှိသည်။ အ အကြောင်း သတင်း အချက်အလက်များ ဆက်စပ်နိုင်သူ ရပ်စ်ဒီ တောင်ထွတ်ရှိရာသို့ မသေမပျောက် လာရောက်နိုင်သူမှာ ဂျေဆင်ဘွန်း ရှိသည်။ ဂျေဆင်ဘွန်းသည် သူ့ နောက်လိုက်လာနေပြီ၊ သူ့ကို ရအော ပြန်ရှာပြီး အိမ်ကို ခေါ်မည်။

၁

မက်သရူးလာနာသည် 'ရွှေဘဲ' စားသောက်ဆိုင်၏ နောက်ဘက် နားကျ စားပွဲမှာ ထိုင်နေ၏။ 'ရွှေဘဲ' ရက်စတော့ရင့် ဆိုင်မှာ တရုတ်တန်း ရပ်ကွက် ရှိသော ဆိုင်သေးလေး ဖြစ်ပါသည်။ ဆိုင်သေးလေး ဖြစ်သော်လည်း မြို့တော်လမ်းညွှန် စာအုပ်ထဲမှာပါရှိပြီး တိုးရစ်ဧည့်သည်များ နှင့် တရုတ် စားလိုသူများ လာရောက်လေ့ ရှိသော နေရာဖြစ်ပြီး မြို့တော်မှ လူ



လာလေ့လာထ မရှိသော နေရာ ဖြစ်ပါသည်။ လာနာတို့ စီအိုင်အေအဖွဲ့ချုပ်မှ လူများလည်း လာလေ့လာထ ရှိသော နေရာ မဟုတ်ပေ။ သည်အချက်သည် လာနာအတွက် အကောင်းဆုံး ဆုံမှတ် နေရာ ဖြစ်နေ၏။

သူ၏လက်ကိုင်ဖုန်း မြည်လာ၍ ဖွင့်ကြည့်လိုက်သောအခါ မက်ဆေ့ချ် သတင်းပို့ချက် တစ်ခု ပေါ်လာ၏။

'နောက်ဖေးပေါက်ကထွက်၊ ၇ လမ်း ထိပ်ကို ၅ မိနစ် အတွင်းလာ'

လာနာသည် ဖုန်းပေါ်မှ မက်ဆေ့ချ်ကို ချက်ချင်းဖျက်၊ နောက် ဖုန်းကို ပိတ်ထားသည်၊ စားပွဲပေါ်တွင် ပိုက်ဆံတချို့ တင်လိုက်ပြီး အမျိုးသား ရေအိမ်ထဲသို့ ဝင်လိုက်၏။ ရေအိမ်၌ အပေါ့အပါးသွားပြီးနောက် ညာဘက် တံခါးမှ ထွက်သည်။ အဲဒီဘက်မှာ မီးဖိုချောင်ဖြစ်သည်။ ဒီစားသောက်ဆိုင်ကို လာနာ ကျွမ်းကျင်ပြီး ဖြစ်သည်။ မီးဖိုချောင်ကို ဖြတ်၍ ထွက်လိုက်သောအခါ နောက်ဖေးပေါက် ဖြစ်သည်။ လမ်းပေါ် ရောက်သည်နှင့် ၇ လမ်းထိပ် ထွက်လိုက်သည်။ လမ်းထိပ်တွင် နောက်ဆုံးထုတ် ဖို့ဒ်မော်တော်ကား တစ်စီး ရပ်ထားသည်။ လာနာသည် ကား နောက်ခန်း တံခါးကို ဖွင့်၍ ဝင်လိုက်သည်။ ကားသည် ချက်ချင်းပင် ထွက်လာခဲ့၏။

လာနာသည် ထိုင်ခုံမှာ အနေအထား ကျသည်နှင့် ကားဆရာအား

'ဖရင့်'

ဟု နှုတ်ဆက်သည်။

'ဟဲလို မစ္စတာ လာနာ'

ကားဆရာက ပြန်နှုတ်ဆက်သည်။

ကားသည် ရပ်ကွက်များ၊ လမ်းများကို ဖြတ်သန်း၍ နောက်ဆုံး ဝါရှင်တန်မြို့နှင့် လေယာဉ်ကွင်း၏ အဆောက်အအုံတစ်ခု ရှေ့မှာ ရပ်သည်။ လာနာသည် ကြိမ်ဖန်များစွာ ပြုနေကျအတိုင်း ကားပေါ်မှ ဆင်း၍ အဆောက်အအုံတွင်းသို့ ဝင်သည်။

အခမ်းအနား ပြင်ဆင်မှုမှာ ကြီးကျယ်လှ၏။

အသက် ၇၀ နီးပါး ရှိလောက်ပြီဖြစ်သော ငွေရောင် ဆံပင်နှင့် ပုဂ္ဂိုလ်ကြီးမှာ စားပွဲ၌ ထိုင်နေ၏။

လာနာက လေးစားသမှုဖြင့်

'တာကွယ်ရေး ဝန်ကြီး ခင်ဗျား' ဟု နှုတ်ဆက်သည်။

တာကွယ်ရေး ဝန်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



'အေး အဲဒီမှာထိုင်နှင့် မက်သရူး၊ ကျုပ် အောက်ဆင်းခဲ့မယ်'

လာနာသည် ချထားသော ကုလားထိုင်များအနက် တစ်လုံးမှာ ဝင်ထိုင်သည်။ ပြီးနောက် အစီရင်ခံစာ တင်ပြသည်။

ဝန်ကြီးက

'ခုအထိတော့ အခြေအနေကောင်းပဲကွ၊ စီအိုင်အဖွဲ့ချုပ်မှာ မင်းတာဝ ယူဖို့ ဖြစ်တာ ကောင်းတယ်၊ စီအိုင်ကို ကျုပ် လက်အောက်ထား ကိုင်ချင်ထာ ကြာလှပြီ၊ အဖွဲ့ချုပ် ခေါင်းဆောင်ကြီးက ဗိုင်နောဆောလို အကောင်ကြီ ဖြစ်နေတော့ ကိုင်ဖို့ မလွယ်ဘူး ဖြစ်နေတာကွ၊ အဘိုးကြီးဟာ အခုထော စီအိုင် အဖွဲ့ချုပ်ကို အသေအချာကြီး ချုပ်ကိုင်မထားနိုင်တော့ဘူးလို့ ကြား တယ်၊ ဒါပေမဲ့ သူ့ကို ပယ်ဖို့ကျတော့ သိပ် မလွယ်လှဘူး၊ ဒါပေမဲ့ ဖယ်ထော ဖယ်ရမှာပဲပေါ့'

သူတို့နှစ်ဦး တိုင်ပင် ဆွေးနွေးကြသည်။

အဘိုးကြီး ဟောလီဒေးသည် စားပွဲပေါ်မှ ဖိုင်တစ်ခုကို ယူ၍ လာနာသ ပေးသည်။ လာနာသည် ခပ်သွက်သွက် ကြည့်ပြီးနောက် မော့ကြည့်သည်။

ဟောလီဒေးက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ မက်သရူး အတွင်းရေးမှူး အင်နီဟဲလ်က မင်း နောက်ကြောင်းကို သူကိုယ်ပိုင် ထောက်လှမ်းမှုတွေ လုပ်နေတယ်'

'အောင်မာ ကျုပ်က သူ့ကို အပိုင် ကိုင်ထားနိုင်ပြီ မှတ်နေတာ'

'အေး အစစ သတိထားဖို့ ပြောတာ၊ သူ့ကို တစ်ခုခုနဲ့ စီရင်ပစ်လိုက်ထ အဘိုးကြီးရဲ့ လက်ရုံး အတွင်းရေးမှူးကို ရှင်းပစ် နိုင်ရင် အခြေအနေ အား မင်းရဲ့ လက်ထဲ ရောက်လာပြီပဲပေါ့'

၀

ဂျေဆင်ဘွန်း၊ ဇိန်းနှင့် ကဗာ၏ တပ်သား လေးဦးနှင့် အတူ ရေခဲမြစ် ဖြတ်၍ အနောက်တောင်အရပ်သို့ သွားနေကြစဉ် အမှောင်ထုသည် လွှမ်း လာပြီဖြစ်၏။ အဖော်တပ်သားများမှာ နယ်မြေ ကျွမ်းကျင်မှု ရှိလှပါ သို့သော် ဘွန်းအတွက်မူ စိတ်၌ ပူပန်သောက ရှိ၏။ ရတက်မအေး ဖြစ်ရ ဘွန်း သဘာဝမှာ လျှို့ဝှက်ခရီး သွားရလျှင် ဖြစ်နိုင်သမျှ တစ်ကိုယ်ထေ ဖြစ်ချင်၏။ ဒါမှ သိုသိုသိပ်သိပ် ရှိသည်။ ယခုကဲ့သို့ လူစုလူဝေးနှင့် လျှို့ဝှ ခရီး နှင်ရသည်မှာ ခက်ခဲလှသည်ဟု ယူဆ၏။ ခရီးချီခဲ့ရာတွင် ကဗာ



လူများသည်လည်း ခြေလုံ တိတ်ဆိတ်မှု ရှိသဖြင့် တော်ပေသေး၏ဟု ယူဆ သူတို့၏ လမ်းပြမှုကြောင့်ပင် ဘွန်းနှင့် ဇိန်းတို့သည် ဖာဒီ၏ စခန်းအနီး ရောက်လာနိုင်ခြင်း ဖြစ်၏။

ထိုအချိန်၌ နှင်းများသည် တဖွဲဖွဲ ကျနေပြီ ဖြစ်၏။ နှင်းတွေကို ဖြတ်၍ ခရီးနှင်ရမှာ မတွင်ကျယ်လှပေ။ သူတို့သည် ၂ ကီလိုမီတာကျော်လောက် ဘေးအန္တရာယ် မတွေ့ဘဲ ချဉ်းကပ်လာနိုင်ခဲ့၏။ ထိုစဉ် ကဗာ၏ တပ်သား တစ်ဦးက ရပ်ရန် အချက်ပြ၍ သူတို့ ဝပ်ကာ ရပ်နေရ၏။ ထိုတပ်သားက ဒ ရဲဘော်တစ်ယောက်ကို ရှေ့ပြေးကင်းအဖြစ် လွှတ်သည်။

သူတို့သည် တဖွဲဖွဲကျနေသော နှင်းများကြားတွင် စောင့်နေကြ၏ လျှို့တစ်ခုလုံးမှာ ပကတိ တိတ်ဆိတ်လျက်ရှိပြီး မုန်တိုင်း၏ ရှေ့ပြေး နိမိတ် များပင်။ ရှေ့ပြေး တပ်သား ပြန်လာသည်။ အန္တရာယ် ကင်းရှင်းကြောင် အချက်ပြ၍ သူတို့ ခရီးဆက်ကြသည်။ လမ်းခရီးကား ကြမ်းလှ၏။

နောက်ထပ် ကီလိုမီတာ ထက်ဝက်မျှ ခရီးရောက်သောအခါ ကဗာ တပ်ဖွဲ့မှူးက ရပ်ရန် အချက်ပြ၏။ တစ်ချိန်တည်းတွင် ယခင်နည်းတူ ရှေ့ပြေ ကင်းတပ်သား တစ်ဦး စေလွှတ်၏။ ခဏအကြာ ကင်းသမား ပြန်လာပြ သူတို့အဖွဲ့မှူးနှင့် တစ်စုံတစ်ရာ အရေးတကြီး ပြောသည်။ အဖွဲ့မှူးက ဘွန်းနှင့် ဇိန်းတို့ရှိရာ အနားသို့ လာသည်။

'ကင်းသမားက ပြောတယ်၊ ရှေ့မှာ ရန်သူ နှစ်ယောက် အရှေ့ဘက်နားမှာ ရှိနေပြီတဲ့'

ဘွန်းက

'ဒါဆို သူတို့ရဲ့ စခန်းနားကို ကျုပ်တို့ ရောက်ပြီ ထင်တယ်'

အဖွဲ့မှူးက

'သူတို့ဟာ အစောင့် တပ်သားနှစ်ယောက် မဟုတ်ဘူး၊ တောထဲမှာ ရန်သူကို လိုက်ရှာနေကြတဲ့ ပုံပဲ၊ သူတို့ ဒီဘက်ကို လာနေကြတယ်'

အဖွဲ့မှူးက မျက်မှောင်ကုတ်လိုက်ပြီး

'ကျုပ် စဉ်းစားနေမိတာက ကျုပ်တို့ လာကြမယ်ဆိုတာ သူတို့များ ကြိုတင် သိထားလေသလားလို့'

ဇိန်းက

'သူတို့ ကြိုတင်သိစရာ အကြောင်း မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒ နှစ်ယောက်ကိုတော့ ရှင်းပစ်ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှူးသည် မျက်မှောင် ပို၍ ကုတ်သွား၏။

'သူတို့ဟာ ဖာဒီရဲ့ လူတွေလေ၊ ပြဿနာ ဖြစ်သွားနိုင်တယ်'

ဘွန်းက မနေသာတော့ဘဲ

'ဒါဆို ခင်ဗျားတို့ နေခဲ့လေ၊ ကျုပ်နဲ့ ဇိန်းကတော့ ရှေ့ခရီးဆက်မှာပဲ'

အဖွဲ့မှူးက

'ခင်ဗျားက ကျုပ်တို့က လူကြောက် တွေလို့ ထင်နေသလား၊ ကျုပ်တို့ရဲ့ တာဝန်က ခင်ဗျားတို့ကို ဖာဒီရဲ့ စခန်းကို အရောက်ပို့ဖို့ ဖြစ်တယ်၊ အဲဒီ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမှာပဲ'

အဖွဲ့မှူးက သူ့ တပ်သားများကို အရှေ့ဘက်သို့ စေလွှတ်သည်။

'ကျုပ်တို့ သုံးယောက်ကတော့ လမ်းကြောင်းအတိုင်း ခရီး ဆက်ကြမယ်၊ ရန်သူတွေကိုတော့ ကျုပ်လူတွေ ကြည့်ရှင်းကြလိမ့်မယ်'

သူတို့သည် တောင်တက် ခရီးကို ဆက်ကြ၏။

သေနတ်သံများ ကြားရ၍ သုံးဦးသား သစ်ပင်ကြီး အခြေမှာ ဝပ်လိုက်ကြ၏။

အားလုံး ငြိမ်သက်နေပြီး အတန်ကြာသော် ငှက်မြည်သံ ကြားရသည်။ အဖွဲ့မှူး၏ တပ်သား နှစ်ဦး ပြန်လာသည်။ တစ်ဦးက ဒဏ်ရာ ရလာပုံရ၏။ သို့သော် ပြင်းထန်ပုံ မရ။ သူတို့ မျက်နှာပေါ်တွင် အပြုံးစများ ရှိနေ၏။

သူတို့ ခရီးဆက်ကြသည်။ ထုံးစံ အတိုင်း ရှေ့ပြေးကင်း တစ်ယောက်ကို ရှေ့မှ လွှတ်၍ပဲ ဖြစ်သည်။ ခဏအကြာတွင် တောင်တက်ရခြင်း မရှိတော့ဘဲ အပြန့်သို့ ရောက်လာပုံရ၏။ သစ်ပင်များလည်း ပါးလျားလှ၏။

ရှေ့ပြေး ကင်းသမားသည် ခလုတ် တိုက်မိသလို လဲကျသွား၏။ နောက် တစ်ဦးမှာ ခေါင်းကို သေနတ်မှန်ပြီး သွေးများ နှင်းပေါ်သို့ အထွေးလိုက် ကျသွား၏။ ကျန် အဖွဲ့သားများသည် နေရာယူလိုက်ကြ၏။ သူတို့သည် မျှော်လင့်ထားကြဟန် မရှိပေ။ အကြောင်းမှာ သေနတ် ကျည် လာရာသည် အနောက်ရပ်မှ ဖြစ်သည်ဟု ဘွန်း သိသည်။ ရှာဖွေရေး တပ်သား နှစ်ဦးသည် အရှေ့ရပ်မှာ ဖြစ်၍ ဟန်ပြသာ ဖြစ်ပုံရ၏။ သူတို့သည် ဂဏန်း လက်မ ညှပ်သလို တိုက်ကြသည့် အနေအထား ရှိ၏။ ယခုအခါ ကျည်များသည် အရှေ့ရပ်မှရော အနောက်ရပ်မှပါ တဖွဲ့ဖွဲ့ ရောက်လာ၏။ ဘွန်းသည် အချက် တစ်ခု သတိပြုမိသွား၏။ ဖာဒီသည် အကြံကြီးသမား ဖြစ်သည်။ သူသည် သူ့ တပ်ဖွဲ့သား နှစ်ဦး အသက်အဆုံးခံ၍ သူတို့ကို ထောင်ချောက်ထဲသို့ အရောက် ပို့လိုက်ခြင်း ဖြစ်သည်။



ကျည်များ တဖွဲ့ဖွဲ့ ကျနေရာ ဖာဒီ တပ်ဖွဲ့သည် မည်မျှ မည်မျှ နောက်များ မည်ကို မခန့်မှန်းနိုင်ပေ။ ဇိန်းနှင့် အဖွဲ့မှူးတို့ သည် ကျည်လာရာ အရပ်များသို့ ပြန်လည် ခုခံ ပစ်နေကြ၏။ ဘွန်းသည် သူတို့ နှစ်ဦး နောက်မှ ခွာလိုက်ပြီး သူ၏ ညာဘက်သို့ ရွေ့လိုက်သည်။ ညာဘက် ရောက်သောအခါ မတ်စောက် သော တောင်ကမ်းပါးကို တွေ့ရ၏။ ဘွန်းသိပြီ၊ ကဗာ၏ လူများကို လိုက်ပါ စေရန် သူလက်ခံခဲ့ခြင်းမှာ သူ၏ အမှားပင် ဖြစ်၏။ တကယ်တော့သူ့အတွက် ဇိန်း၏ အကူအညီပင် လိုအပ်သည် မဟုတ်ချေ။ သို့သော် လူမျိုးစုံ၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ အကျိုးကျေးဇူးပြုမှုကို ငြင်းဆန်၍ မဖြစ်နိုင်ပေ။

မတ်စောက်သော ကမ်းပါးယံကို ကုတ်ကုတ်ကတ်ကတ် ခက်ခက်ခဲခဲ ဘွန်း တက်သည်။ ထိပ်သို့ ရောက်သောအခါ အစွန်းရှိရာသို့ တွားသွားသည်။ အပေါ် မြင်ကွင်းမှ စီး၍ မြင်ရသဖြင့် ဖာဒီ၏ တပ်သားများ သေနတ်များဖြင့် ပစ်ခတ် နေသည်ကို မြင်ရ၏။ တကယ်တော့ သူသည် ရန်သူများ၏ နောက်ဘက် နံဘေးဘက် ခပ်ကျကျမှာရောက်နေ၏။ ရန်သူများကိုတိုက်ခိုက် ရတော့မည် ဖြစ်သည်။

ရန်သူတို့ကို တိုက်ခိုက်ရာ၌ ဘွန်း၌ ကမ်းပါးပေါ် တက်လာချိန်၌ ပစ္စတို သာပါလာခဲ့ရာ ရိုင်ဖယ် ကိုင်စွဲထားသော ရန်သူများကို တိုက်ခိုက်ရန် မဖြစ် နိုင်။ ဇိန်းတို့ကို ပစ်ခတ်နေသော ရန်သူများ၏ နောက်ဘက်နားတွင်အစောင့် တစ်ဦးက ရှိသည်။ သူသည် ရန်သူများ၏ နောက်ကျော လုံအောင် ကာထား သူ ဖြစ်၏။ သူသည် ဂျာမန် စနိုက်ပါ ရိုင်ဖယ် မော်ဆာ P 66 ကို ကိုင်ဆောင် ထား၏။ စနိုက်ပါ သေနတ်မှာ မှန်ဘီလူးပါ တပ်ဆင်ထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း အဝေးမှ မြင်ကွင်းကို သဲကွဲတိကျစွာ မြင်နိုင်၊ ပစ်ခတ်နိုင်ခြင်း ဖြစ်၏။

၎င်း မော်ဆာ သေနတ်သည် အဝေးမှ ရန်သူကို ပစ်ခတ်ရန် အလွန် အသုံးဝင် လှသော်လည်း အနီးကပ် တိုက်ပွဲတွင် လေးလံလှပြီး မောင်းတစ်ချက် ထိုးရသည့် အမျိုးအစား ဖြစ်သည်။ ထို့ကြောင့် အနီးကပ် လျင်မြန်စွာ ပစ်ခတ်ရန် မဖြစ်နိုင်ပေ။

ဘွန်းသည် ရန်သူ့ နောက်ကျောဘက်သို့ ရောက်အောင် သွားပြီ နောက်ဆုံး နောက်ဆုံးမှ မော်ဆာ ရိုင်ဖယ်ကိုင် သေနတ်သမား အနားသို့ ဖြည်းဖြည်း တွား၍ တွား၍ ကပ်သည်။ ၁၅ ကီလို မီတာခန့် အကွာ အရောက်တွင် ဆာစောက အင်ဟာရာ စစ်သားထံမှ နုတ်ယူခဲ့သော ဓားကောက်ကို ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏၊ ဘွန်းသည် ခါးကောက်နှင့် တွားနေရာမှ ထပြီး ရန်သူထံ အသွား ရန်သူကလည်း ဘွန်းကို မြင်သွားပြီ ဖြစ်သည်။ သို့နှင့်ဘွန်းဘက်က လှည့်၍ မော်ဆာရိုင်ဖယ်ကို ချိန်လိုက်၏။ ထိုစဉ် ဘွန်း၏ ဓားသည်တဝီဝီး လှည်ပတ်၍ အရှိန်နှင့်ရန်သူထံ ပြေးသွားနေပြီ ဖြစ်၏။ ဓားသည် ရန်သူ၏ ရင်ညွန့် အောက်နားတွင် ဓားရိုးအထိတဆုံး ဝင်ရောက်သွားလေ၏။ ရန်သူ ဗိုင်းခနဲ လဲကျမသွားမီပင် အသက်ထွက် သွားပြီ ဖြစ်၏။

ဘွန်းသည် အလောင်းမှ ဓားကို ဆွဲထုတ်၍ ဓားအိမ်ထဲ ပြန်ထည့်သည်။ နောက် မော်ဆာရိုင်ဖယ်ကို ယူ၍ ရန်သူ ကျည်ကွယ်ယူရာ ကျောက်တုံးမှ တစ်ဆင့် သတ်ကွင်း ရှိရာသို့ မှန်ပြောင်းမှတစ်ဆင့် ကြည့်သည်။ ဖာဒီ၏ ရိုင်ဖယ်ကိုင် တပ်သား လေးဦးကို သဲကွဲစွာ မြင်ရ၏။ တစ်ဖက်သို့ ဆက်တိုး ကြည့်လိုက်သော အခါ သူ၏ တပ်ဖွဲ့မှူးကို နှင်းတောထဲတွင် သွေးအိုင်ထွန်း လဲကျနေသည်ကို မြင်ရ၏။ ရန်သူများဘက်သို့ ကြည့်လိုက်ရာ ရန်သူ နှစ်ဦးကို မြင်ရ၍ တစ်ဦးကို လှမ်းပစ်လိုက်ရာ ထိမှန်သွား၏။ တစ်ဦးက သူရှိရာသို့ ပြန်လည် ပစ်ခတ်သည်။ ကျည်သည် မနီးမဝေးမှ ဖြတ်သွား၏။

ဘွန်းသည် ညာဘက်သို့ ရိပ်ယောင်ပြ လှုပ်ရှားဟန်ပြုပြီး ကျည်ဆန်များ လာစေပြီးနောက် လက်ဝဲဘက်သို့ ထိုးဝပ်လိုက်၏။ နောက် အသာအယာ ခေါင်းပြူ ကြည့်သည်။ ရန်သူ၏ ခေါင်း ပေါ်လာသည်။ ဘွန်း နှစ်ချက် ဆက်ပစ်သည်။ ရန်သူ ထိမှန်သွားပုံ ရ၏။ နောက်တစ်ယောက် အပြေးအလွှား ဝင်လာရာ ထိုသူကိုလည်း ဘွန်းက မျက်လုံး နှစ်လုံး အကြားကို ချိန်၍ ပစ်လိုက်၏။

လောလောလတ်လတ် ရန်သူ ကုန်ပြီဖြစ်၍ ဘွန်း သတ်ကွင်းထဲသို့ ဆင်းသည်။ မီတာ ၃၀ ခန့်သို့ ခရီးပေါက်သော အခါ ဇိန်းကို တွေ့ရသည်။ ဇိန်းမှာ သေနတ်ဒဏ်ရာ နှစ်ချက် ထိထား၏။ ဝေဒနာ ခံစားနေရပုံ ရသည်။ ဘွန်း သူ့အနား ရောက်လာ၏။

ဇိန်းက ကြိုးစား အားယူပြီး

'ကျုပ်ကို ထားခဲ့၊ ကျုပ်က မရနိုင်တော့ဘူး'

ဘွန်းက

'ဇိန်း'

ဇိန်းက

'သွား သွား ခင်ဗျား မိတ်ဆွေကို သွားရှာ၊ အိမ်ကို ပြန်ခေါ်သွား'



ဘွန်းက

'ကျုပ် ခင်ဗျားကို မထားခဲ့နိုင်ဘူး'

ဇိန်းက ကြိုးစား၍ ပြုံးပြသည်။

'ခင်ဗျား ကျုပ်ကို ခုထိ နားမလည်နိုင် သေးပါလား၊ ကျုပ်မှာ ဘာနောင်တ ရစရာမှ မရှိတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်သားရဲ့ ရုပ်အလောင်းကို ခင်ဗျားကို မြှုပ်နှံဖို့ တောင်းဆိုခဲ့တာကို ခင်ဗျားက လုပ်ဆောင်ပါ့မယ်လို့ ကတိပေးပြီးပြီပဲ၊ ကျုပ်က အဲဒါပဲ လိုချင်တာ'

ဇိန်းသည် အသက် ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး ဇက်ကျိုး ငြိမ်သက် သွားတော့၏။ ဘွန်းသည် ဇိန်း၏ ရုပ်အလောင်းကို နောက်ဆုံးအကြိမ် နှုတ်ဆက်ပြီး ဖာဒီစခန်းရှိရာသို့ သွားသည်။ ၁၅ မိနစ်ခန့် တောတောင်များကို ဖြတ်ကျော်ပြီးနောက် စခန်းကို မြင်ရသည်။ သူသည် ကျည်ကွယ်ရာ သစ်ပင် အကွယ်မှ ကြည့်နေခြင်း ဖြစ်သည်။ ရှေ့တွင်ကား မြေပြန့် သတ်ကွင်း. . .

ဘွန်း သစ်ပင်ရင်းမှ ထ၍ မြေပြန့်ကို ဖြတ်သည်နှင့် ကျည်များက တဖွဲဖွဲ ကျလာသည်။ လှမ်းကြည့်ရာ ဖာဒီတပ်သား ခြောက်ယောက်ခန့် မြင်ရ၏။

ဘွန်း တစ်ဖက်စွန်း ရောက်အောင် အမြန်ဆုံး ပြေး၏။

၁

ဒီအပေါ် ဒီအပေါ်ကို အမြန်လာ'

အသံကြားရာသို့ မော့်ကြည့်လိုက်သော အခါ ချောက်ကမ်းပါးထိပ်တွင် အလန်ကို မြင်ရသည်။ ဘွန်း ကြိုးစား၍ ကမ်းပါးပေါ် တက်လိုက်သည်။ အပေါ် ကျောက်ငူ အစွန်းတွင် အလန် ဝမ်းလျား မှောက်ပြီး ဖာဒီတပ်သား များကို ကြည့်နေ၏။ ဘွန်း သူ့အနား ရောက်လာသောအခါ အလန်သည် တစ်ဖက်သို့ သွားရန် အချက်ပြပြီး သူက ဦးဆောင်၍ သွားသည်။ ဘွန်း အလန်နောက်သို့ လိုက်၏။

သွားရင်း လာရင်း ခရီး အတော် ပေါက်သောအခါမှ

အလန်က

'သူတို့ ခင်ဗျားရဲ့ မိတ်ဆွေကို စခန်း မှာ မထားတော့ဘူး၊ နေရာရွှေ့လိုက်ပြီ အဲ့တောင်စောင်းက ဂူတွေထဲမှာ'

ဘွန်းက

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ'

အလန်က သူ့မေးခွန်းကို မဖြေ။

'ကျွန်တော့် အဖေရော ဘာဖြစ်လို့ သူ ခင်ဗျားနဲ့ အတူ ရှိမနေရတာတုံး'

'ဝမ်းနည်းပါတယ် အလန်၊ မင်း အဖေ သေနတ်မှန်ပြီး ကျဆုံးသွားပြီ'

အလန်သည် တောင်စောင်း သို့ ဆက်တက်နေရာ ဘွန်းကလည်း လိုက်တက်ရ၏။

ဘွန်းက

'မင်း အဖေဟာ သူလုပ်နိုင်သမျှ အကုန်လုပ်သွားပါတယ်၊ ပြီးတော့ သူ့စိတ်နှလုံးလည်း တုံးတုံးချ ကျေနပ်သွားပါတယ်၊ ငါက မင်းအစ်ကိုရဲ့ ရုပ်အလောင်းကို မြှုပ်နှံပေးမယ်လို့ ကတိပေးလိုက်လို့ပါ'

အလန်က

'ခင်ဗျား အဲဒါကို တကယ်လုပ်နိုင်မှာလား'

ဘွန်းက

'လုပ်နိုင်မယ်လို့ ထင်ပါတယ်'

အလန်သည် ဘွန်း မျက်နှာကို တစ်ချက်ကြည့်ပြီးနောက် တောင်တက်ခရီး ဆက်သည်။ နှင်းတွေက ကျလာပြန်ပြီ ဖြစ် ၏။ ဝန်းကျင်အနှံ့မှာ နှင်းတွေက ဖုံးနေ၍ ဘာဆိုဘာမှ မမြင်ရသလောက် ဖြစ်နေ ၏။ သို့သော် အလန်ကမူ သူသွားရမည့် လမ်းကို အသေအချာ သိသည့်အလား ဆက်သွားနေ၏။ ဘွန်းနောက်က လိုက်ရသည်။ နောက်ဆုံး သူတို့သည် မညီညာသော အမြင့်တစ်ခုပေါ်သို့ ရောက်ရှိလာ၏။

အလန်က

'ဒီမှာ မီးခိုးခေါင်းတိုင်၊ အပေါက်တွေ အများကြီး ရှိတယ်၊ အဲဒီထဲကနေ ဂူထဲကို ဆင်းလို့ရတယ်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒီနေရာ ဒီဂူတွေထဲမှာ တူတူပုန်း တမ်း ကစားခဲ့ကြတာ၊ ဘယ်မီးခိုး ခေါင်းတိုင်ပေါက်က ဆင်းရင် ခင်ဗျား မိတ်ဆွေ ရှိရာကို ရောက်တယ်ဆိုတာ သိတယ်'

ဘွန်းသည်

အလန် ပြသော မီးခိုးခေါင်းတိုင် ပေါက်တစ်ခုမှ အောက်သို့ ငုံ့ကြည့်သည်၊ အလင်းရောင်မှာ မှုန်ပျပျသာ ရှိ၍ ဘာမှ သဲသဲကွဲကွဲမမြင်ရ၊ ဂူပေါက်သည် မီတာ ၁၀၀ လောက် နက်စောက်ပုံ ရသည်။

အလန်က



'ရန်သူတွေက ခင်ဗျားတို့ကို စောင့် ကြည့်နေတာ'

ဘွန်းက

'ဟုတ်တယ်၊ မင်း အဖေကလည်း ပြောတယ်'

အလန်က ခေါင်းညိတ်ပြသည်။

'ရန်သူတွေက ခင်ဗျား မိတ်ဆွေကို ခင်ဗျား ရှာမတွေ့နိုင်အောင် ခန်းတဲတွေထဲမှာ မထားဘဲ ဒီဂူတွေထဲကို ရွှေ့လိုက်ကြတာ'

ဘွန်းက အလန်ကို ကြည့်လိုက်ပြီး

'နေပါဦး၊ မင်းက အခုမှ ဘာဖြစ်လို့ ပြောရတာလဲ၊ ဒါတွေဟာ အဖြစ်အပျက် အမှန်ပဲ ဆိုရင်'

အလန်က

'သူတို့ ကျုပ်အဖေကို သတ်လိုက်ပြီလေ၊ ကျွန်တော် ခုမှ စဉ်းစားမိတာက သူတို့ဟာ ကျုပ်တို့ကို ဘာမှ ဂရုမစိုက်ဘူး၊ ကျွန်တော်တို့ ဘယ်လောက်ပဲ သေသေ သူတို့ ဂရုမစိုက်ဘူး၊ သူတို့ ရည်ရွယ်တာကိုပဲ ဖြစ်မြောက်အောင် လုပ်ကြမှာပဲ၊ သူတို့က ခင်ဗျားနဲ့ အဖေ့ကို ထောင်ချောက်ဆင် ဖမ်းနိုင်ရင် အဖေ့ကို ကာကွယ် ပေးမယ်၊ မထိပါးစေရဘူးလို့ ကျွန်တော့်ကို ကတိပေးခဲ့တာ၊ ကျွန်တော် ကလည်း ခပ်တုံးတုံးဆိုတော့ သူတို့ စကားကို ယုံခဲ့မိတာပေါ့။ ခုတော့ သိပါပြီ၊ သူ တို့ကို ကျွန်တော် လုံးဝ ဂရုမစိုက်တော့ဘူး၊ ကျွန်တော် ခင်ဗျားကို ကူညီမယ်၊ ခင်ဗျားရဲ့ မိတ်ဆွေကို ရအောင် ကယ်နိုင်အောင် ကူညီမယ်'

ဘွန်းသည် ဘာမှ မပြော လှုပ်ရှားမှုလည်း မလုပ်။

အလန်က

'ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ယုံကြည်အောင် ကျွန်တော် ရှေ့ဆုံးက ဆင်းပါ့မယ်၊ တကယ်လို့ ထောင်ချောက် ဖြစ်နေခဲ့ရင် ပထမဆုံး တွေ့တဲ့ ကျွန်တော့်ကို ပစ်မှာပဲ၊ ခင်ဗျား လွတ်နိုင်ပါတယ်'

ဘွန်းက မျက်နှာထား တည်တည်ဖြင့်

'မင်း ဘာတွေပဲ လုပ်ခဲ့ လုပ်ခဲ့ မင်းကို ထိခိုက် နာကျင်စေအောင် ငါ မလုပ်နိုင်ဘူး'

အလန့် မျက်နှာပေါ်တွင် အရေပြား ကွေးဆန့်မှု ဖြစ်ပေါ်လာပါသည်။ သူ့အတွက် သူ နာကျင်ထိခိုက်မှုကို ဘွန်းက စိုးရိမ်ပူပန်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလန်က

'ကျွန်တော် အမှန်တွေကို ပြောနေတာပါ၊ ဒီခေါင်းတိုင် ဝင်ပေါက်တွေ အကြောင်းကို ဖာဒ္ဒီလူတွေ လုံးဝ မသိဘူး'

ဘွန်းသည် ခဏမျှ ချိန်ဆလိုက်ပြီး အလန်အား

'ဒီမယ် အလန် မင်း ငါ့အပေါ်မှာ သစ္စာရှိတယ်၊ မင်းအဖေအပေါ်မှာ သစ္စာရှိတယ် ဆိုတာကိုပြဖို့ ခေါင်းတိုင်ပေါက်ထဲကို ရှေ့ကနေ ဆင်းစရာ မလိုဘူး'

ဘွန်းသည် သူ့အိတ်ထဲမှ ပလတ် စတစ် ပစ္စည်းတစ်ခုကို ထုတ်သည်။ ၎င်း ပစ္စည်းတွင် ခလုတ်နှစ်ခုပါ၏။ တစ်ခုမှာ အနက်၊ တစ်ခုမှာ အနီဖြစ်သည်။

ထိုပစ္စည်းကို အလန် လက်ထဲ ထည့်ပြီး ဘွန်းက

'မင်း လုပ်ရမယ့် အလုပ်က ဒီလို ရှိတယ် အလန်၊ မင်း ဒီခေါင်မိုးပေါ်ကနေ တောင်ဘက်အစွန်းကိုသွား၊ အောက်ကိုကြည့်လိုက်ရင် ဖာဒ္ဒီလူတွေကို တွေ့ရ လိမ့်မယ်၊ သူတို့ကို တွေ့ရင် အနက် ခလုတ်ကိုနှိပ်၊ သူတို့နဲ့ မီတာ ၁၀၀ လောက် အကွာရောက်ရင် အနီခလုတ်ကို နှိပ်ပြီး သူတို့ ရှိရာကို တအားကုန် ပစ်ပေါက် လိုက်ပေတော့'

အလန်က သူ့လက်ထဲက ပစ္စည်းကို ကြည့်သည်။

'ဒါက ဗုံးလား'

ဘွန်းက

'အသေအချာပေါ့'

အလန်က တလေးတနက်ပင်

'စိတ်ချပါ ကျွန်တော့်ကို ယုံပါ၊ ကျွန်တော့် တာဝန်ကို ကျွန်တော် ယူနိုင် ပါတယ်'

ဘွန်းက

'ကောင်းတယ် ဒါဆိုရင် အဲဒီ ပေါက်ကွဲသံကြားမှ ငါ လှုပ်ရှားမယ်၊ ခေါင်းတိုင်ပေါက်ထဲကို ဆင်းမယ်'

အလန်က ထိုင်ရာမှ ထလိုက်ပြီး

'ဗုံးပေါက်ကွဲ သွားရင် ရန်သူကို ပေါက်ကွဲမှု ရှိရာကို အာရုံပြောင်းသွားနိုင် တယ်ပေါ့၊ ကောင်းတယ်'

အလန်က သွားမည်ပြုပြီးမှ

'ခေါင်းတိုင်အတိုင်း ဆင်းသွားလို့ သုံးပုံနှစ်ပုံလောက် ရောက်ရင် လမ်းချိုး



...ခု တွေ့မယ်၊ ညာဘက်ကိုလိုက်၊ ဆုံးသွားရင် ညာဘက်ကို ထပ်ချိုး အဲဒါ ...ရင် ခင်ဗျားမိတ်ဆွေကို ချုပ်ထားတဲ့ နေရာနဲ့ မီတာ ၅၀ လောက်ပဲ ...တော့မယ်'

အလန်သည် ပြောပြောဆိုဆို ထွက်သွား၏။

ဘွန်းသည် သူ့တွင် ပါလာသော ဂြိုဟ်တု ဆက်သွယ်ရေး ဖုန်းဖြင့် ဒေးဗစ် ... ဆက်သွယ်သည်။

ဘွန်းက

'အဲဒီဘက်ရော အခြေအနေ ဘယ်လိုရှိသလဲ ဒေးဗစ်'

ဒေးဗစ်က

'ဒီမှာတော့ အားလုံး ငြိမ်သက်နေတာပဲ'

ဘွန်းက

'ကောင်းပြီ ပထမဆုံး ဒေးဗစ်လုပ်ရမှာက ဂူထဲမှာ ရှိတဲ့ ရုပ်အလောင်းကို ...ပ်သင်္ဂြိုဟ်လိုက်၊ ကျောက်တောင် ဆိုတော့ တူးဖို့ မြှုပ်ဖို့ခက်ရင် ကျောက် ...တွေနဲ့ အပေါ်က လုံလုံခြုံခြုံ ဖုံးဖိ သင်္ဂြိုဟ်၊ ဆုလေး ဘာလေး တောင်းလိုက် ...လား၊ ပြော်ဟော့ဟော့ အဲဒီဂူထဲ သွားရင် ရေဒီယေးရှင်း ကာကွယ်တဲ့ ...ဝတ်ပြီးမှ သွားနော်၊ ပြီးတော့ အဲဒီနေရာက ခွာခဲ့တော့၊ အခု မင်းရှိနေ ...နေရာက အနောက်မြောက်ဆီကို ၁၃၊ ၁၄ ကီလိုလောက်လာခဲ့၊ မြေညီ ...မရှိဘူး၊ ကျောက်တုံး ကျောက်တောင်တွေပေါ်မှာ ဘုရားတပြီး ဆင်းခဲ့ ...တော့'

...န်း ပြောပြီးနောက် ဘွန်းသည် လက်ငင်း ပြဿနာကို ပြုလုပ်ရတော့မည် ...၊ အလန်သည် သူ့ကို အမှန်အတိုင်း ပြောခဲ့သည်ဟု ယုံကြည်ဖို့ပဲ ဖြစ် ... သူ အလန်ကို ပြောလိုက်သည့် အတိုင်း ပေါက်ကွဲသံကြားမှ ဂူပေါက်ထဲ ...ည် ဆိုခဲ့သော်လည်း အစစကို ရင်ဆိုင်ရမည် ဖြစ်၍ ပေါက်ကွဲသံ မကြား ...င် ခေါင်းတိုင် ပေါက်ထဲသို့ စတင် ဆင်းလေ၏။

...တိုင်အတွင်း အောက်ဘက်သို့ ဆင်းရသည်မှာ ဒူးခြေထောက် လက် ...း သုံးပြီး သတိကြီးစွာနှင့် ဆင်းရသည်။ တစ်ခုခု တိမ်းချော်သွားပါက ...သို့ ထိုးကျသွားမည် ဖြစ်သည်။ ဘွန်း သတိ ကြီးစွာဖြင့် ဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အလန် ပြောထားသည့် အတိုင်းပင် ခရီး သုံးချိုး နှစ်ချိုး အရောက်တွင် လမ်းချိုး နှစ်ခု တွေ့သည်။ ဘွန်း ခဏ နားသည်။ အလန်၏ စကားကို ယုံသည် ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ဘယ်နှင့်ညာ နှစ်လမ်းရှိ၍ တစ်လမ်းကို ရွေးချယ် ရမည် ဖြစ်သည်။ ဘွန်းသည် စိတ်နှလုံး တုံးတုံးချ၍ ညာဘက်သို့ ရွေးသည် ခရီးဆက် ဆင်းခဲ့ရာ မကြာမီ ဂူကြမ်းပြင်သို့ ရောက်သည်။ မာကာရွေ သေနတ်ကို လက်တစ်ဖက်မှ ကိုင်၍ ဂူကြမ်းပြင်ပေါ် ရောက်သည်နှင့် ပတ်ဝန်းကျင်ကို လှည့်လည် ကြည့်ရှု အကဲခတ်သည်။ ဖာဒီ တပ်သားများ တစ်ဦး တစ်ယောက်မှ မတွေ့ရ။ ညာဘက်သို့ ကပ်၍ သွားသည်။ လှေ တစ်ခုသို့ ရောက်၏။ အသာလေး ခေါင်းပြူ၍ အထဲသို့ လှမ်းကြည့်သည်။

တစ်နေရာတွင် ဖာဒီ၏ တပ်သား တစ်ဦး ရိုင်ဖယ်ကို ကိုင်၍ စောင့် ၏။ ဘွန်း အသက် မရှုမိအောင် ကြိုးစားပြီး စောင့်ကြည့်သည်။ အစော လှုပ်ရှားမှု တစ်ခု ပြုလုပ်လိုက်ရာ အစောင့် ကွယ်နေသော မာတင်လင်းဒရို့စ် ယူဆရသူ အကျဉ်းသားကို တွေ့ရသည်။ အကျဉ်းသားမှာ ခြေများ လက်များ တုပ်နှောင် ထားပြီး ပါးစပ်ကိုလည်း ပိတ်ဆို့ထားသည်။ မာတင်လင်းဒရို့စ်ထံ ဘွန်း အသက်ရှူ မြန်သွားသည်။ မာတင်ကို အသက်ရှင်လျက် တွေ့ရ ဖြစ်၏။

ဘွန်းသည် သူ့မိတ်ဆွေ၏ ပကတိ အခြေအနေကို ကောင်းစွာအကဲခတ် နိုင်ခြင်း မပြုနိုင်မီ အပြင်ဘက်မှ ပေါက်ကွဲသံကြီး ကြားလိုက်ရလေ၏ အလန်သည် သူ၏ တာဝန်ကို ကျေပွန်ခဲ့ပြီ ဖြစ်သည်။ ပြောထားသည့်အတို အချိန်ကိုက် ဗုံးကို ပစ်ဖောက်ခွဲခဲ့ပြီ ဖြစ်သည်။

အစောင့်သည် လှုပ်ရှားမှု ပြုလိုက်ရာ ဘွန်းမြင်ကွင်းမှ မာတင် မမြင်ရ၊ ကွယ်သွားသည်။ တခြား အစောင့်နှစ်ဦး ရောက်လာပြီး သုံးဦးသ တစ်စုံတစ်ရာ တိုင်ပင်သည်။

အစောင့် သုံးဦးသည် ဆုံးဖြတ်ချက် ချလိုက်ပြီး ဖြစ်ပုံရသည်။ သူတို့သုံး တြိဂံပုံဖြင့် ဂူပေါက်ရှိရာသို့ သတိဖြင့် သွား ရန် ဖြစ်သည်။ ရှေ့မှ တစ်ဦး ဦးဆောင်၍ နောက်မှ နှစ်ဦးကရံပြီး လိုက်ရန် ဖြစ်သည်။

ဘွန်းသည် မာကာရွေ ရိုင်ဖယ်ကို ချလိုက်ရ၏။ သူသည် သေနတ် သုံး၍ မဖြစ်နိုင်။ သေနတ်သံ ကြားလိုက်ရခြင်း ဖြင့် တခြားသော တပ်ဖွဲ့ဝင်များကို အချက် ပေးလိုက်သလို ဖြစ်သွားနိုင်၏။ ဘွန်းသည် ချော နေရာမှ ထထွက်၍ လက်ထဲမှ ဓားကောက်ဖြင့် ဘယ်ဘက်မှ လူကို လှမ်း



သည်။ ဓားသည် ပစ်မှတ်ကို ဒုတ်ဒုတ် ထိမှန်ကာ ရန်သူ လဲကျသွားသ ဘက်မှ ရန်သူသည် ဘယ်ဘက် ပြန်အလှည့်တွင် ဘွန်း ခုန်၍ လက်ထဲမှ ဆင့်ဆောင်ထားသော ထုံးကျောက်ချွန် ဖြင့် လည်မျိုကို ထိုးလိုက်၏ ရန်သူ သွားသည်။

ထိုအချိန်၌ တြိဂံမြှားဦးမှ ချီတက်နေသော တပ်သားသည် နောက်ပြန် ၍ သေနတ်ဖြင့် ချိန်ကာ ပါးစပ်မှာလည်း အော်သည်။

'ရပ်လိုက်'

ထိုအချိန်၌ ဘွန်းသည် တစ်ဟုန်ထိုး ပြေးလာနေပြီ ဖြစ်၏။ ရန်သူသည် တာသြ ဖြစ်ကာ သေနတ်ဖြင့် ပစ်ခတ်ရန် ချိန်ရွယ်မည် ပြုစဉ်မှာပင် သည် သူ၏ လက်ဝါးစောင်းဖြင့် ရန်သူ၏ နှာရိုးကို ရိုက်ချိုးလိုက်လေ၏။ ဒူးထောက် လျက်သား ကျသွားသည်။ ဘွန်းက သူ့ လက်ထဲမှ ရိုင်ဖယ် ဆောင့်ဆွဲလိုက်ပြီး သေနတ်ဒင်နှင့် ရန်သူ နားထင်ကို ရိုက်လိုက်သည်။ လဲကျသွားသည်။ မလှုပ်တော့။

ဘွန်းသည် မာတင်အနားသို့ ပြေးသွားပြီး တုပ်နှောင်ထားသော ကြိုးများ ဖြတ်တောက်ပေး၏။ ပါးစပ်မှာ ဆို့ထားသော အဝတ်စကို ထုတ်ရင်း

'ဘယ့်နှယ်လဲ မာတင် အိုကေရဲ့လား'

မာတင်လင်းဒရို့စ် ခေါင်းညိတ်ပြသည်။

ဘွန်းက

'ဒါဆို တို့ ဒီအထဲက အမြန်ဆုံးထွက်မှ ဖြစ်မယ်'

ပြောပြော ဆိုဆိုပင် ဘွန်းသည် မာတင်လင်းဒရို့စ်ကို တွဲ၍ သူ ဆင်းလာ ခေါင်းတိုင်ဂူပေါက်ရှိရာသို့ သွားသည်။ ခေါင်းတိုင်ပေါက်ဝသို့ ရောက် အခါ ဘွန်းက

'ဒီတနေ ကျုပ်တို့ အပေါ်တက်ကြရမယ်၊ ဒီတစ်ပေါက်ပဲ ထွက်လမ်း ယ်'

မာတင်က

'ဒါဆိုလည်း လုပ်သင့်သလို လုပ်ရမှာပေါ့'

ခေါင်းတိုင် ပေါက်ဝသို့ အရောက် ခေါင်းတိုင်အထဲသို့ မဝင်ခင် မာတင်က လက်ကို လှမ်းကိုင်လိုက်ပြီး

'ဗျေဆင် ကျုပ် ခင်ဗျား လိုက်လာမှာပဲ ဆိုတဲ့ မျှော်လင့်ချက် ဘယ်တော့မှ ဘူး၊ ဂျေဆင် အဲဒီအကြွေးကို ကျုပ် ဘယ်တော့မှ ပြန်ဆပ်နိုင်မလဲ ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းက မာတင့်လက်ကို ပြန်ဆုပ်ရင်း

'ကဲလာ ကျုပ်တို့ အပေါ် တက်ကြမယ်၊ ကျုပ်က ကူမှာပေါ့၊ ဆွဲမှာပေါ့'

အတက်ခရီးမှာ အဆင်း ခရီးထက် ပို၍ ကြန့်ကြာ၏။ အတက်မှာ အဆင်းထက် ပို၍ ခက်ခဲသောကြောင့် ဖြစ်သည်။ သည်ကြားထဲတွင် မာတင်လင်းဒရို့စ်သည်အနှိပ်စက်ခံထားရသော ဒဏ်ရာရနေသူဖြစ်၏။ထို့ကြောင့် ခဏခဏ နားလိုက် ဆွဲလိုက် လုပ်နေရသည်။

နာရီဝက်ခန့်အကြာ ခေါင်းတိုင် အပေါက်ဝသို့ ဘွန်းထွက်နိုင်၏။ ဘွန်းက မာတင်လင်းဒရို့စ်ကို ဆွဲတင်သည်။

၀

သူတို့သည် ချိန်းဆို ထားသည့် ရဟတ်ယာဉ် ရှိရာသို့ သွားကြသည်

အင်နီဟဲလ်ဟာ ဂျော့တောင်းရပ်ကွက် ရှေးဟောင်း အုတ်ခဲနီနီများနဲ့ ဆော ထားတဲ့ နှစ်ထပ်တိုက်အိမ် တစ်လုံးမှာ နေပါတယ်။ တကယ်တော့ ဒီအိမ် ကွယ်လွန်သွားရှာပြီ ဖြစ်တဲ့ သူ့အစ်မ ဂျိုက်စ် ပိုင်ဆိုင်တာပါ။ လွန်ခဲ့တဲ့ သုံး ကျော်ကျော်က သူ့အမေ ဂျိုက်စ်နဲ့ သူ့ ခင်ပွန်း ပီတာတို့ နှင်းမြုံတွေ ကျနေ တစ်နေ့ သူတို့ရဲ့ ခြံရှိရာကို လေယာဉ် ပေါက်စလေးနဲ့ အသွား လေယာ ပျက်ကျ ကွယ်လွန်သွားခဲ့လို့ တစ်ဦးတည်းသော ညီမဖြစ်တဲ့ အင်နီကဒီအိ ကို အမွေ အဖြစ် ရခဲ့တာ ဖြစ်ပါတယ်။ အင်နီကိုယ်ပိုင် ဝင်ငွေနဲ့ဖြင့်ဒီအိမ် ဘယ် တတ်နိုင်ပါ့မလဲ၊ ကပ်နိုင်ပါ့မလဲ။

ညပေါင်းများစွာ စီအိုင် (ထောက်လှမ်းရေး အဖွဲ့ချုပ်) မှ မိုးကြီးချ အိမ်ကို အင်နီပြန်ရောက်လေ့ ရှိပါတယ်။ အိမ် ပြန်ရောက်တိုင်း အင်နီက သူမရဲ့ ချစ်သူကို သတိရတတ်ပါတယ်။ ချစ်သူဟာ အလုပ် အလွန်လုပ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ချစ်သူရဲ့ ဇနီးဟာ အင်နီချစ်သူ ပစ်ပြီး ထွက်သွားခဲ့လို့ ချစ်သူဟာ အထီးကျန် ဖြစ်ခဲ့ရတာပါ။

ချစ်သူအကြောင်း တွေးရင် နွေးထွေးတဲ့ အတွေ့ ခံစားမှုတွေက ပေါ် စမြဲပါပဲ။

အင်နီရဲ့ ချစ်သူဟာ နာမည်အရင်းတော့ ရှိသပေါ့။ နှစ်နှစ်လော အတွင်းမှာ အင်နီက ချစ်သူကို ခေါ်ခဲ့၊ မှည့်ခဲ့တဲ့ ချစ်သူ နာမည်တွေ ယောင်နဲ့ သောင်းနဲ့ ချီပြီး ရှိပါလိမ့်မယ်။



သူတို့ နှစ်ယောက် ညွှန်ချုပ် အသိုးကြီးရဲ့ ညစာခံပွဲမှာ ကြုံခဲ့ ဆုံခဲ့ကြတာ ဖြစ်ပါတယ်။

ချစ်သူအကြောင်း တွေးရာက အိမ်ခန်းထဲကို အမြဲတစေ သတိထား လာ နေကျအတိုင်း လေ့လာ ကြည့်မိပါတယ်။ ဒါ ထောက်လှမ်းရေး တစ်ဦးရဲ့ အမြဲမပြတ် လုပ်လေ့လုပ်ထ ရှိတဲ့ သတိ အလုပ်ပဲလေ။

အိမ်ခန်းဟာ အင်နီထားခဲ့တဲ့အတိုင်း မဟုတ်တော့ဘူး။ တစ်စုံတစ် တိတ်တဆိတ် ဝင်ရောက် သွားခဲ့ပုံပဲ။ အင်နီထားခဲ့တဲ့ ပစ္စည်းတွေဟာ သာသာကြီး လက်ရာပျက်အောင် ပြောင်းရွှေ့ မနေပေမယ့် နည်းနည်း တော့ ပြောင်းရွှေ့နေသည်။ အင်နီ ထားခဲ့တဲ့ အတိုင်းတော့ မဟုတ်တော့ အိမ်ထဲကို တိတ်တဆိတ် ဝင်ရောက်ခဲ့သူဟာသိုသိုသိပ်သိပ် သပ်သပ် ရှိပုံရပါသည်။ တကယ်လို့ အင်နီသာ ထောက်လှမ်းရေးစိတ်၊ အလိုလို တဲ့ တိရစ္ဆာန် အသိလိုမျိုး ရှိမနေခဲ့ရင် သတိမူမိစရာ မရှိပါဘူး။ စားပွဲပေါ်မှာ စာရွက်အလွတ် အထပ်ဟာ အင်နီထားခဲ့သလို စနစ်တကျ သပ်သပ် ကြီး မဟုတ်တော့ဘူး။ တစ်စုံတစ်ယောက်က ကိုင်တွယ် ကြည့်ပြီး ထပ်တင်ထားတဲ့ ပုံမျိုး စာအုပ်စင်ထဲက စာအုပ်တွေကလည်း အင်နီစနစ် စီစဉ်ထားတဲ့ ပုံမျိုးနဲ့ နည်းနည်း မတူတော့ဘူး။

အင်နီ ပထမဆုံး လုပ်မိတဲ့ အလုပ်က အိမ်တံခါးတွေကို လုံလုံခြုံခြုံ လိုက်သည်။ တစ်အိမ်လုံးမှာ အင်နီ တစ်ယောက်တည်း ရှိရအောင်၊ အောင် လုပ်လိုက်တာ ဖြစ်ပါသည်။ ပြီးတော့ တံခါးများ၊ ပြတင်းပေါက် ကို အစုံအစေ့ လိုက်လံကြည့်ရှုသည်။ ဘယ် ပြတင်းပေါက်၊ ဘယ် တံခါး ဖျက်ဆီးချိုးဖွဲ့ ဝင်ရောက်ထားပုံ မရပါဘူး။ ဒီ အချက်ကို အကြောင်းပြုပြီး ဝင် ရောက်ခဲ့သူဟာ သော့တူရှိ၍ ဖြစ်စေ၊ သော့ကို စနစ်တကျ တတ်သူ တစ်ဦး ဖြစ်စေ ဖြစ်နိုင်စရာ ရှိနေသည်။

အင်နီ စာကြည့်ခန်းထဲ ဝင်လိုက်ပြီး အစစ အရာရာကို လေ့လာကြည့်ရှုပြန် ဤအချက်မှာ အလွန်အရေးကြီးပါသည်။ သူမ၏ အိမ်ထဲသို့ မည်သူ တစ်ယောက်သည် တိတ်တဆိတ် ခိုးဝင်ခဲ့ ပါသနည်း။ အင်နီ တာကို ဖွင့်ကြည့်သည်။ သူမ၏ အိမ်သုံး ကွန်ပျူတာတွင် အရေးကြီး အချက်အလက်များ ဘယ်တုန်းကမှ ထည့်မထားခဲ့။ အင်နီသည် အစစ ရာ သတိကြီးသူ ဖြစ်သည်။ သူမ၏ အလုပ်ကလည်း သတိထားရမည့် ဖြစ်သည်။ သူမ၏ အိမ်ကိုလည်း အသေအချာ လုံခြုံမှုကြီးစွာ စီမံထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကြားထဲမှ ထူးထူးခြားခြား တစ်စုံတစ်ယောက် ထွင်းဖောက်ဝင်ရောက်ခဲ့၏။ ဝင်ရောက်ခဲ့သူသည် အင်နီ့ အိမ်ထဲမှာ ဘာအဖိုးတန် ပစ္စည်း ဘာအဖိုးတန် အချက်လက်မှ ရရှိနိုင်မည် မဟုတ်ပါ။ သို့သော် ဝင်ရောက်ခဲ့ခြင်းကပင် သူမကို ခြိမ်းခြောက်မှု ပြုနေပြီ ဖြစ်၏။

အင်နီ ပါးစပ်များ ခြောက်သွေ့လာ၏။ ရေတစ်ခွက် သောက်မည်ပြုပြီးကာမှ ရေမသောက်တော့ဘဲ ရေမရောသော ဝီစကီ တစ်ခွက် ငှဲ့လိုက်ပြီး ဖန်ခွက်ထဲမှ အရက်များကို နည်းနည်းစီ စုပ်ယူသောက် လိုက်ပြီး အပေါ်ထပ်သို့ တက်ခဲ့၏။ အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ ဝင်သည်။ အိပ်ရာထက် ထိုင်လိုက်ပြီး စီးထားသော ဖိနပ်ကို လွှင့်ချွတ်လိုက်၏။ အရက်၏ ပူနွေးသော ခံစားမှုသည် စိတ်အနှောင့်အယှက် ဖြစ်နေခြင်းကို သက်သာရာ မရစေပါ။ အင်နီသည် ခုတင်ပေါ်မှ ထပြီး အဝတ်ဗီရိုရှိရာသို့ သွားသည်။ ချိတ်များဖြင့် ချိတ်ထားသော အဝတ်များကို ဖယ်ရှား၍ နေရာလွတ်ကို ရှာသည်။ ရုတ်တရက် အင်နီ အသက်ရှူ ရပ်သွားသည်။ ရင်ထဲမှ ပျို့အန်ချင်စိတ်များ တဖွားဖွား ပေါ်လာသည်။

အဝတ်ချိတ်များ အကြား ချိတ်တစ်စုံတွင် သူမ၏ အောက်ခံဘောင်းဘီ ပင်တီ တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရ သောကြောင့် ဖြစ်ပါ၏။

၁

မာတင်လင်းဒရို့စ်က

'သူတို့က ကျုပ် ဘာသိထားသလဲ ဆိုတာ သိချင်တယ်၊ ကျုပ် ဘာလို့ သူတို့ နောက်ကို လိုက်လံ စုံစမ်းနေရတာလဲလို့ သိချင်တယ်'

မာတင်လင်းဒရို့စ်သည် လေယာဉ် ခုံပေါ်မှာ ခေါင်းမှီထိုင်ရင်း ပြောနေခြင်း ဖြစ်သည်။ မျက်စိကို မှိတ်ထား၏။

'ကိုယ့်ကိုယ်ကိုယ် ခြေထောက်နဲ့သာ ပိတ်ကန်ဖို့ ကောင်းတယ်၊ သူတို့ ကျုပ် ဇမ်ဘီယာ အရေးအခင်းမှာ ပါဝင်စုံစမ်း လာကတည်းက သူတို့ သိနေကြပြီး သားဗျ၊ ကျုပ်ကို စစ်ဆေးတဲ့သူက ပြောတယ်၊ ကျုပ် မသိခဲ့ဘူး'

ဘွန်းက

'ကိုယ့်ကိုယ်ကိုယ် အပြစ်တင် မနေပါနဲ့ဗျာ၊ တကယ်တော့ ခင်ဗျား ကွင်းထဲ ဆင်းရတဲ့ ထောက်လှမ်းရေးသမားမှ မဟုတ်တာ'



လင်းဒရို့စ်က ခေါင်းယမ်းပြသည်။

'ဒီကိစ္စမျိုးက ဆင်ခြေပေးလို့ မရဘူးလေ'

ဘွန်းက ညင်သာစွာဖြင့်

'ဒါ့ထက် မာတင် ခင်ဗျား အသံက ဘာဖြစ်သွားတာလဲ'

မာတင်က မျက်စိမှိတ်ပြပြီး

'ကျုပ် ရက်ပေါင်း ညပေါင်းများစွာ သံကုန် အော်နေခဲ့တယ် ထင်ပါရဲ့ဗျာ။ ကျုပ်လည်း မမှတ်မိတော့ပါဘူး'

ဘွန်း နားလည်ပါသည်၊ သူ့မိတ်ဆွေ မာတင် လင်းဒရို့စ်၏ အခြေအနေမှာ အကောင်း ပကတိ မဖြစ်သေးကြောင်း နားလည်၏။ ဒေးဗစ်၏ ရဟတ်ယာဉ်ဖြင့် ရပ်စ်ဒီဂျင် တောင်ထွတ်မှ ပျံသန်းထွက်ခွာ လာကတည်းက ဒေးဗစ်သည် ဌာနချုပ် သို့ သတင်းပို့ပြီး ဖြစ်သည်။ သူတို့ ဆိုက် ရောက်မည့် အမ်ဘိုလီ လေဆိပ်တွင် စီအိုင် အဖွဲ့ချုပ်မှ ဆရာဝန် တစ်ဦး အသင့်စောင့်နေပါရန် မှာကြားထားပြီး ဖြစ်သည်။ ရဟတ်ယာဉ် ခရီးတစ်လျှောက်လုံး မာတင်သည် လူနာတင် ကပ်ပေါ်မှာပဲ လဲလျောင်း လိုက်ပါလာ၏။

အမ်ဘိုလီ လေဆိပ်ရောက်သောအခါ ဆရာဝန်သည် အသင့်စောင့်နေ၏၊ ငယ်ရွယ်ပြီး အတွေ့အကြုံ များပုံရသော ဆရာဝန် ဖြစ်သည်။ ရက်မဆိုက် ဆရာဝန်က မာတင်လင်းဒရို့စ်ကို စစ်ဆေး စမ်းသပ်မှုများ ပြီးနောက် ဘွန်းနှင့် အတူ အပြင်သို့ ထွက်ခဲ့ကြ၏။

အပြင် ရောက်သော အခါ ဆရာဝန်က

'သူဟာ ကောင်းကောင်း နှိပ်စက် ခံထားရတာ ဖြစ်တယ်၊ တစ်ကိုယ်လုံး အက်ရာချည်းပဲ၊ နံရိုး တစ်ချောင်းလည်း ကျိုးနေတယ်၊ သတင်းကောင်း ကတော့ အတွင်းဒဏ်ရာ သိပ်မရှိဘူး၊ အတွင်းသွေး ယိုစိမ့်မှု မရှိဘူး၊ အခု ကျွန်တော်က ပိုးသတ်ဆေးတွေ ထိုးပေးထားတယ်၊ နောက်ထပ် နာရီ အတော်ကြာတဲ့အထိ လှုပ်ရှားနိုင်ဦးမယ် မဟုတ်ဘူး၊ ပြီးတော့မှ သူ့ကို သန့်ရှင်းရေးတွေ ဘာတွေ လုပ်၊ အာဟာရ ဖြစ်စေတဲ့ ပရိုတိန်းတွေ ဘာတွေ ပေးရမှာပေါ့ဗျာ'

ဆရာဝန်က ဘွန်းကို ပြုံးပြပြီး

'သူ့ရဲ့ ရုပ်ခန္ဓာ အခြေအနေက မဆိုးပါဘူး၊ ကောင်းတယ်လို့ ဆိုရမှာပါ၊ သူ ခံစားရတာတွေကြောင့် စိတ် အခြေအနေ ဘယ်လိုရှိသလဲ ဆိုတာကတော့ ကျွမ်းကျင်သူ ပါရဂူတွေနဲ့ စစ်ဆေးမှ ဖြစ်မယ်၊ ဒီကနေ့ အပြန် လမ်းခရီးမှာ ခင်ဗျား လုပ်နိုင်တာကတော့ သူ့ကို အဖော်လုပ်ပြီး

www.burmeseclassic.com



မှတ်မိသမျှ အဖြစ်အပျက် သူပြောသမျှ နားထောင်၊ အချက်အလက် ဘာတွေ ရမလဲလို့ပေါ့၊ သူ့ရဲ့ စိတ် အခြေအနေ ပြောင်းလဲမှုကိုလည်း မသိမသာ အကဲ ခတ်ပေါ့'

ယခု စီအိုင်အဖွဲ့ချုပ် လေယာဉ်ကြီးပေါ်တွင် ဘွန်းနှင့် မာတင်တို့သည် တွဲလျက် ထိုင်နေကြ၏။

ဘွန်းက

'ခင်ဗျားကို ဘယ်သူက အဓိက စစ်ကြောရေး လုပ်ခဲ့သလဲ'

မာတင်က မျက်လုံး ပေကလတ် ပေကလတ် လုပ်ပြီး

'သူတို့ အဖွဲ့ခေါင်းဆောင် ဖာဒီပေါ့'

'ဩော်၊ ဖာဒီ ကိုယ်တိုင်က ရပ်စ်ဒီဂျင်မှာ ရှိနေခဲ့တာကိုး'

မာတင်က

'ဟုတ်တယ်၊ သူတို့ သယ်ဆောင်ကြရမယ့် ပစ္စည်းတွေက သိပ်ကို အရေးကြီး လေတော့ ဖာဒီဟာ ဒီခရီးမှာ သူ့လက် ထောက်တွေနဲ့တင် လွှဲမထားနိုင်ဘူးလေ၊ သူကိုယ်တိုင် ကြပ်မတ်ရမှာပေါ့'

'သူတို့ ဘာတွေ သယ်ပို့နေကြတယ် ဆိုတာကို ခင်ဗျား အဖမ်း မခံရခင် ကပဲ သတင်း ရထားတာပေါ့'

'သူတို့ သယ်ပို့ခဲ့တာကတော့ ယူရေ နီယံတွေပဲ၊ ကျုပ် ခရီးထွက်လာ ကတည်းက ရေဒီယို မာတ်ကြွဖော်စက်တွေ တစ်ပါတည်း ယူလာခဲ့တာ'

မာတင်က ဆက်၍

'သူတို့က ယူရေနီယံရော တီအက်စ်ဂျီပါ အကုန်ရှိနေပြီဗျ၊ သူတို့ နျူကလီးယား ဗုံး ထုတ်လုပ်တော့မယ်'

ဘွန်းက ခေါင်းညိတ်ပြသည်။

'ကျုပ်လည်း အဲဒီလိုပဲ ယူဆတာပါပဲ'

'အဲဒီ နျူကလီးယား ဗုံးသာ သူတို့ လက်ထဲ ရောက်သွားပြီး မြို့ကြီး တစ်မြို့ မြို့ကို ဖောက်ခွဲလိုက်ရင်တော့ လူတွေ ထောင်နဲ့ သောင်းနဲ့ချီ သေဆုံးကုန်တော့ မှာပဲ'

မာတင်လင်းဒရိုစ်၏ အတွေးသည် မှန်လှသည်။ ထိုသို့ ဖြစ်နိုင်ကြောင်း ဘွန်း ကိုယ်တိုင်လည်း အဖွဲ့ချုပ်မှ အဘိုးကြီးဆီကို အစီရင်ခံ တင်ပြပြီး ဖြစ်



သည်။ ဘွန်းသည် စကားလမ်းကြောင်း ပြောင်းလိုက်ပြီး

'ခင်ဗျားကို ဖမ်းထားတုန်းက အတွေ့အကြုံတွေကို ပြောပါဦး'

မာတင်လင်းဒရိုစ်က

'ထွေထွေထူးထူးတော့ ပြောစရာ သိပ်မရှိပါဘူး၊ ကျုပ်ကို အချိန်ပြည့်နီးပါး ခေါင်းစွပ် စွပ်ထားတာပဲ၊ ပြောရင် ယုံချင် မှ ယုံနိုင်မယ်၊ ကျုပ်က အဲဒီခေါင်းစွပ် ဖြုတ်မှာကိုပဲ တွေးတွေးပြီး ကြောက်နေမိတယ်၊ ခေါင်းစွပ်ဖြုတ်ရင် ဖာဒီက ကျုပ်ကို စစ်ကြောရေး လုပ်တော့တာကိုး'

သည်တွင် ဘွန်းက သူ စကားလမ်းကြောင်း အခြေအနေ မဟန်တော့ ကြောင်း ရိပ်မိသွား၏။ သို့သော် အဖြစ်မှန်ကို သိရန်ကား လိုအပ်လှ၏။ အဖြစ်မှန်သည် သူ မကြားချင်သော အဖြစ်များ ဖြစ်နေ သည့်တိုင် သိထား ရမည်ကား ဖြစ်၏။

ဘွန်းက

'ဖာဒီက ခင်ဗျားကို စီအိုင်က ဆိုတာ သိသလား'

'မသိဘူး'

'ခင်ဗျားကရော မပြောဘူးလား'

'ကျုပ်က အင်အက်စ်အေ (၂. ဗ) အမျိုးသား ထောက်လှမ်းရေးကပဲ လို့ ပြောထားတာ၊ သူကလည်း ယုံပုံရပါတယ်'

'သူက အင်အက်စ်အေရဲ့ ထောက်လှမ်းရေး သတင်းအချက်တွေကိုရော မမေးဘူးလား'

မာတင်လင်းဒရိုစ်က ခေါင်းခါပြသည်။

'သူ စိတ်ဝင်စားဆုံးက ကျုပ်က ဘယ်လို လုပ်ပြီး သူ့ရဲ့ ခြေလှမ်းကို ခြေရာခံမိ၊ သူ့လမ်းကြောင်းရှိရာကို လိုက်လာရသလဲ ဆိုတာပဲ'

ဘွန်းသည် ခဏမျှ တွေသွားပြီး

'အဲဒီ အချက်ကိုရော သူ သိသွား သလား'

မာတင်က

'ဂျေဆင်၊ မောင်ရင် ဘာသိချင်သလဲ ဆိုတာ ကျုပ် သိပါတယ်၊ အဲဒီ စစ်ကြောရေးဝင်တဲ့ အချိန်မှာ ကျုပ် သံမဏိ ခံယူချက်တစ်ခု ထားခဲ့ပါတယ်၊ ကျုပ် ဖော်လိုက်ရင် ကျုပ် အသတ်ခံရတော့မှာပဲ ဆိုတာ သိလို့ပါပဲ၊ မဖော် ခချင်း မသတ်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်း စကားဆက်ပြောမည် ပြုစဉ်တွင် မာတင်လင်းဒရိုစ် တစ်ယောက် အသက်ရှူ မြန်လာသည်ကို သတိပြုမိ၏။

ဘွန်းက

'မာတင် ကျုပ် ဆရာဝန် ခေါ်လိုက်ရမလား'

မာတင်က ခေါင်းခါပြပြီး

'နေပါ မခေါ်ပါနဲ့၊ တစ်မိနစ်လောက် နားလိုက်ရင် ရမှာပါ'

ဘွန်းသည် ထိုင်ရာမှ ထပြီး နှစ် ယောက်စလုံး အတွက် အစားအသောက် နှစ်ပန်းကန် ယူခဲ့၏။ တစ်ပန်းကန်ကို မာတင်အား ပေး၍ သူလည်း စတင် စားသောက်သည်။ မာတင်သည် အတော် သက်သာရာ ရသွားပုံ ရ၏။ အစာ နည်းနည်း စားသည်။ ပြီးမှ

'ကျုပ် မရှိတုန်း ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာ ပြောပါဦး'

ဘွန်းသည် ချိန်ဆဆဖြင့်

'သတင်းကောင်းတွေတော့ ပြောချင် တယ်၊ ဒါပေမဲ့ တကယ်ဖြစ်ခဲ့တာက ဒီလို လေ၊ ခင်ဗျားရဲ့ လူတွေက ကိတ်တောင်းက ပွဲစား တစ်ယောက်၊ အကြမ်းဖက်အဖွဲ့ ဗူဂျာကို တီအက်စ်ဂျီ ရောင်းတယ်ဆိုတဲ့ သူပေါ့'

'ဟီရမ် စီဗစ် မဟုတ်လား'

ဘွန်း အိပ်ကက်ထဲမှ အိတ်ကပ် ၃ ကို ထုတ်ပြီးအထဲမှ စီဗစ် ရုပ်ပုံကို ထုတ်၍ မာတင်အား ပြသည်။

'သူပဲပေါ့'

'ဟုတ်လား'

'ဒီလူကို ကိတ်တောင်းက ဖမ်းပြီး အဖွဲ့ချုပ်ကို ခေါ်လာခဲ့ကြတယ်၊ ဒါပေမဲ့ သူ ထွက်ပြေး လွတ်မြောက်သွားပါတယ်၊ အဲဒီအချိန်က သူ့လူတွေက တင်ဟတ်နာကို ပစ်သတ်သွားတယ်လေ'

'ဟုတ်လား တင်ဟတ်နာဟာ လူကောင်းလေး တစ်ယောက်ပါ' မာတင်က ပီအက်စ်ထဲမှ ပုံကို ဘွန်းအား ပြရင်း

'ဒါဆိုရင် စီဗစ်ဆိုတာ ဘယ်သူလဲ'

'ကျုပ် ယူဆတာကတော့ သူဟာ ဖာဒီ သင်တာပဲ'

မာတင် လင်းဒရိုစ်သည် တုန်လှုပ် သွားပုံ ရသည်။

'ဟင် ကျုပ်တို့ ဖာဒီကို ဖမ်းမိပြီးမှ လက်ထဲက ပြန်လွတ်သွားတာပေါ့'

'ဟုတ်ပါတယ်၊ အဲဒီလိုပဲ ဖြစ်သွားတာပါပဲ၊ ဒါပေမဲ့ တခြား တစ်ဖက်က



ကြည့်မယ်ဆိုရင် ဖာဒီရဲ့ ပုံပန်းဟာ ဘယ်လို ရှိမလဲဆိုတာ ကျုပ်တို့အတွက် ပထမဆုံး ရရှိတဲ့ အထောက်အထားပဲ'

မာတင်လင်းဒရိုစ်က ပီအက်စ် ၃ ထဲမှ စီဗစ်ရဲ့ ပုံကို အသေအချာ ကြည့်သည်။ ပြီးမှ

'ဘုရားရေ သူဟာ ဖာဒီပဲဗျ'

ဘွန်းက

'မာတင်၊ ခင်ဗျား တွေ့ခဲ့တဲ့ ဖာဒီရဲ့ ပုံကြမ်းတစ်ခုလောက် ကျုပ်ကို ဆွဲပြပါလား'

ဘွန်းသည် တွဲဖက်လေယာဉ်မှူးထံမှ စာရေးပက် တစ်ခုနှင့် ခဲတံများ ယူ၍ မာတင်အား ပေးသည်။

မာတင်လင်းဒရိုစ် ပုံကြမ်း ဆွဲနေစဉ်အတွင်း ဘွန်းက သူ့မိတ်ဆွေ မာတင်နှင့် ပတ်သက်၍ တစ်ခုခု ထူးခြားနေသည်ဟု ယူဆနေမိသည်နှင့်

'မာတင် ခင်ဗျားကို ကြည့်ရတာ ကျုပ်ကို တစ်ခုခု ထူးထူးခြားခြား ပြောချင်နေပုံ ရတယ်ဗျ'

မာတင်သည် ပုံကြမ်းဆွဲနေရင်းမှ

'ဘာမှ ထူးခြားတာ မဟုတ်ဘဲ ဖြစ်ချင် ဖြစ်နေမှာပါ ဒါပေမဲ့'

'ဘာပဲ ဖြစ်ဖြစ် ပြောပါဗျာ'

မာတင်က

'ကျုပ်ကို စစ်မေးတဲ့ လူတစ်ယောက် ရှိသေးတယ်ဗျ၊ အဘူဘင် အဇစ် ထဲ့ သူ့ အနေအထားက သူ့ရဲ့ ပြောပုံ ဆိုပုံတွေအရ ဖာဒီရဲ့ ညာလက်ရုံး ဖြစ်ပုံရလိုပဲ။ သူ့နာမည်ကို ခဏ ခဏ ပါပါလာတယ်၊ သူ့နာမည်က ဟာမစ် အင်နာရှက်တဲ့'

ဘွန်းက

'ကျုပ် ဒီနာမည်ကို မသိပါဘူး'

'ဟုတ်ရဲ့လား၊ ခင်ဗျားရဲ့ မှတ်တမ်း ဖိုင်ထဲမှာ အဲဒီနာမည် ပါတယ်ထင်တာပဲ'

'ဟုတ်လား၊ အဲဒီအချိန်က အဖွဲ့မှူး အဲလက်စ်ကွန်ကလင်ရဲ့ အစီရင်ခံစာထဲ ပါတာနေမှာပေါ့၊ ကျုပ်နဲ့ ပတ်သက်တယ် ဆိုထားရင် ကျုပ်တော့ ဘာမှ မမှတ်မိဘူးဗျ'

မာတင်လင်းဒရိုစ်က

www.burmeseclassic.com



'ကျုပ်ကလည်း စဉ်းစားနေမိတာပါ၊ ဘာကြောင့်များ အဘူဘင်အဇစ်ဟာ အဲဒီ အချိန်က ခင်ဗျားရဲ့ မစ်ရှင်ကို စိတ်ဝင် တစားကြီး ဖြစ်ရတာလဲလို့ပေါ့'

မာတင်သည် စကား ပြောခြင်းကို ရပ်၍ ရေကို တဝကြီး သောက်နေ၏။ တကယ်တော့ မာတင်သည် ဆရာဝန်၏ ရေဓာတ်လိုအပ်ကြောင်း၊ ရေများများ သောက်ရန် လိုအပ်ကြောင်း ညွှန်ကြားချက်ကို လိုက်နာနေခြင်း ဖြစ်သည်။ ပြီးမှ

'ဂျေဆင်၊ ကျုပ်ရဲ့ အခြေအနေက ကောင်းသေးတယ်လို့ မထင်သေးဘူးဗျ၊ ဝုံမှန် အခြေအနေ ရောက်အောင် အတော် လုပ်ယူရဦးမယ် ထင်တယ်'

ဘွန်းက

'မပူပါနဲ့ဗျာ၊ ခင်ဗျား မကြာခင် အလုပ် ပြန်ဝင်နိုင်မှာပါ'

လင်းဒရို့စ်သည် တွေးတွေးဆဆဖြင့်

'အခု အကြမ်းဖက် ဒူဂျာ အဖွဲ့ကြီးဟာ တကယ့် စီးပွားရေး ကုမ္ပဏီကြီး တစ်ခုလို လုပ်နေတာဗျ၊ ဖာဒီဟာ ခေတ်ပေါ် လက်နက်တွေ ဝယ်ယူဖို့ ငွေရေးကြေးရေးထောက်ပံ့မှုတွေ အပြည့်အဝ ရနေတယ်၊ ဖာဒီဟာ အနောက်နိုင်ငံမှာ ပညာတွေ သင်ကြား တတ်မြောက်ထားပြီး ဒီအဖွဲ့ကြီးကို တကယ့် စီးပွားရေး ကုမ္ပဏီကြီး တစ်ခုလို တည်ဆောက်ထားတာ၊ အဲဒါဟာ ဒူဂျာနဲ့ တခြား အကြမ်းဖက် အဖွဲ့တွေရဲ့ ခြားနားချက်ပဲ၊ အာဖဂန်က ဘိန်းက ရတဲ့ ငွေတွေ၊ ကိုလံဘီယာက မူးယစ်ဆေးဝါးကရတဲ့ ငွေတွေနဲ့ ထောက်ပံ့မှု ရယူနေတာပဲ၊ ဒူဂျာရဲ့ ငွေလာရာ လမ်းကြောင်းနဲ့ ပတ်သက်ပြီး ကျုပ် နာမည် တစ်ခု သိထားတယ်၊ သူကတော့ အီဒေါ်ဗလာဒိုဗစ် လီမွန်တော့၊ အဖွဲ့ချုပ်ရဲ့ တခြား အလုပ်တွေ အကုန်လုံး ကျုပ် လုပ်နိုင်တယ်၊ ဒူဂျာရဲ့ ရေသောက်မြစ် ဖြစ်တဲ့ ငွေလမ်းကြောင်းကို ပိတ်ဖို့တော့ ကျုပ် ဘယ်သူ့ကိုမှ စိတ်မချဘူး၊ မယုံဘူး၊ ဂျေဆင် အဲဒါ ခင်ဗျားပဲ တာဝန် ယူရမှာပဲ။ ကျုပ် သိသလောက် လီမွန်တော့ဟာ အိုဒက်ဆာမှာ ရှိတယ်လို့ သိရတယ်၊ ဂျေဆင် ခင်ဗျားက အိုဒက်ဆာကို အမြန်ဆုံး လိုက်သွားပြီး အဲဒီ ရေသောက်မြစ်ကို ရအောင်ရှာ၊ တစ်ခါတည်း ရှင်းပစ်ပါ။

၀



အဖွဲ့ချုပ် ရောက်သည်နှင့် မာတင်လင်းဒရို့စ်နှင့် ဂျေဆင်ဘွန်းတို့ကို လျှို့ဝှက် စခန်း တစ်ခု ရှိရာသို့ ခေါ်ဆောင်သွားလေသည်။ လိုအပ်သော [illegible] တုသမှု စစ်ဆေးမှုများ ပြုလုပ်သည်။

စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင် တစ်ဦးက ဘွန်းအား

'မာတင်လင်းဒရို့စ်နဲ့ ခင်ဗျား တွေ့တွေ့ချင်း သူ ပထမဆုံး ပြောတဲ့ စကားက ဘာပါလဲ'

ဘွန်းက

'ကျုပ်က လုပ်စရာ ရှိတာ လုပ်တာပဲလေ'

စစ်ဆေးရေး ပုဂ္ဂိုလ်က

'ဟုတ်ပါပြီ၊ သူ့ရဲ့ ခေါင်းစွပ်ကို ဖြုတ်လိုက်လိုက်ချင်း ခင်ဗျားက ဘာပြောသလဲ'

'ကျုပ်က သူကို အိုကေရဲ့လားလို့ မေးပါတယ်'

စစ်ဆေးသူက စိတ်မရှည်ဟန်ဖြင့်

'ဟုတ်ပါပြီ၊ အဲဒီအချိန်မှာ သူက ဘာပြောသလဲ'

ဘွန်းက

'မာတင်က ခေါင်းပဲ ညိတ်ပြတယ်၊ ဘာ တစ်ခွန်းမှ မပြောဘူး'

စစ်ဆေးသူက

'ဘာဖြစ်လို့များပါလိမ့်၊ မာတင်လင်းဒရို့စ်တော့ အဖမ်းဆီးခံရတာ ရက်သတ္တပတ် ကျော်နေပြီ၊ သူက တစ်ခုခု ပြောရမှာပေါ့'

ဘွန်းက

'အခြေအနေက မပေးသေးဘူးလေ၊ ဒါကို သူလည်း သိပုံ ရပါတယ်၊ ဒါကြောင့် ဘာမှ မပြောဘဲ နေတာပေါ့'

'သူ့ရဲ့ ပထမဆုံး စကားလုံးက ဘာလဲ'

'အခြေအနေအရ ကျုပ်ကပဲ ပြောနေတာလား၊ ကျုပ်က ခေါင်းတိုင်အတိုင်း အပေါ်တက်ရမယ် ပြောတယ် ကျုပ်က လုပ်စရာရှိတာ လုပ်တာပဲ'

'ဟုတ်ပါပြီ၊ အဲဒီနောက်တော့ သူ့ရဲ့ တုံ့ပြန်မှုက ဘယ်လို ရှိသလဲ'

'သူ့ကြည့်ရတာ အိုကေပုံ ရပါတယ်၊ သူ အဲဒီနေရာက အမြန်ဆုံး ထွက်ချင်ပုံ ရပါတယ်'

'သူ့ရဲ့ ဒုက္ခ၊ သူ့ရဲ့ အခက်အခဲ၊ အတွေ့အကြုံတွေကို ဘာမှ မပြောဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မပြောဘူး'

စစ်ဆေးသူက

'သူ့ အခြေအနေ သူ့ပုံပန်းက ဦးနှောက်ဆေး ခံရတာမျိုး၊ ဘက်ပြောင်းသွားတာမျိုး ရှိသလား '

'လေယာဉ်ပေါ် ရောက်တော့မှ သူနဲ့ ကျုပ်တို့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေ ပြောဖြစ်ပါတယ်'

ဘွန်းက

'သူ့ကို စစ်ကြောသူဟာ ဒုဂျာ ခေါင်းဆောင် ဖာဒီဖြစ်ကြောင်း၊ ဖာဒီရဲ့ ပုံကြမ်းလည်း ဆွဲပြပါတယ်၊ နောက် ဖာဒီ ညာလက်ရုံးရဲ့ နာမည်က အဘူဘင် အဇစ်လို့ ပြောတယ်'

ထို့နောက် စစ်ဆေးသူက နောက်ထပ် မေးခွန်း တစ်ဒါဇင်မက မေးသည်။ ထပ်တလဲလဲ မေးခွန်းများပင် ဖြစ်ပါ၏။

ညနေ ၆ နာရီ ဘွန်း ရောက်လာ သည်။ တစ်နေကုန် စစ်ကြောရေးနဲ့ပဲ အချိန်ကုန်ခဲ့၏။ ထိုစဉ် တစ်ဖက်မှ တံခါး ပွင့်လာ၏။

ဘွန်း စိတ်ထဲတွင် နောက်ထပ် စစ်ကြောရေး အဖွဲ့ဝင် တစ်ဦး ရောက်လာသည်ဟုပဲ ထင်သည်။ ကြည့်လိုက်ရာ ဝင်လာသူမှာ စီအိုင်မှ ဒါရိုက်တာ အဘိုးကြီး ကိုယ်တိုင် ဖြစ်နေ၏။ အဘိုးကြီးသည် သူ့အနားသို့ လျှောက်လာ၏။ ပြီးမှ

'ဘွန်း မင်းရဲ့ ကတိစကား တည်ပါပေတယ်၊ မင်း ကတိအတိုင်း မာတင့်ကို အရ ပြန်ခေါ်လာနိုင်ခဲ့ပါတယ်'

ဘွန်းက

'မာတင်ဟာ ကျုပ် မိတ်ဆွေပဲဟာ သူ့ကို ဘယ် အဆုံးရှုံး ခံနိုင်ပါ့မလဲ'

အဘိုးကြီးက

'ကျုပ် အမှန်အတိုင်း ပြောရရင် မင်းကို မတွေ့ချင်ဘူး၊ တကယ်တော့ မင်းဟာ ပဟေဠိပဲ'

'ကျွန်တော့်ကိုယ် ကျွန်တော်လည်း အဲဒီလို ထင်တာပဲ'

ခဏအကြာ အဘိုးကြီး အခန်းထဲမှ ပြန်ထွက်သွားသည်။ ဘာပဲပြော ပြော သူတို့ နှစ်ဦးစလုံး စစ်ကြောရေး စခန်းကို အောင်မြင်သွားကြပြီ ဖြစ်၏။



မက်သရူး လာနာသည် မုန်တိုင်း (တိုင်ဖွန်း) ဒါရိုက်တာ စားပွဲမှာ ထိုင်ရင်း အတွေးများနှင့် ချာချာလည်နေ၏။ ရုံးခန်း မကြီးထဲတွင် လက်ခုပ်ဩဘာ တီးသံများနှင့် ကြိုဆိုကြသံကို ကြားနေရ၏။

မက်သရူးသည် ထိုင်ရာမှ ထ၍ ခန်းမဘက်သို့ ထွက်လိုက်၏။ ခန်းမထဲတွင် မာတင်လင်းဒရိုစ်ကို ဝိုင်းဝန်း ကြိုဆိုနေကြသော မုန်တိုင်း အဖွဲ့သားများတို တွေ့မြင်နေရ၏။

မက်သရူး လာနာသည် သူ့မျက်စိကို သူ မယုံနိုင်သလို ဖြစ်နေ၏။ မာတင်လင်းဒရိုစ် ဆိုတဲ့ငနဲ ဘာကြောင့်များ ပြန်ရာက်လာပါလိမ့်။ သူ ပြန်ရောက်လာပြီး ငါက ဘာကြောင့် ထွက်ရပါလိမ့်။

အားလုံးမှာ သူရဲကောင်းကို ကြိုဆို နေကြပါသည်။

မာတင် လင်းဒရို့စ် ကိုယ်တိုင်ကလည်း မက်သရူး လာနာကို အပြုံးနှင့် နှုတ်ဆက်၍

'ကျုပ် မရှိတုန်း လုပ်ကိုင်ပေးတဲ့ အတွက် ကျေးဇူးပါပဲ'

လာနာသည် သူ့ ပစ္စည်းများကို သိမ်းဆည်းနေလိုက်၏။

၁

မုန်တိုင်း ရုံးခန်းထဲမှ မက်သရူး လာနာ ထွက်ခွာသွားပြီးသည့် နောက် သုံးမိနစ်ခန့် အကြာတွင် မာတင်လင်းဒရို့စ် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာ၏။ မာတင် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သောအခါ တစ်ဖက်က ပြောသူမှာ စီအိုင်၏ ဒါရိုက်တာ အဘိုးကြီး ကိုယ်တိုင် ဖြစ်နေ၏။

အဘိုးကြီးက

'ဘယ်လိုလဲဟေ့ မာတင် မင်းရဲ့ ထိုင်ခုံမှာ မင်း ပြန်ထိုင်နေရပြီ ဆိုတော့ စိတ်တွေ ပျော်နေပြီပေါ့နော်'

လင်းဒရို့စ်က

'ဟုတ်ကဲ့ အဲဒီလိုပဲ ခံစားရပါတယ်'

'ဘာပဲပြောပြော ခုလို ပြန်ရောက်လာတာကို ကြိုဆိုပါတယ် မာတင်၊ ဒုဂျာ အကြမ်းဖက်အဖွဲ့ရဲ့ သတင်း အချက်အလက်၊ သူတို့ရဲ့ စီမံကိန်းတွေကို ရအောင်၊ သိအောင် လုပ်ခဲ့တာတွေကိုလည်း ချီးကျူးပါတယ်'

www.burmeseclassic.com

'ဟုတ်ကဲ့ ခင်ဗျာ၊ ရှေ့ဆက် ဘာတွေ လုပ်ရမလဲ ဆိုတာ တစ်ဆင့်ပြီး တစ်ဆင့် လှုပ်ရှားကြဖို့ အစီအစဉ်တွေလည်း ချမှတ်နေပါတယ်'

'ကောင်းတယ် မာတင်၊ မင်းရဲ့ အဖွဲ့ကို အကျအန ပြန်လည် ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ပြီး လုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်ပေတော့'

'ဟုတ်ကဲ့ ခင်ဗျ၊ လုပ်ငန်း အောင်မြင်အောင် ကျွန်တော် လုပ်မှာပါ'

အဘိုးကြီးက

'ကျုပ် မင်းကို ယုံပါတယ်၊ ဒီနေ့ည ၈ နာရီမှာ ကျုပ်တို့ ညစာ စားကြမယ်၊ အဲဒီအချိန်မှာတော့ မာတင်ရဲ့ ပထမဆုံး အစီရင်ခံစာကို တင်ပြနိုင်လောက်ပြီထင်ပါတယ်၊ ညစာက ည ၈ နာရီတိတိမှာနော်'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် အဲဒီ အချိန်ကို မျှော်လင့်နေပါတယ်'

ဒါရိုက်တာကြီးက

'ဒါ့ထက် မာတင်၊ မင်း ဂျေဆင်ဘွန်း ကိုရော ဘယ်လို စီစဉ်မှာလဲ'

'ခင်ဗျာ ဒါရိုက်တာကြီး ဘာကို ဆိုလိုတာလဲ ခင်ဗျ'

အဘိုးကြီးက

'ဒီမယ် မာတင် ကျုပ်နဲ့ ကစားမနေပါ နဲ့၊ ဘွန်းဟာ ဘယ်အမိန့်မှ နာခံသူ မဟုတ်ဘူး၊ ထော်လော် ကန့်လန့်သမား ဆိုတာ မင်းလည်း သိပါတယ်'

မာတင်က

'သူက ကျွန်တော့်ကို အိမ်ပြန်ရောက်အောင် ခေါ်ခဲ့နိုင်သူပါ၊ ဘယ်သူမှ သူ့လို လုပ်နိုင်မယ် မထင်ပါဘူး'

အဘိုးကြီးသည် မာတင်လင်းဒရို့စ်၏ ဆင်ခြေကို လက်ခံပုံ မရပါ။

'ဒီမယ် မာတင်၊ ကျုပ်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာက နိုင်ငံတော်ရဲ့ အန္တရာယ် ထိပါးမှုကို ကာကွယ် စောင့်ရှောက်ဖို့ ပြဿနာတွေကွ၊ ကိုယ်ရေးကိုယ်တာ ခံစားမှုတွေ ဖယ်ရှားထားပါ၊ အကောင်း ဆုံးကတော့ သူ့ကို လမ်းရှင်းပစ်လိုက်တာပဲ'

မာတင် လင်းဒရို့စ်သည် ခေတ္တ တွေးဆပြီး

'အဲဒီအတွက် တိကျတဲ့ အမိန့် လိုတယ်ခင်ဗျ'

အဘိုးကြီးက

'အဲလို မလုပ်နဲ့လေ၊ ဘယ်ရနိုင်မလဲ ဒီငနဲဟာ ကြောင်လို အသက် ကိုးချောင်း ရှိတဲ့ ငနဲပဲ၊ မင်းတို့နှစ်ယောက် ဟိုအရင် အလုပ်တွေကြောင့်



ခင်မင်ကြတယ် ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ဒီငနဲနား ပူးတပ်မိတဲ့ ဟာ အန္တရာယ်ပဲကွ'

မာတင်က

'ခင်ဗျာ'

ဒီမယ် မာတင်၊ ကျုပ်အတွင်းသတင်း တစ်ခု ပြောမယ်၊ မောင်ရင်ရဲ့ တာဝန်ခံ နေရာကို ပစ်မှတ်ထားနေတဲ့ လူတွေ ရှိတယ်၊ ဂျေဆင်ဘွန်း ရဲ့ အခြေအနေတွေဟာ မကောင်းဘူး၊ သူ့ကို မျက်နှာသာပေး ခံနေရင် မင်းရဲ့ နေရာကတောင် အန္တရာယ် ရှိလာနိုင်တယ်နော်'

မာတင်လင်းဒရို့စ်က

'ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် သိပါပြီ'

အဘိုးကြီးနှင့် ဖုန်း အဆက်အသွယ် ပြတ်သွား၏။

မာတင်လင်းဒရို့စ်သည် လက်ကိုင် ဖုန်း တစ်လုံးကို ကောက်ယူ၍ ပြတင်း ရှိရာသို့ လျှောက်သွား၏။ နံပါတ် တစ်ခုကို နှိပ်လိုက်၏။

'ဂျေဆင်ဘွန်းရဲ့ ခရီးစဉ်ဟာ ပုံမှန် တိကျရဲ့လား'

တစ်ဖက်က ဖြေကြား သည်ကို နားထောင် ခေါင်းညိတ်ပြပြီး

'ဂျေဆင်ဘွန်းဟာ ဝါရှင်တန်မြို့တော် လေဆိပ်မှာ ရှိနေတယ်၊ သူ့ မှတ်ထားတဲ့ ခရီးစဉ်အတိုင်း ပါ၊ မပါ စောင့်ကြည့်'

ဟုတ်သည်၊ မာတင် လင်းဒရို့စ်သည် ဂျေဆင်ဘွန်းကို အိုဒက်ဆာသို့ ပါရန် တာဝန်ပေးခဲ့ပြီး ဖြစ်သည်။

ပွဲပေါ် ပြန်ထိုင်ပြီး ရုံးတွင်း ဆက်သွယ်ရေး စနစ်ဖြင့် သူ၏ အတွင်း တစ်ဆင့် ရုံးအဖွဲ့ဝင် အားလုံး၊ ရေခြား မြေခြားမှ ဆက်သွယ်ရေး ခံများနှင့်ပါ တယ်လီဖုန်း ကွန်ဖရင့်တစ်ခု လုပ်ရန် ညွှန်ကြားလိုက်၏။

အားလုံးအတွက် ညွှန်ကြားချက်မှာ တခြား ဘယ်အလုပ်ကို မဆို ရပ်ထား၊ အခုက အလုပ်က ဒူဂျာ အကြမ်းဖက်မှု အဖွဲ့၏ လုပ်ရပ်ကို ဟန့်တား နိုင်ဖို့ပဲ ဖြစ်သည်ဟူ၏။

သို့ စီစဉ်ပြီးနောက် ဆိုရာယာ ရုံးခန်းသို့ ကားဖြင့် သွားရန် လုပ်ရ၏။ ကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရမှာ ဖြစ်သည်။ မက်သရူး လုပ်တိုင် ဆောင်ရွက်ခဲ့သည်များကို ကိုယ်တိုင် လုပ်ရဦးမည်ဖြစ်သည်။

တော်ကားပေါ် ရောက်သည်နှင့် သူ၏ ဂျီအက်စ်အမ်ဖုန်းကို ဖွင့်၍ မှ ဖုန်းနံပါတ် တစ်ခုကို ခေါ်လိုက်သည်။

www.burmeseclassic.com



ဖုန်းခွက်ထဲမှ ရင်းနှီးပြီး အသံကို ကြားလိုက်ရသော အခါမှ မာ
လင်းဒရိုစ်က

'အားလုံး စီစဉ်ပြီးသွားပြီ၊ ဂျေဆင်ဘွန်းဟာ ဒေသစံတော်ချိန် နံ
၄း၄၀ မှာ မြူနစ်ကလေယာဉ်ဖွဲ့နဲ့ ရောက်လာလိမ့်မယ်၊ သူ့ကို ကျုပ် ပြော
တဲ့ အတိုင်း ပထမ ကြိုးရှည်ရှည်နဲ့ လှန်ထား သူလုပ်စရာ ရှိတာ လု
စုံစမ်းရင်း လီမွန်တော့ဟာ ဌာနချုပ်ပဲ၊ အချက်အချာပဲ သိလာလိမ့်မယ်၊
သူ တကယ့် အမှန်တရားကို ဖော်ထုတ်သိမသွားခင် သူ့ကို ရှင်းပစ်
သတ်ပစ်လိုက် ဒါပဲ'

၀

*ဘိုဒက်ဆာတွင် ပင်လယ်နက်ကို မျက်နှာစာ ပြုထားသော နေရာနှင့် အ
အသောက် ရောင်းသော ဆိုင်ကလေး တစ်ဆိုင် ရှိသည်။ ရာသီဥတုမှာ
မှိုင်းမှိုင်းရှိပြီး ဒီရေလှိုင်းများသည် ကမ်းစပ်သို့ တဝုန်းဝုန်း ရိုက်ခတ်
ဂျေဆင်ဘွန်း သည် ဆိုင်နောက်ဖေးပေါက်မှ သော့ဖွင့် ၍ တိတ်တိတ်
ဝင်ရောက်လိုက်၏။ သူ ဘယ်သူ့ ကိုယ်ခန္ဓာကို သယ်ဆောင်ခဲ့သည်
မမှတ်မိတော့။ သူ့လက်များမှာ သွေးများဖြင့် ပေကျံနေ၏။ သူ့တစ်ကို
မှာ သေမင်း ရနံ့များ လွှမ်းခြုံနေ၏။ ဘာတွေများ ဖြစ်ခဲ့ပါလိမ့်။ စဉ်
မရ။ သို့သော် အချိန်တို့သည် လျင်မြန်စွာ ရွေ့လျားနေ၏။ အချိန်မှ
လှုပ်ရှားရမည်၊ ရွေ့ဆက်ရမည်။*

*ဆိုင်လေးမှာ လှုပ်လှုပ်ရှားရှား အသက်ဝင်နေရမည့် အစား သု
တစ်စပြင်လို တိတ်ဆိတ်နေ၏။ နောက်ဖေး မီးဖိုချောင် မှန်ပြတင်း
သို့ ကြည့်လိုက်ရာ လှုပ်ရှားမှုများကို မြင်ရသည်။ သူသည် စည်များ၊
များ အကြားမှ ကုန်းကွကွ တိုးသွားသည်။ တစ်နေရာ ရောက်သော
လူတစ်ယောက်၏ ပုံရိပ်အကြမ်းကို မြင်ရသည်။ ထိုသူကား သူ သတ်ရ
ညွှန်ကြားလိုက်သူ ဖြစ်သည်။ ထိုသူကား သူ့ကို အမျိုးမျိုး လှည့်
တိမ်းရှောင် နေခဲ့သူဖြစ်သည်။*

*သည်တစ်ကြိမ်တော့ အလွတ်ပေး၍ မဖြစ်တော့။*

*ဂျေဆင်ဘွန်းသည် သူ၏ ပစ်မှတ် ရှိရာသို့ အပြေးသတ် လှုပ်ရှားမှု
အလုပ်တွင် သူ၏ ဘယ်ဘက်မှ လှုပ်ရှားမှု တစ်ခု သတိပြုမိသည့်အ*



*...ခနဲ လှည့်လိုက်သည်။ အမျိုးသမီး တစ်ယောက်၊ အမျိုးသမီးသည်
...မှောင်ထုထဲမှ သူရှိရာသို့ တိုးလာနေသည်။ မာရီပါကလား။ မာရီအိုဒက်ဆာ
... ဘာလာလုပ်နေပါလိမ့်။ မာရီသည် သူ ဘယ်မှာ ရှိသည်ကို ဘယ်လိုလုပ်
...သွားပါလိမ့်။*

*အမျိုးသမီးက*

*'ဒါလင် ကျွန်မဆီကို လာပါ၊ ဒီနေရာက ဝေးရာကို သွားရအောင်ပါ'*

*ဘွန်း ရင်အစုံသည် တဆတ်ဆတ် နာကျင်လာ၏။*

*'မာရီ မင်း ဒီနေရာမှ ရှိမနေသင့်ဘူး၊ ဒီနေရာက အန္တရာယ် သိပ်ကြီးတယ်'*

*'ရှင့်ကို လက်ထပ်လိုက် ကတည်းက အန္တရာယ်က ရှိနေပြီးသားပါ၊ ဘာမှ
...မကို တားဆီးနိုင်မှာ မဟုတ်ဘူး'*

*ထိုအချိန်လေးတွင်မှ သူ၏ ဟင်းလင်းပြင် ဖြစ်နေသော ရင်အစုံသည်
...မှု တစ်ခု ပေးသည်။*

*'ဒါ ဒါပေမဲ့ မင်းက သေဆုံးခဲ့ပြီပဲ'*

*'သေတယ် ဟုတ်တယ်နော်၊ ကျွန်မက သေပြီလို့ ယူဆရမှာပဲ'*

*မာရီ၏ လှပသော မျက်နှာပေါ်တွင် မျက်မှောင်တစ်ချက် ကုတ်သည်။*

*'ဒါလင် အဲဒီအချိန်မှာ ရှင်က ကျွန်မနဲ့ ကလေးတွေကို ကာကွယ်
...င့်ရှောက်ဖို့ အနားမှာ ဘာလို့ ရှိမနေရတာလဲ၊ အဲဒီလို ဖြစ်ပျက်ချိန်မှာ
...ာ ကမ္ဘာရဲ့ တစ်ဖက်ခြမ်း ရောက်မနေခဲ့ရင် အခုနေ ကျွန်မ အသက်ရှင်
...ပေ့၊ အဲဒီတုန်းက ဒါလင် ရှင်ဟာ ကျွန်မ အနားမှာ မရှိခဲ့ဘူး၊ အခြား
...သမီးနဲ့ အတူ ရှိနေခဲ့တယ်လေ'*

*'တခြား အမျိုးသမီး'*

*ဘွန်း၏ ရင်အစုံမှာ ဆတ်ဆတ် နာကျင်လာ၏။ ဘွန်းတစ်ခုခု ပြောမည်
...င့်*

*'ရှင်ဟာလေ နေရာတကာမှာ လူတိုင်းကို လိမ်လည်ပြောဆိုတဲ့ နေရာမှာ
...မ်းကျင်ဆုံးပါပဲ၊ ဒါပေမဲ့ ကျွန်မကိုတော့ ဘယ်တော့မှ လိမ်လို့ မရဘူး'*

*'မင်းဘာကို ဆိုလိုတာလဲ ဟင်'*

*'ရှင့်လက်တွေကို ကြည့်လိုက်ပါလား'*

*ဘွန်း၏ လက်အစုံမှာ သွေးများ စွန်းထင်း ပေကျံနေ၏။*

*'ဒါဘယ်သူ့ သွေးတွေလဲဟင်'*

*အဖြေ သိချင်စိတ် ကြီးစွာဖြင့် သူ မော့ကြည့်လိုက်သည်။ သို့သော်*

www.burmeseclassic.com

www.burmeseclassic.com



*မာရီကား မရှိတော့။ တစ်နေရာမှ အလင်းရောင်တို့သည် ဒဏ်ရာမှ စီးဆင်း ကျလာသော သွေးများသဖွယ် စီးဝင်လာ၏။*

*ဘွန်းက တိုးတိတ်သော လေသံဖြင့်*

*မာရီ ကိုယ့်ကို မထားခဲ့ပါနဲ့။*

မာတင်လင်းဒရိုစ်နှင့် သူ့ကို ဖမ်းဆီးထား သူများသည် ခရီးများ ဆက် ကြပြီ ဖြစ်သည်။ ပထမ ရဟတ်ယာဉ်ဖြင့် ထွက်ခဲ့သည်။ တစ်နေရာတွ တော်တော်ကြာကြာ စောင့်ပြီးမှ ဂျက်လေယာဉ် အသေးစားဖြင့် ခရီးဆ ရသည်။ ဂျက်လေယာဉ် ဝယ်သည် တစ်နေရာတွင် လောင်စာဆီ ဖြည့် ရပ်နားခြင်းသာ ပြုခဲ့၏။ မာတင်လင်းဒရိုစ် အနေနှင့် ဘာမှ သိပ်မသေ ပါ။ အကြောင်းမှာ သူ အိပ်ပျော်သွားခဲ့၍လည်း ဖြစ်နိုင်သည်။ အိပ်ဆေး တိုက်ကျွေးခံရခြင်းလည်း ဖြစ်နိုင်သည်။ ဤသည်တို့မှာ ပြဿနာ မဟုတ် မာတင်လင်းဒရိုစ် သိနေသည်မှာ သူသည် ရပ်စ်ဒီဂျင်မှ အနောက်မြော ဆီသို့ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။ အီသီယိုပီးယားမှ ထွက်ခဲ့ပြီး အာဖ တိုက်ကြီးမှ ထွက်ခွာခဲ့ပြီး ဖြစ်သည်ပင်။

ဂျေဆင်

ဂျေဆင် ဘာများ ဖြစ်နေပါလိမ့်။

ဂျေဆင် သေပြီလား၊ ရှင်နေသေး သလား။

သေချာသည့် အချက်ကား ဂျေဆင်ဘွန်းသည် သူ့ကို အချိန်မီရှာမ ခဲ့ခြင်းပင် ဖြစ်ပါ၏။ မာတင့်စိတ်ထဲ၌ ဂျေဆင်ဘွန်း တစ်ယောက် သေဆုံး ပြီဟူသော အတွေးမျိုး မတွေးချင်ပါ။ ယုံလည်း မယုံပါ။ အကြမ်း ခေါင်းဆောင် ဖာဒီကိုယ်တိုင်က ဂျေဆင်ဘွန်း သေဆုံးသွားပြီဟု ပြော လည်း သူ မယုံပါ။ မာတင်သည် ဂျေဆင်ဘွန်းကို ကောင်းစွာ သိသူ ဖြစ်သ ဂျေဆင်ဘွန်း ဆိုသူမှာ သချိုင်းမြေမှာ မြေမြှုပ်ထားသည့်တိုင် တစ် တစ်လမ်းဖြင့် မြေတွင်းထဲမှ ပြန်ထလာသူ ဖြစ်သည်။ ဂျေဆင် အသက်ထ ရှိနေပါသည်။ မာတင်လင်းဒရိုစ် ယုံသည်။

သို့သော်

သို့သော် အကြောင်းမှ ထူးပါလေတော့မည်လား မသိ။ ဂျေဆင်ဘွန်း မာတင်လင်းဒရိုစ်အစား ကာရင်အယ်ဂျမီးလ်ကို အစားထိုး ပေးလိုက် ကို ရိပ်စားမိနိုင်ပါမည်လား။ အကယ်၍ ထိုအချက်ကို ဂျေဆင်ဘွန်းယုံ ယုံကြည်သွားပြီ ဆိုပါက ဂျေဆင်ဘွန်းသည် မာတင်လင်းဒရိုစ်ကိုကယ်တင်



အလုပ်သည် ပြီးဆုံးသွားပြီဟု ယူဆတော့မည် ဖြစ်သည်။ ထိုသို့ **တွေးလိုက်မိ** သည်နှင့် မာတင်လင်းဒရိုစ်သည် ဇောချွေးများ ပြန်လာ၏။ ဖာဒီ၏ **အကြံ** အစည်မှာ ဂျေဆင်ဘွန်း တစ်ယောက် မာတင်လင်းဒရိုစ် အတုဖြစ်သော ဂျမီးလ်ကို မာတင်လင်းဒရိုစ်အဖြစ် စီအိုင် ထောက်လှမ်းရေး အဖွဲ့ချုပ်တွင်းသို့ ဆောင် သွတ်သွင်းလိုက်ပါက မတွေးရဲစရာပင်။ ဤကား အကြမ်းဖက် ခေါင်းဆောင် ဖာဒီ စနစ်တကျ ပြင်ဆင် လုပ်ဆောင်ခဲ့သော စီမံချက် လုပ်ရပ် ဖြစ်ပါသည်။

လေယာဉ်ကလေးသည် ကောင်းကင်ထက်၌ လေခိုကွက် (အဲယားပေါ့ ကတ်) တိုးမိသဖြင့် ဖြုတ်ခနဲ တုန်ခါနိမ့်ကျသွားသည်။ မာတင်လင်းဒရိုစ် ကိုယ်ခန္ဓာသည် တုန်ခါနေသော လေယာဉ်ငယ်ထဲတွင် ယိမ်းထိုးနေ၏။ ထို့ကြောင့် အေးစက်သော နံရံကို မှီလိုက်ရ၏။ ခဏ ချက်ချင်းဆိုသလိုပင် ထောင်၏ လက်တစ်ဖက်သည် ပတ်တီးများ စည်းနှောင်ထားသည့် မျက်နှာ ဘယ်ခြမ်းဆီ ရောက်သွား၏။ သူ၏ ညာမျက်လုံး ရှိရာ ဖြစ်ပါသည်။ ပြင်းထန် သော ဝေဒနာ ခံစားရပါ၏။ သူ၏ ညာဘက် မျက်လုံးမှာ မီးပြင်းတိုက်သလို ထောင်လာ၏။ မဟုတ်သေးပါ။ သူ့မျက်လုံးများသည် သူ့မျက် အိမ်ထဲမှာ မရှိတော့။ ဖာဒီ၏ ညီဖြစ်သူ ဂျမီ၏ မျက်လုံးအိမ်ထဲသို့ ရောက်သွားပြီ ဖြစ်သည်။ ဤအဖြစ်အပျက်ကို တွေးမိတိုင်း ရင်ထဲက တဆစ်ဆစ် နာလာ၏။

သူ၏ ခန္ဓာကိုယ် တစ်စိတ်တစ်ပိုင်း ဖြစ်သော မျက်လုံးတစ်လုံးကို သူ အသက် ရှင်လျက်နှင့် ထုတ်ယူခံရခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်သည် ဝေဒနာ ခံစားရတိုင်း ရေအိုင်ထဲတွင် သူ ငါးမျှားထွက်နေသော ကာလများက ဖြစ်ပါသည်။ မာတင်လင်းဒရိုစ်သည် သူ့ကိုယ်သူ အဆုံးစီရင် ပစ်ဖို့ အကြိမ် ကြိမ်အခါခါ ... မျိုးများစွာ စဉ်းစားခဲ့ပါသည်။ မိမိကိုယ် မိမိ သတ်သေခြင်းမှာ သူရဲဘော ကြောင်သူများ အလုပ်ဟု သူ ယုံကြည်သည်။

ပြီးတော့ သူ အသက်ရှင်နေချင်သေး သည်။ သူ အသက်ရှင်ပါမှ ဖာဒီနှင့် ဂျမီးလ်ညီအစ်ကိုတို့ အပေါ်မှာ တုံ့ပြန် ကလဲ့စားချေနိုင်မည် ဖြစ်၏။

ဂျေဆင်ဘွန်းသည် ဖျတ်ခနဲ လန့်နိုးလာ၏။ သူသည် နံဘေးဝန်းကျင်ကို ကြည့်လိုက်သည်။ သူ ဘယ်ရောက်နေပါလိမ့်။ ဝန်းကျင်နှင့် စားပွဲတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကို ကာရံထားသော ခန်းဆီးတစ်ခုနှင့် ဗီရိုတစ်လုံး၊ အပေါ်စားပို့တယ်တစ်ခု၏ အခန်းထဲမှာ ဖြစ်သည်။ ဘယ်မှာပါလိမ့်။

အိပ်ရာထက်မှ လွန့်လူးထပြီး ပြတင်းပေါက်ဆီ သွားသည်။ ထူထဲသော ခန်းဆီးကို ဘေးသို့ ဖယ်၍ အပြင်သို့ ကြည့်လိုက်၏။ အပြင်မှ မှိန်ပျပျ အလင်းကို တွေ့ရသည်။ မှုင်မှုင်ကလေး ပေါ်နေသော နေရောင် တစ်စကို လည်း မြင်ရသည်။ နေရောင် တစ်စမှာ ရေပြင်ထက်သို့ ဆင်းနေ၏။ ပင်လယ် နက်ပါကလား။ လက်စသတ်တော့ သူသည် အိုဒက်ဆာသို့ ရောက်နေခြင်း ဖြစ်သည်။

သူသည် အိုဒက်ဆာကို အိပ်မက်လို မြင်မက်နေ၏။ သို့မဟုတ် အိုဒက်ဆာကို ပြန်လည် မှတ်မိနေခြင်းလေလား။

သူသည် အပြင်မှ အကြည့်နောက် လိုက်သည်။ စိတ်အာရုံထဲတွင် အိပ်မက်ဆန်သော မှတ်မိသမျှဖြင့် လွှမ်းခြုံနေ၏။ အိပ်မက် မှတ်ဉာဏ်ထဲ တွင် မာရီအိုဒက်ဆာ ရောက်နေပါသလား။ မဖြစ်နိုင်ပါ။ လုံးဝ မဖြစ်နိုင်ပါ။ မာရီသည် သူ့အိပ်မက် မှတ်ဉာဏ်ထဲမှာ ဘာကြောင့် ရောက်လာရ ပါလိမ့်။

အိုဒက်ဆာ

ဒီ အိုဒက်ဆာမြို့တွင် သူ၏ မှတ်ဉာဏ်များ အစိတ်စိတ် အမွှာမွှာပြိုကွဲ ခဲ့ခြင်း ဖြစ်သည်။ သူ အိုဒက်ဆာကို စေလွှတ်ခံရဖူးသည်။ သူ့ကို စေလွှတ်ခဲ့ ခြင်းမှာ တစ်စုံတစ်ယောက်ကို သတ်ရန် ဖြစ်သည်။ ဘယ်သူ့ကို သူသတ်ရမှာ ပါလဲ။ သူ ဘယ်လိုမှ စဉ်းစား၍ မရ။

ဂျေဆင်ဘွန်း ခုတင်ပေါ် ပြန်ထိုင်သည်။ သူ၏လက်အစုံဖြင့် သူ့မျက်လုံး များကို ပွတ်သက်နေမိ၏။ သူ့နားထဲစိတ်ထဲတွင် မာရီ့အသံသည် ကြားယောင် နေဆဲ။

*'အဲဒီလို ဖြစ်ပျက်ချိန်မှာ ရှင်သာ ကမ္ဘာရဲ့ ဟိုဘက်တစ်ခြမ်းကို ရောက် မနေခဲ့ရင်၊ ကျွန်မ အနားမှာ ရှိနေခဲ့ရင် ကျွန်မ အသက်ရှင်နေခဲ့မှာပေါ့ ခုတော့ ရှင်ဟာ တခြား မိန်းမ တစ်ဦးနဲ့'*

သူဘယ်ရောက်နေသည်က ပြဿနာ မဟုတ်ပါ။ သူဘာလုပ်နေသည် ဆိုခြင်းက ပြဿနာ မဟုတ်ပါ။ မာရီ့အနားမှာ သူ ရှိမနေခြင်းကသာ ပြဿနာ ဖြစ်ပါသည်။ မာရီက သူ့ဆီကို ဖုန်းဆက်ခဲ့ပါသည်။ သူ အအေးမိသလိုလို ဖြစ်ကြောင်း ဒါလေးပါပဲ။ နောက်တစ်ကြိမ် သူ့ထံသို့ ဝင်လာ သော ဖုန်းကမူ ဂျေဆင်ဘွန်းတစ်ယောက် ကမ္ဘာ ပျက်သလို ခံစားလိုက်ရပါ၏။ ဝမ်းနည်း



ကွဲဆုံး ဖြစ်ရသည့်နည်းတူ မိမိကိုယ် မိမိလည်း အပြစ်တင်မဆုံး နေရပါတော့၏။

ဂျေဆင်ဘွန်း တစ်ယောက် သူ၏ မိသားစုကို ကာကွယ်ပေးရမည့် တာဝန် မဟုတ်ပါလား။ ဝမ်းနည်းကြေကွဲ မှုများသည် ဤ ဝေးလံခေါင်သီသော ပြင် သူ့ရင်ထဲ ရောက်နေ၏။

ဂျေဆင်ဘွန်းသည် အခန်းထဲ၌ အထီးကျန် ဖြစ်နေ၏။ ဤသို့ သည် မှာ အခံရခက်လှ၏။ မိမိ၏ စိတ်တို့သည် မိမိ၏ ခန္ဓာပြင်ပသို့ သွားသလိုမျိုး ဖြစ်သည်။ ဤအချက်ကား အိပ်မက် မဟုတ်ပေ။ သူ သန်းနေရသည့် ဘဝခရီးလမ်းပင် ဖြစ်သည်။ ဤသို့ စိတ်လှုပ်ရှား ကမေ- မ ဖြစ်နေ ခြင်းကြောင့် သူ၏ အဆုံးအဖြတ်များသည် မှားယွင်း စောင်းခဲ့ လေသလား။ ဖြစ်ရပ်များ အတွက် သူ့တွင် ဆင်ခြေပေး ရန် ။ သူသည် စီအိုင်အဖွဲ့ချုပ် အချုပ်ခန်းထဲမှ ဟီရမ်စီဗစ်ကို အပြင်သို့ ခဲ့၏။ ယခုပင် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသောအခါ သူဘယ်ကို ရောက် သည်ကို မသိ။ ဂျေဆင်ဘွန်း စိတ်ထဲတွင် မာရီ ကွယ်လွန် သေဆုံး ကြောင့် သူ့စိတ်တွေ ဤသို့ ဖြစ်သွားရလေသလား။ ငါ စိတ်ကစဉ့် ား ဖြစ်နေပြီလား။

ထိုစဉ် သူ၏ လက်ကိုင်ဖုန်းမြည်လာ၏။

'ဂျေဆင် ရှင်ဘယ်မှာလဲ'

တစ်ဖက်မှ ပြောသူမှာ ဆိုရာယာ ဖြစ်သည်။

'အိုဒက်ဆာမှာ'

သူ၏ ဖြေသံမှာ လေးလံလှ၏။

တစ်ဖက်မှ ဆိုရာယာသည် အသက် ပြင်းပြင်း တစ်ချက် ရှုလိုက်ပုံ ည်။

'ရှင်က ဘာကိစ္စ အဲဒီကို ရောက်နေ ရတာလဲ'

ဘွန်းသည် မှတ်မိသလိုလို ရှိသည့် အတိုင်း

'လင်းဒရို့စ်က ဒီကို လွှတ်လိုက်တာပဲ၊ သူ ပေးလိုက်တဲ့ သဲလွန်စနောက် လိုက်ဖို့ပဲ၊ လင်းဒရို့စ်က လီမွန်တော့ဆိုတဲ့ သူဟာ ဒုဂျာအကြမ်းဖက် ကြီးကို ငွေရေးကြေးရေး ထောက်ပံ့နေသူ ဖြစ် နိုင်သတဲ့။ သူ့နာမည် ည့်အစုံက အီဒေါဗလာဒိုဗစ် လီမွန်တော့တဲ့၊ မူးယစ် မှောင်ခိုဂိုဏ်းက ယောက် ဖြစ်နိုင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး၊ ဒါပေမဲ့ ကျွန်မ အဖွဲ့ချုပ်က ဒေတာ အချက်အလက် စုဆော ထားတာထဲ ရှာကြည့်လိုက်ပါ့မယ်'

ထို့နောက် ဆိုရာယာ ကွန်းစတီကျူးရှင်း ဟိုတယ်၏ ဖြစ်ရပ်များ အကျဉ်းချုပ် ပြောပြ၏။

'ဟိုတယ် ပေါက်ကွဲ မီးလောင်မှုဟာ ကျွန်မ မိတ်ဆွေရဲ့ လေ့လာ သုံးသပ်ချက်အရ ကာဘွန် ဒစ်ဆောလ်ဖိုက်ကို သုံးတာတဲ့၊ အရင်က ဒီလို သုံးတာ မတွေ့ဖူးဘူးတဲ့၊ အလွန်ပြင်းထန်တဲ့ ပေါက်ကွဲမှုကို ဖြစ်စေတယ် ရုပ်အလောင်းတော့ ဘာမှ မကျန်ရစ်တော့ဘူးတဲ့၊ ရေချိုးခန်း ဘေ ရေချိုးခန်း အပေါက်ထဲက ပရိုစ်သဲတစ် သွားတု တစ်ခုပဲ ရသတဲ့။

ဆိုရာယာက ဆက်၍

'လီမွန်တော့ သဲလွန်စကိုတော့ ကျွန်မ စိတ်ဝင်စားတယ်၊ အရာရာ အရှေ့ ဥရောပကို လမ်းညွှန်နေတာပဲ၊ ယူကရိန်းတို့ အိုဒက်ဆာတို့လေ'

'အင်းလေ သဲလွန်စ နောက်တော့ လိုက်ရမှာပေါ့'

ဘွန်းက ပြောဆိုအပြီး ဖုန်းချလိုက်သည်။

၁

အချိန်သည် သန်းခေါင်ကျော် နံနက် တစ်နာရီ ရှိနေပြီ ဖြစ်သော်လည် မာတင်လင်းဒရို့စ်သည် ကွန်ပျူတာ စက်ကြီးရှေ့မှာ ထိုင်ပြီး သတင်းအချ များ ထည့်နေသည်။ စီအိုင် အဖွဲ့ချုပ်၏ သတင်း အချက်အလက်များ လျှို့ဝှက်ကုတ် မီတာနှင့် ထားရှိနေဆဲ ဖြစ်သည်။ မလွယ်ကူသော ကိစ္စ ၍ အိပ်စက်ခြင်း စည်းစိမ်ကို မေ့ထားရ၏။

ဖြည်းညင်းစွာ တံခါးခေါက်သံ ကြားရပြီး ဆိုရာယာ ဝင်လာ၏။ ဆိုရာယာ က အံ့ဩသော မျက်နှာနှင့် သူ့ကိုကြည့်သည်။ လင်းဒရို့စ်က ဒီလို ဆိုသည့် အမူအရာ ပြ၏။ ဆိုရာယာသည် သူမ၏ ကွန်ပျူတာ စားပွဲရှေ့ ထိုင်၍ တစ်စုံတစ်ရာ တင်လိုက်သည်။

လင်းဒရို့စ်က

'ဘာလဲဟဲ့'

ဆိုရာယာက

'ပရိုစ်သဲတစ် အံကပ် သွားတုပါ မီးသတ် သုတေသနဌာနက တွေ့



မိတ်ဆွေဆီက ရခဲ့တာပါ၊ ကွန်စတီကျူးရှင်း ဟိုတယ် လေကော့ဆီလ်တားထဲက ရခဲ့တာပါ၊ သူ့အဆိုအရ ရုပ်ပြောင်းရုပ်လွှဲ လုပ်ရာမှာ အလွန် အသုံးဝင်တဲ့ ပစ္စည်းလို့ ဆိုပါတယ်၊ အင်မတန် သေသပ်စွာ လုပ်ကိုင်ထားတာပါ'

လင်းဒရို့စ်က ပရိုစ် သက်တစ် အံကပ်ကို ကိုင်ကြည့်၏။ ပြီးမှ

'ဟုတ်တယ်၊ တစ်ခါတုန်းက အဲဒီလို ပစ္စည်းမျိုး တစ်ခု ဂျေဆင်ဘွန်းက ကျုပ် ကို ပြဖူးတယ်၊ ရုပ်ပြောင်းရုပ်လွှဲ လုပ်ရာမှာ သုံးတဲ့ ပစ္စည်းဆိုပဲ'

'အခုတော့ အချက်အလက် အထောက်အထားတွေ အရ ဂျေတော့ ဆီလ်ဗားဟာ တကယ်တော့ အကြမ်းဖက် ခေါင်းဆောင် ဖာဒီ ဖြစ်နိုင်တယ်၊ ဖာဒီတို့ ညီအစ်ကို နှစ်ယောက်ဟာ အဲဒီ ဟိုတယ် မှာ တည်းခဲ့တာပဲ၊ မီးလောင် ပေါက်ကွဲမှုဟာ သူတို့ လက်ချက်ပဲ'

လင်းဒရို့စ်က

'အခန်းထဲက ရုပ်အလောင်း တစ်ခု တွေ့ခဲ့တယ်ဆို၊ အဲဒါ ဆီလ်ဗားရဲ့ ရုပ်အလောင်း မဟုတ်ဘူးလား'

ဆိုရာယာက

'ဖြစ်လည်း ဖြစ်နိုင်ပါတယ်၊ မဖြစ်လည်း မဖြစ်နိုင်ပါဘူး၊ ဖြစ်နိုင်ခြေ အရှိဆုံး ကတော့ အဲဒီ ရုပ်အလောင်းဟာ ဟိုတယ် ပါကစ္စတန် ဝန်ထမ်းပဲ ဖြစ်နိုင်ပါတယ်၊ ဆီလ်ဗားတို့ ညီအစ်ကိုကတော့ မရှိတော့ပါဘူး'

လင်းဒရို့စ်က ပရိုစ်သဲတစ် ပစ္စည်းကို ကိုင်ကြည့်ပြီး

'ဒါဆိုရင် ဒီပစ္စည်းက ကျုပ်တို့ အတွက် အသုံးမဝင်တော့ဘူးပေါ့'

'အဲဒီလို မဟုတ်သေးဘူးလေ၊ ကျွန်မက ဒီပစ္စည်းကို ဘယ်သူက ဘယ် ကုမ္ပဏီက ထုတ်လုပ်သလဲ ဆိုတာ စုံစမ်းမလို့'

လင်းဒရို့စ်သည် ခဏတာမျှ တွေဝေ စဉ်းစားနေ၏။

ဆိုရာယာက

'ပြီးခဲ့တဲ့ တစ်နာရီလောက်ကပဲ ကျွန်မ ဂျေဆင်ဘွန်းနဲ့ ဖုန်းအဆက် အသွယ် ရတယ်'

'ဟုတ်လား၊ သူက ဘာပြောလဲ'

'သူ ပြောတာကတော့ မူးယစ်ဂိုဏ်း ရာဇာ တစ်ယောက်၊ သူ့နာမည်က အီဒေါ်ဗလာဒိုဗစ် လီမွန်တော့တဲ့၊ သူ့အကြောင်းကို တူးဖော် စုံစမ်းကြည့် ပေးပါလို့ ကျွန်မကို ခိုင်းပါတယ်'

လင်းဒရို့စ်သည် မျက်မှောင်ကုတ် စဉ်းစားပြီးကာမှ

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာတွေများ စုံစမ်းလို့ ရရှိသလဲ'

'ဘာမှ မရသေးပါဘူး၊ ခုလောလော လတ်လတ်တော့ ဒီပရိုစ်သဲတစ်ကို ဘယ်သူ ဘယ်က ထုတ်လုပ်သလဲ သိဖို့ လုပ်ရမယ်'

'ကောင်းပါတယ်'

ဆိုရာယာသည် ထိုင်ရာမှ ထပြီး

'ကျေးဇူးပဲ ဘော့စ်၊ ကျွန်မ လုပ်စရာတွေ အများကြီး ရှိနေတော့ သွားပါဦးမယ်'

လင်းဒရို့စ်က

'လီမွန်တော့အကြောင်း စုံစမ်းတာတွေ လုပ်မနေနဲ့တော့၊ သူ့အကြောင်း ကျုပ်ပဲ စုံစမ်းထားလိုက်မယ်၊ ဒူဂျာရဲ့ ဘဏ္ဍာရေး ထောက်ပံ့နေသူ ဖြစ်ရင် ဒူဂျာက သူ့ကို ဒိုင်းအထပ်ထပ် ကာထား မှာပဲ၊ ကျုပ် လုပ်လိုက်ပါ့မယ်'

လင်းဒရို့စ်သည် မျက်နှာထား ပြင်လိုက်ပြီး

'မင်းကတော့ မနက်ဖြန် အစောဆုံး ထွက်မယ့် အိုဒက်ဆာ ခရီးစဉ် လေယာဉ် နဲ့ လိုက်ပါသွားဖို့ပဲ၊ ကျုပ်အနေနဲ့ မင်းလိုက်သွားပြီး ဂျေဆင်ဘွန်းကို အထောက် အကူ ပြုဖို့ပေါ့'

ဆိုရာယာသည် အလွန် အံ့ဩသွား၏။

'အဲဒီလို လုပ်ရင် ဂျေဆင်ကကြိုက်မယ် မထင်ဘူး'

လင်းဒရို့စ်က တိုတိုတောင်းတောင်းပင်

'သူက သိစရာ မလိုဘူးလေ'

ဆိုရာယာသည် ထနေပြီ ဖြစ်ရာ စားပွဲပေါ်မှ ပရိုစ်သဲတစ်ကို လှမ်းအယူတွင် လင်းဒရို့စ်က

'ထားခဲ့ပါလေ၊ အဲဒါကိုလည်း ကျုပ်ပဲ စုံစမ်းထားလိုက်ပါ့မယ်'

ဆိုရာယာက

'ဆရာ ဆရာ့မှာ လုပ်စရာတွေ များနေလှပါပြီ'

လင်းဒရို့စ်သည် ဆိုရာယာ၏ မျက်နှာကို အကဲခတ်၏။ ပြီးမှ

'ဒီမယ် ဆိုရာယာ၊ ကျုပ် ဒီစကားကို မင်းကို ပထမဆုံး ပြောပြချင်တယ်၊ ကျုပ်တို့ မုန်တိုင်း အဖွဲ့မှာ တစ်ယောက်ယောက် ဝင်ရောက် ထောက်လှမ်းနေတာ ရှိနေပြီ'

ဆိုရာယာသည် သက်ပြင်း တစ်ချက် ချသည်ကို သတိထားမိသည်။ လင်းဒရို့စ်သည် သူ့အံဆွဲထဲမှ သူ ပြင်ဆင်ထားသည့် အချက်အလက် ဖိုင်တွဲကို လှမ်းပေးလိုက်၏။



ဆိုရာယာသည် ဖိုင်တွဲကို ယူ၍ ဖွင့်ကြည့်လိုက်၏။ ဖိုင်တွဲတို ထောင်စတ်သည်နှင့် ဆိုရာယာ၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်လျှံလာ၏။ ဖိုင်တွဲတွင် တင်ဟတ်နာ၊ ဂျေဆင်ဘွန်းတို့ ပါဝင်ပေသည်။ အချက်အလက်များ အရ တင်ဟတ်နာသည် ဒူဂျာ အဖွဲ့အစည်း အတွက် အလုပ်လုပ်ပေးနေသူ ဖြစ်၏။

ဆိုရာယာသည် လင်းဒရို့စ်ကို ကြည့်လိုက်၏။

'တင်က ဘယ်လိုလုပ်ပြီး ဒူဂျာလူ ဖြစ်သွားရတာလဲဟင်'

လင်းဒရို့စ်က

'စာထဲမှာ အားလုံး ပါပါတယ်၊ အဓိကကတော့ ငွေပေါ့၊ ဟတ်နာဟာ ဆင်းရဲတဲ့ မိသားစုက ပေါက်ဖွားခဲ့တယ်၊ အဖေက ဆင်းရဲတယ်၊ အမေ ကလည်း ဆင်းရဲတယ်၊ ဒီတော့ ငွေဟာ သူ့ရဲ့ အားနည်းချက် ဖြစ်လာရတာပေါ့၊ လူတိုင်းမှာ အားနည်းချက် ဆိုတာ ရှိစမြဲပါပဲ၊ မင်းရဲ့ အခင်မင်ဆုံး မိတ်ဆွေမှာလည်း ရှိတာပဲ'

လင်းဒရို့စ်သည် ဖိုင်တွဲကို ပြန်ယူ လိုက်၏။

'တင်ဟတ်နာကို မေ့ပစ်လိုက်တော့၊ ဟတ်နာဟာ သတင်းဟောင်း ဖြစ်သွားပြီ၊ တို့မှာ လုပ်စရာ အလုပ်တွေ အများကြီး ရှိနေတယ်၊ ပထမဆုံး အလုပ်ကတော့ မင်းက အိုဒက်ဆာက တို့အဖွဲ့အစည်းရှိရာကို အမြန်ဆုံး လိုက်သွားဖို့ပဲ'

ဆိုရာယာ ထွက်သွား၍ တံခါးပိတ်လိုက်သည်နှင့် လင်းဒရို့စ်ကတွေးသည်။

'ဆိုရာယာရေ မင်း အိုဒက်ဆာ ရောက်ပြီး ဒီပရိုစ်သဲတစ်ကို ဘယ်သူ ဘယ်ကုမ္ပဏီက ထုတ်လုပ်တယ် ဆိုတာ စုံစမ်း မထောက်လှမ်းနိုင်ခင်မှာ အသက် ခံရမှာပဲ'

၁

ဂျေဆင်ဘွန်းသည် ဆိပ်ကမ်းရှိ ခပ်ချာချာ ဟိုတယ် ဖြစ်သော ဆာမာရင်း ဟိုတယ်တွင် တည်းခို၏။ သည်ဟိုတယ်မှာ ပင်လယ်ပြင် ခရီးသွားတို့၏ ဆိပ်ကမ်းမှာ ရှိသော်လည်း အထူး ခေတ်မီလှသော အိုဒက်ဆာ ဟိုတယ်ကဲ့သို့ ကြီးကျယ် ခမ်းနားမှု မရှိပါ။ အဲဒီလို ဟိုတယ်ကြီးရဲ့ အထူးအခန်းမှာ အိမ်မဲ့ ဘာမဲ့ လူတစ်ဦး တည်းခိုရန် သဘာဝ မကျပေ။

ဘွန်းသည် ရေမိုးချိုး မုတ်ဆိတ်ရိတ် အဝတ်အစား လဲပြီး ဟိုတယ် ...ခန်းမဆောင်သို့ လာခဲ့၏။ ဟိုတယ်ခန်းမကြီးနှင့်တကွ အဆောက်အအုံ

www.burmeseclassic.com



တစ်ခုလုံးမှာ ၁၉ ရာစုခေတ်က အတိုင်း ဖြစ်သည်။ ရှေးဟောင်းဆန်လှ၏။

ဘွန်း နံနက်စာကို ဆိပ်ကမ်းကို မျက်နှာစာ ပြုထားသော နေရောင်အလင်း ရသည့် စားသောက်ခန်းကြီးတွင် စီးပွားရေး၊ ကုန်သွယ်ရေးသမား ပေါင်းစုံတို့နှင့် ရောနှော ထိုင်လိုက်၏။ နံနက်စာ စားသောက်အပြီး စားပွဲထိုးက ကျသင့်ငွေ ဘောက်ချာ လာပေးစဉ်တွင် ဘွန်းက စားပွဲထိုးအား

'ဒီလိုအချိန်၊ ဒီလို ရာသီမှာ ပျော်စရာ ကောင်းတဲ့ ဘယ်နေရာမျိုးကို သွားရမှာလဲ၊ ဘယ်မှာ ရှိသလဲ'

ဘွန်းက ရုရှားဘာသာ စကားဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ အိုဒက်ဆာသည် ယူကရိန်းပြည်၌ တည်ရှိသော်လည်း ရုရှား ဘာသာစကားသည် အိုဒက်ဆာ၏ တရား ဝင် ဘာသာစကား ဖြစ်သောကြောင့်ပင်။

စားပွဲထိုးက

'အဗီဇာက ပိတ်သွားပြီ၊ အာကာဒီယား ရပ်ကွက်က ကလပ်တွေလည်း ကုန်ပြီ' (အာကာဒီယား ရပ်ကွက်မှာ ကမ်းခြေ မျက်နှာပြု အပျော်ရပ်ကွက်ကြီး ဖြစ်သည်) စားပွဲထိုးက ဆက်၍

'အဲဒီ ရပ်ကွက်က နွေရာသီမှ ဖွင့်တာဗျ၊ ဒါထက်၊ ခင်ဗျားက ဘယ်အပျော်မျိုး ကြိုက်သလဲဆိုတဲ့ အပေါ်မှာလည်း မူတည်တယ်လေ၊ အမျိုးသမီးလား၊ အမျိုးသားလား'

'နှစ်မျိုးစလုံး မကြိုက်ဘူး'

ဘွန်းက သူ့နှာခေါင်းဖြင့် ပွတ်ရှုံ့ပြ လိုက်သည်။

'အား ဒါလား ဒါကတော့ နှစ်ပေါက် ရပါတယ်ဗျာ'

စားပွဲထိုးသည် ပိန်ပိန် ပါးပါး ခါးကိုင်းကိုင်း၊ မငယ်တော့သည့်အရွယ် ဖြစ်သည်။ သူ့ပုံမှာ ရှစ်စပ်က ဂျင်ခြေလည်သူ ဖြစ်သည်။ သူက

'ခင်ဗျားက ဘယ်လောက် လိုလို့လဲ'

'မင်း ထင်ထားတာထက် အများကြီးပေါ့၊ ငါက လက်လီသမား မဟုတ်ဘူး၊ လက်ကားသမား'

စားပွဲထိုးက တစ်ချက် တွေသွားပြီး

'ဒါဆိုတော့ ဇာတ်လမ်းက တစ်မျိုးလေ'

ဘွန်းက ငွေစက္ကူ တစ်ထပ်ကို စားပွဲထိုး လက်ထဲသို့ ထည့်ပေးလိုက်သည်။ ပြီးမှ

'ဒီမှာ မင်း သိသင့်တာတွေကို သိဖို့'



စားပွဲထိုးက ပိုက်ဆံ အထပ်ကို အလျင်အမြန် ယူလိုက်သည်။

'ခင်ဗျား ပရိုက်ဗိတ် ဈေးကွက်ကို သိသလား'

ဘွန်းက

'ငါရှာနိုင်ပါတယ်'

စားပွဲထိုးက

'ကြက်ဥတန်းကို သွား၊ အရှေ့ဘက်ထိပ်က ဝင်ရင် သုံးခန်းမြောက်ဆိုင် ရိုဂျင်နီ ဗီယိုဒိုဗစ်တဲ့၊ ခင်ဗျားက ကြက်ဥ အညိုကို လိုချင်တယ်ပြော၊ အညိုမှ ဖြစ်မယ်လို့ပြော'

၁

ရှေးဟောင်း အိုဒက်ဆာ၏ ဆာမာရင်းသည် အိုဒက်ဆာ နည်းတူ ရှေးဟောင်း ပြင်သစ်ဟန်များအတိုင်း ဖြစ်သည်။ အံ့ဩစရာလည်း မဟုတ်ပါ။ အိုဒက်ဆာကို သန့်စင်မွေးဖွားသူမှာ ပြင်သစ် လူမျိုး၊ ဂျူဒီရစ်ချ်လူ ဖြစ်ပြီး ၁၈၀၀ ပြည့်နှစ်မှ ၁၀ နှစ်ကြာ အုပ်ချုပ်ခဲ့စဉ်အတွင်း အဆောက်အအုံများကို တည်ဆောက်ခဲ့ခြင်း ဖြစ်ရာ ပြင်သစ် ဗိသုကာ လက်ရာများဖြင့် ထုံမွမ်းလျက်ရှိ၏။ ရုရှားကဗျာ ဆရာကြီး ပူရှကင်သည် နယ်နှင်ဒဏ် ခံရချိန်က အိုဒက်ဆာ၌ နေထိုင်ခဲ့ဖူးသည်။ ပူရှကင်က အိုဒက်ဆာမှ အရက်ဆိုင်များ ကော်ဖီဆိုင်များမှ ဥရောပ အငွေ့အသက် ရသည်ဟု ပြောဖူးသည်။

ပရင်မော်စကာယာ ရပ်ကွက် လမ်းများ၏ မှောင်ရိပ်ထဲတွင် ဘွန်းသည် အေးစက်သော အငွေ့အသက်များ ခံစားနေရသည်။ အအေးဓာတ်သည် သူ့မျက်နှာကို ဖျန်းပက်လျက်ရှိရာ မျက်နှာသည် နီမြန်းနေ၏။ တောင်ဘက် ဝင်လယ်ပြင်ထက်တွင် မိုးတိမ်မည်းမည်းများက မိုးရေစက်များ ရွာသွန်းနေပေရာ အအေးဓာတ်ကို ပို၍ လွှမ်းခြုံပေးသလို ဖြစ်နေ၏။

ပင်လယ်အငန်ဓာတ် ပါသော လေငွေ့ကို ရှူရှိုက်ရချိန်တွင် အတိတ်က ဖြစ်ရပ်များသည် သူ့အတွေးထဲသို့ ကြောက်မက်ဖွယ် ရောက်ရှိလာ၏။ 'အိုဒက်ဆာ၏ ည' သူ့လက်များသည် သွေးများစွန်းပေလျက်။ အသက် တစ်ချောင်းသည် သူ့ထံတွင် တွဲလောင်းခိုနေ၏။ သူသည် ပစ်မှတ်ကို ရအောင် ရှာရမည် ဖြစ်သည်။ ကမ်းနားက ဆိုင်တစ်ဆိုင်တွင် ပစ်မှတ်ကို တွေ့သည်။

ကုန်းတွင်းဘက်သို့ လှည့်ကြည့်လိုက်သောအခါ အဆောက်အအုံများ

www.burmeseclassic.com

www.burmeseclassic.com



သည် တောင်ကုန်းကို ကျော့ပတ်ဆောက်ထား၏။ သည်ဘက်တွင်ကား တောင်သူ လယ်သမားတို့၏ ဈေးတန်း ဖြစ်သည်။ ဥရောပတိုက်ရှိ လူမျိုးပေါင်းစုံ၏ စကားသံများ အငွေ့အသက်များဖြင့် ပြည့်နေ၏။ တွေ့သမျှ လူအများကို မေးမြန်းပြီး သကာလမှ ဘွန်းသည် ကြက်ဥတန်းသို့ ရောက်သည်။ ကြက်ဥတန်း၏ အရှေ့ဘက်စွန်းမှ စတင်ရေတွက်၍ တတိယမြောက် ဆိုင်ရှေ့သို့ ရောက်သည်။ မျက်နှာနီနီဖြင့် အမျိုးသမီးကြီး တစ်ဦးနှင့် လူကောင်ထွားထွား ပုဂ္ဂိုလ်ကြီးတို့မှာ ဈေးဝယ်များကို ကြက်ဥများပေး၊ ပိုက်ဆံများသိမ်းဖြင့် အလုပ်ရှုပ်နေ၏။ ဤပုဂ္ဂိုလ်ကြီးကား ရီဂျင်နီ ဗီယိုဒိုဗစ် ဖြစ်ပုံရ၏။ ဘွန်းသည် ဈေးဝယ်များ နောက်မှ ရပ်၍ သူ့အလှည့်ကို စောင့်သည်။ သူ့အလှည့် ရောက်သောအခါ ဘွန်းက

'ခင်ဗျား ရီဂျင်နီ ဗီယိုဒိုဗစ် မဟုတ်လား'

လူထွားကြီးက သူ့ကို တစ်ချက် တွေကြည့်ပြီး

'ဘယ်သူက သိချင်တာလဲ'

ဘွန်းက

'ကျုပ်က ကြက်ဥညိုတွေ လိုချင်တာ တကယ့် အညိုတွေမှနော်၊ ကျုပ် ဒီဆိုင်ကို လာပြီး ရီဂျင်နီ ဗီယိုဒိုဗစ်ကို မေးရမယ် ဆိုလို့'

လူထွားကြီးက ခေါင်းဆတ်ပြပြီး သူ၏ အဖော် အမျိုးသမီးနားနား ကပ်၍ တစ်စုံတစ်ရာ ပြောသည်။ အမျိုးသမီးကြီးသည် ကြက်ဥများ အိတ်ထဲထည့်၍ ဈေးဝယ်ကို ပေး၊ ဈေးဝယ်ထံမှ ပိုက်ဆံယူ သူမ၏ အိတ်ထဲ ထည့်ကာ အလုပ်ကို ပုံမှန် လုပ်ရင်း ခေါင်းညိတ်ပြသည်။

လူထွားကြီးက

'ဒီဘက်ကိုလာ'

လူထွားကြီးသည် နောက်ဘက်တွင် ချိတ်ထားသော သိုးမွေး ကုတ်အင်္ကျီကို ယူ၍ ဈေး၏ အရှေ့ဘက်ခြမ်းသို့ ဦးဆောင် ခေါ်ခဲ့သည်။

သူတို့သည် လူအုပ်များကို ဖြတ်၍ လျှောက်ကြရ၏။

လူထွားကြီးက

'ဒီနေရာမှာတော့ တကယ့် ဆိုဗီယက်ပဲဗျာ၊ အရုပ်ဆိုး၊ အကျည်းတန်နေတာပဲ၊ တစ်ချိန်တည်းမှာ အတိတ်ကို အမှတ်ရစရာပေါ့၊ ငတ်မွတ်ခေါင်းပါးခဲ့ရတာတွေ၊ အသက်အဖြတ် ခံရတာတွေပေါ့ ဘာပဲပြောပြောလေ ကျုပ် အလုပ်အတွက်တော့ ဒီနေရာဟာ အဆင်ပြေပါတယ်'



လူထွားကြီးက ဘွန်းကို ကြည့်ပြီး

'ခင်ဗျား လိုချင်တာက ကြက်ဥညိုတွေနော်'

ဘွန်းက

'ဟုတ်ပါတယ်၊ ကြက်ဥညိုတွေကို လက်ကားရချင်တာ၊ အဆက်မပြတ် ပေးပို့ နိုင်မယ့်သူ လိုချင်တာ'

သူတို့သည် လီနင်၏ ရုပ်တုရှိရာ ရင်ပြင်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။ လူထွားကြီးက လီနင်ရုပ်တု ခြေရင်းမှ အုတ်ခုံပေါ်မှာ ဖင်ချထိုင်လိုက်ပြီး အိတ်ထဲမှ အမည်းရောင် တူရကီ စီးကရက်ကို ထုတ်ယူ မီးညှိပြီး ဖွာရှိုက်သည်။

ပြီးမှ

'ဟုတ်တော့ ဟုတ်ပါပြီလေ၊ ခင်ဗျားဟာ အင်တာပိုက ဟုတ်၊ မဟုတ် ကျုပ် ဘယ်လို သိနိုင်မှာလဲ၊ ဒါမှမဟုတ် ယူကရိန်း ထောက်လှမ်းရေး အဖွဲ့ထဲက လူလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ၊ ဘယ်လို လုပ်ပြီး ယုံရမှာလဲ'

ဘွန်းက တည်ငြိမ်စွာဖြင့်

'ကျုပ်က ပြောနေတာပဲဟာ ယုံပေါ့'

လူထွားကြီးက နံဘေး ဝန်းကျင်ကို ကြည့်ပြီး ပြင်သစ် ရာဇဝင်ကြောင်းတို့ ရှင်းပြနေ၏။

ဘွန်းက

'ရာဇဝင်အကြောင်း ပြောတာပြီးသွားရင် ကျုပ် လီမွန်တော့နဲ့ တွေ့ချင်တယ်'

လူထွားကြီးသည် မျက်ခုံးချီသွား၏။

'ဘယ်သူ'

ဘွန်းက

'အီဒေါဗလာဒိုဗစ် လီမွန်တော့လေ ဒီက လုပ်ငန်းရဲ့ ပိုင်ရှင်ပေါ့'

ရီဂျင်နီသည် ခါခနဲဖြစ်သွား၏။ ပြီးမှ ထိုင်ရာမှ ထသည်။ သူသည် ဘွန်းကို ကျော်၍ အဝေးသို့ လှမ်းကြည့်သည်။ ပြီးမှ အုတ်ခုံအဝိုင်းကို ပတ်လျှောက်သည်။

ဘွန်း အနေဖြင့် ခေါင်းလှည့်ကြည့်စရာ မလိုဘဲ အဝေးမှ ဒိုဘာမင်ခွေး တစ်ကောင် ဆွဲလာသော လူတစ်ယောက်ကို မြင်ရသည်။ ခွေး၏ ရှည်လျားသော နားရွက်များသည် ထောင်၍ မျက်လုံးဝါ မှာက ရီဂျင်နီတို့ သတိထားမိသလို ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသား လီနင် ရုပ်တု၏ တခြားဘက်သို့ ရောက်သော အခါမှ ရီဂျင်နီ

'ကျုပ်တို့ ပြောနေကြတာ ဘယ် ရောက်နေပြီလဲ'

ဘွန်းက

'လီမွန်တော့လေ ခင်ဗျားရဲ့ ဘော့စ်ပေါ့'

'သူက ကျုပ်ရဲ့ ဘော့စ်လို့ ခင်ဗျားက ပြောနေတာလား'

ဘွန်းက

'ခင်ဗျားရော တခြားလူတစ်ယောက် အတွက် အလုပ်လုပ်ပေးနေတာ ဖြစ်ရင် အခုနေ ပြောနော်၊ ကျုပ်ဘက်ကတော့ လီမွန်တော့နဲ့ပဲ အလုပ် လုပ်ချင်တာ၊ အလုပ် လုပ်မှာ'

ဘွန်းက ခပ်ပြတ်ပြတ် ပြောသည်။ ထိုစဉ် နောက်ဘက်မှ လူတစ်ယောက် ချဉ်းကပ်လာသည်ကို ဘွန်း သတိထားမိ လိုက်သည်။ သို့သော် မည်သည့် လှုပ်ရှားမှုမှ မလုပ်။ သူ သတိထားမိကြောင်း ရီဂျင်နီ သိမသွားစေရန် ဖြစ်သည်။ ထိုစဉ်မှာပင် သေနတ်ပြောင်းဝ တစ်ခုက ဘွန်း၏ ညာဘက် နားရွက်နောက်မှာ ထိကပ်လာ၏။

ရီဂျင်နီက

'ဒါ ဘော့ဒန် အလီယာနိုဗစ်ပဲ'

ရီဂျင်နီသည် ယခုမှ လှုပ်ရှားမှုပြုပြီး ဘွန်း၏ အပေါ်ကုတ်ကို ဖြုတ်သည်။

'အခုတော့ ခင်ဗျားရဲ့ ဘဝမှန်ကို သိရတော့မှာပေါ့'

ရီဂျင်နီသည် ဘွန်း အိတ်ထဲမှ ပိုက်ဆံအိတ်နှင့် ပတ်စ်ပို့ လျင်မြန်စွာ ထုတ်ယူလိုက်၏။

ဘွန်းနှင့် ခပ်ခွာခွာ ရပ်ပြီးမှ ပထမ ဆုံး ပတ်စ်ပို့ကို ကြည့်သည်။

'မိုလ်ဒါဗီယင် ခေါ် ဘိုဒါ ဟုတ်လား'

ရီဂျင်နီသည် ပတ်စ်ပို့ထဲမှ ဓာတ်ပုံကို အသေအချာ ကြည့်သည်။

'ဒီလူဟာ ခင်ဗျား ဟုတ်တာတော့ မှန်ပြီ၊ ခင်ဗျားက ဘူချာရက်တ်စ်က တိုက်ရိုက် ဒီကို တန်းလာတာလား'

ဘွန်းက

'ကျုပ်ရဲ့ ကျောထောက် နောက်ခံ လူတွေက ရှမေးနီးယား လူမျိုးတွေပါပဲ'

ရီဂျင်နီသည် ပိုက်ဆံအိတ်ထဲမှ ပစ္စည်းများကို အသေအချာ စစ်ဆေးကြည့်ရှု၏။ ကားမောင်းလိုင်စင် ပါသည်။ သွင်းကုန်၊ ထုတ်ကုန် လိုင်စင် ပါမစ်



သည်။ သည်အချက်မှာ အရေးပါပုံ ရသည်။ သည်အချက် သည်လိုင်စင် ထည့်ပေးဖော် ရသော ဘော်ဒါကြီး ဒီရွန်ကို ဘွန်း ကျေးဇူးတင်နေမိ၏။

နောက်ဆုံး၌ ရီဂျင်နီသည် ဘွန်း၏ ပိုက်ဆံအိတ်ကို ပြန်ပေးသည်။ စ်ပို့ကို ပြန်ပေးသည်။ သူ့မျက်လုံးများမှ ဘွန်းကို စိုက်ကြည့်နေရာမှ လျှားဘဲ လက်ထဲမှ လက်ကိုင်ဖုန်းမှ တစ်ဆင့် မြို့တွင်း ဖုန်းနံပါတ် တစ်ခုကို နှိပ်သည်။

ဖုန်းရသည်နှင့် ရီဂျင်နီက

'အလုပ်သစ် တစ်ခု ပါတယ်၊ ဘိုဒါတဲ့ ရှမေနီယား အုပ်စုကို ကိုယ်စား ယ်တဲ့'

ပြောအပြီး ဖုန်း ပိတ်လိုက်သည်။ ပြီးတော့မှ ဘွန်းအား

'ဘယ်လောက် ယူမှာလဲ'

ဘွန်းက

'အခု ခင်ဗျား ဆက်သွယ်လိုက်တာ လီမွန်တော့လား'

ရီဂျင်နီ၏ မျက်နှာသည် မည်းခနဲ ဖြစ်သွား၏။ သူက ခက်ထန်ထန်ပင်

'ဘယ်လောက် ယူမှာလဲ'

ဘွန်းက

'အခု ကီလို ၁၀၀ ယူမယ်'

ခဏမျှ ဆိုင်းပြီးနောက်

'အားလုံး အဆင်ပြေမယ်၊ ချောမော သွားမယ်ဆိုရင် နောက်လမှာ နှစ်ဆ ယူမယ်'

ရီဂျင်နီသည် ဘွန်းနှင့် ခပ်ခွာခွာ လျှောက်သွားပြီး လက်ကိုင်ဖုန်းဖြင့် တစ်ရာ ပြောပြန်၏။ ပြီးမှ အနားသို့ ပြန်လာသည်။ လက်ကိုင်ဖုန်း ည်း အိတ်ထဲမှာ ထည့်လိုက်ပြီး ဖြစ်သည်။

အနားရောက်လာသော ရီဂျင်နီက ခေါင်းကို ဆတ်၍ အချက်ပြလိုက် အခါ ဘွန်းနားရွက်နောက်မှ ကပ်နေသော သေနတ် ပြောင်းဝကို ခွာလိုက်၏။ ပြီးနောက် ဘိုဒန်သည် ခပ်လှမ်းလှမ်းသို့ ထွက်သွား၏။

ထိုအခါမှ ရီဂျင်နီက

'နက်ဖြန်ည တွေ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းသည် ရီဂျင်နီ၏ မျက်နှာကို စေ့စေ့ကြည့်၏။ ဘွန်းအနေဖြင့် အမြန်ဆုံး ကိစ္စ ပြီးမြောက်စေချင်သည်။ သူ့အချိန် ကြာသည်နှင့်အမျှ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်ဖာဒီတို့ အဏုမြူလက်နက် ရရှိဖို့ နီးကပ်လေလေ ဖြစ်မှာ သေချာသည်။ သို့သော် ရီဂျင်နီ၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် ရီဂျင်နီသည် ပကတိ ကြေးစားတစ်ဦး ဖြစ်သည်။ လီမွန်တော့ကို ဒီထက် စော တွေ့ပါရစေဟု ပြော၍ ရမည်မဟုတ်။ သူတို့ဘက်ကလည်း အသေအချာ ရှိအောင် လုပ်ထားသည့် သဘောအပြင် ဘွန်းသည်လည်း သူတို့ကဲ့သို့ ကြေးစားစစ်စစ် ဖြစ်၊ မဖြစ် စမ်းသပ်လိုပုံလည်း ရသည်။ ဒီတော့ ဈေးဆစ်နေခြင်းသည် အကျိုးထူးတော့မည် မဟုတ်ဟု ဘွန်း ယူဆ၏။

ဘွန်းက

'ကျုပ်ကို အချိန်နဲ့ နေရာ ပြောပါ'

ရီဂျင်နီက

'ညစာ စားပြီးရင် ဟိုတယ်ကပဲ စောင့်နေပေါ့၊ ခင်ဗျား ဆာမာရှ ဟိုတယ်မှာ တည်းတာ မဟုတ်လား တစ်စုံတစ်ယောက်က ခင်ဗျားကို လာခေါ်လိမ့်မယ်'

ဘွန်း စိတ်ထဲတွင် သူ့ကို ရီဂျင်နီ၏ အမည်နှင့် လိပ်စာပြောလိုက်သော စားပွဲထိုးကို မြင်ယောင်လာ၏။ သူပဲ လာခေါ်မည် ဖြစ်နိုင်သည်။

'ဒါဆို ကျုပ်ရဲ့ အခန်းနံပါတ်တော့ ပြောစရာ မလိုတော့ပါဘူး ထင်တယ်'

'ဟုတ်တယ် မလိုပါဘူး'

ရီဂျင်နီသည် သူ့လက်ကို ကမ်းပေးသည်။ ဘွန်းက လက်ပြန်ကမ်း၍ လက်ဆွဲ နှုတ်ဆက်လိုက်၍ ရီဂျင်နီက

'ကဲ မစ္စတာဘိုဒ်၊ ခင်ဗျားရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝပါစေဗျာ'

ထိုသို့ ပြောပြီးသော်လည်း ဘွန်း၏ လက်ကို မလွှတ်သေး၊ ရီဂျင်နီက ဆက်၍

'ဘာပဲပြောပြော ခင်ဗျားဟာ အခု ကျုပ်တို့ ပိုက်နက်ထဲ ရောက်နေ အခု နေမှာ ခင်ဗျားဟာ မိတ်ဆွေလည်း ဖြစ်နိုင်တယ်၊ ရန်သူလည်း ဖြစ်နိုင်တယ်၊ ဒီတော့ ကျုပ် သတိပေးလိုက်မယ်၊ သေသေ ချာချာ မှတ်ထားပေတော့ ခင်ဗျား တခြား တစ်စုံတစ်ယောက်နဲ့ ဖြစ်ဖြစ် အကြောင်း တစ်စုံတစ်ရာ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဆက်သွယ်မှု လုပ်မယ်ဆိုရင် ခင်ဗျား အတွက် ဒုက္ခ အခွင့်အရေးဆိုတာ ရှိတော့မယ် မဟုတ်ဘူး'



ရီဂျင်နီသည် ဘွန်းလက်ကို မလွှတ်သေးဘဲနှင့် သူ၏ အဝါရောင်သွားများ ပေါ်အောင် ပါးစပ်ဖြဲ ပြုံးပြလိုက်ပြီးနောက်

'အဲဒီလို သစ္စာဖောက်မှု တစ်စုံတစ်ရာ လုပ်ခဲ့ရင် ခင်ဗျား အိုဒတ်ဆာတာ နေ အသက်ရှင်လျက် ပြန်မထွက်စေရဘူး၊ စိတ်ချ၊ အဲဒါကိုတော့ ကျုပ် အာမခံနိုင်အမှာ ပြောလိုက်မယ်'

၁

ထင်လင်းဒရိုစ်သည် စာရွက် စာတမ်းများ ယူ၍ အဘိုးကြီး ရုံးခန်း ရှိရာသို့ သွားရန်ပြုစဉ် လက်ကိုင်ဖုန်းက မြည်လာ သည်။ အင်နီဟောထံမှ ဖြစ်သည်။ အင်နီဟောက

'ကောင်းသော နံနက်ခင်းပါ။ မစ္စတာ လင်းဒရိုစ် အစီအစဉ် ပြောင်းလဲမှု ရှိပါတယ်၊ ညွှန်ချုပ်ကြီးကို လိုက်ဂူမှာပဲ တွေ့ရပါမယ်'

'ကျေးဇူးပဲ အင်နီ'

လင်းဒရိုစ်သည် ဓာတ်လှေကားထဲဝင်၍ မြေအောက်ထပ်သို့ ဆင်းသည်။ မြေအောက်ရုံးခန်းကို လိုက်ဂူဟု သူတို့ ခေါ်ကြသည်။

မြေအောက်ရုံးခန်း ပေါက်တွင် လုံခြုံရေးသို့ ကိုယ်ကိုယ်တိုင် မှတ်ပုံတင်ပြီး ရုံးခန်းထဲသို့ ဝင်၍ ညွှန်ချုပ်ကြီး၏ စားပွဲရှေ့မှာ ထိုင်သည်။

အဘိုးကြီးက

'မင်း စာရွက်စာတမ်း နှစ်ခုစလုံး ယူခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့ ခင်ဗျ'

လင်းဒရိုစ်သည် ပြောပြောဆိုဆို လက်ထဲမှာ အသင့်ပါလာသော စာရွက်စာတမ်းများကို အဘိုးကြီးအားပေးသည်။

စာရွက်စာတမ်းများကို ကြည့်၍

'အေး မင်းလုပ်ထားတာ ကောင်းပါတယ်၊ ကျုပ်တို့ကို အထူး အစည်းအဝေး တက်ဖို့ ခေါ်ထားတယ်၊ တို့လက်ရှိ အခြေအနေရဲ့ အတော် ရင်ဆိုင်ရမယ့်ပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စုံညီ အစည်းအဝေးသည် အခြေအနေ သိပ် ကောင်းမပါ။ အဘိုးကြီးသည် နိုင်ငံတော် သမ္မတကြီး၏ ဘဲဥပုံ အစည်းအဝေး ခန်းမသို့ မတက်ရဘဲ စစ်ရေးခန်းမသို့သာ တက်ရသည်။ စစ်ရေးခန်းမမှာ မြေအောက် သုံးထပ်မှာ ရှိသည်။ ထို အစည်းအဝေးခန်းမ၌ သမ္မတကြီးကို နှစ်ယောက်ချင်း တွေ့ရသည် မဟုတ်ဘဲ တခြား ပုဂ္ဂိုလ် ၆ ယောက် ပါဝင်ပေသည်။

ဘယ်မှ ညာအတိုင်း ဆိုပါက ပင်တဂွန်၏ ဌာနချုပ်မှူး လူသာလာဗဲယီး ပြည်ထဲရေး ဝန်ကြီးဌာနမှ ဂျွန်မူလာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဘတ်ဟော လီးဒေး၊ နောက်တစ်ဦးမှာ နိုင်ငံတကာ အကျုမြူ အေဂျင်စီမှ ဂမ်ဒါဆန်တို့ ဖြစ် ပေသည်။

သမ္မတကြီးက 'ကဲ. . တို့လူအားလုံး စုံပြီ ဆိုတော့ စလိုက်ကြရအောင်'

အဘိုးကြီးက ဒူဂျာဖိုင်တွဲကို ဖွင့်၍

'ကျုပ်တို့ရဲ့ လက်ထောက် ဒါရိုက်တာ လင်းဒရိုစ် ပြန်ရောက်လာပြီဆိုတော့ သူ့ဆီက တစ်ဆင့် ဒူဂျာ အဖွဲ့ရဲ့ လှုပ်ရှားမှု အခြေအနေကို သိရပါတယ်။ ဒူဂျာအဖွဲ့ဟာ အီသီယိုးပီးယားနိုင်ငံရဲ့ တောကြီး ဆိုင်မင်း တောင်တန်းပေါ်မှာ ဌာနချုပ်စခန်း တစ်ခု ဖွင့်ထားခဲ့ပါတယ်၊ အဲဒီကနေ ယူရေနီယံနှင့် နျူကလီး ယားဗုံး လုပ်နိုင်တဲ့ T.S.G တွေပိုင်ဆိုင်ပြီး ရွှေ့ပြောင်းမှုတွေ လုပ်နေပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုကိုလည်း စောင့်ကြည့်နေနိုင်ပါတယ်။ ဘယ်နေရာကို ရွှေ့ပြောင်းမလဲကိုလည်း ထောက်လှမ်းနေပါတယ်'

တစ်ဦးက

'သူတို့ ဘယ်နေရာ ရွှေ့ပြောင်းတယ် ဆိုတာ အတိအကျ စုံစမ်းပါ၊ ရရင် ကျုပ်တို့က လေကြောင်းနဲ့ တိုက်ခိုက်ပစ်ရမှာပဲ'

တစ်ဦးက

'ဘာပဲပြောပြော ဒူဂျာ အဖွဲ့ဟာ ယူရေနီယံကို သန့်စင်နိုင်တဲ့ အစွမ်းရှိနေ ပြီဆိုတာ သေချာနေပြီ၊ အဲဒီပစ္စည်းတွေနှင့် အကျုမြူဗုံး တစ်လုံး လုပ်နိုင်သွား မှာကို ခွင့်မပြုနိုင်ပါဘူး'

အားလုံးက သတိကြီးစွာ လုပ်ဆောင်ကြရန် သဘောတူကြ၏။ ဆွေးနွေး ပွဲတွင် အချက်အလက်များအရ သူတို့၏ စီအိုင် အဖွဲ့တွင်းသို့ လျှို့ဝှက် အထူး အဖြစ် ဝင်ရောက်လာနိုင်သူ တစ်ဦးကို ရှာဖွေ သိရှိခဲ့ရပါသည်။ ၎င်း ပုဂ္ဂိုလ်မှာ တင်မိုသီဟတ်နာဖြစ်ပြီး ၎င်း တင်မိုသီက ဆိုရာယာက အကျဉ်းသားကို အပြင် ထုတ်ပေးကြောင်း သိရှိသွားပြီး သူ့ အဆက်အသွယ်များထံ ဆက်သွယ်ထား



နှင့်သူများက သိရှိသွားရခြင်း ဖြစ်သည်။ ထို့ကြောင့်သာ အကျဉ်းသားကို လွတ်မြောက်အောင် ဆောင်ရွက်သွား နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ဆိုရာယာတို့အား ရည်ရွယ် ပစ်ခတ်လိုက်သော ကျည်သည် တင်တို မှန်သေဆုံးသွားခြင်း ဖြစ်သည်။

အခြေအနေများကို တင်ပြပြီးနောက် ယခုအခါတွင် အဖွဲ့ချုပ် အခြေ အနေ ကောင်းစွာ ထိန်းချုပ်ထားနိုင်ပြီ ဖြစ်၍ ဒူဂျာအကြမ်းဖက် အဖွဲ့၏ လှုပ်ရှားမှုကို တားဆီးနိုင်တော့မည်ဟု အစီရင်ခံ၏။

၁

သန်းခေါင်ကျော် ၁၂ မိနစ်တွင် ဘွန်းထံသို့ တယ်လီဖုန်း ဆက်သွယ်မှု ရသည်။ ပြောကြားသူမှာ အမျိုးသား တစ်ဦး၏ အသံ ဖြစ်သည်။ ဟိုတယ်နှင့် သုံးကိုက် အကွာလောက်ရှိ လမ်းတစ်လမ်းကို ညွှန်ပြ၏။ ဘွန်းသည် ဟိုတယ်အပြင်ဘက် သို့ ထွက်လာခဲ့၏။

ညသည် တိတ်ဆိတ် ငြိမ်းချမ်းနေ၏။ လထက်ခြမ်းပဲ့၏အလင်းရောင်သည် ညကို ဖျန်းပက်ထား၏။

ဘွန်းသည် ညွှန်ပြသော လမ်းထောင့်တွင် လက်နှစ်ဖက်ကို နံဘေးမှာ ချထားပြီး သက်သောင့်သက်သာ စောင့်နေ၏။ ဘွန်းသည် ယက်ဂျနီနှင့် တွေ့ဆုံပြီးသည်နှင့် ဝန်းကျင်ကို အမြဲ အကဲခတ်ကြည့်နေခဲ့၏။ မည်သည့် နောက်ယောင်ခံ လိုက်သူမှ မတွေ့ရ။ သို့သော် သူ့ရဲ့ တိရစ္ဆာန် အသိစိတ်အရ သူ့ကို တစ်စုံတစ်ယောက် စောင့်ကြည့်နေကြောင်း သူသိ၏။ ထိုသူကို ထင်ရှားစွာ မမြင်ရ၍ ထိုလူ၏ မျက်နှာကို မမြင်ခဲ့ရ။

အတန်ကြာတွင် မီနီဘတ်စ်ကား တစ်စင်း မောင်းဝင်လာသည်ကို တွေ့ရ ၏။ ဘွန်းက မသိလိုက် မသိဘာသာ နေသည်။ ကားသည် သူ့ရှေ့တွင် ရပ်ပြီး နောက်ခန်းတံခါး ပွင့်လာသည်။ ဘွန်း ကားပေါ် တက်လိုက်၏။

ကားပေါ်တွင် ဘိုဂန် အလီယာနိုဗစ် နှင့် မျက်နှာချင်းဆိုင် ထိုင်ရသည်။ သို့သော် ဘွန်းက သူ့ကို ဘယ်ခေါ်သွားသည်ကို မမေး။

ကားသည် ညခရီးတွင် ကွေ့ပတ် မောင်းနေ၏။ ဘွန်းသည် ဗလာနိုင်သမျှ ခင်းထဲမှာ မှတ်သားထား၏။ တစ်နေရာ၌ ကားရပ်၍ ဘိုဂန်ဆင်းသည်။ ဘွန်း လိုက်ဆင်း၏။ ဘိုဂန်က သူ့နောက် လိုက်ပါရန် အချက်ပြ၍ ဘွန်း ဘိုဂန်

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ လိုက်ရ၏။ သို့သော် မလိုက်မီနောက်သို့ တစ်ချက် ပြန်အလှည့် အကြည့်တွင် ကား မောင်းသမားက သူ့ လက်ကိုင်ဖုန်းဖြင့် တစ်စုံတစ်ယောက်ထံ ဆက်သွယ်ကြောင်း မြင်ရ၏။

သူတို့ နှစ်ဦး ကမ်းခြေဘက်သို့ ရောက်လာသည်တွင် နောက်ဘက်နား၌ အမည်းရောင် ကားတစ်စင်း ရောက်လာ၏။ ကားပေါ်မှ အရှေ့ ဥရောပ တိုက်သား စီးပွားရေးသမား ဝတ်စုံ အပြည့်ဝတ်ထားသူ လေးဦး ဆင်းလာ၏။ အဲ တစ်ခုပဲရှိသည်။ သူတို့သည် စီးပွားရေးသမား၏ အဝတ်အစား ဝတ်ထား ရသည်မှာ မဆီလျော်သလို ဖြစ်နေ၏။ သူတို့ထဲက တစ်ဦးက ဒစ်ဂျစ်တယ် ကင်မရာတစ်လုံး ထုတ်၍ ကျန်သူများကို ရိုက်နေ၏။ သူတို့ကိုယ် သူတို့ ခရီးသည်များဟန် ပြုနေ ၏။

ဘိုဂန်နှင့် ဘွန်းတို့သည် အဝေးမှ အနီရောင် ဂွန်ဒိုလာ တစ်စင်း ကမ်းခြေ လာနေသည်ကို ကမ်းခြေအုတ်ရိုးပေါ်မှ မြင်ရ၏။

ဘွန်းက

'ဘိုဂန်အလီယာနိုဗစ် ကျုပ်တို့ကို နောက်ယောင်ခံ လိုက်တဲ့သူတွေ ရှိနေပြီ ဗျ'

ဘိုဂန်က

'အင်းလေ ကျုပ်တို့ နောက်မှာ နောက်ယောင်ခံလိုက်တဲ့ သူတွေ ရှိနေ တာ အမှန်ပဲ၊ အဲဒါကို မင်းက ထုတ်ပြောတာပဲ ကျုပ်က အံ့သြနေတာ'

'ဘာဖြစ်လို့'

'မင်းက ကျုပ်ကို ငတုံးလို့များ အောက်မေ့နေသလား'

ပြောပြောဆိုဆို အိတ်ထဲမှ မော်ဆာ သေနတ်ကို ထုတ်၍ ဘွန်းထံ ချိန်ရွယ် ထား၏။ ပြီးမှ

'သူတို့ဟာ မင်းရဲ့ လူတွေ မဟုတ်လား၊ မင်းကို ဒီလို မလုပ်ဖို့ ကြိုတင် သတိပေးပြီးသားပဲ၊ နောက်တစ်ကြိမ် အခွင့်အရေး မပေးနိုင်တော့ဘူး၊ ထဲ ဂွန်ဒိုလာ ရောက်လာပြီ၊ တက်၊ လုံခြုံတဲ့ နေရာရောက်ရင် ကျုပ်မင်းကို သတ်မယ်'

၁



နေ့ခင်း ၅း၃၃ မိနစ် အတိအကျတွင် လာနာသည် စာကြည့်တိုက်ထဲ၌ အဘိုး ကြီးနှင့် ဆုံတွေ့ရမည်။

အဘိုးကြီးသည် အဘူဆာရစ် ဟာမစ်ဘင် အရှက်၏ ဖိုင်ကို ပြန်ဖတ် နေခြင်း ဖြစ်သည်။ ထိုမစ်ရှင်ကို အဲလက်ကွန်က လင်က ကြပ်မတ်ခဲ့ပြီး ရှင်းလင်းရေး တာဝန်ကို ဂျေဆင်ဘွန်းကို ပေးအပ်ခဲ့၏။ ဂျေဆင်ဘွန်းဘဝတွင် ရှင်းလင်းရေး ပေးအပ်သည့်တာဝန်ကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင် ခြင်းမှာ ဒီတစ်ကြိမ်ပဲ ရှိ၏။ ဘွန်းသည် ဆော်ဒီကို သေနတ်နှင့် ပစ်ခဲ့၏။ သို့သော် သေဆုံးခြင်းမရှိဘဲ မြေအောက်သို့ ပျောက်ဆုံးသွား၏။ ဘွန်း ကိုယ်တိုင်မှာလည်း အိုဒက်ဆာမှ မသေကောင်း မပျောက်ကောင်း ပြန် ဆောက်လာနိုင်ခဲ့၏။

လာနာက

'ဆရာကြီး ဒီဖိုင်အဟောင်းမှာ ဘာများ စိတ်ဝင်စားလို့ပါလဲ'

'ဟာ မစ်ဘင် အရှက်ရဲ့ ပြဿနာမှာ သူတို့ မိသားစုတွေ ဘာဖြစ် နေသလဲ၊ ဘာလုပ်နေသလဲ မသိရဘူး၊ အဘိုးကြီးကိုယ်တိုင် အသက်ရှင် နေသေးသလား၊ သေဆုံး ပြီလား မသိရဘူး၊ အိုဒက်ဆာက သူတို့ရဲ့ ကုမ္ပဏီ ကို ထိန်းသိမ်းဖို့ စီစဉ်တဲ့အခါမှာ သူသွားငယ် ကာရင် အဲလ်ဂျမီးလ်က ကုမ္ပဏီ ကို စီမံအုပ်ချုပ်တယ်၊ သားကြီး အဘူဂါဇီ နာဒီယာ အယ်လ်ဂျာမှုက ပျောက်သွားတယ်၊ သူတို့ ဆော်ဒီအုပ်စုရဲ့ ထုံးတမ်းစဉ်အလာတိုင်း အဖွဲ့ကို အုပ်ချုပ် စီမံဖို့ ဖြစ်မယ်'

လာနာက

'သူ့ရဲ့ သမီးကရော'

'ဆာရာ ဘင်အရှက်တဲ့၊ အငယ်ဆုံး သမီးထွေးပဲ၊ သူ့အမေနဲ့ စိတ်ဓာတ် တူတယ်လို့ သိရတယ်၊ သူ့အကြောင်းလည်း ဘာမှ မသိရတော့ဘူး'

'ဆရာ ဒါကြောင့် ဒီဖိုင်ကို ကြည့်နေတာလား'

အဲဒီ အမှုကို ကိုင်ရတဲ့ ဂျေဆင်ဘွန်း ဆီက ဘာမှ အစီရင်ခံစာ မရဘူး၊ သူက ဘာမှ မမှတ်မိဘူးပဲ ပြောနေတယ်'

'ဆရာ ဘွန်းကို ကျွန်တော့်လက်ထဲ အပ်လိုက်ပါ ခင်ဗျာ၊ သူသိသမျှ သတင်း အားလုံး သိရပါစေ့မယ်'

'ဘွန်းဆီကလား၊ ဒီမှာ ငါပြောမယ် ယုံ၊ သူ့ဆီက သတင်းရဖို့ ဘယ်လိုမှ မျှော်လင့်ထားလို့ မရနိုင်ဘူး၊ အကောင်း ဆုံးကတော့ သူ့ကို ရှင်းပစ်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လာနာက

'ဟုတ်ကဲ့ ခင်ဗျ'

အဘိုးကြီးက

'ဒီကိစ္စကို ဘယ်သူ့မှ မပြောနဲ့ အထူးသဖြင့် မာတင်လင်းဒရို့စ်ကိုပဲ ဘွန်းက မာတင်ကို ကယ်လာခဲ့တာကွ၊ ဘွန်းကိစ္စကို မင်းကိုယ်တိုင် ကိုင်တွယ်ပြီး အပြတ် ရှင်းလိုက်'

'ဟုတ်ကဲ့ ခင်ဗျ'

၁

ဘွန်းသည် ကျဉ်းမြောင်းသော ဝွန်ဒိုလာ၏ အခန်းကျဉ်းထဲသို့ ဝင်လိုက်သည်။ ဘိုဂန် နောက်မှ ကပ်၍ လိုက်ပါလာသည်။ သူတို့နှစ်ယောက်အပေါ် ရောက်သည်နှင့် ဝွန်ဒိုလာသည် ထွက်လာခဲ့၏။

ဘွန်းက

'ကျုပ်က နောက်ယောင်ခံ လိုက်လာသူတွေကို ခင်ဗျားရဲ့ လူတွေလို့ မှတ်နေတာ'

'ငါ့ကို ပြက်လုံး ထုတ်မနေစမ်းနဲ့'

'ဒီမယ် ဘိုဂန် ကျုပ်က ဒီကို တစ်ယောက်တည်း လာခဲ့တာ၊ ကျုပ်ရဲ့ အဓိကရည်ရွယ်ချက်က လီမွန်တော့နဲ့ ဆက်သွယ် အရောင်းအဝယ်လုပ်ဖို့'

နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံကြ၏။ သူတို့၏အကြည့်များမှာ ပြင်းထန်လှ၏။

ဘွန်းတို့၏ ဝွန်ဒိုလာနားသို့ နောက်တစ်စီး ကပ်လာပြီး သူတို့ ဝွန်ဒိုလာပေါ်သို့ လူလေးဦးတက်လာသည်။ သူတို့လေးဦးမှာ အမူးသမားပုံ ဆက်ဖမ်းဆူညံစွာ ပြောဆိုနေကြ၏။ ဝွန်ဒိုလာသည် ကမ်းခြေတစ်ခု၌ ဆုံးသည်။ ကမ်းခြေတွင် စောစောက နောက်ယောင်ခံ လိုက်လာသော လေးဦးကို တွေ့ရ၏။

ဘိုဂန်က

'တစ်ခုခုတော့ လုပ်မှ ဖြစ်မယ် ထင်တယ်'

ဘွန်းသည် ထိုစကားကိုကြားလိုက်သည်နှင့် ဤလူများသည်လည်း သူတို့ ဒုတိယအကြိမ် စမ်းသပ်ခြင်းဖြစ်ကြောင်း ရိပ်မိသွား၏။ ထိုလူ လေးယောက်



သည် မြင်ကွင်းမှ ကွယ်ပျောက်သွားကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့လေးဦးသည် အနား တစ်ဝိုက်တွင် ရှိနေမည်မှာ သေချာသည်။

ဘွန်းက သူ့လက်ကို ဆန့်တန်း၍

'ကျုပ်ကို မော်ဆာ သေနတ်ပေးလေ ကျုပ် သူတို့နောက်ကို လိုက်ရှင်းလိုက်မယ်'

ဘိုဂန်က

'အောင်မာ မောင်ရင့်ကို သေနတ်ပေးရလောက်အောင် ကျုပ်က ယုံမယ်များ မှတ်နေလား၊ သူတို့နောက်လိုက်ပြီး ရှင်းရ မယ်ဆိုရင် နှစ်ယောက် တူတူသွားကြမယ်၊ သေနတ်ကတော့ ကျုပ်ပဲ ကိုင်မယ်'

ဘွန်းက ခေါင်းညိတ်ပြ၏။

'ကောင်းပြီလေ၊ ကျုပ် ဒီနေရာကို ရောက်ဖူးတယ်၊ နယ်မြေကျွမ်းကျင်ပါတယ်၊ ကျုပ် နောက်ကို လိုက်ပါ'

ဘိုဂန်က ဘာမှ မပြော၍ သူတို့နှစ်ဦး ခရီးဆက်ခဲ့ကြ၏။

အတော်ကြာလာသောအခါ ဘွန်းက

'ကျုပ်တို့ လီမွန်တော့နဲ့ ဆုံမှတ်နား ရောက်ပြီလား၊ နီးပြီလား'

ဘိုဂန်က အသံမထွက်ဘဲ ရယ်သည်။ သံသယ စိတ်များ ရှိနေဆဲ ဖြစ်ပုံရ၏။

သူတို့သည် တံတားတစ်ခု အနားသို့ ရောက်လာ၏။ တံတားအောက်ခြေတိုင်များဘက် ဖြစ်သည်။

ဘွန်းက မျက်လုံး ထောင့်အိမ်မှ လှုပ်ရှားမှု တစ်ခုကို တွေ့ရသည်။ သို့သော် ဘွန်းလှည့်မကြည့်၊ ခေါင်းမလှည့်၊ မျက်လုံးထောင့်ဖြင့်သာ သတိထားလိုက်၏။ ဘွန်းတို့ ရှေ့ဆက်သွားသည်။ မြင်ရသည်မှာ ပထမ ဘာမှမသဲကွဲ။ နောက် တော့ အမှောင်ရိပ်ထဲမှ ပုဂ္ဂိုလ်များမှာ လူများ ဖြစ်သည်။ တစ်ယောက် နှစ်ယောက်သုံးယောက်၊ သေချာသွား၏။ သူသည် အန္တရာယ် အရိပ်အငွေ့ကို ခံစားရ၏။

ရုတ်တရက်ပင် ဘွန်းသည် အနားမှ တုတ်တစ်ချောင်းဖြင့် ဘိုဂန်၏ ခေါင်းကို မှန်းပစ်လိုက်ပြီး လက်ဝဲဘက်သို့ ပြေးသည်။ ဘိုဂန်သည် ပစ်လိုက်သော တုတ်ကို အလွယ်တကူပင် ရှောင်လိုက်၏။ သို့သော် သေနတ်နှင့် ပစ်ရန်ကား နှောင့်နှေး သွား၏။ ဘွန်းသည် မြွေလိမ်မြွေကောက် ပြေးသည်။ ကျည်များ သူ့ကို မထိ။ ကျည် များသည် သူနှင့် တခြားစီ ဖြစ်နေ၏။ ဘွန်းသည် တံတားအောက် အမှောင်ရိပ်ထဲသို့ ပြေးဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းက အရိပ်ထဲမှ လူများနှင့် သူ့အကြား ဘိုဂန်ကို ရောက်အောင် ပြေးနေ ခြင်း ဖြစ်သည်။ ထိုစဉ် အရိပ်ထဲမှ လူများ စတင် လှုပ်ရှားပစ်ခတ်သည်။ အရိပ်ထဲမှ လူများမှာ သုံးဦးမဟုတ်။ လေးဦး ဖြစ်နိုင် သည်။

ထိုလူများကို ဘိုဂန် မမြင်တွေ့မီ ဘွန်း မြင်သည်။ ထိုလူတို့ ပစ်ခတ်လိုက်သောကျည်မှာ ဘိုဂန်အနားမှ တိုင်ကို ထိသည်။ ထိုအချိန်မှ ဘိုဂန် အခြေအနေကို ရိပ်စားမိသွားပြီး တိမ်းရှောင်ရန် ကြိုးစားစဉ် ဒုတိယမြောက်ကျည်ဆန်မှာ ဘိုဂန် ဘယ်ဘက်ပခုံးကို ထိပြီး ချာခနဲ လှည့်သွား၏။ဘွန်းသည် ကိုယ်ခံပညာရှင် တစ်ဦးပမာ အစစ အဆင်သင့် ဖြစ်နေပြီး ဖြစ် သည်။ ဘိုဂန် သူ့အနားသို့ လည်ပြီး လဲပြိုကျလာစဉ် ဖမ်းကိုင်လိုက်ပြီး သေနတ်နှင့် လှမ်းပစ်နေမှုကြောင့် ဘိုဂန်၏ ကိုယ်လုံးကို ဒိုင်းသဖွယ် ကာလိုက်၏။ နောက် တစ်ချက်သည် ဘိုဂန်၏ ဝမ်းဗိုက်ကို မှန်သည်။ ဘိုဂန်ကို ကာထား ကိုင်ထားရသော ဘွန်းအတွက် ဘိုဂန်၏ ကိုယ်လုံးမှာ ပို၍ လေးလံလာ၏။ ဘွန်းသည် ဘိုဂန်၏ လက်ထဲမှ မော်ဆာ သေနတ်ဖြင့် သေနတ် မောင်းခလုတ်ကို ဘိုဂန်၏ လက်ညှိုးပေါ်မှာပင် တင်၍ ပစ်ရသည်။ လူသုံးဦးမှာ ဘြိုဂံ ပုံသဏ္ဌာန်ဝိုင်း၍ ပစ်ခတ် ပြေးဝင်လာကြခြင်း ဖြစ်သည်။ ဘွန်းတို့နှင့် အနီး ဆုံးဖြစ်သော ဘေးညာဘက်အစွန်မှ လူကို ပစ်ရခြင်း ဖြစ် သည်။ ပစ်ကွင်းမှာ နီးကပ်ပြီး ရှင်းလင်းလှ၍ ထိုလူ လဲကျသွား၏။ တခြား နှစ်ဦးထံမှ ကျည်များ ရောက်လာပြီး ကျည်တစ်တောင့်မှာ ဘိုဂန်၏ ပေါင်ကို ထိသည်။ ဒီအချိန်၌ ဘွန်းသည် သေနတ်ကို ရပြီးဖြစ်၍ အလယ်ကလူကို ပစ်သည်။ အလယ်က လူသည် သေနတ် မှန်၍ နောက်ပြန်လဲ ကျသွားသည်။

ဘွန်းသည် ဘိုဂန်၏ ကိုယ်လုံးကို သူ့ ညာဘက်သို့ ကာလိုက်၏။ ရန်သူမှာ ဘယ်ဘက်မှ လာသူ ဖြစ်သောကြောင့်ပင်။ ရန်သူ၏ ကျည်နှစ်တောင့်မှာ ဘိုဂန် ခေါင်းနံဘေးမှ ဖြတ်သွားသည်။ တတိယ လူသည် တရကြမ်းရှေ့တိုး၍ ပစ်ခတ်နေ၏။ ပစ်ကွင်းမှာ နီးကပ်လွန်း၍ ဘွန်းသည် ထိုလူ၏ နဖူး တည့်တည့်ကို မှန်အောင်ပစ်လိုက်နိုင်၏။

ထိုစဉ် သတိရှိနေသော ဘိုဂန်က ဘွန်းလည်ပင်းကို သိုင်းညှစ်ဖို့ ကြိုးစားသည်။ ဘွန်းသည် လက်ဖနောင့်ဖြင့် ဘိုဂန်၏ ခေါင်းမှ သေနတ် ဒဏ်ရာကို ဆောင့်တွန်းလိုက်ရာ ဘိုဂန် နောက်သို့ ယိုင်လဲပြီး တိုင်နှင့် ဆောင့်မိကာ လဲပြို ကျသည်။ ဘွန်း ဘိုဂန်အပေါ်သို့ ရောက် သွားချိန်တွင် ဘိုဂန် ပါးစပ်မှ သွေးများ ထွက်နေပြီ ဖြစ်၏။



ဘိုဂန်က

'လီမွန်တော့'

ဆိုပြီး သွားဖြဲကာ ရယ်သည်။

ဘွန်းက

'ဘာများ ရယ်စရာ ကောင်းနေလို့လဲ ဘိုဂန်'

ဘိုဂန်သည် နောက်ဆုံး အသက် ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး

'လီမွန်တော့ ဆိုတာ ရှိကို မရှိဘူးကွ'

ပြောပြောဆိုဆို ဘိုဂန် အသက် ပျောက်သွား၏။

ဘွန်းသည် ဘိုဂန် အလောင်းမှ ခွာ လိုက်စဉ် သူရှိရာသို့ စတုတ္ထမြောက်လူ ပြေးဝင်လာသည်ကို ရိပ်ခနဲ မြင်ရသည်။

ဘွန်းလှုပ်ရှားဖို့ ကြိုးစားသော်လည်း နောက်ကျသွားပြီ ဖြစ်သည်။ ဘွန်း၏ ဘယ်ဘက်ကို ဓားနှင့် ထိုးလိုက်ပြီ ဖြစ်သည်။ ဘွန်းက သူ့ လက်နှစ်ဖက်ဖြင့် ထို လူကို တွန်းလိုက်ရာ ထိုလူနှင့် ဓားသည် ဘွန်း၏ နံရိုးကြားမှ ခွာသွား၏။

ထိုလူက

'ဘိုဂန်ပြောတာ မှန်တယ်ကွ၊ လီမွန်တော့ဆိုတာ မင်းလိုက်ပြီး ရှာဖို့ ငါတို့က တမင် ဖန်တီးထားတဲ့ တစ္ဆေပဲကွ'

ဘွန်းက

'ငါတို့ ဟုတ်လား'

ထိုစဉ် ရန်သူသည် သူ့အနားသို့ ပြန်ကပ်လာပြီ ဖြစ်သည်။ အပေါ်တံတား ပျဉ်များအကြားမှ လရောင်ကြောင့် ထို လူ၏ မျက်နှာကို မြင်ရသည်။ ထိုလူက

'ကျုပ်ကို မမှတ်မိဘူးလား ဘွန်း'

ထိုလူက မြွေဟောက်ကဲ့သို့ ပြုံး၍ ရှေ့တိုးလာ၏။

ထိုအချိန်မှ ဘွန်းသည် မာတင် လင်းဒရို့စ်က သူ့ကို ရေးဆွဲပြခဲ့သော ခုံကြမ်း ပုံရိပ်များကို အမှတ်ရသွား၏။

ဘွန်းက

'ဖာဒီပါလား'

ဖာဒီက

'ကျုပ် ဒီအချိန်ကို စောင့်စားခဲ့ရတာ ကြာလှပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဟာဒီသည် လက်တစ်ဖက်မှာ မာဂရော့ဖ်သေနတ်ကို ကိုင်လျက် လက်တစ်ဖက်က ရက်စက်သော ဓားကောက်ကို ကိုင်ထား၏။

သူက

'မင်း မျက်နှာကို ခုလို မျက်နှာချင်းဆိုင် မြင်ရဖို့ အကြာကြီးစောင့်ခဲ့ရတာ'

ဒီရေသည် အရှိန်ဖြင့် တက်နေ၏။ သူ၏ ဘယ်လက်သည် သူ့ပေါင်ဒဏ်ရာ သွေးထွက်နည်းအောင် ဖိထား၏။

ဟာဒီက

'ကလဲ့စား ချေဖို့ အကြာကြီးကို စောင့်ခဲ့ရတယ်'

ဘွန်းက

'ဗျာ ကလဲ့စားချေဖို့'

ဟာဒီ စကားကို သံယောင်လိုက်မိခြင်း ဖြစ်သည်။ ပါးစပ်ထဲတွင်လည်း ခါးသက်သော ခံစားမှုရသည်။ ရေလည်း တအားဆာလာ၏။ သို့သော် သိလိုစိတ်ဖြင့်

'ဘာအတွက် ကလဲ့စားချေမှာလဲ'

ဟာဒီက

'မသိချင်ဟန် ဆောင်မနေပါနဲ့ကွာ၊ အဲဒီကိစ္စ ဖြစ်ရပ်ကြီးကိုတော့ မင်း မေ့မှာ မဟုတ်ပါဘူး'

ဒီရေသည် တဝုန်းဝုန်းဖြင့် ရိုက်ခတ် တိုးနေ၏။ ဒီရေနှင့်အတူ ရေမှော်များ ပါလာ၏။ ဘွန်းသည် ဟာဒီ့ထံမှ မျက်လုံး မခွာဘဲ ညာဘက်လက်ဖြင့် ဒီရေနှင့်အတူ မျောပါလာသော ရေမှော်များကို လက်တစ်ဆုပ်စာ ယူလိုက်၏။ ထို့နောက် ဘာမှ သတိပေးမနေတော့ဘဲ ရေမှော်ဆုပ်လုံးကို ဟာဒီမျက်နှာသို့ ပစ်ပေါက်လိုက်၏။ ဟာဒီ ကလည်း တစ်ချိန်တည်းတွင် သေနတ်နှင့် ပစ်၏။ ရေမှော်လုံးသည် ဟာဒီ မျက်နှာကို တိုက်ရိုက် မှန်သည်။ ကျည်ကား ဘွန်းကို မထိပေ။

ဘွန်းသည် ချက်ချင်းပင် လှုပ်ရှား ပြေးလွှား၏။ စောစောက သူ့ဘက်မှ ရန်သူတော် ဘိုဂန်နှင့် ဟာဒီတို့ကို ခုခံရာ ၌ အထောက်အကူ ပြုခဲ့သော်လည်း ယခုသော် ထိုဒီရေသည်ပင် သူ၏ လှုပ်ရှားမှုကို လေးလံအောင် ဆွဲငင်လျက် ရှိ၏။ သူ၏ ယာလက်သည် ပေါင်ဒဏ်ရာမှ ဖယ်ရှားလိုက်ရသဖြင့် သွေးများ ပြန်ကျလာ၏။ ဒီရေကြောင့် ဘွန်း၏ လှုပ်ရှားမှုမှာ အလဲလဲ အပြိုပြိုဖြစ်နေ၏။



ထိုအချိန်၌ ဟာဒီသည် သူ့ကိုယ်သူ ဟန်ချက် ထိန်းနိုင်သွားပြီ ဖြစ်သည်။ သေနတ်ကို ဘွန်းရှိရာသို့ ချိန်ရွယ်လျက် ဒီရေများအကြားတွင် ရှေ့သို့ လိုက်၏၊ လက်တစ်ဖက်မှ သူ့ဓားကောက်သည် ဘွန်းကို လှီးဖြတ်ရန် အသင့်ပါလျက်ရှိ၏။

ဘွန်းသည်လည်း သူ့ကိုယ်သူ ဒီရေ လှိုင်းများ အကြားတွင် ရုန်းကန်၍ ဟာဒီ နှင့် အလှမ်းဝေးရာ ညာဘက်သို့ ရွေ့လျားရန် ကြိုးစား၏။ သို့သော် နောက်ကျော တည့်တည့်မှ ဒီရေလှိုင်းလုံးကြီး တစ်လုံးက သူ့ကို ရိုက်ခတ်လိုက်ရာ ညာဘက်သို့ ယိမ်းမသွားနိုင်တော့ဘဲ ဟာဒီရဲ့ ဓားသွား ရှိရာသို့ ယိုင်ပြိုကျသွား၏။

ထိုအချိန်ကလေးမှာပင် အနားတစ်ဝိုက်မှ တိရစ္ဆာန် တစ်ကောင်၏ ဟန်ဖိသံကို ကြားလိုက်ရသည်။ လည်ပတ်ကြီး တန်းလန်းဖြင့် ဘောက်ဆာ ခွေးကြီး တစ်ကောင်သည် ဒီရေလှိုင်းများကို ဖြတ်ကာ ဟာဒီကို ခုန်အုပ်လိုက်၏၊ ရုတ်တရက် ဖြစ်သဖြင့် ဟာဒီသည် ရေထဲသို့ ပက်လက်လဲ ကျသည်၊ ကြီးမားသော ဘောက်ဆာ ခွေးကြီးသည် ဟာဒီအပေါ်မှ စီး၍ ရှေ့ လက်နှစ်ဖက်ဖြင့် ဟာဒီ့ ကိုယ်ပေါ် ဖိထားကာ သွားအဖြူသားဖြင့် ဟာဒီကိုရန်မူကိုက်ခဲဖို့ ကြိုးစားနေ၏။

'ထ ထ လာ လာ'

တေတွတ်တားအောက် မှောင်ရိပ်ထဲမှ တီးတိုးလေသံ သဲ့သဲ့ကို ကြားရသည်၊ ထိုစဉ် သန်မာသော ဘွန်း ကိုယ်ကို သိုင်းဖက်၍ မှောင်ရိပ်များ ရှိရာသို့ ဆွဲသွား တိုးဝင်သွားသည်။

ဘွန်းက အသက် တစ်ချက် ဝဝရှူပြီးနောက်

'ကျုပ် အဲဒီနေရာကို ပြန်သွားပြီး. . .'

'ခုသွားလို့ မဖြစ်သေးဘူး'

တီးတိုး လေသံသည် ခိုင်ခိုင်မာမာ ရှိ၏။ လေသံသည် သူ့ကို ထိန်းဖက်ထားသော ခပ်သွယ်သွယ် လူထံမှ ဖြစ်သည်။ ထိုသူသည် အပြာကြီး သော ဦးထုပ်ကြီးကို ဆောင်းထားပြီး ဘောက်ဆာခွေးကြီး၏ ပိုင်ရှင်ဖြစ်ဟန် တူ၏။ သူတို့ မှောင်ရိပ်တွင်းသို့ရောက်သောအခါ ခပ်သွယ်သွယ်လူက လေတစ်ချက် ချွန်လိုက်ရာ ဘောက်ဆာခွေးကြီးသည် ဒီရေလှိုင်းများကို ကူးခတ်ဖြတ်၍ သူတို့ရှိရာ အမှောင်ရိပ်ထဲသို့ လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာ ရဲကား ဥသြဆွဲသံ ကြားလိုက်ရသည်။ ရွက်လှေ ကလပ် တွင်းမှ လူများသည် အဆက်မပြတ် ကြားရသည့် သေနတ်သံများကြောင့် ရဲများကို ဖုန်းဆက် အကြောင်းကြား လိုက်ဟန်တူသည်။

ဘွန်းသည် သူ့ကို တွဲခေါ်သူ နောက်သို့ တရွတ်တိုက်လိုက်ပါနေရ၏။ သူ့ခြေ လှမ်းတိုင်းမှာ သူ့ကို အဆမတန် နာကျင် စေ၏။ လှုပ်ရှားနေရသဖြင့် သွေးများပို၍ ပို၍ ထွက်လာ၏။

○

ရေထဲမှာ မွန်းနေသော ဟာဒီသည် ရေများ သီးလျက် ရေမျက်နှာပြင်ပေါ်သို့ ပေါ်လာသည့် ခဏ ပထမဆုံး မြင်လိုက်ရသည်မှာ ရွက်လှေပေါ်မှ သူ့ကို ငုံ့ကြည့်နေသော အဗူဘင်အဇစ်၏ မျက်နှာပင် ဖြစ်သည်။ ရွက်လှေဖြစ်သဖြင့် ဒီရေနှင့်အတူ ကမ်းနားသို့ အလွယ်တကူ ကပ်လာနိုင်ခြင်း ဖြစ်ပုံရ၏။

အဗူဘင်အဇစ်သည် သူ၏ သန်မာ သော လက်ကို လှမ်းပေးရင်း ဟာဒီ့ကို လှေပေါ်သို့ ဆွဲတင်သည်။ ကုန်းပတ်ပေါ် သို့ ဟာဒီရောက်သည်နှင့် အဇစ် သည် သူ၏ လှေဆရာကို အသံပြုလိုက်ရာ ချက်ချင်းပင် လှေသည် ကမ်းနားမှ ခွာလေ၏။

သူတို့ လှေကို အမြန်ဆုံးကမ်းမှ ခွာလိုက်သည်မှာ အချိန်ကိုက် ဖြစ်ပါသည်။ အဇစ်ဘာကြောင့် အလောတကြီး ဖြစ်နေကြောင်းကို ဟာဒီ ချက်ချင်း သိသွား၏။ အကြောင်းမှာ ရဲမော်တော် သုံးစင်းသည် မီးမောင်းများ ထိုး၍ ဆိပ်ကမ်းဆီသို့ ဝင်လာနေသည်ကို တွေ့ရ၏။

အဇစ်က ဟာဒီနား နား ကပ်၍

'ကျုပ်တို့ လှေကို ရွက်လှေကလပ်ကို ကပ်မယ်၊ ရဲမော်တော်တွေ ဒီဒေသကို စုံစမ်း ရှာဖွေနိုင်ကြတဲ့ အချိန်ဆိုရင် ကျုပ်တို့က လုံခြုံတဲ့ နေရာမှာ ရောက်နေကြပြီပေါ့'

အဇစ်သည် သူ့လူသုံးယောက် အကြောင်းကို ဘာမှမပြောပေ။ သူတို့ သုံးယောက်စလုံး လှေပေါ်မှာ ရှိမနေသည့်အတွက် သူတို့ သုံးယောက်စလုံး သေဆုံးသွားကြောင်း သေချာ၏။

အဇစ်က

'ဘွန်းရော'



ဟာဒီက

'ဒဏ်ရာတော့ ရသွားတယ်၊ ဒါပေမဲ့ အသက်တော့ ရှင်တုန်းပဲ ထင်တယ်'

'ဒဏ်ရာက ဘယ်လောက် ဆိုးသလဲ၊ ပြင်းသလဲ'

ဟာဒီသည် လှေထဲ၌ ပက်လက် လှန်လိုက်၏။ သူ့မျက်နှာပေါ်မှ သွေးများကို သုတ်လိုက်၏။ သေချင်းဆိုး ခွေးသည် သူ့ကို သုံးနေရာတွင်ကိုက်ခဲ့ခြင်း ဖြစ်သည်။ ညာဘက် လက်မောင်းလည်း ပါသည်။ ဟာဒီ၏ မျက်လုံးများမှာ သရောင်၌ ဝံပုလွေတစ်ကောင်၏ မျက်လုံး များသဖွယ် အရောင်လက်နေ၏။

ဟာဒီက

'အတော့်ကို ပြင်းပါတယ်၊ သူ့ဒဏ်ရာက ကျုပ်တို့ ဖခင်ကြီးလိုပဲ အဲဒီဒဏ်ရာနဲ့ သေဆုံးသွားနိုင်ပါတယ်'

'ကံကြမ္မာရဲ့ တရားမျှတမှုပဲပေါ့'

ရွက်လှေအသင်းမှ အလင်းရောင် များသည် ထင်ရှားလာပြီ ဖြစ်၏။

'ဒေါက်တာမင်း အချက်အလက်တွေရော'

အဗူဘင် အဇစ်က ရေမစိုစေရန် ရေလုံသားရေအိတ်ဖြင့် ထုပ်ထားသော စာရွက်များကို ပေး၏။

ဟာဒီသည် ထိုအိတ်ကို ယူလိုက်၏။ ပြီးနောက် ကိုယ်တစ်ဖက်သို့ စောင်းခါ အပြင်သို့ တံတွေးတစ်ချက် ထွေးလိုက်၏။

'ဒါကလွဲစားချေတာ မကဘူးနော်'

ဟာဒီသည် ခေါင်းကို ဘယ်မှ ညာ ယမ်း၍ သူ့စကားကို သူဆက်သည်။

'မကသေးပါဘူး လာပါလိမ့်ဦးမယ်'

○

'ဒီဘက်ကိုလာ ဒီဘက်ကိုလာ'

ဘွန်းနားနားသို့ ကပ်၍ အသံရှင်က ပြောသည်။

'ခုချိန်မှာ တုံ့ဆိုင်းမနေပါနဲ့၊ သိပ် မဝေးတော့ပါဘူး'

သိပ်မဝေးဘူးတဲ့လား၊ ဘွန်း စိတ်ထဲ တွင် ခြေလှမ်း သုံးလှမ်းသည်ပင် ဘီလို မီတာ သွားသလောက် ဖြစ်နေ၏။ သူ၏ အသက်ရှူနှုန်းမှာ လုံး မှန်တော့၊ သူ့ ခြေထောက်များမှာ ခဲဆွဲထားသလို လေးလံနေ၏။ ခြေတစ်လှမ်း လှမ်းဖို့အရေးပင် အလွန်ခက်ခဲ ပင်ပန်းလှ၏။ ဒီရေလှိုင်းများ၏ ပုတ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် အခြေမခိုင်သည့် သူ့ခန္ဓာကိုယ်သည် ခဏခဏ လဲပြိုကျ၏။ ဝထမအကြိမ် ရှေ့သို့ ဟပ်ထိုးလဲကျသွားရာ ဘွန်း၏ အဖော်သည် အလစ်မိသွားပုံရ၏။ ဘွန်းသည် ရေထဲသို့ မျက်နှာမှောက်လျက် လဲကျသွားခြင်း ဖြစ်သည်။ သို့သော် သူ့အဖော်က လျင်မြန်စွာ ဆွဲယူ မတင်နိုင်သဖြင့် ရေမွန်း၍ မသေခြင်း ဖြစ်သည်။

ဘွန်းသည် ဦးခေါင်းကို ထောင်၍ ဝန်းကျင်ကို ကြည့်သည်။ သူတို့ ဘယ်ရောက်နေသလဲ၊ ဘယ်ကို ဦးတည်နေသလဲဆိုတာသိလိုသောကြောင့် ဖြစ်သည်။ သို့သော် ရေထဲတွင် ရွှေ့လျား ခြေလှမ်း နေရသည်မှာ ပင်ပန်းလွန်းသဖြင့် ဘာမှ သဲကဲကွဲကွဲ မသိရ။ ဘွန်း စိတ်ထဲတွင် သူ့ကို ကယ်တင်ခေါ်ဆောင် လာသောသူသည် သူနှင့် ရင်းနှီးသူ ဖြစ်သည်ဟု ရင်ထဲမှာ ခံစားမိ၏။ သူ့ခံစားမှုမှာ ရေပေါ်တွင် ကပ်ငြိနေသော မျက်နှာပြင် ကဲ့သို့ ဖြစ်နေ၏။ အောက်မှ ပုံရိပ်ကို မမြင်ရပေ။ မသိပေ။ ဤပုဂ္ဂိုလ်သည် မည်သူမည်ဝါဟု သူ မဝေခွဲနိုင်။ မဆုံးဖြတ်နိုင်၊ သူ ပျောက်ဆုံးနေသော အတိတ်မှ တစ်စုံတစ်ယောက် ထင်ပါရဲ့။

ဘွန်းက ကြိုးစား၍

'မင်းက ဘယ်သူလဲ'

လေသံက သူ့နားသို့ ဝင်လာပြန်၏။

'လာစမ်းပါ မြန်မြန် နောက်က ရဲတွေ လိုက်လာနေကြတယ်'

ရုတ်တရက်ပင် ဘွန်းသည် ရေထဲမှာ အလင်းရောင်ကို မြင်ရသည်။ မဟုတ်ပါ။ အလင်းရောင်သည် ရေထဲမှ မဟုတ်ပါ။ ရေပြင်ထက်မှာ ထင်ဟပ်သော အလင်းရိပ်သာ ဖြစ်သည်။ ထိုအလင်းရောင်သည် မလှမ်းမကမ်း ရွက်လှေကလပ် အဆောက်အအုံမှ မီးရောင်ပင် ဖြစ်ပါသည်။

ရွက်လှေ ကလပ်ဟု ခေါင်းထဲမှာ လက်ခနဲ သိလိုက်ရချိန်တွင် သူ့ကို တရွတ်တိုက် ဆွဲခေါ်လာသူ၊ သူနဲ့ သိကျွမ်းသူဟု စိတ်ထဲတွင် ခံစားရသူက ရွက်လှေ ကလပ်ရှိရာသို့ မသွားဘဲ ကုန်းတွင်းဘက်သို့သွားသည်။ ထိုအချိန်၌ သူတို့နှစ်ဦးသည် ဆိပ်ခံဇောတံတားများ၏ အစွန်းဘက်သို့ ရောက်လာပြီ ဖြစ်၏။

တစ်နေရာအရောက်တွင် ဘွန်း၏ ဒူးသည် ညွတ်ခွေ၍ ကျသွား၏။ ဘွန်း လဲပြိုကျမည် ဖြစ်ရာ သူ့အဖော်က ဘွန်းကို မတ်မတ်ရပ်နိုင်ရန် ထိန်းပေး၏။ ဘွန်း အဖော်သည် ဘွန်းပေါင်ကို တစ်စုံတစ်ရာ နူးညံ့သော ပစ္စည်းဖြင့်



တ်သည်။ တစ်ပတ် နှစ်ပတ်၊ သုံးပတ်၊ ဘွန်းသည် ဆက်လက် မရေတွက်တော့၊ စည်းထုပ်လိုက်သောကြောင့် သွေးထွက်မှုသည် ရပ်သွား၏။ နှင့်သည် မတ်မတ် ရပ်နိုင်သွားပြီ ဖြစ်သည်။ သူတို့သည် သဲသောင်ပြင်သို့ သွားရသည်။ ပေါင်တွင် စည်းနှောင်ထားသော အစကို ဖြတ်၍ သွေးများ ကျနေ၏။ သို့သော် စောစောကလို သွေးတစ်စက် တစ်စက် ကျနေပြီး မြ၊ သဲမြေပေါ်တွင် သွေးစက်များ ခြေရာခံ၍ ရနိုင်လောက် အောင် တော့။ ဘွန်း၏ အဖော်သည် မည်သူ မည်ဝါပင် ဖြစ်စေ၊ ဤသူကား သည့်အပြင် လိမ္မာ ကျွမ်းကျင်သူလည်းဖြစ်ကြောင်း သေချာသည်။

သဲသောင်ပြင်ကို ဖြတ်လျှောက်ကြသောအခါမှ ဘွန်းသည် ဘောက်ဆာ ကြီးကို သတိထားမိ၏။ ဘောက်ဆာခွေးကြီးမှာ ကြီးမားလှပြီး သစ္စာရှိသည့် နှာထားလည်း ရှိနေ၏။

တမ်းခြေအတိုင်း လျှောက်လာကြရာ ကမ်းခြေတွင် နေ့အခါ ဖွင့်ထား ထီးများ ထားသည့် စတိုခန်းတစ်ခုသို့ ရောက်လာသည်။

ဘောက်ဆာ ခွေးကြီးသည် ဖအံ တစ်ချက် ပြုသည်၊ တစ်ခုခုထူးခြား ည့် အသွင်လက္ခဏာ ပြစ်သည်။

အဖော်က

မြန်မြန်လုပ်၊ မြန်မြန်လုပ်'

ဘွန်းတို့လူသိုက်သည် ထီးများ သိမ်းသော စတိုခန်းထဲသို့ တိုးဝင်လိုက် ၏၊ ရေပြင်ထက်မှ အင်အား ပြင်းသော အင်ဂျင်စက်သံနှင့်အတူ အလင်း ကြီး မီးမောင်းထိုးခြင်း ဖြစ်လာ၏။ ရဲမော်တော်ယာဉ်မှ မီးမောင်းဖြစ် ည်၊ မီးမောင်း အလင်းတန်းကြီးမှာ ကမ်းခြေ တစ်ဝိုက် ပိုက်စိပ်တိုက် နေခြင်းဖြစ်ပြီး တဖြည်းဖြည်း သူတို့နှင့် နီးလာ၏။

သူတို့သည် ထီး သိုလှောင်ရာ တဲတွင်းသို့ အတင်း တိုးဝင်လိုက်ကြရ၏။ ဲ ရောက်သည်နှင့် သူတို့ ကိုယ်များကို ပြားပြားဝပ်လိုက်ကြသည်။ မီးတန်း င်းရောင်သည် ဟိုမှ သည်သို့ ဖြတ်သန်း ထိုးကြည့်နေ၏။ သူတို့ အသက် င့် နေကြရ၏။ မီးတန်း ကျော်သွား၏။

သို့သော် ရဲမော်တော်များဘက်မှ အသံများ ကြားရ၏။ လှမ်းကြည့် သောအခါ မီးမောင်းထိုးနေသော မော်တော်မှ မဟုတ်ဘဲ တခြားရဲမော် ာ် တစ်စင်းမှ ရဲသားများ ရွက်လှေကလပ် ရှိရာသို့ ဝိုင်းရံ သွားနေကြ၏။ မှာ သံခမောက်များ ဆောင်းထားပြီး ရင်ဘတ်တွင် ကျည်ခံ ဝတ်စုံများ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားကာ သူတို့သည် အော်တိုမက်တစ် ရိုင်ဖယ် သေနတ်များ ကိုင်ဆော
ထားကြ၏။

ဘွန်း၏ အဖော်သည် ဘွန်းကို ဆွဲ၍ ကျောက်စွန်း ရှိရာသို့ သွား
ဟင်းလင်းသောင်ပြင်ကို ဖြတ်ရခြင်း ဖြစ်သည်။ ဘွန်းရင်ထဲမှ ပစ်ကွင်းထဲ
သလို ခံစားရ၏။ သူ့တွင် ခွန်အားမရှိတော့ကြောင်း ရန်သူကို ခုခံတိုက်ခို
နိုင်စွမ်း မရှိတော့မှန်း ဘွန်း သိသည်။

ဘွန်း နောက်ကျောမှ ဆောင့်တွန်း ခံရသဖြင့် ဘွန်းသည် သဲပြင်ပေါ်
မှောက်လျက် ကျသွား၏။ သူ့အဖော် သည်လည်း နံဘေးမှ ကပ်လျက် လာ
သည်။ ညအမှောင်ထဲတွင် မီးမောင်း ဆလိုက်များ ဟိုဟိုဒီဒီ ထိုးကြည့်နေသ
ကို တွေ့ရ၏။ ရေပြင်ထက်ရဲမော်တော်မှ မီးမောင်းများဖြစ်သည်။ စောစော
ရွက်လှေ ကလပ်ထဲသို့ ဝင်သွားသော ရဲများသည်လည်း ကမ်းခြေဘက်
ဆင်းကာ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ထိုးကြည့်နေကြ၏။ လက်
ဓာတ်မီး အရောင်တန်း တစ်ခုမှာ သူတို့နှင့် စင်တီမီတာ အနည်းငယ်
လွဲနေ၏။ ရဲများသည် တဖြည်းဖြည်း သူတို့ဘက်သို့ နီး၍ နီး၍လာနေ

အဖော်၏ အချက်ပြချက်ရသည်နှင့် ဘွန်းသည် ကြိုးစား၍ ကျော
စွန်းအောက် အမှောင်ရိပ်ထဲသို့ တိုးဝင်သွားသည်။ အမှောင်ရိပ်ထဲ
ဘောက်ဆာ ခွေးကြီးက ဝပ်လျက် စောင့်နေ၏။ ဘွန်း၏ အဖော်သည် သူ
အပေါ်ကုတ်ကို ချွတ်၍ သဲသောင်ပြင်ထက်မှာ ထင်ကျန်ရစ်သော သူတို့
ခြေရာများကို ဖျက်ပစ်၏။

ဘွန်းသည် မတ်မတ်ရပ်လိုက်၏။ သူ့ အခြေအနေမှာ လက်ဝှေ့ကြိုး
ထဲတွင် ကြီးမားသော ပြိုင်ဘက် လက်ဝှေ့သမား ကြီးနှင့် အချီပေါင်းများ
ထိုးသတ်ထားရသလို ဖြစ်နေ၏။ ပင်ပန်းလွန်းလှပြီ ဖြစ်၏။

ထိုအချိန်၌ ဘွန်း၏ အဖော်သည် အမှောင်ရိပ်ထဲမှ သံချောင်းကြီးတ
ကို ဆွဲမနေ၏။ သံပြားဝိုင်းတံခါး၏ လက်ကိုင်ဖြစ်သည်။ ဘွန်းလည်း သွား
ဆွဲမပေး၏။ တစ်ဖက်မှ ကန့်လန့်မှာ ဖြုတ်ထားပြီ ဖြစ်ပုံရပြီး အပေါ်
ပွင့်သွားသည်။

အဖော်သည် ဘွန်းကို အထဲသို့ တွန်းပို့လိုက်၏။ ဘောက်ဆာ ခွေး
သည်လည်း သူ့နံဘေးမှ လိုက်ဝင်သည်။ အဖော်သည် သူတို့နှစ်ယော
နောက် မှ ကပ်လိုက်လာ၏။ အနားရောက်သော အခါ အနားကျယ်
ဦးထုပ်ကို အပေါ်က ချွတ်လိုက်သည်။ အပေါ်မှ လရောင်သည် ဘွန်းအဖော်
မျက်နှာကို ထိုးလာ၏။

'ဟင် မင်းပါလား'

ဘွန်းသည် အသက် ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ရာ တစ်ကိုယ်လုံး
တောင့်သွား၏။

သူ့အသက်ကို ကယ်တင်ခဲ့သော၊ သူ့ စိတ်ထဲ အသိစိတ်ထဲတွင် သိသ
...ို ဖြစ်နေခဲ့သော ပုဂ္ဂိုလ်မှာ ယောကျ်ားသား တစ်ဦး မဟုတ်ပေ။
ထို ပုဂ္ဂိုလ်ကား ဆိုရာယာမိုးပင် ဖြစ်ပါ၏။

... ၆ နာရီ ၄၆ မိနစ်တွင် အင်နီဟဲလ်ဟာ လက်ကိုင်ဖုန်း၏ တုန်ခါမှု
...လိုက်ရသည်။ ဤလက်ကိုင်ဖုန်းမှာ သူမ ချစ်သူက ပေးထားသော ဖုန်း
...သည်။ စီအိုင် ထောက်လှမ်းရေး အဖွဲ့ချုပ်မှ ပေးထားသည့် ဖုန်းမဟုတ်၊
...ိုယူ၍ ဖွင့်ကြည့်လိုက်သောအခါ မှာတမ်း မက်ဆေ့ချ်တစ်ခု တွေ့ရသည်။
မိနစ် ၂၀ အတွင်း သူ့အခန်း။

အင်နီ ရင်ခုန်သွားသည်။ သွေးများ ဆူပွက်လာ၏။ အကြောင်းမှာထိုမှာ
...သွာလေးသည် ချစ်သူထံမှလာသောမှာတမ်း ဖြစ်သည်။ ချစ်သူပြန်
...တ်လာပြီကော. . . ။

အင်နီကအဖွဲ့ချုပ် တာဝန်ခံ အဘိုးကြီးအား သူမ၏ အမျိုးသမီးရောဂါကိစ္စ
...ဝန်ပြဖို့ ရှိသည်ဟု ပြော၍ထွက်ခဲ့၏။ သူမ တင်ပြခဲ့သော အကြောင်း
...ကို တွေးမိပြီး အင်နီ ပြုံးမိသည်။ အင်နီ အဖွဲ့ချုပ်မှ ထွက်ခဲ့၏။

အပြင်ဘက် ရောက်မှ အငှားကား တစ်စင်း ငှားသည်။ ၎င်းအငှားကား
... ဒူပွန့်အဝိုင်းနှင့် ၆ လမ်း အကွာလောက်မှာ ရပ်ခိုင်းသည်။ ကားပေါ်မှ
...၍ အင်နီလမ်းလျှောက်သွားသည်။

သူ့အခန်းမှာ လမ်း ၂၀ တွင် ရှိသည်။ ၁၉ ရာစုက တည်ဆောက်ထားခဲ့
... ရှေးဟောင်းလေးထပ် အဆောက်အအုံ ဖြစ်သည်။ အဆောက်အအုံ
...တွင် ကိုယ်ပိုင် ကားရပ်ကွင်း ရှိသည်။

အင်နီသည် အဆောက်အအုံထဲဝင်၍ ဓာတ်လှေကားဖြင့် လေးထပ်သို့
... ခဲ့သည်။ ပြီးနောက် သူ့အခန်းရှေ့သို့ ရောက်သည်။ အခန်းတွင်
...န်းနံပါတ် ၄၀၁ မာတင်လင်းဒရိုစ်ဟု ရေးထား၏။

www.burmeseclassic.com



အခန်းဝတွင် မိုရင်း သူမတို့ နှစ်ဦး ခွဲခွာကြစဉ်က ပြောခဲ့သော စကားများ ကို ကြားယောင်နေမိ၏။

ချစ်သူက

'မင်း မျက်နှာက စိတ်ပူပန်နေသလို ပဲ'

သူမ

'ဘယ် မပူဘဲ ရှိပါ့မလား၊ ရှင်က ရုပ် အသွင်ပါ ပြောင်းရမှာကိုး'

'လိုအပ်လို့ လုပ်ရတာပါကွယ်၊ ဒါပေမဲ့ ကိုယ်ကတော့ ကိုယ်ကိုယ်တိုင်[illegible] အားလုံး အတူတူပါပဲ၊ ကိုယ့်ကို ယုံပါ'

ယခုတော့ အင်နီသည် ပြောင်းလဲခဲ့ပြီဖြစ်သည့် ချစ်သူကို တွေ့ရတော့မည် ဖြစ်သည်။

အင်နီသည် ရင်ခုန်လှုပ်ရှားစွာဖြင့် တံခါး လက်ကိုင်ကို လှည့်ဖွင့်လိုက် သည်။ တံခါးပွင့်သွားသည်။ အတွင်းမှ ချိတ် ချိတ်မထားဘဲ သူမ ဝင်လာ[illegible] သူ အသင့်ဖွင့်ထားဟန် ရှိသည်။

အခန်းထဲ ဝင်ခဲ့သည်။ ခန်းမကျယ်ကို ဖြတ်၍ အိပ်ခန်းရှိရာသို့ ဦးတည်[illegible] သည်။ အင်နီ အသံပြုမည့် အချိန်တွင် ချစ်သူ၏ အသံကို ကြားလိုက်ရသည်။ ချစ်သူ၏ ဘုရားဝတ်ပြုနေသော အသံဖြစ်သည်။

အင်နီသည် ချစ်သူကို မာတင်လင်းဒရိုစ်၏ မာစတာ အိပ်ခန်းကြီး[illegible] ကော်ဇောတစ်ကွက် အနောက်ဘက်မျက်နှာမူ၍ ဝတ်ပြုနေသည်ကို တွေ့ရ[illegible]

ဘုရားဝတ်ပြုအပြီး ချစ်သူ ထသည်။ ပြီးနောက် မာတင် လင်းဒရို[illegible] မျက်နှာဖြင့် ပြုံးပြသည်။

သူက

'မင်း ကျုပ်ကို ပထမဆုံး မြင်ဖူးချင်တယ်လို့ မှတ်လို့ပါ'

အင်နီက ချစ်သူကို မယုံနိုင်သလို ကြည့်နေမိ၏။ ချစ်သူ၏ မျက်နှာ[illegible] ပကတိ မာတင် လင်းဒရိုစ်ပင်။

ချစ်သူက

'ဒေါက်တာ အင်ဒါစကီးက လက်စွမ်းပြ ပြုပြင် လုပ်ဆောင်ပေးနိုင်ခဲ့ တယ်၊ တကယ့် မာတင် လင်းဒရိုစ်မျက်နှာပါပဲ'

အင်နီက တိုးတိတ်စွာဖြင့်

'ဂျမီးလ်' ဟု ခေါ်လိုက်သည်။



ချစ်သူ၏ နာမည် အပြည့်အစုံမှာ ကာရင် အယ်လ်ဂျမီးလ် ဘင်တာ[illegible] အာရှက်ဖြစ်သည်။ အဓိပ္ပာယ်မှာ လှပသော ကာရင် ဟူ၏။ သူ့ကို မိသားစုဝင် များသာ တရင်းတနှီး ဂျမီးလ်ဟု ခေါ်နိုင်ကြသည်။ အင်နီသည် ချစ်သူ [illegible] ဂျမီးလ်ဟုခေါ်ရန် သူက ခွင့်ပြုခဲ့ပြီး အင်နီကလည်း ချစ်မြတ်နိုးစွာ [illegible]မီးလ်ဟု ခေါ်ခဲ့ခြင်း ဖြစ်သည်။

ဂျမီးလ်က သူ့ရုပ်သွင် ပြောင်းလဲ ခွဲစိတ်ရာတွင် အခက်အခဲဆုံးမှာ [illegible]ဘက် မျက်စိပြောင်းလဲခဲ့ရခြင်း ဖြစ်ကြောင်း ပြောပြသည်။ နောက် သူ့ခန္ဓာ ကိုယ်ပေါ်မှာ အမာရွတ်များကို မာတင်လင်းဒရိုစ်ကို ညှင်းပန်းနှိပ်စက်ခံရ၍ [illegible]သည့် ပုံမျိုး ဖြစ်အောင် ဖန်တီးခဲ့ကြောင်း ရှင်းပြသည်။

အင်နီသည် ချစ်သူရင်ခွင်ထဲသို့ ဝင်လိုက်၏။

သူတို့နှစ်ဦး အတူ အိပ်ကြသည်။

ယခုတော့ မီးဖိုချောင်ထဲတွင် အင်နီ ရပ်နေ၏။

အင်နီ ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်ပြီး မျက်လုံးအစုံသည် [illegible]တ်ခနဲ ဖြစ်သွား၏။ ဂျမီးလ်သည် အင်နီနည်းတူ ပြတင်းမှ အပြင်ဘက် [illegible] ကြည့်သည်။ တိုက်၏ ကိုယ်ပိုင် ကားရပ်ကွင်းတွင် နောက်ဆုံးပေါ် အမေရိကန်ကား နှစ်စင်း တစ်ဖက် တစ်ချက်စီသို့ မျက်နှာမူ၍ ရပ်ထားသည်။ [illegible]ပေါ်မှ ဒရိုင်ဘာ နှစ်ဦးမှာ စကားပြောနေကြပုံရသည်။

ဂျမီးလ်က

'ဘာထူးခြားလို့လဲ'

အင်နီက

'ကား ရပ်ထားပုံက ရဲကားတွေ ရပ်ထားပုံမျိုး ဖြစ်နေလို့ပါ'

'ဒရိုင်ဘာ နှစ်ယောက် သူတို့ အချင်းချင်း စကားပြောချင်လို့ ဖြစ်ချင် [illegible]နေမှာပါ'

'မဟုတ်သေးဘူး၊ တစ်ခုခုတော့ ဖြစ်ရမယ်'

ထိုစဉ် ကားတစ်စင်းပေါ်မှ ကားမောင်းလာသူ ခေါင်းပြူထွက်လာ၍ အင်နီ ချက်ချင်းမှတ်မိသွား၏။

'အဲဒါ မက်သရူးလာနာပဲ'

အင်နီသည် ဆတ်ခနဲ တုန်သွားပြီးနောက်

'ဒီလူဟာ ကျွန်မ အခန်းထဲကို ဖောက်ဝင်ရှာဖွေမှု လုပ်ခိုင်းသူလို့ ရတယ်'

'သူက မင်းကို သံသယ ဖြစ်နေလို့လား'

www.burmeseclassic.com

www.burmeseclassic.com



အင်နီက

'ဟုတ်ပုံ မရပါဘူး၊ သူက အဘိုးကြီး နားက ကျွန်မကို ဖယ်ထုတ်ပစ်ချင်လို့ ရတယ်လေ၊ သူက ဌာနရဲ့ အကြီးအကဲ ဖြစ်ချင်နေတာ'

'ဘာပဲပြောပြော သူ မင်းနောက်ကို နောက်ယောင်ခံလိုက်လာခဲ့နိုင်ပြီ ကျုပ်တို့ရဲ့ လုံခြုံမှုကို ထိပါးလာပြီလေ၊ ကဲ ကဲ အဝတ်အစားလဲ ကျုပ်တို့ လုပ်စရာတွေ ရှိတယ်'

၁

ရွှက်လှေကလပ်တွင် ရဲများ ရောက်လာပြီး ဖာဒီတို့ကို စစ်ဆေးမေးမြန်း ပြုသည်။

ဖာဒီက အဘူဘင်အဇစ် သူ့အတွက် ပြုလုပ် ပေးထားသော မှတ်ပုံတင် ကတ်ပြားကို ထုတ်ပြလိုက်၏။ ကတ်ပြားထဲမှ ပုဂ္ဂိုလ်မှာ မေဂျာဇစ် လီယိုနီဒိုဗစ်ဖြစ်ပြီး တန်ပြန်ထောက်လှမ်းရေးမှူး ဖြစ်ကြောင်း ထောက်လှမ်း အဖွဲ့ချုပ် အက်စ်ဘီယူမှ မေဂျာဂျင်နရယ်အီဂေါ်ရှူမီကိုကိုယ်တိုင် ထောက်ခံ ပေးထား၏။

စာစာက မေးမြန်းစုံစမ်းမှု ပြုကြသော ရဲများသည် ယခုအခါ အလေး ပြုရသော အခြေအနေသို့ ပြောင်းသွားသည်။

ရဲအရာရှိက

'ကျွန်တော် က လက်ဖတင်နင် ဟော့ဗ်ပါ၊ မေဂျာ တာဝန်ပေးသမျှ ထမ်း ဆောင်ဖို့ အဆင်သင့်ပါပဲ'

'ကျုပ် အင်မတန် ဆိုးသွမ်းတဲ့ လူသတ်သမားနောက်ကို လိုက်နေတာ ဖြစ်တယ်၊ အဲ တစ်ခု သတိပေးလိုက်မယ်၊ သူ့ ကို မင်းတို့ထဲက တစ်ယောက် ယောက် ပစ်သတ်မိသွားရင် အဲဒီလူတော့ ငါနဲ့ အတွေ့ပဲ၊ အဲဒီ လူသတ်သမား ကို ငါကိုယ်တိုင် သတ်မှာ'

၁

စုံထောက် ဘီလ်အိုဟာတန်သည် သူ၏ ကားထဲမှာ ဆေးလိပ် သောက်ရင်း ငိမ်ကျ နေ၏။ ဒီနှစ်ထဲတွင်တော့ ပျော်စရာ အကောင်းဆုံး အချိန်ဖြစ်သည်။



လာနာက ရဲလုပ်ငန်း ပြင်ပတာဝန်ကို သူ့ကို ပေးအပ် လိုက်သောကြောင့် ဖြစ်သည်။ ဒီလုပ်ငန်း ပြီးမြောက်သည်နှင့် လာနာက သူ့ကို ရာထူး တောင်း ကောင်း၊ နေရာကောင်းကောင်း ပေးမည်ဟု ကတိပေးထား၏။ လာနာ၏ ကတိစကားမှာ လေမဟုတ်ကြောင်း အိုဟာတန် သိသည်။ လာနာမှာ အရေးပါသော အကောင်ကြီး ဖြစ်သည်။ ထို့ကြောင့်လည်း အိုဟာတန်သည် လာနာ ညွှန်ကြားသမျှ ဘာမှ အတွန့်တက်မနေတော့ဘဲ အကုန်လုပ်သည်။ လာနာမှာ သူ့ ဘဝအတွက် တက်လမ်းဟု ယုံကြည်ထား သောကြောင့် ဖြစ်သည်။

အိုဟာတန်သည် စီးကရက်ကို ဖိမ်ယူ သောက်နေသော်လည်း သူ၏ အလုပ်ကို မူ သူမမေ့ပါ။ သူသည် အင်နီ ဝင်သွားသော အဆောက်အအုံ တစ်ခုလုံးကို စနစ် တကျ လေ့လာ အကဲခတ်နေပါသည်။

ခဏအကြာတွင် အင်နီဟဲလ် တစ်ယောက် ဓာတ်လှေကားဖြင့် ဆင်းလာ သည်ကို တွေ့ရသည်။ သူမသည် နောက်ဘက် အပေါက်ရှိရာသို့ သွားသည်။ သူမသည် သတ်သီးသတ်ပြာ နိုင်လှသည်။ မျက်နှာကလည်း နီရဲနေသည်။ အမျိုးသမီး ဘာတွေများ ဖြစ်ခဲ့ပါလိမ့်။

အင်နီ ဘာပဲဖြစ်ဖြစ် အိုဟာန်တန် အတွက် ဘာမှ အရေးမကြီးပါ။ သူ့ တာဝန်ဟာ အမျိုးသမီး နောက်သို့ လိုက်ရန် ထိတ်လန့် တုန်လှုပ်မှု ဖြစ်စေ ရန်သာ ဖြစ်သည်။ ထိတ်လန့်ပြီး အလွဲလွဲ အမှားမှား ပြုလုပ်စေရန်သာ ဖြစ် သည်၊ လာနာသည် အတော်ဉာဏ်များသော ပုဂ္ဂိုလ် ဖြစ်ပေသည်။ မည် သို့ပင်ဖြစ်စေ အိုဟာတန် သူ့ကို သဘောကျသည်။

အင်နီဟဲလ် သူ့နံဘေးမှ ဖြတ်သွားသည့်နောက် အိုဟာတန်သည် စီးကရက်ကို မီးသတ်လိုက်ပြီး လက်နှစ်ဖက်ကို အပေါ် ကုတ်ထဲမှာ နှိုက်ပြီး ခပ်လှမ်းလှမ်းနောက်မှ လိုက်သည်။

လမ်းထောင့် ရောက်သောအခါ အင်နီသည် မက်ဆာချူဆက် ဘက် သို့ကွေ့သွားသည်။ အိုဟာတန်သည် ခြေလှမ်း ကျဲကျဲ လှမ်းကာ လမ်းထောင့်ထိ လိုက်သည်။ သို့မှသာ ရှေ့က ပစ်မှတ်ကို လှမ်းမြင်နိုင်ပြီး မျက်ခြည်ပြတ် သွားစေရန် ဖြစ်သည်။

သည်ဘက်ခြမ်း မှာ လူနည်းနည်း ပြတ်သည်။

ထိုစဉ် တစ်စုံတစ်ရာသည် သူ့နံဘေး မှ ဆောင့်တိုက်လိုက်၍ လမ်းပေါ်သို့ အိုဟာတန် ယိမ်းယိုင်သွားကာ နံဘေးမှ အုတ်နံရံနှင့် ခေါင်း ဆောင့်မိသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တွေ လတွေ မြင်သွားသည်။ သို့စဉ်လျက် သတိအမြဲရှိသော အိုဟာတန်သည် သူ၏ လက်ဆွဲတော် သေနတ်ကို ဆွဲထုတ်ဖို့ ပြုသည်။ ထိုသို့ဆွဲထုတ်ဖို့ ကြိုးစားသော ညာလက်ကောက်ဝတ်ကို တစ်စုံတစ်ရာဖြင့် ပြင်းထန်စွာ အရိုက်ခံလိုက်ရပြီး ထို လက်သည်သုံး၍ မရတော့။ ခေါင်းတစ်ခြမ်းသည် နံရံနှင့် တိုက်မိ၍ သွေးများ ထွက်လာသည်။ သူသည် လဲပြိုကျရာမှ မော့ကြည့်ရာ ယောကျ်ား ကြီးကြီးမားမား တစ်ဦး သူ့အပေါ် မိုးရပ်နေသည်ကို တွေ့ရသည်။ တွားထပြီး ခါးမှ သေနတ်ကို ဘယ်လက်ဖြင့် ထုတ်ရန် ကြိုးစားသည်။ ထိုစဉ် သူ့ကို လူထွားက ခြေထောက်နှင့် လှိမ့်ကန်လိုက်ရာ အိုဟာတန် လိမ့်သွားသည်။ ပါးစပ်ကလည်း

'ဘာလဲဟ ဘာလဲဟ' ဟု အော်သည်။

ထိုစဉ် သူ့ကို တိုက်ခိုက်သူက ခေါင်း နားထင်နားသို့ သေနတ်ပြောင်း တစ်ခု ထိကပ်လာသည်။ သေနတ်မှာ ဆိုင်လင်စာ တပ်ထားသည်။

'မလုပ်ပါနဲ့ မလုပ်ပါနဲ့'

အိုဟာတန်သည် လူသတ်သမားကို တောင်းပန်လိုက်သည်။

ထိုစဉ် ဖောက်ခနဲ အသံတစ်ချက် ကြားလိုက်ပြီး သူ့ခေါင်းမှာ ပွင့်သွားလေ၏။ နံဘေးတစ်ဝိုက်မှ လူများအနေနှင့် ဘာမှ ထူးထူးခြားခြား သတိထားမိဟန် မရှိ။ ကျည်ဆန်သည် ဦးနှောက်ကို ထိုးဖောက်သွားသည် ဖြစ်ရာ အရာရာ အားလုံးသည် ပကတိ တိတ်ဆိတ်သွားလေတော့၏။

၀

ဆိုရာယာသည် ဘွန်းကို ကြည့်ပြီး

'ခု ပြဿနာကတော့ ရှင့်ကို ဆရာဝန် တစ်ယောက်နဲ့ ပြဖို့ပဲ'

ကမ်းခြေဘက်တွင် ရဲသားများ၏ လှုပ်ရှားသံများ ကြားနေရဆဲ ဖြစ်သည်။ ဆိုရာယာသည် ဘွန်း၏ ဒဏ်ရာကို ကြည့်သည်။

'ဒဏ်ရာက အတော် နက်တယ်၊ ဒါပေမဲ့ ကလီစာ တစ်ခုခုကိုတော့ ထိပုံ မရပါဘူး၊ ထိရင် ရှင် ဘယ်ထနိုင်မှာလဲ'

သွေးထွက်လွန်နေသော ဘွန်းကို ကြည့်ပြီး ဆိုရာယာ အတွေးထဲတွင် ဘွန်း တစ်ယောက် ပခုံးထဲတွင် ကျည်တစ်တောင့် ဝင်လျက်ဖြင့် ၃၆ နာရီနီးပါး လှုပ်ရှားနေခဲ့သည်ကို တွေ့ဖူးသည်။

ထိုစဉ် ဘွန်းက



'ကျုပ်ကို ဓားနဲ့ ထိုးတာ ဖာဒီဗျ'

ဆိုရာယာသည် တုန်သွား၏။

'ရှင်၊ ဘာပြောတယ် သူ ဒီကို ရောက်နေတယ်လား'

'သူက ကျုပ်ကို ဓားနဲ့ ထိုးတာပေါ့၊ ဒါထက် ခွေးကြီးက'

ဆိုရာယာက

'အိုလီဆန်ဒါ' ဟု အသံပြုလိုက်ရာ ကြီးမားသော ခွေးကြီးက အနားမှ နားရွက်ထောင်၍ ကြည့်သည်။

သူတို့ နှစ်ဦးသားသည် ကမ်းခြေ တစ်ခုတွင် အထီးထီး ဖြစ်နေ၏။ ရဲများက မီးမောင်းများ ထိုး၍ ရှာဖွေရေး လုပ်နေ သည်။ ထို့ပြင် ဖာဒီကလည်း ရောက်နေပါ ပေါ့လား။

ဆိုရာယာက

'ဖာဒီက ဒီကို ဘယ်လို ရောက်လာတာလဲ၊ သူက ရှင့်ကို'

'သူ ပြောသံ ကြားလိုက်ရတာကတော့ ကလဲ့စားချေတယ်ဆိုပဲ၊ ဘာ ကလဲ့စား ချေမှန်းတော့ ကျုပ် မသိဘူး၊ ကျုပ်က မမှတ်မိဘူးလို့ ပြောတာလည်း သူက မယုံဘူး'

ဘွန်း မျက်နှာသည် ဖြူရော်နေပြီး ချွေးစေးများ ပြန်နေသည်။

ဆိုရာယာသည် ဘွန်းကို တွဲမ၍ ကမ်းခြေနံဘေးမှ တူးမြောင်းတစ်ခု ရှိရာသို့ ခေါ်သွားသည်။ အပြင်ဘက် ကမ်းခြေ တစ်ဝိုက်တွင် ရဲများက လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် ရှာဖွေနေကြသည်။ ဆိုရာယာ စိတ်ထဲ တမ်းခြေတွင် သူမ၏ ခြေရာ လက်ရာ တစ်စုံတစ်ရာ မကျန်ရစ်စေ ကြောင်း ဆုတောင်းမိသည်။ အိုဒက်ဆာသည် ဆိုရာယာအတွက် ပြဿနာ ဖြစ်သည်။ အိုဒက်ဆာတွင် ဆိုရာယာ အမှားတစ်ခု ကျူးလွန်ဖူးသည်။ ယခုတော့ သူမနှင့် ဘွန်း အတူ ရောက်နေကြပြန်၏။ ဆိုရာယာသည် အခြေအနေဆိုးမှ လွတ်မြောက်အောင် လုပ်မည်ဟု ဆုံးဖြတ်သည်။

သူတို့နှစ်ဦး တူးမြောင်းထဲ တိုးဝင်ကြသည်။ ဘောက်ဆာခွေးကြီးက ဦးဆောင်လျက် ဖြစ်သည်။ အိုဒက်ဆာမြို့သည် အောက်ခြေ တစ်ဝိုက်မှာ တူးမြောင်းများ ဖောက်ထားသော မြို့ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ် အတွင်းက ပျောက်ကျားများသည် ဤတူးမြောင်းများကို ခိုအောင်းရာအဖြစ် အသုံးပြုခဲ့ သည်။ သူတို့နှစ်ဦး ဆက်လက် တိုးဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်က ရဲပဲကွ'

ကာရင်အယ်လ်ဂျမီးလ်သည် အိုဗာတန် အိတ်ထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူ၍ အထဲမှ ကတ်ပြားကို ကြည့်ရင်း ပြောနေခြင်း ဖြစ်သည်။

'စုံထောက် တစ်ယောက်တဲ့၊ မက်ထရို ရဲအဖွဲ့က'

အင်နီဟဲလ်သည် အိုဗာတန် ထားခဲ့သော ကားကို လဲကျရာသို့ မောင်းနှင်ယူခဲ့ပြီး ဖြစ်သည်။ သူမက

'ဒီစုံထောက်ကို လာနာက တာဝန် ပေးထားတာပဲ ဖြစ်မယ်၊ ဒီစုံထောက်ပဲ ကျွန်မ အိမ်ခန်းကို ဖောက်ထွင်း ဝင်လာတဲ့သူ ဖြစ်မယ်'

သူတို့ နှစ်ဦးသား လေးလံသော အိုဗာတန်၏ ရုပ်အလောင်းကို မ၍ တား နောက်ခန်းထဲသို့ ထည့်သည်။

ပြီးနောက် အရှေ့ပိုင်း အစွန်သို့ မောင်းခိုင်းသည်။ ကားကိုချောက်တစ်ခု ထဲသို့ တွန်းချပြီး ပြန်လာကြသည်။

၀

ဆိုရာယာသည် တူးမြောင်းအတိုင်း ဆက်သွားနေသည်။

'နောက်ဘက်က ရဲတွေရဲ့ အသံတွေ ကြားရတယ်၊ ဒါပေမဲ့ သူတို့ရဲ့ လက်နှိပ် ဓာတ်မီး ရောင်တော့ မတွေ့ရဘူး၊ ဒါကောင်းတဲ့ အချက်ပဲ'

ဘွန်းက

'ဖာဒီက ကျုပ် ဒဏ်ရာရသွားတာ သိတယ်၊ ကျုပ် သူ့လက်က လွတ်အောင် မပြေးနိုင်ဘူးလို့ တွက်မယ်'

'ဒါပေမဲ့ သူက ကျွန်မ ရှိတာ မသိဘူး'

ဘွန်းသည် ဆိုရာယာကို ကြည့်လိုက်၏။

'မင်း ကျုပ်ကို ဘယ်လိုလုပ်ပြီး ရှာတွေ့တာလဲ'

ဆိုရာယာက

'ပစ်မှတ် တစ်ခုကို လိုက်ရှာသလို လိုက်ရှာရင်း တွေ့တာပေ့ါ၊ ပြီးတော့ ကျွန်မက အိုဒက်ဆာကို ကျွမ်းတယ်'

'ရှင်ဒီကို တာဝန်ကျလာတုန်းက ကျွန်မက အိုဒက်ဆာ အဖွဲ့ရဲ့တာဝန်မှူးလေ'

'နေပါဦး ကျုပ်က ဘယ်တုန်းက. . .'



ရုတ်တရက်ပင် ဘွန်းခေါင်းထဲတွင် မှတ်ဉာဏ်များ ရောက်လာသည်။ သူနဲ့ မာရီတို့ ထွက်ပြေးလာကြသည့် ပုံရိပ်များ လိုလို. . . .။

ဘွန်းသည် ဆိုရာယာကို ထပ်ကြည့်သည်။ သည်မျက်နှာ၊ သည်အသံသည် သူနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးပုံ ရနေသည်။

'ဆိုရာယာ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ကျုပ် အိုဒက်ဆာမှာ မင်းနဲ့အတူ လုပ်ရှား ခဲ့တာလား'

ဘွန်း ဒဏ်ရာမှ သွေးများ ထွက်လာ သည်။

ဆိုရာယာက

'နည်းနည်း ကြိုးစားလိုက်ပါဦး၊ ဟို နေရာကို ရောက်ပါတော့မယ်'

'ဘယ်နေရာလဲ'

'ဟိုအရင် ကျွန်မတို့ ပုန်းခိုခဲ့တဲ့ နေရာပေ့ါ'

သူတို့သည် အခန်းတစ်ခု ရှိရာသို့ ရောက်လာသည်။ အခန်းထဲတွင် ကွပ်ပျစ် တစ်လုံး ရှိသည်။ ဆိုရာယာသည် ဘွန်း အား ကွပ်ပျစ်ပေါ် လှဲစေ၏။

ဘွန်းက

'ကျုပ် ဒီမှာ နေလို့ မဖြစ်ဘူး ထင်တယ်'

'ဖြစ်ပါတယ်၊ နေပါ။ ရှင် သွေးထွက် လွန်နေတယ်၊ ဆေးမြန်မြန် ထိုးပေးဖို့ လိုတယ်၊ အိုဒက်ဆာ စီအိုင်အဖွဲ့မှာ ကျွန်မ ယုံကြည်ရတဲ့ ဆရာဝန်တစ်ယောက် ရှိတယ်၊ သူ့ဆီက ဆေးသွားယူမယ်'

'ကျုပ်က ဒီမှာ လှဲပြီး စောင့်နေရမှာလား မဖြစ်နိုင်ပါဘူး'

ဆိုရာယာက

'အိုလီဆန်ဒါက ရှင်နဲ့ နေခဲ့မှာပါ။ သူက သူ့အသက်နဲ့ လဲပြီး ကာကွယ်မှာပါ၊ မဟုတ်ဘူးလား သားရယ်'

ဘောက်ဆာခွေးကြီးက နားလည်ဟန် ပြပြီး ဘွန်းအနား လာကပ်သည်။

ဆိုရာယာက

'ကျွန်မ မကြာစေရပါဘူး၊ ကျွန်မ ရှင့်ကို ပစ်မထားခဲ့ပါဘူး၊ စိတ်ချပါ'

ဆိုရာယာ ထွက်သွားသည်။

ဘွန်း ငေးကြည့်ကျန်ရစ်သည်။

ဘောက်ဆာခွေးကြီးသည် အနားမှာ စောင့်လျက်။

www.burmeseclassic.com

www.burmeseclassic.com



တူးမြောင်းထဲ လိုက်လာကြသော ဖာဒီနှင့် ရဲများသည် လမ်းခွဲမှာ လွဲလိုက်ကြပုံရသည်။ ရဲအရာရှိက

'ဒီဘက်မှာ မရှိဘူး'

ဖာဒီက

'ဒါဆို ဟိုဘက် ဆက်ရှာတာပေါ့'

ဖာဒီသည် သူ၏ လက်စွဲဓားမြှောင်ကို လက်ထဲသို့ ထုတ်ကိုင်လိုက်သည်။

ကာရင်အယ်လ်ဂျမီးလ်သည် သရေခါးစည်းကိုပတ်လျက် ထူထဲလေးလံသော အလုပ်ခွင် လက်အိတ်ကြီးကို စွပ်လျက် လွှစက်၏ ကြိုးကို ဆွဲ၍ နှိုးလိုက်၏။ သူက

'ကျုပ်တို့ရဲ့ စီမံကိန်းဟာ အမေရိကန် မြို့ကြီးတွေမှာ အဏုမြူဗုံးတွေ ဖောက်ခွဲကြဖို့ ဖြစ်တယ်၊ ဒီစီမံကိန်း အောင်မြင်ဖို့အတွက် နှစ်ပေါင်းများစွာ စီစဉ်ခဲ့ကြရတယ်၊ အင်မတန် သိုသိပ် လုံခြုံဖို့ လိုအပ်တယ်'

သူတို့ ရောက်ရှိနေသော လုံခြုံမှု အိမ်မှာ အသံဖမ်းစက်များ ရှိမနေသည်မှာ သေချာသည့်တိုင် အင်မတန် သတိကြီးမားသူ ဖြစ်သည့်အတိုင်းဂရုတစိုက် ပြောကြားလိုက်၏။

ထို့နောက်မှာ သတ္တုလှည်းပေါ်၌ တင်ထားသော စုံထောက် အိုဗာတန်၏ ရုပ်အလောင်းကို ဖြတ်တောက်နေ၏။ ဤ နေရာမှာ အထူး လုံခြုံလှပေသည်။

သူက

'အဲဒါကို အောင်မြင်ဖို့အတွက် ကျုပ်တို့မှာ အထူး လုံခြုံစိတ်ချဖို့ လိုအပ်တယ်'

နံဘေးက ကူညီနေသော အင်နီဟဲလ်က

'ရှင် မာတင်လင်းဒရီ့စ် အသွင် ပြောင်းလိုက်ရာမှာ ဂျေဆင်ဘွန်းရဲ့ ထောက်ခံမှုတော့ လိုတယ်ရှင့်၊ သူက ကြည်ကြည် ဖြူဖြူတော့ လုပ်ပေးမှာ မဟုတ်ဘူး၊ သူ့ရဲ့ ထောက်ခံမှု ရအောင်တော့ ကျွန်မတို့ လုပ်ကြရမယ်၊ ကျွန်မမှာ ဂျေဆင်ဘွန်းရဲ့ ကိုယ်ရေးဖိုင် အပြည့် အစုံ ရှိပြီး ဖြစ်လေတော့ သူ့ အားနည်းချက်ကို သိပါတယ်၊ ဘွန်းမှာ အားနည်းချက်က သူ့ မှတ်ဉာဏ်ပဲ။ သူဟာ အင်မတန် စွမ်းအား ရှိသူ ဖြစ်ပေမယ့် အင်မတန် အသိဉာဏ် ထက်သူ ဖြစ်ပေမယ့် သူ့မှာ ဇာတ်ကြောင်းကို ပြည့်ပြည့်စုံစုံ မမှတ်မိနိုင်ဘူး ဆိုတာ ရှိနေတယ်လေ'



အင်နီဟဲလ်သည် ပါးစပ်မှ ထိုသို့ ပြောနေသော်လည်း လက်တ[illegible] တစ်ယောက် စုံထောက် အိုဗာတန်၏ ရုပ်အလောင်းကို ဖြတ်ဆီးရာ၌ [illegible] ပေးနေ၏။

ဂျမီးလ်က ပြုံးပြလိုက်ရင်း

'အတိတ်က ရောဂါနဲ့ ပတ်သက်ပြီး ကျုပ် သေချာ လေ့လာကြည့်ပြီးပါပြီ၊ သူ့ ဦးနှောက်ကိုလည်း အလွဲမှတ်ဉာဏ် ထည့်ထားပြီးသားပါ။ အတိတ်မေ့ ရောဂါရှင် တစ်ယောက်ဟာ ထူးခြား ပြင်းထန်တဲ့ ခံစားမှုတစ်ခုနဲ့ ကြုံတွေ့ လာရရင် ပြောင်းလဲမှု ဖြစ်လာမှာပါ။ ကျုပ်တို့က ဘွန်းကို တစ်ခုခုဖြစ်အောင် လုပ်ပေးရမယ်လေ၊ ဒါမှ သူ့မှတ်ဉာဏ်ဟာ ပိုပြီး ဝေးသွားနိုင်မယ်'

'ဪ ဒါကြောင့်ကိုး၊ ဘွန်းရဲ့ ဇနီးဟာ မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးသွားရတဲ့ အကြောင်းကို ရှင်တို့ အသုံးပြုခဲ့တာပေါ့'

ဂျမီးလ်က

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ မျိုးနွယ်စု ဖြစ်တဲ့ ဘီဒိုဝင်းတို့ရဲ့ စကားအတိုင်းပေါ့၊ ဘဝဆိုတာ အလာသခင်ရဲ့ အလိုဆန္ဒ အတိုင်း ဖြစ်မှာပဲတဲ့၊ ဂျေဆင်ဘွန်းရဲ့ ဦးနှောက်ထဲမှာ သူ့ဇနီး သေဆုံးမှု အကြောင်း ထည့်ပေးထားလိုက်ဖို့ လိုတယ်လေ၊ ဒါကြောင့် သူ့ကို ဆေးကုသ ဖို့ လိုတယ်လို့ မင်းကို ညွှန်ကြားခဲ့တာပေါ့'

အင်နီဟဲလ်က

'ဟုတ်ပါပြီ၊ ကျွန်မ နားလည်ပါပြီ၊ အဲဒီလို သူ့ကိုတိုက်တွန်းရာမှာလည်း သူအယုံကြည်ရဆုံး မိတ်ဆွေ မာတင်လင်းဒရီ့စ် စကားမှ ဖြစ်မှာ၊ဒါကြောင့်လည်း မာတင်လင်းဒရီ့စ်က သူ့ကို ဒေါက်တာ အလင်ဆန်ဒါလင်နဲ့သွားတွေ့ဖို့ တိုက်တွန်းကြောင်း ဆရာဝန်နာမည်နဲ့ လိပ်စာကို ပေးလိုက်တာပေါ့'

ဂျမီးလ်က

'ဟုတ်တယ်၊ ဒါကြောင့်လည်း ကျုပ်တို့က ဘွန်းကို ဒေါက်တာဆန်ဒါလင်နဲ့ အင်္ဂါနေ့မှာ သွားတွေ့ဖို့ စီစဉ်ခိုင်းလိုက်တာပေါ့၊ အင်္ဂါနေ့မှာ ဒေါက်တာဆန်ဒါလင်နဲ့ သူ့ရဲ့ ရုံးအဖွဲ့က အနားယူကြတယ်လေ၊ အဲဒီမှာတင် ကျုပ်တော ကျုပ်တို့ရဲ့ ဆရာဝန် ဒေါက်တာ ကွန်စတင် ဗိန်းထရော့ကို အစားထိုးခဲ့တာပေါ့'

'ကောင်းလိုက်တဲ့ စိတ်ကူးရှင်'

အင်နီဟဲလ်၏ မျက်လုံး အစုံမှာ ဂျမီးလ်ကို အံ့ဩ ချီးကျူးသော အကြည့်ဖြင့် ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျမီးလ်သည် အင်နီဟဲလ်ကို ကြည့်လိုက်သည်။ အင်နီဟဲလ်သည် ရုပ်အလောင်းကို ဖျက်ဆီးနေချိန်တွင် တွန့်ဆုတ်ခြင်း မရှိဘဲ အကူအညီပေးနေသူဖြစ်သဖြင့် မိန်းမသား တစ်ယောက် အနေဖြင့် အမှတ်တွေ ပိုပေးနေမိ၏။ ဂျမီးလ်တို့ မိသားစုတွင် ညီမလေး ဆာရာပဲ ရှိသည်။ ဆာရာမှာ ချစ်စရာကောင်းပြီး ပိန်ပိန်ပါးပါး လှပသူလေး ဖြစ်သော်လည်း ရဲရင့်သူ တစ်ဦးတော့ မဟုတ်ပေ။ ဘာပဲပြောပြော ဆာရာသည် အသက်ငယ်ငယ်နှင့်သေဆုံးထိုက်သူကား မဟုတ်ပေ။ ဆာရာအတွက် ကလဲ့စား ချေခြင်းသည်သာ မိသားစု၏ ဂုဏ်သရေကို အဖတ်ဆယ် နိုင်မည် ဖြစ်သည်။

သူတို့ မိသားစု မိရိုးဖလာ ထုံးတမ်းစဉ်လာ အရ အမျိုးသမီးများသည် ယောကျ်ားသားများ၏ အလုပ်တွင် မည်သို့မှ ပါဝင်စွက်ဖက်နိုင်ခြင်း မရှိ။ အမျိုး သမီးများသည် ဘာကိုမှ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် မရှိ။ ကာရင်အယ်လ်ဂျမီးလ်၏ မိခင်မှာ ခြွင်းချက်ဖြစ်သည်။ သူ့မိခင်မှာ အစ္စလာမ် ဘာသာကို မဝင် ရောက်ခဲ့ပေ။ သူ့ဖခင်ကြီးသည် ဇနီးဖြစ်သူ အစ္စလမ် ဘာသာ မဝင်ခဲ့ခြင်းကို ဘယ်လိုမှ အတင်းအကျပ် မလုပ်နိုင်ခဲ့။ ဤသည်ကိုပင် သူ စိတ်ထဲ၌ သဘောကျ ကျေနပ်နေပုံ ရ၏။ ထို့ကြောင့် သူ့ဖခင်သည် သူ့ တပည့်နောက်လိုက်များ အကြား၌ အမုန်းများခဲ့၏။ ဂျမီးလ် ကိုယ်တိုင်လည်း ထိုကိစ္စအတွက် ဘယ်လိုမှ မအောက်မေ့ခဲ့။ သူ့မိခင်နှင့် သူတို့သည် ညီမလေး ဆာရာ သေဆုံးခဲ့ရသည့်အတွက်သာ ဝမ်းနည်းမှု ဖြစ်ခဲ့ကြရ၏။

အင်နီဟဲလ်က

'ဒေါက်တာ ဗိန်းထရော့က ဘွန်းကို ဘာတွေ လုပ်ပေးလိုက်တာလဲဟင်'

ရုပ်အလောင်းကို ဖြတ်တောက်နေရာမှ ဂျမီးလ်က

'ဒေါက်တာ ဗိန်းထရော့ဟာ စိတ်ပညာ ရောဂါ ပါရဂူပဲ၊ အထူးသဖြင့် အတိတ်မေ့ ရောဂါ ကုသရာမှာ အင်မတန် စွမ်းသူ ဖြစ်တယ်၊ ကျုပ်က ဘွန်းရဲ့ အတိတ်မေ့ ရောဂါနဲ့ သမိုင်းကို ပြောပြလိုက်တော့ သူပဲ အကြံပေးပြီး သူပဲ ဘွန်းရဲ့ ဦးနှောက်ထဲကို ဆေးဝါးတစ်ခု သွင်းပေးခဲ့တယ်၊ ဘွန်း ပုံမှန် အနေအထား ပြန်မရောက်သွားအောင်ပေါ့'

အင်နီက

'ကျွန်မတို့ အနောက်တိုင်းမှာတော့ အဲဒါမျိုးကို ဦးနှောက်ဆေးပစ်တယ်လို့ ခေါ်ကြတယ်'

ဂျမီးလ်က ခေါင်းညိတ်ပြပြီး



'ဟုတ်ပါတယ်၊ အဲဒီ သဘောမျိုးပါပဲ၊ ခန္ဓာကိုယ်ရဲ့ စွမ်းအင်တွေ ဘာမှ ပြောင်းလဲ မသွားပေမယ့် ဦးနှောက်ရဲ့ ဆုံးဖြတ်မှုကတော့ မရေမရာ မှိုင်းတွေ လာတာမျိုးပေါ့'

အင်နီက

'ဥပမာ တစ်ခုလောက် ပြောပါလား'

ဂျမီးလ်က

'ဥပမာ ပြောရရင် ဟီရမ် စီဗစ်ကို အချုပ်ခန်းထဲမှာ တွေ့လိုက် ရတော့ အကျဉ်းသား တစ်ယောက်လို ချုပ်နှောင် စစ်မေးခြင်းထက် အပြင်ထုတ် စစ်မေးလို့ ရနိုင်တယ်လို့ သူ တွေးမိသွားတယ်လေ၊ သူလည်းအချုပ်အနှောင်ထဲမှာ နှိပ်စက်ခံ မေးမြန်းခံရဖူးတာကိုး၊ ဒါ့ကြောင့် သူက ဖာဒီကို အချုပ်ထဲက အပြင်ကို ထုတ်ပေးတာပေါ့၊ သူ့ဦးနှောက်သာ ပုံမှန် ဖြစ်နေရင် သူဒီလိုမျိုး ဘယ်လုပ်မလဲ၊ သူက အဲဒီလို လုပ်လိုက်လို့ ကျုပ်တို့မှာ ရလဒ်ကောင်း နှစ်ခု ရလိုက်တယ်၊ တစ်ခုက ဖာဒီ လွတ်မြောက်လာတယ်၊ နောက် တစ်ခုကတော့ ဂျေဆင်ဘွန်း အပေါ်မှာ သူ့ရဲ့ အဖွဲ့အစည်းကိုယ်၌က ယုံကြည်မှု မရှိတော့ဘဲ သံသယ ရှိလာစေတာပဲ'

သူတို့နှစ်ဦးသား ရုပ်အလောင်းကို ဖျောက်ဖျက်ပြီးသည့် နောက် အင်နီဟဲလ်က

'ဒါထက် ကျွန်မတို့မှာ မစ္စတာ လာနာကိုလည်း စဉ်းစားရဦးမယ်နော်'

ဂျမီးလ်က ခေါင်းညိတ်ပြ၏။

'ဟုတ်ပါတယ်၊ မင်းကလည်း မင်း နောက်ကျောလုံအောင် ဂရုစိုက်ပြီးနေပေါ့။ သူ့ကို ကျုပ် ဘယ်လို လုပ်ကိုင်ရမယ် ဆိုတာ မဆုံးဖြတ်ရသေးခင် အထိပေါ့၊ တစ်ခု သေချာတာကတော့ သူ့ကို အိုဗာ တန်ကို ရှင်းပစ်သလိုတော့ လုပ်ဖို့ မလွယ် လှဘူး'

လုပ်စရာ အလုပ်များ ပြီးသည်နှင့် နှစ်ဦးသား ထိုအလုပ်ခန်းထဲမှ အပြင်သို့ ထွက်လိုက်ကြလေ၏။

သူတို့ ဝင်ရောက်လုပ်ကိုင်ခဲ့သော M & N လုပ်ငန်းသုံး အဆောက်အအုံသည် မီးဟုန်းဟုန်းတောက် လောင်ကျွမ်း ကျန်ရစ်လေ၏။

www.burmeseclassic.com



M & N အဆောက်အအုံ မီးလောင်ကျွမ်းမှု မဖြစ်မီကပင် ဒီရွန်၏ လူယုံ တိုင်ရွှန်သည် ခပ်လှမ်းလှမ်း ကျောက်တုံးများ နောက်ကွယ်မှ ပုန်းလျှိုး စောင့်ကြည့်နေပြီး ဖြစ်သည်။ တိုင်ရွှန်သည် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး အဆောက်အအုံထဲ ဝင်သွားသည်ကို မြင်လိုက်သည်။ သူသည် အေးစက်လွန်းလှသဖြင့် ဦးထုပ် ယူလာပေးသူရှိက ကောင်းလေစွဟု တွေးနေမိသည်။

ထိုအဆောက်အအုံအဟောင်း ရှိရာသို့ မော်တော်ကား တစ်စီး ဝင်လာတတည်းက သူမြင်သည်။ သူသည် လပေါင်း များစွာကပင် ဤနေရာကို စောင့်ကြည့်လေ့လာနေခဲ့သူ ဖြစ်သည်။ ဤ အဆောက်အအုံသည် စွန့်ပစ်ထားသော အဆောက်အအုံ ဖြစ်ပါက သူ၏ လူများ စခန်းချရန်ပင် ရည်စူးထားမိခဲ့၏။ သို့သော် လွန်ခဲ့သော ၆ ပတ် ခန့်ကမူ ဒီနေရာ၌ လှုပ်ရှားမှုများ တွေ့မြင်လာရသည်။ ထိုလှုပ်ရှားသူများသည် သူတကာ အလုပ် သိမ်းချိန် အချိန်မတော်ကြီးတွင်မှ လာရောက်ကြသူများ ဖြစ်သည်။

သူ စောင့်ကြည့်စဉ် အထဲသို့ မုတ်ဆိတ်မွေးနှင့် လူနှစ်ဦး ဝင်သွားသည်ကို တွေ့ရပြီး မုတ်ဆိတ် တစ်ဦးက အပြင်၌ အစောင့်တစ်ယောက်လို ကင်းစောင့်နေသည်ကို တွေ့ရ၏။ အစောင့် ခါးကြားတွင် သေနတ်ပါသည်မှာ သေချာသည်။ ဤကဲ့သို့ မုတ်ဆိတ်ကျင်စွယ် ထားသူများသည် အော်သိုဒေါက် ဂျူးလူမျိုးများ သော်လည်းကောင်း၊ အာရပ် အကြမ်းဖက် သမားများသော်လည်းကောင်း ဖြစ်နိုင်ကြောင်း သူ ယူဆ၏။

သူနှင့်အတူ စောင့်ကြည့်နေရသူ ဒီ ဂျေတင့်တို့ တစ်ညက အဆောက်အအုံနားသို့ ရောက်အောင် ချဉ်းကပ်၍ ပြတင်းပေါက်မှ အတွင်းသို့ ကြည့်လိုက်ရာအထဲမှ မုတ်ဆိတ်နှစ်ဦးသည် အဆောက်အအုံကို လျှပ်စစ်မီးများ ပြန်လည် ဆက်သွယ်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို တွေ့ခဲ့ရ၏။

တစ်ည ထိုလူများ မရှိတော့သော အချိန်တွင် တိုင်ရွှန် နောက်ဖေးပေါက်မှ သော့တူဖြင့် ဖွင့်ပြီး အတွင်းသို့ ဝင်ကြည့်ခဲ့၏။ အထဲ၌ ဖောက်ခွဲရေး ပစ္စည်းများနှင့် တခြား အမျိုးအမည် မသိသော ပစ္စည်းများကို တွေ့ရှိရသဖြင့် ဒီရွှန်ကို ဆက်သွယ်မေးမြန်းရာ အလွန် ပြင်းထန်သော ပေါက်ကွဲမှု ဖြစ်စေသည့် ပစ္စည်းများဟု ဆို၏။

ထိုနေ့မှ အစပြု၍ တိုင်ရွှန်သည် ဤအဆောက်အအုံကို ညစဉ်မပြတ် စောင့်ဆိုင်း ကြည့်ရှုနေခဲ့ရာ ယနေ့ညတွင်တော့ ရလဒ်ကောင်း ရလာခြင်း ဖြစ်သည်။



တိုင်ရွှန်သည် အဆောက်အအုံ နံဘေး မှန်ပြတင်းမှအတွင်းသို့ ကြည့် လိုက်ရာ ထိုအမျိုးသားနှင့် အမျိုးသမီးတို့သည် ရုပ်အလောင်းတစ်ခုကို ...တ်ဆီးပစ် နေကြသည်ကို မြင်ရ၏။ အသေအချာ ကြည့်လိုက်သောအခါ ...ို ရုပ်အလောင်း မှာ မစ္စဆိုဖီယာနောက်သို့ နောက်ယောင်ခံ လိုက်လာသော ...ထောက် ဖြစ်နေကြောင်း သူ မှတ်မိသွား၏။ မစ္စဆိုဖီယာသည် ဤကိစ္စတို့ အထူး စိတ်ဝင်စားနိုင်ကြောင်း သူ သိသည်။ ထို့ကြောင့် ထို အမျိုးသားနှင့် အမျိုးသမီးတို့၏ ရုပ်ရည်ကို အသေချာ မှတ်သားနေလိုက်မိ၏။

ထိုည၌ပင် ထိုအဆောက်အုံသည် ပေါက်ကွဲ မီးလောင်သွားခြင်းဖြစ်သည်၊

မီးမလောင်မီ တစ်ရက် နှစ်ရက်က သူတို့နှစ်ဦး ထိုအဆောက်အုံတွင်းသို့ ...ဆင်ရောက် ကြည့်ရှုကြရာ ဖောက်ခွဲရေး ပစ္စည်းများ ကိုလည်း မတွေ့ကြရ ...သော့ ကြောင်း သူ မှတ်သားမိ၏။

၁

...ာကွယ်ရေး ဝန်ကြီးဌာန အတွင်းရေးမှူး ဘတ်ဟောလီဒေးနှင့် မက်သရူး ...ာနဘတ်တို့ နေ့လယ်စာ အတူ စားကြသည်။

စားသောက် အပြီးတွင် အတွင်းရေးမှူးက

'ဒါဆို အဘိုးကြီးက ခင်ဗျားကို သူ့ ကိုယ်ပိုင် လူသတ်သမား အဖြစ် ...င်းလိုက် တာပေါ့လေ'

လာနာက

'အဲဒီ သဘောမျိုးပါပဲ'

အတွင်းရေးမှူးက

'အဲဒီအတွက် ခင်ဗျား ဘယ်လို သဘောရသလဲ'

'ကျုပ်ဟာ ပေးအပ်တဲ့ တာဝန် တစ်ရပ်ကို ဘယ်တုန်းကမှ မငြင်းဆန်ဘူး၊ ...က်လည်း မတွန့်ပါဘူး'

'ဒီ ဂျေဆင်ဘွန်းကို ရှင်းလင်းဖို့ကိစ္စ အတွက် ဆိုရင် ခင်ဗျား အိုဒက်ဆာ ... သွားရမှာပေါ့၊ ဒါဆို ဗ ဌာနချုပ်နဲ့ ဝေးမသွားဘူးလား'

'ဝေးတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါက အဘိုးကြီး ကိုယ်တိုင်ကခိုင်းတဲ့ကိစ္စပဲ ...'

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးက

'ဒါထက် အင်နီဟဲလ် ကိစ္စကရော'

'ကျုပ် ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက် အင်နီဟဲလ်ကို စောင့်ကြည့်ဖို့ တာဝန်ပေးထားပါတယ်၊ ဒီလူဟာ ခွေးဘီလူးလို လူမျိုးပါ၊ သူ အသက်ဆုံးရှုံးမှ ရပ်မယ့် လူပါဗျ'

၁

ဂျေဆင်ဘွန်းသည် အိပ်မက် မက်ပြန်သည်။ သည်တစ်ကြိမ်တော့ အိပ်မက်မဟုတ်ကြောင်း သူ သိသည်။ သူ့ မှတ်ဉာဏ်ထဲမှာ ပျောက်ဆုံးနေသော အချက်များ ပြန်ပေါ်လာခြင်း ဖြစ်သည်။ ဂျစ်ဆောပါဇယ် အရုပ်ဆက်ကစားနည်း တစ်ခုမှ အပိုင်းအစလေးများ ပြန်ဆက်မိသွားသည့် သဘောပင်။

*ညစ်ပေသော အိုဒက်ဆာ နောက်ဖေး လမ်းကြား တစ်ခုတွင် သူ့အနားမှာ ဆိုရာယာ ထိုင်နေ၏။ ဆိုရာယာက နာကြည်းစွာဖြင့်*

*'ဒီကောင် တာရစ် ဘင်အာဟာ အစကတည်းက ကျွန်မကို လှည့်ဖြားနေတာ မရပါဘူး၊ သူဟာ ဟာမစ်ဘင်အာရဲ့ သားပဲ၊ သူက ကျွန်မတို့ကို ဒီထောင်ချောက်ထဲ ရောက်အောင် လှည့်ဖြားခဲ့တာပဲ'*

*ဂျေဆင်ဘွန်းသည် ထိုင်ရာမှ ထလိုက်၏။*

*ဟာမစ်ဘင်အာရှက်ကို ရှာပြီး သတ်ရန် ဌာနမှူး ကွန်ကလင်းက ဘွန်းကို တာဝန်ပေးထားပြီး ဖြစ်သည်။ သူက ဆိုရာယာအား*

*'သူဘယ်မှာ ရှိသလဲ သိသလား'*

*ဆိုရာယာက*

*'သိတယ်၊ သူ အော်တရာခါ ကမ်းခြေမှာ ရှိတယ်'*

၁

ခွေးကြီး အိုလီဆန်ဒါက သူ့နှုတ်သီးဖြင့် ဘွန်းကို ပွတ်လိုက်ရာ ဘွန်း အိပ်ဆေးစိတ်ကူးမှ နိုးလာပြီး မျက်မှောက် အခြေအနေကို သတိမူမိရန် ဖြစ်၏။ သူသည် ခေတ္တမျှ အိပ်ပျော်သွားခြင်း ဖြစ်မည်။ ခွေးကြီး အိုလီသည် သူ၏ သက်တော်စောင့် ဖြစ်သည်။

လိုဏ်ဂူ အတွင်းဘက်မှ ခြေသံ ကြားရသည်။



ဒဏ်ရာမှ ဝေဒနာကို ကြိုးစား မေ့ဖျောက်ပြီး ထထိုင်ဖို့ ကြိုးစားသည်။ ဆိုရာယာ ပြန်ရောက်ရန်မှာ စောလွန်းလှ သေးသည်။ သူသည် နံရံကိုမှီလိုက်၏။ သူသည် သွေးထွက်လွန်၍ အားနည်းလှပြီ ဖြစ်သည်။ သို့သော် သူသည် အာရုံများကို စုစည်း၍ ရန်သူကို ရင်ဆိုင်ရန် အသင့် လုပ်ထား၏။

အပြင်မှ မီးရောင်များ၊ အသံများအရ သည်ဘက်သို့ တိုက်ရိုက်လာပုံတော့ မရ။ သို့သော် လိုဏ်ဂူအတွင်းသို့ လိုက်လာနေသည်ကား သေချာသည်။

သူ့နံဘေးမှာ ခွေးကြီး အိုယီက သက်တော်စောင့် လုပ်နေသည်။ ဘွန်း ခွေးကြီး အိုယီ နားရွက်နောက်နားသို့ ဆိုရာယာ ပွတ်ပေးသလို ပွတ်ပေးလိုက်၏။ ဆိုရာယာသည် ဘယ်သူ ဖြစ်ပါလိမ့်။ သူ့ကိုယ် သူ ပြန်မေးနေမိသည်။ ဆိုရာယာသည် သူ့အတွက် ဘာအဓိပ္ပာယ် ရှိနေပါလိမ့်။ သူ မုန်တိုင်း ရှုံးခန်းသို့ ဝင်လာစဉ် ဆိုရာယာ မျက်နှာပေါ်မှာ ဖြစ်ပေါ်လာသော မျက်နှာထားမှာ ထိုစဉ်ကပင် ထူးဆန်းလှသည်ဟု ယူဆခဲ့မိသည်။ ယခုတော့ အဓိပ္ပာယ် ရှိလာပြီ ဖြစ်သည်။ ဆိုရာယာသည် သူမအား သူ မှတ်မိစေချင်သည်။ ဒီ အိုဒက်ဆာတွင် အတူတကွ တာဝန် ထမ်းဆောင်ခဲ့ပုံကို သတိရစေချင်ပုံ ရ၏။ သူတို့ ဘာတွေ လုပ်ခဲ့ကြပါလိမ့်။ ဆိုရာယာ တစ်ယောက် ဘာကြောင့် ဘယ်လို သတ်ကွင်းထဲ အထိ လိုက်လာရပါသနည်း။

ခပ်လှမ်းလှမ်းမှ အလင်းရောင်သည် ပိုပြင်းလို ဖြစ်လာ၏။ သူ့တွင် အတိတ် ဖြစ်ရပ်များကို ပြန်လည် တူးဆွနေဖို့အချိန် မဟုတ်တော့။ ယခု အချိန်မှာ လှုပ်ရှားရမည့် အချိန်ဖြစ်သည်။ ဤသို့ဖြင့် သူ လှုပ်ရှားမှုပြုရန် ကြိုးစားလိုက်ချိန်မှာပင် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ကျောက်နံရံကို လက်ဖြင့် ထိန်းလိုက်စဉ် ဒူးများ ညွတ်ခွေ ကျသွားသည်။ အလင်းရောင်သည် ပို လင်းလာ၏။ သူ့အနေဖြင့် ဘာမှ မလုပ်နိုင်တော့။

သူသည် လက်ဝဲဘက် လိုဏ်ကြောင်း အတိုင်း လိုက်ခဲ့ရင်း နားကိုစွင့်ထား၏။ ရုတ်တရက် ဖြောက်ခနဲ ကြားရတိုင်း အသံကြားရာသို့ကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ အသံကြားရာ အရပ်တိုင်း သူ မြင်တွေ့ ရသည်မှာ လင်းနို့ကြွက်များသာ ဖြစ်နေ၏။ မီးရောင်ကြောင့် မျက်လုံးနီများဖြင့် ကြောင်ကြောင်တောင် ကြည့်ကာ တိမ်းရှောင် ထွက်ပြေးကြသော ကြွက်များသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ ဟာဒီ စိတ်ထဲတွင် တစ်ခုသာ ရှိသည်။ မပြီးပြတ်သေးသည့် ကိစ္စ… ဆောင်ရွက်ရန်ပဲ ဖြစ်သည်။ သူ့ဖခင်ကြီးကို သတိရသည်။ သတ္တိပြောင်မြောက်… ထူးချွန်လှသော ဖခင်ကြီး၊ တောင့်တင်း ခိုင်မာသန်စွမ်းလှသော ဖခင်ကြီး… ကျည်ထိမှန်ပြီး တွန်းလှည်းပေါ်သို့ မစွမ်းသန်သော လူနာကြီး အဖြစ်… ရောက်ရှိရသည့် ဖခင်ကြီး။ ထိုကဲ့သို့ ပြုလုပ်ခဲ့သူမှာ ဘွန်းနှင့် ထိုမိန်းမ… ဖြစ်သည်။ ယခု ဘွန်းနှင့် ထိုမိန်းမတို့သည် သူနှင့်ဘာမှ မကွာဝေးတော့။ … သေနတ်ဖြင့် ပစ်သတ်နိုင်သည့် သေနတ်တစ်ကမ်းမှာ ရှိနေပြီ ဖြစ်သည်။ သို့သော် ပြဿနာကား ဂျေဆင်ဘွန်း ဖြစ်သည်။ ဂျေဆင်ဘွန်းသည် မျက်လှည့် ဆရာ ဖြစ်သည်။ အသွင်အမျိုးမျိုး ပြောင်း၊ အခြေအနေ အမျိုး… ပြောင်းအောင် ပြုလုပ်နိုင်သူ ဖြစ်သည်။ မမျှော်လင့်သည့် အချိန်… မမျှော်လင့်ဘဲ လေထဲမှာ ပျောက်ကွယ် သွားတတ်သူ ဖြစ်သည်။ တကယ်… ဘွန်းသည်လည်း ဟာဒီ ကဲ့သို့ပင် ပုတ်သင်ညိုလို အရောင် အသွင် အမျိုး… ပြောင်းနိုင်သူ ဖြစ်သည်။

ဟာဒီ ဘဝသည် ဂျေဆင်ဘွန်းက သူ့ ဖခင်ကြီး၏ အရိုးထဲသို့ ကျည်… ပစ်ထည့်လိုက်ချိန်မှ စ၍ ပြောင်းလဲခဲ့၏။ အရိုးထဲ ကျည်ရောက်ကတည်း… သူ့ ဖခင်ကြီးသည် အောက်ပိုင်း သေသွားခဲ့ရရှာသည်။ ကိုယ်တစ်… သေသွားရုံမျှမက သတိလစ် ချွတ်ယွင်းသွားပြီး စကားပင် ကောင်းစွာ… နိုင်တော့။ ကောင်းစွာ တွေးတောနိုင်ခြင်းလည်း မရှိတော့။

ဟာဒီသည် သူ့ဖခင်၏ အရိုက်အရာကို ဆက်ခံပြီး အဖွဲ့အစည်း… ခေါင်းဆောင်မှု ပေးခဲ့သည်။ သူ့ရင်ထဲမှာ ကလဲ့စားချေလိုစိတ်ကား … ပြင်းထန်နေ၏။

ဤသို့ဖြင့် ဟာဒီခေါ် အဘူဂါဇီ နာဒီယာအယ်လ်ဂျေမူးလ်ဘင်ယား… အာရှက်သည် လိုဏ်ခေါင်းထဲ၌ ခရီးဆက်နေ၏။

ထိုစဉ် အဝေးမှ သေနတ်သံ ကြားရသည်။

သူတို့ ဘွန်းကို တွေ့ကြပြီ ဖြစ်မည်။ သူ အမြန်လှည့်က အပေါ်… သို့ ပြေးထွက်ခဲ့၏။

၁

ဆိုရာယာသည် ထောင့်ချိုးထဲ ကွေ့ဝင်လိုက်စဉ် အတွင်းကျောက်န… သေနတ်ကျည်ထိမှန်၍ ကျောက်စ ကျောက်နများ လာရောက် ထိမှန်ခြင်း…



…ခံရသည်။ ကျောက်တုံး ခပ်ကြီးကြီး တစ်ခုသည် သူမ၏ ပခုံးကို ထိမှန်၍ …အော်ဟစ်လိုက်မိမတတ် နာကျင်သွား၏။ သို့သော် သူမ မအော်မိအောင် …ချုပ်ထား၏။ သူမသည် ဘွန်းကို ကာကွယ်စောင့်ရှောက်ပေးမည်ဟု …ဆုံးဖြတ်ချက် ချထားပြီး ဖြစ်သည်။ ယခင် တစ်ကြိမ်က အိုဒက်ဆာတွင် သူမ …နှစ်ဦး ဆုံတွေ့ခဲ့ရသည့် အန္တရာယ်အတွက် အကြွေးဆပ်နေရခြင်းဖြစ်သည်။

ဆိုရာယာသည် လိုဏ်ဂူ တူးမြောင်းများအကြားတွင် ကျင်လည်စွာ …များ ပြေးလွှားနေ၏။ နောက်မှ လိုက်လာသူများသည် သူမကို ခြေရာခံ …သွားပြီ ဖြစ်သည်။ သို့သော် နောက်ထပ် နှစ်ကွေ့ သုံးကွေ့ကျော်လျှင် သူမ …တွေ့မည်ကို သိသည်။ ထို့ကြောင့် အားယူ၍ ပြေးသည်။

၁

…ဒီ ရောက်လာသော အချိန်တွင် ရဲများသည် ဂျေဆင်ဘွန်းကို အမိအရ …ဆီး နိုင်ခဲ့ရုံသာမက သူ့ထံမှ ခွင့်ပြုချက် မရရှိဘဲ ပစ်ခတ်ခဲ့သည်။ …ကြောင့် ရဲအဖွဲ့ ခေါင်းဆောင်အား ဘာမှ မပြောဘဲ ရိုက်ပစ်လိုက်၏။ ပြီးမှ

'ဒီကောင် ဒီအထဲမှာ ရှိနေသမျှ တို့ကို ရှောင်လို့ ပုန်းလို့ရမှာ မဖြစ်ဘူး၊ …ခဲ့ပြီး ဖြန့်ရှာကြ'

ရဲခေါင်းဆောင်သည် သူ့လူများကို လူဖြန့် ရှာကြရန် ညွှန်ကြားလိုက်၏။

၁

…ဆိုရာယာသည် သတိကြီးစွာ လှုပ်ရှားရသည်။ တစ်ကွေ့ လွန်မြောက်ပြီးနောက် …တွေ့လာပြီဟု ထင်သည်။ ထိုစဉ် အမိုးသို့ လှမ်းထိုးသော လက်နှိပ်ဓာတ်မီး …အရောင် ကို မြင်ရသည်။ မဖြစ်သေး။ တစ်ဖက်သို့ ကွေ့လိုက်ရပြန်၏။

ကွေ့ တစ်ကွေ့ အရောက်တွင် ယူကရိန်း ရဲယူနီဖောင်းဝတ် တစ်ဦးနှင့် …ခနဲ တွေ့ဆုံသည်။

ရဲကလည်း ဆိုရာယာကို မြင်သည်။ ရဲ၏ မျက်လုံးများ ပြူးကျယ်သွားပြီး …၏ သေနတ်ကို ထုတ်လိုက်သည်။

၁

… ၁၀ နာရီ ၄၅ မိနစ်တိတိတွင် ကာရင်အယ်လ်ဂျမီးလ်၏ ကွန်ပျူတာက …ချက်ပေးသံ ထွက်ပေါ်လာသည်။ နောက် ၁၅ မိနစ် အကြာတွင်

www.burmeseclassic.com

www.burmeseclassic.com



နံ့ယောက် အဖွဲ့ချုပ်နှင့် တစ်နေ့ နှစ်ကြိမ် တွေ့ဆုံရမည်ကို သတိပေး အချက် ပြနေခြင်း ဖြစ် သည်။ ဤသို့ တွေ့ဆုံရာတွင် မက်သရူး လာနာ တစ်ယောက် ထူးဆန်းစွာ ပျောက် ဆုံးနေသည့် ကိစ္စ တစ်ခုသာ ရှိသည်။ သူက အဘိုးကြီးကို ဖြောင်းပင် ဖွင့်မေးခဲ့သည်။ အဘိုးကြီးက တိကျသောအဖြေ မပေးဘဲ 'တာဝန် တစ်ခုဖြင့် သွားသည်' ဟုသာ ပြောခဲ့၏။ အဘိုးကြီးသည် တစ်ခုခု တစ်ရာ ကြံစည်၊ စီစဉ်နေပုံ ရ၏။ နောက်တစ်ကြိမ် အချက်ပေးသံ မြည်သော အခါ သူ ထ၍ ထွက်လာခဲ့သည်။

အဘိုးကြီး ရုံးခန်းရှေ့တွင် အင်နီသည် ထုံးစံအတိုင်း ထိုင်နေ၏။ သူသည် အင်နီရှေ့မှ ဖြတ်ကာ အဘိုးကြီး အခန်းထဲသို့ ဝင်လိုက်၏။ အဘိုးကြီးသည် တယ်လီဖုန်း ပြောနေ၏။ အဘိုးကြီးက ဖုန်းခွက်ထဲသို့

'ကောင်းပြီလေ၊ ကျုပ်ဆီကို နေ့နေ့ ညည အချိန်မရွေး သတင်းပို့ ဒါပဲ' ဟု ဆိုကာ ဖုန်းခွက်ကို ချလိုက်၏။ ပြီးနောက် သူ့ကို ကြည့်၍

'မင်းက ကျုပ်ကို ဘာပြောစရာ ရှိသလဲ'

'ဟုတ်ကဲ့ ထူးခြားမှု ရှိပါတယ်၊ ယီမင် နိုင်ငံမှာ ဒူဂျာ အကြမ်းဖက်အဖွဲ့ရဲ့ လှုပ်ရှားမှု သတင်း ရပါတယ်'

'အေး၊ တောင်ပိုင်း ဆာဗဝါ အရပ်က မဟုတ်လား'

'ဟုတ်ပါတယ်၊ ဆာဗဝါ ဒေသဟာ တောင် ထူထပ်ပြီး လူသူ အရောက် အပေါက် နည်းပါးတယ်၊ အဲဒီနေရာမှာဆိုရင် မြေအောက်ဥမင် တူးပြီး ချူကလီးယား လုပ်ငန်းတွေ လုပ်ဖို့ အသင့်တော် ဆုံးပါပဲ'

အဘိုးကြီးက

'ဟုတ်တယ်၊ ငါလည်း သဘောတူတယ်၊ တို့ရဲ့ ကင်းမြီးကောက် တပ်ဖွဲ့ကို လွှတ်၊ ဒီတစ်ခါတော့ မြေပြင်တပ်ဖွဲ့လည်း အကူပို့၊ ဒီဂျီဘိုတီမှာ မရိန်းကျား တပ်ရင်း နှစ်ခု ရှိတယ်၊ လိုအပ်သလို သုံးပေတော့၊ မာတင် လုပ်စရာ ရှိတာ လုပ်ပေတော့'

'ကျေးဇူးတင်ပါတယ် ခင်ဗျ. . '

ကာရင်အယ်လ်ဂျမီးလ် ပြုံးလိုက်၏။ အားလုံး ရရှိလာသည့် သတင်း အချက် အလက်များမှာ သူ့ အဖွဲ့အစည်းက အကြံအဖန်နှင့် ပို့ခဲ့ခြင်းများသာ ဖြစ်သည်။ တကယ် ချူကလီးယား လှုပ်ရှားမှုသည် တောင်ပိုင်းယီမင်တွင် လုံးဝ မရှိ။

၁



ဆိုရာယာသည် ရဲသား၏ သေနတ်ကျည် ကို တိမ်းရှောင်ရင်း ပက်လက် အနေအထားသို့ ရောက်သွား၏။ သူတို့ ယခု ရောက်ရှိနေသည့် နေရာမှာ ရှေးဟောင်း မြေအောက် သချိုင်းဂူများ ဖြစ်ပေရာ နံ့များဖြင့် ပြည့်နေသည်။ ဆိုရာယာသည် နံ့ထဲသို့ ပက်လက်ကျနေ၏။ လှုပ်လိုက်တိုင်း မြုပ်မည့် အနေအထားမျိုးပင်။ အနား ရောက်လာသော ရဲသည်လည်း မြေအောက် သချိုင်းဂူ ဆိုသည့် အသိဖြင့် ထိတ်လန့် တုန်လှုပ်နေသည်။ ရဲသားသည် နံ့စပ် ထိပ်သို့ ရောက်လာသည်။

နံ့ထဲတွင် ပက်လက် အနေအထား ရှိနေသော ဆိုရာယာက

'ဘုရားရေ ကျွန်မကို ကယ်ပါဦး၊ ဆွဲတင်ပေးပါဦး'

ရဲသားသည် နံ့စပ်မှ လက်နှိပ်ဓာတ်မီးဖြင့် ဆိုရာယာကို ထိုးထားသည်။ ဆိုရာယာ လက်တစ်ဖက် ရှေ့သို့ ဆန့်တန်း၍ သူမကို ဆွဲတင်ပါရန် ကမ်းလှမ်းနေပြီး ကျန်လက်တစ်ဖက်မှာ သူမနောက်သို့ ပစ်ထား၏။ ဆိုရာယာက

'ဘုရားရေ ကျွန်မကို ကယ်ပါဦး'

ရဲသားက

'မင်းက ဘယ်သူလဲ'

'ကျွန်မက တိုးရစ် တစ်ယောက်ပါ၊ မျက်စိလည်ပြီး ဒီထဲမှာ နစ်သွားတာ ကယ်ပါဦး'

'မင်း တိုးရစ် မဖြစ်နိုင်ပါဘူး၊ မင်းတို့ ဘယ်သူလဲဆိုတာ ကျုပ်တို့ကို အထက်က ရှင်းပြပြီးသား၊ မင်းတို့ နှစ်ယောက်စလုံး သေဖို့သာ ပြင်ပေတော့၊ သေပေတော့'

ရဲသားသည် သူ သေနတ်ဖြင့် ဆိုရာယာကို ချိန်ရွယ်သည်။

'ဟုတ်ရဲ့လား'

ပြောပြော ဆိုဆိုပင် ဆိုရာယာသည် နောက်ဘက်မှာ သူမ ဝှက်ထားသော အအက်စ်ပီ ပစ္စတိုလေးဖြင့် ရဲသား၏ အသည်းနှလုံးကို ချိန်ရွယ်ပစ်ခတ်လိုက်၏။

ရဲသားသည် မျက်လုံးပြူးပြီး လဲကျသွား၏။

ဆိုရာယာသည် သူမရှေ့သို့ လဲကျ လာသော ရဲသား၏ လက်ကို ဆွဲ၍ နံ့ထဲမှ ထသည်။ ပြီးနောက် ဒေါက်တာပေ့လီနာ အိမ်ရှိရာသို့ ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ်မြောက် လေယာဉ်ဆီ ဖြည့်ပြီးချိန်တွင် လေယာဉ်ပေါ်သို့ ပုဂ္ဂိုလ် တစ်ဦး တက်လာသည်။ ထိုသူသည် မာတင်လင်းဒရို့စ် အစစ် နံဘေးမှာ ဝင်ထိုင်၏။ ထိုသူက အာရပ်စ်ဘာသာဖြင့် အဗူဘင် အဇစ်ဟု ပြောသည်။

လင်းဒရို့စ်က

'မင်းဟာ အဗူဘင် အဇစ် မဟုတ်ပါဘူး'

'မဟုတ်ပါဘူး၊ သူ့ညီ မူတာဘင်အဇစ်ပါ'

မာတင်လင်းဒရို့စ် အသွင် ဆောင်ထားသော ကာရင်သည် စီအိုင်ဧဒါနချုပ်၏ ကွန်ပျူတာ ရုံးခန်းထဲသို့ ဝင်ရန် ပထမ အခက်အခဲ ဖြစ်နေ၏။ မာတင် လင်းဒရို့စ်သည် ကွန်ပျူတာ အခန်း၏ သော့စကား ဝှက်ကို မပြောခဲ့၊ ကာရင် သည် ကြံဖန် နည်းလမ်းရှာ၍ အခန်းထဲ ရောက်အောင် ဝင်သည်။ ပြီးနောက် စီအိုင် အဖွဲ့ချုပ် ကွန်ပျူတာထဲသို့ သူ အသင့်ယူဆောင်လာ သော ဗိုင်းရပ်စ်ကို ထည့်လိုက်လေ၏။

အဗူဘင်အာဇစ်သည် လှိုင်းလုံးများအလယ်၌ တစ်ဦးတည်း စောင့်ဆိုင်း နေရာ အမှောင်ထုထဲမှ ထွက်ပေါ်လာသော ဖာဒီကို ပထမဆုံး မြင်တွေ့ရ သည်။ ဖာဒီသည် လျှိုလိုဏ်ခေါင်းထဲမှ ထွက်လာခြင်းဖြစ်သည်။ သူနှင့်အတူ ရဲဝတ်စုံများနှင့် လူများလည်း ပါသည်။

ရဲမှူးကော့က

'ဒီလှုပ်ရှားမှုမှာ ကျွန်တော့် တပ်ဖွဲ့က တပ်သားတစ်ဦး အသက်ဆုံးရှုံးခဲ့ ပါတယ်၊ မေဂျာ ဂျင်နရယ်ရှိမင်ချင်ကို ခင်ဗျား'

ဟု ဖာဒီကို အစီရင်ခံပြောကြားသည်။

ဖာဒီက

'ကျုပ်က ဒီထက်မက ဆုံးရှုံးခဲ့ရတယ်၊ လက်ဖတင်နင်၊ ခင်ဗျားရဲ့ လူတွေ က ကျုပ် ပစ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ကို ရအောင် မဖမ်းနိုင်ခဲ့ဘူး၊ ခင်ဗျားရဲ့ လူ အသက်ဆုံးရှုံးရတာလည်း သူ အသုံးမကျလို့'

ကော့က ဘာမှ ပြန်မပြောနိုင်။ ဖာဒီ သည် ချာခနဲ လှည့်ပြီး ကမ်းနားဘော တံတားရှိရာ လှေပေါ်သို့ တက်လိုက်၏။ ပြီးနောက် လှေအဖွဲ့အား

'လာ ထွက်စို့'

အာဇစ်သည် ဖာဒီ စိတ်ဆိုးဒေါသ ထွက်နေကြောင်း သိသဖြင့် ဘာမှ မပြောဘဲ လှေထွက်ရန် စီစဉ်လိုက်သည်။ လှေ ပင်လယ်ထဲသို့ အတော် ရောက်သော အခါမှ အာဇစ်က



'ခင်ဗျား မရှိတုန်း ဒေါက်တာ စီးနပ်စ် ဆီက မကျေမနပ် အစီရင်ခံစာ ရတယ်၊ အခြေအနေအရ ချူကလီးယား လက်နက် နောက်ဆုံး အဆင့်ကို လုပ်ဖို့ ရှိနေပြီ၊ ဒေါက်တာ ဗိန်းထရော့က မလုပ်ဘူးလို့ ပြောနေသတဲ့'

ဖာဒီက

'ဘာလဲ ဒေါက်တာ ဗိန်းထရော့က အချိန်ဆွဲနေတဲ့ သဘောလား'

'ဒေါက်တာ စီးနပ်စ်ရဲ့ အစီရင်ခံစာမှာတော့ အဲဒီ သဘောမျိုးပဲ'

ဖာဒီသည် ခေတ္တမျှ စဉ်းစားပြီးနောက်

'ကောင်းပြီလေ မင်းရဲ့ ညီကို အကြောင်းကြားလိုက်၊ ဒေါက်တာ ဗိန်းထ ရော့ရဲ့ ဇနီး ကက်ထရာကို မီရာရှာကို ခေါ်လာလို့ ပြောလိုက်၊ သူ့ မိန်းမကို တွေ့လိုက်ရင် ဗိန်းထရော့ ပြောင်းလဲ သွားမှာပါ'

ဖာဒီသည် ဘာမှ ထပ်မပြောတော့ အိုဇက်ဆာ ပင်လယ်ပြင်ကိုသာ ကြည့်နေ၏။

၁

စီအိုင်အဖွဲ့ချုပ်၏ ပင်မ ဗဟို ကွန်ပျူတာ စနစ် ပျက်စီးသွားသည်နှင့်အဖွဲ့ချုပ် တစ်ခုလုံး ပျာယာခတ်သွားကြလေသည်။ ပညာရှင်များ လေ့လာ ဆန်းစစ်မှု ပြုလုပ်ကြရသည်။

အဖွဲ့ချုပ်၏ ဗဟိုစနစ်မှာ အလွန် တင်းကျပ်စွာ ဖွဲ့စည်းထားသည် ဖြစ်၏။ ဤသို့ ဖွဲ့စည်းထားသည့် ကြားမှ ဖျက်ဆီးမှု ကြုံတွေ့ရခြင်းမှာ ထူးဆန်းလှ ပေသည်။ ဤကွန်ပျူတာ စနစ်ကို ပြင်ပမှ တိုက်ခိုက် ခံရခြင်း မဖြစ်နိုင်ပေ။ နောက်ဆုံး အားလုံး၏ သတ်မှတ်ချက်မှာ အတွင်းလူ တစ်ယောက်၏ လက်ချက် ဖြစ်သည်ဟု သတ်မှတ်ရတော့မည် ဖြစ်သည်။ မည်သူ့ လက်ချက် ဖြစ်ပါသနည်း။ အထူး စုံစမ်းမှု ပြုလုပ်ရန် တစ်ဦးကို တာဝန်ပေး၏။

အဘိုးကြီးက မာတင် လင်းဒရို့စ်ကို ဒူဂျာတို့၏ အန္တရာယ်ကို အမြန်ဆုံး တားဆီးဖို့ တာဝန်ပေး၏။

အားလုံးသည် ချက်ချင်း လုပ်ကြရန် ဖြစ်သည်။

ဂျေဆင်ဘွန်းသည် သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။ တစ်ချိန် တည်းတွင် အတိတ်၏ ခြောက်လှန့်မှုများကလည်း ဖိစီးနေ၏။ သူ့ရဲ့ မာရီ

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ပြီးသည့် အချိန်မှ စ၍ ခြောက်လှန့်မှုများ ကြီးမား လာခဲ့ခြင်းဖြစ်သည်။

သူ့ အတိတ်များသည် တရိပ်ရိပ် ပေါ်နေ၏။

သူသည် အိုဒက်ဆာမှာ လှုပ်ရှားနေခိုက် ဖြစ်သည်။ အေးစက်သော ဝင်လယ်နက်၏ လေသည် ဝန်းကျင်၌ လွှမ်းခြုံနေ၏။ သူ့လက်ထဲတွင် အမျိုးသမီးငယ် ရှိနေသည်။ အမျိုးသမီး၏ ဒဏ်ရာမှ သွေးများ ဒလဟော ထွက်နေသည်။ သေနတ် ဒဏ်ရာ ဖြစ်သည်။ အခြေအနေသည် ပို၍ ပို၍ ဆိုးလာသည်။ မိန်းကလေး၏ အသက်ရှင်မှုသည် တဖြည်းဖြည်း လျော့ပါး ပျက်စီးတော့မည် ဖြစ်သည်။

သူ့အနေနှင့် ဘာမှ မလုပ်နိုင်၊ လုပ် စရာလည်း မရှိတော့။ သေနတ်မှန် သည့် နေရာမှ အမျိုးသမီးကို ပွေ့ယူ၍ ထားဖို့ပဲ ရှိသည်။ အမျိုးသမီး ပါးစပ်သည် လှုပ်၏။ ဂျေဆင်ဘွန်းသည် အမျိုးသမီး ပါးစပ်နားသို့ နား ကပ်၍ ကြိုးစားနားစွင့်သည်။ အမျိုးသမီး၏ အသံမှာ ပါးလျလွန်း လှသည်။ တဖြည်း ဖြည်း အသက်ရှူသံလည်း နှေးကွေးလာ၏။

ပြဿနာကား အမျိုးသမီးသည် ဘယ်သူ ဖြစ်ပါသနည်း။ ထိုအမျိုးသမီး အသက်ကို ကယ်နိုင်ဖို့ သူ ကြိုးစားချင် သည်။ သူ ပွေ့ဖက်ထားသူမှာ မာရီ ဖြစ်နေ၏။ မာရီ သေဆုံးသွားပြီ ဖြစ်သည်။ မာရီ အသက် ပြန်ရှင်မလာနိုင်တော့။

ဤသို့ဖြင့် ဘွန်း ပြန်လည် နိုးလာ၏။ ပျောက်ဆုံးသွားခဲ့သော အချစ်၊ ပျောက် ဆုံးခဲ့ရသော ဘဝအတွက် သူ ငိုကြွေးနေ မိသည်။

သူ့အတွေးများသည် ရှုပ်ထွေးနေ၏။ သူပွေ့ထားသော အမျိုးသမီး၏ အသက် ကို ကယ်တင်ဖို့ ကြိုးစားချင်သည်။ တစ်ချိန်တည်းတွင် မာရီ ဖြစ်နေ ပြန်၍ ထို အမျိုးသမီးကို ကယ်တင်နိုင်ဖို့ အရေးမှာ ဘာကြောင့် မာရီနှင့် ဆက်စပ်နေရပါလိမ့်။

၀

'မာတင်စကာ'

စုံစမ်းစစ်ဆေးမှု တာဝန် ယူထားသူ ရှော့ပ်က မာတင်လင်းဒရိုစ်ကို ခေါ်လိုက် ခြင်းဖြစ်သည်။ သူတို့နှစ်ဦးသာ အစည်းအဝေးခန်းမမှ အပြင်သို့ထွက်လာ နိုက် ဖြစ်သည်။

မာတင်လင်းဒရိုစ် အတူ ကာရင်က



'ခင်ဗျား အသိသားပဲ ရှော့ပ်၊ ကျုပ်မှာ လုပ်စရာတွေကတော့ အစ်ပုံ တစ်ခေါင်းကြီးရယ်'

ရှော့ပ်က

'သိပါတယ်၊ ဒါပေမဲ့ ခဏကလေးပါ'

သူတို့နှစ်ဦး အခန်းလွတ် တစ်ခုထဲ ဝင်ထိုင်လိုက်ကြ၏။

မာတင်ခေါ် ကာရင်က

'ကျုပ် ဘာလုပ်ပေးရမလဲ ရှော့ပ်'

ရှော့ပ်က

'လုပ်ပေးစရာက ခင်ဗျား အတွက် ပြောတာ၊ ခင်ဗျား ရက်သတ္တ တစ်ပတ်လောက် ထပ်ပြီး အနားယူထိုက်တယ်၊ ဆေးဝါး ကုသမှု ခံယူထိုက် တယ်လို့ ထင်တယ်၊ ကျုပ်က အဘိုးကြီးကို အဲဒီလို တင်ပြတယ်၊ အဘိုးကြီးက ခင်ဗျားမှာ လုပ်စရာတွေ အများကြီး ရှိတယ်ဆိုပြီး ပယ်ချလိုက်တယ်ဗျ'

'ဟုတ်ပါတယ်၊ ရပါတယ်'

'အရေးကြီးတာက ဂျေဆင်ဘွန်းပဲ၊ သူဟာ ထူးချွန် ထက်မြက်တာ မှန်ပေမယ့် စိတ်မချရဘူး၊ မယုံရဘူး၊ သူ့အကြောင်းကို ခင်ဗျား တစ်ယောက် သာ အသိဆုံးပဲ၊ ခင်ဗျား ဘယ်လိုလုပ်ပြီးများ သူ့ရဲ့ ယုံကြည်မှုကို ရအောင် လုပ်နိုင်ခဲ့တာလဲ'

'သူ့ရဲ့ ဖိုင်ကို ကြည့်ပေါ့ဗျာ၊ ဘွန်းဟာ ကျုပ်အတွက် အင်မတန်တန်ဖိုး ကြီးတဲ့ သူပဲ၊ ကျုပ်တို့ အဖွဲ့အစည်းအတွက်ရော၊ ကျုပ်အတွက်ရောပဲ၊ ခင်ဗျား ရဲ့ လူတွေထက် အများကြီး သာတယ်'

ကာရင် စိတ်ထဲတွင် ငါက အခုတော့ ဖြင့် ဂျေဆင်ဘွန်းကို ချီးကျူးခန်း ဖွင့်နေရတဲ့ ဘဝပါလား။ မာတင်လင်းဒရိုစ် ဆိုရင် ဒီလိုပဲ ပြောမှာပဲဟု မှတ်ယူလိုက်၏။

'ဟုတ်ပါပြီ၊ ထားပါတော့ ကျုပ်လည်း ခင်ဗျားနဲ့ အခုလို ပွင့်ပွင့်လင်းလင်း စကား ပြောလိုက်ရတာ ဝမ်းသာပါတယ်'

ရှော့ပ်သည် နှုတ်ဆက် ထွက်သွား၏။ ကာရင် စိတ်ထဲတွင် ရှော့ပ်၏ သံသယ စိတ်ကို ဖြေရှင်းလိုက်နိုင်သဖြင့် ကျေနပ်လိုက်ရ၏။

၁

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို သားကြီး အိုလီဆန်ဒါ. . .'

ဆိုရာယာ သည် ပခုံးထက်တွင် လေးလံသော အိတ်ကိုလွယ်လျက် ဘွန်းကို ဝှက်ထားရာ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လာစဉ် သူ၏ ဘောက်ဆာခွေးကြီး ကို နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ လိုဏ်ခေါင်းထဲတွင် ဘွန်းသည် သေဆုံးခြင်း မရှိသေးသော်လည်း သွေးထွက်လွန်၍ သတိလစ် မေ့မြောနေပါသည်။ ဘောက်ဆာခွေးကြီးသည် ဘွန်းအပါးမှ ထိုင်ရင်း လျှာတန်းလန်းဖြင့် ဆိုရာယာကို အကူအညီ တောင်းသလို မော့ကြည့်နေ၏။

ဆိုရာယာက

'ဘာမှ မပူကြနဲ့တော့၊ ငါ ရောက်လာပြီပဲဟာ'

ဟု ဘွန်းနှင့် ခွေးကြီးတို့ကို ရော၍ ပြောလိုက်၏။

ဆိုရာယာသည် သူ လွယ်လာသည့် အိတ်ထဲမှ ဒေါက်တာ ပက်ဗလီနာ ပေးလိုက်သော ဆေးများကို ထုတ်သည်။ ပထမဦးဆုံး ဘွန်း၏ နဖူးကို စမ်းကြည့်သည်။ အဖျားရှိ၊ မရှိ သိရန် ဖြစ်သည်။ နောက်မှ တစ်ခါသုံး ဆေးထိုးအပ်ကို ယူပြီး ပဋိဇီဝ ဆေးနှစ်လုံး ထိုးပေးလိုက်၏။ နောက် သွေးများဖြင့် ပေကျံစွန်းထင်းနေသည့် ဖြစ်သလို စည်းနှောင်ထားသည့် ပတ်တီးကို ဖြေ၍ အနာကို ပိုးသတ် ဆေးရည်များဖြင့် ဆေးကြောသည်။ ဤသို့ဖြင့် အရေးပေါ် ဆေးကုထုံးများဖြင့် ဆိုရာယာသည် ဘွန်းကို ကုသပေး၏။

တစ်နာရီခန့် အကြာတွင် ဘွန်းသည် ပကတိ ပုံမှန် အိပ်စက် သွားလေသည်။ နောက်တစ်နာရီခန့် အကြာတွင် ဘွန်း သတိလည် နိုးလာ၏။

ဘွန်း မျက်လုံး ဖွင့်လိုက်သည်။

ဆိုရာယာက အပေါ်မှ ငုံ့ကြည့်နေရာ မှ. . . .

'ရှင် ဘယ်ရောက်နေသလဲ သိရဲ့ လား'

ဘွန်းက လေသံဖြင့်

'မင်း ပြန်လာတာပဲလေ'

'ဟုတ်တယ်လေ၊ ကျွန်မ ပြန်လာမယ်လို့ ပြောသားပဲ မဟုတ်လား'

'ဒါထက် ဖာဒီရော'

'မသိဘူးလေ၊ ကျွန်မက ရဲ တစ်ယောက်ကိုတော့ သတ်လိုက်ရတယ်၊ တခြား ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး၊ သူတို့ လက်လျှော့သွားပြီ ထင်ပါရဲ့'

ဘွန်းသည် မျက်စိကို ပြန်မှိတ်လိုက်ရင်း

'ကျုပ် မှတ်မိသလိုလို ရှိလာပြီ၊ ဆိုရာယာ မှတ်မိသလို ရှိလာပြီ'



ဆိုရာယာ ခေါင်းခါပြ၏။

'ခုတော့ နားလိုက်ပါဦး၊ နောက်တော့ ပြောကြတာပေါ့'

'မရဘူး'

ဘွန်း၏ မျက်နှာပေါ်တွင် အရေးတကြီး တည်ကြည်နေ၏။ သူက

'အခုကို ပြောမှ ဖြစ်မှာ'

ဘွန်းသည် သူ့ကိုယ်သူ အံ့ဩနေ၏။ သူဘာတွေ ဖြစ်ခဲ့ပါလိမ့်၊ ယခု သူ ပြန်၍ နိုးလာသည့် အချိန်တွင် အရာရာသည် ပြောင်းလဲနေပြီ ဖြစ်သည်။ သူ၏ မှတ်ဉာဏ်များသည် ရှုပ်ထွေးပွေလီသော ဝက်ပါထဲမှ လွတ်မြောက်လာသကဲ့သို့ ခံစားရသည်။ တစ်ချိန်တည်းတွင် သူ ကိုယ်တိုင် မလုပ်သင့် မလုပ်ထိုက်သော အမှားများ လုပ်ခဲ့မိသည်ကို ပြန်လည် သတိရနေမိ၏။

'အခုမှ ပထမဆုံး ကျုပ် ဘယ်လောက် တုံးသလဲဆိုတာ ပြန်စဉ်းစားမိတယ်ဗျ၊ ဘယ်လိုကြောင့်များ စီဗစ်ကို တိုင်ဖွန်း အချုပ်ထဲက အပြင်ထုတ်ရတာပါလိမ့်' ဆိုတာမျိုးပေါ့၊ ပြီးတော့ ရှိသေးတယ်၊ ဖာဒီထွက်ပြေးလွတ်မြောက်ချိန်မှာ ကျုပ်က ခေါင်းအရမ်းကိုက်ပြီး လှုပ်ရှားမှု မလုပ်နိုင်တာမျိုးပေါ့'

'တင်ကို အပစ်ခံရတုန်းကလိုမျိုးပေါ့'

'ဟုတ်တယ်၊ ဟုတ်တယ်'

ပြောပြောဆိုဆို ဘွန်းက ထထိုင်ဖို့ ကြိုးစားရာ ဒဏ်ရာကြောင့် ဝေဒနာ ခံစား သွားပုံရ၏။

ဆိုရာယာက ကပျာကယာ အနားတိုးသည်။

'မလှုပ်နဲ့ဦးလေ'

ဘွန်းသည် တားမရပါ။ သူက

'ကျုပ်ကို ထိုင်ဖို့ ကူပေးဦး'

ဆိုရာယာက

'ဂျေဆင်'

ဘွန်းက လေသံမာမာဖြင့်

'ပြောတဲ့အတိုင်းပဲ လုပ်ပါ'

ဆိုရာယာသည် အတွန့်တက်မနေတော့ဘဲ ဘွန်းကို ဖေးမပြီး နံရံတိုကျောမှီပြီး ထိုင်သည့် အနေအထား ရောက်စေ၍

ဘွန်းက

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မှာ ဖြစ်ပျက်ကြုံတွေ့လိုက်ရတဲ့ ခေါင်းကိုက် ဝေဒနာ တစ်ခုခု ဖြစ်ပြီဆိုရင် အန္တရာယ် ကြီးမားတဲ့ အဖြစ်အပျက်တွေ ဖြစ်စေခဲ့တယ်လေ၊ အဲဒီလို ဖြစ်တိုင်းလည်း ဖာဒီအတွက် အကျိုးရှိစေတာတွေချည်းပဲ'

ဆိုရာယာက

'ဒါကတော့ တိုက်ဆိုင်မှု ဖြစ်မှာပေါ့'

ဘွန်းသည် နာကြည်းစွာ ပြုံးလိုက်၏။ ပြီးမှ

'ဒီမယ် ဆိုရာယာ၊ ကျုပ် ဘဝ အတွေ့အကြုံတွေ အရ တိုက်ဆိုင်မှု တော်တော်များများဟာ လုပ်ကြံမှုရဲ့ သွင်ပြင် လက္ခဏာတွေချည်းပဲကွ'

ဆိုရာယာက ခပ်ဖွဖွ ရယ်လိုက်ပြီး

'တကယ့် ပညာရှင် စကားပါလား'

'ဒီလိုလေ၊ အဲဒီလို တွေးခေါ်မြော်မြင်မှုကပဲ ကျုပ်ကို အသက်ရှင်နေနိုင်စေတာပေါ့၊ ကဲ သုံးသပ်ကြည့်ရအောင်'

ဆိုရာယာက

'ဆိုပါဦး'

'အိုကေ တိုက်ဆိုင်မှုတွေရဲ့ အကြောင်းရင်းက လုပ်ကြံမှု တစ်ခုခုရဲ့ သွင်ပြင် လက္ခဏာတွေလို့ ကျုပ် ပြောခဲ့ပြီနော်၊ အဲဒီ အဖြစ်အပျက်တွေ အားလုံးက ဖာဒီအတွက် အကျိုးဖြစ်စေတယ်လို့လည်း ပြောခဲ့ပြီ'

'ဟုတ်ကဲ့ ဆက်ပါဦး'

'ကျုပ် ဒီလိုခေါင်းကိုက်တဲ့ ဝေဒနာ စပြီး ဖြစ်ပေါ်တာက မာတင်လင်းဒရိုစ်က လမ်းညွှန်လိုက်တဲ့ ဒေါက်တာ ဆန်ဒါလင်နဲ့ တွေ့ဆုံ ကုသပြီးမှ စဖြစ်လာတာ'

ဆိုရာယာက မျက်မှောင် ကုတ်လိုက်ပြီး

'ရှင်က ဘာဖြစ်လို့ ဒေါက်တာ ဆန်ဒါလင်နဲ့ သွားတွေ့ရတာတုံး'

'အိုဒက်ဆာ အရေးအခင်း ပြီးကတည်းက ကျုပ်ခေါင်းထဲမှာ ရှုပ်ထွေးတဲ့ အတွေးအမြင်တွေ ရှိနေတယ်လေ၊ အမှန် အတိုင်းဆိုရင် အိုဒက်ဆာကို ကျုပ် ဘာကိစ္စ ရောက်ခဲ့သလဲ ဆိုတာတောင် သေသေချာချာ မသိဘူး'

'ဒါဆိုရင် ဘယ့်နှယ့်လုပ်ပြီး တိုက်ဆိုင်မှုတွေဟာ လုပ်ကြံမှုကို အခြေခံတယ်လို့ ရှင်က ပြောနေရတာလဲ'

'ဘာမှ မသေချာဘူးကွ၊ ကျုပ်လည်း မသိဘူး၊ ကဲပါ အဲဒါကို ထားဦး ကျုပ် မာတင် လင်းဒရိုစ်ကို ရအောင် ပြန်ခေါ် လာပြီးတဲ့နောက် မာတင်က



ကျုပ် အိုဒက်ဆာကို သွားရမယ် ပြောတယ်၊ အိုဒက်ဆာမှာ ဒူဂျာအဖွဲ့အစည်းရဲ့ ငွေကြေး စိုက်ထုတ်သူ လီမွန်တော့ကို ရအောင်ရှာလို့ ပြောတယ်၊ ကျုပ်က လီမွန်တော့ကို ရအောင်ရှာပြီး တားဆီးနိုင်ရင် ဒူဂျာ အဖွဲ့အစည်းကို ငွေရေး ကြေးရေး ထောက်ပံ့မှု ရပ်တန့်သွားမယ်လို့ ဆိုတယ်'

'အဲဒီလို တွေးပုံကတော့ သဘာဝ ကျသားပဲ'

'ဟုတ်ပါတယ်၊ လီမွန်တော့ တကယ် ရှိနေရင်တော့ ဟုတ်တာပေါ့၊ တကယ်က လီမွန်တော့ဆိုတာ ရှိမှ မရှိဘဲ၊ ဒီထက် ပိုဆိုးတာက ဖာဒီက လီမွန်တော့ ဇာတ်လမ်းကို သိနေတယ်၊ လီမွန်တော့ ဆိုတာ တကယ် မရှိဘူး ဖန်တီးထားတယ် ဆိုတာ သိနေတာပဲ'

'အဲဒီတော့'

'အဲဒီတော့ ဘာကြောင့် ဖာဒီ လီမွန်တော့ အကြောင်း သိနေရတာလဲ'

'ဒီလို ရှိတယ်လေ၊ မာတင်လင်းဒရိုစ်ကို ဒူဂျာအဖွဲ့ ဖမ်းဆီးမိသွားတာ မဟုတ်လား၊ သူတို့က စစ်ကြော မေးမြန်းစဉ်မှာ မာတင်ကို အဲဒီလို အလွဲအမှား သတင်းကို ပေးထားတာ မဖြစ်နိုင်ဘူးလား'

'အဲဒီလို ဆိုပြန်ရင်လည်း ဒူဂျာအဖွဲ့ဟာ မာတင်လင်းဒရိုစ်ကို ကယ်တင် လွှတ်မြောက်သွားမယ်ဆိုတာ ကြိုသိနေလို့လား'

ဆိုရာယာက မျက်မှောင်ကုတ်လိုက် ပြီး

'ဒီ လီမွန်တော့ ကိစ္စဟာ တကယ်ပဲ စိတ်ဝင်စားစရာ ကောင်းတယ်၊ ရှင့်ကိုလည်း မာတင်လင်းဒရိုစ်က လီမွန်တော့ ကို စုံစမ်းဖို့ ဒီကို လွှတ် လိုက်တာပဲလေ၊ ဘာကြောင့်လဲ၊ ဘာဖြစ်လို့ ကျွန်မတို့ နှစ်ယောက်စလုံးကို ဒီ အိုဒက်ဆာကို လွှတ်ရတာလဲ'

'ကျုပ်တို့ကို မရှိတဲ့ တစ္ဆေကို လိုက်ရှာဖို့၊ ဖမ်းဖို့ လွှတ်လိုက်တာလေ၊ ကျွန်တော် ရှာရမယ်ဆိုတာ ဟန်ပြပဲ၊ ဒီမှာကျတော့ ဖာဒီက စောင့်နေတယ်၊ သူက ကျုပ်တို့ ဒီလာမယ်ဆိုတာ သိနေတယ်၊ သူက ကျုပ်ကိုသတ်ဖို့စောင့်နေတာ၊ သူပြောတဲ့ စကား လေသံအရ သူဟာ ကျုပ်ကို သတ်ဖို့ အကြာကြီး စောင့်နေရတာတဲ့'

ဆိုရာယာသည် တုန်လှုပ်သွား၏။

ဘွန်းက

'နောက်တစ်ချက် ရှိသေးတယ်၊ ကျုပ် မာတင်ကို ကယ်ပြီး ပြန်ခေါ်လာတဲ့ အချိန် လေယာဉ်ပေါ်မှာ မာတင်က သူ့ကို စစ်ကြော မေးမြန်းရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အိုဒက်ဆာမှာ ကျုပ် လိုက်ခဲ့ရတဲ့ မာမစ်ဘင်အရှက် အကြောင်း ပြောစမ်းပါလို့ ခဏ ခဏ မေးတယ်'

ဆိုရာယာက ထိတ်လန့်တကြားဖြင့်

'ဂျေဆင်၊ မာတင်လင်းဒရို့စ်က ဘာဖြစ်လို့များ အဲလစ်ကွန်ကလင် တိုင်တွယ်တဲ့ အိုဒက်ဆာ လှုပ်ရှားမှု သတင်းကို သိချင် ရတာလဲ'

'ဒီလို ရှိတယ်လေ၊ ဒီအချက်တွေ ပေါင်းလိုက်ရင် ဖာဒီနဲ့ မာတင်တို့ဟာ တစ်နည်းနည်း ဆက်စပ်မှု ရှိနေတယ်လေ'

'ရှင်'

ဘွန်းက

'ပြီးတော့ ဒေါက်တာ ဆန်ဒါလင်ဆီကို ညွှန်တာလည်း ရှိသေးတယ်၊ ဆန်ဒါလင်ဆီမှာ ဆေးကုသမှု ခံယူပြီးချိန်က စပြီး ကျုပ်က အမှားတွေကို လုပ်လာမိတာပဲ'

'ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဟင်'

'ဒီခေတ် ဦးနှောက် ဆေးကြောတဲ့ နည်းပေါ့လေ၊ တစ်ခုခု တွေးမိရင် တစ်ခုခုကို ဖြစ်ပေါ်စေတဲ့ စိတ် ဖြစ်ပေါ်အောင် ဖန်တီးတာမျိုးပေါ့'

'လိုက်ခေါင်းထဲမှာ ဘာမှ မီးရှို့စရာ မရှိဘူး' ဆိုတဲ့ စကားလုံး အဲဒီ စကားလုံးကို ကျုပ် ဦးနှောက်ထဲ ဒေါက်တာ ဆန်ဒါလင်က ထည့်ပေး ခဲ့တာ အဲဒီစကားလုံးကြားရင် ကျုပ် ခေါင်းကိုက် ဝေဒနာ ရတော့တာပဲ၊ အဲဒီ စကားလုံးကို ဘာကြောင့် ဖာဒီ သိနေရတာလဲ၊ တိုင်ဖွန်း အကျဉ်းထောင် ကနေအထွက်မှာ ဖာဒီက အဲဒီစကားလုံး ကို သုံးပြီး ကျုပ်ရဲ့ ခေါင်းကိုက်ဝေဒနာ ဖြစ်အောင် ဖန်တီးစေခဲ့တယ်'

'သူတို့က မာတင်ကို သူတို့ဘက် ပါအောင်များ ဆွဲဆောင်နိုင်ခဲ့လို့လား'

'မဖြစ်နိုင်ဘူးကွ၊ ကျုပ် မာတင်ကို အသိဆုံး၊ မာတင်ဟာ ဘယ်တော့မှ သစ္စာဖောက်မယ့် သူ မဟုတ်ဘူး'

ဆိုရာယာက

'ဒါဆိုရင် တခြား ဘယ်လိုများ စဉ်းစားစရာ ရှိသေးလို့လဲ'

'ဒီလို ရှိတယ်လေ၊ မာတင်လင်းဒရို့စ်ကို ရန်သူ့လက်ထဲက ကယ်ထုတ် လာပြီး စီအိုင်အေ အဖွဲ့ချုပ်ကို မာတင်လင်းဒရို့စ်ပါလို့ ထောက်ခံချက် ပေးခဲ့ တယ်၊ အဲဒီလူက မာတင်လင်းဒရို့စ် မဟုတ်ဘူး ဆိုရင်ရော'

ဆိုရာယာက



'ရှင် တွေးပုံက ပိုပို ဆိုးလာပါလား'

ဘွန်းသည် ဆိုရာယာ၏ စကားကို ဂရုမစိုက်ဘဲ

'တကယ်လို့ ရန်သူ့လက်က ကျုပ် ကိုယ်တိုင် ကယ်တင်လာခဲ့တဲ့ သူ၊ အခု ...တ်ရှိ စီအိုင် အဖွဲ့ချုပ်ကို စီမံခန့်ခွဲနေတဲ့ သူဟာ အတု ဖြစ်နေရင်ရော'

ဆိုရာယာက

'ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်၊ သူ ဟာ မာတင်လင်းဒရို့စ်နဲ့ တူတယ်၊ ...တင် လင်းဒရို့စ်လို ပြောတယ်၊ အသေး စိတ် စကင်န်ဖတ်ပြီး စစ်ဆေးမှုကို ...ည်း အောင်မြင်ခဲ့တာပဲ'

'အသေးစိတ် စကင်န်ဖတ် စစ်ဆေးမှု ဆိုတာကလည်း ခက်ခဲပေမယ့် ...လွှားလို့ ရနိုင်တာပဲ၊ မာတင်လင်းဒရို့စ်ရဲ့ မျက်လုံး တစ်လုံး အစားထိုး ...ယ်၊ မျက်နှာကို ခွဲစိတ်ကုသမှုလုပ်ပြီး ပြုပြင်ထားမယ် ဆိုရင်ရော မရနိုင်ပေ ...လား'

'ရှင် ပြောသလိုသာဆိုရင် စီအိုင် အဖွဲ့ချုပ်မှာ အတုတစ်ယောက် ရောက် ...ပြီး ထောက်လှမ်းရေး ကွန်ရက်တစ်ခုလုံးကို စီမံခန့်ခွဲပြီး ခြယ်လှယ် ...တာပေါ့၊ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး'

'မဖြစ်နိုင်တာက ဖြစ်နေတာပေါ့၊ ကျုပ်တို့ မင်းတို့ စီအိုင်တစ်ဖွဲ့လုံး ကမ္ဘာ ...့ တလွဲအလုပ်တွေ လျှောက်လုပ်နေကြတုန်း ဖာဒီက သူ့လူတွေကို ...မေရိက ပြည်ထောင်စုထဲ သွင်းမယ်၊ ရှုကလီးယား အစိတ်အပိုင်းတွေ ...ပြီးတော့ သူဖောက်ခွဲချင်တဲ့ အချိန် နေရာတွေမှာ ဖောက်ခွဲမယ်ပေါ့'

'ရှင် တွေးပုံတွေက လွန်နေပြီနော် ရှင်ပြောတာကို ဘယ်သူမှ ယုံကြမှာ ...တ်ဘူး'

'ကျုပ်ပြောတာ ဟုတ်၊ မဟုတ် လုပ်စရာက လမ်းတစ်လမ်းပဲ ရှိတယ်၊ ...တော့ တကယ့် မာတင်လင်းဒရို့စ် အစစ်ကို ရအောင် ရှာဖို့ပဲ၊ ...တင်ဟာ သက်ရှိ ထင်ရှားပဲ ရှိရဦးမယ်၊ အတု အတွက် သူဟာ အသက်ရှင် ...ဦးမယ်၊ ကျုပ်တို့ အလုပ်က မာတင် အစစ်ကို ရအောင် ရှာဖို့'

ဘွန်းသည် ပြောရင်း အသံတိမ်ဝင် သွား၏။

'ဟုတ်ပါပြီ၊ ကျွန်မတို့ ဘာလုပ်ကြမယ်လို့ပဲ ဆုံးဖြတ် ဆုံးဖြတ်လောလော ...လက်မှာတော့ ရှင် အနားယူရမယ်၊ ကျွန်မလည်း ပင်ပန်းလှပြီ'

ဘွန်းသည် မှိန်းသွား၏။

ဆိုရာယာသည် ဘောက်ဆာခွေးကြီးကို ဖက်၍ ထားသည်။ စိတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ဘွန်း ပြောဆိုသမျှ အမှန် ဖြစ်နေပါက ဘယ်လို လုပ်ရပါ့မလဲဟု တွေးနေသည်။ သို့သော် ပင်ပန်းလွန်းသဖြင့် ဆိုရာယာသည်လည်း အိပ်ပျော်သွား၏။

၁

မက်သရူးလာနာနှင့် ဂျွန်မူလာတို့သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော် ... ဘန်ကောက်တွင် ဆုံကြဖူးသည်။ သူတို့ နှစ်ဦးသည် သူတော်ချင်းချင်း သိ... လွေ့လွေ့ ဆိုသလို အသောက်အစား၊ အပျော်အပါးများတွင် ... ညီခဲ့ကြပေသည်။ အသောက်အစား၊ အပျော်အပါး တွင်သာမက သ... ဖြတ်မှုတွင်လည်း စရိုက်တူညီကြသည်။ နှစ်ယောက်စလုံးမှာ တစ်ကိုယ်... များ ဖြစ်ပြီး စစ်ဆင်ရေးများ ပြုလုပ်ရာ၌လည်း ကျွမ်းကျင်သူများ ဖြစ်... သည်။ သူတို့ နှစ်ယောက်သည် ယခုအခါ လာနာက စီအိုင်တွင်၊ မူလာ... အင်အက်စ်အေတွင် တာဝန် ယူနေကြသော်လည်း တစ်ယောက်... တစ်ယောက် တွဲဖက် လုပ်ဆောင်ရန် သဘောမွေ့ကြသူများ ဖြစ်ပါသည်။

မက်သရူး လာနာသည် အိုဒက်ဆာ လေဆိပ်အတွင်း ရောက်ရှိနေ... သူ၏ ပစ်မှတ်နှင့် နီးကပ်နေချိန်၌ အလိုလိုပင် ဂျွန်မူလာကို ပြေးသတိ... နေသည်။ ထိုစဉ် သူ ကိုင်ဆောင်ထားသော လက်ကိုင် ဖုန်းက မြည်လာသ... ဝင်လာသည့် ဖုန်းမှာ ဝါရှင်တန် မက်ထရို ရဲအဖွဲ့ထဲရှိ သူ့လူထံမှ ဖြစ်သ...

လာနာက

'ဆို ဘာဖြစ်လို့လဲ'

တစ်ဖက်မှ

'ခင်ဗျားရဲ့ လူ အိုဟာတန် ပျောက်ဆုံးနေလို့ပါ'

'ဘာပြောတယ်'

'အိုဟာတန်ဟာ ရုံးကိုလည်း သတင်း မပို့ဘူး၊ သူ့လက်ကိုင်ဖုန်းကို... ဆက်သွယ်လို့ မရဘူး၊ ကြည့်ရတာ သူအပျောက်ရှင်း ခံရပြီနဲ့ တူတယ်'

လာနာ တွေသွား၏။

တစ်ဖက်မှ

'ခင်ဗျား အိုဟာတန်ကို အမှုတစ်ခု လိုက်ဖို့ တာဝန်ပေးထားတယ် မ... လား'

လာနာက ပြောရန် မလိုသဖြင့်



'အဲဒါက ကြာပါပြီဗျာ၊ ဘာပဲပြောပြော ခုလို သတင်းပို့ပေးတဲ့အတွက် ကျေးဇူးပဲ'

တယ်လီဖုန်း အဆက်အသွယ် ပြတ်သွားသည်။

လာနာ့ စိတ်ထဲတွင် အိုဟာတန် သေဆုံးရသည့် ကိစ္စတွင် အင်နီဟဲလ်၏ ... ချက်ဖြစ်ရမည်ဟု ချက်ချင်း တွေးမိ၏။

လာနာသည် အင်နီဟဲလ်အပေါ်တွင် လျှော့တွက်ခဲ့ပုံ ရ၏။ အင်နီဟဲလ် သည် သူ့အခန်းကို အိုဟာတန် ဖောက်ထွင်း ဝင်ရောက်ခဲ့သည့်အတွက် ... ပြန် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ရပေမည်။ ကောင်မစုတ် ခေါင်းကို ခွဲပစ်လိုက် ... တွေးမိသော်လည်း ယခုအခါ သူသည် အဝေးကြီး၊ အိုဒက်ဆာ ... ဆယာဉ်ကွင်းထဲ ရောက်နေသည်ကို သတိရမိ၏။ ထို့ကြောင့် ဂျွန်မူလာ ... သို့ လျှို့ဝှက် တယ်လီဖုန်း ဆက်သွယ်မှု စနစ်ဖြင့် ဆက်လိုက်၏။

တစ်ဖက်မှ မူလာအသံ ထွက်လာ၏။

'ဟေး မက်'

လာနာက

'အေး ဂျွန် ကျုပ်ခင်ဗျားအတွက် စိတ်ဝင်စားစရာ အလုပ်တစ်ခု ပေးစရာ ... တယ်'

မူလာက ရယ်မောသည်။

'မောင်ရင့်ဆီက လာတဲ့ အလုပ်မှန်သမျှ စိတ်ဝင်စားစရာတွေချည်းပါပဲ ... ရာ'

လာနာက အင်နီးဟဲလ်ကို နောက်ယောင်ခံလိုက်ဖို့ အိုဟာတန်ကို တာဝန် ... ခဲ့ကြောင်း၊ ယခုအခါ အိုဟာတန် အပျောက်ရှင်းခံရပြီဟု ယူဆရကြောင်း ... ပြလိုက်၏။

'အဲဒီ တုံ့ပြန်မှုကို အံ့ဩသွားတယ်လား'

'အေးဗျာ၊ ကျုပ် ဒီမိန်းမအပေါ် လျှော့တွက်လိုက်မိတယ်၊ မောင်ရင်လည်း ... လို လျှော့မတွက်လိုက်နဲ့နော်'

'ရပါပြီ၊ ကျုပ် ရှင်းလိုက်ပါ့မယ်'

'ဒီလိုပါ ဂျွန်၊ ဒီကောင်မဟာ ကျုပ် မသိရသေးတဲ့ စီအိုင်ရဲ့ အတွင်းရေး ... သူ သိနေတယ်၊ ဒီကောင်မဟာ အိုဟာတန်ကို ရှင်းပစ်လိမ့်မယ်လို့ ... ထားမိဘူး၊ ကဲ အခုတော့ မောင်ရင့်လက်ကို အပ်လိုက်ပြီ ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ပေလီနာသည် လေဆိပ် ခန်းမတွင် မက်သရူးလာနာကို… စောင့်နေ၏။ မက်သရူးလာနာက အိုဒက်ဆာ ရုံးခွဲတာဝန်ခံမှာ ယခုကဲ့သို့ အမျိုးသမီးတစ်ဦး ဖြစ်နေမည်ဟု မမျှော်လင့်ခဲ့။

ဒေါက်တာ ပေလီနာသည် ထောင်ထောင်မောင်းမောင်း ခပ်တော… တောင့် အမျိုးသမီးကြီး တစ်ဦး ဖြစ်သည်။ အသက်အားဖြင့် လေးဆယ်… ကျော်ပုံ မရသေး။

ဒေါက်တာ ပေလီနာက

'ရှင် ကံကောင်းပါတယ်၊ မစ္စတာ လာနာ၊ ရှင်ရှာဖွေရမယ့်သူ ဂျေဆင်ဘွန်း နဲ့ ဆက်သွယ်မှု ရပါတယ်၊ တိုက်ရိုက်တော့ မဟုတ်ဘူးပေါ့၊ ဘွန်းဟာ ဒဏ်ရာ ရနေပုံ ရတယ်၊ နံဘေးမှာ ဓားနဲ့ အထိုးခံထားရတယ်၊ အထဲက ကလီစာ တွေတော့ ထိပုံ မရပါဘူး၊ ဒါပေမဲ့ ဒဏ်ရာက အတော် နက်ပြီး သွေးထွက် လွန်နေတယ်'

လာနာက

'ခင်ဗျား သူနဲ့ တိုက်ရိုက် ဆက်သွယ်မှု မရှိဘူးလည်း ဆိုသေး၊ ဘယ်… လုပ်ပြီး ဒီလို အသေးစိတ်တွေ သိနေရတာလဲ'

'ကံအားလျော်စွာ ပါပဲ၊ ဘွန်းဟာ တစ်ယောက်တည်း မဟုတ်… ကျွန်မတို့ လူဖြစ်တဲ့ ဆိုရာယာနဲ့ အတူရှိနေတယ်၊ မနေ့ညကပဲ ဆိုရာယာ… ကျွန်မဆီ လာပြီး အကျိုးအကြောင်း ပြောပြလို့ ဆေးဝါးတွေ ပေးလိုက် သေးတယ်'

'သူတို့ အခု ဘယ်မှာလဲ'

'ဆိုရာယာက ပြောမသွားဘူး၊ ကျွန်မကလည်း မမေးဘူး'

'ဒါတော့ စိတ်မကောင်းစရာပေါ့ဗျာ'

'ဌာနချုပ် အဘိုးကြီးက ရှင်လိုအပ်တဲ့ အကူအညီ အားလုံးပေး… ကျွန်မကို ညွှန်ကြားထားပါတယ်၊ ပြဿနာ အခြေအနေအရ ဂျေဆင်ဘွန်း… အိုဒက်ဆာ ရဲအဖွဲ့က လူလေးယောက်သတ်မှုနဲ့ လိုက်ရှာနေတယ်လို့ သိ… တယ်'

'ဒါဆိုရင် ဂျေဆင်ဘွန်းက အိုဒက်ဆာကနေ အမြန်ဆုံး လူမသိ သူ… ထွက်ခွာဖို့ လိုနေတာပေါ့'

'ဟုတ်ပါတယ်၊ ကျွန်မလည်း အဲဒီလိုပဲ ယူဆပါတယ်'

'အိုဒက်ဆာဆိုတာ မြို့ကြီး တစ်မြို့ပဲဗျ၊ ထွက်လမ်း ထွက်ပေါက်တွေ …များ ကြီး ရှိမှာပေါ့'

'ရှိတော့ ရှိတာပေါ့၊ ဘွန်းအတွက် ထွက်ပေါက်တိုင်းဟာ မလွယ်ဘူး …မှာ ဆိုပါတော့ လေဆိပ်ဆိုရင် ရဲအစောင့်တွေ အများကြီး ရှိနေမှာပဲ၊ …အဲဒီက ထွက်ဖို့ မဖြစ်နိုင်ဘူး'

'ဒီလူကို လျှော့မတွက်နဲ့နော်၊ ဒီလူက ပုတ်သင်ညိုလို အမျိုးမျိုး အသွင်ပြောင်း နိုင်တဲ့လူ'

'ဒါပေမဲ့ သူဒဏ်ရာ ရနေတယ်လေ၊ အဲဒါကို ရဲကလည်း သိနေတော့ …ဆိပ်ကိုတော့ သူ စွန့်စားရဲမယ် မထင်ဘူး'

'ဒါဆိုရင် မီးရထားနဲ့လား၊ ကားနဲ့လား'

'နှစ်ခုစလုံး သုံးလို့ မရဘူး ရထားက ယူကရိန်း အပြင်ဘက် မထွက်ဘူး၊ …နဲ့ ဆိုရင်လည်း ခရီးက ရှည်လွန်းတယ်'

'ဒါဆို လှေနဲ့ပဲ ရှိတော့တာပေါ့'

'ဟုတ်ပါတယ်၊ လှေသင်္ဘောနဲ့ ထွက်ရမှာပဲ၊ ရေလမ်းဆိုရင်လည်း …တန်ဘူးလ်ကို သွားတဲ့ ခရီးသည်တင် သင်္ဘောက တစ်ပတ်မှတစ်ခါ …ထွက်တာ၊ ဒါပေမဲ့ ကုန်တင်လှေတွေ ရှိတယ်၊ အဲဒီလှေတွေနဲ့ နေရာတကာ …သွားလို့ ရတယ်၊ သူတို့ လှေဆိပ် သွားမှာပဲ'

'ဒါဆို ကျုပ်တို့ အမြန်လိုက်မှ ဖြစ်မယ်'

…ည်နေ့မနက် ဈေးသို့ လာစဉ် ယက်ဂျိနီထံ ထိတ်လန့်စရာ ဖုန်းတစ်ခု …ခဲ့၏။ ဖုန်းသတင်းမှာ ဘော့ဒန်အိလီယာနိုဗစ် တစ်ယောက် သေနတ်ပစ် …ခံရ၍ သေဆုံးသွားသည့် သတင်း ဖြစ်ပါသည်။ ဤပြဿနာ၏ အရင်းအမြစ်မှာ …၏ တာဝန်ပေးချက် အရ လူသတ်သမား တစ်ဦးကို အပျောက် ရှင်းရန် …ဂျိနီ တာဝန်ယူခဲ့ရ၏။ ယခုသော်ကား သူ တာဝန်ပေးခဲ့သော ဘော့ဒန် …ဆုံးခဲ့ရုံ သာမက တခြားသူသုံးဦး သေဆုံးခဲ့သည်။ ထိုအထဲတွင် ရဲအရာရှိ …ဦး ပါဝင်သည်။ ဤကိစ္စကို တူးဆွပါက ပထမဆုံး ပေါ်လာမည့်နာမည် …သူ့နာမည် ဖြစ်သည်။ ရဲမှတ်တမ်းတွင် သူ့ ရာဇဝင်ရှိသည်။ ဒီတော့ သူပြေး …ရမည်။

www.burmeseclassic.com

www.burmeseclassic.com



လူထူထူ ဈေးလူအုပ်ထဲတွင်ပင် ရဲသားများ တစ်စုံတစ်ရာကို ရှာဖွေ စစ်ဆေး နေ၏။ အခြေအနေကား မကောင်းတော့၊ သူသည် အကွယ်တစ်ခု နောက်သို့ ကပ်လိုက်၏။ ခါးကြားမှ သေနတ်ကို ကိုင်လိုက်မိ၏။

ထိုစဉ်အနားမှ အမျိုးသမီး အသံ တစ်သံ ကြားရသည်။

'ရဲတွေက ဒီမှာ ဝိုင်းထားတာ ထောင်ချောက်ဆင်ပြီး ဖမ်းမလို့'

လှည့်ကြည့်လိုက်သောအခါ အမျိုးသမီး တစ်ဦးဖြစ်သည်။ အာရပ်ဝတ်စုံ အမျိုးနွယ်ပုံ ပေါက်၏။

'မင်းက ဘယ်သူလဲ'

ယက်ဂျီနီသည် အမျိုးသမီးနှင့် ဝေးရာတစ်ဖက်သို့သွားရန် ဟန်ပြင်သည်။

'အဲဒီဘက်မှာ ရဲတွေက ရှင့်ကို စောင့်နေကြတာ'

'ကျုပ် မင်းကို မယုံပါဘူး'

'အဲဒီ လမ်းက ထောင်ချောက် ဆင်ထားတာ ယက်ဂျီနီဗီယိုဒိုဗစ်'

'ဟေး ခင်ဗျား ကျုပ်နာမည်ကို ဘယ်လို သိနေတာလဲ၊ ကျုပ်ကို ရဲတွေ က ထောင်ချောက် ဆင်ထားတယ်ဆိုတာ ဘယ်လို သိတာလဲ'

အမျိုးသမီးက

'ဒီမှာ အချိန်မရှိဘူးရှင့်၊ ကျွန်မ နောက်ကိုလိုက်ခဲ့ဖို့ တစ်လမ်းပဲရှိတယ်'

သူ ခေါင်းညိတ်လိုက်သည်။ တကယ်လည်း သူရွေးစရာ လမ်းမရှိ။ အမျိုးသမီး သည် ဈေးလမ်းကြို လမ်းကြားမှ သူ့ကို ခေါ်ဆောင်သွားသည်။ နောက်ဆုံး လမ်းတစ်ခုသို့ ရောက်သည်။ လမ်းတွင် စကိုဒါဗင် ကားဟောင်း တစ်စီး ရပ်ထား၏။

အမျိုးသမီးက

'ကားနောက်ခန်းကို တက်'

ကား နောက်ခန်းထဲသို့ ဝင်လိုက် သည်နှင့် တစ်စုံတစ်ယောက်ကို တွေ့ရ သည်။ သူအပျောက်ရှင်းရမည့် အီလီယာ ဆိုဒါ ဖြစ်သည်။

သူက

'အီလီယာဆိုဒါပါလား'

အီလီယာဆိုဒါ အမည်ခံ ဂျေဆင်ဘွန်းက သူ၏ သေနတ်နှင့် မောင်း သိမ်းယူလိုက်၏။

၁



...ိုင်ရွှန်ကို သူ့ဆရာ ဒီရွှန်က

တိုင်ရွှန်ဟာ အရိုးရလိုက်တဲ့ ခွေးတစ်ကောင်လိုပဲ အနံ့ ရပြီးရင် မလွှတ် ...ဘူးဟု. . .။

ယခုလည်း တိုင်ရွှန်သည် ရဲတစ်ဦး၏ ရုပ်အလောင်းကို ဖျောက်ဖျက်ခဲ့ ...သော လူနှစ်ဦးကို အလွတ် မပေးနိုင်တော့ပေ။ အခြေအနေ အားလုံးကို ...စုံ တစ်ယောက်ထံ သူ သတင်းပို့ရပေမည်။ အိတ်ထဲမှ လက်ကိုင်ဖုန်းကို ...တ်လိုက် ၏။ ပြဿနာက ဆိုရာယာ၏ တိုက်ရိုက် ဖုန်းနှင့် နံပါတ် သူ့မှာ ...၏ ဒီရွှန်သည် ၄၁၁ ကို ဆက်ဖူးသည်ကို သူ သတိရသည်။ တိုင်ရွှန်သည် ... ကို ဆက်လိုက်ချိန်

ဖုန်းထဲမှ အမျိုးသား အသံက

'ဟုတ်ကဲ့၊ ကျွန်တော် ဘယ်လို အကူ အညီ ပေးရပါ့မလဲ'

'ကျွန်တော် တစ်နေ့က ဆက်သွယ်ခဲ့တဲ့ အေဂျင့် တစ်ယောက်နဲ့ ...က်သွယ် ချင်လို့ပါ'

'အေးဂျင့် နာမည်က'

'ဆိုရာယာမိုးပါ'

'ခဏလေးနော်၊ လူကြီးမင်း နာမည် နဲ့ ဖုန်းနံပါတ် ပြောထားပါ၊ သူ့ဆီကို ...ဆေ့ချ် ရောက်အောင် ပို့ပေးပါ့မယ်'

တိုင်ရွှန်သည် ခွကျသွား၏။

'အေဗျာ သူ့အမျိုးကို ဘယ်သူ ရှင်းသလဲဆိုတာ ကျုပ် သိတယ်လို့ပဲ ...ပြောလိုက်ပါ'

တိုင်ရွှန်သည် ဖုန်းဆက်သွယ်မှု ပိတ်လိုက်ပြီး ကိုင်ဆောင်ထားသည့် ...တ် ကိုင်ဖုန်းကို ရေဆိုးမြောင်းထဲ ပစ်ချလိုက်၏။ ဒီတယ်လီဖုန်းကို သူ ...က်သုံး၍ မဖြစ်တော့။

...က်ဂျီနီက ဘွန်းကို ကြည့်ပြီး

'ခင်ဗျား ဘယ်သူလဲ'

ဘွန်းက

'နာမည်က အရေးကြီးသလား'

www.burmeseclassic.com

www.burmeseclassic.com



'မကြီးပါဘူး'

'မင်းရဲ့လူ ဆိုဒန် အလီယာနိုဗစ်က ကျုပ်ကို သတ်ဖို့ ကြိုးစားခဲ့တယ် အဲဒါကို မင်း မအံ့ဩဘူး မဟုတ်လား'

'ဒီနေ့တော့ ကျုပ်ဘာကိုမှ မအံ့ဩတော့ဘူး'

ဘွန်းက

'မင်းကို ဘယ်သူ ငှားခဲ့တာလဲ'

ယက်ဂျီနီက

'ကျုပ်က ဖွင့်ပြောမယ်လို့ ထင်နေ သလား'

'ဆော်ဒီ လူမျိုး ဖာဒီ မဟုတ်ဘူးလား'

'ကျုပ် ဘယ် ဖာဒီမှ မသိဘူး'

'ဒါပေမဲ့ အပြင်မှာ မရှိတဲ့ မူးယစ်ဂိုဏ်း ခေါင်းဆောင် အီဒေါ ဗလာဒိုဗစ် လီမွန်တော့ ကိုတော့ သိပါတယ်လေ'

'ကျုပ်က သိတယ်လို့ မပြောခဲ့ပါဘူး၊ ဒါထက် ကျုပ်တို့ အခု ဘယ်သွား နေကြတာလဲ'

'လူသတ်ကွင်းကိုပေါ့'

'ဒါဆို ကျုပ်က ဆုတောင်းရတော့မှာပေါ့'

'ဘာဘောပါပဲ'

စကိုဒါဗင်ကားဟောင်းသည် လမ်းမမှ ဖယ်ခွာ၍ လယ်တဲတစ်လုံး ရှိရာသို့ မောင်းဝင်ခဲ့၏။

ကားဆိုက်လာသော အခါ ခွေးကြီး အိုလီဆင်က အသံပြု ကြိုသည်။

ခွေးကြီးကို မြင်သော ယက်ဂျီနီက

'နည်းတဲ့ ကောင်ကြီး မဟုတ်ပါလား'

ဘွန်းက ယက်ဂျီနီကို ခြံနောက်ဖေးသို့ ဆွဲခေါ်သွားသည်။ ပြီးနောက် ခွေးကြီး အိုလီဆင့်ကို ပြ၍

'အဲ သူကတော့ မင်းကို သတ်မယ့် သူပေါ့'

ယက်ဂျီနီ လန့်သွား၏။

'ဒီခွေးကြီး ဟုတ်လား'

ဘွန်းက

'မင်းကို ဘယ်သူက ငှားခဲ့တာလဲ'

'ဖွင့်ပြောရင် သူက ကျုပ်ကို သတ်မှာပေါ့'



'သူသတ်မှာက နောက်'

ဘွန်း ထိုသို့ ပြောလိုက်စဉ် ဆိုရာယာက ခွေးကြီး အိုလီဆင်ကို လွှတ်ပေး လိုက်ရာ ခွေးကြီးက ယက်ဂျီနီကို ခုန်အုပ်လိုက်၍ ယက်ဂျီနီ အောက်မှာ ပက်လက်လန်နေ၏။ ဘွန်းက အိုလီဆင်၏ လည်ပတ်ကြိုးကို နောက်မှ ဆောင့်ဆွဲလိုက်သဖြင့် ယက်ဂျီနီ သက်သာရာ ရသွားခြင်း ဖြစ်သည်။

'ဒီမယ် ယက်ဂျီနီ အိုလီဆင်က ကြီးလည်း ကြီးတယ်၊ သန်လည်း သန်တယ်၊ ကျုပ်အကြာကြီး ဆွဲမထားနိုင်ဘူးနော်၊ ငါးစက္ကန့်ပဲ အချိန်ပေးမယ်'

ယက်ဂျီနီ

'ဟုတ်ပါပြီ၊ ခွေးကြီးကိုတော့ ဆွဲထား ပါဦး'

'မင်းကို ဘယ်သူက ငှားခဲ့တာလဲ'

'ကျုပ်ကို ငှားခဲ့တဲ့သူက နီဆင်ဟာ တန်တဲ့၊ အီစတန်ဘူးလ်က ဆူလတန် နာရပ်ကွက်မှာ နေပါတယ်'

'ဆူလတန် ရပ်ကွက် ဘယ်နားမှာလဲ'

'ဒါတော့ ကျုပ်လည်း မသိပါဘူး'

ဘွန်းလက်မှ ကြိုးလွှတ်လိုက်သော အခါ အိုလီဆင်သည် ခုန်အုပ်လိုက် လေ၏။

၀

အိုဒက်ဆာ ဌာနတာဝန်ခံ ဒေါက်တာ ပေလီနာက

'ကုန်တင်လှေတွေနဲ့ ထွက်မယ်ဆိုရင် ရွေးစရာက နှစ်လမ်းပဲ ရှိပါတယ်၊ အိုဒက်ဆာနဲ့ အိုင်လီချက်ပဲ၊ အိုင်လီချက်က အနောက်တောင်ဘက် ၇ ကီလို မီတာလောက် ဝေးတယ်'

လာနာက

'ဘယ်ဆိပ်ကမ်းကို ခင်ဗျား ရွေးမလဲ'

'အိုဒက်ဆာတော့ ပိုနီးတာပေါ့လေ၊ ဒါပေမဲ့ ရဲအစောင့်တွေက စောင့် ကြပ်နေလောက်ပြီ၊ အိုင်လီချက်က ဝေးတော့ ရဲ အစောင့် နည်းနိုင်တယ်'

'ဒါဆိုလည်း အိုင်လီချက်ပဲ လိုက်တာပေါ့'

သူတို့ အဲဒီကို သွားကြရင် ပြဿနာကတစ်ခုပဲ တက်နိုင်တယ်၊ ရဲတွေက လမ်းပိတ်ဆို့ စစ်ဆေးမှုပဲ'

၁

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းနှင့် ဆိုရာယာတို့သည် အိုင်လီချက်သို့ သွားနေကြသည်။

ဆိုရာယာက

'ရှင် ဘယ့်နှယ် နေသေးလဲ'

'သက်သာပါတယ်'

ရှေ့သို့ ရောက်သောအခါ ရဲများ ပိတ်ဆို့ စစ်ဆေးနေသော ဂိတ်နှင့် ဆုံသည်။ ရဲများက စနစ်တကျ စစ်ဆေး နေကြခြင်း ဖြစ်သည်။ ရှေ့မှ ကားများကို အသေအသေချာ စစ်ဆေးနေကြ၏။

ဘွန်းက

'ကျွန်ုပ်တို့ ပြန်လှည့်လို့လည်း မရနိုင်တော့ဘူး၊ ဒီတော့ အစီအစဉ် အတိုင်း လုပ်ကြဖို့ ရှိတာပဲ၊ ဆိုရာယာ မင်းက နောက်ဘက်ကို ကြည့်၊ ကျွန်ုပ်က ရှေ့ကို ကြည့်မယ်'

ရဲဆာဂျင် ပီထရိုဗစ်သည် ရဲဂိတ်ကို စောင့်ကြပ်နေသူ ဖြစ်သည်။ တန်းစီနေသော ကားတန်း နံပါတ် ၇ လောက်မှ စကိုဒါ ကားဟောင်းတစ်စီး ဖြတ်ကျော်ရွေ့တက်လာသည်ကို မြင်ရသည်။ ရဲဆာဂျင် ကားမောင်းသူကို လှမ်းကြည့်လိုက်သည်။ အိုဒက်ဆာ တိုက်ပွဲတွင် ဆုံခဲ့သူဟု မှတ်မိသွား၏။ ပထမဆုံး သူသည် အချက် ပေး ခရာမှုတ်ရန် သတိရ၏။ နောက်မှ ရပ်လိုက်၏။ ဒါ သူ့အတွက် အခွင့်အရေး ပင်။ သူ့အစွမ်းကို ပြရတော့မည် ဖြစ် သည်။ သူသည် ဝံပုလွေတစ်ကောင် သားကောင် ဖမ်းသလို စိတ်အားထက်သန်စွာ လှုပ်ရှားလိုက်လေ၏။

ဘွန်းသည် စကိုဒါဗင် ကားပေါ်မှ အသာလေး လျှိုဆင်းကာ နံဘေးမှ ဂိုထောင် နောက်သို့ ဝင်လိုက်၏။ နောက် ဂိုထောင်ကို ကွေ့ပတ်၍ ရဲများ ပိတ်ဆို့ထားသော ဂိတ်မှ အသာလေး ဖြတ်ရန် ဖြစ်သည်။ ထိုစဉ် သူ့နောက်မှ တစ်စုံတစ်ယောက် လိုက်လာသည်ကို သင်္ဘောထားမိသည်။ လှည့်ကြည့်ရာ ချောင်လိုက်ခေါင်းတွင် သူ့ နောက် လိုက်လာခဲ့သော ရဲတစ်ဦးကို မြင်လိုက်ရ၏။

အခြေအနေအရ ဆိပ်ခံ ဂိုထောင် တစ်ခုကို ပတ်ကျော်လိုက်လျှင် ရဲများ လမ်းပိတ်ဆို့မှုကို ကျော်ဖြတ်နိုင်တော့မည် ဖြစ်သည်။



ဘွန်းအနေနှင့် ကားတစ်စီး နံဘေးသို့ ပြေးကပ်လိုက်ရန်သာ ရှိသည်။ ခရီးကား မနီးလှပေ။ ဘွန်းသည် အားယူ၍ ပတ်ပြေးလိုက်သည်။ သူ့ရှောတ်လုလု ဖြစ်ကာမှ သူ၏ ဘယ်ဘက်ခြေထောက်မှာ မခံနိုင်တော့ဘဲ ယိုင်လဲသွားလေ၏။ ပြင်းပြသော ဝေဒနာ ခံစားရ၏။

သူသည် ကားနံဘေးသို့ ရောက်လာ၏။ သူသည် ကြိုးစား၍ သွားသည်။ အခြေအနေကား ဆိုးလှ၏။

ဂျေဆင်ဘွန်းသည် အသက်ကို ပြင်းစွာရှူလိုက်ပြီး ကားတစ်ဖက်တိုလှဲချ လိုက်သည်။ သူသည် ကားရှေ့မှန်မှ ကျော်၍ တစ်ဖက်သို့ ကြည့်သည်။ ဂျေဆင်ဘွန်း နောက်သို့ လိုက်ပါလာသော ရဲသားသည် ဘွန်း၏ လှုပ်ရှားမှုကြောင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိဘဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်း သတိရသွားပြီး ဘွန်းကို သေနတ်ဖြင့် ချိန်၍ ပစ်ရန် ကြိုးစားသည်။ ရဲသား သေနတ်မောင်းခလုတ် မဆွဲနိုင်မီ ဂျေဆင်ဘွန်းသည် သူ့ခြေထောက်ကို လွှဲ၍ ရဲသား ၏ မေးရိုးကို လှမ်းကန်လိုက်၏။ မေးရိုးကျိုးသံ ကြားရသည်။

ဘွန်းသည် ရဲသား၏ ပစ္စတိုကို တစ်ဖက်မှ ယူပြီး တစ်ဖက်ဖြင့် ရဲသား၏ လည်တိုင်ကို ခုတ်လိုက်၏။ နောက် ဟိုတစ်ဖက်သို့ သုတ်ခြေတင်လိုက်၏။

ရဲတပ်ဖွဲ့ဝင်များ၏ လမ်းပိတ်ဆို့ စစ်ဆေးမှု၏ တစ်ဖက် တောအစပ်မှာ ဘွန်း ရောက်နေခြင်း ဖြစ်သည်။ ဤဘက်သို့ ရဲများ လှမ်းမမြင်နိုင်ပေ။ မလှမ်းမကမ်းတွင် စကိုဒါ ကားစုတ် ရပ်ထားသည်။ ဘေးတံခါး အသင့်ဖွင့်ထားသည်ကို တွေ့ရ၏။

ဘွန်း ကားပေါ်တက်ပြီး တံခါး ပြန်ပိတ်လိုက်၏။ စကိုဒါ စတင် လှုပ်ရှားတော့၏။

ဆိုရာယာက

'ရှင် အဆင်ပြေရဲ့လား'

ဘွန်းက

'ကျွန်ုပ် အစီအစဉ် C ကို ပြောင်းရတာပေါ့၊ ပြီးတော့ အစီအစဉ်ကို ပြောင်းရတယ်လေ'

ဆိုရာယာက

'အစီအစဉ် C တို့၊ D တို့က ရှိမှ မရှိတာ'

ဘွန်းက

'ကျွန်ုပ် အဲဒါကို ပြောတာပဲပေါ့'

၁

www.burmeseclassic.com

www.burmeseclassic.com



သီချက် ဆိပ်တမ်းသို့ ရောက်လာသောအခါ လာနာက

'ကျွန်ုပ်ကို သူတို့ သင်္ဘောဆိပ်တွေ ရှိရာ လိုက်ပို့ ကျုပ် အဲဒီ ကတို့ခရီးသည် စာရင်းကို စစ်ဆေးချင်တယ်၊ ဘွန်းဟာ ဒီကိုပဲ ဦးတည်သွားမှာပဲ'

ဒေါက်တာ ပါလီနာက

'ကျွန်မကတော့ ဒီလို မထင်ဘူး၊ ဘွန်းဟာ ဆေးစာအတွက် ဆေးဆိုင် တစ်ခုခု အရင် ပြေးရမှာပဲ'

လာနာသည် မိန်းမတစ်ဦး၏ အမိန့်ပေးခြင်းကို နာခံလိုခြင်း မရှိပါ။ အိုဒက်ဆာ ရောက်ကတည်းက အိုဒက်ဆာ တာဝန်ခံမှာ အမျိုးသမီးဖြစ်နေပြီး သူ စီမံပေးသမျှ လုပ်နေရသည်။ စိတ်ထဲ၌ မကျေနပ်။

သူတို့ ဆေးခန်းတစ်ခုရှေ့ ရောက်သည်။

ဒေါက်တာ ပါလီနာက

'ကျွန်မ ဝင်သွားမယ်လေ၊ ဒါမှ လုံခြုံရေးတွေ ဘာတွေ မေးစရာ မရှိမှာ'

လာနာက

'ကျုပ်ပါ လိုက်ခဲ့မှ ကောင်းမယ် ထင်တယ်'

'ရှင်က အတော် ခက်တာပဲ၊ ဒီက လူတွေ ကျွန်မကို သိပြီးသားရှင့်'

'ဒီက လူတွေက ခင်ဗျားကို သိပြီးသားဆိုရင်လည်း ဘာမှ လုံခြုံရေး အတွက် ပြဿနာ မရှိနိုင်တော့ဘူးပေါ့ဗျာ'

ဒေါက်တာက

'ရှင့်ကို ဌာနချုပ်က လွှတ်လိုက်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ အိုဒက်ဆာ မှာ ကျွန်မ တာဝန်ခံရှင့်'

လာနာက မကျေမနပ်နှင့်

'လတ်တလော အခြေအနေမှာပေါ့လေ'

'ဘာပဲပြောပြော ဒီမှာတော့ ကျွန်မ တာဝန်ရှိတယ်၊ ကျွန်မရဲ့ အဆုံး အဖြတ်ကို နာခံဖို့ လိုတယ်'

ပြောပြောဆိုဆိုပင် ဒေါက်တာ ပါလီနာသည် ဆေးခန်းတံခါး ဖွင့်ဝင် လိုက်၏။ တစ်ချိန်တည်းမှာပင်

'အထဲရောက်ရင် ရှင် ပါးစပ် ပိတ်ထားနော်၊ ဒီလောက်တော့ ရှင်လည်း နားလည်မယ် ထင်ပါတယ်'



မာတင်လင်းဒရို့စ်အဖြစ် ဟန်ဆောင်နေရသူ ကာရင် အယ်လ်ဖျူးဇယ်သည် အဖွဲ့ချုပ် ခေါင်းဆောင်အဘိုးကြီးက နံနက်စာ စားဖို့ ခေါ်သောအခါ သွားရ၏။ ခေါင်းထဲတွင်လည်း သူ့အတွေးနှင့် သူ ရှုပ်နေသည်ပင်။ ဒေါက်တာ ဗိန်းထရော့၏ စီမံမှုကြောင့် ဂျေဆင်ဘွန်း၏ မှတ်ဉာဏ်ထဲတွင် သဲလွန်စ တစ်ခု ထည့်နိုင်ခဲ့၏။ ထို့ကြောင့်လည်း ဂျေဆင်ဘွန်းသည် ထောင်ချောက် ထဲသို့ အရောက်သွားခဲ့ခြင်း ဖြစ်သည်။ သို့သော် မည်သို့မည်ပုံ ဖြစ်သွားသည် မသိ။ ဂျေဆင်ဘွန်းသည် မှတ်ဉာဏ် ပြန်ရသွားလေသည်။ ဖာဒီ၏ ထောင် ချောက်ထဲမှ လွတ်အောင် ရှောင်ပြီး လူလေးယောက်ကိုပင် သတ်သွားသေး ၏။ သို့သော် ဖာဒီကမူ ဘွန်း၏ ခါးသို့ ထိုးနိုင်ခဲ့သည် ဆို၏။ ဂျေဆင်ဘွန်း အသက်ရှင်လျက် ရှိသေး၊ မရှိသေး ဘယ်သူမှ မပြောနိုင်။ ဂျမီးလ်ကို လောင်းကြေး ထပ်ပါဆိုပါက ဂျမီးလ်သည် ဂျေဆင်ဘွန်း အသက်ရှင် နေဦး မည့်ဘက်မှ လောင်းကြေးထပ်မည် ဖြစ်သည်။

ခေါင်းထဲမှာ ထိုအတွေးများ ရှိနေသော်လည်း ယခု လတ်တလောတွင်မူ ဂျမီးလ်သည် မာတင်လင်းဒရို့စ်အဖြစ် အဘိုးကြီးနှင့်အတူ နံနက်စာစားရန် သွား နေရ၏။ အဖွဲ့ချုပ်ရုံး၏ အပေါ်ဆုံးထပ်မှာ ဖြစ်သည်။

အဘိုးကြီးသည် တစ်ယောက်တည်း ထိုင်နေ၏။

အဘိုးကြီးက

'လာနာတော့ တို့အစည်းအဝေးကို လာနိုင်မှာ မဟုတ်ဘူး'

ဂျမီးလ်က မာတင်လင်းဒရို့စ် အဖြစ် စကော်ပီယံ စီမံကိန်း အခြေအနေ များကို တင်ပြ အစီရင်ခံ၏။ ဒူဂျာအဖွဲ့ စခန်းချရာ တောင်ယီမင် ဒေသ ရှာဝါ တောင်တန်းဒေသမှာ တောတောင်ထူထပ်၍ အတိအကျ သိရန်ခက်ခဲနေ ကြောင်း အစီရင်ခံ၏။

အစီရင်ခံ အပြီးတွင် ဂျမီးလ်က

'ဆရာ ဝန်မလေးဘူးဆိုရင် သိချင်တာက ကျွန်တော် မရှိတုန်း ကျွန်တော့် နေရာကို ဘာဖြစ်လို့ လာနာ့ကို ခန့်ခဲ့ရတာလဲ'

အခြေအနေ အရပေါ့ကွာ

'မက်သရူး လာနာရော'

'သူ့ကို ဂျေဆင်ဘွန်းကို ရှင်းဖို့ တာဝန်ပေးလိုက်တယ်၊ ဂျေဆင်ဘွန်းဟာ

www.burmeseclassic.com



င်းရဲ့မိတ်ဆွေ ဖြစ်နေလို့ မင်းကို တာဝန် ပေးလို့ မဖြစ်နိုင်ဘူးလေ'

'လာနာက လုပ်နိုင်ပါ့မလား'

'လာနာဆိုတဲ့ ကောင်က မာတယ်၊ လူသတ်ကောင်ပဲကွ၊ သူက မွေးရာပါ လူသတ် စွမ်းရည်ရှိတဲ့သူ၊ သူ့လိုလူမျိုးက အတော်ရှားတယ်'

ဂျမီးလ်၏ စိတ်ထဲကမူ

လာနာက လူသတ်ကောင်တဲ့လား၊ ဂျေဆင်ဘွန်းကလည်းအလားတူပဲဖြ ဟု နာကြည်းစွာ တွေးလိုက်မိ၏။

၀

ဆိုရာယာသည် ကားဆိုဖာပေါ်မှ သွေးစက်များကို မြင်သွားပြီး

'ရှင့်ချုပ်ရိုးက တစ်ချက်နှစ်ချက် ပြေသွားတယ် ထင်တယ်၊ ဆေးခန်း တစ်ခုခုကို မသွားလို့ မဖြစ်ဘူးနဲ့ တူတယ်'

ဘွန်းက

'မဖြစ်ဘူး၊ ကျုပ်တို့ ဒီက အမြန်ဆုံး ထွက်မှ ဖြစ်မယ်၊ ရဲတွေက ဒီထက် ပိုပြီး တင်းကျပ်လာတော့မှာ၊ ပြီးတော့ ဒီ ဆိပ်ကမ်းမှာ ဆေးကဘယ်မှာရနိုင်မှာလဲ'

'ဒီ ဆိပ်ကမ်းမှာ ပိုလီဆေးခန်း ရှိတယ်'

ဆိုရာယာသည် မော်တော် ကားကို သုံးထပ် အဆောက်အအုံ ရှေ့မှာ ရပ်လိုက်၏။ ဂျေဆင်ဘွန်းက ကားထဲမှ ခက်ခက်ခဲခဲ ဆင်းနေရပုံကိုကြည့်ပြီး ဆိုရာယာက

'ကျွန်မတို့ နောက်ဖေးပေါက်က ဝင်မှ ထင်တယ်'

ဂျေဆင်ဘွန်းက ခေါင်းကို ခါယမ်းပြပြီး အိတ်ထဲမှ မှတ်ပုံတင် တစ်ခုကို ထုတ်ပြကာ

'ကျုပ်နာမည်က မာကိုလာ ပက်ထရို ဇစ်တူတဲ့၊ ကျုပ် ရာထူးကအကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့က ဗိုလ်ချုပ်ပဲ'

'ဒါဖြင့် ကျွန်မကရော'

'မင်းကို ဘယ်သူကမှ မေးရဲမှာ မဟုတ်ဘူး၊ မော့်တောင် ကြည့်ရဲမှာ မဟုတ်ဘူး'

သူတို့ အထဲဝင်လိုက်၏။ ဘွန်းက သူ့ရဲ့ မှတ်ပုံတင်ကို ပြလိုက်ပြီး

'ကျုပ် ဒုဗိုလ်ချုပ်ပဲ၊ ကျုပ်ခါးဒဏ်ရာ ရထားလို့ ဆရာဝန် ပြဖို့ လိုတယ်'



ဆေးခန်းမှ တာဝန်ရှိသူသည် ဘာမှမပြောရဲတော့ဘဲ ဘွန်းတို့ ဆေးကုသ လုပ်နေပြီး မလှမ်းမကမ်းမှာ ဆိုရာယာအား ထိုင်စေ၏။

ဆေးခန်း အပြင်ခန်းတွင် ဒေါက်တာနှင့် လာနာတို့ ရောက်လာကြ၏ ဆေးခန်း တာဝန်ရှိသူက

'ဒီမှာ လာတဲ့သူက အထူးတပ်ဖွဲ့က ဒုဗိုလ်ချုပ် ခင်ဗျ၊ ခင်ဗျားတို့ လိုက်ရှာ နေတဲ့ သူတော့ ဖြစ်နိုင်မယ် မထင်ပါဘူး'

မက်သရူး လာနာက

'ဒါဆို ကျုပ်တို့ဘာသာ ကျုပ်တို့ ဆုံးဖြတ်မယ်လေ'

ဒေါက်တာ ပါလီနာက

'ရှင် စောစောက ပြောတုန်းက အဲဒီ လူက ခါးဒဏ်ရာ ရနေတယ်ဆို'

'ဟုတ်ကဲ့၊ ကျွန်တော့်ကို အဲဒီလိုပဲ ပြောတာပဲ'

ဒေါက်တာ ပါလီနာက ထိုင်ရာမှ ထလိုက်ပြီး

'ဒါဆို ကျွန်မ သွားကြည့်မှ ဖြစ်မယ်'

လာနာကလည်း ထ၍

'ကျုပ်ပါ လိုက်မှာပေါ့'

'မလိုက်ပါနဲ့ နေခဲ့ပါ၊ သူ ဘယ်သူ ဘယ်ဝါဆိုတာ သေချာရင် ကျွန်မ ခေါ်လိုက်ပါ့မယ်'

လာနာသည် ဘာမှ မပြောတော့ဘဲ ဒေါက်တာ ပါလီနာနှင့် ဆေး လက်ထောက်တို့ ဆေးခန်းထဲ ဝင်သွားသည်ကို ကြည့်နေလိုက်ရ၏။ မက်သရူး လာနာသည် ထိုသို့ ငုတ်တုတ်ထိုင်စောင့်နေမည့် သူ မဟုတ်ပေ။ အိုဒက်ဆာ တာဝန်ခံဖြစ်သော ဒေါက်တာပါလီနာက လာနာသည် အဖွဲ့ချုပ်မှ ဂျေဆင် ဘွန်းကို လာရှာသူ ဖြစ်ကြောင်း ပြောလိုက်နိုင်သည်။ သူသည် ဆေးရုံထဲသို့ ဝင်လိုက်သွားသည်။

ဆေးရုံထဲ ရောက်သောအခါ ဘယ် ဆေးခန်းထဲတွင် လူနာကို ဆေးကု နေသည် သူမသိ။ သို့နှင့် ပထမဆုံး တွေ့သော အမျိုးသမီးအား ဒုဗိုလ်ချုပ် ကို ဆေးကု ပေးနေတာ ဘယ်အခန်းလဲဟု မေးသည်။ ထို အမျိုးသမီးက လမ်းညွှန် ပြသလိုက်သည်။ မက်သရူး လာနာသည် ထိုမိန်းကလေး လမ်းညွှန် ပြသသည့်အတိုင်း စင်္ကြံအတိုင်း တွေ့ဝင် လျှောက်သွား၏။ ထို့ကြောင့် ထို

www.burmeseclassic.com

www.burmeseclassic.com



အနှိုးသမီး နံရံပေါ်မှ ဖုန်းခွက်ကို ကိုင်၍ သက်ဆိုင်ရာသို့ လှမ်းပြောနေသည်ကို မသိ၊ မမြင်တော့ပေ။

ဆေးကုသော အခန်းသို့ ရောက်သောအခါ ဒေါက်တာ ပါလီနာက

'ဂွတ်မောနင်း ဒုဗိုလ်ချုပ်၊ ကျွန်မ ဒေါက်တာ ပါလီနာပါ' ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ ပြီးမှ အတူပါလာသည့် ဆေးရုံတာဝန်ရှိသူအား

'ဒီလူဟာ ကျွန်မတို့ ရှာနေတဲ့သူ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ဆေး ကုသသော ခုတင်ပေါ်တွင် ထိုင်နေသော ဘွန်းက ဒေါက်တာ ပါလီ နာသည် လိမ်ညာနေကြောင်း ရိပ်မိ၏။ ဒေါက်တာ ပါလီနာက ဆိုရာယာ ရှိရာသို့ တစ်ချက် ကြည့်သည်။ မြင်သောအခါ ဘွန်းက

'ဒီကောင်မကို ကျုပ် ဖမ်းလာတာပါ၊ သူ့နား မသွားနဲ့ သူက အန္တရာယ် သိပ်ကြီးတယ်'

ဒေါက်တာ ပါလီနာက

'ကပါ ဒုဗိုလ်ချုပ်၊ လှဲအိပ်လိုက်ပါ ကျွန်မ ရှင့်ဒဏ်ရာကို ကြည့်ပါရစေ'

ဒေါက်တာ ပါလီနာသည် လက်အိပ် ချွတ်လိုက်ပြီးနောက် ဒဏ်ရာ ကို စည်းနှောင်ထားသည်တို့ကို ဖြေလိုက်၏။ ပြီးမှ

'ဒီမိန်းမက ဗိုလ်ချုပ်ကို ဓားနဲ့ ထိုးခဲ့တာလား'

ဘွန်းက

'ဟုတ်ကဲ့'

ဒေါက်တာ ပါလီနာက

'ဘာပဲပြောပြော ရှင့်ကို ပထမဆုံး ဆေးကု ချုပ်ပေးခဲ့တဲ့ သူကတော့ ပထမ တန်းစားပဲရှင့်၊ ဒါပေမဲ့ ဒုဗိုလ်ချုပ်က ငြိမ်ငြိမ်မနေဘဲ လှုပ်လှုပ်ရှားရှား လုပ်ခဲ့ပုံ ရတယ်၊ ကိစ္စ မရှိပါဘူးလေ၊ ကျွန်မ ပွင့်သွားတာပြန်ချုပ်ပေးလိုက် ပါ့မယ်'

ဒေါက်တာ ပါလီနာသည် ကျွမ်းကျင်စွာ ပြန်လည်ချုပ်ပေးပြီး ဆေး တစ်လုံး ထိုးပေးသည်။ ပြီးနောက် ဆေးဗီရိုထဲမှ အထုပ်တစ်ထုပ် ယူ၍ ဘွန်း အားပေးသည်။

'ဒါကို ယူထား၊ တစ်နေ့ နှစ်ကြိမ်သောက်'



ဘွန်းက ဆေးထုပ် ယူသည်။

ထိုစဉ် ဆေးရုံ တာဝန်ရှိသူ တစ်ဦးက အနားလာပြီး

'ဒေါက်တာ ပါလီနာ၊ ခင်ဗျား အပြင်မှာ စောင့်ခိုင်းထားတဲ့ မိတ်ဆွေ အပြင်မှာ မနေဘူးခင်ဗျာ လိုက်လာနေပြီတဲ့၊ ကျုပ် ကြည့် စီစဉ်လိုက်ပါ့မယ်'

ပြောပြောဆိုဆို အခန်းပြင်ဘက် ထွက်သွားသည်။

ဂျေဆင်ဘွန်းက

'ခင်ဗျားရဲ့ အပြင်က မိတ်ဆွေဆိုတာ ဘယ်သူလဲ'

ဒေါက်တာ ပါလီနာက

'ဘာမှ စိတ်မပူပါနဲ့ ဗိုလ်ချုပ်' ဟု ပြောသည်။ ပြီးမှ ဘွန်းကို တစ်ချက် ကြည့်ပြီး

'အဖွဲ့ချုပ်က လွှတ်လိုက်တဲ့သူပဲ'

သူနာကို စမ်းသပ်သည့် အခန်းသို့ မရောက်မီ မက်သရူး လာနာသည် အခန်း တွေ ခန်း သုံးခန်းထဲသို့ ဖွင့်ကြည့်သည်။ အခန်းများ အားလုံးမှာ ဆင်တူလို ဖြစ် သောကြောင့် ဖြစ်သည်။ အခန်းထဲမှ လူနာ ဆေးကုသသော ခုတင်နှင့် ဆင် အပြင်များကို အသေအချာ မှတ်သား လိုက်သည်။ အနေအထားကို သူ ကောင်းစွာ သိထားမှ ဖြစ်မည်။ ဂျေဆင်ဘွန်း၏ အကြောင်းကို သူ ကောင်းသိထားပြီ ဖြစ်သည်။ သူ့အနေနှင့် အခွင့်အရေး တစ်ကြိမ်ထက် ပိုရဖို့ ခက်နိုင်။

မက်သရူး လာနာသည် သေနတ်ကို ထုတ်၍ အသံတိတ် ကိရိယာကို တပ်သည်။ အသံတိတ် ကိရိယာ တပ်ဆင် လိုက်ခြင်းအားဖြင့် ပစ်မှတ်ကို ထိမှန်အောင် နိုင်ကြောင်း သူသိသည်။ သို့သော် ဤ နေရာမှာ ဆေးရုံ ဖြစ်သည်။ အခြား တိုင်းပြည် တခြားမြို့ရွာ ဖြစ်သည်။ သေနတ်သံ ကျယ်လောင်စွာ ထွက်အောင်လို့မဖြစ်။ သူ့ အနေနှင့် တိုးတိုးတိတ်တိတ် စာရင်းရှင်း၍ အမြန်ဆုံး အဆောက် အအုံထဲမှ ထွက်မှဖြစ်မည်။ ပြီးနောက် သူ့အနေဖြင့် ဂျေဆင်ဘွန်း အား စကား ပြောဆိုနေစဉ် သော်လည်းကောင်း၊ ငြင်းခုံနေရန် သော်လည်း ကောင်း၊ ပြန်လည် ခုခံနေရန် သော်လည်းကောင်း အခွင့်အရေး ပေး၍ မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စာစောက ဒေါက်တာ ပါလီနာနှင့် လိုက်ပါသွားသော ဆေး ဝန်ထမ်းက ထွက်လာပြီး

'ဒီမှာ ခင်ဗျ၊ လူကြီးမင်းကို ကျွန်တော့် ရုံးခန်းထဲ စောင့်ဖို့ ပြောခဲ့တာ လေ၊ အဲဒီအခန်းမှာ ပြန်ပြီး စောင့်ပါ'

မက်သရူး လာနာသည် အသင့် ဖြစ်နေပြီဖြစ်သော သေနတ်ပြောင်း ထိုလူ၏ နားသယ်ကို ရိုက်လိုက်သည်။ ထိုလူသည် တစ်ချက်တည်းဖြင့် ပုံလျက် လဲကျသွား၏။ မက်သရူး လာနာသည် ထိုလူကို ဂုပ်က ဆွဲ စာစောက သူ တွေ့သော အခန်းလွတ်ထဲသို့ သွားထည့်လိုက်သည်။

ပြီးတော့ စာစောက ဆေးဝန်ထမ်း ထွက်လာသော အခန်းဝသို့သွားသည် အခန်းတံခါး ဖွင့်သည့်ဘုကို လှည့်ဖွင့် မနေတော့ဘဲ တံခါးကို ခြေဖြင့် ဆောင့် ကန် ဖွင့်လိုက်သည်။ ပြီးသည်နှင့် အခန်းထဲရှိ လူနာခုတင်ပေါ်မှ ပုဂ္ဂိုလ်ကို သေနတ်ဖြင့် သုံးချက် လျင်မြန်စွာ ပစ်လိုက်လေ၏။

လာနာ၏ ဦးနှောက် အာရုံကြောများသည် သူ့မျက်စိနှင့် မြင်လိုက်သည်ကို တုံ့ပြန်ရန် အချိန်၊ စက္ကန့်လေး ယူရသည်။ သူ မြင်လိုက်ရသည်မှာ ဆေး ထား သော ခုတင်ပေါ်မှ ပစ္စည်းများသည် တစ်စုံတစ်ရာကို လူကဲ့သို့ ပုံသဏ္ဌာန် ပြုလုပ် ထားခြင်းပင်။ ထိုအချိန်၌ သူသည် ထိုအရာကို ကျည် သုံးတောင့်ဖြင့် ဖြစ်နေသည်။ အမှန်ကို သိလိုက်သည်နှင့် သူ့ခန္ဓာကိုယ် ပြန်လှည့်လိုက်၏။

ထိုသို့ သိရခြင်းနှင့် တုံ့ပြန်ခြင်း အခိုက်အတန့်ကလေးသည်ပင် ဘွန်းအတွက် လုံလောက်သော အချိန် ဖြစ်သည်။ ဘွန်းသည် ခန္ဓာကိုယ် တစ်ဖက် စောင်းလိုက်ပြီး အသင့်ဆောင် ထားသော မေ့ဆေး၊ ထုံဆေး ဆေးထိုးအပ်ဖြင့် လာနာ၏ လည်တိုင်ကို ထိုးစိုက်ကာ ဆေးများ ထိုးထည့် လိုက်၏။ သို့သော် ထိုဆေး၏ အာနိသင်မှာ လာနာကို အဆုံး သတ်နိုင်ခြင်း မရှိခဲ့။ လာနာသည် ကျွဲရိုင်း တစ်ကောင်လို သန်စွမ်းသူ ဖြစ်သည်။ သူသည် ချက်ချင်းပင် ဘွန်းကို ကိုယ်လုံးဖြင့် တိုက်လိုက်၏။

ဘွန်း သည်လည်း လာနာကို လက်သီးဖြင့် နှစ်ချက်ထိုးသည်။ လာနာ သည် ယိုင်သွားရာမှပင် လက်ထဲမှ သေနတ်ဖြင့် လုံခြုံရေး အစောင့် ရင်ဘတ်ကို ပစ်လိုက်၏။

ဒေါက်တာ ပါလီနာက ထိတ်လန့်တကြားဖြင့်



'ရှင် ဘာလုပ်တာလဲ၊ ရှင် ပြောတုန်းကတော့'

လာနာသည် သူ့ကိုယ်လုံးဖြင့် ဘွန်းကို တိုက်လိုက်ရင်း ဒေါက်တာ ပါလီနာ၏ ခေါင်းကို ပစ်ထည့်လိုက်ရာ ဒေါက်တာ ပါလီနာသည် နောက်ပြန် လဲကျပြီး ဆိုရာယာပေါ်သို့ ကျသည်။

လာနာက ကိုယ်လုံးနှင့် တိုက်လဲ့ရာတွင် ဘွန်း၏ ဒဏ်ရာဟောင်းကို ထိမိသည် ဖြစ်ရာ ဘွန်းသည် အလွန်အမင်း နာကျင်သွား၏။ သို့သော် ကိုယ်လုံးရှိ ခွန်အားများကို ပြန်လည် စုစည်းနေ၏။ လာနာက ဘွန်းကို တုပ်မှ ဆွဲမရန် ကြိုးစားလိုက်၏။ ထိုစဉ် ဆိုရာယာက သူ့မ ထိုင်နေသော ကုလားထိုင်ဖြင့် လာနာ၏ မျက်နှာကို ပေါက်လိုက်၏။ မျက်နှာကို တည့်တည့်ကြီး ကုလားထိုင်နှင့် အပေါက်ခံရသော လာနာသည် ဘွန်းကို ချုပ်ရာမှ လွှတ်လိုက်ရကာ နောက် ပြန်လဲကျသွား၏။ ကြမ်းပေါ်တွင် ခွေခြင်နေရသော လုံခြုံရေးအစောင့်၏ သေနတ်ကိုယူရန် ဆိုရာယာ ပထမ ကြိုးစားသော်လည်း အချိန်မကိုက်တော့သဖြင့် ဘွန်းကို ဆွဲထူမပြီး အခန်းထဲမှ ထွက်သွားလေ၏။ နောက်ဘက်မှ အသံတိတ် သေနတ်သံ နှစ်ချက် ကြားလိုက်ရသည်။

အပြင်ရောက်သည်နှင့် ဆိုရာယာသည် ဘွန်းကို စကိုဒါ ကားစုတ်ပေါ် တင်၍ အတင်းမောင်းထွက်လာခဲ့လေ၏။

လာနာသည် လူနာ စမ်းသပ်ခုတင်ကိုမှီရင်း ယိုင်ထိုးနေသော ခြေထောက် တို့ဖြင့် မတ်တတ်ရပ်ဖို့ ကြိုးစားသည်။ သူသည် ခေါင်းကို ခါယမ်းပြီး ခေါင်းထဲ ရှိနေသော ဝေဒနာကို ဖယ်ရှားရန် ကြိုးစားသည်၊ မရပေ။ လာနာသည် လည်ပင်းမှာ စိုက်ထားသော ဆေးထိုးအပ်ကို နုတ်လိုက်၏။ ဘွန်းသည် သူ့ လည်တိုင်တွင်းသို့ ဘာဆေးများ ထိုးသွင်းခဲ့ပါလိမ့်။

လာနာသည် မတ်တတ် ရပ်ဖို့ ကြိုးစားသည်။ သူ့ ခြေထောက်များသည် လှုပ်ခါနေသော သင်္ဘော ကုန်းပတ်ပေါ်တွင် ရပ်ရသလို ပျော့ခွေလျက် ရှိ၏။ သူသည် ကြိုးစား ထိန်းသိမ်းပြီး မျက်နှာသစ်ကန် ရှိရာသို့ သွားကာ မျက်နှာ ကို ရေအေးအေးဖြင့် သစ်လိုက်၏။ ရေအေးအေးဖြင့် မျက်နှာသစ်လိုက်ခြင်း ကြောင့် မူးဝေ ပျော့ခွေမှု မပျောက်သည့်ပြင် မျက်လုံးများသည် ပြာဝေလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူရန်လည်း ခက်ခဲလာ၏။ စမ်းတဝါးဝါး လက်များဖြင့် ဆေးပုလင်း ရှာတွေ့ရာ မီဒါဇိုလင်ဆိုပဲ၊ ခဏတာ အိပ်ပျော်စေတဲ့ ဆေးကိုသိရှိပြီး သဖြင့် ဆေးအာနိသင် ပျယ်စေသည့် ဆေး ရှာဖွေဖို့ ရှိသည်။ လာနာသည် ဆေးအံဆွဲထဲမှ အာနိသင်ပျက်ပြယ်စေသော ဆေးတစ်လုံး ထိုးသည်။ နော ဒေါက်တာ ပါလီနာ ရုပ်အလောင်း၏လက်မှ ကားသော့ယူသည်။ နော အပြင်သို့ ကြိုးစားထွက်လိုက်သည်။

ဒေါက်တာ ပါလီနာ၏ ကားနံဘေး ရောက်သောအခါ အနားမှ တ ကရိုက် ထွက်သွားပုံရသော ကားဘီးရာများကို တွေ့သည်။ ကားဘီးရာ ရွေ့လျားသွားပုံကို ကြည့်ခြင်းဖြင့် ကား၏ ဦးတည်ရာကို လာနာသိပြီ။ ဘွန်းတို့သည် ကူးတို့ဆိပ်သို့သွားပြီး အားအစ်ကပ်စ်ကူးတို့သို့ သူတို့ သွား ဖြစ်သည်။

လာနာသည် ရက်စက်ကြမ်းကြုတ်စွာ ပြုံးလိုက်၏။ အခြေအနေ သူ့အနေနှင့် နောက်တစ်ကြိမ် ဘွန်းကို လုပ်ကြံဖို့ အခွင့်အရေး ဖြစ်သောကြောင့်ပင်။

၁

အစ်ကပ်စ် သင်္ဘော ကပ္ပတိန်သည် ဒုဗိုလ်ချုပ် အမ်ပီတုန်နှင့် လက်ထောက် အမျိုးသမီးကို သင်္ဘောနှင့် လိုက်ပါမည် ဆိုသည့် အ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ သင်္ဘောပေါ်ရှိ အထူး ဗွီအိုင်ပီ အခ ပို့ဆောင်ပေးသည်။

အခန်းထဲရောက် တံခါးပိတ်ပြီးသည်နှင့် ဘွန်းသည် ခုတင်ပေါ်သို့ လိုက်၏။

ဆိုရာယာက

'ရှင် လှဲချလိုက်၊ ကျွန်မ လုပ်စရာတွေ လုပ်ပေးမယ်'

ဘွန်းသည် အိပ်ရာထက် လှဲ၍ အပေါ်ဝတ်များ ချွတ်လိုက်သည်။ ဆို ယာသည် တကယ့်ကျွမ်းကျင်သူ တစ်ဦး၏ ပုံစံအတိုင်း ဒဏ်ရာကို ပြုစုပေးသည်။ ဘွန်းသည် ဝေဒနာကြောင့် တွန့်သွား၏။

ဆိုရာယာသည် ဘွန်း၏ ဒဏ်ရာကို ပြုစုရင်း ပါးစပ်မှ

'လာနာက ရှင့်နောက်ကို လိုက်လာတာပါလား၊ ဘာလို့ လိုက် ပါလိမ့်၊ ဘာလို့ ရန်ပြုရတာလဲ'



ဘွန်းက ဝေဒနာတွေ ကြားမှ ပြုံးလိုက်၏။ သူက

'လာနာက အဘိုးကြီးရဲ့ လက်မရွံ့ လူသတ်ကောင်ပဲ၊ ကျုပ်တို့ ရှင်းပစ်ဖို့ ဘိုးကြီးက လွှတ်လိုက်တာ နေမှာပေါ့'

ဆိုရာယာက

'ရှင်က ခုလို ဘာဖြစ်လို့ အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် ပြော ရတာလဲ'

'အခြေအနေအရ တည်တည်ငြိမ်ငြိမ် ပြောရမယ်လေ'

'ဒါပေမဲ့ ရှင့်ရဲ့ ဌာန၊ ရှင့်ရဲ့ အေဂျင်စီက ခုလို'

'ဒီမယ် ဆိုရာယာ မင်းနားလည်ထားဖို့ က စီအိုင်ဟာ ကျုပ်ရဲ့ အေဂျင်စီ တော့ဘူး၊ ကျုပ်ကို ဆွဲခေါ် ဆွဲခန့်ခဲ့တာ၊ အရေးကြုံလို့ ခေါ်သုံးခဲ့တာ၊ အခြေအနေအားလုံးအရ စီအိုင်အေနေနဲ့ ကျုပ်ကို ရှင်းပစ်ဖို့လိုပြီယူဆလို့

ဆိုရာယာသည် ဘာမျှ မပြောတော့ဘဲ ဂျေဆင်ဘွန်း၏ ပြေသွားတဲ့ နှီးကို ပြန်ချုပ်ပြီး သွေးကို တိတ်စေ၏။

ပြီးမှ ဆိုရာယာက

'ဂျေဆင် ရှင်က ကျွန်မ မျက်နှာကို ဘာလို့ မကြည့်တာလဲဟင်'

ဘွန်းသည် သက်ပြင်းချလိုက်၏။

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ် မင်း မျက်နှာကို ကြည့်ရင် မင်းမျက်နှာကို င်ဘူး၊ အစ်ကို့ကိုပဲ မြင်နေလို့ပဲ'

'ဒါဆို ကျွန်မတို့ နှစ်ယောက်က ရုပ်ချင်း တူနေလို့လား'

'ဟင့်အင်း မတူဘူး'

'ဒါဖြင့်ရင် ဘာဖြစ်လို့'

ဘွန်းသည် ဘာမှ မဖြေ။

ဆိုရာယာက ညင်သာစွာဖြင့်

'ရှင် ကျွန်မကို ရှင်းပြဖို့တော့ ကောင်းပါတယ်'

ဘွန်းက ချိန်ချိန်ဆဆဖြင့်

'ကျုပ်တို့ ကျုပ်နဲ့ မင်း ဒီအရင်က'

ဆိုရာယာက ဘာမှ မဖြေ။

ဘွန်းက

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဟာ ဖာဒီကို အချုပ်ထဲက အပြင် မထုတ်သင့်ဘူး၊ ပြီးတော့ တမ်းခြေက ထောင်ချောက်ထဲကို မဝင်ထိုက်ဘူး၊ ကျုပ် မှတ်ဉာဏ် ပြန်မရတာကပဲ ဆိုးလှပြီ၊ ခုတော့ ကျုပ်က မင်းကို ဒုက္ခထဲ ဆွဲထည့်သလို ဖြစ်နေပြီလေ'

'ဘာဖြစ်လို့လဲ၊ ဘယ်လိုကြောင့်လဲ'

'ကျုပ်ကို ဆေးကုပေးတဲ့ ဒေါက်တာ ဆန်ဒါလင်ဟာ ကျုပ် ဦးနှောက်ထဲ တစ်ခုခု ထည့်ပေးခဲ့ပုံ ရတယ်၊ ဆန်ဒါလင်ဟာ ဖာဒီနဲ့ အဆက်အသွယ် ရှိ ဖြစ်ရမယ်၊ ဒါတွေဟာ ဖာဒီရဲ့ အကြံအစည်ပဲ ဖြစ်ရမယ်'

'မဟုတ်သေးပါဘူး ဂျေဆင်၊ ဖာဒီ ဟာ ရှင်မှတ်ဉာဏ် ပျောက်ဆုံးနေတာ ဘယ်လိုလုပ် သိမှာလဲ၊ ပြီးတော့ ဘယ် အထူးကုဆီသွားဖို့ ဘယ်လို ညွှန် ပေးမှာလဲ'

'အဲဒီ မေးခွန်း နှစ်ခုလုံးဟာ မေးထိုက်တဲ့ မေးခွန်းတွေပါပဲ၊ ဒါ ကျုပ်လည်း တိတိပပ အဖြေ မသိသေးဘူး၊ ဒါပေမဲ့ သေချာတာက ဖာဒီဟာ စီအိုင်ရဲ့ အတွင်းရေးတွေကို သိနေတယ်၊ မုန်တိုင်း စစ်ဆင် သူသိတယ်'

'အဲဒါတွေ အားလုံးဟာ ဖာဒီရဲ့ လက်ချက်တွေပဲပေါ့'

'ခု အခြေအနေကတော့ အိပ်မက် ဆိုး တစ်ခုလို ဖြစ်နေတုန်းပဲ၊ ဒါ အဖြစ်အပျက်တွေ အားလုံးဟာ တိုက်ဆိုင်မှုလို့ ကျုပ် မယုံဘူး၊ ဒေါ်ယ ဆန်ဒါလင်က ကျုပ်ဦးနှောက်ကို ဆေးကု ပေးတာ၊ မာတင် ပြန်ပေးဆွဲခံ ဖာဒီက ကျုပ်ကို သူကိုယ်တိုင် လက်စား ချေချင်နေတာ၊ အားလုံး အားလုံး ဆက်သွယ်မှု ရှိနေတယ်'

'ရှင့်ရဲ့ တွေးဆချက်တွေဟာ အမှန် တွေပဲလို့ ကျွန်မတို့ ဘယ်လို သိ မှာလဲ'

'ကျုပ်တို့ အစက စပြီး ခြေရာကောက်မှ ဖြစ်မယ်၊ ကျုပ် ပထ အိုဒက်ဆာကို ရောက်လာတာနဲ့ စရမယ်၊ အဲဒီတုန်းက ဆိုရာယာ အိုဒက်ဆာမှာ ရှိတယ်၊ ကျုပ်ရဲ့ ပျောက်ဆုံးနေတဲ့ မှတ်ဉာဏ်တွေကို ဖြည့်ဆည်းပေးမှ ဖြစ်မယ်'

ဆိုရာယာသည် တွေသွား၏။ ပြီးမှ ဘွန်းအား

'ရှင် အခု လောလောလတ်လတ် ကတော့ အိပ်ရာထက်မှာ နား လိုတယ်'



ဘွန်းကမူ

'ဒီမယ် ဆိုရာယာ အဲဒီတုန်းက အိုဒက်ဆာမှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန် ပြောပြဖို့ ဘာလို့ ဝန်လေးနေရတာလဲ'

ဆိုရာယာသည် ငိုင်သွား၏။ ပြီးမှ

'အဲဒီ အဖြစ်အပျက်တွေက ပြီးဆုံးခဲ့ပြီပဲ၊ ကျွန်မ ပြန်မတွေးချင်ဘူး ပြောချင်ဘူး'

ဘွန်းသည် ဆိုရာယာ၏ လက်ကို ဆုပ်ကိုင်လိုက်၏။

'ဘုရား ဘုရား ဘာတွေ ဖြစ်ခဲ့ကြလို့တုံး'

ဆိုရာယာ၏ မျက်လုံး အစုံသည် မျက်ရည်များဖြင့် စိုစွတ်သွား၏။ သူမက

'ဂျေဆင် ရှင်နဲ့ ကျွန်မတို့ဟာ အဲဒီ တုန်းက အပြစ်မဲ့တဲ့ အရပ်သူမလေး တစ်ယောက် ဆယ်ကျော်သက်လောက်ပဲ ရှိမယ်၊ သူ့ကို ကျွန်မတို့က သတ်- ကြ တယ်'

ဘွန်းက

'ဘယ်သူတုံး၊ ကျုပ်တို့ ဘယ်သူ့ကို သတ်မိသွားကြတာတုံး'

ဆိုရာယာသည် တုန်လှုပ်နေ၏။ သူမက

'အဲဒီ ကလေးမလေး နာမည်က ဆာရာတဲ့'

'ဆာရာ ဆာရာ ဘယ်သူလဲ'

'ကျွန်မလည်း အဲဒါပဲ သိတာပဲ'

ဆိုရာယာ မျက်လုံးများမှာ မျက်ရည် များဖြင့် ပြည့်လျှမ်းနေ၏။

'အဲဒီနာမည်တောင်မှ ရှင်ပြောပြလို့ သိရတာ၊ ရှင်ပဲ အဲဒီတုန်းက ပြောခဲ့ တယ်လေ၊ ရှင့်လက်ပေါ်မှာ အဲဒီမိန်းကလေး မသေဆုံးမီက ကျွန်မနာမည် ဆာရာတဲ့ မှတ်ထားပါနော်လို့ ပြောခဲ့သတဲ့လေ။

ယ်များ ရောက်နေပါလိမ့်' ဟု မာတင်လင်းဒရိုစ် တွေးသည်။ သူ့ကို လုံးများ ပိတ်လျက် လေယာဉ်ပေါ် တင်ဆောင် ခေါ်ယူခဲ့ကြသည်။ ကာ ထရပ်ကား တစ်ခုလား၊ ဂျစ်ကား တစ်စင်း လားပေါ်မှာ တင်၍ ဆောင်ကြပြန်သည်။ နောက်ဆုံး အခန်းတစ်ခုထဲ ပစ်ထည့်သည်။ တော့ အခန်းကို အပြင်မှ သော့ခတ်ပိတ်သွား၏။ မာတင်သည် ခေါင်းစွပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ချွတ်လိုက်၏။ အခန်းမှာ ကွန်ကရစ် အခန်းဖြစ်သည်။ ပြတင်းလည်း မရှိ ပုံပန်းအရ မြေအောက်ခန်း ဖြစ်ပုံရသည်။ သူရောက်နေသည်မှာ အာဖ နစ္စတန်နှင့် ပါကစ္စတန် နယ်ခြား ဖြစ်နိုင်သည်။

ထိုအခိုက် တံခါးဖွင့်သံ ကြားပြီး အစောင့်နှစ်ဦးနှင့် အတူ ဒေါက်တာ အင်ဒါစကီး ဝင်လာ၏။

ဒေါက်တာ အင်ဒါစကီးကို မြင်သည် နှင့် မာတင် ရန်ပြုဖို့ ကြိုးစားသည် အစောင့်များက ချုပ်ထား၍ မရ။

ဒေါက်တာ အင်ဒါစကီးက

'ကျုပ်က ခင်ဗျားရဲ့ ကျန်းမာရေးကို ကြည့်ဖို့ လာတာပါ'

မာတင်လင်းဒရို့စ်က

'ခင်ဗျားပဲ ကျုပ်ရဲ့ ညာဘက် မျက်လုံးကို ခွဲထုတ်ခဲ့တာ မဟုတ်လား'

'အဲ ခင်ဗျားရဲ့ မျက်လုံးကိုလိုအပ်လို့ ပေါ့ဗျာ၊ ခင်ဗျားရဲ့ မျက်လုံး စီအိုင်ရဲ့ စစ်ဆေးချက်ကို ဖြတ်နိုင်မှာကိုး။

မာတင် လင်းဒရို့စ်သည် ဒေါသတကြီးပဲ ဖြစ်နေ၏။

ဒေါက်တာ အင်ဒါစကီးက

'ခင်ဗျားကတော့ ဒီ ငရဲခန်းထဲက လွတ်မြောက်စရာ လမ်း မရှိပါဘူး'

၀

ဂျွန်မြူလာသည် ကာကွယ်ရေး အတွင်းဝန် ဟောလီဒေးနှင့် တွေ့ဆုံ လက်ထောက်များ ထွက်သွား၍ နှစ်ယောက်တည်း ရှိသောအခါမှ မြူလာ

'လာနာက အခြေအနေ အားလုံး ထိန်းသိမ်းနိုင်ပါတယ်လို့ အကြောင်း ကြားထားပါတယ်၊ ဒါပေမဲ့ မက်ကို တာဝန်ပေး ထားတာတော့ အဆင် ဘူး၊ သူပဲ ဆုံးရှုံးခဲ့တယ်၊ ဒီတော့ အင်နီဟဲလ်ကိုတော့ ကျုပ်ပဲ တာဝ ရတော့မှာပဲ'

အတွင်းဝန်က

'ဒီမယ် ဂျွန် တစ်ခုတော့ သတိပေး ထားမယ်နော်၊ ဘယ်အကြောင်း ကျုပ် ဆီကို ခြေရာခံ မလာစေနဲ့၊ ဒါ အရေးကြီးတယ်'

ဂျွန်မြူလာက ပြုံး၍

'ဒါကိုတော့ စိတ်ချပါဗျာ၊ ကျုပ်က ဘယ်ကိစ္စမဆို တစ်ကိုယ်တော် ဆောင်တတ်တယ် ဆိုတာ အတွင်းဝန်လည်း သိပါတယ်'



ဘွန်းက

'ဆာရာ ဟုတ်လား၊ ဒီထက်ပိုပြီး သိရအောင် ဆိုရာယာ မပူစမ်းဘူးလား'

'ကျွန်မ အခြေအနေက ဘာမှဆက်လိုက်စရာ မရှိတော့ဘူးလေ၊ ကျွန်မ က သူ့ မျက်နှာတောင် မြင်ဖူးလိုက်တာ မဟုတ်ဘူး၊ အဖြစ်အပျက်တွေက အမြန်ကြီး ဖြစ်သွားကြတာ၊ ရှင့်ကို သေနတ်မှန်တယ်၊ ကျွန်မတို့ နှစ်ယောက် ပြေးလွှား ပုန်းရှောင်ရတယ်၊ အဲဒီနောက် လွတ်မြောက်ခဲ့ကြတယ်၊ ဒါပဲ ကျွန်မက နာမည်ကလေးပဲ သိရတာပဲ၊ နောက်ပြီးတော့ ရှင်နဲ့ ကျွန်မ အိုဒက်ဆာမှာ ရှိခဲ့တယ်ဆိုတာလည်း တရားဝင် မှတ်တမ်းမှတ်ရာ မရှိဘူး အဲဒါ အမှန်ပဲ၊ ပြဿနာက ကျွန်မဟာ အဲဒီကိစ္စကို မေ့လို့ မရဘူး၊ ဝန်ထုပ် ဝန်ပိုးကြီးလို ခံစားနေရတယ်'

'ကျုပ်က သွေးတွေ ပေကျံနေတဲ့ အဲဒီ မိန်းကလေးကို ပွေ့ပြီး ပြေးနေခဲ့ရ တာ'

'ဟုတ်ပါတယ်၊ မိန်းကလေး လဲကျသွားတော့ ရှင် ပြေးပွေ့တယ်၊ အဲဒီ အချိန်မှာ ကျည်ဆန်တွေ ပလူပျံလာလို့ ကျွန်မလည်း ခံပစ်တယ်၊ ရှင်လည်း မှန်ပြီး ထွက်ပြေးခဲ့ကြရတာပဲ။ နောက်မှ ရှင်ပြောပြ တာကတော့ ရှင့်ကို တာဝန်ပေးလိုက်တဲ့ လုပ်ကြံမှုမှာ ရှင် အဲဒီလူကိုတွေ့တယ်၊ ရှင် ပစ်ခဲ့နိုင်တယ် လို့ ပြောတယ်၊ သူသေ မသေတော့ ရှင်လည်း မပြောတတ်ဘူး ပြောတယ်'

'ဒါဖြင့် ဆာရာကရော'

'ဆာရာက သေဆုံးခဲ့ပါပြီ၊ ရှင်က ရှင့်တာဝန် ဖြစ်တဲ့ ဟာမစ်ဘင်အရှက်ကို လုပ်ကြံဖို့ ဆက်ထွက်သွားခဲ့တာပဲ'

'ဘယ်လိုတွေ ဖြစ်ခဲ့ကြပါလိမ့်'

'မိန်းကလေးက ကျွန်မတို့ကို သတင်းပေးတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ဆုံရာမှာ ရှိနေတာပဲ၊ သတင်းပေးက ဟာမစ် ဘင်အရှက် ဘယ်မှာရှိတယ်လို့ ပြောတယ်၊ ကျွန်မတို့က သူ့ကို ငွေပေးတယ်၊ အဲဒီအချိန်မှာ မိန်းကလေးက ထွက်ပြေးတယ်၊ ပါးစပ်က ဘာလဲ မသိဘူး အော်တယ်၊ ကျွန်မတို့ နှစ်ယောက်စလုံး အဲဒီ မိန်းကလေးကို လှမ်းပစ် လိုက်ကြတယ်၊ မိန်းကလေး လဲကျသွား တယ်လေ'

ဘွန်းသည် ကုတင်ပေါ်သို့ ထိုင်ချလိုက်၏။

ဆိုရာယာက စိတ်ပူပူဟန်ဖြင့်

'ရှင် နေကောင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'နေကောင်းပါတယ်၊ အဲဒီ အဖြစ်အပျက်ကတော့ အားလုံး မှားယွင်းနေသလိုပဲ'

ဂျေဆင်ဘွန်းသည် အချိန် အကြာကြီး တွေးပြီးနောက်

'ဒီမှာ ဆိုရာယာ၊ ကျုပ်အထင်၊ ကျုပ် အယူအဆကတော့ ဆာရာ ဆိုတဲ့ မိန်းကလေး သေဆုံးမှုဟာ အားလုံးရဲ့ သော့ချက်ပဲ ဖြစ်ရမယ်၊ အခု ဖြစ်နေတာတွေ အထိပေါ့'

'ရှင် အလေးအနက် ပြောနေတာလား'

'ဟုတ်တယ်၊ ဆာရာ သေဆုံးမှုဟာ သော့ချက်ပဲ'

ဆိုရာယာက

'အကြမ်းဖက်ဒူဂျာ အဖွဲ့ဟာ အမေရိကန် နိုင်ငံရဲ့ မြို့ကြီး တစ်မြို့မြို့ကို နျူကလီးယားဗုံးနဲ့ ဖောက်ခွဲဖို့ မဟုတ် လား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒီလို စီမံတဲ့ နေရာမှာ ဆာရာ သေဆုံးမှုဟာ အရေးပါတဲ့ သော့ချက် နေရာမှာ ပါနေတာ သေချာတယ်'

'ရှင် ဆိုလိုတာက ဆာရာ သေဆုံးမှု နဲ့ ဒူဂျာရဲ့ စီမံကိန်းဟာ အဆက်အစပ် ရှိတဲ့ သဘောလား'

ဆိုရာယာသည် မျက်မှောင်ကုတ် လိုက်ပြီး

'ဟာမစ်ဘင်အရှက်ကို ရှင် လုပ်ကြံနေတဲ့ ကိစ္စနဲ့ ဖာဒီကရော ဘယ်လို ဆက်စပ်မှု ရှိသလဲ'

'ဒါလည်း ထပ်ပြီးအသေးစိတ် လေ့လာရဦးမှာပဲ၊အဲဒါလည်း အီစတန်ဘူကို ရောက်မှ အင်တာနက်တွေ ဘာတွေ နှိုက်ပြီးမှ သိနိုင်မှာ၊ ကျုပ်တို့ရဲ့ လက်ကိုင်ဖုန်းတွေကလည်း အခုသုံးလို့ မရတော့ဘူးလေ၊ ကဲပါခုလတ်တလောတော့ ကျုပ် ဆာလှပြီ'

'ဒါဆိုလည်း သွားကြတာပေါ့'

'ဘွန်းသည် ခုတင်ပေါ်မှ ထမည် ပြုသည်။ ဆိုရာယာက ပြန်တွန်းလိုက်ပြီး

'ရှင် နေခဲ့ပါ၊ ကျွန်မပဲ အပြင် ထွက်ပြီး နှစ်ယောက်စာ ဖန်တီးခဲ့ပါမယ်'

ဘွန်းသည် အိပ်ရာထက်၌ လှဲနေ၏။ နားထဲတွင်မူ ဖာဒီက သူ့ကို မေးနှင့်မထိုးမိ ပြောခဲ့သော စကားများကို ကြားယောင်နေ၏။

ဖာဒီ၏ စကားမှာ

'ငါ ဒီအချိန်ကို စောင့်ခဲ့ရတာ ကြာလှပြီ၊ ငါ မင်းရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး လက်စားချေဖို့ စောင့်ခဲ့ရတာ'



ဖာဒီ့စကားအရ သူ့အပေါ်တွင် ဖာဒီသည် ကိုယ်ရေးကိုယ်တာ ထက်တော ချေလိုစိတ် ရှိကြောင်း ထင်ရှားနေ၏။ ဘာကြောင့်ပါလိမ့်။ ဖာဒီ၏ အငြ အစည်သည် ဘာများပါလိမ့်။

ခုတင်ပေါ်တွင် လှဲမနေနိုင်တော့ဘဲ ဘွန်းသည် ရေချိုးခန်းထဲသို့ ဝင်ကာ ရေပန်းကို ဖွင့်လိုက်လေ၏။

၁

နေမင်းသည် တဖြည်းဖြည်းနှင့် မှိန်ဖျော့လာ၏။

အစ်ကပ်စ် သင်္ဘော ကုန်းပတ်ပေါ်တွင် ဆေးလိပ် သောက်၍ ဝန်းကျင်ကို အကဲခတ်နေသော မက်သရူးလာနာသည် အစ်ကပ်စ် သင်္ဘော အထူးဗွီအိုင်ပီ အခန်းနှစ်ခုထဲမှ တစ်ခုမှ ထွက်လာသော ဆိုရာယာမိုးကို လှမ်းမြင်ရသည်။ အသာကွယ်၍ အကဲ ခတ်နေလိုက်၏။

ဆိုရာယာ အောက်ထပ်သို့ ဆင်း သွားသည်ကို မြင်ရ၏။ မက်သရူး စိတ်ထဲတွင် ဆိုရာယာ နောက်သို့ လိုက်ပါသွားပြီး ဆိုရာယာ၏ လည်တိုင်ကို အသင့်ပါလာသော ဓားစူးဖြင့် ထိုးလိုက်ချင်လှ၏။ ထိုကဲ့သို့ ထိုးလိုက်ရပါက သူ့ တစ်ကိုယ်တော် စိတ်ချမ်းသာမှုတော့ ရမည် အမှန်ပင်။ သို့သော် ကြေးစား တစ်ဦး အနေဖြင့် မသင့်တော်ကြောင်း သူသိသည်။

ဆိုရာယာ အောက်ထပ်သို့ ဆင်းသွားပြီ ဖြစ်သည်။

ဗွီအိုင်ပီ အခန်းထဲတွင် ဘွန်း တစ်ယောက်တည်း ကျန်ရစ်မည် ဖြစ်သည်။ မက်သရူး လာနာသည် ကုန်းပတ်ပေါ်မှ အပေါ်ထပ် အထူးခန်းများ ရှိရာသို့ တက်လိုက်လေ၏။

၁

ဘွန်းသည် ရေပန်းအောက်တွင် ရပ်လျက် ဆပ်ပြာတိုက်နေ၏။ အမိကအားဖြင့် သူ့ ဒဏ်ရာ ရှိရာကို ဆပ်ပြာများ မတိုက်မိစေရန် ဂရုထားနေ၏။ ရေပန်းမှ ထွက်နေသော ရေများမှာ အေးစက်လှ၏။ ဘွန်း အနေဖြင့် ရေပူ ရေပန်း အောက်တွင် ဇိမ်ခံ နေလိုလှ၏။ မဖြစ်နိုင်ပေ။ ဤသင်္ဘောမှာ အလုပ်သမားတင် သင်္ဘောဖြစ်၏။ ဇိမ်ခံ သင်္ဘောမဟုတ်။ ရေပူပေးထားခြင်း မရှိ။ ထိုစဉ် ရေပန်းသည် ရုတ်တရက် ရပ်သွား၏။ သူ့ကိုယ်ပေါ်မှ ဆပ်ပြာများကား မစင်သေး

ဘွန်း မျက်စိထောင့်စွန်းမှ လှုပ်ရှားမှု တစ်ခုကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် ရုတ်တရက် လှုပ်ရှားလိုက်၏။ ဘွန်း၏ ပကတိလျင်မြန်သော တန်ပြန်လှုပ်ရှားမှု

www.burmeseclassic.com



နှင့် တစ်ကိုယ်လုံး ဆပ်ပြာများဖြင့် ပေနေသည့်အတွက် သူ့လည်တိုင်ကို ထိုးသွင်းလိုက်သော မက်သရူး လာနာ၏ ဓားစူးသည် လွဲချော်သွားခြင်း ဖြစ်သည်။ ရေချိုးခန်း နံရံဘက်သို့ ဘွန်းရောက်သွားချိန်တွင် လာနာသည် တစ်ဟုန်ထိုး သူ့ထံခုန်အုပ်လိုက်၏။ လာနာ ဝင်လာသည်နှင့် ဘွန်း၏ အလယ်ပိုင်းသို့ လက်သီး နှစ်ချက် ပစ်သွင်းသည်။ တစ်ချိန်တည်း ဓားစူးဖြင့် ထိုးရန် ကြိုးစား၏။ ဘွန်းသည် နံရံကို မှီ၍ ခုန်ဝင်လာသော လာနာ၏ ဗိုက်ကို ခြေထောက်ဖြင့် ကန်လိုက်ရာ လာနာ ဒူးထောက် ကျသွားသည်။ ဘွန်းသည် ရေချိုးခန်းမှ အပြင်သို့ ထွက်လာ၏။ လက်တစ်ဖက်တွင် မျက်နှာသုတ်ပဝါ တစ်ဖက်တွင် ဆပ်ပြာတောင့်ကို ကိုင်ထား၏။ ဘွန်းသည် ညာလက်ဖြင့် ကိုင်ထားသော မျက်နှာသုတ်ပဝါကို ဝှေ့ယမ်း၍ နောက်မှ လိုက်ပါလာသော လာနာကို တားဆီးဖို့ ကြိုးစားသည်။

လာနာက ဓားဖြင့် ထိုးလိုက်သည်ကို မျက်နှာသုတ်ပဝါဖြင့် ဖယ်လိုက်ပြီး လာနာ၏ ခါးကို ဆပ်ပြာတောင့်ဖြင့် တအား ထိုးလိုက်၏။ ဆပ်ပြာတောင့်မှာ မထိရောက်လှသော်လည်း အရှိုက်ကိုထိ၍ လာနာ ယိုင်ဆင်းသွားသည်။ သို့သော် လာနာ၏ ခန္ဓာကိုယ်မှာ တောင့်တင်းလှ၏။ ပြန်၍ မတ်လာ၏။ ဘွန်းသည် သူ့ညာခြေဖြင့် လာနာ၏ ဘေးကိုခတ်လိုက်၏။ ဘွန်း၏ ခြေထောက်မှာ ခြေဗလာ ဖြစ်နေ၍ ကန်ချက်မှာ သိပ် မထိရောက်လှပေ။

လာနာသည် ဘွန်းအပေါ် ခုန်အုပ်ပြီး ဓားဖြင့် ထိုးသည်။ ဘွန်းသည် ဓားချက်ကို ရှောင်လိုက်သော်လည်း ခုန်အုပ်လိုက်သော လာနာ၏ အရှိန်ကြောင့် လာနာအောက်သို့ ရောက်သွား သည်။ လာနာသည် ဓားဖြင့် အပေါ်မှ စီးပြီး ထိုးမည် ပြုသည်။

ဘွန်းသည် ရှိသမျှ ခွန်အားကို စုစည်းပြီး အပေါ်မှာ စီးနေသော လာနာ၏ နားအုံနှစ်ဖက်သို့ အရှိန်ပြင်းစွာ ရိုက်လိုက်၏။ ရိုက်ချက်မှာ ပြင်းလှ၍ လာနာသည် မူးမိုက်သွားသည်။ ထိုအခွင့်ကောင်းကို ယူ၍ ဘွန်းသည် လာနာ၏ မေးရိုးအောက် လည်တိုင်ကို တအား ခုတ်လိုက်၏။

ထိုစဉ်မှာပင် ဘွန်း၏ ခန္ဓာကိုယ်မှ အင်အားများသည် ကုန်ဆုံး သွားသလို ဖြစ်သွားပြီး မျက်စိများ ပြာဝေကာ သတိလစ် မေ့မြောသွားလေ၏။

၀



မူတာဘင်အဇစ်သည် လှပပြေပြစ်သော အမျိုးသမီး တစ်ယောက်၏ လက်မောင်းကို ကိုင်၍ ဒူဂျာ အဖွဲ့၏ ချူကလီးယား ဓာတ်ခွဲခန်း ရှိရာသို့ ဓာတ်လှေကားဖြင့် လာနေကြ၏။

အမျိုးသမီး ကက်တယာက

'အခု ကျွန်မရဲ့ ခင်ပွန်းကို တွေ့နိုင်ပြီလား'

အဇစ်က

'တွေ့ရမှာပါ။ ခင်ဗျားတို့နှစ်ယောက် ပြန်လည်တွေ့ဆုံကြရတဲ့အတွက် ဝမ်းသာ စရာတော့ သိပ်ဖြစ်မယ် မထင်ဘူး၊ ဒါကို ကျုပ် သတိပေးထားမယ်'

ဓာတ်လှေကား တံခါးပွင့်သည်နှင့် သူတို့ နှစ်ဦး ဓာတ်လှေကားထဲမှ ထွက်လိုက်ကြ၏။

ကက်တယာက

'ကျွန်မတော့ လှောင်အိမ်ထဲ ရောက်သလို ခံစားနေရတယ်'

ကွန်ကရစ် နံရံများ ကာရံထားသော ချူကလီးယား ဓာတ်ခွဲခန်းအဆောက် အအုံထဲ ဝင်ရင်း ပြောလိုက်၏။

မူတာဘင်အဇစ်က သူမ၏ စကားကို မကြားဟန် ပြုနေ၏။ သူသည် ဤ ဓာတ်ခွဲခန်းသို့ လွန်ခဲ့သော သုံးနှစ်ခန့်က ကက်တယာ၏ ခင်ပွန်း ဒေါက်တာ ကွန် စတင်ဘိန်းထရော့ကို ပို့စဉ်က ရောက်ဖူး ခဲ့ပြီဖြစ်သည်။ ဘူခါရက်ရှိ ဒေါက်တာ ဘိန်းထရော၏ ဓာတ်ခွဲခန်းမှ ခေါ်ဆောင် ခဲ့ကြခြင်း ဖြစ်သည်။

ဒူဂျာ အဖွဲ့ချုပ် ဓာတ်ခွဲခန်းတွင် ဒေါက်တာ ဘိန်းထရော့ စိတ်မချမ်းမသာ နှင့် အလုပ်ကောင်းစွာ မလုပ်ပေ၊ ဘိန်းထရော့ကို ငွေများ ပုံပေးပြီး ချူကလီး ယား ဖောက်ခွဲရေး လက်နက် ပြုလုပ်ခိုင်းနေခြင်း ဖြစ်သည်။

ဒေါက်တာ ဘိန်းထရော့သည် အမြောက်အမြား ရရှိသော ငွေများကို သဘောကျသော်လည်း ထူးချွန်ထက်မြက် သလောက် ပါးရည်နပ်ရည် ရှိသူ တစ်ဦး ဖြစ်ရာ အလုပ်ကို ဖြစ်မြောက်အောင် လုပ်ဆောင်ခြင်း မရှိခဲ့ပေ။ ထိုအခါ ဒူဂျာ ခေါင်းဆောင်ကြီး ဖာဒီသည် ချော့ပြော၍ မရလျှင် ခြောက် ပြောရန် စီမံလိုက်ခြင်း ဖြစ်သည်။ ထိုသို့ ခြိမ်းခြောက်မည့် လက်နက်ကား ဒေါက်တာ ဘိန်းထရော့၏ ဇနီးချော ကက်တယာပင် ဖြစ်ပါ၏။

ကက်တယာကို မူတာဘင်အဇစ်နှင့် သူ့ညီတို့က အဖွဲ့ချုပ်သို့ ခေါ်ဆောင် ရောက်ရှိလာပြီကို သိရသည်နှင့် ဖာဒီက ဒေါက်တာ ဘိန်းထရော့အား

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့ ဇနီးက ကျုပ်ဆီမှာ လုံလုံ ခြုံခြုံရှိပါတယ်' ဟု ပြောကြားခဲ့ပေသည်။

ဒုက္ခာ၏ ဤမြေအောက် မာတ်ခွဲခန်းမှာ နိုင်ငံနှစ်နိုင်ငံအကြား တောတောင် ထူထပ်သည့်အရပ် အကြမ်းဖက်သမားများ အုပ်စိုးရာတွင် ရှိပြီး သူစိမ်းများ ဝင်ရောက်ရန် မလွယ်ကူသော ဒေသဖြစ်သည်။

ကက်တယာကို ခေါ်လာသော အချိန်တွင် ဖာဒီနှင့်အတူ ဒေါက်တာ ဘိန်းထရော့ ထိုင်နေ၏။ ကက်တယာကို မြင်လိုက်ရသော အခါ ဒေါက်တာ ဘိန်းထရော့ ထိုင်ရာမှ ထဖို့ကြိုးစားသည်။ ဖာဒီက သူ့ပခုံးကို ဖိထား၍ ဒေါက်တာ ဘိန်းထရော့ မထနိုင်၊ ဖာဒီက မျက်ရိပ် ပြလိုက်သဖြင့် မူတာဘင် အဇစ်သည် ကက်တယာကို လွှတ်ပေးလိုက်ရာ ကက်တယာသည် အပြေးအလွှား သူ့ခင်ပွန်းသည် ရှေ့တွင် ဒူးထောက်ထိုင်လိုက်၏။

ဒေါက်တာ ဘိန်းထရော့သည် ဇနီးသည်၏ မျက်နှာနှင့် ဆံပင်များကို ပွတ်သပ်နေ၏။

ဖာဒီက

'ကဲ အခုဆိုရင် ခင်ဗျားတို့ ဇနီး မောင်နှံ အတူရှိနေကြရပြီပဲ၊ ခင်ဗျား လုပ်ကိုင်နေတဲ့ အလုပ်ကို အီလေးဆွဲနေလို့ မဖြစ်ဘူး၊ ကျုပ်တို့က အချိန်ဇယားနဲ့ လုပ်ကြရတာ'

ဒေါက်တာ ဘိန်းထရော့က

'ကျုပ်က ဘာမှ အီလေးဆွဲမနေပါဘူး'

ဖာဒီက

'ခင်ဗျား အချိန်ဆွဲနေတာကို ဒေါက်တာ ဆီးနတ်စ်ရဲ့ အစီရင်ခံစာမှာ ရေးထားတာပဲ၊ ကျုပ် သိပြီးပြီ'

'ဒေါက်တာ ဆီးနတ်စ်က ဘာမှ နားမလည်ပါဘူး'

ဒေါက်တာ ဆီးနတ်စ်က လက်ထဲမှ စာရွက်များကို ထုတ်ပြပြီး

'ဒီမှာ ဒေါက်တာ ဘိန်းထရော့ရဲ့ တွေ့ရှိချက် မှတ်စုတွေလေ'

ကတ်တယာက သူ့ခင်ပွန်းအား

'ကွန်စတင်ဘိန်းထရော့ ရှင် ဘာတွေ လုပ်လိုက်တာလဲဟင်'

'အေးကွာ၊ ငါ ငွေရမယ်ဆိုလို့ ငါ့ တွေ့ရှိချက်တွေကို လူဆိုးတွေဆီ ရောင်းစားမိပါတယ်'



ဖာဒီက အချက်ပြလိုက်သောအခါ အဇစ်သည် ဒေါက်တာ ဆီးနတ်စ်ကို ပခုံး ဖက်ပြီး အပြင်ဘက် ခေါ်ထုတ်သွားပြီး တံခါး ပိတ်လိုက်၏။

ဒေါက်တာ ဘိန်းထရော့သည် တုန်သွား၏၊ အဇစ်သည် ကတ်တယာကို သူ့ ယောကျ်ားရှေ့မှ ဆွဲလိုက်၏။ ဒေါက်တာ ဘိန်းထရော့က ထမည်ပြုရာ ဖာဒီက သူ့ပခုံးနှစ်ဖက်ကို ဖိထားလိုက်၏။

ဖာဒီက

'ကျုပ် နောက်ထပ် မတားတော့ဘူးနော်'

ထိုစဉ် ကတတ်တယာ အလန့်တကြား အော်သည်။ ဖာဒီက ပခုံးကို ဖိထား၍ ထ၍မရ။

အဇစ်သည် ကတ်တယာ၏ လှပသော မျက်နှာကို လက်သီးနှင့် ဆတ်ခနဲ ထိုးလိုက်ရာ သွေးများ ဖြာကျသွားပြီး နှာခေါင်းရိုး ကျိုးသွား၏။ ကက်တယာ ချုံးပွဲချ ငိုလေ၏။

ဘိန်းထရော့က

'တော်ကြပါတော့ဗျာ၊ တော်ကြပါတော့'

ဖာဒီက အချက်ပြလိုက်ရာ အဇစ် ရပ်နေ၏။

ဖာဒီက

'ကျုပ် ထပ်မပြောတော့ဘူး၊ မနိုင်းတော့ဘူး၊ ကျုပ်နိုင်းထားတဲ့ အလုပ်ကို နှစ်ရက်အတွင်း ပြီးအောင်လုပ် ဒါပဲ၊ မလုပ်နိုင်ခဲ့ရင်တော့ ခင်ဗျားရဲ့ လှပတဲ့ ဇနီး မျက်နှာလေး စုတ်ပြတ်သွားပြီ မှတ်ပေတော့၊ ဒေါက်တာ အန်ဒူရစေတီတောင် မပြုပြင်နိုင်ဘူးမှတ်'

ဘိန်းထရော့ ခေါင်းငိုက်စိုက် ကျသွား၏။

၁

မူတာဘင်အဇစ်သည် သူ့ညီကို ဒေါက်တာ အန်ဒူရစကီ၏ ခွဲစိတ်ခန်းတွင် တွေ့ရ၏။ ဤ ခွဲစိတ်ခန်းတွင် ဒေါက်တာ အန်ဒူရစကီသည် ကာရင် အယ်လ်ရှမ်းလ်ကို မာတင်လင်းဒရိုစ်အဖြစ် ခွဲစိတ် ပြုပြင်ခဲ့ခြင်း ဖြစ်သည်။

ခွဲစိတ်ခန်းတွင် သူ့ညီတစ်ယောက်မှ အပ မည်သူ့မှ မတွေ့ရပေ။ နှစ်ယောက်တည်း တွေ့သည်နှင့် မူတာဘင်အဇစ်က

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ဖာဒီကို အမှန်အတိုင်း ဖွင့်ပြောဖို့ ကောင်းပြီ ထင်တယ်'

သူ့အသံမှာ တိုးတိတ်လှ၏။

ညီဖြစ်သူ အဘူဘင်အဇစ်က

'မဖြစ်သေးဘူးလေ၊ ဒီကိစ္စရဲ့ တရားခံဟာ ကျုပ်တို့ နှမလေး သေဆုံးတာကို ဘွန်းကြောင့်လို့ လွဲချခဲ့တာပဲ၊ ဒါထက် မင်းက အိုဒက်ဆာကို ဖာဒီနဲ့ အတူ လိုက်သွားခဲ့တာပဲ၊ ဖာဒီ ဘွန်းကို သုတ်သင်နိုင်ခဲ့ရဲ့လား'

'ဘွန်း ဒဏ်ရာပြင်းထန်စွာ ရသွားတာတော့ သေချာတယ်၊ သေမသေတော့ မပြောတတ်ဘူး'

'အင်းလေ၊ ဒါတွေ အားလုံးဟာ အလ္လာအရှင်ရဲ့ အလိုကျပဲပေါ့၊ ဒါထက် သေဆုံးသွားရတဲ့ ဆာရာဘင်အာရှစ် ကိစ္စကိုတော့ မင်း၊ ပါးစပ် မဟနဲ့'

၀

မြေအောက်ခန်း တစ်ခုထဲတွင် မျက်လုံး တစ်ဖက်ပိတ်ထားသူ တစ်ဦးသည် စားပွဲ ရှေ့၌ ထိုင်နေ၏။ သူ၏ မျက်လုံးတစ်ဖက် ပိတ်ထားရခြင်းမှာ ထိုလူသည် မျက်လုံး တစ်ဖက်သာ ရှိသောသူဖြစ်သောကြောင့်ပင်။ ထိုလူကား ဖမ်းဆီးနှိပ်စက်ခြင်း ခံနေရသော မာတင်လင်းဒရိုစ်ပင် ဖြစ်၏။

စားပွဲခုံ တစ်ဖက်မှ ဖာဒီ ဝင်ထိုင်သည်။ စားပွဲပေါ်ရှိ ကော်ဖီအိုးမှ ကော်ဖီ နှစ်ခွက်ငှဲ့သည်။ ကော်ဖီမှာ မကြာမီကပင် ဖာဒီကိုယ်တိုင် ယူလာသဖြင့် ပူနွေး၍ အနံ့ထောင်းထောင်း ထနေ၏။ ဖာဒီက ကော်ဖီတစ်ခွက်ကို မာတင်လင်းဒရိုစ်၏ ရှေ့သို့ ချပြီး

'ကျုပ်တို့ မတွေ့ရတာ အတော် ကြာပြီနော်'

မာတင်လင်းဒရိုစ် အစစ်က

'နေပါဦး၊ ကျုပ်က ခင်ဗျားနဲ့ တစ်စားပွဲတည်းမှာ အတူထိုင်ပြီး ကော်ဖီ သောက်မယ်လို့ ထင်နေလို့လား'

ဖာဒီက

'လူကြီးလူကောင်းတွေပဲဗျာ'

မာတင်လင်းဒရိုစ်က နာကြည်းစွာ အသံထွက် ရယ်လိုက်၏။ မျက်စိ တစ်ဖက်ကို အုပ်ထားသော အဖုံးစကို လက်ဖြင့် ထိကိုင်ပြီး

'လူကြီးလူကောင်းက တစ်ယောက်ပဲ ဖြစ်မယ် ထင်တယ်'



ဖာဒီသည် ဘာမှမပြောဘဲ ရှေ့မှ စွန်ပလွံသီး ပန်းကန်ကို ယင်းအနီးသို့ ထိုးလိုက်ပြီး

'စွန်ပလွံသီးလည်း သုံးဆောင်ပါဦးဗျ၊ ဒီနယ်က ထွက်တာ အကောင်းဆုံး အသီးကို ဆိတ်နို့နဲ့ စိမ်ထားတာ'

မာတင်က မျက်လုံးတစ်ဖက်ပေါ်မှ အဖုံးကို ထပ်ကိုင်ရင်း

'ခင်ဗျားညီရဲ့ အခြေအနေ ဘယ်လို ရှိလဲဗျ၊ ကျုပ်ရဲ့ မျက်လုံးတစ်ဖက် ပိတ်ထားရတာ ဖြစ်တော့ အမြင်လည်း ပြောင်းချင် ပြောင်းသွားမှာ၊ ခင်ဗျားရဲ့ အနောက် နိုင်ငံတွေအပေါ် ဖျက်ဆီးမယ့် စီမံကိန်းကို အမြင်ပြောင်းချင် ပြောင်းသွားမှာနော်'

ဖာဒီက

'ဩော် ခင်ဗျားက အနောက်တိုင်းကို ဖျက်ဆီးမယ့် ကျုပ်စီမံကိန်း အကြောင်း ပြောနေတာလား၊ တကယ်တော့ အမေရိကန်တွေကသာ ကျုပ်တို့ အရှေ့ အလယ်ပိုင်းကို ထိုးဖောက် ကျူးကျော်မှု အမျိုးမျိုး လုပ်ခဲ့တာပဲ၊ ကျုပ်တို့ရဲ့ ရိုးရာ ဓလေ့ယဉ်ကျေးမှုတွေကို ဖျက်ဆီးခဲ့တာလေ'

'ခင်ဗျားတို့ရဲ့ ရိုးရာဓလေ့ဆိုတာ အာဖဂန်မှာ တာလီဘန်တွေက အကြမ်းဖက် လုပ်ခဲ့ကြတာမျိုးကို ပြောတာလား၊ ဒါမှမဟုတ် အမျိုးသမီးငယ်တစ်ဦးကို ကျောက်ခဲနဲ့ ထုသတ်ရတာမျိုးကို ပြောတာလား၊ သူ့ကို ကျူးလွန်တဲ့ အမျိုးသားကိုတော့ လွှတ်စေခဲ့တာမျိုးလား'

ဖာဒီက

'ကျုပ်တို့ ဆော်ဒီနွယ်ဖွား ဘင်ဒိုဝင်မျိုးစုအဖြစ်နဲ့ တာလီဘန်တွေအပေါ်မှာ ကွဲလွဲချင်းကြရမှာတွေ ရှိပါတယ်၊ အဲဒီလို မိန်းကလေးကို သတ်ရတာလည်း ဘာသာရေး ဥပဒေကြောင့်ဗျ'

'ခင်ဗျား သွေးသားထဲက မိန်းကလေး ဆိုရင်ကော အဲဒီလိုပဲ သတ်မှာလား'

'ကဲပါ ဓလေ့ထုံးစံတွေ ငြင်းခုံ မနေကြပါစို့နဲ့ဗျာ၊ ကော်ဖီသောက်ပါဦး'

မာတင် လင်းဒရိုစ်သည် ကော်ဖီခွက်ကို ယူပြီး တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်၏။

ဖာဒီက ကုန်သွားသော မာတင်လင်းဒရိုစ်ခွက်ကို ကော်ဖီအိုးထဲမှ ငှဲ့၍ ထပ်ဖြည့်ပေးရင်း

'ဒီ ကော်ဖီက တဖြည်းဖြည်းချင်း အရသာခံပြီး သောက်ရတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူ့ကော်ဖီခွက်ထဲမှ ကော်ဖီကို နည်းနည်းချင်း အနံ့ရှူပြီး ဖိမ်ဆဲ့သောက်သည်။ ပြီးနောက် ပန်းကန် ထဲမှ စွန်ပလွံသီးကို ယူ၍ စားသည်။

'စွန်ပလွံသီး စားကြည့်ပါဗျ၊ တကယ် အရသာရှိပြီး အာဟာရလည်း ပြည့်တယ်၊ ကျုပ်တို့တစ်တွေ ဥပုသ်ထွက်ရင် စွန်ပလွံသီးပဲ စားပြီး အာဟာရ ပြန် ဖြည့်ရတာ'

မာတင်လင်းဒရိုစ်သည် ဘာမှ မပြောဘဲ ဖာဒီကိုသာ ကြည့်နေ၏။

ဖာဒီက စွန်ပလွံသီး စားပြီးသည့် လက်ကို လက်သုတ်ပဝါဖြင့် အကြာကြီး သုတ်သည်။ ပြီးမှ ကော်ဖီခွက်ကို ကိုင်၍ တစ်ငုံချင်း သောက်သည်။

သူက

'ကျုပ်အဖေဆိုရင် ကော်ဖီကို မနက်မိုးလင်းက မိုးချုပ် ကျိုပြီး တစိမ့်စိမ့် သောက်တာ၊ ကျုပ်တို့ ဘင်ဒိုဝင် မျိုးနွယ်စုရဲ့ ဓလေ့ပေါ့ဗျာ၊ ကျုပ်လည်း ဖေဖေ့ကို ဂုဏ်ပြုပြီး အမြဲ ကော်ဖီ ကျိုသောက် တယ်၊ ကျုပ်အဖေဟာ အသွင် မွန်မြတ်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ အခုတော့ ကျုပ်အဖေဟာ ကော်ဖီကို မကျိုနိုင်တော့ ပါဘူး။ ဒါတင် မဟုတ်ပါဘူး၊ တခြား လှုပ်ရှားမှုလည်း မလုပ်နိုင်တော့ဘူး အခုတော့ အဖေဟာ ရှေ့တည့်တည့်ကို ငူငူကြီးပဲ ကြည့်နေရရှာ တယ်၊ ကျုပ် မေမေက အဖေ့ကို စကား သွားပြောရင်လည်း ပြန်မပြော ပြန်မဖြေ နိုင်တော့ ဘူးဗျ၊ အဲဒါ ဘာဖြစ်လို့လဲ သိသလားဟင်၊ မာတင်လင်းဒရိုစ်'

ဖာဒီသည် လက်ထဲမှ ကော်ဖီခွက်ကို သုံးခါငုံပြီး သောက်လိုက်ကာ ပြော

'ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်ဟာ အဘူဆဂရစ် ဟာမစ်ဘင်အာရှက် ဖြစ်လို့ပဲလေ၊ အယ်ဝါဟစ်ခေါင်းဆောင်ပေါ့'

ထိုနာမည်ကို ကြားလိုက်ရသောအခါ မာတင်လင်းဒရိုစ်၏ အကောင်း ကျန်နေသော မျက်လုံးတစ်ဖက်သည် လက်ခနဲ ဖြစ်သွား၏။

ဖာဒီက

'ဟုတ်တယ်၊ သူပဲ၊ သူက ဟာမစ် ဘင်အာရှက် ကျုပ်အဖေလေ၊ ခင်ဗျား ဂျေဆင် ဘွန်းကို စေလွှတ်ပြီး သတ်ခိုင်း လိုက်တဲ့ လူပေါ့'

မာတင်းဒရိုစ်က

'ဩော်၊ ဒါကြောင့် ခင်ဗျားက ကျုပ်ကို ဖမ်းခဲ့တာပေါ့လေ'

'အဲဒီလို မဟုတ်ဘူးလား'

မာတင် လင်းဒရိုစ်သည် ခေါင်းယမ်း ပြလိုက်ပြီး

'အဲဒီ အော်ပရေးရှင်းဟာ ကျုပ်ရဲ့ အော်ပရေးရှင်း မဟုတ်ဘူး၊ အဲဒီတုန်း



က ကျုပ်ဟာ ဂျေဆင်ဘွန်းကိုတောင် သိသေးတာ မဟုတ်ဘူး၊ ဘွန်းကို တာဝန်ယူ တာဝန်ပေးခဲ့တာက အဲလစ်ကွန်ကလင်၊ အဲလစ်လည်း ခုတော့ သေသွားပါပြီ'

မာတင်က ပြောရင်း အသံထွက် ရယ်လိုက်၏။

ဖာဒီသည် ဘာမှ သတိမပေးဘဲ စားပွဲပေါ်သို့ ကုန်း၍ မာတင်လင်းဒရိုစ်၏ လည်တိုင်ကို ဖမ်းညှစ်လိုက်၏။

'မင်းကိုယ်မင်း တော်လှပြီ ထင်နေသလား မာတင်လင်းဒရိုစ်၊ အခု ဆင်ခါတော့ မင်းကောင်းကောင်း ပေးဆပ်ရမယ်၊ မင်းရော ဂျေဆင်ဘွန်းရောပဲ'

မာတင် လင်းဒရိုစ်သည် လည်ပင်း အစ်နေ၏၊ ဖာဒီသည် မာတင်အား ရှုပ်ခင် လည်ပင်း ညှစ်သတ်တော့မည့်အလား အားထည့်ထားရာမှ ပြန်လျှော့ လိုက်၏။

'ဂျေဆင်ဘွန်းက အခု အသက်ရှင် နေသေးတယ်လို့ ကျုပ် သတင်း ကြားတယ်၊ အသက်တောင်ယှဲ့ယှဲ့ပဲ ရှင်နေသေးတယ်လို့ဆိုတာပဲ၊ ဒါပေမဲ့ အဲပြောပြော ဂျေဆင်ဘွန်းဆိုတဲ့ ကောင်ဟာ မင်း မာတင်လင်းဒရိုစ် ခန်းမှာ ရှိတယ် ဆိုတာသိရင် မရရအောင် လာရှာမှာပဲ အထူးသဖြင့် ပါ ရှိနေမှန်းသိရင် ဖြစ်အောင်ကိုလာမှာ'

မာတင်လင်းဒရိုစ်သည် လည်ပင်း အစ်ထားခြင်းမှ လျော့ပါးသွားသော် ငြား နာကျင်ခြင်းက မပျောက်သေးဘဲ သူက

'ခင်ဗျားက အဲဒါကို ဘာလုပ်မှာလဲ'

ဖာဒီက

'ကျုပ်ကလား၊ မာတင်လင်းဒရိုစ် တစ်ယောက် ဒီ မီရန်ရှားစခန်းမှာ ရှိနေ သတင်းကို ဂျေဆင်ဘွန်းဆီ အရောက် ပို့ပေးလိုက်မှာပေါ့၊ ဒီတော့ သူ လာမယ်လေ၊ ဒီတော့မှ သူ့ မျက်စိ ရှေ့မှောက်မှာပဲ မင်းကို ရှင်းပစ်မယ်၊ တော့ သူ့ကို တစိမ့်စိမ့် ဆွဲပြီး သတ်မယ်'

ဖာဒီသည် သူ့မျက်နှာကို မာတင် ရှေ့မှာ ကပ်လိုက်ပြီး

'နောက်ဆုံးကျတော့ ဂျေဆင်ဘွန်း က မြန်မြန် သေချင်စိတ် ပေါက်လာ မယ်၊ ဘွန်းအတွက် သေခြင်းတရားဟာ တဖြည်းဖြည်းချင်း တစိမ့်စိမ့် ချဉ်း လာနေမှာ၊ ပြီးတော့ အမေရိကန်နိုင်ငံရဲ့ မြို့တော်ကြီးကို ကျုပ် ဖောက်ခွဲလိုက်တာ ကိုလည်း သူသိသွားရဦးမယ်ဗျ၊ သူ မသေခင်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို မြေပေါ် ချလိုက်သည်။ ဘုန်းတော်ကြီး ဝတ်ရုံ ဝတ်ထားသူ ခေါင်းကို ဖွင့်နေသည်။ ဘွန်းက

'ခင်ဗျား ဘာတွေ လုပ်နေတာလဲ'

ဘုန်းကြီး ဝတ်ရုံနှင့် ပုဂ္ဂိုလ်သည် သူ့ဘက်သို့ လှည့်လိုက်သောအခါ ဖြစ်နေ၏။

ဖာဒီက ဆော်ဒီအာရေဗျဘာသာဖြင့်

'လာလေ ကြည့်ပါလား'

ဘွန်းသည် ရှေ့တစ်လှမ်း တိုးပြီး ခေါင်းထဲကို ကြည့်သည်။

သူမြင်ရသည်ကား

သူသည် ကားနောက်ခန်းမှာ ထိုင် နေသည်။ နံဘေးမှ မြင်ကွင်းများ မြင်နေကျ မြင်ကွင်း ဖြစ်ပုံ ရသော်လည်း ဘယ်နေရာမှန်း အတိအကျ ပေ၊ သူက ဒရိုင်ဘာအား

'ကျုပ်တို့ ဘယ်သွားနေတာလဲ'

ဒရိုင်ဘာက သူ့ဘက်သို့ လှည့်လိုက် သောအခါ မာတင်လင်းဒရိုစ် နေ၏။ မာတင်၏ မျက်နှာမှာ တစ်စုံတစ်ရာ လွဲမှားနေပုံရ၏။ ကားသည် လျှင်မြန်စွာ မောင်းနေ၏။ လမ်းပေါ်သို့ ခေါင်းမြီးခြုံ အမျိုးသမီး တက်လာ သူမကား ဆာရာ ဖြစ်သည်။ ဆာရာသည် ကား ရှေ့ခန်းသို့ ဝင်သည်။

ဘွန်းက လှမ်းအော်ဖို့ ကြိုးစားသည်။ အသံမထွက်။ ကားနှင့် တိုက် ဆာရာ၏ ကိုယ်လုံးသည် လေထဲသို့ လွင့်သွား၏။ ဘွန်း ဒရိုင်ဘာ လှမ်းဆွဲဖို့ လုပ်သည်။

ဘွန်းသည် ဘတ်စ်ကားတစ်စီးပေါ် သို့ရောက်နေ၏။ ဘတ်စ် ဒရိုင်ဘာမှာ ဥရောပဝတ်စုံဝတ်ထား၏။ ဒရိုင်ဘာအား လှည့်ကြည့် သောအခါ ဒေါက်တာ ဆန်းဒါးလင်း ဖြစ်နေ၏။ ဘွန်းက

'ကျုပ်တို့ ဘယ်ကို သွားနေတာလဲ'

ဒေါက်တာ ဆန်းဒါးလင်းက

'ကျုပ် အဲဒါကို ပြောပြီးပြီလေ'

ကားသည် တစ်နေရာမှာ ရပ်သည်။ စောင့်နေသူမှာ ဖာဒီဖြစ်သည်။

ဖာဒီသည် စီးကရက် သောက်နေသည်။ သူသည် ပြုံး၍ ဘွန်း စောင့်နေ၏။



ဒေါက်တာ ဆန်းဒါးလင်းက

'အားလုံးက စီစဉ်ပြီးသားပါ၊ အစ ကတည်းက ကြိုတင် စီစဉ်ထားတာပါ'

ကားသည် အရှိန်လျှော့လိုက်သည်။ စောင့်နေသောဖာဒီ၏ လက်ထဲ တွင် သေနတ်ကို မြင်ရသည်။ ကားတံခါးကို ဒေါက်တာ ဆန်းဒါးလင်းက ဖွင့်ပေးလိုက် သောအခါ ဖာဒီသည် ကားပေါ်သို့ တက် လာသည်။ ကားပေါ် ရောက်သည်နှင့် ဖာဒီက ဘွန်းကို သေနတ်ဖြင့် ချိန်လိုက်ပြီး သေနတ်မောင်းကို ဆွဲလိုက်၏။

၁

သေနတ်သံကြောင့် ဘွန်း လန့်နိုးလာသည်။ သူ့အပေါ်မှ ငုံ့၍ လူ တစ်ယောက် က ကြည့်နေ၏။ သူက ဘွန်းအား

'ဩော် ဒုဗိုလ်ချုပ် မာကိုလာပက်ထရိုဗစ်၊ ခင်ဗျား သတိရလာပြီကိုး၊ ကျုပ်ကတော့ ဒေါက်တာ ကိုရိုဗင်ပါ'

ရုတ်တရက် ဘွန်းသည် ဘာမှ သတိ မရ၊ ဘာမှမမှတ်မိ၊ သူဘယ်ရောက် နေသလဲ မသိ၊ သူ့မှတ်ဉာဏ်များ ပျောက်ဆုံး သွားပြန်ပြီလော။

သည့်နောက် ခဏ အတွင်းပင် အားလုံး ပြန်၍ မှတ်မိသွား၏။ သူသည် 'အစ်ကရပ်' သင်္ဘောပေါ်မှာ ရောက်နေ ခြင်းဖြစ်သည်။ သူသည် ဒုဗိုလ်ချုပ် မာကို လာပီထရိုဗစ် ဖြစ်သည်။ သို့နှင့် သူက

'ကျုပ် လက်ထောက်နဲ့ တွေ့ချင်တယ်'

ဒေါက်တာ ကိုရိုဗစ်က နောက်သို့ ဆုတ်ရင်း

'သူ ဟုတ်တာပေါ့၊ ဗိုလ်ချုပ်ရဲ့ လက်ထောက် ဒီမှာ ရှိပါတယ်'

ဘွန်းနားသို့ ဆိုရာယာ ရောက်လာ၏။ ဆိုရာယာက

'ဒုဗိုလ်ချုပ် သက်သာလာပြီလားဟင်'

ဆိုရာယာ၏ မျက်လုံးတွင် စိုးရိမ် ပူပန်မှု တွေ့ရသည်။

ဆိုရာယာက ဆရာဝန်အား

'ရှင် အပြင်ထွက်ပေးပါ'

ဒေါက်တာ ကိုရိုဗစ်က

'ဟုတ်ကဲ့ခင်ဗျာ၊ ကျုပ် သင်္ဘော ကပ္ပတိန်ကို ဒုဗိုလ်ချုပ် ကျန်းမာရေး အခြေအနေ ကောင်းလာ ပါပြီလို့ အစီရင်ခံထားလိုက်ပါ့မယ်'

www.burmeseclassic.com



ဒေါက်တာ ကိုရိုဗစ်ထွက်သွားသည်နှင့် ဆိုရာယာသည် ဘွန်းခုတင်အစွန်းမှာ လာထိုင်သည်။ ဆိုရာယာက

'လာနာကို ရှင်းလိုက်ပြီ၊ ကျွန်မက လာနာကို နိုင်ငံခြားသားစပိုင်ဖြစ်ကြောင်း ရှင်းပြလိုက်တာနဲ့ သဘော်ာ ကပ္ပတိန်ကလည်း ဝမ်းမြောက်ဝမ်းသာပဲ ...ရေထဲ ပစ်ချလိုက်တာပဲ'

ဘွန်းက တွေးတွေးဆဆဖြင့်

'ကျုပ်တို့ အခု ဘယ်ရောက်နေပြီလဲ'

ဆိုရာယာက

'အီစတန်ဘူလ်က ထွက်လာခဲ့တာ မိနစ်လေးဆယ်လောက် ရှိပြီ... လာနာ တစ်ယောက် သင်္ဘောပေါ် ဘယ်လို ပါလာသလဲ ဆိုတာ... ကျွန်မတို့ နှစ်ယောက်စလုံး သတိမထားမိကြဘူး'

ဘွန်းက

'ကျုပ် အရေးကြီးတာကို မမှတ်မိသေးဘူး ဖြစ်နေတယ်၊ ဒါထက် ...ဘောင်းဘီကို ပေးစမ်း'

ဆိုရာယာက ဘောင်းဘီပေးရင်း

'ကျွန်မတို့ စားစရာ တစ်ခုခုတော့ မှာမှထင်တယ်၊ ဒေါက်တာက ရှင့်... ဆေးကုသပေးထားပါတယ်၊ ဆေးလည်း ထိုးပေးထားတယ်၊ တစ်နာရီလောက် ကြာရင် ကောင်းသွားမှာလို့ ပြောပါတယ်'

ဘွန်းသည် ဆိုရာယာကို လက်ကာ ပြလိုက်ပြီး

'ခဏလေး နေပါဦး'

သူ ပြန်တွေးသည်။ သူ့ အတွေးတွင် ပေါ်လာသည်ကား လာ... တစ်ယောက် သူ့နံဘေးကို ရောက်လာပြီး သူ့ကို ဓားဖြင့် ထိုးဖို့ ကြိုးစားသည်... သူဝေဒနာ ခံစားရသည်။ သူ့ သတိလစ်သွားသည်။ အိပ်မက် ထဲတွင်မူ ဖာဒီ... တွေ့ရသည်။ ဆာရာကို တွေ့ရသည်။ ဒေါက်တာ ဆန်းဒါးလင်းကို တွေ့... သည်။

ဆိုရာယာက

'ဘာတွေ ဖြစ်နေတာလဲ ဂျေဆင်'

ဘွန်းက မျက်လုံး ဖွင့်လိုက်ပြီး

'ဒီလိုရှိတယ် ဆိုရာယာ၊ ဒေါက်တာ ဆန်းဒါးလင်း တစ်ယောက်တည်း... ကျုပ်ခေါင်းထဲ ဦးနှောက်ထဲ အတွေးတစ်ခု ထည့်ပေးခဲ့တာ မဟုတ်ဘူး'



'ရှင် ဘာကို ဆိုလိုတာလဲဟင်'

ဘွန်းက သူ့ခေါင်းထဲမှာ ဒေါက်တာဆန်းဒါလင်း အချက်ပြစက် ထည့်ခဲ့ရကြောင်း မှတ်မိသွား၏။ ဖာဒီကို အခန်းထဲမှ သူမထုတ်မီ ဖာဒီက မီးခြစ်ထုတ်ပြီး 'အချုပ်ခန်းထဲမှာ ဘာမှ မီးရှို့စရာမရှိ ပါဘူးဗျာ၊ ဒါပေမဲ့ ကျွန်တော့ မီးခြစ် ပေးထားပါတယ်' ဟု စီဗစ်အသွင် ဟန်ဆောင်ထားသော ဖာဒီကပြော၍ ဘွန်းအား မီးခြစ်ပေးသည်။ ဘာမဟုတ်သော အပြုအမူလေးကြောင့် ဘွန်းသည် မလုပ်သင့် မလုပ်ထိုက်သော အလုပ်များကို လုပ်ခဲ့မိခြင်းဖြစ်သည်။ ဖာဒီသည် ထိုအချက်ပြ စကားလေး ပြောလိုက်သည်နှင့် ဘွန်း ဦးနှောက်ထဲမှ မှတ်ဉာဏ်များသည် ပြောင်းလဲသွားနိုင်ကြောင်း သိပြီး ဖြစ်နေ၏။ ဘွန်းသည် သူ့ဘောင်းဘီ အိတ်ထဲသို့ နှိုက်လိုက်ရာ မီးခြစ်ဘူးလေးကို တွေ့ရသည်။ ကြေမွနေပြီဖြစ်၏။ ဘွန်းက

'ကျုပ်ကို ဖာဒီက စီအိုင် ရုံးချုပ်မှာတုန်းက ပေးခဲ့တာလေ'

မီးခြစ်ဘူးလေးမှာ ကြေမွနေပြီဖြစ်ရာ ကြည့်လိုက်သည်နှင့် သတ္တုအပိုင်းအစလေး တွေ့သည်။ ထောက်လှမ်းရေး အချက်ပြလေး ဖြစ်သည်။

ဆိုရာယာက

'အိုး အဲဒီကတည်းက ရှင့်ဆီမှာ ထောက်လှမ်းရေး ပစ္စည်းလေး ထည့်ပေးလိုက်တာကိုး'

ဘွန်းသည် ပစ္စည်းလေးကို အသေအချာ ကြည့်သည်။ ပြီးမှ

'ဒါ ခြေရာခံဖို့ အချက်ပြတဲ့ ပစ္စည်းလေးပဲ၊ ဒါကိုလည်း ရေထဲပစ်ချလိုက်ဦး'

ဆိုရာယာက မီးချစ်ဘူးကို ယူ၍ အခန်းပြင်သို့ ထွက်သွားသည်။ ခဏအကြာ ပြန်ဝင်လာပြီး ဆိုရာယာက

'တခြား အကြောင်းတွေ ရှင်းပြပါဦး'

ဘွန်းက

'တင်ဟက်နာဟာ ဖာဒီ . . . အဲလေ စီဗစ်ကို အချက်အလက်တွေ ပေးခဲ့ပုံပဲ'

ဆိုရာယာက

'တင်ဟာ သစ္စာဖောက်တော့ မဟုတ်လောက်ပါဘူး'

ဘွန်းက

'တင်ဟာ ဆိုရာယာရဲ့ မိတ်ဆွေ ဆိုတာ ကျုပ် သိပါတယ်'

ဆိုရာယာက

www.burmeseclassic.com

www.burmeseclassic.com



'မာတင်လင်းဒရိုစ် အတုက ကျွန်မတို့ တင်ဟက်နာဟာ သစ္စာဖောက် တစ်ယောက် ဖြစ်ကြောင်း အထောက် အထားတွေ ပြခဲ့တယ်ရှင့်'

ဘွန်းက

'ဒါဆိုရင် တင်ဟက်နာဟာ ဖာဒီတို့ထည့်ထားတဲ့ နှစ်ဖက်လွှ စပိုင် တစ်ယောက် မဖြစ်နိုင်တော့ဘူး'

ဆိုရာယာက ခေါင်းညိတ်ပြပြီး

'ဒီအတိုင်းဆိုရင် စီအိုင်အဖွဲ့ချုပ်ထဲမှာ ဖာဒီရဲ့ လူယုံ နှစ်ဖက်လွှ စပိုင် တစ်ယောက် ရှိနေရဦးမှာပေါ့'

၁

ဂျေဆင်ဘွန်းနှင့် ဆိုရာယာတို့သည် ချောင်ကျသော ကော်ဖီဆိုင်စားပွဲတစ်ခု၌ ထိုင်နေကြ၏။ နေရာမှာ ချောင်ကျ၍ လုံခြုံသည်။ အစားအသောက်များလည်း အဆင်ပြေ၏။

ဘွန်းသည် စားလက်စကို လက်စ သတ်လိုက်ပြီး ကော်ဖီသောက်ပြီးနောက် သူက

'အခုပုံအတိုင်း ဆိုရင် စီအိုင် အဖွဲ့ချုပ်မှာ လုံခြုံမှု လုံးဝ မရှိတော့ဘူး'

ဆိုရာယာက

'ကျွန်မ အဘိုးကြီးကို ဝင်တွေ့မယ်လေ'

ဘွန်းက

'အဲဒါက မင်း မလုပ်ရဆုံး အလုပ်ပဲ အဘိုးကြီးဟာ လင်းဒရိုစ်ကို ယုံတယ်၊ လင်းဒရိုစ်အတုဟာ အဲဒီနေရာမှာ ရှိနေသမျှ မင်း အဘိုးကြီးဆီ သွားလို့ အလကားပဲ၊ အရေးကြီးတာက မင်း မျက်စိဖွင့် နားစွင့်ထား၊ အဖွဲ့ ချုပ်ထဲမှာ ဖာဒီ ထည့်ထားတဲ့ နှစ်ဖက်လွှစပိုင်ဟာ ဘယ်သူလဲလို့ အတဲ့ နေ၊ အခုပဲ လင်းဒရိုစ်အတုက ငါ့ကိုနောက်ယောင်ခံ လိုက်ဖို့ မင်းကို ခွင့် လိုက်တာ မဟုတ်လား'

ဆိုရာယာက

'ကျွန်မ ဘာပြောရမလဲ'

ဘွန်း မျက်နှာပေါ်တွင် အပြုံးစ ထင်သွား၏။ ဘွန်းက

'သူလိုချင်တဲ့အဖြေပဲ ပေးလိုက်ရုံပေါ့၊ မင်းက ကျုပ်နဲ့လာနာ လုံးချော



သတ်ပုတ်ရင်း သူတို့ သင်္ဘောပေါ်က အောက်ကို လိမ့်ကျ သွားတာ မြင်လိုက် ရတယ်လို့ ပြောလိုက်ပေါ့'

ဆိုရာယာက

'ဪ ဒါကြောင့် ရှင်က ရှင့်ဆီမှာ ထည့်ပေးလိုက်တဲ့ အချက်ပြ ကိရိယာလေးကို ပင်လယ်ထဲ ချခိုင်းလိုက်တာကိုး'

ဘွန်းက ခေါင်းညိတ်ပြ၏။

'ဟုတ်တယ်၊ ဖာဒီကလည်း အချက်ပြ ကိရိယာလေး ပင်လယ်အောက် ရောက်သွားတယ်ဆိုတာ သိသွားမှာပဲ'

ဆိုရာယာက သဘော ကျပြီး တစ်ချက် ရယ်လိုက်၏ ပြီးမှ

'အခုမှပဲ ကျွန်မတို့ တစ်ခုခုလုပ်စရာ ရှိသွားပြီ'

၁

ကော်ဖီဆိုင်နှင့် မလှမ်းမကမ်းတွင် အင်တာနက် ကဖီးဆိုင်တစ်ဆိုင် ရှိသည်။ ဆိုင်ထဲသို့ဝင်၍ အင်တာနက်မှတစ်ဆင့် ဆိုရာယာသည် ဒေါက်တာ ဆန်းဒါးလင်း အကြောင်း ရှိုက်ကြည့်ကြသည်။ ဆန်းဒါလင်းသည် ဆုပေါင်း များစွာ ရဖူးသည့် အပြင် စာအုပ်များစွာလည်း ပြုစုဖူးသူ ဖြစ်သည်။ အင်တာ နက်ထဲမှ ဒေါက်တာ ဆန်းဒါးလင်း၏ ဓာတ်ပုံ တွေ့ရသည်။

ဘွန်းက

'ဒီလူဟာ ကျုပ်ကို ဆေးကုပေးတဲ့ သူမဟုတ်ဘူး၊ ကေန္တ ဖာဒီက လူစား ထိုးပြီး ကျုပ် ဦးနှောက်ထဲက မှတ်ဉာဏ်ကို အလွဲအမှားတွေ ဖြစ်အောင် ထည့်ပေးခဲ့တာ ဖြစ်ရမယ်၊ ကျုပ်ကို သေလမ်းကို ပို့ခဲ့တာပဲ'

ဆိုရာယာက

'ဟုတ်ပါ့ရှင်၊ ဆိုးလိုက်တဲ့ အဖြစ်၊ ခေါင်းထဲမှာ အတွေးအလွဲတွေ ရောက် နေရတယ်လို့၊ အဲဒါဆိုရင် ရှင်အဲဒါကို ဘယ်လို ခုခံ ကာကွယ်မလဲဟင်'

'အင်း ကျုပ်ကို လူစားထိုးပြီး ကုပေး ထည့်ပေးလိုက်တဲ့ သူကို ရှာမရရင် မလွယ်လှဘူးဗျ'

ဂျေဆင်ဘွန်းသည် ဒေါက်တာ ဆန်းဒါးလင်း အတုနှင့် တွေ့ဆုံခဲ့ပုံကို ပြန်စဉ်းစား ကြည့်သည်။ ဒေါက်တာ ဆန်းဒါးလင်း အတုသည် ပထမ ဒေါက်တာ ပုံပန်း လေယူလေသိမ်းနှင့် တကွ တူသည်။ နောက် ဒေါက်တာ ဆန်းဒါးလင်းနှင့် အတူ တွေ့ရသည့် သူဇနီးဆိုသည့် အမျိုးသမီး နာမည်ထာ

www.burmeseclassic.com

www.burmeseclassic.com



တတ်တနာ။ သူတို့သည် ဟန်ဆောင်လင်မယား ဟုတ်ပုံမရ၊ သူသည် ထင်ရှားသော ဆရာဝန် တစ်ဦးသာ ဖြစ်ရမည်။

ဘွန်းက

'တို့ အစက ပြန်သွားကြည့်ရအောင်'

ပြောပြောဆိုဆိုပင် အင်တာနက်ထဲမှ အဘူဆာရစ် ဟာမစ် ဘင်အာရှုတ် အယ်လ်ဝါဟစ်၏ အတ္ထုပ္ပတ္တိကိုရှာသည်။ အင်တာနက် သတင်းများအရ သူသည် ထင်ရှားသော လုပ်ငန်းရှင် တစ်ဦးဖြစ်သည်။ သူသည် သားသမီး သုံးယောက် ထွန်းကားသည်။ ဟာမစ်နှင့်ညီ ဂျမီးလ်တို့ ဖြစ်သည်။ နောက်တတိယ အငယ်ဆုံး ကလေးမှာ ဆာရာဘင်အာရှုက်ဟု ဆိုသည်။ ကွယ်လွန်သွားသည်ဟု ပါရှိသည်။

ဆိုရာယာက

'ဒါဆို ကျွန်မတို့ ဆာရာပေါ့'

'ဟုတ်တယ်လို့ ထင်တာပဲ'

အရာရာသည် နေရာတကျ ဖြစ်လာလေ၏။ ဘွန်းက

'ဘုရားရေ ဖာဒီကလည်း ဟာမစ် ဘင်အာရှုက်ရဲ့ သား တစ်ယောက်ပဲကိုး'

ဆိုရာယာက

'သူက အကြီးဖြစ်မယ်၊ ဂျမီးလ်က အငယ်ဖြစ်မယ်'

ဘွန်းက စိတ်ထဲတွင် ပင်လယ်နက် ကမ်းခြေတွင် ဖာဒီက ပြောခဲ့သော စကားများကို ပြန်ကြားယောင်လာ၏။

'ကျုပ် ဒီအခွင့်အရေးကို စောင့်နေတာ ကြာလှပြီ၊ လက်စားချေဖို့ပေါ့'

ဘွန်းက ဘာမှ နားမလည်ကြောင်း ပြောရာ ဖာဒီက

'မင်းက ဒါကိုတော့ မမေ့လောက်နိုင်ပါဘူး'

ဟု ပြောခဲ့၏။ ယခုတော့ ရှင်းသွားပါပြီ။ ဘွန်းက

'ကျုပ်က သူတို့ရဲ့ နှမလေးကိုသတ်ခဲ့တာကိုး၊ ဒါကြောင့် သူတို့က ကျုပ်ကို သူတို့ရဲ့ အမေရိကတိုက်ကြီးကို ဖျက်ဆီးမယ့် စီမံကိန်းထဲ ဆွဲသွင်းခဲ့တာကိုး'

ဆိုရာယာကလည်း စဉ်းစဉ်းစားစားနှင့်

'ဒါထက် ခုထက်ထိ မာတင်လင်းဒရိုစ် ဟန်ဆောင်ထားတဲ့ သူဟာ ဘယ်သူလဲလို့ ကျွန်မတို့ မသိသေးဘူးနော်၊ ပြီးတော့ ရှင့်ကို ဆေးကုပေးခဲ့တဲ့ ဒေါက်တာ ဆန်းဒါးလင်းက ဘယ်သူ ဘယ်ဝါလို့ သိဖို့က မလွယ်လှဘူး'



'ဆရာဝန်ကတော့ သိပ်ခက်မယ် မထင်ပါဘူး မင်းသိတဲ့ အတိုင်းပဲ သူဟာ တကယ်ပဲ အထူးကု ဆရာဝန်တစ်ယောက်ပဲဟာ'

ဒါဆိုရင် ဥရောပက အထူးကုဆရာဝန်အသင်းတို့သမိုင်းကို ရှာကြည့်ရမှာပေါ့

သူတို့ရှာကြည့်ရာ နောက်ဆုံး အထူး ကုဆရာဝန်အသင်းမှ စာရိတ္တနှင့် ထုတ်ပယ် ခံရသော ဆရာဝန် ဒေါက်တာဗိန်းထရော့ကို တွေ့သည်။ သူသည် အလှမော်ဒယ်လ်ဟောင်း ကတ်တရာကို လက်ထပ်ထားသူ ဖြစ်သည်။

သူပဲကိုး

၁

တောင်ပိုင်း ယီမင်ရှာဘာဝါ ဒေသသို့ ကပ္ပတိန် မာလင်ဒေါ်နှင့် စကော့ပီယံ ရဟတ်ယာဉ်အဖွဲ့ ၅ နှင့် ၆ သည် စီအိုင် အဖွဲ့၏ ညွှန်ကြားချက်အရ ဒုက္ခ စခန်း ရှိသည်ဟု သတ်မှတ်သည့် နေရာသို့ စစ်ဆင်ရေး ပြုလုပ်ကြသည်။ အောင်မြင်မှု မရပေ။ အကြောင်းမှာ စီအိုင်အဖွဲ့ချုပ်၏ ထောက်လှမ်းရေး ညွှန်ပြချက်များသည် လွဲချော်နေ၍ ဖြစ်ပါသည်။

၁

ဆိုရာယာသည် လေဆိပ် ရောက်သည်နှင့် ဝါရှင်တန်သို့ သွားရန် လေယာဉ် လက်မှတ်ယူ၍ လေယာဉ်ပေါ် တက်ခဲ့၏။ သူ့ခေါင်းထဲတွင် သူတို့နှစ်ဦး ရရှိထားသည့် သတင်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ လုပ်ရှားရမည်ကို တွေးနေမိ၏။ ယခုအခြေအနေအရ စီအိုင်အဖွဲ့ ချုပ်သို့ တိုက်ရိုက် ဝင်ရောက် စုံစမ်းမေးမြန်း၍ မဖြစ်နိုင်ကြောင်း သိသည်။ ဘယ်လိုလုပ်ရမည်ကို အကြိမ်ကြိမ် စဉ်းစားပြီးနောက် အဘိုးကြီး၏ အတွင်းရေးမှူး အင်နီကို သတိရ၏။ သို့နှင့် လက်ကိုင်ဖုန်းကို ထုတ်၍ အင်နီထံ ခေါ်သည်။

ကံအားလျော်စွာပင် အင်နီကိုယ်တိုင် ဖြေကြားသည်။

ဆိုရာယာက

'ဘုရားမတာပဲ အင်နီရေ ကျွန်မ ဆိုရာယာမိုးပါ၊ ကျွန်မမှာ အရေးကြီးတဲ့ စကား ပြောစရာရှိပါတယ်၊ အချိန်သိပ် မရှိဘူး၊ ကျွန်မအခု ဝါရှင်တန်လေယာဉ်နဲ့ ပြန်လာနေတာ၊ အခု ကျွန်မ ပြောတာတွေကို ဘယ်သူ့မှ မပြောပါနဲ့ဦး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စုံစမ်းရသမျှကတော့ အဖွဲ့ချုပ်ကို ပြန်ရောက်လာခဲ့တဲ့ မာတင်လင်းဒရိုစ်ဟာ အတုကြီး ဖြစ်နေတာပဲ'

အင်နီက တအံ့တသြဖြင့်

'ဘာပြောတယ်အတုကြီး ဟုတ်လား'

'ဟုတ်တယ်'

'အိုး မဖြစ်နိုင်တာပဲ'

'ဟုတ်ပါတယ်၊ ကြားရတဲ့ သူတွေ အတွက် မဖြစ်နိုင်ဘူးလို့ ထင်စရာပါပဲ'

'ဒီမယ် ဆိုရာယာ၊ မာတင်လင်းဒရိုစ်ဟာ အဖွဲ့ချုပ်ရဲ့ စုံစမ်းစစ်ဆေးမှုတို့ အောင်မြင်ခဲ့ပြီးသားပဲဟာ'

'အဲဒါကို ကျွန်မသိပါတယ်၊ ကျွန်မ ပြောတာကို နားထောင်ပါဦး၊ မာတင်လင်းဒရိုစ်ဆိုတဲ့သူဟာ ဖာဒီက တမင် ဖန်ဆင်းပြီး အဖွဲ့ချုပ်ကို ရောက်အောင် လွှတ်လိုက်တဲ့သူ၊ သူ့တာဝန်က အဖွဲ့ချုပ် အနေနဲ့ ဒူဂျာ စစ်ဆင်ရေးတွေကို တလွဲတွေ ဖြစ်အောင် လုပ်ဖို့ ရည်ရွယ်တာပဲ၊ ဒီကိစ္စကို အဘိုးကြီးကို အသိပေးမှ ဖြစ်မယ်'

'ဆိုရာယာ၊ မင်းပြောတာတွေက ယုံစရာတော့ မရှိဘူး၊ ဒါပေမဲ့ အဘိုးကြီးကို ပြောသင့်၊ မပြောသင့်ဆိုတာကတော့ အဘိုးကြီးကလည်း ယုံမှာမဟုတ်ဘူး'

'ဒီမှာအင်နီ ရှင်က ယုံကြည်အောင် ပြောရမှာပေါ့'

'အဲဒီလို ပြောဖို့ဆိုတာက အထောက်အထား ခိုင်ခိုင်လုံလုံရှိမှ ဖြစ်တာ ဘာတွေ ရှိသလဲ ပြော'

'ခုတော့ မရှိသေးဘူး'

'ကဲပါ၊ ဒီလိုလုပ် အခု မင်းလိုက်လာတဲ့ လေကြောင်း ခရီးစဉ်နံပါတ်နဲ့ ရောက် မယ့် အချိန်ပြော၊ တို့လေဆိပ်မှာ မင်းကို လာတွေ့မယ်၊ လေဆိပ်ကမြို့ထဲအလာ လမ်းပေါ်မှာမှ အသေးစိတ် ပြောပြပေါ့'

'ကျေးဇူးပဲ အင်နီ၊ ကျွန်မဖြင့် ရှင့်ကို စိတ်ချရမယ်ဆိုတာ သိပါတယ်'

၁

ဆိုရာယာ လေဆိပ်သို့ ထွက်သွားသည်နှင့် ဘွန်းသည် ယက်ဂါနီဖိယိုဒိုဇစ်တို ငှားရမ်းခဲ့သည်ဆိုသော နီဆင်ဟာတန်ကို ရှာဖွေ မေးမြန်းမည်ဟု ဆုံးဖြတ်လိုက်၏။ သူ့ သတင်းအရ နီဆင်ဟာတန်သည် စူလတာနာမက် ရပ်ကွက်



မှာ လှုပ်ရှားသူ ဖြစ်သည်။ သူရောက်နေသော အရပ်မှာလည်း ဤရပ်ကွက်သင်း သို့နှင့် ဘွန်း ခြေညောင်းလာတဲ့ အထိ တွေ့ရာလူကို မေးမြန်း စုံစမ်းနေသည်။ သည်ကြားထဲတွင် ဖာဒီ ဓားဖြင့် ထိုးခဲ့သော ခါးမှ ဒဏ်ရာမှာ သွေးများ ယိုစီးလာပြန်၏။ တွေ့ရာဆေးခန်း တစ်ခုသို့ အရင်ဝင်ရမည်။ ဆေးခန်းမှာ တိုင်းရင်းရိုးရာ ဆေးခန်းဖြစ်၏။ ဆေးဆရာနှင့်တွေ့လျှင် ဘွန်းက ဓားဒဏ်ရာကို ပြသည်။ ဆေးဆရာက 'ဘာလုပ်ချင်သလဲ' ဟု မေးသည်။

ဘွန်းက

'သွေးတိတ်အောင် ပိတ်ပေးဗျာ၊ ကျုပ်သွားစရာ၊ လုပ်စရာတွေရှိနေလို့ပါ'

ဆေးဆရာက အနာကို ဆေးကုပေး ပြီးနောက် တိုင်းရင်းဆေး တစ်ခွက် တိုက်သည်။

ဘွန်း ခရီးဆက်လိုက်၏။ အဖြစ်အပျက်များကို ပြန်လည် စဉ်းစားလိုက်ရာ သူ့တို့ ဒေါက်တာ ဆန်းဒါးလင်းထံ သွားရောက် ဆေးကုရန် ညွှန်ပေးလိုက်သူမှာ အဘိုးကြီး၏ စက္ကတေရီ အင်နီဟဲလ် ဖြစ်ကြောင်း သတိရမိ၏။

ဒုက္ခပဲ

ဆိုရာယာသည် ဝါရှင်တန် ရောက်သည်နှင့် အဘိုးကြီးနှင့် တွေ့ဆုံရန် မကြိုးစားဘဲ အင်နီနှင့် ပထမ တွေ့ဆုံပေလိမ့် ဦးမည်ဖြစ်သည်။ အဘိုးကြီး၏ အယုံကြည်ရဆုံး လက်ရုံး အတွင်းရေးမှူးသည် သူလျှို ဒလန် ဖြစ်နေပါပေါ့လား။

သူ ဆိုရာယာကို လှမ်းပြီး သတိပေးရမည်ဖြစ်သည်။ လက်ကိုင်ဖုန်းကို ယူ၍ ဆိုရာယာထံ ဖုန်းဆက်၏။ ဖုန်းဆက်သွယ် မှုမရ၊ ပိတ်ထားသည်။ ဧကန္တ ဆိုရာယာ လေယာဉ်ပေါ် ရောက်နေခြင်း ဖြစ်မည်။ ဘွန်းသည် မစဉ်းစားတော့ပဲ သတင်း မှတ်တမ်း မက်ဆေ့ရှ်ကိုသာ ဖုန်းထဲမှ ပို့လိုက်လေ၏။ ထိုမက်ဆေ့ရှ်မှာ အင်နီဟဲလ်သည် ဖာဒီ၏ သူလျှိုတစ်ယောက် ဖြစ်သည့် အကြောင်း။

၁

'မာတင် ဝင်လာပေ့' ဟု အဘိုးကြီးက ကာရင့်ကို ခေါ်သည်။

ကာရင်သည် အခန်းဝမှာ မတ်တတ် ရပ်နေ၏။ အဘိုးကြီးက

'မင်းကို အင်နီက ဖမ်းမိခဲ့တာ ဝမ်းသာသကွာ'

www.burmeseclassic.com

www.burmeseclassic.com



ကာရင်သည် အဘိုးကြီး၏ စားပွဲ ရှေ့သို့ လမ်းလျှောက်သွားသည်။ စိတ်ထဲတွင် ခံစားနေမှုမှာ သူတို့ ဘင်ဒိုဝင်လူမျိုးစု အပြစ်ပေးခံရသော လူသည် လူအုပ်ကြား ထဲမှ လမ်းလျှောက်သွားရသကဲ့သို့ ခံစား ရသည်။ နံဘေးမှ လူအုပ်ကြီးသည် ခဲလုံး များဖြင့် ပစ်ပေါက် အပြစ်ဒဏ်ခတ်နေကြခြင်းဖြစ်သည်။ လမ်းလျှောက်သူသည် လမ်းမဆုံးမီ ခဲထိမှန် သေဆုံးသွားလိုစိတ် ရှိသည်။ အကြောင်းမှာ အကယ်၍ ခရီး လမ်းဆုံးသည်အထိ အသက်ရှင် နေသေးပါက နေပူကျဲကျဲ သဲကန္တာရထဲသို့ မသေမရှင် အရှင်လတ်လတ် လင်းတများ စားသုံးရန် ပစ်ထားကြသောကြောင့် ဖြစ်သည်။

အဘိုးကြီး စားပွဲရှိရာသို့ လျှောက်လာစဉ် သူ့၏ ညွှန်ကြားချက်ဖြင့် စကော်ပီယံ မရိန်းတပ်ဖွဲ့များ ဒုဂျာအကြမ်းဖက် စခန်းကို သွားရောက် တိုက်ခိုက်ရာ အကျအဆုံး အများအပြားနှင့် ရင်ဆိုင်ရသည်။ သူတို့၏ ချီနွတ်ရဟတ်ယာဉ်များသည် ဆိုဗီယက်လုပ် အမ်အိုင်ဂျီ လေယာဉ်များ၏ ဒုံးကျည်များဖြင့် တိုက်ခိုက်ခံခဲ့ရသည်။ အဘိုးကြီး စားပွဲရှေ့ ရောက်သောအခါ ကာရင်က -

'တိုက်ပွဲမှာ အကျအဆုံး များတဲ့အတွက် ကျွန်တော်လည်း စိတ်မကောင်းပါဘူး'

အဘိုးကြီးက

'ကျဆုံးသွားတဲ့ ရဲဘော်တွေအတွက် စိတ်မကောင်းတာတော့ စိတ်မကောင်းတာပေါ့ကွာ ဒါပေမဲ့ ငါ့စိတ်ထဲမှာ တစ်ခုခုက လွဲချော်နေသလိုပဲ'

ကာရင်က

'ဘာများပါလဲ ခင်ဗျာ'

အဘိုးကြီးက

'ဘာရမှာလဲကွာ၊ ငါတို့ ရဟတ်ယာဉ်တွေကို ဘယ်သူတွေက ကြိုသိပြီး အမ်အိုင်ဂျီတွေနဲ့ စောင့်တိုက်ခိုင်းရတာတုံး ဆိုတာကိုပဲပေါ့'

ကာရင်သည် ဘာမှ မပြော၊ အဘိုးကြီးက

'တကယ်တော့ ဒုဂျာ အကြမ်းဖက် သမားတွေက ငါတို့ကို လမ်းလွှဲပေးလိုက်တာပဲကွ'

မုတာဘင်အဇစ်သည် အီစတန်ဘူ ရောက်သည်နှင့် ချက်ချင်းပင် နီဆင်ဟာ့ဗ်တွန့်ထံ သွားသည်။ ဟာ့ဗ်တွန်သည် အီစတန်ဘူတွင် အထင်ကရ ပွဲစားဖြစ်သည်။ သူသည် လုပ်ငန်းပေါင်းစုံကို ပြောင်တစ်မျိုး၊ တိတ်တိတ်



တစ်မျိုး လုပ်ဆောင်နေသူ ဖြစ်သည်။ သူသည် ဖာဒီ၏ လူရင်း တစ်ယောက် ဖြစ်သည်။ အဇစ်ကို မြင်သောအခါ ထိုင်ရာမှထ၍ သူတို့ထုံးစံအတိုင်း ပွေ့ဖက်၊ ပါးနှစ်ဖက်ကို နမ်းသည်။ နောက် သူတို့နှစ်ယောက် အေးဆေးသော တစ်နေရာတွင် ထိုင်၍ စကား စတင် ပြောသည်။ ဟာ့ဗ်တွန်က

'မိတ်ဆွေကြီးက ခရီးရှည် ပတ်ပြီး လာခဲ့ရတာကိုး'

အဇစ်က

'ဟာ့ဗ်တွန်ရယ် ဒါတော့ ခင်ဗျားလည်း သိပါတယ်၊ အလျင်လို လမ်းအိုလိုက်ပေါ့ဗျာ၊ ခရီးဝေးကြီး ပတ်လာရတာက ပိုစိတ်ချရတာပေါ့'

ဟာ့ဗ်တွန်က ခေါင်းညိတ်ပြသည်။

'ကျုပ် နားလည်ပါတယ်ဗျာ၊ ကျုပ် ကိုယ့်တိုင်လည်း တစ်နေ့ လက်ကိုင်ဖုန်းတစ်လုံး အသစ်ပြောင်းပြီး စကားလည်း အတိုဆုံးပဲ ပြောတယ်'

အဇစ်က

'ကျုပ်တို့ ယက်ဂျင်နီ ဖီယိုဒိုဗစ်ဆီက ဘာသတင်းမှ မကြားရဘူးနော်'

ဟာ့ဗ်တွန်သည် မျက်ခုံးတွန့်သွား၏။ သူက

'ဒါဆိုရင် အိုဒက်ဆာမှာ ဘွန်း လွတ်မြောက်သွားသလား'

အဇစ်က

'အဲဒါလည်း အသေအချာ မပြောနိုင်ဘူး၊ ဒါပေမဲ့ ဖီယိုဒိုဗစ်ဆီက ဘာမှ မကြားရတာ စိတ်အနှောင့်အယှက် ဖြစ်စရာပဲပေါ့၊ အဲဒီအတွက် ဖာဒီလည်း စိတ်မချမ်းသာ ဖြစ်နေတယ်'

ဟာ့ဗ်တွန် သက်ပြင်းချ လိုက်၏။

'ကျုပ်လည်း စိတ်မကောင်းပါဘူး၊ ဖီယိုဒိုဗစ် ကိစ္စကို ကျုပ်ကိုယ်တိုင် စုံစမ်း စစ်ဆေးကြည့်ပါ့မယ်'

အဇစ်က

'လတ်တလော အခြေအနေမှာတော့ ဖီယိုဒိုဗစ် အပျောက်ရှင်း ခံရတယ်လို့ ယူဆထားရမှာပဲ'

ဟာ့ဗ်တွန်က တွေးတွေးဆဆဖြင့်

'ဘွန်းဆိုတဲ့ ဒီလူဟာ ပုတ်သင်ညိုလို နေရာအလိုက် အရောင် ပြောင်းနိုင်တဲ့ လူလို့ ကြားဖူးတယ်၊ တကယ်လို့ သူက အသက်ရှင်နေဦးမယ်ဆိုရင် ဒီကိုလာပြီး ကျုပ်နဲ့ တွေ့ဖို့ ကြိုးစားမယ်ဆိုရင် ကျုပ်က သူ့ကို ဘယ်လိုလုပ် သိနိုင်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



အဇစ်က

'ဖာဒီက ဘွန်းကို ဘွန်းရဲ့ ဘယ်ဘက် အခြမ်းကို ဓားနဲ့ ကောင်းကောင်း ထိုးခဲ့နိုင်တာပဲတဲ့၊ ဒဏ်ရာက ချက်ချင်းကြီးတော့ ပျောက်မယ် မထင်ပါဘူး ဒါပေမဲ့ သူ ခင်ဗျားဆီကို အရောက်လာမယ်ဆိုရင်လည်း ကနေ့ နက်ဖြန် ရောက်လာစရာ ရှိတယ်'

ဟာ့ဇ်တွန်က

'ဟုတ်ကဲ့၊ ကျုပ် ဒီမှာ နေ့ရောညပါ ရှိနေမှာပါ၊ တကယ်လို့ ဘွန်း ရောက် လာမယ် ဆိုရင် လက်ခံတွေ့ရမှာပေါ့'

အဇစ်က

'ဟို ပန်းခြံနားမှာ မင်း ဘွန်းကို လက်ခံတွေ့ဆုံ စကားပြောပေါ့၊ မလှမ်း မကမ်းမှာ ဘွန်းကြားလောက်တဲ့ နေရာမှာ ကျုပ်က ကျုပ်လူတွေကို ကျုပ် ဖာဒီ ဆီ ပြန်မယ်၊ ခရီးဆက်မယ်လို့ ပြောနေမယ်လေ'

'ဩော် ဒါဆိုရင် ခင်ဗျားတို့ ပြောဆိုတာကို ဘွန်း ကြားသွားစေချင်တဲ့ သဘောပေါ့'

အဇစ်က

'ဟုတ်တယ်၊ ကျုပ် ဘယ်သူဘယ်ဝါ ဆိုတာ ဘွန်း သိသွားစေချင်တယ်၊ ပြီးတော့ ကျုပ် ဖာဒီဆီကို ပြန်သွားမယ်ဆိုတာ သူသိစေချင်တယ်'

ဟာ့ဇ်တွန်က ခေါင်းညိတ်လိုက်သည်။

'ဒါဆိုရင် ဘွန်းက ခင်ဗျားနောက်ကို လိုက်မယ်ပေါ့'

အဇစ်က

'အသေအချာပေါ့'

၀

စစချင်းပင် ဂွန်မြူလာသည် လာနာ၏ လူများ ဘယ်မှာရှိကြောင်း သူသိသည်။ အိုဗာတန် တစ်ယောက် အင်နီဟဲလ် နောက်သို့ နောက်ယောင်ခံ လိုက်ရင်း ပျောက်ဆုံး ဒုက္ခရောက်သွားခြင်း ဖြစ်သည်။ ဂွန်မြူလာသည် အင်နီဟဲလ် နောက်သို့ နောက်ယောင်ခံ လိုက်ဖို့ မကြိုးစားပေ။ အင်နီဟဲလ် နောက်ကွယ်မှ သူမကို စောင့်ရှောက်နေသူများကိုသာ ရှာဖွေ စူးစမ်းလေ့လာသည်။ ထို့ ကြောင့် သူ၏ စုံစမ်းမှုသည် အဝေးမှ မှန်ပြောင်းဖြင့် စုံစမ်းရခြင်းဖြစ်သည်။ သူ တွေ့ရှိရသည်မှာ အင်နီဟဲလ်ကို စောင့်နေသူများမှာ သုံးယောက် ရှိသည်။



သူတို့သည် တစ်ယောက် ရှစ်နာရီနှုန်းဖြင့် နှစ်ဆယ့်လေးနာရီပတ်လုံး စောင့်ကြည့် နေကြသူများ ဖြစ်သည်။ မူလာသည် အခြေအနေ အရပ်ရပ်ကို အသေးစိတ် စောင့်ကြည့်သည်။

တစ်ချိန်တွင် အင်နီဟဲလ်သည် ရုံးချုပ်မှ တက္ကစီနှင့် ထွက်လာသည်။ တက္ကစီ တစ်စီးငှား၍ သွားသည်။ မြူလာ နောက်က လိုက်သည်။ တစ်နေရာ ရောက်သောအခါ တက္ကစီကိုရပ်၍ အင်နီဟဲလ် ဆင်းသည်။ လမ်းလျှောက်၍ ဘ့ လမ်း အထိ ကော်ကိုရန် ပန်းချီပြခန်းထဲသို့ ဝင်သွားသည်။

၀

အင်နီဟဲလ်နှင့် ကာရင်တို့သည် ပန်းချီ ပြခန်းထဲ ပန်းချီကားများ လျှောက်ကြည့် နေကြသကဲ့သို့ သွားနေကြ၏။ ကာရင်က

'အဘိုးကြီး စိတ်ထဲမှာ ဒုဂျာစခန်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့တာမှာ အဆုံးအရှုံး များတဲ့အတွက် သံသယဖြစ်နေပုံရတယ်'

အင်နီက

'ဘယ်လိုများပါလိမ့်'

ကာရင်က

'အဖွဲ့ချုပ်မှာ နှစ်ဖက်လွှ စပိုင် သတင်းပေး တစ်ယောက် ရှိနေတယ်လို့ ထင်ပုံ ရတယ်'

အင်နီက

'ရှင်ပဲ လူတွေ အားလုံးကို ဟတ်နာဟ့ာ သစ္စာဖောက် စပိုင်ဖြစ်တဲ့ အကြောင်း ထုတ်ဖော် ပြသပြီးသား မဟုတ်လား'

'လူတိုင်းကတော့ ယုံကြပါတယ်၊ အဘိုးကြီးက လွဲပြီးပေါ့လေ'

'ဒါဆိုရင် ကျွန်မတို့ ဘာလုပ်ကြမလဲ'

'လုပ်စရာရှိတာတွေကို အချိန်ဇယား အတိုင်း လုပ်ကြရုံပေါ့'

အင်နီက စိတ်ပူပန်စွာဖြင့် ကာရင့်ကို ကြည့်သည်။ ကာရင်က

'စိတ်ပူမနေပါနဲ့၊ ကျုပ်တို့ အိုဗာတန် ကို ရှင်းပြီးနောက်မင်းအတွက် အထောက် အထောက်တွေ သေချာ ချထားပါတယ်'

ထို့နောက် ကာရင်သည် နာရီ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ကဲ သွားကြမှ ထင်တယ်၊ ဆိုရာယာမိုးရဲ့ လေယာဉ်က နေ့သ
သုံးနာရီကြာရင် ရောက်လာမှာ မဟုတ်လား'

၀

ဂွန်မြူလာသည် ကော်ကိုရန် ပြတိုက်ကို မြင်ရသည့် နေရာမှ စောင့်ကြ
နေ၏။ အင်နီဟဲလ် တစ်ယောက် ပြတိုက်ထဲတွင် တစ်စုံတစ်ယောက်
ချိန်းဆိုထား ခြင်း ဖြစ်မည်မှာ သေချာသည်။ ဤကိစ္စမှာ လာနာ့တာဝန် 
သည်။ သူ့ တာဝန် မဟုတ်။ သူ့တာဝန်မှာ အင်နီဟဲလ်ဖြစ်သည်။ အင်နီဟဲ
သည် ပြခန်းထဲမှ ထွက်လာသည်။ မြူလာသည် သူ၏ထရပ်ကားကို မောင်း
အင်နီဟဲလ် ရှိရာသို့ အရှိန်နှင့် မောင်းချလိုက်သည်။ ထိုစဉ် ပြင်း
ကြီးလှသော သေနတ်ကျည်ဆန် တစ်တောင့်သည် ထရပ်ကားဘေး 
ပြတင်းကို ဖောက်ထွင်း ဝင်လာသည်။ မြူလာ တုံ့ပြန်ရန် မလုပ်နိုင်ခင်မှာ
သေနတ်ကျည်ဆန်သည် သူ့ခေါင်းကို ဖောက်ထွက် သွားလေ၏။ ထရပ်
သည် ဒယီးဒယိုင်ဖြင့် အင်နီဟဲလ်ရှိရာသို့ တိုးလာသည်။ ကာရင်သည် အင်
ကို ဖျတ်ခနဲဆွဲ၍ ထရပ်ကားနှင့် ဝေးရာသို့ ဆွဲခေါ်လိုက်သည်။

အင်နီက

'ဘာတွေ ဖြစ်နေတာလဲဟင်'

'ထရပ်ကားမောင်းတဲ့ ဒရိုင်ဘာက လမ်းပေါ်မှာ မတော်တဆ 
ကားနဲ့ တိုက်မိအောင် လုပ်နေတာကွ'

'ဘာပြောတယ်'

ကာရင်သည် အင်နီ၏ လက်မောင်းကို ဆွဲ၍

'နောက် လှည့်မကြည့်နဲ့၊ ရှေ့ဆက်သွား၊ ကျုပ်တို့ ဒီနေရာက အမြန်
ထွက်မှဖြစ်မယ်'

သူတို့ နှစ်ဦးသား တစ်လမ်းကျော် လောက်အရောက်တွင် သံ
နံပါတ်ပြား တပ်ထားသော အမည်းရောင် လင်ကွန်းကားတစ်စီး 
ရောက်သည်။ ကာရင်သည် ကားနောက်ခန်း တံခါးကို ဖွင့်၍ အင်
ဝင်စေ၏။ နောက် သူလည်း လိုက်ဝင်သည်။

ကားထဲရောက်သောအခါမှ ကာရင်က

'မင်း ဘာမှမဖြစ်ဘူး မဟုတ်လား'



အင်နီက ခေါင်းညိတ်ပြသည်။

'နည်းနည်းတော့ ချောက်ချားသွားတာပေါ့၊ ဘာတွေ ဖြစ်ကြတာတုံး'

ကာရင်က

'ကျုပ်က မင်းကို စောင့်ကြည့်ဖို့ အသေအချာ ပြင်ဆင်ထားပြီးသားပါ၊
ကျုပ်က လာနာတစ်ယောက် အဘိုးကြီးက ဒိုဒက်ဆာကို လွှတ်လိုက်ပြီဆိုတာ
နဲ့ လာနာဟာ မင်းကို ဒီအတိုင်း ပစ်ထားမှာ မဟုတ်ဘူးဆိုတာ သိတယ်၊
စုံစမ်းကြည့်လိုက်တော့ လာနာဟာ ဂွန်မြူလာနဲ့ အပေါင်းအသင်းပဲ၊မြူလာဟာ
အကယ့် လူသတ်ကောင်ပဲ၊ မြူလာက မင်းကို ရှင်းဖို့ လုပ်တာနေမှာ'

အင်နီသည် ဘာမှမပြောတော့။ သူသည် တချို့ကိစ္စများ၌ ထဲထဲဝင်ဝင်
ဘာမှ မသိချေ။ အဲသည်လို သိချင်သူများသည် အသက်ဆုံးရှုံးမှုနှင့်သာ
ရင်ဆိုင်ရကြောင်း အင်နီ သိသည်။

သူတို့၏ ကားသည် မြို့တော် တောင်ပိုင်းသို့ မောင်းလာ၏။ သူတို့
စီးလာသောကားမှာ သံတမန်နံပါတ်နှင့် ကားဖြစ်သည်။ ယင်းကားသည်
အာရပ် နိုင်ငံ သံအဖွဲ့ဝင်တစ်ဦး၏ အိမ်ဝန်းထဲသို့ ဝင်လိုက်သည်။
အိမ်ဝန်းထဲရှိ မြေအောက် ကားရပ်ခန်း ရောက်သောအခါမှ ကား ရပ်သည်။
ကားပေါ်မှဆင်း၍ အသင့်ရပ် ထားသော တခြား ကားတစ်စီးရှိရာသို့
လျှောက် သွားကြ၏။ အင်နီဟဲလ်က ထိုကားကို လက်ဖြင့် ပွတ်သပ်ရင်း

'အဘိုးကြီးရဲ့ ကားကို ရှင်ဘယ်လို ရထားတာတုံး'

ကာရင်က

'ပုံစံတူ လုပ်ထားတာပါ'

ကာရင်သည် ကား နောက်ခန်းကို ကြည့်၍ ခြေနင်းခုံကို မလိုက်သည်။
အောက်ထဲတွင် စီဖိုးဖောက်ခွဲရေး ဗုံးများကို တွေ့ရသည်။ အင်နီက
အံ့တသြဖြင့် မော့ကြည့်လိုက်ရာ ကာရင်က

'ဟုတ်တယ်၊ စီဖိုး ဖောက်ခွဲရေး ပစ္စည်းတွေပဲ၊ စီအိုင်ဧအနချုပ် အောက်
မြေတစ်ခုလုံး ပေါက်ကွဲသွားနိုင်လောက်တာပဲ'

၂

ဗင်ဟာတွန် နေထိုင်သောအရပ် ဖွင့်ထားသော ဆိုင်နေရာဒေသမှာ ဘွန်း
ကိုယ်တိုင် မသိသော်လည်း သည်အရပ် သည်ဒေသသည် ၁၇ ရာစုတွင်
ဒတ်သတန် ဟာမစ်က အပြာရောင် ဗလီကြီးကို တည်ဆောက်ခဲ့သော အရပ်
ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းသည် ဟိုလျှောက် ဒီလျှောက် လျှောက်သွားသည်။ ဘွန်း ကိုယ်တိုင် တလည်း တူရကီ အမျိုးသား ဝတ်စုံကို ဝတ်ထားပြီး မျက်နှာအောက်ပိုင်းတွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ဖုံးအုပ်ထား လျက်ရှိသည်။ ထို့ကြောင့် လူသွား လူလာများနှင့် ဘွန်းသည် တစ်သားတည်းဖြစ်နေသည်။ သူသည် ဆိုင်တစ်ဆိုင်ထဲသို့ ဝင်၍ အသီးအရွက်နှင့် သိုးသား ခါးပတ်ကို မှာယူ စားသောက် လိုက်သည်။ စားသောက် ပြီးသည့်နောက်မှ ကော်ဖီဆိုင်သို့ ဝင်သည်။ နောက် ဝတ်ပြုရာတွင်ထိုင်သော အဖိုးတန် ကော်ဇောသေးသေး တစ်ချပ် ဝယ်သည်။ ပြီးနောက် နာမည်ကျော် အပြာရောင် ဗလီထဲသို့ ဝင်ကာ ဝတ်ပြု သည်။ ဝတ်ပြုရာမှ ထွက်လာပြီးသည့် နောက် ရှူးဖိနပ်ကို စီးနေစဉ် အလား ဖိနပ်လာစီးသော အဘိုးကြီး တစ်ယောက် နှင့်ဆုံသည်။ အဘိုးကြီးက သူ့ကို ကြည့်ပြီး တူရကီ ဘာသာဖြင့်

'ခင်ဗျား မျက်နှာကို ကျွန်တော် သိပ် မမြင်ဖူးဘူး၊ မျက်နှာစိမ်း ဖြစ်နေ တယ်နော်'

ဘွန်းကလည်း ယင်းဘာသာဖြင့်

'ကျွန်တော် အခုပဲ ရောက်ပါတယ် ခင်ဗျာ'

အဘိုးကြီးက

'သား ဘာကိစ္စနဲ့များ အစ္စတန်ဘူလ်ကို ရောက်လာတာလဲ'

သူတို့နှစ်ဦး ဗလီအပြင်ဘက်သို့ ထွက်လာသည်။ ဘွန်းက 'ကျွန်တော့် အမျိုးတစ်ယောက်ကို လာရှာတာပါခင်ဗျာ၊ သူ့နာမည်က နီဆင်ဟာတွန်ပါ'

အဘိုးကြီးက

'ဒီနာမည်မျိုးကတော့ အများကြီးကွယ့်၊ သူက ဘာအလုပ်အကိုင်လုပ်လဲ'

ဘွန်းက

'ကျွန်တော် သိသမျှကတော့ သူက စီးပွားရေး အလုပ်ပေါင်းစုံ လုပ်တယ် လို့ နားလည်ပါတယ်'

အဘိုးကြီးက

'အင်းလေ ကျုပ်များ ကူညီနိုင်မလားတော့ မသိဘူး၊ ကျုပ်သိ နစ်ဆင်ဟာတွန် တစ်ယောက်တော့ ရှိတယ်၊ သူက ကလေး ၁၁ ယောက် စီးပွားရေးသမားကြီးပေါ့၊ဟိုးရှေ့က လမ်းထဲမှာ နေတယ်၊ ဒီကဆိုရင် မဝေးပါဘူး'



တကယ်လည်း ညွှန်ပြသောအရပ်မှာ သိပ်မဝေးပါ။ ဘွန်းသည် ထိုအရပ်ရှိ အိမ်သို့ ခဏဝင်ရောက်သွားသည်။ ဘွန်း နစ်ဆင်ဟာတွန်ကို လာရှာခြင်းမှာ ဖာဒီက အိုဒက်ဆာကမ်းခြေတွင် သူ့အား သတ်ရန် ညွှန်ကြား ခိုင်းစေလိုက် သူများအား နစ်ဆင်ဟာတွန်က ကူညီခဲ့သည်ကို သိသောကြောင့် ဖြစ်သည်။ ဘွန်းသည် ဝဲပုလွေ မျက်နှာနှင့် လူငယ် တစ်ယောက်နှင့် တွေ့ဆုံပြီး ကျွန်တော် နစ်ဆင်ဟာတွန်နဲ့ တွေ့ချင်လို့ပါ။ သူနဲ့ ကျွန်တော် မိတ်ဆွေ တစ်ယောက်ကို အကြောင်းပြုပြီး အလုပ်ရှိပါတယ်။ အဲဒီ မိတ်ဆွေကတော့ ရပ်ဂျနီဗီယိုဒိုဗစ် ဖြစ်ပါတယ်၊ ဝဲပုလွေ မျက်နှာနှင့် လူငယ်က ဘွန်း ပြောဆိုသော နာမည်ကို အသိ အမှတ်ပြုပုံမရ၊ သို့သော် သူက

'ကျွန်တော် အဖေ့ဆီ သွားပြီး မေးကြည့်ပါ့မယ်၊ အဖေက တွေ့ဖို့ အား အား ဆိုတာ'

၁

ဆိုရာယာသည် လေဆိပ် လုံခြုံရေးကို ဖြတ်သန်းပြီးနောက် သူမ၏ လက်ကိုင်ဖုန်းကို ဆက်မည်ပြုစဉ် အင်နီဟဲလ်ကို လှမ်းမြင်ရသည်။ ဆိုရာယာ သည် စိတ်အေးသွား၏။ သူမကို လာကြိုသော အင်နီဟဲလ်ကို ပွေ့ဖက် နှုတ်ဆက်လိုက်သည်။ အင်နီက

'မင်းပြန်ရောက်လာတာ ဝမ်းသာစရာပါပဲ'

ဆိုယာရာသည် အင်နီ့ကို ဖက်ထားရာမှ ခွာလိုက်ပြီး ဘေးဝန်းကျင်ကို ကြည့်သည်။

'ရှင့်ကို တစ်ယောက်ယောက်ကများ နောက်ယောင်ခံ လိုက်လာတာရှိ သလား'

အင်နီက 'ဘယ်သူမှ နောက်ယောင်ခံ လိုက်မလာပါဘူး။ ငါသေသေ ချာချာ ကြည့်ပြီးမှ လာတာပါ' ဆိုရာယာသည် အင်နီနှင့်အတူ လေဆိပ် ခန်းမထဲမှ အပြင်သို့ ထွက်လာကြသည်။ ဆိုရာယာ သည် ရန်သူ့နယ်မြေ သတ်ကွင်းထဲမှ အမြဲ သတိထားရသော အေးဂျင့် တစ်ယောက်၏ သတိဖြင့်မှု ကို လျှော့ချလိုက်သည်။ သူမသည် ကိုယ့်အိမ် ကိုယ့် အသိုက်သို့ ပြန်ရောက်ပြီ ပေတပ်ပါလား၊ သို့သော် မျက်နှာတွင် တစ်စုံတစ်ရာ ဝမ်းနည်းမှု အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အယောင်များက ပေါ်နေ၏။ အင်နီက ဆိုရာယာ၏ မျက်နှာပေါ်မှ ဝမ်းနည်းရိပ်ကို သတိထားမိသည်။ သူမက

'ဘာတွေများ ဖြစ်လာလို့ပါလိမ့်'

ဆိုရာယာက

'ဂျေဆင်ဘွန်း တစ်ယောက်တော့ ဆုံးသွားရှာပြီ'

'ဘာ ဘာပြောတယ်'

အင်နီသည် တုန်လှုပ်သွားပုံရ၏။

'ဘယ်လို ဖြစ်ကြတာတုံး'

ဆိုရာယာက

'အဘိုးကြီးက လာနာ့ကို ဘွန်း နောက်လိုက်ပြီး စာရင်း ရှင်းခိုင်းလိုက်တယ်နဲ့ တူတယ်၊ သူတို့ နှစ်ယောက် သတ်ပုတ်ကြရင်း နှစ်ယောက်စလုံး သေဆုံးသွားတာပဲ၊ ကျွန်မ ဒီပြန်လာတဲ့ အကြောင်းကတော့ ကျွန်မအနေနဲ့ မာတင်လင်းဒရိုစ် ဟန်ဆောင်ထားတဲ့ လူကို စောင့်ကြည့်ဖို့ပဲ၊ ဒီလူဟာ တစ်ချိန်မဟုတ် တစ်ချိန်မှာတော့ အမှားတစ်ခုခု လုပ်မိမှာပဲ'

'မင်းပြောတဲ့ လင်းဒရို့စ်အတု ဆိုတာ သေချာရဲ့လား၊ မကြာသေးခင်ထဲက သူ စီမံခန့်ခွဲတဲ့အတိုင်း တောင်ယီမင်မှာရှိတဲ့ ဒူဂျာတွေရဲ့ ရွှေကလီးယား စခန်း တစ်ခုကို သွားတိုက်ကြသေးတယ်၊ အကျအဆုံး များပေမယ့် အောင်မြင်တယ် လို့ သတင်း ပို့ပါတယ်'

ဆိုရာယာ မျက်နှာသည် သွေးရောင် လွှမ်းသွားသည်။

'ဘုရားရေ၊ တကယ်ပဲ ဖြစ်နေပါ ပေါ့လား၊ ဒါကြောင့် ဒူဂျာအဖွဲ့ဟာ ခက်ခက်ခဲခဲ ကြိုးစားပြီး လင်းဒရို့စ်အတုကို စီအိုင်အဖွဲ့ချုပ် ရောက်ရောက်ချင်း လွှတ်တာကိုး၊ လင်းဒရို့စ်ကသာ တိုက်ပွဲကို ဦးဆောင်နေပြီ ဆိုရင် အမှား တွေကို လမ်းညွှန်ပေးတော့မှာပဲ'

အင်နီက

'ဒါဆိုရင် တို့ဌာနချုပ်ကို အမြန်ဆုံး ပြန်ရောက်မှ ဖြစ်မယ် ထင်တယ်'

သူတို့ နှစ်ဦးသား လေဆိပ်မှ ထွက်ပြီး စီအိုင်အဖွဲ့ချုပ်မှ ထုတ်ပေးထားသည့် ပွန်းဒီးယက်ကားရှိရာသို့ ခေါ်လာပြီး ကားပေါ်တက်သည်။ သူတို့ ကားသည် လေဆိပ်မှ ထွက်လာခဲ့သည်။ အတန်ကြာ ခရီးရောက် လာသော အခါ ဆိုရာယာက အင်နီ့ကို စကားပြောမည်ပြုစဉ် ကားနောက်ကြည့် မှန်ထဲမှ အမည်းရောင် ကားတစ်စီးကို တွေ့ရ၏။ ထိုကားမှာ လေဆိပ်မှ သူတို့ ထွက်



လာကတည်းက သူတို့ ကားနောက် ကပ်ပါလာခြင်းဖြစ်သည်။ ဆိုရာယာ စိတ်များသည် တိုက်ပွဲနှင့် နီးကပ်လာသလို သတိများ ပြန်လည် နိုးကြား လာသည်။ တစ်ချိန်တည်းတွင် အင်နီဟဲလ်သည် ဘာကြောင့်များ နောက်က ကားကို သတိမထားမိပါလိမ့်ဟု တွေးနေမိသည်။ တကယ်တမ်း ကျတော့ အင်နီ ဟဲလ်သည် အဘိုးကြီး၏ လက်ထောက် အတွင်းရေးမှူးသာ ဖြစ်သည်။ နယ်ထိုင် အမှုထမ်း အဖြစ် လေ့ကျင့်ထားသူသာ ဖြစ်သည်။ သူမလို ကွင်းဆင်း ရသည့် အေးဂျင့် မဟုတ်ပါ။ ဆိုရာယာက

'အင်နီ၊ ကျွန်မတို့ နောက်မှာ နောက် ယောင်ခံ လိုက်လာတဲ့ ကားရှိနေပြီ'

အင်နီက မော်တော်ကားကို ညာဘက်သေး ကပ်ကာ ပါးစပ်ကလည်း

'ဒါဆိုရင် တို့ကားကို အရှိန်လျှော့ လိုက်မှနဲ့ တူတယ်'

ဆိုရာယာက

'ရှင် ရှင်ဘာတွေ လုပ်တာလဲ'

'တို့က အရှိန်လျှော့လိုက်တဲ့အတိုင်း နောက်ကကားက လိုက်လျှော့ရင် တို့ နောက်လိုက်တာ သေချာသွားတာပေါ့'

ဆိုရာယာက

'မလုပ်နဲ့ အင်နီ မလုပ်နဲ့ အရှိန်တင် ပြီးတော့သာ မောင်း၊ သူတို့နဲ့ အမြန်ဆုံး မျက်ခြည်ဖြတ်ထားမှ ဖြစ်မယ်'

အင်နီက

'နောက်က ကားထဲမှာ ဘယ်သူတွေ ပါသလဲဆိုတာ ငါသိချင်သေးတယ်'

ဆိုရယာက

'ရှင်ရူးနေပြီလား'

ဆိုရာယာသည် ကားစတီရာရင်ကို လှမ်းကိုင်မည်အပြု အင်နီ့လက်ထဲ တွင် စမစ်အင်န်ဝပ်ဆင် သေနတ်ကို တွေ့ရသည်။ ဆိုရာယာ

'အင်နီ၊ ရှင်ဘာတွေ လုပ်နေတာလဲ'

အင်နီက

'ကျွန်မလည်း အခြေအနေ အရပ်ရပ် ကို အကြောင်းပြုပြီး အဖွဲ့ချုပ်ကနေ အပြင်ထွက်ရင် လက်နက်မပါဘဲ မထွက်တော့ဘူး'

ဆိုရာယာက အင်နီ့ကို မယုံကြည်သလို ကြည့်ပြီး

'ဒီသေနတ်ကို ရှင်ပစ်ကော ပစ်တတ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အင်နီ၏ကားသည်လမ်းဘေးမှာ ရပ်လိုက်၏။ နောက်မှ ပါလာသော အမည်းရောင် ဖို့ဒ်ကားသည်လည်း သူတို့ နောက်တွင် ရပ်သည်။ ကားပေါ်မှ အမျိုးသားနှစ်ဦး ဆင်းလာသည်။ သူတို့၏ အသားအရေမှာ မည်းမှောင်သည်။ သူတို့သည် သူတို့ကားရှိရာသို့ လာနေကြသည်။ ထို အချိန်တွင် အင်နီက

'ကျွန်မ သေနတ်ပစ်တတ်ပါတယ်၊ တစ်ပတ်ကို နှစ်ကြိမ် သေနတ်ပစ် ကွင်းသွားပြီးတော့ လေ့ကျင့်ထားတာပါ'

ပြောရင်း ဆိုရင်း ထိုသေနတ်ဖြင့် ဆိုရာယာကို ချိန်လိုက်သည်။

'ကဲ ကားပေါ်က ဆင်း'

ဆိုရာယာက

'အင်နီ ရှင်ဘာတွေ လုပ်နေတာလဲ'

အင်နီက

'ငါပြောတဲ့အတိုင်းသာ လုပ်'

ဆိုရာယာက ခေါင်းညိတ်လိုက်သည်။ ပါးစပ်ကလည်း

'ကောင်းပြီလေ ကောင်းပြီ'

ထို့နောက် ဘေးတံခါး လက်ကိုင်ကို ဖွင့်ဖို့ ပြင်လိုက်သည်။ တစ်ချိန်တည်းတွင် အင်နီ၏ မျက်လုံးအစုံသည် ကားတံခါးဆီသို့ ရောက်သွားသည်နှင့် ဆိုရာယာသည် ဘယ်လက်ဖြင့် အင်နီ၏ သေနတ်ကိုင် ညာဘက်ကို ဆွဲ မလိုက်သည်။ အင်နီက သေနတ်မောင်းကို ဆွဲလိုက်ရာ သေနတ်သံ တစ်ချက် ကျယ်လောင်စွာ ထွက်လာ၏။ သေနတ်ကျည်ဆန်သည် ပွန်းဒီးယက် ခေါင်မိုးကို ဖောက်သွားသည်။ ဆိုရာယာသည် ဘာမှ မစဉ်းစားတော့ဘဲ အင်နီ၏ လည်တိုင်ကို ညာဘက်လက်ဖြင့် လက်စောင်း ခုတ်လိုက်သည်။ နောက်မှ လိုက်လာကြသူ နှစ်ဦးသည်လည်း သေနတ်သံကြား၍ ပြေးလာကြ သည်။ ဆိုရာယာသည် အင်နီ့ ကိုယ်ပေါ်ကို ကျော်၍ စတီယာရင် ရှိရာသွား သည်။ နောက်ကားကို စက်တုန်မောင်းထွက် လိုက်သည်။ နောက်မှ လူများ သည် သူတို့ ကားရှိရာသို့ ပြန်ပြေးသည်။ ကားကို အမြန်မောင်းလာရင်း အင်နီဟဲလ် တစ်ယောက် သူတို့နောက် လိုက်လာသူနှစ်ဦးနှင့် ဘာကြောင့် ဘယ်လိုများ အဆက်အသွယ်ရှိနေပါလိမ့်ဟု တွေးတောနေမိ၏။

နီဆင်ဟာတွန်သည် အရိပ် ရသော စွန်ပလွံပင်အောက် ထိုင်ခုံတွင် သက် သောင့်သက်သာ ထိုင်နေ၏။ သူသည် ငွေကရားဖြင့် ထည့်ထားသော



လက်ဖက်ရည်ကို ခွက်ထဲသို့ ငှဲ့၍ တစ်ငုံချင်း သောက်နေ၏။

ထိုစဉ် သူ့သားသည် ဘွန်းကို ခေါ် လာသည်။ ဘွန်းသည် နစ်ဆင်ဟာတွန့် ထံ မရောက်မီအတွင်း ရုပ်ဖျက်ထားသော မုတ်ဆိတ် နှုတ်ခမ်းမွေးများကို ဖယ်ရှား လိုက်သည်။ ဟာတွန်သည် ဝင်လာသော ဘွန်းကို လှမ်းကြည့်သည်။ သူ့မျက်လုံး တွင် မည်သည့် အရိပ်အရောင်မျှ မရှိ။ သူက

'နှုတ်ဆက်ပါတယ် မိတ်ဆွေကြီး'

ဘွန်းက

'နှုတ်ဆက်ပါတယ် နစ်ဆင်ဟာတွန် ကျွန်တော့်နာမည်က အဗူပါ ပါ'

ဟာတွန်က သူ့ မုတ်ဆိတ်ကို ပွတ်ရင်း

'နာမည်ကတော့ တကယ့် ထင်ရှားတဲ့ နာမည်ပါလား'

ဘွန်းက

'အခုလို လူကြီးမင်း ဥယျာဉ်ထဲမှာ အနားယူနေတုန်း လာပြီး အနှောင့် အယှက် ပေးရတဲ့အတွက် စိတ်မကောင်းပါဘူး'

ဟာတွန်က

'ရပါတယ်ဗျာ အေးအေးဆေးဆေးပေါ့၊ လာထိုင်ပါ'

ဘွန်းက အသင့်ပါလာသော ဝတ်ပြု ဆုတောင်း ကော်ဇောကို တရိုတသေ လှမ်းပေးလိုက်၏။ ဟာတွန်က

'တကယ်လှတဲ့ ကော်ဇောပဲ၊ ရပ်ဂျနီ ဖီယိုဒိုဗစ် ဒီလို လက်ဆောင်မျိုး တစ်ခါမှ မပေးဖူးဘူး၊ ဒါထက် ကျုပ်တို့ နှစ်ယောက်ရဲ့ မိတ်ဆွေကြီး ဖီယိုဒို ဗစ်ကော'

ဘွန်းက

'ကျုပ် သူ့ကို ထားပစ်ခဲ့တုန်းကတော့ တစ်ကိုယ်လုံး စုတ်ပြတ်နေပြီပဲ'

ဟာတွန်၏ မျက်နှာသည် ကျောက်ရုပ် ကျောက်တုံးပမာ အေးစက် သွား၏။

'ခင်ဗျား ဘာတွေ လာပြောနေတာလဲ'

ဘွန်းက လေသံတိုးတိုးဖြင့်

'ဒါဆိုလည်း အားလုံးရှင်းပြမှ ဖြစ်မယ်၊ ဖီယိုဒိုဗစ်ဟာ ခင်ဗျားခိုင်းလိုက်တဲ့ အတိုင်း ကျုပ်ကို လုပ်ခိုင်းတယ်၊ အဲဒီ တာဝန်ကတော့ ကျုပ်က ဂျေဘွန်းကို အိုဒက်ဆာကမ်းခြေကို ခေါ်သွားရတယ်၊ အဲဒီ ကမ်းခြေမှာ ဟာဒီနဲ့အဖွဲ့က ခေါင်းချောက် ထောင်ပြီးတော့ ဘွန်းကို သတ်တယ်၊ ကျုပ်က ဖီယိုဒိုဗစ်

www.burmeseclassic.com

www.burmeseclassic.com



ညွန်ကြားတဲ့ အတိုင်း လုပ်တာပဲလေ'

နီဆင်ဟာတွန်က

'ဒီနေရာမှာ ပြဿနာလေး တစ်ခုရှိတယ်ကွယ့် အဗူပါရဲ့၊ ဖီယိုဒိုဗစ်ဆိုတဲ့ လူဟာ ဒီလိုကိစ္စမျိုး လုပ်ဖို့ တူရကီလူမျိုး တစ်ယောက်ကို ငှားမယ် မဟုတ်ဘူးကွယ့်'

ပြောပြော ဆိုဆို ဟာတွန်သည် ဘွန်းကို ကြည့်၍

'မေးခွန်းက ရှိတုန်းပဲကွယ်၊ မင်းက ဘယ်သူလဲ'

ဘွန်းက

'ကျွန်တော့် နာမည်က ဘော့ဒ်ဒန်အလီယာ နီဗစ်ပါ'

ဘွန်းသည် အိုဒက်ဆာ ကမ်းခြေတွင် သူသတ်လိုက်သော လူ၏ အိတ်ထဲမှ ရရှိသော မှတ်ပုံတင်မှ နာမည်ကို ပြောလိုက်ခြင်းဖြစ်သည်။ နီဆင်ဟာတွန်က

'မင်းလို ယူကရေးနီးယန်း လူမျိုး တစ်ယောက်အနေနဲ့ တူရကီ စကားကောင်းကောင်းပြောတတ်သားပဲ၊ အခု မင်း ကျုပ်ဆီလာတာက မင်းဆရာ ရသင့် ရထိုက်တဲ့ ပိုက်ဆံ တစ်ဝက်ကို လာတောင်းတာပေါ့လေ'

'ဟုတ်ကဲ့ပါ ခင်ဗျ၊ ဖီယိုဒိုဗစ်က လက်ကျန်ငွေကို လာမယူနိုင်ဘူးဆိုတော့ ကျွန်တော်ကလည်း ကျွန်တော့် အတွက် ရသင့်ရထိုက်တာကို လာယူတာပါ'

'ကောင်းပြီလေ ဒါဆိုရင် လာ လက်ဖက်ရည်သောက်'

ပြောပြောဆိုဆို ငွေကရားထဲမှ လက်ဖက်ရည်ကို ငှဲ့ပေးသည်။ သူ၏ အမြင်သန်လှသော မျက်စိဖြင့် ဘွန်း၏ ညာဘက် ဘေးဒဏ်ရာမှ သွေးများ အင်္ကျီပေါ်သို့ စွန်းလာသည်ကို သတိထား မိသည်။ သူက

'မင်း ဒဏ်ရာရလာတယ် ထင်တယ်၊ သေချာ ကုလိုက်ဦးနော်'

ဘွန်းက

'မဖြစ်စလောက်လေးပါဗျာ၊ အရေး မကြီးပါဘူး'

နီဆင်ဟာတွန်က တစ်စုံတစ်ရာ ပြောမည်ပြုစဉ် သူ့သားဝင်လာသည် အတွက် မပြောဘဲ ရပ်လိုက်သည်။ သူ့ သားက တစ်စုံတစ်ရာ အသံဖြင့် အချက် ပြသည်။ ဟာတွန်သည် ထိုင်နေရာမှ ထလိုက်သည်။

'ကျုပ်ကို ခဏခွင့်ပြုဦးဗျ၊ ကျုပ် မပြီး ပြတ်သေးတဲ့ ကိစ္စလေးတစ်ခု လုပ်လိုက် ဦးမယ်၊ သိပ်မကြာပါဘူး'



ပြောပြောဆို ဟာတွန်သည် သူ့သားနှင့်အတူ တစ်ဖက်ခြမ်းသို့ လိုက်ပါသွားလေသည်။ တစ်ဖက်ခြမ်းမှ ဟာတွန်တို့ကို ဘွန်း မမြင်ရသော်လည်း သူတို့နှစ်ယောက်၏ ပြောစကားသံများကိုမူ ကြားနေရသည်။ တစ်ဖက်မှ စကားပြောသံမှာ နီဆင်ဟာတွန်နှင့် အခြားတစ်ဦး အသံ ဖြစ်သည်။ ထိုအသံက

'ဖာဒီက သူ့ အဆက်အသွယ်တွေအရ ဂျေဆင်ဘွန်း သေတာကိုသိပြီး ကျုပ်ကိုလည်း အမြန်ဆုံး ဖာဒီဆီ လိုက်ခဲ့ဖို့ ပြောနေတယ်၊ ကနေ့ညရှစ်နာရီဆို ကျုပ် ဖာဒီဆီ လိုက်မယ်၊ ခင်ဗျား ဘာမှာစရာ ရှိသေးလဲ'

'မရှိပါဘူးဗျာ၊ ကျုပ်ခင်ဗျားကို တံခါး အထိ လိုက်ပို့ပါ့မယ်'

ဘွန်းသည် သူ့နေရာသူ ပြန်ထိုင် လိုက်သည်။

၀

ဆိုရာယာသည် ကားလီဗာကို တအား ဖိနင်းလိုက်သည်။ သူမ အခြေအနေမှာ ဒုက္ခရောက်နေပြီလား မသိ။ တစ်ချိန်တည်းမှာပင်ကား နောက်ကြည့်မှန်မှ တစ်ဆင့် နောက်မှ လိုက်ပါနေသော ကား အမည်းကို အကဲခတ်ရသေးသည်။ ထိုစဉ် လက်ကိုင်ဖုန်း မြည်လာသည်။ လက်ကိုင် ဖုန်းကို ဖွင့်လိုက်သောအခါ ဂျေဆင်ဘွန်း ပို့လိုက်သော မက်ဆေ့ချ်ကို တွေ့ရသည်။ ထို မက်ဆေ့ချ်မှာ အင်နီဟဲလ်ကို မယုံ ကြည်ရခြင်းဆိုသည့် မက်ဆေ့ချ်ပင် ဖြစ်သည်။ ဆိုရာယာသည် ခါးသီးသော ခံစား ချက်ကိုရလိုက်သည်။ ဩော် လက်စသတ်တော့ အင်နီဟဲလ်သည် သစ္စာဖောက်ကိုး။ ဆိုရာယာသည် တယ်လီဖုန်းကို ချလိုက်သည်။ ကားကို နောက်မှ လိုက်သော ဖို့ဒ်ကား အမည်းကြီးနှင့် လွတ်အောင် လမ်းကွေ့တစ်ခုထဲ ချိုးကွေ့လိုက်သည်။ လမ်းကွေ့တွင်လင်ကွန်း ကားကြီး တစ်စီး အသင့်စောင့်နေသည်ကို တွေ့ရပြန်သည်။ ဆိုရာယာသည် ထောင်ချောက်ထဲသို့ ကျနေပြီဖြစ်သည်။ သူမ အခြေအနေမှာ သိပ် မကောင်းပေ။

၀

မာတင်လင်းဒရိုစ်သည် ဒူဂျာ၏ မြေအောက် ကွန်ကရစ် အချုပ်ခန်းထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



တော်တတ်ရပ် နေ၏။ အချုပ်ခန်းတွင် ပြတင်းပေါက် မရှိပါ။ သူသည် လက်နှစ်ဖက်ဖြင့် အချုပ်ခန်း ကွန်ကရစ် နံရံကို စမ်းသပ် နေမိ၏။ ဤ အချုပ်ခန်းသို့ ရောက်သည့်အချိန်က စပြီး ဤနံရံကို အမြဲတမ်း စမ်းသပ်နေခဲ့သည်ဖြစ်ရာ နံရံ တစ်ခုလုံးကို အလွတ်ရနေပြီ ဖြစ်သည်။ ကွန်ကရစ် အတုံးများအကြား ပျော့အိအိ အစပ်များကိုလည်း သူ တွေ့ရှိပြီး ဖြစ်သည်။ နံရံ နှစ်ခုစလုံး၏ အကျယ်အဝန်း အကွာအဝေးမှာ ညီတူမျှတူ ဖြစ်သည်။ ခြေလှမ်း ၁၅ လှမ်းမျှ လျှောက်သွားပါက သံမဏိဖြင့် ပြုလုပ်ထားသော မျက်နှာသစ်ကန်နှင့် သံမဏိဖြင့် ပြုလုပ်ထားသော ဘိုထိုင် အိမ်သာတစ်လုံး ရှိသည်။ မာတင်လင်းဒရိုစ်သည် ဤအခန်းကျဉ်းကလေးတွင် ခေါက်တုံ့ခေါက်ပြန် ပိတ်လှောင် ခံထားရသော တိရစ္ဆာန်တစ်ကောင်ပမာ လမ်းလျှောက်နေရ၏။ အမိုးထက်တွင် အပေါက် သုံးပေါက်ဖြင့် ပြင်းထန်သော အပြာရောင် အလင်းရောင် လာသောနေရာသုံးခု ရှိ၏။ ယင်းမီးများ တပ်ဆင်သည့် နေရာမှာ မြင့်မားလှ၍ ယင်းအပေါက်ကလေးထဲမှ ထွက်ပေါ်လာသော အလင်းရောင်မှာ ပြာလဲ့လဲ့ဖြင့် စူးရှလွန်းရကား မာတင်လင်းဒရိုစ် မီးလုံး ရှိရာကို ကြာကြာပင် မကြည့်နိုင်။ ယင်းမီးလုံးများကို ဆက်သွယ်ထားသည့် ဝါယာများသည်လည်း ကွန်ကရစ် အမိုးနောက်တွင် မြှုပ်နှံထားပုံ ရ၍ အကျဉ်းသား တစ်ယောက် ဤမီးလုံးဖြင့် တစ်စုံတစ်ရာ ကြံစည်မှု မပြုနိုင်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

မာတင်လင်းဒရိုစ် ယင်း မီးလုံးကို ခုန်စမ်းထိတွေ့ဖို့ ကြိုးစားသော်လည်း မမီပေ။ ပြာလဲ့လဲ့ ပြင်းထန်သော အလင်းရောင်ကို မြင်နေရခြင်း ဒဏ်တိုကား ခံနေရ၏။ နောက်ထပ် ခုန်စမ်းဖို့ မကြိုး စားတော့။ ယင်း မီးလုံးများသည် တစ်နေ့ ၂၄ နာရီတွင် ၁၆ နာရီ ထွန်းထားသည်။ ထိုမီးလုံးများ ရှစ်နာရီသာ ပိတ်သော အချိန်မှာ မာတင် အိပ်ချိန် ဖြစ်သည်။ မာတင် လင်းဒရိုစ်သည် သတ်မှတ်ထားသော အိပ်ချိန်တွင် အိပ်ပျော်နိုင်အောင် အမြဲ ကြိုးစားသည်။ သူ၏ လက်စွဲ အိပ်မက်မှာ ဖခင်ကြီးနှင့်အတူ ကြည်လင် အေးမြသော ချောင်းထက်တွင် ငါးမျှားခြင်းပင် ဖြစ်သည်။ ထိုခံစားမှုဖြင့် ပြင်းထန်သော နှိပ်စက်မှုများကို မာတင်လင်းဒရိုစ် ကြံ့ကြံ့ခံခဲ့၏။ သူသည် နှိပ်စက်မှု အမျိုးမျိုး ခံရသည့်အပြင် မျက်လုံး တစ်လုံးကို ဖောက်ယူခြင်းပင် ခံရ၏။ သူ့ မျက်စိတို ဒုက္ခအဖွဲ့သည် တစ်နေရာတွင် အသုံးချ နေမည်ကို သူ သိသည်။

အခန်းထဲတွင် လမ်းလျှောက်နေစဉ် သော်လည်းကောင်း၊ အိပ်နေစဉ် သော် လည်းကောင်း၊ သူ့ကို ဖာဒီက စောင့်ကြည့်နေသလား၊ မနေဘူးလား



ဆိုတာကိုလည်း သူ သေသေချာချာ မပြောတတ်။ မာတင်သည် ချော်ထဲ့သို့ တုံ့ပြန်ခံစားမှု မဖြစ်ပေါ်အောင် ထိန်းချုပ်၍ နေသည်။ ဖာဒီသည် မာတင် တစ်ယောက် စိတ်ဓာတ် ကျဆင်းသွားသည်ကို လိုလားစောင့်ကြည့် နေပုံရ၏။ ထိုသို့ အဖြစ်မခံနိုင်ပေ။ မာတင်သည် လက်သီးကို တင်းတင်းဆုပ် လိုက်မိ၏။ ဤကဲ့သို့ လက်သီး ဆုပ်ရခြင်းကလည်း အကြိမ်ပေါင်း မရေနိုင်တော့။

ထိုစဉ် အချုပ်ခန်း တံခါးပွင့်ပြီး ဖာဒီ ဝင်လာသည်။ ဖာဒီ၏ မျက်နှာမှာ မာတင် တစ်ယောက် တစ်ခါမျှ မကြုံဖူးလောက်အောင် မည်းမှောင်၍ ဒေါသ ထွက်နေ၏။ ဖာဒီသည် အခန်းထဲ ရောက်သည်နှင့် ဘာမှ တစ်စုံတစ်ရာ မပြောဆိုဘဲ မာတင်လင်းဒရိုစ်၏ ခေါင်းတစ်ဖက်ကို လက်သီးဖြင့် ထိုးလိုက်ရာ မာတင်သည် ကွန်ကရစ် ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွား၏။ သို့တိုင် ဖာဒီသည် မကျေမနပ်ဖြင့် လဲကျနေသော မာတင်ကို ခြေထောက်ဖြင့် လိမ့်လိမ့် ကန်၏။ ပါးစပ်မှလည်း

'ဘွန်း သေပြီကွ၊ မင်း ကြားလား လင်းဒရိုစ်'

ဖာဒီ၏ အသံမှာ ကြွေကွဲ နာကျင် နေပုံရ၏။

'ငါက ကျကျနန လက်စားချေဖို့ စီစဉ်ထားတာ၊ စီစဉ်ထားတဲ့အတိုင်း ဖြစ်မလာဘဲ မျှော်လင့်မထားတာတွေ၊ စဉ်းစား မထားတာတွေက ဖြစ်သွားပြီ၊ အခုတော့ အနာဂတ်ဆိုတာ ဘာမှ မရေရာတော့ဘူး၊ မသေချာတော့ဘူး'

ဖာဒီသည် ဒေါသတကြီးဖြင့် ပြောဆို ပြီးနောက် မာတင့် မျက်နှာကို ပူး၍ ထိကပ်ကာ

'ဘာပဲ ပြောပြော အလ္လာသခင်က အနာဂတ်ကို သိပါတယ်၊ သူဟာ အမှန်ကို ရောက်အောင် အမြဲ ပြတာပါ'

မာတင်သည် လဲကျနေရင်းကပင် ပြုံးလိုက်မိသည်။

'ဩော် ဖာဒီ ဖာဒီ၊ ကျုပ်တော့ ခင်ဗျားကို သနားတယ်ဗျာ၊ အမှန်တရားက မျက်စိအောက်မှာ ဘွားဘွားကြီး ပေါ်တာတောင်မှ ခင်ဗျား မမြင်နိုင်သေးဘဲ ကိုး'

မာတင်၏ စကားလုံးများသည် ပြင်းထန်သော ထိုးနှက်ချက်ကဲ့သို့ ဖာဒီ ခံစားရပြီး ဖာဒီသည် ဒေါသတကြီးဖြင့် မာတင်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး နံရံကို ထိကပ်လိုက်၏။ သူ့ လက်များမှ မာတင်၏ လည်ပင်းကို တင်းကျပ်စွာ ညှစ်ထားသည် ဖြစ်ရကား မာတင်သည် အသက်ပင် ကောင်းကောင်း မရှူနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဟာဒီက

'ငါ ဂျေဆင်ဘွန်းကို ဟောဒီ လက်နှစ်ဖက်နဲ့ ကိုယ်တိုင် မသတ်လိုက်ရဘူး ဒါပေမဲ့ မင်းကတော့ ဒီမှာ ရှိတယ်၊ မင်းကို ငါ သတ်မယ်ကွ'

ပြောပြော ဆိုဆို မာတင်၏ လည်တိုင်ကို ပိုမို တင်းကျပ်စွာ ညှစ်၏။ မာတင်သည် အချိန်များစွာ ညှဉ်းဆဲ နှိပ်စက် ခံထားရပြီး အားအင်လည်း မရှိသည်ဖြစ်ရာ ဟာဒီ၏ လည်ပင်းညှစ်ခြင်းကို ခုခံ ကာကွယ်ရန် လုံးဝမဖြစ်နိုင်ပေ။ တဖြည်းဖြည်း အသက်ရှုကျပ်ပြီး မေ့မြောတော့မည့်ဆဲဆဲ အခြေအနေသို့ ရောက်လာ၏။ ထိုစဉ် သူ တစ်ခုတည်းသော အကောင်းပကတိ ရှိသေးသော မျက်လုံး ဖြင့်အချုပ်ခန်း တံခါးဝတွင် အဘူဘင် အဇစ် ဝင်လာသည်ကို မြင်ရ၏။ အဇစ်က

'ဟာဒီ ဟာဒီ'

ဟာဒီက

'ထွက်သွားကြစမ်းကွာ၊ ငါ့ကို မနှောင့်ယှက်ကြနဲ့'

ဟာဒီက ထိုသို့ ပြောလိုက်သော်လည်း အဇစ်သည် နားထောင်ပုံ မရ။ အခန်းထဲသို့ ခြေတစ်လှမ်း ဝင်လာပြီး

'ဟာဒီ အခု ဗိုန်းထရော့ ပြဿနာ ခင်ဗျ'

ဟာဒီသည် မာတင့် လည်မျိုကို ညှစ်ထားသော လက်ကို အတန်ငယ် လျှော့လိုက်၏။ စောစောက ချက်ချင်း လက်ငင်း သတ်ချင်ဖြတ်ချင် စိတ်များသည်လည်း သဲကန္တာရ လေပြင်းများအတိုင်း ပြောင်းလဲလျှော့ကျ သွားပုံရ၏။ အဇစ်က

'ဟာဒီ၊ ခင်ဗျား အခု လိုက်လာမှ ဖြစ်မယ်'

ဟာဒီသည် မာတင်ကို လည်မျို ညှစ်ထားရာမှ လွှတ်ချလိုက်ပြီး သူ၏ လက်ထောက် ဖြစ်သော အဇစ်ကို မျက်နှာချင်း ဆိုင်လိုက်၏။ ဒေါသတ ပြေပုံ မရသေး။

'နေစမ်းပါဦး၊ ငါက ဘာဖြစ်လို့ ချက်ချင်း လိုက်လာရမှာလဲ၊ ခုပြော ခုပြော၊ မပြောရင် မင်းကိုလည်း ငါ သတ်မယ်'

အဇစ်က

'ဗိုန်းထရော့က ပြီးပြီ ခင်ဗျ'

'ဟေ အားလုံး တကယ် ပြီးတာလား'



အဇစ်က

'ဟုတ်တယ်ခင်ဗျ၊ အဏုမြူဖောက်ခွဲရေး ပစ္စည်းအားလုံး တစ်ဆင့်ပြီးသို့ ဝ

တိုင်ရှွန်သည် သူ စခန်းချ နေထိုင်ရာ ဆောက်လုပ်ရေး စခန်းကြီးထဲ၌ စိမ်နှင့် နှပ်၍ မှိန်းနေသည်။ သည်နေရာကား သူ အမြဲ အပန်းဖြေနားနေရာ ဖြစ်၏။ ထိုစဉ်မှာပင် သူ့ မြင်ကွင်းထဲသို့ အမည်း ရောင် ဖို့ဒ်ကားတစ်စီးနှင့် ပွန်းဒီးယက် ကားတစ်စီး ဝင်ရောက် လာကြသည်။ ပွန်းဒီးယက် ကားပေါ်မှ လူနှစ်ယောက် သည် စကား တပြောပြောနှင့် ဖို့ဒ် အမည်းရောင် ကားနားကို ကပ်သွားပြီး တစ်ယောက်သည် လက်နက်တစ်ခု ထုတ်သည်။ သေနတ်တော့ မဟုတ်ပေ။ မေ့မြော သွားစေနိုင်သည့် လက်နက် တစ်မျိုးသာ ဖြစ်သည်။ ကား အမည်းထဲမှ အမျိုးသမီးအား ယင်းမေ့ဆေး လက်နက်ဖြင့် ထိကပ်လိုက်ရာ အမျိုးသမီး မေ့မြောသွားပုံ ရ၏။

တိုင်ရှွန်သည် သူ့ပိုင်နက် အတွင်းသို့ ဘာကိစ္စ ဤကားနှစ်စီး ဝင်လာကြသည်ကို မသိပေ။ သို့သော် သူ့ပိုင်နက်ထဲတွင် ရောက်လာပြီး အမျိုးသမီး တစ်ဦးကို နှိပ်စက်ဖို့ ကြိုးစားနေသည်။ တိုင်ရှွန်သည် တဖြည်းဖြည်း အနားရောက်လာ၏။ ထိုစဉ် လူနှစ်ယောက်သည် ကားထဲမှ အမျိုးသမီးကို ဆွဲထုတ်လိုက်၏။ ဆွဲထုတ် လိုက်သောအခါ ထိုအမျိုးသမီး မျက်နှာကို တိုင်ရှွန် မြင်ရသည်။ လက်စသတ်တော့ မစ္စ ဆိုရာယာပါလား။ တိုင်ရှွန်သည် အပြေးအလွှား အနားသို့ ကပ်လာ၏။

သူစိမ်း တစ်ယောက် သူတို့ အနားသို့ ပြေးလာသည်ကို မြင်သည်နှင့် ဆိုရာယာ့ ခေါင်းကို သေနတ်ဖြင့် တေ့ထားသည်။ ဆိုရာယာ့ ခေါင်းမှ သေနတ်ကို ရုပ်လိုက်ပြီး တိုင်ရှွန်ကို လှမ်းချိန်သည်။ ထိုစဉ် တိုင်ရှွန်သည် သူတို့ အနားသို့ ပိုမို နီးကပ်စွာ ရောက်လာသည်။ တိုင်ရှွန်သည် ဆိုရာယာ၏ မျက်နှာကို မကြည့်မိအောင် ကြိုးစားနေရ၏။ ဆိုရာယာသည် မေ့ဆေး လက်နက်ဒဏ်ကြောင့် ပျော့ခွေ သတိလစ်နေပုံ ရ၏။

သေနတ်ကိုင်ထားသူက တိုင်ရှွန့်ကို သေနတ်ဖြင့် ချိန်သည်။

'ဟေ့ကောင် ဘာလာ ရှုပ်တာလဲ၊ မြန်မြန် ထွက်သွားစမ်းကွာ၊ လာတဲ့ လမ်းအတိုင်း မြန်မြန်ထွက်'

www.burmeseclassic.com

www.burmeseclassic.com



တိုင်ရွှန်သည် လူငယ်လေးသာ ဖြစ်သည့်အပြင် ကြောက်ရွံ့ထိတ်လန့်သော မှုတ်နှာဖြင့်

'ဟုတ်ကဲ့ ခင်ဗျ၊ ဟုတ်ကဲ့ ခင်ဗျ' ဟု ကြောက်ရွံ့စွာ ပြောသည်။ နောက်ပြန် လှည့်ရန် ကြိုးစားသည့်အနေဖြင့် သေနတ်သမား နံဘေးသို့ ကပ်လိုက်သည်။ ထိုစဉ် သူ့လက်ဖျံမှာ ကပ်ထားသည့် ဓားသည် အလိုအလျောက် သူ့လက်ထဲသို့ ရောက်နေ ပြီ ဖြစ်သည်။ လှည့်လှည့်ပြောပြောဖြင့်ပင် လက်ထဲ ရောက်လာသော မောင်းပြန်ဓား ဖြင့် သေနတ်ကိုင်ထားသော ထိုလူ၏ လက်ကို ထိုးလိုက်ရာ ထိုလူ သေနတ် လွှတ်ကျသွား၏။ တိုင်ရွှန်သည် ဘာမှ မစဉ်းစားဘဲ ထိုလူ့အနား ကပ်သွားပြီး သူ၏ မောင်းပြန်ဓားဖြင့် ထိုလူ၏ နံရိုးကြားထဲသို့ လျှိုသွင်းလိုက်သည်။ ချက်ချင်းပင် နောက်သို့ လှည့်ကြည့် လိုက်ရာ ဆိုရာယာကို ကိုင်ထားသူသည် ကပျာကယာ ထ၍ အိတ်ထဲမှ သေနတ်ကို ထုတ်ဖို့ ကြိုးစားသည်။ ထိုစဉ် တိုင်ရွှန်သည် သူ၏ လည်တိုင်သို့ လက်ဝါးစောင်းဖြင့် ပြင်းထန်စွာ ခုတ်လိုက်သည်။ ထိုအခါမှ ပျော့ခွေနေသော ဆိုရာယာကို ပခုံးပေါ် တင်၍ သူ့ကားရှိရာ ခေါ်လာသည်။ ကားပေါ်တွင် ဆိုရာယာကို တင်၍ ဆောက်လုပ်ရေး ကွင်းထဲမှ မောင်းထွက် လာလေ၏။ တိုင်ရွှန် စိတ်လှုပ်ရှား နေသည် ဖြစ်သော်လည်း သတ်မှတ်ထားသော မိုင်နှုန်းထက် ပိုမမောင်းမိစေရန် ကြိုးစား နေရ၏။ ယခု လောလောလတ်လတ် ပြဿနာမှာ ယာဉ်ထိန်းရဲက သူ့ကို တားဆီးမခံရရေးပဲ ဖြစ်သည်။

၀

တောင်ကုန်းပေါ်သို့ ကားလမ်း အတိုင်း မြွေလိမ်မြွေကောက် မောင်းနှင်ရင်း ရှေ့မှ မူတာဗင် အဇစ်ကို မျက်ခြည်ပြတ် မခံဘဲ ဂျေဆင်ဘွန်းသည် နောက်ယောင်ခံ လိုက်နေ၏။ ထိုသို့လိုက်ရင်း ဖာဒီ၏ညီ ကာရင်ကို သတိရမိသည်။ ကာရင်သည် မာတင်လင်းဒရိုစ်၏ ညာဘက်မျက်လုံး တပ်ဆင်၍ မာတင်လင်းဒရိုစ် အသွင်ဆောင်ကာ ဌာနချုပ်သို့ ဝင်ရောက် နေသူ ဖြစ်သည်။ ဖာဒီနှင့် ကာရင်တို့ ညီအစ်ကို နှစ်ယောက်စလုံး ဘွန်း၏ သေနတ်ကျည်ဆန်ကြောင့် တစ်သက်လုံး ဒုက္ခိတကြီး ဖြစ်သွားရှာသူ ဖခင်ကြီးကို အကြောင်းပြု၍ ဘွန်းအပေါ်သို့ အညှိုးအတေးဖြင့် လက်စား ချေနေကြခြင်း ဖြစ်သည်။ ဘွန်းအပေါ် လက်စားချေရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ် အနောက်နိုင်ငံများသို့



အကျုမြှု လက်နက်ဖြင့် တိုက်ခိုက်ရန် ဒူဂျာခေါင်းဆောင် ဖာဒီတို့ညီအစ်ကိုက စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ် ရှေ့မှ မူတာဗင် အဇစ်၏ ကားသည် လုံခြုံရေး တင်းကျပ်စွာ ချထား ပုံရသော စခန်းတစ်ခုထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရ၍ ဘွန်းသည် သူ့ မော်တော်ကားကို တောအုပ်ထဲသို့ ဝင်လိုက်၏။

ဂျမီးလ် တစ်ယောက်သည်လောက် စိတ်ဆိုးသည်ကို အင်နီ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့။ ဂျမီးလ်သည် ဌာနကို စိတ်ဆိုးသည်။ သူမကို စိတ်ဆိုးသည့် ဂျမီးလ်သည် အင်နီကို စိတ်ဆိုး၍ ရိုက်နှက်ခြင်း မလုပ်ပါ၊ အော်ဟစ်ခြင်းပင် မလုပ်ခဲ့ပါ။ ရိုက်နှက်ခြင်း၊ အော်ဟစ်ခြင်းထက် ပို၍ ပို၍ ဆိုးဝါးသော အလုပ်ကို လုပ်ခဲ့ပါသည်။ ထိုလုပ်ရပ်က သူမကို အဖက်မလုပ် တော့ခြင်း၊ မဆက်ဆံခြင်းပင် ဖြစ်ပါ၏။

အင်နီသည် နိစ္စဓူဝ လုပ်မြဲအလုပ် တွေကို လုပ်ကိုင်ရင်း ရင်ထဲမှာ တမြည့်မြည့် ကြေကွဲမှုများကို ခံစားနေရ၏။ သူမကို ပစ်ထားခဲ့ပြီကော ဟူသော ခံစားမှုပင် ဖြစ်ပါ၏။ တစ်စုံတစ်ယောက်သော အမျိုးသားနှင့် စပျော်မလား၊ အပျော်ချစ်သူ တစ်ယောက်၏ အမြဲ စိုးရိမ် ပူပန်နေရမှုမှာ ဘယ်တော့များ သူတို့ ထားပစ်ခံရမလဲဟူသော ပူပန်မှု ဖြစ်ပါသည်။ ဤခံစားမှုများမှာ မနုတ်ဘဲ ထားနေသော သွားတစ်ချောင်း တစစ်စစ် ကိုက်ခဲ ခံစားနေရခြင်း ဖြစ်ပါသည်။ ယခုတော့ အင်နီ့ဘဝမှာ အထီးကျန် ဖြစ်နေ၏။

ပထမ ဤသို့ အထီးကျန်ဖြစ်ရခြင်းကို မခံစားနိုင်တော့ဘဲ ဖြစ်လာ၏။ ဂျမီးလ် သူမထံ မလာတော့သော ရက်များတွင် ဖုန်းဆက်ဖို့ အတန်တန် ကြိုးစား၏။ သူမထံ ညညလေးတော့ လာအိပ်ဖို့ တောင်းပန် တိုးလျှိုး၏။ နောက်ဆုံးတွင် ဂျမီးလ်က မဖြစ်နိုင်တော့ကြောင်း ပြတ်ပြတ်သားသားပင် ပြောကြားခဲ့၏။ သူ့ကို မေ့ပစ်လိုက်ပါတော့ဟု ဆို၏။ သူ့ကို မေ့ပစ်ဖို့ဆိုသည်မှာ လွယ်ရေးချ မလွယ်သည့် အလုပ်ပင်။ သို့သော် ထိုကိစ္စကို ဟန်မပျက် ခံလိုက်ရပါ၏။

သည်ကြားထဲတွင် အဆိုးဝါးဆုံး ကိစ္စမှာ အင်နီကြောင့် ဆိုရာယာ ပျောက်ဆုံးသွားစေခြင်းပင် ဖြစ်ပါ၏။ အဲသည်အချိန်မှစ၍ ဂျမီးလ်သည် အင်နီကို စကား မပြောတော့။

ကာကွယ်ရေးဝန်ကြီးနှင့် ဂျမီးလ် တွေ့ရသည်။ ဘာတွေ ပြောကြ၊ ဆိုကြသည်ကို အင်နီ မသိရ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဘာမှ မသိရ၊ ပကတိ အမှောင်ထဲ ရောက်နေရ၏။ ဆိုရာယာ တစ်ယောက် ပျောက်ဆုံးသည့်နောက် ဆိုရာယာ ဘာဖြစ်နေသလဲ၊ ဘာ... လုပ်နေသလဲကိုလည်း အင်နီ မသိရ၊ ဆိုရာယာကို ဖမ်းမိသွားပြီလား၊ သတ်ဖြတ် ခံရသည်လား အင်နီ မသိရ။ အကြောင်း မှာ ဂျမီးလ်သည် ဆိုရာယာ ကိစ္စနှင့် ပတ်သက်၍ သူမကို ဘာမှ အသိမပေး တော့၍ ဖြစ်သည်။ အင်နီ့ ရင်ထဲက... ဂျာမီးလ်၏ အတွေ့အထိများကို တမ်းတနေမိ၏။ ဂျမီးလ်၏ ယုံကြည် စိတ်ချ... ကို လိုချင်နေ၏။ သို့သော် မရတော့။

ယခုတော့ အင်နီ၏ ဘဝမှာ နိစ္စဓူဝ လုပ်မြဲဖြစ်သည့် အဖွဲ့ချုပ်ခေါင်းဆောင် ကြီးက တစ်စုံတစ်ယောက်ကို ဆန့်ကျင် ခြင်း ကိစ္စ၊ တောက်တိုမယ်ရ အလုပ် များကိုသာ လုပ်နေရ၏။ အဘိုးကြီးသည် ကြီးမားသော စစ်ဆင်ရေး အတွက် တယ်လီဖုန်းနှင့် ဆက်သွယ် ညွှန်ကြားမှုများ ပြုနေ၏။ သို့သော် ဘာမှ ထဲထဲဝင်ဝင် မသိရ။

ဤကဲ့သို့ ဖြစ်ပျက်နေခြင်းကို အင်နီ ပြောင်းပြန် ပြန်လှန် ပစ်လိုက်... အင်နီသည် ဂျမီးလ်ကို ပြန်ရမှ ဖြစ်မည်။ ဂျမီးလ်သည် သဲကန္တာရမျိုးနွယ် ဖြစ်သည်။ ဘီဒိုဝင်မျိုး ဖြစ်သည်။ စိတ်ဓာတ်မှာလည်းဘီဒိုဝင် စိတ်ဓာတ်... အသိခက်လှ၏။ ဂျမီးလ်ကို ပြန်ရဖို့ အရေးမှာ ဆိုရာယာကို အမိအရ ဖြစ်... ဖြစ်မည်။ သည်တစ်လမ်းပဲ ရှိသည်။ သည့်အတွက် ဆိုရာယာကို မရ... ရှာ၍ သူမ ကိုယ်တိုင် သတ်မှ ဖြစ်ပေတော့မည်။

၀

ဂျေဆင်ဘွန်းသည် လှုပ်ဖို့ ကြိုးစား၏။ မရပေ။ သူ့ကို ကြိုးဖြင့် တုပ်နှောင် ထားပြီး ကြမ်းပြင်ပေါ်မှာ ရောက်နေ၏။ သူ့ အပေါ်တွင် မိုးကြည့်နေ... တစ်ယောက် ကို တွေ့ရ၏။ ကော့ကေးဆက်နွယ်ဖွား လူဖြူတစ်ဦး ဖြစ်ပုံရ... သူ့မျက်လုံးများ သည် ရေခဲကဲ့သို့ အေးစက်နေ၏။ သူသည် လေယာဉ်ပိုင်... တစ်ဦး ကဲ့သို့ သားရေဂျာကင် ဝတ်ထား၏။ ဦးထုပ်တွင် တောင်ပံတံဆိပ် တပ်ထား၏။

ဂျက်လေယာဉ် ပိုင်းလော့ ဖြစ်ပုံ ရသည်။ သူ့ကို မြင်ရသည်နှင့် ဘွန်း... ထဲတွင် အမေရိကန် ကောင်းဘွိုင်စိတ်မျိုး ရှိသူဟု ချက်ချင်း သိလိုက်... ပိုင်းလော့က ဘွန်းကို ကြည့်ပြီး



'မင်း ဒီကို ဘာလာလုပ်တာလဲ'

သူသည် ဆိုးဝါးသော အာရဗီစကား ဖြင့် မေးနေခြင်း ဖြစ်သည်။ သူသည် ဘွန်း ပုံဖျက် ဝတ်ဆင်ဖန်တီးထားသည့် အာရပ်လူမျိုး တစ်ဦးကို မေးနေ သကဲ့သို့ မေးမြန်းနေခြင်း ဖြစ်သည်။

'ငါ့ကို ဘာဖြစ်လို့ စုံစမ်း ထောက်လှမ်း ရတာလဲ၊ ဘာဖြစ်လို့ ငါတို့ လေယာဉ် ခရီးစဉ်တွေကို စုံစမ်းရတာလဲ'

ပိုင်းလော့သည် စစ်မေးရင်း ခေါင်းယမ်းလိုက်၏။

'ဒါတွေဟာ လျှို့ဝှက်ချက်ကွ၊ မင်း သိလို့ မရဘူး၊ မင်း ဘာကောင်လဲ'

ပိုင်းလော့သည် လက်ထဲမှ ဓား တစ်ချောင်းဖြင့် ဘွန်း မျက်နှာနားသို့ ...ပ်ကာ

'ငါ မေးနေတာ ဖြေလေကွာ၊ မဖြေရင် မင်းကို ဟောဒီဓားနဲ့ လှီးဖြတ် ...စ်လိုက်မယ်ကွ'

ဘွန်းသည် ပိုင်းလော့ကို ဘာမှ မသိ နားမလည်သော မျက်လုံးများဖြင့် ကြည့်ပြီး ပါးစပ်မှ တစ်စုံတစ်ရာကို တီးတိုး ပြောလိုက်၏။

ပိုင်းလော့သည်

'ဘာပြောတယ်ကွ'

ဟု မေးရင်း ဘွန်းကိုယ်ပေါ် သို့ ကိုင်းညွှတ်လိုက်သည်။

ဘွန်းသည် သူ၏ ခါးကို အားပြုပြီး သူ့ ခြေထောက်နှစ်ဖက်ကို လေထဲသို့ ...ကာ ပိုင်းလော့၏ လည်တိုင်ကို ညှပ်လိုက်၏။ နောက် သူ့အပေါ် ...နေသော ပိုင်းလော့၏ ကိုယ်လုံးကို နံဘေးသို့ ညှပ်လှဲ ပစ်လိုက်၏။ ...လော့သည် မမျှော်လင့်ဘဲ လည်တိုင်ကို ခြေထောက် နှစ်ဖက်ဖြင့် ညှပ်ကာ ...လှဲခြင်း ခံလိုက် ရကာ နံဘေးသို့ လဲကျသွား၏။ သမံ တလင်းနှင့် ခေါင်းမှာ ...ထန်စွာ ရိုက်လိုက်သဖြင့် ပိုင်းလော့၏ ခေါင်းမှာ ကြေမွသွားပြီး သတိမေ့ ...သွားလေ၏။

ဘွန်းသည် ပိုင်းလော့ လက်ထဲမှ လွတ်ကျသွားသော ဓားကို မြင်ရ၏။ ...သော် ဓားမှာ ပိုင်းလော့၏ တစ်ဖက်မှာ ဖြစ်၏။ ကြိုးဖြင့် အခိုင်အမာ ...်နှောင် ခံထားရသော ဘွန်းသည် ပိုင်းလော့၏ တစ်ဖက်တွင် ကျနေသော ...ကို ရအောင် ပင်ပန်းကြီးစွာ ကြိုးစားရင်း နောက်ဆုံး ကြိုးကို ဖြတ်တောက် ...၏။

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်သွားပြီ ဖြစ်သော ဘွန်းသည် ပိုင်းလော့ ဝတ်ဆင်ထားသော အဝတ်အစားကို ချွတ်ယူ၊ သူကိုယ်တိုင် ဝတ်ဆင်လိုက်ပြီး အာရပ်တစ်ဦးကဲ့သို့ ရုပ်ဖျက်ထားရာမှ ကော့ကေးဆက်နွယ်ဖွား ပိုင်းလော့ အသွင်သို့ ပြောင်းလဲ ရပြန်၏။သူ့မျက်လုံးအရောင်မှာ ပိုင်းလော့နှင့် မတူပေ။ သူ့တွင် အသွင်ပြောင်း တပ်ဆင်ရန် မျက်ကြည်လွှာ ပါမလာခဲ့။ သို့သော် ပိုင်းလော့ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားခြင်းဖြင့် ပိုင်းလော့ ပုံပန်းကိုတော့ ဖမ်းနိုင်မည် ဖြစ်သည်။ သူသည် ကိုယ်လုံးတီး ဖြစ်နေသော ပိုင်းလော့ကို နောက်ခန်းထဲ ထည့်ပြီး အမှိုက်များနှင့် ဖုံးလိုက်၏။

နောက် သူကိုယ်တိုင်ကမူ ပင်မခန်းထဲသို့ ဝင်၍ လေယာဉ် ခရီးစဉ်ကို ကြည့်သည်။ အချိန်ကား ရှစ်နာရီထိုးရန် မိနစ် ၂၀ ရှိနေပြီ ဖြစ်သည်။ ဘွန်းသည် လေယာဉ်ခရီးစဉ်ကို အိတ်ထဲထည့်လိုက်ပြီး လေယာဉ်ကွင်းထဲသို့ ထွက်လိုက်၏။

၁

ဆိုရာယာ တစ်ယောက် ဘယ်နည်းနှင့်မှ သူမ၏ အခန်းနားသို့ သိတော့ မည် မဟုတ်ကြောင်း အင်နီ သိသည်။ ထို့ကြောင့် ဆိုရာယာ၏ မိတ်ဆွေမှ သိထားရသော မီးသတ်ဌာနမှ ကင်လိုဗက်ထံသို့ လည်းကောင်း၊ ဆိုရာယာ၏ ကွယ်လွန်သွားသော မိတ်ဆွေ တင်ဟက်နာ၏ မိခင်နှင့် အစ်မတို့ထံ၌ လည်းကောင်း၊ ဆက်သွယ်၍ အင်နီ စုံစမ်း၏။ ဘာမှ အဖြေမရ။ နောက်ဆုံး ဆိုရာယာ၏ မိတ်ဆွေဖြစ်သူ ကင်လိုဗက် ထံသို့ သူမကိုယ်တိုင် သွားရောက်ရန် ဆုံးဖြတ်လိုက်၏။ သို့နှင့် ညနေ ရုံးဆင်း သည်နှင့် တက္ကစီတစ်စီး ငှား၍ ကင်လိုဗက်၏ မာတ်ခွဲခန်းရှိရာ ၁၁ လမ်း၊ ဗားကောက်အဲဗင်းနူးသို့ သွား လိုက်၏။ကင်လိုဗက် ရုံးခန်းသို့ ရောက်သောအခါ ကင်လိုဗက်ကို အသေ တွေ့ရ၏။ အင်နီက

'ကျွန်မ အင်နီဟဲလ်ပါ၊ ဆိုရာယာက ကျွန်မနဲ့ အတူ အလုပ် လုပ်ပါတယ်'

ကင်လိုဗက်သည် အလုပ် လုပ်နေရာမှ ထလိုက်ကာ သူမ စွပ်ထားသော လက်အိတ်ကို ချွတ်လိုက်ပြီး အင်နီဟဲလ် ကမ်းပေးသော လက်ကို ဆုပ်ထိုင်း ၏။

'ကဲ ဆို၊ ဒီလို မာတ်ခွဲခန်းအထိ ဘာကြောင့် လိုက်လာရတာလဲ'



အင်နီက

'တကယ် ပြောရရင်တော့ ဆိုရာယာ အတွက်ပါပဲ'

ကင်လိုဗက်သည် ထိတ်လန့်သွားပုံ ရ၏။ သူမက

'ဆိုရာယာများ တစ်ခုခု ဖြစ်လို့လား ဟင်'

အင်နီက

'အဲဒါကို ကျွန်မ စုံစမ်းနေတာပါ၊ ရှင့်ဆီ ဆိုရာယာက ဆက်သွယ်တာများ ရှိသလားလို့'

ကင်လိုဗက်က ခေါင်းခါပြသည်။

'မဆက်သွယ်ဘူးရှင့်၊ ဒါလည်း မထူးဆန်းပါဘူးလေ'

ကင်လိုဗက်သည် ခဏအကြာ စဉ်းစားပြီး

'အဲ တစ်ခုတော့ ရှိတယ်၊ ပြီးခဲ့တဲ့ရက် နှစ်ပတ်လောက်က ဆိုရာယာကို စိတ်ဝင်စားမှု ရှိတယ်ဆိုတဲ့ စုံထောက်တစ်ယောက် လာဖူးတယ်၊ ဒီ ဓာတ်ခွဲ ခန်းမှာပဲ ဆိုရာယာနဲ့ စုံထောက်တို့ တွေ့ကြတယ်၊ ဆိုရာယာ ရရှိထားတဲ့ အချက်အလက်ကနေ ဆက်ပြီး စုံစမ်းကြဖို့ စုံထောက်က ပြောတယ်၊ ဆိုရာယာ က ငြင်းလိုက်တယ်၊ ကျွန်မ စိတ်ထဲမှာ ခံစားချက် တစ်ခုတော့ ရတယ်၊ စုံထောက်ဟာ ဆိုရာယာ စုံစမ်းနေတာထက် ဆိုရာယာကို ပိုပြီး စုံစမ်းချင်ပုံ ရတယ်လေ'

အင်နီက

'အဲဒီ ရက်စွဲကိုများ မှတ်မိသလား ဟင်၊ ပြီးတော့ အဲဒီ စုံထောက်ရဲ့ နာမည် ကိုကော သိလိုက်ပါသလား'

ကင်လိုဗက်က သူတို့ တွေ့ဆုံခဲ့ကြသော ရက်စွဲကို ပြောပြသည်။

'အဲ အဲဒီ စုံထောက်နာမည်ကို ကျွန်မ မှတ်ထားတာ ရှိပါတယ်၊ ဘယ်မှာ ပါလိမ့်'

ကင်လိုဗက်သည် မှတ်စုတစ်ခုကို ရှာသည်။ နောက်ဆုံး တွေ့သွားပြီး မှတ်ထားသော စာရွက်ကလေးကို ထုတ်ပြီး အင်နီကို ပေးသည်။

'စုံထောက်နာမည်က ဝီလျံအိုဗာတန်' တဲ့။

၁

www.burmeseclassic.com

www.burmeseclassic.com



'တမ္ဗာကြီးဟာ ဘယ်လောက်များ ကျဉ်းလိုက်ပါလိမ့်' ဟု ကင်လိုဗက် ဓာတ်ခွဲ ခန်း ရုံးမှ ထွက်လာသော အင်နီသည် တွေးနေမိ၏။

'တိုက်ဆိုင်မှုတွေက များလိုက်တာ' ဟု တွေးသည်။ ဆိုရာယာ နောက်သို့ လိုက်လံ ထောက်လှမ်းနေသော စုံထောက် အိုဟာတန်သည် သူမ နောက်သို့ လိုက်ပါ ထောက်လှမ်းနေသူ အိုဟာတန်ပင် ဖြစ်နေ၏။ အိုဟာတန်သည် ဆိုရာယာကိုလည်း ထောက်လှမ်းနေသူပါကလား။ ဘာပဲ ပြောပြော အိုဟာတန် သည် ကွယ်လွန်သွားပြီ ဖြစ်သည်။ သို့သော် အိုဟာတန်ထံမှ ဆိုရာယာ ဘယ်မှာ ရှိနိုင်မည်ကို သိနိုင် ကောင်းသည်ဟု အင်နီ တွေးမိ၏။

သို့နှင့် အင်နီသည် သူမ၏ လက်ကိုင်ဖုန်းဖြင့် စုံထောက် ဗီလျံအိုဟာ တန်၏ ခန်းရုံးကို စုံစမ်းသည်။ ရုံးလိပ်စာနှင့် အိုဟာတန်၏ အထက်အရာရှိ နာမည်ကို သိရ၏။ အင်နီသည် ထိုရုံးသို့ သွားသည်။ ရုံးရောက်သောအခါ ဧည့်ကြို ဆာဂျင်နှင့် တွေ့သည်။ အင်နီက သူမသည် အထူး စုံစမ်းရေး ဌာနချုပ်၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်း ကတ်ကို ထုတ်ပြပြီးနောက် ကပ္ပတိန် မော်ရယ်အား အရေးတကြီးကိစ္စနဲ့ တွေ့လိုကြောင်း ပြောပြ၏။ ဧည့်ကြို ဆာဂျင်က စားပွဲပေါ်မှ ဖုန်းဖြင့် အတွင်းသို့ အကြောင်းကြား၏။ ခဏအကြာ ရဲယူနီဖောင်းဝတ် လူငယ်တစ်ဦးက အင်နီကို ကပ္ပတိန်မော်ရယ် ရုံးခန်းသို့ ခေါ်သွားသည်။

ကပ္ပတိန် မော်ရယ်၏ ရုံးခန်းမှာ အဆောက်အအုံ၏ ထောင့်စွန်းမှာ ရှိ သည်။ ရုံးခန်းထဲ ရောက်သောအခါ ကပ္ပတိန်မော်ရယ်က ရဲသားအား ပြန်စေ ပြီး အင်နီအား သူ့စားပွဲရှေ့မှာ ထိုင်စေ၏။ ရဲသား ထွက်သွားပြီး တံခါးပိတ်ပြီး သောအခါမှ

'ကဲ ဆိုပါ၊ မစ္စက်ဟဲလ်၊ ကျုပ် ဘာ အကူအညီ ပေးရမလဲ ပြောပါ။ ကျုပ်ရဲ့ ဆာဂျင့် စကား အရတော့ အရေးကြီးတဲ့ကိစ္စ ရှိလို့ဆို'

အင်နီက ခေါင်းညိတ်ပြပြီး လိုရင်းကို ပြော၏။

'ဟုတ်ပါတယ်၊ ကျွန်မတို့ အထူး ထောက်လှမ်းရေး အဖွဲ့က ရဲစုံထောက် အိုဟာတန် ပျောက်ဆုံးနေမှုကို စိတ်ဝင်တစား ထောက်လှမ်းနေကြပါတယ်'

ကပ္ပတိန်မော်ရယ်က

'ဩော် ကျုပ်တို့ရဲ့ စုံထောက် ဗီလျံအိုဟာတန်ကိုလား၊ ဘာ့ကြောင့်များ ပါလိမ့်'

အင်နီက မျက်နှာပိုး သတ်လိုက်ပြီး



'ဒီကိစ္စဟာ အမျိုးသား လုံခြုံရေးနဲ့ ပတ်သက်နေပါတယ်၊ ကျွန်မ အနေနဲ့ စုံထောက်အိုဟာတန် ပြီးခဲ့တဲ့လအတွင်းက ထောက်လှမ်း ရရှိတဲ့ သတင်းအချက် အလက် မှတ်တမ်းများကို သိရဖို့ လိုပါတယ်။

'ဩော် ဒီလိုလား၊ ကျုပ်တို့ ရဲအဖွဲ့ အနေနဲ့ စုံထောက်တိုင်းရဲ့ လှုပ်ရှားမှု မှတ်တမ်းကို စနစ်တကျ သိမ်းဆည်းထား ပါတယ်'

အင်နီက

'ဟုတ်ကဲ့ရှင့်၊ ဒီကိစ္စက အမျိုးသား လုံခြုံရေးနဲ့ ပတ်သက်နေလို့ပါ၊ ကျွန်မ အနေနဲ့လည်း သက်ဆိုင်ရာ ဌာနရဲ့ လုံခြုံရေးကိုလည်း အာမခံ ပါတယ်'

'ကောင်းပြီလေ'

ကပ္ပတိန် မော်ရယ်သည် သူ့ လက်ထောက် ဆာဂျင် ရစ်ချီကို လှမ်းခေါ် သည်။ ဆာဂျင်ရစ်ချီ လာသောအခါ ကပ္ပတိန်မော်ရယ်က

'ရစ်ချီ ဟောဒီက မစ္စက်ဟဲလ်ကို စုံထောက် အိုဟာတန်ရဲ့ အစီရင်ခံစာ တွေ၊ စုံစမ်းရတာတွေကို ပြလိုက်'

ဟု အမိန့်ပေး၏။

ရစ်ချီက အင်နီအား

'အစ်မကြီး ကြွပါခင်ဗျ'

ဟု ဆိုသည်။

အင်နီသည် သူမကို အစ်မကြီးဟု ခေါ်လိုက်သဖြင့် အောင့်သက်သက် တော့ ဖြစ်သွားသည်။ သို့သော် ရစ်ချီ နောက်သို့ လိုက်သွားရ၏။ အခန်း တစ်ခုသို့ ရောက်သောအခါ ရစ်ချီက ဗီရိုထဲမှ ပုံတစ်ခုယူပြီး အင်နီ့ ရှေ့မှ စားပွဲပေါ်သို့ ချသည်။

'ဒါ အိုဟာတန်ရဲ့ ကိုယ်ရေးကိုယ်တာ မှတ်စုတွေပဲ ခင်ဗျ၊ ကျွန်တော် ဘာများ ကူညီပေးရပါဦးမလဲ'

အင်နီက

'ရပါပြီ၊ ကျွန်မဘာသာ ကြည့်ပါမယ်'

ရစ်ချီက

'ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် ထားခဲ့ပါ မယ်၊ ကျွန်တော် ကပ်ရပ် အခန်းမှာ ရှိပါတယ်၊ လိုရင် ပြောပါ'

ပြောပြော ဆိုဆို အခန်းထဲမှ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အင်နီသည် အိုဟာတန်၏ ကိုယ်ရေး ကိုယ်တာ မှတ်စုများကို လှန်လှော ရှာဖွေ၏။ ဘာမှ ထူးထူးခြားခြား မတွေ့ရ။ လူငယ်တစ်ယောက် ဘောလုံး ကျာစီနဲ့ ဓာတ်ပုံတစ်ပုံ တွေ့သည်။

အိုဟာတန်၏ သား ဖြစ်ပုံရ၏။ ဓာတ်ပုံနဲ့အတူ ပိတ်ထားသော အိတ် တစ်လုံး တွေ့ရသည်။ နှိုက်ကြည့်လိုက် သောအခါ စာတစ်ရွက် ထွက်လာ၏။ စာရွက်ခေါင်းစဉ်မှာ ၈ နဲ့ ၁၈

*အက်စ်မိုး ၈ နဲ့ ၁၂ အရှေ့မြောက် (စီကေ) ဟူ၏။*

အင်နီ့ ရင်အစုံသည် ဆတ်ခနဲ ခုန်သွား၏။

အိုဟာတန် ရေးသားချက် အက်စ်မိုး ဆိုသည်မှာ ဆိုရာယာမိုးမှ လွဲ၍ တခြား ဖြစ်နိုင်စရာ မရှိတော့၊ ၈ နဲ့ ၁၂ မှာ လမ်းနံပါတ်များ ဖြစ်မည်။ အရှေ့တောင်ပိုင်းက ဖြစ်မည်။ စီကေဆိုသည်မှာ ချက်ဟု ယူဆနိုင်သည်။ ဆိုလိုသည်မှာ အိုဟာတန်သည် ဆိုရာယာကို နောက်ယောင်ခံ လိုက်ရင်း မှတ်သားထားခြင်း ဖြစ်နိုင်သည်။

ဤအချက်ကို ထောက်ရှု၍ အင်နီ ခေါင်းထဲမှာ အတွေးများစွာ ဝင်လာ၏။ ဆိုရာယာသည် ဘာအကြောင်းနဲ့ အထူး ထောက်လှမ်းရေး ရုံးချုပ်သို့ မလာရောက်ဘဲ သူမ ရောက်လာသည်ကို ဌာနချုပ်ကို ပင် အသိမပေးဘဲ နေပါသနည်း။

အကယ်၍ ဆိုရာယာသာ အသက် ရှင်လျက်ရှိနေပါက သူမသည် ဌာနချုပ်သို့ အကြောင်း မကြားဘဲ မြေအောက်သို့ ခိုပုန်းသွားခြင်းပင် ဖြစ်ရ မည်။

၀

ဂျေဆင်ဘွန်းသည် အင်္ဂတေတုံးကြီး နှစ်တုံး ကို ကျော်ဖြတ်လိုက်သောအခါ ထင်းရှူးတောကို တွေ့သည်။ ထင်းရှူးတော အကြားတွင် လမ်းတစ်လမ်း ရှိသည်။ ထိုလမ်းအတိုင်း လိုက်ခဲ့ရာ တစ်ဖက်တွင် လေယာဉ်သွားလမ်းကြောင်း လုပ်ထားသည်ကို တွေ့ရ၏။ လမ်းထိပ်တွင် လေယာဉ်တစ်စီး ရပ်ထား၏။ လေယာဉ် လှေကားရင်းတွင် မူတာဘင်အဇစ် ရပ်နေသည်ကို တွေ့ရ၏။ လေယာဉ်မှာ စီတာ တီယွန် အထူးလေယာဉ် ဖြစ်သည်။



ဘွန်းသည် ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်း၍ မူတာဘင်အဇစ်နှုတ်ဆက်သို့ ကပ်လိုက် ၏။

မူတာဘင်အဇစ်က

'တို့သွားဖို့ အချိန်တန်ပြီကွ၊ အားလုံး အဆင်သင့် ဖြစ်နေပြီ'

ပြောပြောဆိုဆိုပင် အဇစ်သည် လက်ထဲမှ တစ်စုံတစ်ရာကို နှိပ်လိုက်ရာ လေယာဉ် ပြေးလမ်းကြောင်းသည် မီးထိန်ထိန် လင်းသွားလေ၏။

ဘွန်းသည် ခေါင်းညိတ် ပြပြီး လေယာဉ်ပေါ် တက်လိုက်၏။ ဘွန်းအနေ ဖြင့် စီတာတီယွန် လေယာဉ်များနဲ့ ကျွမ်းဝင်ပြီး ဖြစ်သည်။ တစ်ခုပဲ ထူးခြား သည်။ ဤလေယာဉ်ကား နောက်ဆုံးပေါ် လေယာဉ် ဖြစ်နေခြင်းပင်။ ဘွန်း သည် ပိုင်းလော့ခုံမှာ ဝင်ထိုင်သည်။ စက်နှိုးပြီး စက်ရှိန်မြင့်သည်နှင့်ဘရိတ်ကို လွှတ်လိုက်၏။ လေယာဉ်သည် အရှိန်နှင့် ပြေးထွက် လာလေ၏။

၀

'သူတို့ ဘာဖြစ်လို့ မင်းကို ဒီလို လုပ်ရတာလဲ'

မီရမ်ရှား အောက်ခြေကြမ်းပြင်ပေါ်တွင် မာတင်လင်းဒရိုစ်က မျက်နှာ တစ်ခုလုံး ဒဏ်ရာများဖြင့် ဖူးရောင်နေသော ဒေါက်တာ ဗိန်းထရော့၏ ဇနီး ကက်တယာ ခတက်ပါနိုဗာကို ကြည့်ပြီး မေးလိုက်သည်။

ကက်တယာက မူးဝေဝေနှင့်

'သူတို့ ဘာကြောင့် လုပ်တာလဲဟင်'

သူမသည် မော်ဒယ်လ်လောကကို စွန့်လွှတ်ခဲ့ပြီး ဒေါက်တာ ဗိန်းထရော့ ထံတွင် လက်ထောက်ဖြစ်ရန် လေ့ကျင့်နေခဲ့ သူ ဖြစ်သည်။

'ဒီမှာ ဆရာဝန်တွေ အများကြီး ရှိနေတာပဲဟာ၊ မင်းရဲ့ခင်ပွန်းက စီနာ လုပ်ငန်းကြီးမှာ အလုပ် လုပ်နေသူပဲ၊ သူတို့က ဘာဖြစ်လို့ ဖာဒီအတွက် ပေးငှား ရတာလဲ'

ပြောရင်းဆိုရင်းပင် ပလတ်စတစ် ခွဲစိတ်ပညာရှင် အင်ဒပ်စကီးတို့ သတိရ သွားသည်။ အင်ဒပ်စကီးသည် မာတင်လင်းဒရိုစ်၏ မျက်လုံးတစ်လုံး ကို ဖောက်ထုတ်၍ ကာရင်အား သူ့ကိုယ်ပွားရုပ်တူ ဖြစ်အောင် ဖန်တီးပေးခဲ့ သူ ဖြစ်သည်။ ထိုသို့ တွေးမိသည်နှင့် တစ်ပြိုင်နက် ယခု အခြေအနေအရ

www.burmeseclassic.com



သူသည် ဖာဒီတို့ ညီအစ်ကိုတွေအတွက် အသုံးမလိုတော့ကြောင်း ရိပ်မိလာ၏။

ထိုစဉ် ကက်တယာက

'ဒီမှာ လာလုပ်ကြတဲ့ သူတိုင်းဟာ လူတွေပဲလေ၊ လူတွေဆိုတော့ အားနည်းချက် ရှိကြတာချည်းပဲ၊ ဖာဒီက သူတို့ရဲ့ အားနည်းချက်ကို သိတယ်လေ၊ ဆီးနာဇ်ကတော့ ငွေမက်တယ်၊ ငွေရဖို့ လုပ်ကြတာပေါ့၊ ဒေါက်တာအင်ဒပ်စကီးရဲ့ အားနည်းချက်ကတော့ ကောင်လေးတွေကို ကြိုက်တယ်လေ'

မာတင်က

'ဒေါက်တာ ဗိန်းထရော့ကရော'

ကက်တယာက မျက်နှာထား ပြင်လိုက်ပြီး

'ကျွန်မ ယောက်ျားကလား၊ သူက သူ့ကိုယ်သူ မြင့်မြတ်သူလို့ ယူဆနေတဲ့သူလေ၊ သူ့ကိုတော့ ကျွန်မကို နိုင်ပေါက်အဖြစ် ကိုင်ထားတာပါပဲ၊ တစ်ချိန်တည်းမှာ သူကလည်း သူ့ကို အိုင်ဗီတီက မဟုတ်မမှန် လုပ်ကြံတဲ့ ပြစ်မှုနဲ့ အထုတ်ခံရတာကို အသရေဆယ်ဖို့ လုပ်နေတာလေ၊ ထုတ်ခဲ့တဲ့ ကုမ္ပဏီက ဖာဒီရဲ့ညီ ပိုင်တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်၊ ဒီတော့ သူ့ရဲ့ ဂုဏ် သိက္ခာအတွက်ရော ကျွန်မ အတွက်ပါ သူ လုပ်ပေးနေရတာပေါ့၊ အဲဒါက သူ့ရဲ့ အားနည်းချက်ပါပဲ'

ကက်တယာသည် နောက်မှီ ထိုင် လိုက်ပြီး

'အခု ဖြစ်ပျက်နေတဲ့ ကိစ္စမှာ ဘယ်လောက် အခြေအနေ ဆိုးတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မမှာ ဘာမှ ရွေးချယ်စရာ မရှိတော့ဘူးလေ'

မာတင်က

'ရွေးချယ်စရာ ရှိပါတယ် ကက်တယာ၊ လူတိုင်းမှာ ရွေးစရာလမ်း ရှိတာချည်းပါပဲ၊ အဲဒီလမ်းကို သိမြင်ဖို့ပဲ လိုတာပါ၊ ဒါထက် ခင်ဗျား ဒီကနေ လွတ်မြောက်ချင်စိတ် ရှိပါသလား'

ကက်တယာ ဆတ်ခနဲ ဖြစ်သွား၏။ သူမက

'ဒါဆို ကော်စတင်အတွက်ကကော'

'ဗိန်းထရော့ရဲ့ အလုပ် တာဝန်က ပြီးသွားပြီလေ၊ သူဖာဒီခိုင်းတာကို လုပ်ပြီး သွားပြီလေ၊ မင်းလို ဉာဏ်ကောင်းတဲ့ မိန်း ကလေးတစ်ယောက်အနေနဲ့ ဗိန်းထရော့ရဲ့ ကံကြမ္မာဟာ ဘယ်လိုဖြစ်လာမယ်ဆိုတာ မှန်းဆနိုင်လောက်ပါတယ်'



ကက်တယာ ငြိမ်သွား၏။ မာတင်၏ မျက်လုံးများကို **ငုံးစင်းသလို** ကြည့် လိုက်၏။ မာတင်က

'ကျုပ်တို့တတွေ အားလုံးမှာ ပြောင်းလဲနိုင်တဲ့ အစွမ်းအစတွေ ရှိပါတယ် ဆုံးဖြတ်ဖို့ပဲ လိုတာပါ၊ ကျုပ်တို့ဟာ ရှင်သန်လွတ်မြောက်ဖို့ လုပ်ဆောင်နိုင် ပါမယ်'

ကက်တယာသည် အခြေအနေမှန်ကို ရင်မဆိုင်ရဲသည့် လူတစ်ယောက်လို မာတင်ကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်၏။ ဤမိန်းကလေးအား စိတ်ဓာတ် တက်ကြွဖို့ အားပေးရန် လိုနေသည်။

မာတင်က

'ကက်တယာကို ဘယ်သူက ခုလို နှိပ်စက်လိုက်တာလဲ'

ကက်တယာ ဆတ်ခနဲ ဖြစ်သွား၏။ ပြီးမှ

'ဖာဒီနဲ့ သူ့လူတွေပေါ့၊ ကွန်စတင်ကို ချူကလီးယား စီမံကိန်းမှာ အပြီးသတ် လုပ်ဆောင်နိုင်အောင် ဖိအားပေးတာပေါ့ရှင်'

မာတင်က

'ဒါကတော့ သိပ်အဓိပ္ပာယ် မရှိဘူး ထင်ပါတယ်၊ ဖာဒီက မင်းကို ဓားစာ အဖြစ် ဖမ်းထားပြီးပြီပဲ၊ အဲဒီလောက်ဆို ရရောပေါ့'

ကက်တယာသည် သူမ နှုတ်ခမ်းကို ကိုက်လိုက်၏။

ဘွန်းက

'ဘာဖြစ်လို့ ကျုပ်မေးတာ မဖြေတာလဲ'

ကက်တယာသည် ဘွန်းကို မကြည့်တော့။

၁

အင်နီဟဲလ်သည် လူသူလေးပါး ပြတ်သော ၈ လမ်းထိပ်သို့ ရောက်နေ၏ သူမ၏ ညာဘက် အပေါ်ကုတ် အိတ်ထဲတွင် သေနတ်ပါသည်။ သေနတ် ဆုပ်ကိုင်ထားမိ၏။ သူမသည် သဲလွန်စ နောက်သို့ လိုက်လာခြင်း ဖြစ်သည် လေက ပြင်းစွာ တိုက်နေ၏။ လူကလည်း ပြတ်လှသည်။ အင်နီသည် ဘာဖြစ်ဖြစ် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီး ဖြစ်သည်။ သို့မှသာ သူမသည် တန် ရှိသော အသုံးဝင်သူ တစ်ယောက် ပြန်ဖြစ်နိုင်မည် ဖြစ်သည်။ 'သူ' သူမထံ ပြန်မရောက်လျှင် သူမတွင် ဆုံးရှုံးစရာ ဘာမှ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



သူမ ၇ လမ်းဘက်သို့ ကွေ့လိုက်၏။ သူမ ဘာကိုများ ရှာဖွေနေပါလိမ့်၊ သူမ စုံစမ်း သိရသလောက်မှာ သည်အချပ်သို့ ဆိုရာယာ သွားသည် ဆိုခြင်းပင် ဖြစ်သည်။ လူသူပြတ်သော်လည်း ကားတစ်စီး သူမ နံဘေးမှ ဖြတ်သွားသည်။ ကားမောင်းသူက အင်နီအား လှျာထုတ်ပြ သွားသည်။

သူမသည် အပေါ် ကုတ်ထဲမှ သေနတ်ကို ထုတ်ထား၏။

ခဏအကြာ နောက်ထပ် တက္ကစီ တစ်စီး ဖြတ်လာပြန်၏။ တက္ကစီက သူမ အနားသို့ ရပ်လိုက်ပြီး

'အမျိုးသမီး ခင်ဗျား ကြည့်ရတာ လမ်းပျောက်နေတဲ့ ပုံပဲ၊ ကျုပ် ခင်ဗျားကို ဘယ်လိုက်ပို့ပေးရမလဲ'

အင်နီသည် တုန့်ခနဲ ဖြစ်သွား၏။

'ကျွန်မကိုယ် ကျွန်မ ကာကွယ်နိုင်ပါတယ်'

ဒါရိုင်ဘာက

'ဟုတ်လား'

ဒါရိုင်ဘာက ဂီယာထိုးပြီး ထွက်မည် အပြုတွင် အင်နီက

'နေပါဦး'

အင်နီသည် ကားနောက်ခန်းထဲသို့ ဝင်လိုက်၏။ နောက် တက္ကစီဒါရိုင်ဘာကို သူမ သွားလိုသည့် လိပ်စာကို ပေးလိုက်၏။ အင်နီအနေဖြင့် အဖွဲ့ချုပ်သို့ ပြန်လိုစိတ်မရှိ။ သူမအနေဖြင့် ဂျမီးလ်ကိုလည်းကောင်း၊ အဘိုးကြီးကို လည်းကောင်း မျက်နှာချင်းဆိုင်ရဲခြင်း မရှိ။

ဒရိုင်ဘာသည် ကားမထွက်သေးဘဲ သူမကို လှည့်ကြည့်နေသည်ကို တွေ့ရသည်။

အင်နီက

'ဘာကြည့်တာလဲ'

ဒရိုင်ဘာက

'ခင်ဗျားက အတော်ကြည့်ကောင်းတဲ့ မိန်းမပဲဗျ'

အင်နီက ပိုက်ဆံထုတ်ပေးလိုက်ရင်း

'ကျွန်မကို လိုက်ပို့မှာလား၊ မပို့ဘူးလား ပြော'

ဒရိုင်ဘာက ဂီယာချိန်း၍ ထွက်သည်။

အင်နီက ခါးကို ရှေ့နည်းနည်း ကိုင်းလိုက်ပြီး



'ဒီမယ် ရှင် သိအောင်တော့ ပြောထားရဦးမယ်၊ ကျွန်မမှာ သေနတ် ပါတယ် ရှင့်'

ဒရိုင်ဘာက နောက်ပြန်လှည့်ကြည့် လိုက်ပြီး

'ဟုတ်လား၊ ကျုပ်မှာလည်း သေနတ် ပါတာပဲ အမိ'

ဟု ပြောလိုက်၏။

အဖွဲ့ချုပ် ခေါင်းဆောင်သည် လူသာ လာဗဲလီနှင့် ၁၉ လမ်းက စားသောက်ဆိုင် ထဲမှာ တွေ့ဆုံနေ၏။ သူ့ အတွင်းရေးမှူး အင်နီအား စားသောက်ဆိုင် ခန်းမ၏ အလယ်စားပွဲကို ငှားရန်မှာကြားထားပြီး ဖြစ်သည်။ သူနှင့် လူသာတို့ စကား ပြောကြစဉ် နံဘေးနဘီမှာ လူသူလေးပါးများ ရှိနေစေလိုသောကြောင့် ဖြစ်သည်။

ပင်တဂွန် ထောက်လှမ်းရေး လူသာ သည် စားပွဲ၌ ထိုင်နေပြီးသား ဖြစ်သည်ကို အဘိုးကြီး မြင်တွေ့ရ၏။ လူသာက ဝန်းကျင်ကို အကဲခတ်လိုက်ရာ လူငယ် များ၊ မိန်းမငယ်များ စားသောက်နေကြသည်ကို တွေ့ရ၏။

အဘိုးကြီးသည် စားပွဲဝိုင်းမှ ခုံတွင် ဝင်ထိုင်၏။ သူက

'ကျုပ်ကို အခုလို မြန်မြန်ဆန်ဆန် တွေ့တာ ကျေးဇူးပါပဲ လူသာ'

လူသာလာဗဲလီက

'ဘာသောက်မလဲ'

အဘိုးကြီးက နံဘေးမှ ရပ်နေသော စားပွဲထိုးအား

'ဘိုဗန်နှစ်ပက် ထည့်ကွာ၊ ရေခဲတုံး ကြီးကြီးထည့်'

စားပွဲထိုးသည် ခေါင်းညိတ်၍ ထွက်သွားသည်။

အဘိုးကြီးက

'အနံ့ ထည့်မထားတဲ့ မော့လ် ဝီစကီထဲမှာ ရေခဲတုံးကြီးကြီး ထည့်မှ အချိန် ကြာကြာ အရည်ပျော်ဖို့ ကောင်းတာဗျ'

လူသာက ဘာမှ မပြော။

စားပွဲထိုး အရက်ခွက် ယူလာသော အခါ နှစ်ဦးသား ဖန်ခွက်ချင်း ထိခတ် လိုက်ပြီး စသောက်ကြ၏။

အဘိုးကြီးက

'ဒီနေ့ ကားလမ်းတွေကလည်း ကျပ်လိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



လူသာက

'ဟုတ်တယ်၊ မြူတွေက ဆိုင်းနေတာကိုး'

အဘိုးကြီးက

'ကျုပ်တို့ နှစ်ယောက် ခုလို နှစ်ယောက်တည်း ဆုံခဲ့ကြတာ ဘယ်တုန်းက နောက်ဆုံးပါလိမ့်'

လူသာက

'ခင်ဗျား သိပါတယ်၊ ကျုပ် ဘယ်မှတ်မိမှာလဲ'

အဘိုးကြီးက အိတ်ထဲမှ အချက်အလက် စာရွက်ကို ရှေ့ချလိုက်ပြီး

'ကော်ကိုရင် လမ်းပေါ်မှာ ထရပ်ကားတစ်စီး တိမ်းမှောက်သွားတဲ့ သတင်းကိုတော့ ခင်ဗျား သိပြီးသား ဖြစ်မှာပေါ့နော်'

'ဟုတ်ကဲ့၊ ဒီလိုပဲ မကြာခဏ ဖြစ်တတ်တာပဲဟာ'

'ဒီတစ်ခုက ထူးခြားတယ်ဗျ၊ အဲဒီ ထရပ်ကားက ကျုပ် လူတစ်ယောက်ရဲ့ တားကို ဝင်တိုက်ဖို့ လုပ်ခဲ့တာ'

'ဘယ်သူ့ကိုလဲ'

ကျုပ်ရဲ့ လက်ထောက် အင်နီဟဲလ် ပါပဲ၊ တော်သေးတယ်၊ မာတင်လင်း ဒရိုင်က အတူပါသွားလို့ အင်နီ့ အသက်ကို ကယ်ခဲ့နိုင်တယ်'

လူသာလာဖဲလီက သူ့ရှေ့ ချလာသာ စာရွက်များကို ကြည့်လိုက်ရာ စာရွက်အဖုံးတွင် ပင်တဂွန်တံဆိပ် တွေ့ရ၏။ လူသာက စာရွက်များကို ကြည့်ပြီး ပြန်ပေးသည်။

'ကျုပ်တို့ နှစ်ဖွဲ့၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ရန်ပြုနေလို့ မဖြစ်ဘူးဗျ၊ ကျုပ်က ဒီလို အဖြစ်အပျက်မျိုး လက်မခံနိုင်ဘူး၊ ခင်ဗျားလည်း လက်ခံနိုင်မယ် မထင်ဘူး'

၀

မူတာဘင်အဇစ်သည် ဂျက်လေယာဉ်ပြတင်းမှ အောက်သို့ လှမ်းကြည့်လိုက်ရာ တက်စပီယံ ပင်လယ်ပြင်ကို မြင်ရ၏။

သူသည် ဒူဂျာ၏ ခိုင်းဖတ် စာပို့ သမားအဆင့် ဖြစ်နေခြင်းကို သိသည်။ သူ့အစ်ကို အာသာ ရှေ့တန်းမှာ ထင်ပေါ် နေသည်ကို သိသည်။ သူ့အစ်ကိုသည် ဖာဒီ၏ ယုံကြည်စိတ်ချရသူ ဖြစ်နေ၏။ ဤကဲ့သို့ သူ့အစ်ကို အယုံသွင်းနေခြင်းမှာလည်း ဟန်ဆောင် လိမ်ညာနေခြင်း ဖြစ်ကြောင်း သူ သိသည်။



အိုဒက်ဆာတွင် သေဆုံးခဲ့ရသော မိန်းကလေး ဆာရာဟင်အရှော် ကိစ္စကို ဖုံးကွယ်ထားပြီး ဒူဂျာအဖွဲ့ကြီး၏ ဩဇာကို သူ့လက်ထဲသို့ ရောက် အောင် ကြံစည်နေကြောင်း သူ သိသည်။

သူ့အတွေးများကို ဖျတ်ခနဲ ရပ်လိုက်ပြီး လေယာဉ်ပိုင်းလော့တို လှမ်း ကြည့်လိုက်၏။ ဤ ပိုင်းလော့သည် ကျွမ်းကျင်သော လေယာဉ် ပိုင်းလော့ ဖြစ်သော်လည်း သူ့လူတော့ မဟုတ်ကြောင်း သူ သိသည်။ အကြောင်းမှာ သူ သစ်တောထဲမှ ထွက်လာစဉ် လေယာဉ်ပေါ် မတက်မီ သူ့ရဲ့ လျှို့ဝှက် ဆက်သွယ်မှုကို တုံ့ပြန်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။ သို့ဖြစ်လျှင် သည်ပိုင်းလော့သည် မည်သူ ဖြစ်သနည်း။ အမေရိကန် စီအိုင် အေဂျင့် ဂျေဆင်ဘွန်း ဖြစ်ဖို့ များသည်။ သို့သော် သူရထားသည့် သတင်း အချက် အလက်များအရ ဂျေဆင်ဘွန်းသည် သေဆုံးသွားခဲ့ပြီ ဖြစ်သည်။ ဂျေဆင်ဘွန်း သည် ပင်လယ်နက်တွင် နစ်မြုပ်သေဆုံးသွားခဲ့ပြီဖြစ်၏။ ၎င်းကို မျက်မြင် သက်သေက ပို့ခဲ့သော သတင်း ဖြစ်သည်။

သို့သော် မျက်မြင်သက်သေ ဆိုသူက လိမ်ညာပို့လိုက်သော သတင်း ဖြစ်ပါက ဘယ်လို ဖြစ်လာမည်နည်း။ ဂျေဆင်ဘွန်းက သူ့ထံတွင် ထည့်ပေး လိုက်သော ထောက်လှမ်းရေး ပစ္စည်းကို ပင်လယ်နက်ထဲ ပစ်ချလိုက်သည်ကော မဖြစ်နိုင်ပါလား။ ဤသို့ ဆိုလျှင် ဤပိုင်းလော့သည် ဘယ်သူဖြစ်ပါမည်နည်း။ ပုတ်သင်ညိုလို အသွင်အမျိုးမျိုး ပြောင်းနိုင်သည့် ဂျေဆင် ဘွန်းများလား။

မူတာသည် အလယ်ခန်းမှ ထ၍ လေယာဉ် ခေါင်းခန်းသို့ ကူးလိုက်၏။ ပိုင်းလော့သည် သူ့ရှေ့မှ လေယာဉ်ဒိုင်ခွက်များကိုသာ ကြည့်နေ၏။

မူတာက

'အခု ကျုပ်တို့ လေယာဉ်ဟာ အီရန်နိုင်ငံ လေကြောင်း ပိုင်နက်ထဲ ရောက်လာပြီ၊ ဟောဒီ ရေဒီယို အချက်ပြကုတ်ကို ရေဒီယိုကနေ အကြောင်း ကြားလိုက်'

ပိုင်းလော့ ဘွန်းက ခေါင်းညိတ်ပြသည်။

မူတာသည် ပိုင်းလော့၏ နောက် တည့်တည့်မှာ ရပ်လိုက်ပြီး ပိုင်းလော့၏ ခေါင်းကို သေနတ်ဖြင့် ချိန်လိုက်၏။

သူက

'လျှို့ဝှက်ကုတ်ကို အသံလွှင့်လိုက်လေ'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလော့က သူ့စကားကို မကြားသလို ပြုနေပြီး အီရန် လေကြောင်း ပိုင်နက်ထဲ ဝင်စပြုလာ၏။

မူတာသည် သူ့ သေနတ်ဖြင့် ပိုင်းလော့ ခေါင်းကို တေ့လိုက်ပြီး

'ဟေ့လူ ရေဒီယိုနဲ့ အမြန် ဆက်သွယ်လိုက်လေ၊ မဟုတ်ရင်'

ပိုင်းလော့ ဘွန်းက

'မလွှင့်ရင် ဘာဖြစ်လဲ၊ ခင်ဗျား ကျုပ်ကို သေနတ်နဲ့ ပစ်မှာလား၊ ခင်ဗျား ဂျက်လေယာဉ် မောင်းတတ်သလား'

မူတာသည် ဂျက်လေယာဉ် မောင်းတတ်သူ မဟုတ်။ ထို့ကြောင့်သာ သူသည် အယောင်ဆောင် ပိုင်းလော့နှင့် အတူ လေယာဉ်ပေါ် တက်လာခဲ့ခြင်း ဖြစ်သည်။ ထိုစဉ် ရေဒီယိုထဲမှ အသံများ ထွက်ပေါ်လာ၏။

ရေဒီယိုထဲမှ ထွက်ပေါ် လာသော အသံများမှာ ဖာရစီဘာသာဖြင့် မေးမြန်းနေခြင်း ဖြစ်သည်။ အီရန် လေကြောင်း ထိန်းသိမ်းရေး အဖွဲ့မှ သူ့လေကြောင်း ပိုင်နက်အတွင်း ဝင်ရောက်လာသော လေယာဉ်ကို ဆက်သွယ် မေးမြန်းနေခြင်း ဖြစ်သည်။

ပိုင်းလော့ဘွန်းက ဆက်သွယ်ရေး မက်ကရိုဖုန်းကို ယူပြီး

'ဆလမ်- မာလေကွန်း' ဟု ဖြေလိုက် ၏။

တစ်ဖက်မှ အသံက

'အခု ဖြေနေတာ ဘယ်သူလဲ'

ဟု မေးသည်။

မူတာက ထိတ်လန့်လာ၏။ သူက

'ဟေ့လူ လျှို့ဝှက်အချက်ပြကုတ်ကို ချက်ချင်း ပြောလိုက်လေ'

တစ်ဖက်မှ အသံက

'ဘယ်သူလဲ'

သည်တစ်ခါ မေးသည့် အသံမှာ စူးစမ်းမှု မဟုတ်တော့ အမိန့်ပေးနေခြင်း ဖြစ်သည်။

မူတာသည် တုန်လှုပ်သွား၏။

'ဟေ့လူ ကုတ်ကို မြန်မြန် လွှင့်လိုက်လေ၊ မဟုတ်ရင် သူတို့က ကျုပ်တို့ကို ပစ်ချတော့မှာဗျ'

၁



ဘွန်းသည် လေယာဉ် မောင်းတံကို တစ်ဖက်သို့ တအားစောင်းပြီး နှိမ့်ချလိုက်ရာ သူ့နောက်မှ သေနတ်နှင့် ချိန် ထားသော မူတာဘင်အဇစ် လေယာဉ် မောင်းခန်း နံဘေးသို့ လိမ့်ဆင်းသွားသည်။ လိမ့်ဆင်း သွားစဉ်အတွင်း သူ့ကိုယ်သူ ထိန်းနိုင်အောင် ကြိုးစားနေသည်။ ဘွန်းသည် တစ်ချက်မျှ ငုံ့ကြည့်ပြီး လေယာဉ်ကို တခြားဘက်သို့ နိမ့်စောင်း မောင်းနှင်လိုက်၏။ ထိုအရှိန်ကြောင့် အဇစ်သည် နောက်ပြန် လိမ့်သွားပြီး တံခါးပေါက်နှင့် ဦးခေါင်း ဆောင့်မိသည်။

ဘွန်းသည် တစ်ချက်ပြန်လှည့်ကြည့် လိုက်၏။ ဖာဒီ၏ လက်စွဲတော် အဇစ်သည် သတိလစ်ပြီး မေ့မြောသွားပြီဖြစ်၏။

ထိုစဉ် လေယာဉ်ပျံ၏ ရေဒါဒိုင်ခွက် ထဲတွင် တိုက်လေယာဉ်နှစ်စင်းသည် သူ့ အောက်၊ သူ့နောက်မှ လိုက်ပါလာသည်ကို မြင်ရ၏။ အီရန် အစိုးရ လေတပ်အဖွဲ့သည် သူတို့ လေပိုင်နက်အတွင်း ဝင်ရောက်လာပြီ ဖြစ်သည့် လေယာဉ် တစ်စင်းကို ဆက်သွယ်၍ မရသည်နှင့် ချက်ချင်း တုံ့ပြန်လိုက် လာခြင်း ဖြစ်သည်။ လေယာဉ် နှစ်စင်းမှာ တရုတ်နိုင်ငံလုပ် ၆ အမျိုးအစား ဖြစ်သည်။ ရှေးယခင် (၁၉၅၀) တစ်ဝိုက် ရုရှားနိုင်ငံလုပ် MIG-၁၉ ဂျက်များကို တုပ လုပ်ဆောင်ထားခြင်း ဖြစ်သည်။ ထိုဂျက်လေယာဉ်များမှာ ခေတ်နောက်ကျလှပြီ ဖြစ်သည်။ ထိုဂျက်လေယာဉ်များကို မထုတ်လုပ်သည်ကပင် ကြာလှပြီ ဖြစ်သည်။ သို့သော် ထိုလေယာဉ်များသည် ဒုံးလက်နက် အပြည့်အစုံ တပ်ထားကြ၏။ ဂျေဆင်ဘွန်း၏ ဆောဘရင်းဂျက်လေ ယာဉ်ပျံသည် ဘာ လက်နက်မှ မပါ။ ဘွန်းသည် သူ့လေယာဉ်၏ ပျံနှုန်းအားကိုသာ အားပြု ကြိုးစားတိမ်းရှောင်ရတော့မည် ဖြစ်သည်။

အီရန် ဂျက်တိုက် လေယာဉ်နှစ်စင်းသည် သူတို့ လေပိုင်နက်ထဲ ဝင်လာသော ဘွန်း၏ လေယာဉ်သည် သူတို့ တိုက်လေယာဉ် နှစ်စင်းကို တွေ့သည်နှင့် လှည့်ပျံပြေးလိမ့်မည်ဟု ယူဆပုံရ၏။ ဘွန်းသည် သူ့ ဂျက်လေယာဉ်ကို ဒုန်းထိုး လိုက်ပြီး နောက်မှ လိုက်လာသော တိုက်လေယာဉ် နှစ်စင်းနောက်သို့ နေရာယူရန် ကြိုးစားသည်။ တိုက်လေယာဉ် နှစ်စင်းကလည်း သူတို့နောက် အရောက် မခံဘဲ ဘွန်းလေယာဉ်ကဲ့သို့ပင် ကျွမ်းထိုးကာ ဘွန်းလေယာဉ် နောက်သို့ ရောက်အောင် ကြိုးစားသည်။ တစ်ချိန် တည်းတွင် သူတို့၏ ဒုံး၊ လက်နက်များဖြင့် ပစ်ခတ်လိုက်၏။ ဒုံး၊ လက်နက်များသည် ဘွန်း လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



တို မထိမှန်ချေ။ ဘွန်းသည် သူ၏ ဆောဘရင်း လေယာဉ်စက်အရှိန် အစွမ်း တုန် မြှင့်လိုက်ပြီး အောက်သို့တည့်တည့် ဆင်းလိုက်၏။ နောက်မှ ရှေးဟောင်း ၂၆ လေယာဉ်နှစ်စင်းက လိုက်ပါဖို့ ကြိုးစားရာ အရှိန်ချင်း ကွာ၍ တဖြည်း ဖြည်း ကျန်ရစ်၏။

ကျန်ရစ်နေစဉ်အတွင်း ဒုံးလက်နက်များဖြင့် လှမ်းပစ်ခတ်၏။ ဂျေဆင် ဘွန်းသည် အီရန်လေယာဉ်ပိုင်နက်ကို ကျော်ဖြတ်၍ အာဖဂန် လေယာဉ် ပိုင်နက်ထဲသို့ တိုးဝင်လိုက်၏။ အောက်မှ တောင်ထွတ် တောင်ထိပ်ပိုင်းတို့ လှမ်းမြင်ရ၏။ ဟိုးဝေးဝေးမှ ကျန်ရစ်သော ၂၆ လေယာဉ် တို့သည် အာဖဂန် လေကြောင်း ပိုင်နက်ထဲသို့ လိုက်ပါလာပုံ မရတော့။

၀

ဆိုရာယာသည် ကလေးငိုသံ ကြား၍ နိုးလာသည်။ သူမသည် လှုပ်ရှား၍ ကြိုးစားသော်လည်း အတော်နှင့်မရ။ ကလေးငိုသံသည် ပို၍ ပို၍ ကျယ် လောင်လာသည်။ ဆိုရာယာသည် နံဘေးဝန်းကျင်သို့ ကြည့်လိုက်၏။ သူသည် အခန်းတစ်ခုထဲတွင် ရောက်နေပြီး တစ်ဖက်ခန်းမှ ဟင်းနံ့က တထောင်းထောင်း ထနေသည်။ နံရံထက်တွင် ခရစ်တော်၏ ပုံတစ်ချပ် ချိတ်ဆွဲထား သည်ကို တွေ့ရ၏။ သူမ ဘယ်ရောက်နေပါလိမ့်။

ဆိုရာယာသည် 'ဟေး' ဟု အသံပြုလိုက်၏။

ခဏအကြာတွင် လူတစ်ယောက် ပေါ်လာ၏။ သူကား တိုင်ရွှန်ဖြစ်သည်။ တိုင်ရွှန် လက်ထဲတွင် ကလေးငယ် တစ်ယောက်ကို ချီထား၏။ ကလေးငယ်က မကျေမနပ်နှင့် ဒေါသထွက်ကာ ငိုနေပုံရ၏။ တိုင်ရွှန်က

'ဆိုရာယာ ဘယ့်နှယ့်နေတုံး'

ဆိုရာယာက

'လက်ဝှေ့ ချန်ပီယံတစ်ယောက်နဲ့ ၁၅ ချီ သတ်လိုက်ရသလိုပေါ့ရှင်'

ဆိုရာယာသည် ထိုသို့ ပြောပြီးသည့် နောက် လှဲနေရာမှ ထိုင်ဖို့ ကြိုးစား သည်။ ထိုင်မိသည်နှင့် တိုင်ရွှန်ကို ကြည့်ပြီး စကားပြောသည်။

'ကျွန်မ အခုလို လွတ်မြောက်အောင် ကယ်တင်လာခဲ့တာ ရှင့်ကျေးဇူး ပေါ့နော်'

တိုင်ရွှန်က ပြုံး၍



'ဘယ်လို ဖြစ်ခဲ့တာတုံး'

ဆိုရာယာက

'ဖိုဒ်ကား အမည်းကြီးထဲက လူနှစ်ယောက်ကော'

တိုင်ရွှန်က

'သေသွားကြပါပြီဗျာ၊ အမိကို ဘာ အန္တရာယ်မှ မပေးနိုင်တော့ပါဘူး'

တိုင်ရွှန် ချီထားသော ကလေးက ငိုလျက်ပင် ဆိုရာယာကို ကြည့်သည်။ တိုင်ရွှန်က ထိုကလေးကို ဆိုရာယာ လက်ထဲ ပြောင်းပေးလေသည်။ 'ရော့ ကလေး ချီလိုက်ဦး'

ဆိုရာယာသည် ကလေးကို လှမ်းယူပြီးနောက် ရင်ခွင်ထဲသို့ ထည့်လိုက် သည်။

ကလေးငယ်က ရင်ခွင်ထဲတွင် နို့ရှာသလို လုပ်နေ၏။

ဆိုရာယာက

'ကလေးက နို့ဆာနေတာရှင့်'

တိုင်ရွှန် အခန်းထဲမှ ထွက်သွားသည်။ ပြန်လာသောအခါ နို့ဘူးတစ်ဘူး ပါလာသည်။ တိုင်ရွှန်သည် နို့ဘူးထဲမှ နို့ကို နည်းနည်းညှစ်ကြည့်ကာ

'ကဲ အတော်ပဲ တိုက်လို့ ရပြီ၊ ရော့' ဟု ဆိုကာ နို့ဘူးကို ဆိုရာယာသို့ ပေးသည်။

ဆိုရာယာက နို့ဘူးကို ကလေး ပါးစပ်သို့ တပ်ပေးသည်။ ပြီးနောက် တိုင်ရွှန်ကို ကြည့်ကာ

'တိုင်ရွှန် ရှင့်ကို မိသားစုဝင် တစ်ယောက်လို ဘယ်တုံးကမှ မမြင်ခဲ့မိဘူး'

တိုင်ရွှန်က

'ကျုပ်မှာ သားတွေ ဘာတွေရှိမယ်လို့ မထင်ဘူး မဟုတ်လား'

ဆိုရာယာက

'ဒါဆို ဒီကလေးက ရှင့်ကလေးလား'

တိုင်ရွှန်က

'မဟုတ်ရပါဘူးဗျာ၊ ကျုပ်ညီမ ကလေးပါ' ဟု ပြောပြောဆိုဆို တစ်ဖက် ခန်းသို့ လှမ်း၍ အသံပြုလိုက်သည်။ 'အေးရှားရေ'

ကလေးမငယ်တစ်ယောက် ဝင်လာသည်။ ကလေးမငယ်သည် ရှက်နေပုံ ရ၏။ တိုင်ရွှန်က ညင်သာသော လေသံနှင့် စကားပြောလေသည်။

'ရှက်မနေပါနဲ့၊ လာ မိတ်ဆက်. . . ဒါ မစ္စ ဆိုရာယာ'

www.burmeseclassic.com

www.burmeseclassic.com



အေးရှားက

'နေကောင်းပါရဲ့လားရှင်'

ဆိုရာယာက

'နေကောင်းပါတယ်ရှင်၊ အေးရှားဆိုတဲ့ နာမည်လေးက လှလိုက်တာ အသက်ကရော ဘယ်လောက် ရှိပြီလဲ'

အေးရှားက

'ခြောက်နှစ်ပါ၊ ကျွန်မ နာမည် အဓိပ္ပာယ်က ကျန်းမာပါစေ၊ ချမ်းသာပါ စေတဲ့ ဆိုရာယာရဲ့ နာမည်အဓိပ္ပာယ် ကရော'

ဆိုရာယာ ပြုံးလိုက်၏။ ဆိုရာယာ ဆိုသော နာမည်မှာ ဖာစီဘာသာစကား ဖြင့် မင်းသမီးဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ထို့ကြောင့်

'ဟုတ်ပါတယ်၊ မမ နာမည် အဓိပ္ပာယ်ကလည်း မင်းသမီး တစ်ပါးသို့ အဓိပ္ပာယ် ရပါတယ်'

အေးရှား၏ မျက်လုံးများသည် ပြူးကျယ်သွားပြီး

'တကယ် မင်းသမီးတစ်ပါးလားဟင်'

ဆိုရာယာမှ ရယ်ချင်စိတ်ကို ထိန်းချုပ်လိုက်ပြီး

'မဟုတ်ရပါဘူး၊ မဟုတ်ရပါဘူးကွယ်'

တိုင်ရွှန်က ဝင်၍

'သူက မင်းသမီးတော့ မင်းသမီးပေါ့၊ ဒါပေမဲ့ သူ့ကိုယ်သူ မင်းသမီးလို့ ပြောပိုင် ခွင့် မရှိတဲ့ မင်းသမီးလေ'

အေးရှားသည် အလွန် စိတ်ဝင်စား သွားပုံရ၏။

'ဘာဖြစ်လို့လဲဟင်'

တိုင်ရွှန်က

'ဘာဖြစ်လို့လဲဆိုတော့ လူဆိုးတွေက သူ့ကို မင်းသမီးမှန်း သိသွားမှာ လိုက်ရှာ ရန်ပြုမှာ စိုးလို့ပေါ့၊ ကဲ ကဲ ညည်းအဒေါ်ဆီ သွားရင်လည်း သူ့ဟာ တော့လေ'

အေးရှား အခန်းထဲမှ ထွက်သွားလေသည်။ ထိုအခါမှ တိုင်ရွှန်က ဆိုရာယာအား

'မင်းကို သတင်းတစ်ခု ပြောစရာ ရှိတယ်၊ သတင်းကတော့ တော်တော် ရှည်တယ်၊ ဒါပေမဲ့ လိုရင်းပဲ ကျဉ်းပြောပါ့မယ်'

ထိုသို့ဖြင့် တိုင်ရွှန်က M&N ကျန်းမာရေးလေ့ကျင့်ရုံကို သူ့လူများ



စောင့်ကြည့်နေကြောင်း၊ အဲဒီမှာ ဖောက်ခွဲရေး ပစ္စည်းတွေ တွေ့ကြောင်း နောက် တစ်ညမှာ အမျိုးသား တစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ရောက် လာပြီး ရုပ်အလောင်းတစ်ခုကို လှီးဖြတ် ဖျက်ဆီးနေသည်ကို တွေ့ရကြောင်း ပြောပြသည်။ ထိုစဉ် ဆိုရာယာက

'အဲဒီနှစ်ယောက်ရဲ့ ပုံပန်း သဏ္ဌာန်ကို ပြောပြပါလား'

တိုင်ရွှန်က ထိုနှစ်ဦး ပုံပန်းသဏ္ဌာန်ကို ပြောပြရာ မာတင်လင်းဒရိုစ် အတုနှင့် အယ်နီဟဲလ်တို့၏ ပုံပန်းသဏ္ဌာန်များ ဖြစ်နေ၏။ ဆိုရာယာ စိတ်ထဲတွင် သူတို့တွေ ဘယ်လောက်များ အလှည့်အပြား ခံနေခဲ့ရပါလိမ့်ဟု တွေးမိသွား၏။ ဆိုရာယာက

'ပြီးတော့ရော ဘာဖြစ်သေးလဲ'

တိုင်ရွှန်က

'သူတို့တွေက ဖောက်ခွဲရေးပစ္စည်းတွေကို ရွှေ့ပြောင်းပြီးတဲ့နောက် အဲဒီ အားကစားရုံကို မီးရှို့လိုက်ကြတယ်'

၀

မှူဘာဘင်အဇစ်သည် လေယာဉ်တိုက်ပွဲ အတွင်း သတိပြန်ရလာပြီ ဖြစ်၏။ ယခု အခါ သူသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လာပြီ ဖြစ်သည်။ ဗျေဆင် ဘွန်းသည် ရန်သူနှင့် ရင်ဆိုင်နေရသဖြင့် အဇစ်ကို လှည့်မကြည့် အားပေ။ ခဏ အကြာမှ ဘယ်လို ရင်ဆိုင်ရမည်ကို စဉ်းစားတော့မည်။

ထိုအချိန်တွင် ဘွန်း၏ ဆောဘာရင်း လေယာဉ်သည် တောင်တန်းဆီသို့ ဦးတည်နေပြီ ဖြစ်သည်။ ထိုအချိန်၌ ကောင်းစွာ မတ်တတ် ရပ်နိုင်ပြီဖြစ်သော အဇစ်သည် အိတ်ထဲမှ သေနတ်ကို ထုတ်၍ ဘွန်း၏ နားထင်သို့ ထောက် ထိုးလိုက်၏။ ဘွန်းသည် အရှိန်ပြင်းစွာ မောင်းနှင်နေသည့် ဆောဘာရင်း လေယာဉ်ကို တောင်ထွဋ်ဆီသို့ ဦးတည်မောင်းလိုက်၏။

အဇစ်က ထိတ်လန့်တကြားနှင့်

'ဟေ့လူ ဘာလုပ်တာလဲ'

ဘွန်းက

'သေနတ်ကို ဖယ်လိုက် ကိုယ့်လူ၊ မဟုတ်ရင်'

လေယာဉ်သည် တောင်ထွဋ်ဆီသို့ အရှိန်ပြင်းစွာ ဦးတည်သွားလေသည်။အဇစ်

www.burmeseclassic.com

www.burmeseclassic.com



သည် လေယာဉ်ခေါင်းပြတင်းမှ နီးလာသော တောင်ထွဋ်ဆီသို့ ကြည့်၍

'ဟော့လူ ရှောင်လေ'

ဘွန်းသည် လေယာဉ်ကို တောင်ထွဋ် ဆီသို့သာ ဦးတည် ဆက်မောင်းသေသည်။ အဇစ်သည် ထိတ်လန့်တကြားဖြင့်

'ဟော့လူ ကျုပ်တို့နှစ်ယောက်လုံး သေကုန်မှာပေါ့'

တစ်ချိန်ထဲတွင် ဘွန်း နားထင်ကို ချိန်ထားသော သေနတ်ကို ရုတ်လိုက်၏။ ပါးစပ်က

'ဟော့လူ ရှောင်လေ'

ထိုစဉ် လေယာဉ်သည် တောင်ထွဋ်နှင့် အတော်နီးနီးသို့ ရောက်နေပြီဖြစ်၏။ ဘွန်းက

'မင်း သေနတ်ကို ခပ်ဝေးဝေး လွှင့်ပစ်လိုက်'

အဇစ်သည် သေနတ်ကို နံဘေးသို့ လွှင့်ပစ် လိုက်ရ၏။ လေယာဉ်သည် တောင်ထွဋ်နှင့် အတော်နီးနေပြီ ဖြစ် သည်။ အရှိန်ကလည်း ပြင်းလှ၏။ ဘွန်းသည် လေယာဉ်မောင်းတန်ကို အမြန် ရှောင်လိုက်ရာ တောင်ထွဋ်နှင့် ရှပ်ကာ သီကာ ရှောင်လိုက်၏။ တောင်ထွဋ်ကို ရှောင်ပြီးနောက် အပေါ်သို့ ထောင်တက် လိုက်ရာ ကောင်းကင်ပြာထဲသို့ ရောက်သွား၏။ လေယာဉ်ထောင်တက်လိုက်သော အရှိန်ကြောင့် အဇစ်သည်ဒူးထောင် လျက်သား လဲကျနေရာမှ သေနတ်ရှိရာသို့ လှမ်းယူဖို့ ကြိုးစားသည်။ ထိုအချိန် ဘွန်းသည် အဆင်သင့်ဖြစ်နေပြီဖြစ်၏။ သူသည် လေယာဉ်ကို အလိုလို မောင်းနှင်သည့် ခလုတ်ကို တင်လိုက်ပြီး လေယာဉ်မောင်း ထိုင်ခုံ ခါးပတ် ဖြုတ် ကာ ကုန်းကွကွဖြစ်နေသော အဇစ်ကို ခုန်အုပ်လိုက်လေ၏။ နောက် အဇစ်၏ နံကြားဆီသို့ လက်သီးတစ်ချက် ပစ်သွင်း လိုက်သည်။ အဇစ်သည် 'အွတ်' ကနဲ အသံမြည်ပြီး လေယာဉ်ကြမ်းပြင်ပေါ်သို့ လဲကျသွားပြန်၏။ ဘွန်းသည် လျှင်မြန်စွာပင် သေနတ်ကိုယူ၏။ ထို့နောက် အဇစ်ကို ကြိုးတစ်ချောင်းရှာ၍ တုပ်ထားလိုက်လေ၏။ အားလုံး စီစဉ်ပြီးမှ လေယာဉ် မောင်းတံဆီကို ပြန်လာလေသည်။ အလိုလိုမောင်းနှင်သော ခလုတ် ဖြုတ်ပြီးနောက် လေယာဉ်မှူး အံဆွဲမှ မြေပုံကိုထုတ်ကြည့်၏။ လေယာဉ်သည် အာဖဂန်နစ္စတန် လေကြောင်း ပိုင်နက်ထဲသို့ တစ်ဝက် ရောက်နေပြီ ဖြစ်သည်။ ဘွန်းသည် လေယာဉ်ကို ပြန်ကွေ့လိုက်ပြီး



အောက်မြေပြင်မှ အနေအထားများကို လေ့လာနေ၏။

ထိုစဉ် သတိပြန်ရလာပြီဖြစ်သော အဇစ်က ဘီဒိုင်ဘာသာဖြင့် ထပ်ချက် ဆဲလိုက်ပြီးနောက်

'ဪ မင်းက ဂျေဆင်ဘွန်းကိုး၊ မင်း ကိုယ်မင်း သေသွားပြီဆိုတဲ့ စာရင်းသွင်းလိုက်ပြီး ဒီကိုရောက်လာတာပေါ့လေ'

ဘွန်းက အဇစ်ကို ပြုံးကြည့်လိုက်ပြီး

'ကျုပ်တို့အားလုံး ခုချိန်ကစပြီးတော့ နာမည်အရင်းတွေခေါ်ပြီး စကားပြောကြဖို့ လိုပြီထင်တယ်၊ ကဲကဲ ဒီလိုစရအောင်ပါ၊ အဘူဂါဦး၊ နာဒီယာ အယ်ဂျာမူးဘင် ဟာမစ်ဘင်အရှက် ဘယ်ဝါရှစ်၊ နာမည်ကြီးက ရှည်လိုက်တာ ဖာဒီ ဆိုရင် တစ်လုံးတည်းနဲ့ပြီးရော'

အဇစ်က

'မင်း မင်း ဒါကို ဘယ်လိုလုပ် သသလဲ'

ဘွန်းက

'ကျုပ်က ဖာဒီနာမည်ကိုသာ သိတာ မဟုတ်ဘူး။ သူ့ညီ ကာရင်ကိုလည်း သိတယ်။ အဲဒီကာရင်က ထောက်လှမ်းရေး အဖွဲ့ချုပ်မှာ မာတင်လင်းဒရိုစ် ဟန်ဆောင်နေတဲ့သူလေ'

မူတာအဇစ်၏ မျက်လုံးထဲတွင် ထိတ်လန့်သော အရောင်များဝင်လာ၏။

ဘွန်းကမူ သူ့စကားကို သူဆက်သည်။

'ပြီးတော့ သူတို့မှာ ညီမလေး တစ်ယောက် ရှိတယ်လေ။ သူ့နာမည်က ဆာရာဘင် အရှက်တဲ့ ကျုပ်ဒါလည်း သိတာပဲ'

မူတာအဇစ်၏ မျက်နှာသည် သွေး မရှိသလို ဖြူရော်သွားသည်။ သူက

'ဆာရာက သူ့နာမည်ကို မင်းကို သူကိုယ်တိုင် ပြောခဲ့တာလား'

သည်တွင် ဘွန်းသည် အရာရာ အားလုံးကို နားလည် သွားလေသည်။ ဘွန်းက

'ချိန်းဆိုထားကြတဲ့ အိုဒက်ဆာမြို့ ညမှာ မင်းလည်းရှိသားပဲ။ ကျုပ်က လူသတ်ဖို့ တာဝန်နဲ့ လာတယ်။ ပစ်ကွင်းထဲကို ပြေးဝင်လာသူက ဆာရာဖြစ်နေတယ်။ ကျုပ်က သူ့ကိုပစ်လိုက်မိတယ် ထင်တယ်။ ဘာပဲပြောပြော ဆာရာမှန်သွားတယ်။ ကျုပ် ဆာရာ့ကို ပွေ့ချီပြီး ကျုပ်ကို ဖမ်းဖို့ သတ်ဖို့ စီစဉ်ထားတဲ့ ထောင်ချောက်ထဲကနေပြီး အတော်လွတ်အောင် ထွက်ပြေးခဲ့ရတယ်။'

www.burmeseclassic.com

www.burmeseclassic.com



မူတာဘင် အဇစ်က

'မင်း သူ့ကို ယူသွားတယ်၊ မင်း ဆရာ့ကို မင်းနှင့်အတူ ခေါ်သွားတယ် ပေါ့'

ဘွန်းက

'အဲဒီတုန်းက ဆရာက အသက်ရှိ သေးတယ်ဗျ'

မူတာဘင် အဇစ်က ထိတ်လန့် တကြားဖြင့်

'ဆရာက ဘာတွေပြောသွားလဲဟင်'

မူတာ ပြောလိုက်သော အသံမှာ မြန်ဆန်လွန်းလှ၍ ဘွန်း စိတ်ထဲတွင် မူတာသည် ၎င်းအဖြေကို အလွန်သိချင် နေကြောင်း ရိပ်မိ၏။ ဘာကြောင့် ပါလိမ့်၊ သည်နေရာတွင် ဘွန်းသိထားသမျှထက် ပိုမိုရှုပ်ထွေး နေပုံရ၏။ ဘယ် အချက်အလက်တွေများ သူမသိဘဲရှိနေ ပါလိမ့်၊ အခြေအနေမှာ အဆုံးပိုင်းသို့ ရောက်နေပြီဖြစ်၏။ သို့သော် သူသိသမျှသည် ရန်သူ့ကို ပြောပြ၍မဖြစ် ထိန်းသိမ်းထားမှုဖြစ်မည်။ သို့မှသာ ရန်သူက သူ အားလုံး သိနေပြီဟု ထင မှတ် ယူဆနိုင်မည်ဖြစ်၏။ ထို့ကြောင့် ဘွန်းသည် ဘာမှ မပြောဘဲနေရန် ဆုံးဖြတ်လိုက်၏။

ဘွန်းက ဘာမှမပြောဘဲ တိတ်တိတ် ဆိတ်ဆိတ် နေခြင်းသည် မူတာ့အား တုန်လှုပ်ခြောက်ခြားစေ၏။ သူက

'ဆရာက ကျုပ်နာမည်ကို မပြော ဘူးလားဟင်'

ဘွန်းက ဘာမှနားမလည်ဟန်ဖြင့်

'ဘာဖြစ်လို့ မင်းနာမည်ကို ပြောရ မှာလဲဟင်'

မူတာသည် တုန်လှုပ် ခြောက်ခြား လျက်ရှိပြီး ချုပ်နှောင်ထားသော ကြိုးများ မှ ရုန်းထွက်ရန် ကြိုးစားရင်း

'ဆရာက မပြောဘူးပေါ့နော်၊ ဒါဆို တခြား ဘာတွေ ပြောသေးလဲ'

'ကျုပ် မမှတ်မိတော့ဘူးဗျ'

'နင် မှတ်ကိုမှတ်မိရမယ်'

ဘွန်းသည် ဘာမှ ပြန်မဖြေတော့ပေ။ သူတို့ လေယာဉ်သည် နယ်စပ်သို့ ရောက်ခါနီးလာပြီဖြစ်၍ မူတာက

'ကျုပ်လိုရင်းပဲ ပြောမယ်'

'ကျုပ်က မင်းကို ကူညီစေချင်တယ်မလား' မူတာ အသံတစ်ချက်ထွက် ညည်းလိုက်ပြီး



'ကျုပ် မလုပ်နိုင်ဘူး ထင်တယ်'

ဘွန်းက

'ရပါတယ်၊ ရပါတယ်၊ မင်းကသိချင်လို့ မေးတဲ့သူပဲလေ။ ကျွန်ုပ်တို့ ကတော့ ဘယ်လိုပဲဖြစ်ဖြစ် မထူးပါဘူး'

'ဘူတာက အဲဒီအဖြစ်အပျက်က မတော်တဆ ဖြစ်တာမဟုတ်ဘူးဗျ'

၁

ကာရင်က အဘိုးကြီးအား

'လာဗယ်လီ၊ အစီရင်ခံစာ မှန်နိုင်တယ်၊ မုန်တိုင်း စစ်ဆင်ရေးက အဖွဲ့ ချုပ်ရဲ့ သတင်း ဆက်သွယ်ရေးအပေါ်မှာ ကုပ်ခွစီးနေသလို ဖြစ်နေတယ်'

အဘိုးကြီးသည် သတင်းဆိုးများကို ကြားချင်ပုံမရ သို့သော် ကာရင်ကမူ သူ တင်ပြစရာကို တင်ပြရမည်သာ ဖြစ်၏။

'အဲဒီလို ကုပ်ခွစီးသလို ဖြစ်နေတဲ့ အချက်အလက်တွေ သုံးခုတွေ့ရတယ်'

အဘိုးကြီးက

'အဲဒီဆက်သွယ်မှု သုံးခုက ဘာတွေလဲ'

ကာရင်က

'အဖွဲ့ချုပ်ရဲ့ အထူးလျှို့ဝှက် သတင်း ပို့လမ်းကြောင်းပေါ်ကနေ ဆက် သွယ်နေတာ၊ ကျွန်တော်ရဲ့ လူတွေက အဲ့ဒီ သတင်းပို့ချက်တွေကို အဓိပ္ပာယ် ဖွင့်ဆို ချက်ရောက်အောင် ကြိုးစားနေကြပါတယ်'

အဘိုးကြီးက ခေါင်းညိတ်ပြလိုက်ပြီး

'မာတင်၊ မင်းတော်တယ်၊ မင်းသာ မရှိရင် ငါ့အလုပ်တွေ ဘယ်လိုပြီး အောင် လုပ်ရမလဲ မပြောနိုင်ဘူး'

ကာရင်က ခေါင်းညိတ်ပြပြီး လေသံ တိုးတိုးဖြင့်

'ဒီ ကိစ္စကို ကျွန်တော်တို့ ချက်ချင်း အရေးယူ ဆောင်ရွက်မှဖြစ်မယ်'

အဘိုးကြီးက ခေါင်းညိတ် ပြသည်။ လောလောလတ်လတ် ပြဿနာမှာ သူ့ရဲ့ အတွင်းရေးမှူးဖြစ်သူ အင်နီ ပြဿနာဖြစ်သည်။ အင်နီသည် သစ္စာ ဖောက်နေပြီလား။ အခြေအနေကား အတော်ဆိုးလှ၏။

အဘိုးကြီး၏ မျက်နှာသည် မကြည်မလင် ဖြစ်သွား၏။

'ခုချက်ချင်း ဖြေရှင်းဖို့ လိုပြီလား'

'ဟုတ်ကဲ့ ခင်ဗျာ၊ အမြန်ဆုံး ဖြေရှင်းမှ ဖြစ်မယ်၊ အခု အင်နီဟာ ရုံးချုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိမနေဘူး။ ဒီတော့ သူ့အိမ်မှာ ရှိနေနိုင်ပါတယ်'

ပြောပြောဆိုဆိုပင် မာတင်လင်းဒရိုစ် ဟန်ဆောင်ထားသော ကာရင်သည် အဘိုးကြီးကို တွဲထူပြီးနောက် အဘိုးကြီး လက်ထဲသို့ သေနတ် ထည့်ပေးလိုက်၏။

၀

နာရီ အနည်းငယ်အတွင်း ကက်တရာသည် လင်းဒရိုစ်ထံ ပြန်လာပြီး ပါလာသော ဆေးပစ္စည်းများဖြင့် မာတင်လင်းဒရိုစ် မျက်နှာမှ ဒဏ်ရာများကို ဆေးကြောသုတ်သင်ရန် ကြိုးစား၏။ သူမက

'ကျွန်မက ဒီလို ဆေးဝါးကုသမှုမျိုး လုပ်တက်တာ မဟုတ်ဘူး'

မာတင်က

'အရေးမကြီးပါဘူး'

မာတင်သည် ကက်တရာ မျက်နှာကို သေချာစူးစမ်း ကြည့်သည် သူတို့နှစ်ယောက် နောက်ဆုံး ပြောကြားခဲ့သော စကားများသည် ကက်တရာအပေါ် ဘယ်လောက်ထိ ရောက်သလဲဟု သိချင်နေလေ၏။

ကက်တရာသည် မာတင်၏ မျက်လုံးများကို စူးစိုက်ကြည့်နေ၏။

'ခုတော့ ကျွန်မ ယုံကြည်စပြုလာပါပြီ။ ဘာကြောင့်များ ကော်စတင်ကျွန်မကို နှိပ်စက်ဖို့ ဖာဒီကို ခိုင်းရတာလဲ မသိဘူး။ တကယ်တော့ကော်စတင်ဟာ ကျွန်မကို နှိပ်စက်မခိုင်းသင့်ပါဘူး'

မာတင်က

'ဟုတ်ပါတယ်၊ သူခိုင်းမယ် မထင်ပါဘူး။ ခင်ဗျားလည်း သဘောပေါက်လောက်ပါတယ်'

ကက်တရာသည် ခေါင်းညိတ်ပြ၏။ မာတင်က

'ဒီတော့ ခင်ဗျား ကျွန်တော့်ကို ကူညီမှ ဖြစ်မယ်၊ မဟုတ်ရင် ဒီစခန်းထဲကနေ ကျုပ်တို့ နှစ်ယောက်လုံး အသက်ရှင်သျက် ပြန်ထွက်နိုင်မှာ မဟုတ်တော့ဘူး'

ကက်တရာသည် မျက်လုံးအဝိုင်းသား ဖြစ်သွား၏။

'ကျွန်မ ကျွန်မက ဘယ်လိုများ လုပ်နိုင်မှာလဲ'

မာတင်သည် လှဲနေရာမှ ထထိုင်လိုက်ပြီး



'ကျုပ်က အကူအညီ ပေးမှာပေါ့။ ကျုပ်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အကူအညီ ပေးကြမှ ဒီအကျပ်အတည်းက လွတ်မှာ၊ စွန့်တော့ စွန့်စားရမယ်'

ကက်တရာသည် မာတင့်မျက်နှာကို စေ့စေ့ကြည့်သည်။ မျက်လုံးထဲတွင် မျှော်လင့်ချက် အလင်းရောင် တစ်ခု လက်ခနဲပေါ်သည်။ သူမက

'ကျွန်မ ဘာလုပ်ရမှာလဲဟင်'

၀

အင်နီသည် ပစ္စည်းများ သိမ်းဆည်းနေရာက မော်တော်ကား တစ်စင်း သူမ၏ အိမ်ရှေ့သို့ ဝင်လာသံကြားရသည်။ ပထမ ပစ္စည်းများကို ဆက်သိမ်းမည်ပြုပြီးမှ သိလိုစိတ် ပေါ်လာသဖြင့် သူမ၏ အပေါ်ထပ် အိပ်ခန်း ပြတင်းပေါက်မှ အောက် သို့ လှမ်းကြည့်သည်။

အောက်တွင် အဖွဲ့ချုပ် ခေါင်းဆောင် အဘိုးကြီး၏ မော်တော်ကား ဖြစ်နေသည်။ အဘိုးကြီး ကားပေါ်မှ ဆင်းသည်ကို မြင်ရ၏။ အဘိုးကြီးနှင့် အတူ ဆင်းလာသူမှာ ဂျမီးလ်ကာရင် ဖြစ်သည်။ အင်နီ၏ ရင်သည် ဆတ်ခနဲ ခုန်သွား၏။ ဘာတွေများ ဖြစ်နေပါလိမ့်၊ သူတို့ ဘာလို့ သူမအိမ်ကို လာကြတာပါလိမ့်၊ ဆိုရာယာများ လွတ်မြောက်သွားပြီး အဘိုးကြီးဆီကို အဖြစ်အပျက်တွေ အားလုံး အစီရင်ခံနိုင်ခဲ့ပြီလား၊ အဘိုးကြီးသည် သူမ သစ္စာဖောက်ခဲ့သည်ကို သိသွားလေပြီလား၊ မဖြစ်နိုင်သေးပါဘူးလေ။ အဘိုးကြီးနဲ့ အတူ ဂျမီးလ်ပါနေ သေးတာပဲဟာ။ ဂျမီးလ်က ဘယ်လိုနည်းနဲ့မှ ဆိုရာယာကို အဖွဲ့ချုပ်နား ရောက်အောင် အကပ်ခံမှာ မဟုတ်ဘူး။ အဘိုးကြီးနား ရောက်ဖို့ဆိုတာ ပိုဝေးသေးတယ်။

ဒါပေမဲ့ တကယ်လို့များ

အင်နီသည် စိတ်ထဲမှာ သံသယကြောင့် သူမအတွက် ပေးထားသော သေနတ်ကို အံဆွဲထဲမှ ထုတ်၍ ခါးနောက် အကျီအောက်မှ ထိုးလိုက်၏။

ထိုစဉ် အောက်ထပ်မှ တံခါးဘဲလ် တီးသံများရသည်။ မျှော်လင့်ထားသည့် အသံဖြစ်သော်လည်း အင်နီစိတ်ထဲတွင် ဆက်ခနဲ တုန်သွားသည်။ အင်နီသည် အောက်သို့ဆင်း၍ တံခါး ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com



တံခါးပေါက်မှ ပထမဆုံး ဝင်လာသူမှာ အဘိုးကြီးဖြစ်သည်။ အဘိုးကြီးက

'ဟယ်လို အင်နီ မင်းအိမ်အထိလိုက်ပြီး နှောင့်ယှက်ရတာ တောင်းပန်ပါတယ်။ ဒါပေမဲ့ ကိစ္စက အရေးကြီးလို့'

အဘိုးကြီးနဲ့အတူ ဂျမီးလ်လည်း ဝင်လာသည်။ အင်နီက တံခါးပြန်ပိတ်လိုက်ပြီး

'ရပါတယ်။ ကျွန်မလည်း အဖော် ရတာပေါ့'

အဘိုးကြီးနဲ့ ဂျမီးလ်တို့သည် အခန်းထဲ ဝင်လာကြ၏။ ဧည့်ခန်းထဲတွင် နှစ်ဦး သားထိုင်ကြ၏။ သူတို့နှစ်ဦးသည် အပေါ် ကုတ်များကို မချွတ်ကြချေ။

အင်နီသည် ဂျမီးလ်၏ မျက်နှာကို မကြည့်ရဲချေ။ အကြောင်းမှာ ဂျမီးလ်၏ မျက်နှာပေါ်တွင် စိုးရိမ်နေသော အရိပ်ယောင်များ တွေ့ရမည်စိုးသောကြောင့် ဖြစ်သည်။ အဘိုးကြီး၏ မျက်နှာကား သွေးမရှိသလို ဖြစ်နေသည်။ အဘိုးကြီးသည် ဘာကြောင့်များ သည်လောက် အိုဇာသွားပါလိမ့်။ အင်နီသည် ဣန္ဒြေ ဆယ်လိုက်ပြီး

'ဆရာတို့ နှစ်ယောက် လက်ဖက်ရည် သောက်ကြမလားဟင်။ ကျွန်မဆီမှာ ဆရာကြီး စားနေကျ ဂျင်းဂျာ ဘီစကစ်လည်း ရှိတယ်'

အဘိုးကြီးက

'နေပါစေ၊ နေပါရစေ ရတယ်၊ ဘာမှ လုပ်မနေပါနဲ့တော့'

အဘိုးကြီး၏ မျက်နှာသည်အတော် စိတ်မချမ်းသာပုံ ပေါက်နေ၏။ သူက

'ကျုပ်တို့မှာ အရေးကြီးတဲ့ စကား ပြောစရာတစ်ခုရှိတယ်၊ အဲဒီစကားဟာ သိပ်တော့ မကောင်းလှဘူး။ ဘာလဲဆိုရင် ကျုပ်တို့ အင်နီအကြောင်းတို့ သိသွားရပြီ'

အင်နီ၏ ရင်သည် ဆတ်ခနဲ ခုန်သွား၏။ တုန်လည်း တုန်လှုပ်သွား၏။ အသက်ရှုပင် မမှန်တော့။ သို့သော် ဟန်ဆောင်ပန်ဆောင် ပကတိ ရိုးသားသည့်လေသံဖြင့်။

'ရှင် ကျွန်မအကြောင်း ဘာတွေ သိကြတာတုံး'

ဂျမီးလ်ကဝင်၍

'ကျုပ်တို့ မင်းအကြောင်းကို အားလုံး သိပြီ။ မင်းဟာ ရန်သူအဖွဲ့အစည်းနဲ့ အမြဲ အဆက်အသွယ် ရှိခဲ့တဲ့အကြောင်း'

အင်နီက ထိတ်လန့်တကြားဖြင့်

'ရှင် ကျွန်မက ဘယ်သူတွေနဲ့များ'



အဘိုးကြီးက ဝင်၍

'တကယ်တော့ ရန်သူဆိုတာ မင်းပဲ'

အဘိုးကြီးသည် လက်ညှိုးထိုး၍ စွပ်စွဲလိုက်သည်။ သူ့လေသံတွင် စွန့်ပစ် ရွံ့ရှာသည်များ ပါဝင်နေသည်။ အဘိုးကြီးသည် ရန်သူများအပေါ်တွင် အလွန် မုန်းတီးတတ်သူဖြစ်သည်။

အင်နီသည် အလိုအလျောက်ပင် ဂျမီးလ် မျက်နှာကို လှမ်းကြည့်သည်။ ဂျမေလ်း ဘာတွေများ တွေးနေပါလိမ့်၊ ဂျမီးလ် ဘာကြောင့်များ သူမဘက်မှ ခုခံ ကာကွယ်ခြင်းများ မပြုလုပ်ပါလိမ့်။ ဂျမီးလ်၏ မျက်နှာပေးတွင် ဘာခံစားမှု အရိပ်အယောင်မှ မတွေ့ရသည်တော့မှ အင်နီသည် အရာရာ အားလုံးကို နားလည် သွားလေသည်။ လက်စသတ်တော့ ဂျမီးလ်သည် သူမ၏ ခန္ဓာကိုယ်ရော စိတ်ရောလုပါ အသုံးချခြင်းပါတကား။ ဘုရား ဘုရား အင်နီသည် ဂျမီးလ်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး

'ရှင် ရှင် ကျွန်မကို အသုံးချပြီး'

အင်နီသည် စကားကို ဆုံးအောင်ပင် မပြောလိုက်ရ၊ အကြောင်းမှာ ထိုအခိုက်မှာပင် အိတ်ထဲမှာ သေနတ်ကို ထုတ်၍ အင်နီခေါင်းကို သုံးချက် ပစ်လိုက်သောကြောင့်ဖြစ်သည်။ အဘိုးကြီးသည် ဒီ အသက်အရွယ်ထိတိုင် လက်တည့်နေဆဲ ဖြစ်သည်။

အင်နီ ပုံလျက်သား လဲကျသွားသည်။

မာတင်လင်းတရှိုစ် ဖြစ်သူ ဂျမီးလ်က

'ဆရာ ကျွန်တော် အလောင်း ဖျောက်ဖျက်ဖို့ တာဝန်ယူပါတယ်။ သတင်းထုတ်ပြန်ဖို့လည်း ကျွန်တော် လုပ်ပါ့မယ်'

ပြောပြောဆိုဆိုပင် အင်နီ့အလောင်း ဘေးသို့လာကာ အင်နီ ကိုယ်ခန္ဓာကို စမ်းသပ်ရှာဖွေ၏ အင်နီနောက်ကျောခါး ကြားမှ သေနတ်ကို တွေ့သည်နှင့် လက်အိတ်စွပ်ထားသော လက်ဖြင့်ထုတ်ယူသည်။ အင်နီသည် တစ်ချိန်တစ်ခါက သူ့အတွက် အသုံးဝင်ခဲ့သည်။ ယခုကား အသုံးမဝင်တော့။

ဂျမီးလ်သည် အင်နီ့ အလောင်းဘေးမှ ထရပ်လိုက်သည်။ ထိုစဉ် အဘိုးကြီးသည် သူ့ကို ကျောပေးနေ၏။ သူက

'ဆရာ ဒီမှာ ဆရာ သိစရာ ကြည့်စရာ တစ်ခုရှိသေးတယ်'

အဘိုးကြီးသည် နောက်လှည့်လိုက်ပြီး

'ဘာတွေ သိစရာ ကြည့်စရာ ရှိသေးလို့လဲကွ မာတင်ရ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မာတင်လင်းဒရိုစ် အတု ဂျမီးလ်ကာဒင်သည် စောစောက အင်နီဟေလ်းထံမှ ယူခဲ့သော S & W သေနတ်ဖြင့် အဘိုးကြီး၏ နှလုံးသားရှိရာ တည့်တည့်သို့ ပစ်လိုက်၏။

၀

'အဲဒီ အဖြစ်အပျက်က မတော်တဆ ဖြစ်တာမဟုတ်ဘူးဗျ'

ထိုစကားလုံးသည် ဂျေဆင်ဘွန်း၏ ခေါင်းထဲသို့ ပေါက်ကွဲသလို ဖြစ်သွားသည်။ သူတို့ ထောက်လှမ်းရေး အဖွဲ့သည် အယ်ကိုင်ဒါး အကြမ်းဖက် ခေါင်းဆောင် တစ်ယောက်ကို သုတ်သင်ရန် ဂျေဆင်ဘွန်း တာဝန်ယူ၍ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုခေါင်းဆောင်သည် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလက အမေရိကန် ပြည်ထောင်စု စစ်စခန်းတစ်ခုကို ဗုံးခွဲခဲ့ သူဖြစ်သည်။ ထိုခေါင်းဆောင်ကို ဂျေဆင်ဘွန်းက သုတ်သင် ရှင်းလင်းရန် သွားခဲ့ခြင်းဖြစ်သည်။ ဘွန်းစိတ်ထဲတွင် မရှင်းလင်းသောကြောင့်

'ဘာက မတော်တဆ ဖြစ်တာ မဟုတ်တာလဲ'

မူတာဘင်အဇဇ်သည် ဒေါသတကြီးဖြင့်

'ဆာရာဘင်အရှက် သေဆုံးရတာ မတော်တဆ မဟုတ်ဘူးကွ'

ဘွန်းစိတ်ထဲတွင် ရှုပ်ထွေးသွား၏။ သို့သော် တစ်ဖက် ပုဂ္ဂိုလ်ထံမှ ဖွင့်ဟချက် များကို သိလိုသောကြောင့်

'မတော်တဆ ဖြစ်ရတာပါဗျာ။ ကျုပ် သိတာပေါ့။ ကျုပ်ကိုယ်တိုင် ပစ်လိုက်တာ ထိသွားတာပဲဟာ'

မူတာဘင်အဇဇ်က

'မဟုတ်ဘူးဗျ၊ ခင်ဗျား ပစ်တာ မဟုတ်ဘူး။ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ပါတနာတို့က သိပ်ဝေးလွန်းလို့ ဆာရာကိုထိအောင် မှန်အောင် ပစ်ဖို့ မဖြစ်နိုင်ဘူး။ တကယ်တော့ ကျုပ်နဲ့ ကျုပ်ညီ အဘူဘင်အဇဇ်တို့က ဆာရာ့ကို ပစ်လိုက်တာပဲ'

ဘွန်းစိတ်ထဲတွင် ရှုပ်ထွေးသွား၏။

'မင်းက ဘာဇာတ်လမ်းတွေ လာဆင်နေတာလဲ'

အမူတာဘင်အဇဇ်သည် ဘွန်း၏ စကားကြောင့် ထိခိုက်သွားပုံရသည်။ သူက



'ကျုပ်က ဘာကိစ္စ ဇာတ်လမ်းဆင် ရမှာတုံး'

ဘွန်းက ခေါင်းကိုခါယမ်းလိုက်ပြီး

'ကျုပ်ခေါင်းထဲတော့ ရှုပ်ကုန်ပြီဗျ။ ဒီ အဖြစ်အပျက်တွေတို ဖြစ်အောင် လုပ်ခဲ့တာက ဖာဒီနဲ့ သူညီတို့ကို သူတို့ညီမ ဆာရာကို ကျုပ်သတ်လိုက်ပြီ ဆိုပြီး လက်စား ချေရအောင် လုပ်တာလား။ ကျုပ်နဲ့ ခင်ဗျားတို့ ညီအစ်ကိုကြားမှာ ဘာရန်ညှိုး ရန်စရှိလို့လဲ။ အရင်က ကျုပ်တို့ တစ်ယောက်နဲ့ တစ်ယောက်ရော သိဖူးလို့လား'

'မသိပါဘူးဗျာ၊ မသိပါဘူး'

ဘွန်းသည် အဇဇ်ထံမှ မျက်နှာလွှဲ လိုက်ပြီး လေယာဉ်ဆင်းရန် ကွင်းကို အာရုံထားလိုက်၏။ ပိုင်လော့ ချမှတ်ထားသော လေယာဉ်ဆင်းရန် ကွင်းလမ်းကြောင်းမှာ တောင်ကြား နှစ်ခုအကြား ဖြစ်သည်။ တကယ်ဆင်းကြည့်သောအခါ တွင် လေယာဉ်ဆင်းလမ်းကြောင်းမှာ ကျဉ်းမြောင်းလွန်းလှပြီး ခေတ်မီ အချက်ပြ စနစ်များလည်း ရှိပုံမရ။ လမ်းကြောင်း ကျဉ်းကျဉ်းလေးထဲသို့ လေယာဉ်ထိုးဆင်းရင်း လေယာဉ်ဆင်း လမ်းကြောင်းသည် ပင်လျှင် ဖာဒီ၏ ဆင့်ကဲဆင့်ကဲ ထောင်ချောက်တစ်ခုများ ဖြစ်နေသလား။ ဘွန်းသည် လေယာဉ်လမ်း ကျဉ်းကျဉ်းကွင်းထဲသို့ ထိုးဆင်းဖို့ ကြိုးစားသည်။ လေယာဉ် အရှိန်ကိုလည်း လျှော့ရန် ကြိုးစားသည်။ နံဘေးမှ ကြည့်နေသော အမူတာဘင်အဇဇ်မှ ထိတ်လန့်တကြားဖြင့်

'ဟေ့လူ ဟေ့လူ ခင်ဗျား လေယာဉ် ဆင်းတာ နိမ့်လွန်း၊ မြန်လွန်းတယ်ဗျ လေယာဉ်လမ်းကြောင်းနဲ့ လေယာဉ်ဗိုက် တိုက်မိတော့မှာပဲ။ လေယာဉ်ကို အပေါ် မြှင့်လိုက်ပါလား။ ဘွန်းသည် လေယာဉ်ကို နည်းနည်းမြှင့်ဖို့ ကြိုးစားရာ လေယာဉ်ပြေး လမ်းကြောင်း၏ ရှစ်ပုံတစ်ပုံလောက် အရောက်တွင် လေယာဉ်ဘီးများသည် ပြေးလမ်းပေါ်သို့ ကျနေပြီ ဖြစ်၏။ လေယာဉ်အရှိန်သည် ပြင်းထန်လေရာ လမ်းကြောင်း အဆုံးကို မရောက်ခင် မထိန်းသိမ်းနိုင်တော့ဘဲ အရှိန်ဖြင့် ရှေ့သို့ တိုးဝင်သွားလေ၏။

လေယာဉ်လေးသည် လမ်းကြောင်း အဆုံး တောစပ်ထဲသို့ ထိုးကျ ပျက်စီးသွားလေ၏။ ဘွန်းသည် အခြေအနေကို ကြည့်လိုက်သောအခါ လေယာဉ်သည် ရစရာမရှိအောင် ပျက်စီးနေပြီဖြစ်၏။ ခေါင်းပိုင်းသည် မီးတောက်စပြုနေသဖြင့် ပူလောင်လှ၏။ ထိုအချိန်မှ အတူပါလာသော အဇဇ်ကို သတိရသည် အဇဇ်၏ ရင်ဝ၌ သံထည် အရာဝတ္ထုများ စိုက်နေပြီး အစ်ပါးစပ်မှ သွေးများ

www.burmeseclassic.com

www.burmeseclassic.com



ယိုစီးနေသည်ကို တွေ့ရ၏။ ဘွန်းသည် ထိုင်ခုံခါးပတ်ကို ဖြုတ်လိုက်ပြီး အဇစ်နံဘေးသို့ ပြေးသွားသည်။ ထိုအချိန်၌ အဇစ်ကို အသက်ကို အငမ်းမရ ရှူသွင်းဖို့ ကြိုးစားနေ၏။ ဘွန်းက

'ဟေ့လူ ဟေ့လူ ခင်ဗျားသေတော့မှာဗျ။ ဆာရာဘင် အရှက်ရဲ့အကြောင်းကို ကျုပ်ကို ပြောခဲ့ပါဦး'

ပါးစပ်မှ သွေးများ ယိုစီးကျနေသော အဇစ်က ခပ်ရွဲ့ရွဲ့ပြုံး၍

'ဩော် ခင်ဗျားကလည်း သိချင်သကိုး။ အဖြစ်မှန်ကို သိဖို့ အရေးကြီးတယ် ပေါ့လေ'

ဘွန်းက

'ဟုတ်တယ်၊ ဟုတ်တယ်၊ ပြောဗျာ ပြောစမ်းပါ'

အဇစ်သည် တစ်စုံတစ်ရာ ပြောဖို့ ကြိုးစားသော်လည်း မအောင်မြင် တော့ဘဲ ဇက်ကြိုးကျကာ သေဆုံးသွားလေ၏။

၀

ဆိုရာယာမိုးသည် ၇ လမ်းထောင့်ရှိ ပိုက်ဆံပေးဆက်ရသော တယ်လီဖုန်းရုံထဲမှ အဖွဲ့ချုပ်သို့ လှမ်းဆက်သွယ်၏။ သူမ၏ လက်ကိုင်ဖုန်းနှင့် မဆက်ဝံ့ နံဘေးမှ လက်နက်ပြည့်စုံစွာ ကိုင်ဆောင်ထားသည့် တိုင်ရှွန်က ရပ်စောင့်နေ သည်။

ရုံးချုပ်မှ တယ်လီဖုန်း ကိုင်သူမှာ ပီတာမက် ဖြစ်သည်။ ပီတာမက်သည် ဆိုရာယာအသံကို မှတ်မိသည်နှင့် လေသံ တိုးသွားသည်။ သူက

'ဘုရားရေ၊ နင် ဘာတွေ လျှောက်လုပ်နေတာလဲ'

ဆိုရာယာက လေသံ ပြင်းပြင်းဖြင့်

'ကျွန်မ ဘာမှ လျှောက်လုပ်မနေဘူး'

'ဟေ မင်းကသာ ဘာမှမလုပ်ဘူး ပြောတာ၊ ဒီမှာတော့ မိုးမီးလောင်နေပြီ မင်းဆီက တယ်လီဖုန်းပဲ လာလာ၊ အဆက်အသွယ်ပဲလုပ်လုပ်၊ လူကိုယ်တိုင်ပဲ ပေါ်လာပေါ်လာ၊ ချက်ချင်း ဒါရိုက်တာ မာတင်လင်းဒရိုစ်ကို တိုက်ရိုက် အကြောင်း ကြားရမယ်လို့ အရေးပေါ် ညွှန်ကြားထားတာ ရှိတယ်'

'ဒီမှာ မာတင်လင်းဒရို့စ်ဟာ မာတင် လင်းဒရို့စ် မဟုတ်ဘူးရှင့်'

'ဟေ ဒါဆို အယောင်ဆောင်နေတဲ့ လူလား'

ဆိုရာယာ ရင်လည်း ဆတ်ခနဲ ခုန်သွား၏။



'ဒါဆို ပီတာ၊ ရှင်သိနေပြီပေါ့ ဟုတ်လား'

'ကျုပ် သိထားတာကတော့ လက်ထောက် ဒါရိုက်တာ လင်းဒရို့စ်က ကျုပ်တို့ အားလုံးကို ခေါ်ပြီးတော့ အစည်းအဝေးမှာ ပြောတယ်၊ ဆိုရာယာ တစ်ယောက် ဖောက်သွားပြီ၊ လုံးဝ ပျောက်ဆုံးနေပြီတဲ့၊ အဲဒါတွေ အကုန်လုံး ဟာ ဂျေဆင်ဘွန်း သေဆုံးတာကြောင့်လို့ ပြောတယ်၊ ဟုတ်လား ဟင်၊ ပြီး တော့ ပြောသေးတယ်၊ သူ့ကိုလည်း အယောင်ဆောင် နေတဲ့လူလို့ စွပ်စွဲ နေသတဲ့'

ဆိုရာယာ စိတ်ထဲတွင် ဒီလူသည် ဌာနချုပ် တစ်ဖွဲ့လုံး သူမကို ဆန့်ကျင် အောင် ပြုလုပ်နေပြီဟု တွေးလိုက်မိ၏။ မည်သို့ပင်ဖြစ်စေ ပီတာမက်ကိုမူ ရှင်းပြ ရမည်။ ပီတာ့ထံမှလည်း သတင်းကြားချင်သည်။

'သူက ရှင်တို့ကို လိမ်နေတာ ပီတာ၊ အမှန်တရားကလည်း ရှင်းပြဖို့ တော်တော် ရှုပ်ထွေးတယ်၊ လောလောလတ်လတ်တော့ ကျွန်မ ပြောတာပဲ နားထောင်၊ အကြမ်းဖက်သမားတွေဟာ ဌာနချုပ်ကို ဖောက်ခွဲဖျက်ဆီးဖို့ ကြိုးစားနေကြပြီ'

ဆိုရာယာသည် ပြောရင်းဆိုရင်းပင် အသက်ရှူမဝသလို ဖြစ်လာ၏။ သူမ၏ ပြောစကားများသည် ရှုးကြောင်ကြောင် အတော်နိုင်လှသည်။ ဆိုရာယာက

'ကျေးဇူးပြုပြီး နားထောင်ပါ ပီတာ၊ ကျွန်မ တောင်းပန်ပါတယ်၊ အဖွဲ့ ချုပ် ခေါင်းဆောင် အဘိုးကြီးဆီကို သွားပါ၊ အဖွဲ့ချုပ်ကြီးကို ဖောက်ခွဲ ဖျက်ဆီးမယ့်ကိစ္စ ဟာ လာမယ့် ၂၄ နာရီအတွင်း ဖြစ်တော့မှာလို့ ပြောပေးပါ'

ပီတာက

'အဘိုးကြီးနှင့် အင်နီတို့က အိမ်ဖြူတော်ကို သွားပြီး သမ္မတနဲ့ သွားတွေ့ နေကြသတဲ့၊ သူတို့ အချိန်တော်တော်ကြာဦးမယ်လို့ လက်ထောက် ဒါရိုက်တာ မာတင်လင်းဒရို့စ်က ပြောထားတယ်'

'ဒီမယ် ပီတာ၊ အရေးကြီးတာက ဒါရိုက်တာအဖွဲ့ဝင် တစ်ယောက်ယောက် ကို၊ အို ဒါရိုက်တာ အားလုံးကိုလည်း ပြောထားလိုက်ပါ၊ လင်းဒရို့စ် ဟာ လွဲရင်ပေါ့လေ၊

ပီတာက

'ဒီမယ် ဆိုရာယာ အဖွဲ့ချုပ်ကို လာခဲ့ပါလား၊ ကိုယ့်ဘာကိုယ် လာအပ် လေ၊ ကျုပ်တို့အားလုံး မင်းကို ကူညီကြမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဒီလောက် မရူးသေးပါဘူး'

ပြောမယ့်သာ ပြောလိုက်ရသည်။ သူမကိုယ် သူမ ရူးများနေလေရော့သလားဟု အောက်မေ့နေမိသည်။ သူမက

'ဒါဆို ပြောစရာစကား ရှိတာ ဒါပဲ'

၀

ကတ်တရာသည် သူတို့နေရသော အခန်း အပြင်ဘက်မှ စောင့်နေသော အစောင့် နှစ်ယောက်ကို အကဲခတ်လိုက်၏။ သူမ၏ အပေါ်အင်္ကျီ ထိပ်ပိုင်းမှ ကြယ်သီးနှစ်လုံးကို ဖြုတ်လိုက်သည်။ သူမသည် အတွင်းခံ ဘရာစီယာ ဝတ်ထားခြင်း မရှိပါ။ သူမ၏ ကိုယ်လုံး ကိုယ်ပေါက် လှကြောင်း သူမ သိသည်။

အစောင့်များသည် အစ ပထမတော့ ဖဲရိုက်နေကြခြင်း ဖြစ်သည်။ သို့သော် ကတ်တရာ၏ လှုပ်ရှားမှုကြောင့် ကတ်တရာထံသို့ အာရုံ ရောက်သွားကြ၏။ ကတ်တရာက သူမ၏ အပေါ်ဝတ်ရုံကို ခါးထိ လျှောချလိုက်ပြီး သူမ၏ ရင်သားများပေါ်မှ ဒဏ်ရာများကို ပြလိုက်၏။

ကတ်တရာက

'ဒီမှာရှင့် ကြည့်ကြပါဦး၊ ကျွန်မကို ဘယ်လောက်တောင် နှိပ်စက်ထားသလဲ ဆိုတာ'

အစောင့်များသည် အခန်းထဲသို့ ဝင်လာကြ၏။ အခန်းထဲတွင် မာထာ လင်းဒရိုစ် မှောက်ခုံကြီး လဲကျနေသည်ကို မြင်ရ၏။ လင်းဒရိုစ် မျက်နှာပေါ်တွင် သွေးစ သွေးနများ မြင်ရသည်။ လင်းဒရိုစ်သည် အသက်မ မှန်မှန်ရှူပုံမရ။ အစောင့် နှစ်ယောက်ထဲမှ အရပ်ရှည်ရှည် အစောင့်တ

'ဟေ မင်း ဒီလူကို ဘာလုပ်လိုက်တာလဲ'

ပြောပြောဆိုဆို လင်းဒရိုစ်ကို မကြည့်ဘဲ ကတ်တရာနားသို့ တိုးသွား၏။

ထိုအခိုက်မှာပင် လင်းဒရိုစ်သည် နောက်မှ ပါလာသော ပုပုအစောင့်၏ လည်တိုင်ကို သူ့ခြေနှစ်ဖက်ဖြင့် ဆောင့်ဆွဲလှဲလိုက်၏။ ပုပုအစောင့်သည် ခေါင်းနှင့် သမံတလင်းကို ပြင်းထန်စွာ ဆောင့်သွား၏။ ထိုစဉ် အရပ်ရှည်ရှည် အစောင့် ဆတ်ခနဲ လှည့်ကြည့်သည်။ ထိုစဉ် ကတ်တရာက လင်းဒရိုစ် သ



သည့်အတိုင်း အရပ်ရှည်ရှည် အစောင့်၏ ပေါင်ကြားထဲသို့ **ဒူးဖြင့် တိုက်**လိုက်လေ၏။ အရပ်ရှည် ရှည်အစောင့်သည် ငိုက်ခနဲ ငုံ့ကျလာရာ **အဆင်**စောင့်နေသော လင်းဒရိုစ်က ထိုလူ့ခေါင်းကို လက်သီးဖြင့် ပြင်းစွာ **ထိုးလိုက်**လေ၏။

ထို့နောက် လင်းဒရိုစ်နှင့် ကတ်တရာတို့သည် သတိ လစ်နေသော အစောင့် နှစ်ယောက်အား သူတို့၏ အဝတ်အစား များကို ချွတ်၍ ပါးစပ်ထဲသို့ အဝတ်ဆို့၍ ပိတ်ဆို့ကာ ကြိုးများဖြင့် ချည်ထားခဲ့ကြသည်။ ထို့နောက် သူတို့နှစ်ယောက်သည် အစောင့်များ၏ ဝတ်စုံများကို ဝတ်ပြီး လက်နက်များ ကိုလည်း ယူလိုက်ကြသည်။ လင်းဒရိုစ်သည် ကတ်တရာအား မောင်းပြန် သေနတ်ကို လှမ်းပေးရင်

'မင်း သေနတ်ပစ်တတ်ရဲ့လား'

ကတ်တရာက

'ခလုတ်တော့ ဆွဲတတ်ပါတယ်'

'ဒါဆို ရပြီ'

သူတို့ နှစ်ယောက်သား အခန်းထဲမှ အပြင်သို့ ထွက်လိုက်ကြ၏။

၀

ဂျေဆင်ဘွန်းကို ပျက်စီးနေသော ဆောဘာရင်းလေယာဉ်ထဲမှ လူတချို့က ဆွဲထုတ်ကြသည်။ သူတို့ အချင်းချင်းလည်း အာရဗီ ဘာသာစကားဖြင့် ပြောကြသည်။ လေယာဉ်အပြင်ဘက် အရောက် ပြေးလမ်းကြောင်းပေါ် ရောက်သည်နှင့် မတ်တတ်ရပ်နိုင်ပြီ ဖြစ်၏။ ထိုအခါမှ လက်နက်အပြည့်အစုံ ဆာပ်ထားသော သံချပ်ကာ ကားနှစ်စီးကို တွေ့ရသည်။ သံချပ်ကာ ကားများသည် သစ်ခက် သစ်ရွက်များဖြင့် ဖုံးကွယ်ထားသည် ဖြစ်သောကြောင့်လည်း လေယာဉ်ပေါ်မှ ဂျေဆင်ဘွန်း မမြင်တွေ့ခဲ့ရခြင်း ဖြစ်မည်။ အစောင့်များသည် ဂျေဆင်ဘွန်းအား ကားတစ်စီးထဲ ထည့်၍ ကားတံခါးကို ပိတ်လိုက်၏။ ထိုကားသည် တစ်နေရာသို့ မောင်းသွားသည်။ ထို့နောက် အခန်းသေးသေး ထဲသို့ ဂျေဆင်ဘွန်းအား သွင်းလိုက်သည်။ အခန်းသည် ပိန်းပိတ် မှောင်နေ၏။ အပေါ်မှ မှိတ်တုတ် မှိတ်တုတ် လင်းနေသော အနီရောင်မီးလုံးတစ်လုံး ရှိသည်။ ဘွန်း နံဘေးတွင် ထွားကြိုင်းသော အစောင့် တစ်ဦးက စောင့်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုစဉ် ဘွန်း ကြားဖူးနေကျ အသံတစ်သံက

'ဟယ်လို ဂျေဆင်၊ ကျုပ်နဲ့ မင်းက ဒီလို ထူးထူးခြားခြား တိုက်တိုက် ဆိုင်ဆိုင်တွေ တွေ့နေရပါလား၊ ဆိုစမ်းပါဦး၊ ဒီကို ဘာကိစ္စ ရောက်လာတာလဲ'

ထိုအသံ ကြားရမှ ဂျေဆင်ဘွန်းသည် သူ ရောက်နေသော အရပ်မှာ ဆော်ဒီလုံခြုံရေး တပ်ဖွဲ့ စခန်းချရာနေရာ ဖြစ်ပြီး သူ့ကို ပြောလေသူမှာ တပ်ဖွဲ့ခေါင်းဆောင် ဖေအယ်ဆောဒ်ဖြစ်ကြောင်း သိသွား၏။ သူနှင့် ဖေအယ် တို့သည် အိုက်စလန်ကျွန်း လှုပ်ရှားမှုတွင် အတူ တွဲဖက်လုပ်ဖူးသည်။ ဂျေဆင် ဘွန်းက

'ကျုပ် အကြမ်းဖက် ခေါင်းဆောင် ဟာဒီ နောက်ကို လိုက်နေတာ'

ဖေအယ်က

'အေးဗျာ၊ ဟာဒီက ဆော်ဒီလူမျိုးတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဆော်ဒီလူမျိုး အတွက်တော့ ပြဿနာကောင်ပဲဗျ'

'သူ ဆော်ဒီနယ်စပ်မှာ စခန်းတစ်ခု ဖွင့်ထားတယ်ဗျ'

'ဒီမှာ စခန်းဖွင့်ပြီး သူ ဘာလာလုပ်နေတာလဲ'

'အမှန်အတိုင်း ပြောရရင်တော့ ဟာဒီရဲ့ ဒူဂျာဂိုဏ်းဟာ အဲဒီ မြေအောက် စခန်းမှာ ဈေးကလီးယားလက်နက် လုပ်နေကြတာဗျ'

'ကျုပ်တို့လည်း တစ်စွန်းတစ်စ ကြားတယ်၊ ဒါကြောင့် သူတို့ဆီက ထုတ်လွှင့်တဲ့ သတင်းတချို့ကို အမြဲဖမ်းယူ နားထောင်နေတာပဲ'

ထိုစဉ် နားကြပ်ဖြင့် နားထောင်နေသော ဆက်သွယ်ရေးသမားက ဖမ်းမိသော သတင်းအချက်ကို ဖေအယ့်အား ပြသည်။ ဖေအယ်က ဂျေဆင် ဘွန်းအား လှမ်းပေးပြီး

'ခင်ဗျား ဒါကို ကြည့်ဖို့လိုမယ် ထင်တယ်'

ဂျေဆင်ဘွန်းသည် အာရဗီဘာသာဖြင့် ရေးထားသော သတင်းတို ဖတ် လိုက်၏။

*နှစ်ယောက်စလုံး ပျောက်ဆုံးနေတယ်၊ အစောင့် နှစ်ယောက်တို့ကို အခန်းတစ်ခုထဲမှာ တွေ့ရတယ်။*

*ဘယ်လောက် ကြာပြီလဲ။*

*မိနစ် နှစ်ဆယ်လောက်တော့ ကြာပြီထင်တယ်၊ အတိအကျတော့ မသိ တတ်ဘူး။*

*ဒါဆို ချက်ချင်း သူတို့ကို လိုက်ရှာ၊ တွေ့အောင်ရှာ၊ တွေ့ရင် သတ်ပစ်လိုက်*



လင်းဒရိုစ်နှင့် ကတ်တရာတို့သည် မီရန်ရှား စခန်းထဲမှာ ထွက်ပြေးနေကြ၏။ ထိုစဉ် ခေါင်မိုးထက်မှ သတိပေး ခေါင်းလောင်းသံများ တညံညံ မြည်လာ၏။ ကတ်တရာက

'ကျွန်မတို့ ထွက်ပြေးလာတာ သူတို့ သိသွားပြီထင်တယ်၊ ဘယ်လို လုပ်ကြမလဲ'

လင်းဒရိုစ်က

'ဒါဆိုလည်း အစီအစဉ်-B ကို လုပ်ကြရုံရှိတာပေါ့၊ သူတို့ရဲ့ ဆက်သွယ်ရေး စခန်းကို ရှာရမယ်၊ သွားရမယ်'

ကတ်တရာက

'ဒါဆိုရင် ထွက်ပေါက်နဲ့ ပိုဝေးသွားမှာပေါ့၊ ကျွန်မတို့ ဒီက ထွက်နိုင် ပါဦးမလား'

'ကျုပ်တို့ ပထမဆုံး စဉ်းစားရမှာက အသက်ရှင်နေဖို့ပဲ ပြီးမှ လွတ် မြောက်ဖို့ လုပ်ရမယ်၊ ဒီတော့ ပထမဆုံး လုပ်ရမှာက ကျုပ်ရဲ့ လူတွေကို ကျုပ်တို့ ဘယ်ရောက် နေသလဲဆိုတာ အကြောင်းကြားရမယ်'

ထို့နောက် လင်းဒရိုစ်သည် စိတ်လှုပ်ရှားသော်လည်း ဟန်မပျက် အတွင်းဘက်သို့ ပြန်ကွေ့လျှောက်လိုက်၏။ သူ တို့သည် အစောင့် အဝတ် အစားများ ဝတ်ထားသည်ဖြစ်ရာ တော်ရုံသင့်ရုံနှင့် မသိလောက်ဟု ယူဆ၏။ အကွေ့တစ်ခုသို့ ကွေ့လိုက်သောအခါ လူနှစ်ယောက်သည် ကော်ရစ်တာ အစွန်းမှ သူတို့ဘက်သို့ လာနေသည်ကို တွေ့ရ၏။ တစ်ယောက်သည် ကော်ရစ်တာအတိုင်း ရှေ့မှ လာနေခြင်း ဖြစ်သည်။

တစ်ယောက်သည် နောက်မှ အကာအကွယ်အစောင့် သဘောမျိုး လိုက်ပါလာခြင်း ဖြစ်သည်။ ထိုသူ၏ လက်ထဲတွင် မောင်းပြန်သေနတ်တစ်လက် ကိုင်ဆောင် ထားပြီး သူတို့အား ချိန်ရွယ်လိုက်သည်။

၀

ဆိုရာယာက

'ကျွန်မအနေနဲ့ အဖွဲ့ချုပ်ကို ဖြစ်တဲ့ နည်းနဲ့ ဆက်သွယ်ပြီး သတိပေးမှ ဖြစ်မယ်'

တိုင်ရွှန်က

www.burmeseclassic.com

www.burmeseclassic.com



'မင်းလည်း စောစောက ကြားလိုက်သားပဲ၊ မင်း ဘယ်လိုပဲ ဆက်သွယ် ဆက်သွယ် အကြောင်းထူးမယ် မထင်ဘူး'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ မကြိုးစားပဲလည်း မနေနိုင်ဘူး'

'ဟုတ်တော့လည်း ဟုတ်ပါတယ်'

သူတို့နှစ်ဦးသား ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။ ဆိုရာယာ အနေဖြင့် ဘယ်နည်းနှင့်မှအဖွဲ့ချုပ်သို့ ဝင်ရောက်ရန် မဖြစ်နိုင်။ သို့သော် ရောက်အောင်လည်း မသွားလို့မဖြစ်၊ သူတို့နှစ်ဦးသည် အလွန် စွန့်စားရသော အစီအစဉ်ကို ဆွဲလိုက်ကြ၏။ ၎င်းအစီအစဉ်မှာ အဖွဲ့ချုပ်လျောင်အိမ်အတွင်းသို့ စွန့်စား ဝင်ရောက်ခြင်းပင် ဖြစ်သည်။ သည့်အတွက် သူတို့အသက် ဆုံးရှုံးနိုင်သည်။

၀

ဖေအယ်ဆော့ဒ်က

'ဒီအတိုင်းဆိုရင် ဖာဒီက အကျဉ်း သားတွေ၊ ဘာတွေ ဖမ်းထားပါလား'

ဘွန်းက

'တစ်ယောက်တော့ ကျုပ် သေသေချာချာ သိမယ်၊ သူကတော့ ကျုပ် မိတ်ဆွေကြီး မာတင်လင်းဒရို့စ်ပဲ'

ဆော်ဒီ လုံခြုံရေးမှူးချုပ်က ခေါင်းညိတ်ပြပြီး

'အား ဟုတ်သားပဲ၊ ဖာဒီရဲ့ ညီက အဖွဲ့ချုပ်ဆီကို အယောင်ဆောင်သွားမယ့်လူ အစစ်လေ၊ အခုပုံအတိုင်းဆိုရင် သူ အသက်ရှင်နေပုံ ရတယ်၊ တခြား တစ်ယောက်က ဘယ်သူများ ဖြစ်နိုင်ပါလိမ့်'

'ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး'

လုံခြုံရေးမှူးချုပ်က

'သူတို့စခန်းထဲ ဝင်ဖို့ဆိုတာလည်း မလွယ်ဘူးဗျ'

ဘွန်းက

'ဒါဆိုလည်း လူနဲ့ ဒီအတိုင်း မဝင်ဘူးဗျာ၊ တင့်ကားနဲ့ ဖောက်ပြီး ဝင်မယ်'

၀



အကြမ်းဖက် ခေါင်းဆောင်က အသံကုန်ဟစ်၍

'ခင်ဗျားက ဒီဘာလာ လုပ်နေတာလဲ'

အကြမ်းဖက် ခေါင်းဆောင်သည် စိတ်လှုပ်ရှားနေပုံရ၏။ သူသည် သတိကြီးစွာ ထားနေပုံရ၏။ လင်းဒရို့စ်က

'ကျုပ်တို့ကို ဒီကိုလွှတ်လိုက်တာပဲ'

အကြမ်းဖက် ခေါင်းဆောင်က

'မင်း အလင်းရောင်ထဲကို ဝင်ခဲ့စမ်း၊ မင်းက တို့ထဲက မဟုတ်ပါဘူး၊ သေနတ်ကို အောက်ချလိုက်'

လင်းဒရို့စ်သည် ချက်ချင်းဆိုသလိုပင် လက်ထဲမှာ ကိုင်ထားသော သေနတ်ဖြင့် ထိုသူအား ထိုးချိန်လိုက်၏။ တစ်ချိန်တည်းတွင် ပါလာသော ကတ်တရာကလည်း သေနတ်ဖြင့် ထိုသူအား ချိန်လိုက်၏။

အကြမ်းဖက် ခေါင်းဆောင်က တုန်လှုပ်သွားပုံ ရ၏။

လင်းဒရို့စ်က အာရဗီဘာသာဖြင့်

'မပစ်နဲ့'

တစ်ဆက်တည်း ကတ်တရာ အားလည်း

'ကတ်တရာ မပစ်လိုက်ပါနဲ့'

လင်းဒရို့စ်သည် အကြမ်းဖက် ခေါင်းဆောင်အား

'ကျုပ်တို့ရှေ့ကသွား၊ ကျုပ်ပြောတဲ့ အတိုင်းလုပ်၊ ဘာဖြစ်ဖြစ် ဘာတွေ့တွေ့ မောင်ရင့် လက်နှစ်ဖက်ကို နံဘေးမှာ ချထား'

သူတို့သည် လမ်းချိုး တစ်ခုထိ လျှောက်လာကြသည်။ ခပ်လှမ်းလှမ်းမှ အစောင့်တစ်ယောက်ကို လှမ်းမြင်လိုက်သည်။ လင်းဒရို့စ်သည် အသင့်ပါလာသော အရက်ပုလင်းထဲမှ အရက်များနှင့် ရှေ့မှလျှောက်လာသော အကြမ်းဖက် ခေါင်းဆောင်ပေါ်သို့ လောင်းချလိုက်ရင်း တစ်ချိန်တည်းတွင် ကတ်တရာအား

'ဝပ်ချလိုက်'

လင်းဒရို့စ်သည် ဝပ်ချလိုက်သော ကတ်တရာကို ကျော်၍ လက်ထဲမှ ကိုင်လာသော သေနတ်ဖြင့် ကျည်တွဲ တစ်တွဲ ဖြုတ်ချလိုက်သည်။ လင်းဒရို့စ်၏ သေနတ်ကျည်ဆန်များသည် တစ်ဖက် အစောင့်တစ်ကိုယ်လုံးသို့ ထိမှန်သွားသည်။ အစောင့်ကလည်း လက်ထဲမှာ ကိုင်ထားသော သေနတ်ဖြင့် ပြန်ပစ်သည်။ သို့သော် သူ့ ကျည်ဆန်များသည် ပရမ်းပတာ ဟိုရောက်ဒီရောက် ဖြစ်နေ၏။ တစ်ချိန်တည်းတွင် သူလည်း ပုံလျက် လဲကျသွားသည်။ ထိုစဉ် ဘို့ရှေ့မှ ရောက်လာသော အကြမ်းဖက် ခေါင်းဆောင်သည် မျက်နှာပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကျလာသော အရက်များကို သုတ်ဖို့ ကြိုးစားနေ၏။ လင်းဒရို့စ်သည် ထိုသူ၏ ခေါင်းကို သေနတ်ဖင် ဖြင့် ဆောင့်လိုက်၏။ ခေါင်းဆောင်လည်း လဲကျ မေ့မြောသွား၏။ ထိုအခါမှ လင်းဒရို့စ်က ကတ်တရာကို ခေါ်ဆောင်၍ ကတ်တရာ ညွှန်ပြထားသော ဆက်သွယ်ရေး အခန်းသို့ သွားသည်။ ဆက်သွယ်ရေး အခန်းမှာ ဥမင် လမ်းကြောင်း ထောင့်ချိုး တစ်နေရာတွင် ရှိသည်။

ဆက်သွယ်ရေး အခန်းထဲတွင် လူ နှစ်ယောက်သည် ဆက်သွယ်ရေး ခလုတ် ခုံများနှင့် အလုပ်ရှုပ်နေကြ၏။ လင်းဒရို့စ်သည် လူတစ်ယောက် နောက်ကို အသာကပ်၍ ထိုသူ၏ ခေါင်းကို ဘယ်ဘက်လက်ဖြင့် လိမ်ချိုး လိုက်၏။ တစ်ဖက်မှ လူကလှုပ်ရှားမည် ပြုသည်တွင် အသင့် ကိုင်ဆောင် ထားသော ဓားဖြင့် ထိုလူ့ကို လှမ်းပေါက်လိုက်ရာ ထိုသူလည်း လဲကျသွား၏။ ကတ်တရာသည် လင်းဒရို့စ်၏ လျင်မြန်သော လှုပ်ရှားမှုကို ငေးမောကြည့် နေ၏၊ ပါးစပ်မှလည်း ညည်းတွားသော အသံများ ထွက်နေ၏။ လင်းဒရို့စ်က ကတ်တရာအား

'ဟေ့ ရပ်ပြီး ကြောင်ကြည့်မနေနဲ့ အပေါက်ဝကို သွား၊ အပြင်ကို စောင့်ကြည့် မည်းမည်း မြင်သမျှကို ပစ်'

၀

ဖေအယ်ဆော့ဗ် နားကြပ်မှ အသံများ ထွက်လာသည်။ ဖေအယ်ဆော့ဗ်သည် နားကြပ်ထဲမှ အသံများကို နားထောင်သည်။ ပါးစပ်မှလည်း 'နားလည်ပြီ၊ နား လည်ပြီ' ဟု ပြန်ဖြေသည်။ ထို့နောက် အနားမှာ ရှိသော ဘွန်းအား

'ကျုပ်တို့ကို ဌာနချုပ်က ချက်ချင်း ပြန်လာဖို့ အမိန့်ပေးနေတယ်'

သူတို့ အဖွဲ့အစည်း မော်တော်ယာဉ် ရှိရာသို့ ပြန်လာကြသည်။ မော်တော်ယာဉ် ပေါ်မှ ဆက်သွယ်ရေး ပုဂ္ဂိုလ်က

'စခန်းထဲက ဆက်သွယ်ချက်ရတယ်၊ အဲဒီ ပုဂ္ဂိုလ်က သူ့ကိုယ်သူ မာတင် လင်းဒရို့စ်လို့ ပြောတယ်'

ဘွန်းသည် ကပျာကယာ ဆက်သွယ်ရေး ပုဂ္ဂိုလ်ထံမှ နားကြပ်နှင့် စကားပြောခွက် ယူလိုက်ပြီး

'မာတင် ခင်ဗျား၊ မာတင် မဟုတ်လား၊ ကျုပ်က ဘွန်းလေ'



တစ်ဖက်မှ အသံက

'ဂျေဆင်လား မင်းက အသက် ရှင်တုန်းပဲလား'

'ရှင်ပါ့ဗျာ'

'ဖာဒီကတော့ မင်းကို သေပြီလို့ ထင်နေတာ'

'ကျုပ်က သူ့ကို အဲဒီလို ထင်စေချင်တာလေ'

'ဒါထက် ဂျေဆင် မောင်ရင်က အခု ဘယ်မှာလဲ'

'ကျုပ်လား၊ အခု ခင်ဗျားရောက်နေတဲ့ လိုဏ်ဂူစခန်း အပေါ် တည့်တည့်မှာပေါ့ဗျာ'

၀

'ဘုရားရေ ကျုပ်နဲ့အတူ အမျိုးသမီး တစ်ယောက် ပါတယ်၊ သူ့နာမည် ကက်တယာတဲ့'

'ဗျာ ကက်တယာဗိန်းဒရော့လား'

ဂျေဆင်ဘွန်းနှင့် မာတင်တို့ အပြန်အလှန် ပြောကြားနေသည်များ ခေါင်းဆောင်ကြီး ဖာဒီသည် သူ့ရဲ့ ဆက်သွယ် ရေးစနစ်ဖြင့် ကြားနေရ ထို့ကြောင့် သူ လက်ထောက် အဘူဘင် အဇစ်ကို လှုပ်ရှားဖို့ အချက် လိုက်၏။ တစ်ချိန်တည်းတွင် ဖာဒီသည် နားကြပ်မှ တစ်ဆင့် တစ်ဖက် ပြောစကားများကို ဆက်လက် နားထောင်နေ၏။ သူ့စိတ်များသည် အလွန် လှုပ်ရှားနေ၏။

'ဩော် ဂျေဆင်ဘွန်းက အသက်ရှင်တဲ့အပြင် ဒီမှာတောင် ရောက်နေ သတဲ့၊ လက်စားချေဖို့ ဘယ်လောက် ကောင်းတဲ့ အခွင့်အရေးများပါလိမ့် ဒီထက် ကောင်းတဲ့အခွင့်အရေးတောင် ဒီလောက် မကောင်းနိုင်တော့ဘူး' တွေးနေမိ၏။

ထိုစဉ် မိုက်ခွက်ထဲမှ ဂျေဆင်ဘွန်း၏ အသံ ထွက်ပေါ်လာသည်။

'မာတင် အဲဒီမှာ အခြေအနေ ဘယ်လိုရှိသလဲ'

'အခြေအနေက မဆိုးပါဘူး၊ ကျုပ်တို့ နှစ်ယောက်မှာလည်း လက်နက် ကိုယ်စီ ရှိပါတယ်'

'မာတင် နားထောင်၊ ကျုပ်တို့ ခင်ဗျားဆီကို လာပြီး ကယ်မယ်'

'ကောင်းပြီ၊ ကျုပ်တို့လည်း နည်းနည်း ပိုလုံခြုံတဲ့ နေရာလေး ရှာပြီး နေမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ ဒါပဲ'

မိုက်ခွက်မှ စကားပြောသံများ ရပ်စဲ သွားသည်။ ဖာဒီသည် စကားပြော ခွက်ကို ချပြီး သကာလ ရှေ့ဘက်သို့လှည့်၍

'ဘွန်း ဒီကို ရောက်လာပြီဆိုတော့ စောစောက ရထားတဲ့ သတင်းတွေ အကုန်လုံး ဆက်စပ်ကြည့်လို့ ရသွားပြီ၊ စောစောက ရထားတဲ့ ဆော်ဒီ တိုက် လေယာဉ်နှစ်စင်း အပြန်အလှန် ပြောနေတဲ့ စကားတွေရယ်၊ ကျုပ်တို့ လေယာဉ် တုံ့ပြန်မှု မပေးခဲ့တာကို ထောက်ကြည့်ရင် ဘွန်းက ကျုပ်တို့ လေယာဉ်ကိုအပိုင် စီးပြီး ဖြစ်မယ်၊ လေယာဉ်ပေါ်မှာ ပါတဲ့ လေယာဉ်မှူးရော မူတာဘင် အဇစ်ကိုပါ သတ်လိုက်နိုင်ပြီ ဖြစ်မယ်'

ဖာဒီသည် နံဘေးမှာရှိသော အဘူဘင်အဇစ်အား နှစ်သိမ့်လိုက်၏။

'သတ္တိမွေးပါ၊ အားတင်းပါ မိတ်ဆွေကြီး၊ မင်းရဲ့ အစ်ကိုဟာ အာဇာနည် သူရဲကောင်းလို သေဆုံးတာပါ၊ ငါတို့ အားလုံး သေချင်ကြတဲ့ ပုံစံမျိုးပေါ့။ သူဟာ သူရဲကောင်းကြီးပါ'

အဘူဘင်အဇစ်သည် ခေါင်းညိတ်ပြ၏။

'သူ့ကိုတော့ သတိရနေတော့မှာပါ၊ ဒါပေမဲ့ လုပ်စရာရှိတဲ့ အလုပ်ကတော့ လုပ်ရမှာပဲ၊ ကျုပ်တို့ လေယာဉ်နဲ့ အဆက် အသွယ် မရကတည်းက ကျုပ်က နျူကလီးယား စနက်တိုက် လက်နက်ကို ဟယ် လီကော်ပတာပေါ် တင်ပြီး ဒုတိယ ဂျက်လေယာဉ် ရှိတဲ့ဆီကို ပို့လိုက်ပါပြီ၊ ပြီးတော့ အဲဒီ အကျိုး အကြောင်းကိုလည်း ခင်ဗျား ညီဆီကို သတင်းပို့ပြီးပါပြီ၊ အားလုံး သတ်မှတ် ထားတဲ့ အချိန်ဇယားအတွင်း ဖြစ်မြောက် အောင်မြင်မှာပါ၊ သတ်မှတ်ချိန်က နောက် ၁၂ နာရီအတွင်း လုပ်ကြံ မှာဖြစ်ပါတယ်၊ ဟိုမှာရှိတဲ့ ကာရင် အယ်ဂျမီးလ်က သူရဲ့ ဖောက်ခွဲရေး C4 တွေကို ဖောက်ခွဲလိုက်တာနဲ့ စ[illegible] ရမှာပဲ'

ဖာဒီက

'မင်း ပြောတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ ဂျေဆင်ဘွန်းက အသက်ထင်ရှား ရှိနေတယ်၊ ပြီးတော့ ဒီကိုလည်း ရောက်နေတယ်၊ ဒါကို ငါက ဘယ်လိုလုပ် ပစ်ထားနိုင်မှာလဲ'

အဇစ်က

'သွားပါဗျာ၊ ကျွန်တော် ဘွန်းကို တာဝန်ယူပြီး ရှင်းလိုက်ပါ့မယ်၊ ခင်ဗျား မှာ ဒီ့ထက် အရေးကြီးတဲ့ တာဝန်ရှိတယ်လေ'



ဖာဒီသည် ဒေါသဖြင့် ပေါက်ကွဲသွား၏။ သူက

'ငါ့ ညီမလေးကို သွေးအေးအေးနဲ့ သတ်သွားတဲ့ ဒီဂျေဆင်ဘွန်းဆိုတဲ့ အကောင်ကို လက်စားမချေဘဲ ထားရမှာလား၊ ဒီကောင့်ကို ငါ့သတ်[illegible] သတ်ရမှုကို ကျေနပ်နိုင်မယ်'

'ဟုတ်ပါပြီ ဟုတ်ပါပြီ'

အဘူဘင် အဇစ်သည် ယခုတော့ အခြေအနေ အားလုံးကို သိမြင်သွား[illegible] ဖြစ်ပါသည်။ ဒူဂျာခေါင်းဆောင် ဖာဒီသည် အမေရိကန်နိုင်ငံကို ဖောက်ခွဲ ဖျက်ဆီးရေးနှင့် သူ၏ ကိုယ်ရေးကိုယ်တာ လက်စားချေရေးတို့ကို ပေါင်းစပ် လုပ်ဆောင်နေခြင်းပါတကား၊ အဇစ် စိတ်ထဲတွင် သူ၏အစ်ကို သေဆုံးရခြင်း အတွက် ဝမ်းနည်း ကြေကွဲမှုများကို ထိန်းသိမ်းပြီး ဒူဂျာအဖွဲ့၏ အမေရိကန် နိုင်ငံအား နျူကလီးယား လက်နက်ဖြင့် ဖောက်ခွဲ တိုက်ခိုက်ဖို့ ဆိုသည်မှာ ဒူဂျာအကြမ်းဖက် တစ်ဖွဲ့ကသာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ယခုအခါ ထို ဖောက်ခွဲ ဖျက်ဆီးရေး စီမံချက်ကို အသာထားပြီး ဖာဒီက ကိုယ်ရေး ကိုယ်တာ လက်စားချေရေးကို ရှေ့တန်းတင်လေ၏။

ထိုစဉ် သေနတ်သံများ ကြားရသည်။ ဆက်သွယ်ရေး မိုက်ကရိုဖုန်းမှ လည်း သူတို့ တပ်သား ခြောက်ယောက် ကျဆုံးကြောင်း ထပ်မံ ကြားရသည်။ ဖာဒီသည် ဒေါသတကြီးဖြင့်

'အဲဒီကောင်နဲ့ ဗိန်းဒရော့မိန်းမကို ရှင်းပစ်လိုက်ကြ'

ထိုအမိန့်ကို ရသည်နှင့် အဇစ်သည် လိုဏ်ဂူ အတွင်းဘက်သို့ ပြေးဝင် သွားရမည့်အစား ထွက်ပေါက် ရှိရာဆီသို့ ပြေးထွက်ခဲ့၏။ သူ့အနေနှင့် ဖာဒီ၏ ရှုံးသွပ်မှုကို စကားပြော၍ ဖြေရှင်း၍ မရပါက သူကိုယ်တိုင် ဖြေရှင်းရတော့ မည် ဖြစ်သည်။ သူသည် ဂျေဆင်ဘွန်းကို တွေ့အောင်ရှာရမည် ပြီးတော့ ရှင်းပစ်ရမည်။

၁

တိုင်ရှွန်က ဆိုယာရာအား

'အဲ ဟိုမှာ သူတို့လာပြီ'

တိုင်ရှွန်နှင့် ဆိုယာရာတို့သည် ချက်ပလက် ကားဖြ[illegible] ဝင်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြ၏။ ကားဖျူကြီးသည် ဖို့ဒ် ကားနံဘေးမှာ ယှဉ်ရပ်သည်။ ကားပေါ်မှ လူနှစ်ယောက် ဆင်းလာသည်။ သူတို့သည် အနောက်တိုင်း ဝတ်စုံများ ဝတ်ထားသော်လည်း အာရပ်နွယ်ဖွားများ ဖြစ်ကြောင်း သိသာ ထင်ရှားလှ၏။

တိုင်ရွှန်က

'ကျုပ်တို့ လှုပ်ရှားဖို့ အချိန်ကျပြီ'

၀

ကက်တယာက

'ဟိုမှာ လူတွေ လာနေကြပြီ'

လင်းဒရို့စ်က ကက်တယာ့ လက်ကို ဆွဲပြီး ဆက်သွယ်ရေး အခန်းထဲမှ ထွက်ကာ တစ်ဖက်သို့ ပြေးလေသည်။ တစ်ချိန်တည်းတွင် ကက်တယာအား

'ဆက်ပြေးနှင့်၊ လမ်းထောင့်ကျရင် ကျုပ်ကို စောင့်'

ကက်တယာက

'ရှင်က ဘာလို့ ကျန်ခဲ့မှာလဲ'

'ဂျေဆင်က ကျုပ်ကို ကုဒ်နဲ့ အချက် ပြထားတာရှိတယ်၊ အဲဒီထဲမှာ နှစ်ချက်ပါတယ်၊ တစ် ကျုပ်တို့ နှစ်ယောက် အပြန်အလှန် ဆက်သွယ်ရေးနဲ့ ပြောတာကို ဖာဒီက ကြားဖြတ် နားထောင်ပြီးသား ဖြစ်ရမယ်၊ နှစ် ဂျေဆင်မှာ အစီအစဉ် ရှိပုံရတယ်၊ ပြီးတော့ ကျုပ်တို့က သူ့ကို ဒီထဲရောက်အောင်အထိ အခွင့်အလမ်း ပေးရမယ်၊ ဒါကြောင့် ကျုပ်တို့က လမ်းကြောင်း ပြောင်းသွားအောင် လုပ်ပေး ရမယ်'

ကတ်တယာသည် ခေါင်းညိတ်လိုက်၏။ သူ့မျက်လုံးများမှာ ကြောက်နေ၏။ သို့သော် လင်းဒရို့စ် ပြောသည့်အတိုင်း ပြေးထွက်ခဲ့၏။ ကတ်တယာ ပြေးသွားသည်နှင့် လင်းဒရို့စ် လှမ်းကြည့်လိုက် သောအခါ အကြမ်းဖက် အဖွဲ့ဝင် တစ်ယောက်ကို မြင်ရသည်။ လင်းဒရို့စ်သည် ထိုလူ့ကို ပစ်လိုက်ရာ အူယားနေ၏။ သို့သော် သူ့ကိုယ်သူ ထိန်းချုပ်လိုက်၏။ ထိုစဉ် နောက်ထပ် အကြမ်းဖက်အဖွဲ့သားများ ရောက်လာပြီး ဆက်သွယ်ရေး အခန်းထဲသို့ ဝင်ကြ၏။ သူတို့ ပြန်ထွက် လာသောအခါမှ လင်းဒရို့စ်က ပစ်ခတ်လိုက်၏။ ထို့နောက် ကတ်တယာ နောက်ကို ပြေးလိုက်ခဲ့၏။ သူ့ကို မြင်ရသော အခါမှ ကတ်တယာသည် စိတ်သက်သာရာ ရသွားပုံရ၏၊ သူမက



'ခု ကျွန်မတို့ ဘယ်ကို သွားကြမှာလဲ'

လင်းဒရို့စ်က

'သူတို့ ရှာနေကြတဲ့ နေရာနဲ့ ဝေးရာပေါ့၊ ကျုပ်တို့ ပုန်းစရာ တစ်နေရာ ရှာရမယ်'

၀

ဂျေဆင်ဘွန်း သေနတ်သံများ ကြားရ၏။ သေနတ်သံများ ကြားရခြင်းတို့ အကြောင်းပြု၍ လင်းဒရို့စ်သည် လမ်းကြောင်း ပြောင်းလဲရန် ကြိုးစားနေပြီ ဖြစ်ကြောင်း သိရ၏။ သူသည် ရှေ့မှတံခါးကို ဆွဲဖွင့်၍ ခန်းမကြီးထဲသို့ လှိမ့်ဝင်လိုက်၏။ ကွန်ကရစ် ခန်းမကြီးထဲတွင် မော်တော်ယာဉ်များ စစ်တား များ စနစ်တကျ ရပ်ထားသည်ကို တွေ့ရလေသည်။ သူသည် စိတ်အေး သွားသည်။ ကားများ အလွန်တွင် လမ်းကြောင်းတစ်ခု မြင်ရသည်။

ထိုစဉ် သေနတ်ကျည်ဆန်များ သူ့ ၏ နံဘေး ကွန်ကရစ် ကြမ်းပြင်ပေါ်သို့ ထိမှန်လာ၏။ သေနတ် ကျည်ဆန်များမှာ ဥမင်အောက်သွား စစ်ကားတစ်စီး ထံမှ လာခြင်းဖြစ်သည်။ ထိုကားသည် သူရှိရာသို့ ပစ်ခတ်ရင်း တိုးလာနေ၏။ ဂျေဆင်ဘွန်းသည် သူ့ထံသို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားရှိရာသို့ တည့်တည့် ပြေးသည်။ ကျည်ဆန်များသည် သူ့နံဘေးမှ ဖြတ်သွားကြသည်။ ဘွန်းသည် ပြေးရင်းလွှားရင်း သူနှင့် တည့်တည့် အရှိန်နှင့် မောင်းလာသော ကားရှေ့မှန် ရှိရာသို့ ပခုံးစောင်းနှင့် ခုန်တိုက်လိုက်သည်။ ကားရှေ့ မှန်သည် မောင်းလာသော အရှိန်၊ ခုန်တိုက်လိုက်သော ပြင်းအားကြောင့် မှန်မှာ တစ်စစီ ကွဲသွားလေသည်။ ဘွန်း တစ်ကိုယ်လုံးသည် အဇစ်ရှိရာသို့ ရောက်လာ၏။ အဘူဘင် အဇစ်သည် လက်ထဲမှာ သေနတ် အဆင်သင့် ရှိနေသော်လည်း ပြင်းထန်စွာ ဝင်ရောက်လာသော ဘွန်း ကိုယ်လုံးကြောင့် ပစ်ချိန်ပင် မရတော့ပေ။ ကားစတီယာရင်ကိုသာ မြဲမြဲဆုပ်နေလိုက်၏။ ချက်ချင်း သတိရပြီး လက်ထဲမှ သေနတ်နှင့် ဘွန်းအား နှစ်ချက်ပစ်သည်။ သူတို့ နှစ်ဦးသည် လူချင်းပူးကပ်နေရာမှ ကျည်ဆန်များသည် ပစ်မှတ်သို့ မထိရောက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားသည် ကွန်ကရစ် အုတ်နံရံကြီးအား ဒိုင်းခနဲ ဝင်တိုက် မိလေ၏။

ဂျေဆင်ဘွန်းသည် ကားနှင့် နံရံကြီး တိုက်မိသည်ကို ကြိုတင် တွက်ထားပြီး ဖြစ်ရာ ကိုယ်ခန္ဓာကို လျှော၍ ထိုင်ခုံမှာ လျှောချလိုက်ရာ အဘူဘင်အဇစ်သည် ဘာမှ ပြင်ဆင်ထားခြင်း မရှိသည့်အတွက် ကားနှင့် အုတ်နံရံ တိုက်မိသည်နှင့် ရှေ့တည့်တည့်မှ စတီယာရင်သည် ရင်ဝကို ပိတ်ဆောင့်ခံလိုက်ရ၏။ ခေါင်းသည် ရှေ့သို့ ငိုက်ကျသွားရာ ကားရှေ့မှန်ကွဲများနှင့် မျက်နှာအပ်မိပြီး ပြင်းထန်စွာ ဒဏ်ရာ ရသွားလေသည်။

ဘွန်းသည် အဇစ် လက်ထဲမှ သေနတ်ကို ဆွဲယူလိုက်သည်။ ထို့နောက် သတိလစ်နေသော အဇစ်၏ ပါးနှစ်ဖက်ကို ခပ်ဆက်ဆက် ရိုက်လိုက်၏။ သူ့တွင် အချိန်များစွာမကျန်တော့။ အဇစ်သည် ကြာမြင့်စွာ အသက် ရှင်တော့မည်မဟုတ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဇစ် မသေမီ ဆာရာဘင်အရှက် သေဆုံးမှုနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်ကို သူသိမှ ဖြစ်မည်။ ဘွန်းက

'အိုဒက်ဆာညမှာ ဘယ်လိုဖြစ်တာတုံး အဘူ'

ဘွန်းသည် အဘူဘင် အဇစ်၏ နာမည် အပြည့်အစုံကို မခေါ်ဘဲ အဘူး ဆွတ် ခေါ်လိုက်ခြင်းသည် တမင်သက်သက် စော်ကားမော်ကား ခေါ်လိုက်ခြင်း ဖြစ်သည်။

အဘူအဇစ်သည် ထိုင်ခုံပေါ်တွင် မြော့မြော့ကလေး လဲကျနေရာမှ

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

ဘွန်းက

'ဆာရာ့ကို သေနတ်နဲ့ သေအောင် ပစ်လိုက်တာ မင်း မဟုတ်လား'

အဇစ်က

'ခင်ဗျား ရူးနေပြီ'

'ငါမရူးဘူး အဘူ၊ မင်းအစ်ကို မူတာက ဝန်ခံပြီးသားကွ၊ ဆာရာ့ကို သေနတ်နဲ့ ပစ်တာ ငါမဟုတ်ဘူး၊ မင်းပစ်တာလို့ ငါ့ကို ပြောပြီးပြီ၊ အမှန်အတိုင်း ပြောစမ်းပါကွ'

အဇစ်သည် ပါးစပ်ထဲမှ သွေးများကို ထွေးထုတ်လိုက်ပြီး

'အမှန်တရားဆိုတာ ဘာလဲ'

'ကျုပ်တို့ သဲကန္တာရမှာ အမှန်တရားဆိုတာ မရှိဘူး၊ သဲကန္တာရရဲ့ သဘောက အမြဲ ရွေ့ပြောင်းနေတယ်၊ အမှန်တရား ဆိုတာလည်း အဲဒီလိုပဲ'



ဘွန်းက

'ဒါဖြင့် မင်းက ဘာလို့ လိမ်ပြောရတာလဲ'

အဇစ် ပါးစပ်ထဲမှ သွေးများသည် ချောင်းတစ်ချက် ဆိုးတိုင်း ထွက်ထွက်နေ၏။

ဘွန်းက ဤလျှို့ဝှက်ချက်ကို သိရမှ ဖြစ်မည်။ သူက

'ဆာရာဘင်အရှက် သေဆုံးရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မင်းက ဘာလို့ လိမ်ပြောရတာလဲ'

အဇစ်သည် ပါးစပ်ထဲမှ သွေးများ ထွက်နေသည့် ကြားမှ

'ကျုပ်က ခင်ဗျားကို ဘာလို့ ပြောရမှာလဲ'

'ဒီမှာ အဘူ မင်းသေရတော့မှာကို သိပါတယ်နော်၊ ကားတိုက် ခံရပြီး သေသွားလို့လည်း မင်း ကောင်းကင်ဘုံကို မရောက်နိုင်ပါဘူးကွာ၊ အေး ဒါပေမဲ့ ငါ မင်းကို သတ်ပေး လိုက်ရင်တော့ သူရဲကောင်း အဖြစ်နဲ့ သေဆုံးပြီး ကောင်းကင်ဘုံကို ရောက်ဖို့ မင်းမှာ အခွင့်အလမ်း ရှိတယ်ကွ'

အဇစ်သည် သူ့ဘဝ ကံကြမ္မာ မည်သို့ ဖြစ်လာသည်ကို တွေးဆပြီး

'ကျုပ်က ဖာဒ့်ကို ဆာရာသေဆုံးမှုနဲ့ ပတ်သက်ပြီး လိမ်ပြောရတာပါ၊ မပြောလို့လည်း မဖြစ်ဘူးလေ၊ အမှန်အတိုင်း ပြောလိုက်ရင် အားလုံး ဆုံးရှုံးကုန်ကြမှာပေါ့'

'မင်းက သေတော့မယ်ကွ၊ အမှန်ကို မြန်မြန်ပြော'

အဇစ်က

'ဟုတ်တယ်၊ ဆာရာ့ကို ပစ်လိုက်တာ ကျုပ်ပဲ၊ မူတာဘင်အဇစ် ပစ်တာလည်း မဟုတ်ဘူး၊ ကျုပ်က ဆာရာ့ကို မပစ်လို့ မရတော့ဘူးလေ၊ အဲဒီနေ့ မတိုင်ခင် ခြောက်ရက်လောက်က ဆာရာ တစ်ယောက် အိမ်ထောင်ရေး ဖောက်ပြန် နေတာကို ကျုပ် သိလိုက်ရတယ်၊ ဆာရာ့ကို ကျုပ်ပြောလိုက်တော့ ဆာရာက ဂရုတောင် မစိုက်ဘူး၊ အဲဒီကိစ္စကြီး ပေါ်သွားရင်လည်း မိသားစု တစ်ခုလုံး အကျိုးနည်း အရှက်ကွဲကြလိမ့်မယ်၊ အဲဒီလို ကျုပ်က ရှင်းပြပေမယ့် ဆာရာက လုံးဝ ဂရုမစိုက်ဘူး၊ ဒီတော့ မိသားစု တစ်ခုလုံး အကျိုးနည်း အရှက်ကွဲမယ့် အဖြစ်တော့ ကျုပ် မခံနိုင်ဘူး၊ ဟုတ်တယ်၊ ကျုပ် ဆာရာ့ကို ပစ်သတ်ခဲ့တယ်၊ အဲဒီအတွက် ကျုပ် ဂုဏ်ယူတယ်၊ အဲဒါ သစ္စာစောင့်သိတဲ့ သတ်ဖြတ်မှုပဲ'

ဘွန်းစိတ်ထဲတွင် ရှုံ့ရှာ စက်ဆုပ်သွား၏။ သူသည် အားလုံး ကြားသိရပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်ထပ် ဘာမှ သိစရာ မလိုတော့၊ သို့သော် သူပေးထားသည့် ကတိအတိုင်း ခါးကြားမှ ဓားကို ထုတ်၍ အဇစ်ကို အဆုံးသတ်ပေးလိုက်လေ၏။

၁

ဟာဒီသည် သူ့အမိန့်ကို မနာခံဘဲ ထွက်ပြေး သူများနောက်ကို မလိုက်ဘဲ ထွက်ပေါက် ရှိရာသို့ ပြေးထွက်သွားသော အဇစ်အား နောက်ကျောမှ လှမ်းပစ်လိုက်ရန် ပထမ စိတ်ကူး၏။ ထိုစဉ် တပ်သားများ ရောက်လာပြီး ထွက်ပြေးသွား ကြသူများသည် တပ်သား ရှစ်ယောက်ကို သတ်သွားကြောင်း အစီအရင်ခံ၏။ ထို့ကြောင့် ဟာဒီသည် လင်းဒရို့စ်တို့ နောက်သို့ လိုက်ရပြန်၏။ လိုဏ်ဂူ အကွေ့ တစ်ခုတွင် သေဆုံးသော တပ်သားများကို တွေ့ရသည်။ သည်ပုံ အတိုင်းဆိုလျှင် လင်းဒရို့စ်တို့သည် လက်နက်များ ရရှိသွားပြီ ဖြစ်သည်။ တပ်သား တစ်ယောက်က

'ထွက်ပြေး သွားတဲ့ လူတွေကို ကျွန်တော် မြင်လိုက်တယ်ဗျ'

'သူတို့ ဘယ်ကို သွားသလဲ'

'အောက်ထပ်ကို ဆင်းသွားကြတယ်၊ ဓာတ်ခွဲခန်းဘက်များ သွားမလား မသိဘူး'

ဟာဒီ စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ ဓာတ်ခွဲခန်းတွင် နျူကလီးယား ပစ္စည်း ရှိသည်။

တပ်သားများက

'ကျွန်တော်တို့ နောက်က လိုက်ပြီး ရှင်းလိုက်ရမလား ဆရာ'

'အေး နောက်က လိုက်သွားကြ၊ မျက်ခြည်ပြတ် မခံနဲ့၊ ဒါပေမဲ့ ရင်ချင်း မတိုက်ကြနဲ့'

ထိုသို့ အမိန့်ပေးပြီးနောက် ဟာဒီ ခေါင်းထဲတွင် ပြဿနာ အားလုံးသည် ရှင်းသွားပြီဖြစ်၏။ အကယ်၍ မာတင် လင်းဒရို့စ်သည် နျူကလီးယား ပစ္စည်း နှင့် ရဟတ်ယာဉ်တို့ကို တွေ့ရှိသွားပါက သူ စနစ်တကျ ပြင်ဆင်ထားသော စီမံကိန်း အားလုံးသည် ပျက်စီးဆုံးရှုံး သွားတော့မည် ဖြစ်၏။ သူသည် ဓာတ် လှေကားရှိရာသို့ သွားသည်။ ဓာတ်လှေကား အခန်းထဲ ဝင်၍ ဓာတ်လှေကား ကို ပိတ်လိုက်၏။

မာတင်လင်းဒရို့စ်နှင့် ကက်တယာတို့သည် တစ်ခန်းဝင် တစ်ခန်းထွက်



သွားရင်း နောက်ဆုံး ဓာတ်ခွဲခန်းသို့ ရောက်သည်။ ၎င်း ဓာတ်ခွဲခန်းမှာ မာတင်လင်းဒရို့စ်၏ မျက်လုံးကို ဖောက်ထုတ်၍ မာတင်လင်းဒရို့စ် အတု ဖြစ်သော ကာရင့်ကို မျက်လုံးတပ်ဆင်ပေးသော အခန်း ဖြစ်သည်။ မာတင် လင်းဒရို့စ် အတုသည် ဌာနချုပ်တွင် မည်မျှမွှေနှောက်နေသည်ကို မသိနိုင် တော့၊ မာတင်လင်းဒရို့စ်အတုသည် ပလတ်စတစ်ဆာဂျရီ ခွဲစိတ်ကုသမှု ဖြင့် မာတင်လင်းဒရို့စ် ရုပ်သဏ္ဌာန်ကို ဖန်ဆင်းနိုင်သည့်အပြင် မာတင် လင်းဒရို့စ် ဘဝဇာတ်ကြောင်း အဖြစ်အပျက် အချက်အလက်အပြည့်အစုံ များကို စနစ်တကျ ပြင်ဆင်ပေးလိုက်နိုင်သည် ဖြစ်၍ ထောက်လှမ်းရေး အဖွဲ့ချုပ်ရှိ စစ်ဆေးသူများနှင့် တကွ ဂျေဆင်ဘွန်းကိုပင် ယုံကြည်မှုရှိအောင် လုပ်နိုင်ခဲ့သူ ဖြစ်သည်။

ဓာတ်ခွဲခန်း တစ်ခုလုံးတွင် လူသူ လေးပါး မရှိသလို ဖြစ်နေ၏။ ခွဲစိတ် ခုတင် တစ်ခုပေါ်တွင် အဝတ်ပါးလေး လွှမ်းခြုံထားသည့် တစ်စုံတစ်ယောက် ကို တွေ့ရ၏။ အဝတ်ပါးလေးကို လှစ် ကြည့်လိုက်သောအခါ ဒေါက်တာ အင်ဒူစကီ ဖြစ်နေ၏။

၁

ဒီရာယာသည် ဆိုင်ကယ်နောက်မှ ထိုင်ရင်း ဆိုင်ကယ် မောင်းနှင်လာသော တိုင်ရွှန်၏ခါးကို ဖက်၍ လိုက်ပါလာ၏။ တိုင်ရွှန် စီးနင်းလာသော မော်တော် ဆိုင်ကယ်မှာ အနီရောင် ကာဝါစကီဖြစ်သည်။ အင်ဂျင်စတ်အား ကြီးမား သည်။ တိုင်ရွှန်သည် ကျွမ်းကျင်သော ဆိုင်ကယ်စီးသမားဖြစ်သည်။ သူတို့ သည် ရှေ့မှ အမည်းရောင်ဖို့ဒ်ကားနှင့် အဖြူရောင် ချက်ပလက်တားနောက် သို့ လိုက်နေကြခြင်း ဖြစ်သည်။

၎င်း ကားနှစ်စီးနှင့် မော်တော် ဆိုင်ကယ်တို့သည် ဖလော်ရီဒါအဲဗင်းနယူး မှဖြတ်၍ မြို့ပြင်ဘက်သို့ ထွက်လာ၏။ ရှေ့မှ ကားနှစ်စီးသည် အထူးပြုလုပ် ထားသော ကွန်ကရစ် လမ်းကြားထဲသို့ ဝင်သွားလေသည်။ တိုင်ရွှန်သည် လမ်း ထိပ်မှာပင် ရပ်လိုက်၏။ သူတို့ နှစ်ဦးသည် ကွန်ကရစ် ကားလမ်းကြောင်း ထားမှ သွားကြရသည်။ ထိုကွန်ကရစ်လမ်း များတွင် CCTV ကင်မရာများ တပ်ဆင် ထားသောကြောင့် ဖြစ်သည်။ ထို ကွန်ကရစ် လမ်းကြောဆုံးသော အခါမှ သူတို့သည် တစ်ဖက်သို့ ဝင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆော်ဒီ တပ်ဖွဲ့ခေါင်းဆောင် ဖေအယ်ဆော့ဒ်သည် တောင်ကြားလမ်း အပေါက်မှ သူ့လူများကို နေရာတကျ ချထားသည်။ တောင်ကြားကြီးတွင် ကြီးမားသော ပိုက်ခေါင်း၊ ပိုက်လုံးများလည်း ရှိသည်။ ထို ပိုက်လုံးများ ရေများ စီးဆင်းလျက် ရှိသဖြင့် ထိုလိုဏ်ဂူကြီးကို ဖျက်ဆီးရန်အတွက် အသုံး နိုင်သည်ကို သိနေရ၏။ ဖေအယ်ဆော့ဒ်က အနားရှိသည့် ဘွန်းအား တိုက်ပွဲ အစီအစဉ် ပုံသဏ္ဍာန်ကို ပြောသည်။ သူက

'ကျုပ်တို့ ရှေးရိုးပုံစံအတိုင်း အဝင်ကပဲ ဝင်တိုက်ကြမှ ထင်တယ်'

ဘွန်းက

'အဲလို တိုက်ရင် ခင်ဗျားရဲ့ တပ်သားတွေကို သေတွင်းထဲ ပို့သလို ဖြစ်နေမှာပေါ့၊ ကျုပ် မာတင်ကို အသံလွှင့်စက်နဲ့ အပြန်အလှန် ပြောခဲ့တာ မှတ်မိတယ် မဟုတ်လား၊ အဲဒီ စကားပြောသံတွေ ဖာဒီက ကြား ဖြတ် နားထောင်ပြီးသားပဲ ဖြစ်ရမယ်၊ အဲဒီလို ကြားဖြတ် နားထောင်နေ ဆိုတာကိုလည်း မာတင် ရိပ်မိလောက်ပြီ၊ သူတစ်ခုခု လှုပ်ရှားပါလိမ့် သည်တော့ အဖွဲ့အစည်းနဲ့ မဝင်ဘဲ ကျုပ်တစ်ယောက်တည်း ဝင်မှဖြစ်မယ်'

'ဒါဆို မောင်ရင့်မျက်နှာ မြင်တာနဲ့ ဖာဒီလူတွေက ပိုင်းဆော်ကြမှာ'

'ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ဖာဒီက သူ့လူတွေကို အမိန့်ပေးပြီး ဖြစ်မယ်၊ ကျုပ်ကို သူကိုယ်တိုင် သူ့လက်နဲ့မှ သတ်ချင်တာ၊ တခြား နည်း ဆိုရင် သဘောတူမှာ မဟုတ်ဘူး၊ ကျုပ် သူ့စိတ်ကို နားလည်တယ်၊ ကျုပ် မာတင် အကြောင်းလည်း သိတယ်၊ မာတင်က တခြား အာရုံ ဆွဲဆောင် တစ်ခု ဖန်တီးမယ်၊ ဖာဒီက အဲဒီဖန်တီးမှု လုပ်တာကို ရိပ်မိနိုင်တယ်'

'ဒါဆိုရင် ကျုပ်တို့က ဘယ်အချိန် ဝင်တိုက်ရမှာလဲ'

'ကျုပ်ကို ၁၅ မိနစ် အချိန်ပေးဗျာ၊ ဒါပဲ'

သို့နှင့် ဖေအယ်ဆော့ဒ်သည် စောင့်ဆိုင်းနေရ၏။ ဒူဂျာတို့၏ အောက် လိုဏ်ဂူစခန်းမှာ ပိုက်လုံးများဖြင့် ရေသွယ်ထားသော နျူကလီးယား အစီအစဉ်များ လုပ်ဆောင်ရာတွင် စနစ်တကျ ဖန်တီး ရ၏။ ဒီစခန်းကို တိုက်ခိုက်ခြင်းအားဖြင့် အကျိုးအမြတ် နှစ်ခု ရှိ တစ်ခုမှာ ဒူဂျာ အကြမ်းဖက် ဂိုဏ်းသားများကို အပြတ် ရှင်းလိုက်နိုင် ဖြစ်နိုင်သည်။ နောက်တစ်ခုမှာ ၎င်းနျူကလီးယား လုပ်ငန်းခွင်တို့ အစိုးရက ပိုင်ဆိုင်လိုက်ပြီးသားလည်း ဖြစ်နိုင်သည်။



အချိန်စေ့ရန် ၁၅ စက္ကန့်အလိုတွင် ဖေအယ်ဆော့ဒ်သည် သူ့ လူများကို လှည့်ကြည့်လိုက်၏။ သူ့ လူများသည် အားလုံး အဆင်သင့် ဖြစ်နေကြပြီ ဖြစ်၏။ သူတို့ ဘာလုပ်ရမည်ကို သိသည်။ ဖေအယ်ဆော့ဒ်သည် သူ့လက် တစ်ဖက်ကို အချက်ပြရန် မြှောက်လိုက်၏။

ဖေအယ်ဆော့ဒ် လက်ချလိုက်သည် နှင့် အသင့် စီမံထားသော ဂူပေါက်ဝ မှ ဗုံးနှစ်လုံးသည် ပေါက်ကွဲလေတော့၏။

ဒူဂျာတို့၏ မြေအောက် စခန်းသည် ပြင်းထန်သော ပေါက်ကွဲမှုကို လျှပ် သွယ်သလို ခံစားလိုက်ကြရ၏။ နံရံတွင် ကပ်ထားသော ဇီရိုများ၊ ပစ္စည်းများ ပြုတ်ကျကုန်ကျ၏။ ခွဲစိတ်ခန်းတွင် ရှိသော ပစ္စည်းများသည်လည်း ပေါက်ကွဲမှု အကြောင့် ဖရိုဖရဲ လွင့်စဉ်ကျကုန်လေသည်။

၁

ကတ်တယာသည် လင်းဒရိုစ်လက်ကို ကိုင်ဆွဲထား၏။ လှုပ်ခါယမ်းနေသော ခါးမကြီးကို လှမ်းကြည့်ပြီး

'ကျွန်မတို့ ဒီက အမြန်ဆုံးထွက်မှ ဖြစ်မယ်'

ကတ်တယာ၏ စကားမှာ မှန်သော်လည်း သူတို့တွင် အချိန်အနည်းငယ် သာ ကျန်တော့သည်ဖြစ်၍ လုံခြုံသောနေရာ တစ်ခုကို အမြန်ဆုံး ရှာဖွေ အောင်းကြ ရန်ဖြစ်သည်။ သို့တိုင် လင်းဒရိုစ်သည် မလှုပ်နိုင်သေး၊ သူ့၏ ကြ်စိ အာရုံတွင် ဒေါက်တာ အင်ဒရူစကီး မျက်နှာက ပေါ်နေ၏။ လင်းဒရိုစ် သည် အိပ်မက်ထဲ၌ ဒေါက်တာ အင်ဒရူစကီးအား အကြိမ်ပေါင်းများစွာ သတ်ဖူး၏။ ယခု ကဲ့သို့ လုံခြုံသောနေရာကို သွားရမည့် အချိန်မှာပင် ဒေါက်တာ အင်ဒရူစကီး သက်ရှိထင်ရှား ရှိနေသမျှ မသွားနိုင်သေးပဲ ဖြစ်၏။ သို့နှင့် သူက ကတ်တရာအား

'ကက်တယာ မင်းသွားနှင့်၊ နျူကလီးယား ဓာတ်ခွဲခန်း အနားကို ကပ် နေသမျှ ရောက်အောင် သွားပြီးတော့ အပေါ်ကို တက်ပုန်းနေ'

ကတ်တယာသည် လင်းဒရို့စ် လက်ကို ဆွဲလိုက်ပြီး

'ကျွန်မတို့ အတူ သွားကြမယ်လေ၊ ရှင်က မလိုက်ဘူးလား'

'မလိုက်သေးဘူး ကတ်တယာ၊ ဒီမှာ ကျုပ် လုပ်စရာ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ပဲ ကျွန်မကို ကတိပေးထားတယ် မဟုတ်လား၊ ကျွန်မကို ကယ်မယ်ဆို'

'ကျုပ် ခင်ဗျားကို ကူညီခဲ့ပါတယ်၊ ကတ်တယာ ဒါပေမဲ့ မင်းလည်း သိရမှာလည် သဘောပေါက်လောက် နိုင်ပါတယ်၊ ကျုပ်ဒီမှာ ရှိတုန်း လုပ်စရာရှိတဲ့ အလုပ်ကို မလုပ်လိုက်ရရင် ကျုပ်ဘဝဟာ လှုပ်ရှားနေတဲ့ အသေကောင်ကြီး ဖြစ်နေတော့မှာပေါ့'

ကတ်တယာသည် ကြက်သီးထသွား၏။ သူမက

'ဒါဆို ကျွန်မလည်း မသွားဘူး၊ ရှင်နဲ့ပဲ အတူတူ နေမယ်'

ထိုစဉ် ပေါက်ကွဲ တုန်ခါမှုများသည် ဆက်လက် ပြင်းထန်စွာ ဖြစ်နေ၏။ လင်းဒရိုစ်က ကတ်တယာ့အား

'မဖြစ်ဘူး အစီအစဉ်ထဲမှာ အဲဒီလို မပါဘူး'

ကတ်တယာက

'အခု ပါနေပြီလေ'

လင်းဒရိုစ်သည် ခေါင်းညိတ်ပြလိုက်၏။ သူ့တွင် တခြား လုပ်စရာ မရှိတော့၊ အချိန်လည်း သိပ်မကျန်တော့၊ ထိုစဉ်မှာပင် ရေများ တစ်ဟုန်ထိုး စီးဆင်းလာသံ ကြားရသည်။

'ဘုရားရေ၊ ဂျေဆင်က စခန်းတစ်ခုလုံးကို ရေမြှုပ်ပစ်နေပါရောလား'

လင်းဒရိုစ်သည် ခွဲစိတ်ခန်းထဲသို့ ဝင်လိုက်၏။ ခွဲစိတ်ခန်းတွင် ဒေါက်တာ အင်ဒရူစကီးကို တွေ့၏။ လင်းဒရိုစ်က

'ဟယ်လို ဒေါက်တာ'

'ကျွန်တော့်ကို ဘာမှ မလုပ်ပါနဲ့ဗျာ သူတို့ ခိုင်းလို့ လုပ်ရတာပါ'

ဟု ဒေါက်တာ အင်ဒရူစကီးက တုန်လှုပ်ချောက်ချားစွာ ပြောလိုက်သည်။

'ဪ သူတို့ကခိုင်းလို့ ကျုပ် မျက်စိကို ထုတ်ပေးရတာကိုး'

ထိုစဉ် အနားမှာ ရှိနေသော ကတ်တယာက ကြောက်ရွံ့ ထိတ်လန့်သော အသံဖြင့်

'မာတင် ကျွန်မတို့မှာ အချိန် မရှိတော့ဘူး၊ သွားကြပါစို့'

ဒေါက်တာ အင်ဒူစကီးက

'ဟုတ်တယ်၊ဟုတ်တယ်၊ မိန်းကလေး ပြောတဲ့အတိုင်း မြန်မြန်သွားကြ၊ ကျုပ်ကိုတော့ ခွင့်လွှတ်ပါဗျာ၊ ကျုပ်က အားနည်းသူပါ'

လင်းဒရိုစ်သည် ဒေါက်တာ အင်ဒရူစကီးအား မိမိအနီးသို့ ခေါ်



ယူလိုက်ပြီး သူလက်မဖြင့် ဒေါက်တာ၏ မျက်လုံးကို ဖိ၍ ထိုးဖောက်လိုက်၏။

၁

ဟာဒီနားထဲသို့ နာကျင်၍ ပြင်းထန်သော အော်ဟစ်သံ ကြားလိုက်ရသည်။ ထိုအော်သံသည် သူကိုယ်တိုင် ဒီဇိုင်းဆွဲ ဆောက်လုပ်ထားသော အခန်းစဉ်မှ ဖြစ်သည်။ တစ်ချိန်တည်းမှာ သေနတ်ပစ်သံများလည်း ကြားရသည်။ ဘွန်ကရစ်နံရံများ အက်ကွဲ၍ ရေများ ဒလဟော စီးဝင်လာ သံကိုလည်း ကြားရသည်။ အားလုံး အခြေအနေကို စုပေါင်းလိုက်သောအခါ သူ့ အတွက် အရေးအကြီးဆုံး ချူကလီးယား ပစ္စည်းပင် ဖြစ်သည်။

ဟာဒီသည် စကြံအတိုင်း ပြေးထွက်လာပြီး ဓာတ်လှေကားကို ဖြတ်ကျော်လာခဲ့သည်။ ထိပ်ဝတွင် ရှိသော အစောင့် များကိုလည်း တွန်းဖယ်ကာ ထွက်သည်။ အစောင့်များက သူ့ကို ကြည့်ပြီး သူ့ အမိန့်ကို စောင့်နေကြ၏၊ သူက အပေါက်ဝကို သွား၊ ဂျေဆင်ဘွန်းကို ရအောင်ရှာဟု အမိန့်ပေးလိုက်သည်၊ သူတို့ကိုလည်း မေ့လိုက်ပြီ ဖြစ်သည်။ သူတို့ အားလုံး သေဆုံးကြမည်ပဲ ဖြစ်သည်။ ၎င်း တပ်သားများ သေဆုံးရသည့် အတွက် ဘာမှမဖြစ်၊ သူတို့ နေရာတွင် နောက်ထပ် နောက်ထပ် လူငယ် တပ်သားသစ်များ သူ့နောက်သို့ လိုက်ပါ ဝန်ထမ်းရန် ရောက်လာကြမည် ဖြစ်သည်၊ သူတို့သည် သူ၏ ခေါင်းဆောင်မှု အောက်တွင် နာခံ၍ ပေးဆပ်ရန် ဝန်မလေးကြသူများ ဖြစ်သည်၊ ထိုကဲ့သို့ အသက် စွန့်ရခြင်းသည် သူရဲကောင်း စိတ်ဓာတ် ဖြစ်သည်ဟု ယုံကြည်နေသူများလည်း ဖြစ်သည်။

ထိုယုံကြည်မှုသည် ဘေးအမြင်၌ ရက်စက်သောကိစ္စ ဖြစ်သည်။ ဟာဒီ၏ နောက်လိုက်သူများက သတ်မှတ်ထားသော ကိစ္စ ဖြစ်သည်။ မည်ကဲ့သို့ပင် ဖြစ်စေ ဟာဒီ အရွယ်ရောက်သည့် အချိန်ကစ၍ ဒူဂျာ အကြမ်းဖက်ဂိုဏ်းကြီးကို ခေါင်းဆောင်ခဲ့သည်မှ စပြီး ထိုသို့သော တိုက်ပွဲဝင် လူငယ်များ ရရှိခဲ့ခြင်း၊ ခေါင်းဆောင်မှု ပေးခဲ့ရခြင်းဖြစ်သည်။ သူ လုပ်ဆောင်နေသော ကိစ္စများ၊ တိုက်ပွဲဝင်မရသည့် ကိစ္စများသည် တရားမျှတမှု ရှိမရှိ၊ အသက်ပေးကြသူများ အပေါ် တရားမှု ရှိမရှိကို သူ စဉ်းစားဝေဖန်မှု အချိန်မရှိခဲ့။ သူ့စိတ်၊ သူ့ နှလုံးသား၊ သူ့ လှုပ်ရှားမှုအားလုံးကို အလ္လာအရှင်မြတ်၏ ညွှန်ကြားမှုဖြင့်သာ လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု အပြည့်အဝ ယုံကြည်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အကြမ်းဖက် စီမံကိန်းကြီးသည် မအောင်မမြင် ရှိလိမ့်မည်ဟု တ မှ သံသယ မရှိခဲ့။ ခေါင်းထဲသို့ ထိုအတွေး တစ်ခါမှလည်း မဝင်ခဲ့။ ယခု ကား ထိုအတွေးများ ဝင်လာကြပြီ ဖြစ်သည်။ အကြမ်းဖက် စီမံကိန်း ချစဉ်အတွင်း ဒုက္ခိတ ဖြစ်သွားရရှာသော ဖခင်ကြီးနှင့် သေဆုံး သွားရ ညီမလေးအတွက် လက်စားချေမှု လုပ်ကိုင် ဆောင်ရွက်ခဲ့သေးသည်။

ဖာဒီသည် လှေကားအတိုင်း အောက်သို့ ဆင်းခဲ့၏။ အောက်တွင်ရေ အတော်ဝင်နေပြီဖြစ်သည်။ ဖာဒီသည် သူ၏ ၄၅ ဗို့ သေနတ်ကို ထု ကျည်အပြည့်ရှိမရှိ စစ်ဆေးသည်။ ထို့နောက် ရေထဲသို့ ဆင်း၍ ရေစီးလာ နှင့် ဆန့်ကျင်ဘက်သို့ လျှောက်ရသည်။ သူလျှောက်နေရခြင်းမှာ ဒီ ဆန့်ကျင်၍ လျှောက်နေရခြင်းနှင့် တူလှ၏။ ထို့ အခြေအနေကြောင့် အိုဒက်ဆာ ကမ်းခြေတွင် ဘွန်းနှင့်အတူ ရင်ဆိုင် တိုက်ခိုက်ရခြင်းကို သ စေသည်။ သူ့ စိတ်ထဲတွင် ထိုအချိန်က ဘွန်းကို ရှင်းပစ် နိုင်လောက်ခဲ့ ကြီးမားသော ခွေးကြီးကသာ မနှောင့်ယှက်ပါက ဘွန်းကို အပြတ်ရှင်းပ လိမ့်မည်။

ယခုအချိန်ကား ပြန်လည်တမ်းတ နောင်တရနေရမည့် အချိန် တော့။ ဖာဒီသည် အကယ်၍ ဘာဖြစ်ခဲ့လျှင် ဘာဖြစ်လိမ့်မည်ဟု နောင် ကြားတွင် နစ်မြုပ်နေမည့် သူမျိုးမဟုတ်။ သူသည် လက်တွေ့သမား ဖြစ် လက်တွေ့ မဖြစ်မနေလုပ်နိုင်ခြင်းက သူ့ခေါင်းဆောင်မှု အရည်အချင်း သည်။ သူသည် အစစ အရာရာ စနစ်တကျ ပြင်ဆင်ထားနိုင်သော အ အချင်းရှိသူပဲ ဖြစ်သည်။ ယခုပင်လျှင် မြေအောက်စခန်းထဲသို့ ရေများ သည့်တိုင် သူလျှို့ဝှက်စွာ လုပ်ထားသော ထွက်ပေါက်ရှိသည်။ သူ့ တိုက်ခိုက်သူများက ဝင်ရောက် တိုက်ခိုက်မှု ရှိလာသော် လျှို့ဝှက်ထွက် တစ်ခုရှိရမည်ဟု ကြိုတင် စီစဉ်ထားခြင်း ဖြစ်သည်။ သို့သော် ရေ ဖောက်၍ မြေအောက်စခန်းကို ရေများ ဖုံးသွားနိုင်ခြင်းကို သူကြိုတင် တွေးခေါ်နိုင်ခြင်း မရှိခဲ့ပေ။ ယခုသော်ကား ဘာမှမတတ် နိုင်တော့။ သူ လက်တွေ့သမား ဖြစ်သည်။ သူသည် ရဟတ်ယာဉ် ရှိရာသို့ ရောက် သွားရမည်။ ရဟတ်ယာဉ်ကွင်းမှာ ချူကလီးယား ပစ္စည်းများ ထာ နီးသည်။ ဝင်ရောက် စီးနင်းတိုက်ခိုက်ကြသူများသည် ဘယ်လမ်း ခိုက် နေကြသည် မသိ။ ရေများကလည်း တဖြည်းဖြည်း မြင့်တက်လာ သူသည် ကြိုးစား၍ ဖြတ်ကျော်လာခဲ့ရသည်။ ခွဲစိတ်ခန်း နားသို့ ရောက်



အခါ ခွဲစိတ်ခန်းထဲတွင် ကတ်တယာကို လှမ်းမြင်ရသည်။ ကတ်တယာသည် တစ်စုံတစ်ရာ ထိတ်လန့်ဟန် လက်အစုံဖြင့် ပါးစပ်ကို ပိတ်ထားသည်။ ကတ်တယာ နံဘေးတွင် မာတင်လင်းဒရို့စ် ရပ်နေသည်။ သူ့လက်များမှာ သွေးများ စွန်းပေလျက်ရှိသည်။ စင်ပေါ်တွင် မာတင်လင်းဒရို့စ်အား ခွဲစိတ်ခဲ့သူ ဒေါက်တာ အင်ဒရူစကီး ရှိနေ၏။

၁

အမှောင်ထဲတွင် ရှိသော ရေခဲတိုက်ဆီမှ အာရဗီဘာသာဖြင့် ဘုရားရှိခိုးသံများ ကြားရသည်။ ကာရင်၏ လူများသည် ဘုရားဝတ်ပြုနေကြခြင်း ဖြစ်သည်။ သူတို့သည် မက္ကာရှိရာသို့ ဦးခေါင်းများ ညွှတ်၍ ဘုရားစာများ ရွတ်နေကြခြင်း ဖြစ်သည်။ သူတို့သည် ပတ်ဝန်းကျင်ကို အာရုံပြုနိုင်ခြင်း မရှိကြ။ ဆိုရာယာနှင့် တိုင်ရွှန်တို့သည် ဝတ်ပြုသူများ နောက်မှ ကျော်ဖြတ်၍ အောက်ခြေသို့ ဆင်းခဲ့ကြသည်။ အောက်ခြေရောက်သည်တွင် သူတို့ နောက်ယောင်ခံ လိုက်ခဲ့သော ချက်ဗလက်ကား အဖြူနှင့် အမည်းရောင် ဖို့ဒ်ကားတို့ကို တွေ့ရသည်။ ကားနားသို့ တဖြည်းဖြည်း တိုးသွားကြသည်။ ကားနံဘေးတွင် မှန်ကာထားသော တံခါးပေါက်တစ်ခု ရှိသည်။ ဆိုရာယာသည် မှန်တံခါးမှ အထဲသို့ လှမ်းကြည့်သည်။ သို့သော် ဘာမှ သဲသဲကွဲကွဲ မမြင်ရ။ သူတို့ နှစ်ဦးသည် အမှောင်ရိပ်ထဲတွင် ခိုကပ်၍ စောင့်ဆိုင်း နေရ၏။

ဘုရားဝတ်ပြုမှု ပြီးဆုံးသွားချိန်တွင် ဝတ်ပြု ဆုတောင်းသူများသည် သူတို့ ခင်းထားသော ကော်ဇောအခင်းများကို ရုပ်သိမ်းကြသည်။ ထို့နောက် သူတို့ လူစု ခွဲသည်။ သူတို့ထဲမှ နှစ်ယောက်သည် သံမဏိ ကြောင်လိမ် လှေကားဘက်မှ ရေခဲတိုက်ရှိရာသို့ တက်သွားကြသည်။ ကျန်နှစ်ယောက်သည် လက်အိတ်များ စွပ်ပြီးနောက် ဖို့ဒ်ကား အမည်းတံခါးကို ဖွင့်သည်။ သူတို့သည် တကယ့်ကြေးစားများ ပီသစွာ ခြေရာ လက်ရာများကို ဖျောက်ဖျက်ပစ် နေကြ၏။

ဆိုရာယာသည် မှန်တံခါး နောက်ကွယ်တွင် ဘာများရှိပါလိမ့်ဟု သိချင်စိတ် လွန်စွာ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အရေးအကြောင်းရှိလျှင် သူ့ နောက်ကျောကို စောင့်ရှောက်ပါရန် တိုင်ရွှန်ကို အချက် ပြသည်။ တိုင်ရွှန် ကလည်း သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။ ဆိုရာယာ စိတ်ချ

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ တိုင်ရွှန်သည် မည်သည့် အခြေအနေမျိုးမဆို ရင်ဆိုင်နိုင်စွမ်း ရှိသူ ဖြစ်ကြောင်း ပြသနိုင်ခဲ့ပြီး ဖြစ်သည်။

ဆိုရာယာသည် ဖို့ဒ်ကားကို စစ်ဆေး နေသူနှစ်ဦး ကျောပေးနေစဉ်အတွင်း ခြေကို ဖွ၍ မှန်တံခါး ရှိရာသွားသည်။ မှန်တံခါး လက်ကိုင်ဘုကို အသာအယာ ဖွင့်၍ အထဲသို့ဝင်လိုက်၏။ အခန်းထဲ ရောက်သည်နှင့် အေးစိမ့်သော ခံစားမှု ကို ရလေသည်။ အခန်းကား အလောင်းများ ထားရာ ရေခဲတိုက်ဖြစ်သည်။ ရေခဲတိုက်ထဲတွင် ရုပ်အလောင်းများ ထားသော အံဆွဲများကို တွေ့ရသည်။ ပထမဆုံး တွေ့ရသော အံဆွဲနှစ်ခုထဲတွင် တွေ့ရသော ရုပ်အလောင်း နှစ်ခုမှာ ဆောက်လုပ်ရေး ကွင်းထဲ၌ သူမကို တိုက်ခိုက်ခဲ့ကြသူများ၏ ရုပ်အလောင်းများ ဖြစ်သည်။ ဆိုရာယာ၏ ရင်သည် ဆတ်ခနဲခုန်သွား၏။ ဤရုပ်အလောင်းများကို တွေ့ရခြင်းအားဖြင့် ကာရင်သည် ဤအရပ်ဒေသတွင် လှုပ်ရှားနေသော ဒူဂျာအကြမ်းဖက်ဂိုဏ်းကို စီမံခန့်ခွဲသူသာ ဖြစ်ရပေတော့မည်။ ဆိုရာယာ၏ အားလုံးသည် ဘယ်လောက်များ မျက်စိ မှောက်ခဲ့ကြပါလိမ့်။ သူ့ကို မျက်မှောက်တွင် မအော်မိစေရန် ပါးစပ်ကို လက်ဖြင့် အမြန် ပိတ်လိုက်ရ၏။

မဖြစ်နိုင်ဘူးဟု သူမ တွေးသည်။ ကြောက်စိတ်များ သူမ တစ်ကိုယ်လုံး၌ စိမ့်ဝင် ဖုံးလွှမ်းလာသည်။ မဖြစ်နိုင်ပါဘူး. . .။

သို့သော် အမှန်သည် ထင်းထင်း ဖြစ်နေ၏။

ဒူဂျာတို့၏ လျှို့ဝှက် ရေခဲတိုက်၏ အလောင်းစင် တစ်ခုထက်တွင် မြင်တွေ့ လိုက်ရသော ရုပ်အလောင်းကား ဗဟို ထောက်လှမ်းရေး ညွှန်ချုပ်အဘိုးကြီး၏ ရုပ်အလောင်းပါတကား။ ရုပ်အလောင်း၏ အသည်း နှလုံးမှာ ကျည်ဆန် ဖောက်ရာ တစ်ခု ရှိနေ၏။

၀

ဂျေဆင်ဘွန်းသည် နံရံတွင် ချိတ်ဆွဲထားသော စခန်း၏ တည်ရှိပုံ၊ ဖွဲ့စည်းပုံ ဇယားကို ကြည့်ပြီးနောက် ယာဉ်ရပ်စခန်း ရှိရာသို့ ပြေးထွက်ခဲ့၏။ ချက်ချင်း ဆိုသလိုပင် လက်နက်ကိုင် ဒူဂျာအဖွဲ့တစ်ဖွဲ့ သူ့ဘက်သို့ ပြေးလာသည်ကို မြင်ရသည်။ ဘွန်းသည် ဆတ်ခနဲ နောက်ဆုတ်ပြီး ယာဉ်များရှိရာသို့ ပြေး သည်။ လက်နက်ကိုင် အဖွဲ့သည် ဘွန်းကို လှမ်း၍ ပစ်ခတ်ကြ၏။ ဘွန်းသည် ရပ်ထားသော ယာဉ်များထဲမှ အသေးဆုံး ယာဉ်တစ်ခုပေါ်သို့ တက်လိုက်



လေ၏။ မော်တော်ယာဉ်သည် ကံအားလျော်စွာပင် အတော်အသင့် တပ်ဆင် ပြီး ဖြစ်နေ၏။ ထို့ကြောင့် ဝါယာကြိုးများနှင့် အကြံအဖန် လုပ်ကာ စက်ဆတ် နိုးစရာ မလိုတော့ပါ။ စက်နှိုးလိုက်သည်နှင့် ယာဉ်သည် ချက်ချင်း နိုးလာ၏။ ဘွန်းသည် စက်ရှိန်မြှင့်ပြီးသည့်နောက် သူ့ နောက်သို့ ပစ်ခတ်ရင်း လိုက်လာ ကြသော လက်နက်ကိုင်များ ရှိရာသို့ စက်ကုန်ဖွင့် မောင်းနှင်လိုက်၏။ လက်နက်ကိုင် သေနတ်သမားများသည် ပစ်ရင်းခတ်ရင်း ဖရိုဖရဲ ဖြစ်သွား ကြ၏။ ဘွန်း၏ ယာဉ်သည် လက်နက်ကိုင်များ ကြားမှ ဖြတ်၍ ဓာတ်လှေကား ရှိရာသို့ မောင်းသွား၏။ ဓာတ်လှေကားသည် မော်တော်ယာဉ်များ ဝင်နိုင် သော ဓာတ်လှေကား ဖြစ်နေသည်။ ဘွန်းသည် သူ့ယာဉ်ကို ဓာတ်လှေကား အတွင်း မောင်းနှင်၍ ဓာတ်လှေကား တံခါးပိတ်လိုက်သည်။ ထို့နောက် ဓာတ် လှေကားခလုတ်ကို နှိပ်၍ အောက်သို့ ဆင်းလာ၏။ သတ်မှတ်ထားသော အထပ်သို့ ရောက်သောအခါ ဓာတ်လှေကား ရပ်သွား၏။ ဘွန်းသည် ဓာတ် လှေကား တံခါးကို ခလုတ်နှိပ်၍ ဖွင့်လိုက်သော အခါ တံခါးသည် မပွင့်ပေ။ မပွင့်သည့် အပြင် တံခါး အပေါက်အစပ် ကြားမှ ရေများ စိမ့်ဝင်နေသည်ကို မြင်ရ၏။ အပြင်ဘက်တွင် ရေများ ရှိနေပုံရ၏။ ဘွန်းသည် ဓာတ်လှေကား တံခါးကို စက်ခလုတ်ဖြင့် မဖွင့်တော့ဘဲ လက်ဖြင့် ဖွင့်ရန် ကြိုးစား၏။ သို့သော် တံခါး မပွင့်ပေ။

ဘွန်းသည် ယာဉ်ခေါင်မိုးအပေါက်မှ တိုးထွက်၍ ဓာတ်လှေကား တံခါး ပေါက်ကို ကြိုးစားဖွင့်လိုက်ရာ ပွင့်သွားပြီး အခန်းထဲသို့ ရေများ ဝင်လာ၏။ အပြင်ဘက်မှ ရေသည် သိပ်အများကြီး မဟုတ်သေး။ ဘွန်းသည် ယာဉ်ထဲ ပြန်ဝင်ပြီး စက်နှိုး ဂီယာချိန်းကာ အပြင်ဘက်မှ ရေများရှိရာသို့ မောင်းထွက် ခဲ့၏။ အတန်ငယ် သွားလိုက်သောအခါ ခွဲစိတ်ခန်းဘက်သို့ ရောက်လာ၏။ ရှေ့တည့်တည့် ယာဉ်သွား လမ်းတွင် ဖာဒီကို ဘွားခနဲ တွေ့ရသည်။ ဖာဒီသည် သူ့ရှေ့တွင် မာတင်လင်းဒရို့စ်ကို ဘယ်ဘက်လက်ဖြင့် ချုပ်ကိုင်ထားပြီး ညာဘက် လက်နှင့် ဂလောက် ၃၆ သေနတ် ကိုင်ထားသည်။ သေနတ်ပြောင်း သည် မာတင့်၏ နားထင်သို့ တေ့ထား၏။ သူက

'မင်းကို လိုက်ရှာရတဲ့ ဓာတ်လမ်းက ဒီမှာ ဆုံးပြီကွ ဘွန်း'

ဖာဒီသည် ရေစီးသံများ ယာဉ်အင်ဂျင်စက်သံများကို ကျော်၍ အော် ပြောခြင်း ဖြစ်သည်။ သူက

'ယာဉ်စက်ကို ပိတ်လိုက်၊ ပြီးတော့ မော်တော်ယာဉ်ပေါ်က ဆင်း'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းသည် ဖာဒီ ညွှန်ကြားသည့် အတိုင်း စက်ကိုပိတ်၍ ယာဉ်ပေါ်မှ ဆင်း သည်။ ထို့နောက် ဖာဒီတို့ရှိရာသို့ တဖြည်းဖြည်း လျှောက်ခဲ့၏။ ထိုတ်တန်သလောက် အကွာအဝေး ရောက်သောအခါ ဖာဒီ၏ နားတွင် အသံဖမ်းစက်ကလေး တပ်ထားသည်ကို တွေ့ရ၏။ ဖာဒီသည် ၎င်းစက်ဖြင့် သူ့လူများတို့ ဆက်သွယ်နေပုံရသည်။ ဖာဒီက

'မင်းလက်ထဲက သေနတ်ကို ဘေးချလိုက်၊ လက်နက်တွေ အားလုံးချလိုက်။ မင်းလက်နှစ်ဖက်စလုံးကို ငါ မြင်ရအောင်ထား၊ ပြီးတော့ ငါ့ဆီကို ဖြည်းဖြည်း လျှောက်ခဲ့'

ဘွန်းသည် ရေထဲမှပင်ဖြတ်၍ ဖာဒီ ရှိရာသို့ လျှောက်လာ၏။ ဘွန်းသည် ဒဏ်ရာများဖြင့် ပြည့်နေသော မာတင်၏ မျက်နှာကို လှမ်းကြည့်သည်။ မာတင့် မျက်နှာတွင် မျက်လုံး တစ်ဖက် မရှိတော့။ သို့သော် ကျန်ရှိသော မာတင်၏ မျက်လုံးတစ်ဖက်တွင် မာနအရိပ်အယောင်များ မြင်ရ၏။ မာတင်သည် တစ်စုံတစ်ရာသော လှုပ်ရှားမှုကို ပြုမိဟန်ပင်။ ဘွန်းသည် မာတင် ထိုကဲ့သို့ လှုပ်ရှားမှု မပြုရန် တားမြစ်လို စိတ် ဖြစ်ပေါ်သည်။ အကြောင်းမှာ သူ တွင်လည်း လှုပ်ရှားမှုပြုလုပ်ရန် စိတ်ကူး စီစဉ်ထားသောကြောင့် ဖြစ်သည်။ သို့သော် မာတင် လင်းဒရိုစ်သည် အမြဲတမ်း သူ့ရဲကောင်း ဖြစ်ချင်နေသူ တစ်ဦး ဖြစ်၏။

မာတင်သည် သူ၏ ညာလက်ကို ဆတ်ခနဲ လှုပ်ရှားလိုက်၏။ လက်ထဲတွင် ပါလာသော ခွဲစိတ်ဓားဖြင့် ဖာဒီ့ပေါင်ကို ထိုးလိုက်သည်။ ဖာဒီကလည်း သေနတ်မောင်းကို ဆွဲလိုက်သည်။ မူလက မာတင့်၏ နားထင်သို့ ချိန်ရွယ်ထားသော ဖာဒီ့ သေနတ်ပြောင်းဝသည် ပေါင်တွင် ထိုးခံ လိုက်ရသော ဓားဒဏ်ရာကြောင့် အောက်ဘက်သို့ လျှောကျကာ သေနတ်ကျည်ဆန်သည် မာတင့်၏ မေးရိုးကို ထိသည်။ ပစ်လိုက်သော ကျည်ဆန်မှာ ၄၅ ဗို့အားဖြစ်ရာ မာတင်သည် အဝေးသို့ လွင့်သွားလေ၏။

ဘွန်းသည် ချက်ချင်းပင် ဖာဒီ့ကို ပခုံးဖြင့် ဝင်တိုက်သည်။ ထိုအချိန်၌ ဖာဒီသည် သူ့ပေါင်တွင် စိုက်နေသော ခွဲစိတ် ဓားကို နုတ်ယူရန် ကြိုးစားနေခိုက်ဖြစ်ရာ နှစ်ဦးစလုံးပင် ရေစပ်စပ်ထဲသို့ လိမ့်ကျသွားကြ၏။ ထိုအချိန်၌ ကြမ်းပေါ်မှ ရေပြင်သည် ဒူးဆစ်ခန့် ရှိနေပြီ ဖြစ်သည်။ ဘွန်းသည် ဖာဒီ့လက်ထဲမှ သေနတ်ကို အပေါ်သို့ ဆွဲယူထောင်လိုက်၏။ သို့မှသာ သေနတ်ထဲမှ ကျည်ဆန်များ ထွက်လာသည့်တိုင် အန္တရာယ် မရှိစေနိုင်ရန် ဖြစ်သည်။



တစ်ချိန်တည်းတွင် ဖာဒီကလည်း သူ့ပေါင်မှ ဓားကို နုတ်ယူကာ ဘွန်း၏ နံဘေးကို ထိုးဖို့ ကြိုးစားသည်။

ဘွန်းသည် ဖာဒီ၏ လှုပ်ရှားမှုအတွက် အသင့်ဖြစ်နေပြီ ဖြစ်သည်။ ထို့ကြောင့် ဖာဒီ၏ ညာလက်ထဲမှ ကိုင်ထားသော သေနတ်ဖြင့်ပင် ဓား၏ လာရာလမ်းကြောင်းကို ခါထုတ်လိုက်၏။ သူတို့နှစ်ဦး စလုံးမှာ ရေထဲတွင် သတ်ပုတ်နေရသည်ဖြစ်ရာ ဖာဒီ့လက်ထဲမှ သေနတ်သည် အသုံးမဝင်နိုင်တော့ကြောင်း ဖာဒီ သိသွားပြီး သေနတ်ကို လွှတ်၍ ဘွန်း၏ ဦးခေါင်းကို ရေထဲသို့ နှစ်ရန် ကြိုးစားသည်။ တစ်ချိန်တည်းတွင် ညာလက်ရှိ ဓားဖြင့်လည်း ထိုးရန် ကြိုးစားသည်။ ဘွန်းသည် သူ့ ဒူးဖြင့် ဓားလမ်းကြောင်းကို ကာသည်။ ပြီးနောက် ဖာဒီ့ ခေါင်းကို သူ့လက်နှစ်ဖက်ဖြင့် စုံရိုက်သည်။ ဘွန်း၏ ရိုက်ချက်ကြောင့် ဖာဒီ့နားတွင် တပ်ဆင်ထားသော နားကြပ်များကို ထိပြီး ပြင်းထန်သော ဒဏ်ရာ ရသွား၏။ ထို အရှိန်ကြောင့် ဖာဒီ့လက်ထဲမှ ဓားလည်း လွတ်ကျသွားသည်။ ကိုယ်ဟန်လည်း ပျက်သွားသည်။ ထိုအချက်ကို ဘွန်း သတိမူမိပြီး ဖာဒီ၏ ရင်ဝသို့ ဆောင့်ကန်လိုက်ရာ ဖာဒီသည် နောက်သို့ လွင့်သွား၏။ သို့သော် ရေထဲတွင် ဖြစ်သောကြောင့် အထိမနာပေ။ ဖာဒီသည် လဲကျရာမှ ထပြီး ခါးကြားမှ ဓားကောက်ကို ထုတ်သည်။

ဖာဒီ၏ ဓားကောက်ထိုးချက်များကို ကာကွယ်ရန် ဘွန်းသည် သူ၏ ခါးပတ်ကို ချွတ်၍ လက်မှာ ရစ်ပတ်လိုက်၏။ ဖာဒီက ဓားဖြင့် ထိုးသည်။ ဘွန်းက ခါးပတ်ဖြင့် ကာသည်၊ ဖယ်သည်။ ခါးပတ်သည် သားရေခါးပတ်ဖြစ်ရာ ဖာဒီ၏ ဓားချက်တိုင်းသည် ခါးပတ်ကို ပြတ်၍ ပြတ်၍ သွားသည်။ အချိန်ကြာသည်နှင့်အမျှ ဘွန်း၌ အကာအကွယ် ရှိနိုင်မည် မဟုတ်တော့။

ထိုစဉ် ကျယ်လောင်သော အသံ ကြားရသည်။ မည်သည့်အရာ လာနေသည်ကိုမူ မသိရ။ ဖာဒီသည် သူ့ဘက်မှ အခြေအနေ ကောင်းနေကြောင်း ရိပ်မိပြီး ဆက်၍ တိုးကာ တိုက်ခိုက်၏။ ဘွန်းသည် တဖြည်းဖြည်း နောက်ဆုတ်ရင်း ခွဲစိတ်ခန်းဘက်သို့ နီးလာ၏။ ဘွန်း၏ မျက်စိ ထောင့်စွန်းမှ လှုပ်ရှားမှုတစ်ခု မြင်ရသည်။ ခွဲစိတ်ခန်းထဲမှ အမျိုးသမီး တစ်ယောက် ထွက်လာခြင်း ဖြစ်သည်။ ကတ်တယာ ဖြစ်သည်။ ကတ်တယာ၏ မျက်နှာတွင် မျက်ရည်များ ပြည့်လျှမ်းနေသည်။ လက်နှစ်ဖက်လည်း သွေးများဖြင့် နီရဲနေ၏။ မာတင့်၏ သွေးများဖြစ်သည်။ ကတ်တယာက ငိုသံဖြင့်

'ကြည့်စမ်းပါဦး၊ သူတို့ လုပ်ထား လိုက်ကြတာ'

www.burmeseclassic.com



ကတ်တယာသည် ဘွန်း ရှိရာသို့ လျှောက်လာသည်။ သူမ လက်ထဲတွင် အရောင် လက်နေသော ပစ္စည်းတစ်ခု ကိုင်ဆောင်လာသည်။ ကြားရသော ကျယ်လောင်သော အသံကြီးမှာ ရေများ ဒလဟော စီးဝင်လာခြင်း ဖြစ်သည်ကို ဘွန်း မြင်ရသည်။ ဘွန်းက ကတ်တယာ့အား လှမ်းအော်၍

'နောက်ဆုတ်၊ နောက်ဆုတ်'

ကတ်တယာသည် သူ့ လက်ထဲမှ ကိုင်ထားသော ပစ္စည်းကို ဘွန်း ရှိရာသို့ ပစ်ပေးသည်။ ဘွန်းက ဖမ်းယူလိုက်သော အခါ ခွဲစိတ်ခန်းက ဓားသွားရှည် ဖြစ်သည်။

ထို အချိန်၌ အကာအကွယ်မဲ့သလောက် ဖြစ်နေသော ဘွန်းအား အဆုံးသတ်ရန် ဖာဒီသည် သူ့ဓားကောက်ကို ခါယမ်းကာ ရှေ့တိုးလာခြင်း ဖြစ်သည်။ ဘွန်းသည် ကတ်တယာ လှမ်းပစ်လိုက်သော ခွဲစိတ်ဓားကို ရသည်နှင့် ဖာဒီ၏ ဓားချက်များကို တိမ်းရှောင် လိုက်ပြီး လက်ထဲမှ ခွဲစိတ်ဓားဖြင့် ရှေ့တိုးလာသော ဖာဒီ၏ လည်မျိုသို့ ထိုးလိုက်လေ၏။

ထိုစဉ် ဒလဟော စီးဝင်လာသော ရေများသည် ဒူဂျာစခန်းကြီး တစ်ခုလုံးအား ဆေးကြောပေးလိုက်သလို ဖြစ်သွားလေ၏။

၀

ဆော်ဒီတပ်ဖွဲ့ ခေါင်းဆောင် ဖေအယ်ဆော့ဒ်သည် ဆုံးဖြတ်ချက်များကို လျင်မြန်စွာ ချနေရ၏။ သူသည် မြေအောက် မြစ်ရေကြောင်းကို ဒုတိယ အကြိမ် ဖောက်ခွဲပြီးနောက် သူနှင့် သူ့တပ်ဖွဲ့တို့သည် ပေါက်ကွဲ သွားသော ဟောင်းလောင်း ပေါက်ကြီးထဲမှ တစ်ဆင့် ဒူဂျာစခန်း တွင်း ဝင်လိုက်ကြ၏။ အထဲသို့ ရောက်သည်နှင့် အပေါ်နှင့် အပြင်မှ မမြင်ရအောင် အဖုံးအကာ များဖြင့် ရဟတ်ယာဉ်ကွင်းကို တွေ့ရ၏။

ဖောက်သွင်းလိုက်သော ရေများက ဒူဂျာစခန်း၏ အနိမ့်ဆုံး အပိုင်းများကို ရေလွှမ်းစ ပြုနေပြီဖြစ်၏။

ဖေအယ်ဆော့ဒ်၏ မျက်စိရှေ့မှောက်တွင် ပလက်ဖောင်းအမြင့် ထင်ရှား ရှိသည်။ ၎င်းပလက်ဖောင်းမှ တစ်ဆင့် ထွက်ပေါက်သို့ ထွက်နိုင်မည့် အကြမ်းဖက်ခေါင်းဆောင် ဖာဒီက စီစဉ်ထားပုံ ရ၏။ ဖေအယ်ဆော့ဒ်သည် သူ့တပ်ဖွဲ့ဝင်များအား ရဟတ်ယာဉ် မောင်းသူများကို ထွက်ကြည့်ရန် တာဝန်



ပေးလိုက်သည်။ သူ့ စိတ်ထဲတွင် *'မိတ်ဆွေ ဂျေဆင်ဘွန်း တစ်ယောက် ဘာတွေများ လုပ်ကိုင်နေပါလိမ့်'* ဟု တွေးတော ပူပန်နေ၏။ ဂျေဆင်ဘွန်း တစ်ယောက် မည်ကဲ့သို့ အောင်ပွဲရအောင် တိုက်ပွဲ ဝင်ခဲ့သည်ကိုလည်း သိချင်သည်။ သူ့လူများကို ဂျေဆင်ဘွန်းအား ရှာဖွေရန် ညွှန်ကြားလိုက်၏။

သူ့တပ်ဖွဲ့ဝင်များ ခေါ်ဆောင်လာသူမှာ ဂျေဆင်ဘွန်း မဟုတ်။ ထိတ် ပြောင်ပြောင် စတီးလ်မျက်မှန်ဝိုင်း တပ်ထား သော အဘိုးကြီး တစ်ယောက် ဖြစ်သည်။ မျက်မှန်အဝိုင်း၏ မှန်တစ်ချပ်မှာ ကွဲနေ၏။ ဖေအယ်ဆော့ဒ်က

'ငါက ဂျေဆင်ဘွန်းကို ရှာခိုင်းလိုက်တာ၊ မင်းတို့က ဘယ်က အဘိုးကြီး ခေါ်လာတာတုံး'

ဖေအယ်ဆော့ဒ်၏ စိတ်ထဲ၌ 'မိတ်ဆွေ ဂျေဆင်ဘွန်း တစ်ယောက် ပေါက်ကွဲမှုများ ကြားတွင် ဒဏ်ရာများ ရသွားလေသလား၊ အသက်ရှင်ရက်မှ ရှိပါသေးရဲ့လား' ဟု ပူပန်နေသည်။ ထိုစဉ် အဘိုးအိုကို ခေါ်လာသော သူ့တပ်ဖွဲ့ဝင်များက အာရပ် ဘာသာစကားဖြင့်

'ဒီလူက သူ့နာမည်ဟာ ကော်စတင် ဗိန်းဒရော့ဒ်လို့ ပြောပါတယ်'

အဘိုးအိုသည် သူ၏ နာမည်ကို အသံထွက်ကို အာရဗီ ဘာသာစကားဖြင့် ကြားလိုက်ရသည်နှင့် ခေါင်းထောင်လာပြီး သူက

'ဒေါက်တာ ဗိန်းဒရော့ဒ်ပါ'

အဘိုးအိုသည် တတ်သမျှ မှတ်သမျှ အာရဗီစကားဖြင့် ပြောလေခြင်း ဖြစ်သည်။ ဖေအယ်ဆော့ဒ်က စိတ်မရှည်တော့ဘဲ

'အင်္ဂလိပ်လိုပဲ ပြောပါ ခင်ဗျာ၊ ရပါတယ်'

အဘိုးအိုသည် စိတ်သက်သာသွားပုံ ရကာ

'ခင်ဗျား ရောက်လာတာ ဘုရား မတာပါပဲဗျာ၊ ကျုပ်နဲ့ ကျုပ်မိန်းမ ဒီစခန်းမှာ အဖမ်းခံထားရတာဗျ'

ဖေအယ်ဆော့ဒ်သည် ဘာမှပြန်မပြောဘဲ အဘိုးအိုကိုသာ စိုက်ကြည့် နေသည်။ အဘိုးအိုက

'ကျုပ်ကို လွှတ်ပေးပါဗျာ၊ ကျုပ်မိန်းမကို လိုက်ရှာရပါဦးမယ်'

ဖေအယ်ဆော့ဒ်က

'ခင်ဗျား နာမည်ကို ခင်ဗျားက ဒေါက်တာ ကော်စတင်ဗိန်းဒရော့ဒ်လို့ ပြောတယ်၊ ခင်ဗျားနဲ့ ခင်ဗျား မိန်းမ ဒီမှာ အဖမ်းခံထားရတယ် ပြောတယ်၊ ဘယ်သူက ခင်ဗျားတို့ လင်မယားကို ဖမ်းထားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဗိန်းဒရော့ဒ်သည် ဖေအယ်ဆော့ဒ်၏ အမေးကို စိတ်ဝင်စားပုံ မရ။ သူ့မိန်းမ အတွက်သာ စိတ်ပူနေပုံ ရသည်။ သူ့ကို ခေါ်ဆောင် လာကြသော တပ်သားများဘက်သို့ လှည့်ပြီး

'ကျုပ်မိန်းမ နာမည်က ကတ်တယာ ပါ၊ ဒီစခန်း တစ်နေရာမှာ ရှိနိုင်ပါတယ်၊ တွေ့ရင် ပြောကြပါဗျာ'

ဗိန်းဒရော့ဒ်က အင်္ဂလိပ်ဘာသာ စကားဖြင့် ပြောကြားနေသည်ကို တပ်သားများက နားလည်ပုံမရ။ ဗိန်းဒရော့ဒ်သည် အင်္ဂလိပ်ဘာသာဖြင့် ပြောရာမှ သူ၏ မူရင်းဘာသာဖြစ်သော ရိုမေနီးယား ဘာသာဖြင့် ပြောရန် ကြိုးစားသည်။ မည်သူမျှ နားလည်ပုံမရ။ ထိုစဉ် သူတို့ နောက်ဘက်မှ လှုပ်ရှားမှုတစ်ခု တွေ့ရသည်။ ဖေအယ်ဆော့ဒ်သည် ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး

'ဂျေဆင်'

ဖေအယ်ဆော့ဒ်သည် သူ့မိတ်ဆွေကို မြင်သည်နှင့် ဝမ်းသာအားရ ပြေး၍ နှုတ်ဆက်သည်။ တစ်ဆက်တည်းတွင် သူ သိချင်နေသော သတင်းကိုလည်း မေး သည်။

'ဖာဒီကော သေသလား၊ ရှင်သလား ဟင်'

ဂျေဆင်ဘွန်းက

'သေပြီ'

ဖေအယ်ဆော့ဒ်က ဂျေဆင်နှင့် အတူ ပါလာသော ဒဏ်ရာများနှင့် ဝှတ်ဂိုလ်ကို ကြည့်ပြီး

'သူကရော ဘယ်သူလဲ ဂျေဆင်'

ဘွန်းက

'သူက ကျုပ်မိတ်ဆွေ မာတင် လင်းဒရို့စ်ပဲ'

ဖေအယ်ဆော့ဒ်က

'ဟုတ်လား၊ ဒါ့ထက် ဂျေဆင် နျူကလီးယား လက်နက်ပစ္စည်းတွေ ရဟာတ်ယာဉ်ပေါ်က လက်ဆွဲအိတ်မည်းမည်းလေးထဲမှာ ရှိတယ်၊ ဖာဒီ ဘယ်လိုများ လုပ်ထားပါလိမ့်'

ဘွန်းက ဖေအယ်ဆော့ဒ် ပြောနေသည့် အကြောင်းအရာထက် ရှေ့တွင် မြင်နေရသော ဒေါက်တာ ဗိန်းဒရော့ဒ်ကို စူးစိုက်ကြည့်လိုက်ပြီး

'ဟယ်လို ဒေါက်တာ ဆန်ဒါလင်၊ ဒါမှမဟုတ် ခင်ဗျားကို ကော်စတင် ဗိန်းဒရော့ဒ်လို့ ခေါ်ရမှာလား'



ဗိန်းဒရော့ဒ်သည် တုန်လှုပ်သွားပုံရ၏။

ကြားထဲမှ နားထောင်နေသော ဖေအယ်ဆော့ဒ်က မျက်ခုံး ပင့်လိုက်ပြီး

'ဂျေဆင်၊ ခင်ဗျား သူ့ကို သိသလား'

ဂျေဆင်ဘွန်းက ခေါင်းညိတ်ပြရင်း

'ကျုပ်တို့ တစ်ချိန်က တွေ့ဖူးပါတယ်၊ ဒီဆရာဝန်ကြီးက အင်မတန် ထူးချွန်တဲ့ ပညာရှင်ကြီးပါ။ သူက တော်တော်များများ ပညာရပ်တွေရဲ့ စပါယ် ရှယ်လစ်ပါ။ အဲဒီထဲက တစ်ခုကတော့ သူများ ဦးနှောက်ထဲက မှတ်ဉာဏ်ကို ကမောက်ကမ ဖြစ်အောင် လုပ်နိုင်တာပါပဲ'

ဖေအယ်ဆော့ဒ်က ခေါင်းညိတ်ပြလိုက်ပြီး

'ဪ သူက နျူကလီးယားလက်နက် ပစ္စည်းကို တပ်ဆင်ပေးပြီး လက်ဆွဲ အိတ် အမည်းထဲ ထည့်ပေးထားတဲ့ လူကိုး၊ သူက ပြောတော့ သူနဲ့ သူ့မိန်းမ ဟာ အဖမ်းခံထားရတဲ့ အကျဉ်းသားတွေတဲ့'

ဗိန်းဒရော့ဒ်က ဝင်၍

'ကျုပ်တို့က အဖမ်းခံရတဲ့ အကျဉ်းသားတွေပါဗျာ၊ ခင်ဗျားတို့က နားမလည်နိုင်တာပါ'

ဂျေဆင်ဘွန်းက ဖေအယ်ဆော့ဒ်ကို ကြည့်ပြီး

'ကဲပါ၊ ဒီလူ့အကြောင်းကို ခင်ဗျား သိပြီပဲ၊ အဲ သူ့မိန်းမကတော့'

ဗိန်းဒရော့ဒ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး

'ကျွန်တော့် မိန်းမရော၊ ကတ်တယာလေ၊ ခင်ဗျား သူ့ကို သိလား'

ဂျေဆင်ဘွန်းက သနား ကြင်နာမှု ကင်းစွာဖြင့်

'ကတ်တယာ သေပြီ'

ဘွန်း စိတ်ထဲတွင် သူ့ကို မှတ်ဉာဏ် ကမောက်ကမ ဖြစ်အောင် လုပ်ဆောင်ခဲ့သူ ဒေါက်တာ ဗိန်းဒရော့ဒ်အပေါ် သနားစိတ် အလျှင်း မရှိပါ။ ဖာဒီနှင့် ကာရင်တို့ ပူးပေါင်းပြီး ဖျက်ဆီးရေး စီမံကိန်းကို ပူးပေါင်း လုပ်ဆောင်ခဲ့သူ ဖြစ်သော်လည်း ကတ်တယာ့အကြောင်းကိုမူ ပြောပြရမည် ဖြစ်သဖြင့် သူက

'ကတ်တယာက ကျွန်တော့် အသက်ကို ကယ်ဖို့ ကြိုးစားခဲ့ပါတယ်၊ ကျွန်တော်ကလည်း သူ့ကို ကယ်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ပင်လာတဲ့ ရေလှိုင်းကြီးတွေက သူ့ကို ဆွဲခေါ်သွားခဲ့ပြီ'

ဗိန်းဒရော့ဒ်သည် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ညာတာပဲ ဖြစ်ရမယ်၊ ခင်ဗျားတို့ ကျုပ်မိန်းမကို ဖမ်းထားတာ ဖြစ်ရမယ်'

ဘွန်းသည် ဗိန်းဒရော့ဒ်ကို အခြား ခန်းထဲသို့ ဆွဲခေါ်သွားသည်။ ထို အချိန်၌ ဆော်ဒီ တပ်ဖွဲ့ဝင်များသည် ရေထဲမှ တွေ့ရှိရသော အလောင်းကောင်များကို ယူလာနေစဉ် ဖြစ်သည်။ ဖာဒီ၏ ရုပ်အလောင်းနားတွင် ကတ်တယာကို တွေ့ရ၏။ ဗိန်းဒရော့ဒ်သည် သူ့မိန်းမ၏ ရုပ်အလောင်းကို မြင်ရသည်နှင့် ဒူးထောက်ကာ ငိုကြွေးလေသည်။

ဘွန်း စိတ်ထဲတွင် အင်မတန် ချောမောလှပသည့် ကတ်တယာဆိုသော မိန်းကလေးသည် သူမအသက်ကို စွန့်၍ ဖာဒီကို သတ်နိုင်ရန် ကူညီခဲ့၏။ သူမသည် ဖာဒီကို သေဆုံးစေလိုသော ဆန္ဒ ပြင်းပြပုံရ၏။ မည်သို့ပင်ဆိုစေ ဘွန်းသည် သူမ၏ ဆန္ဒကို ဖြည့်ဆည်းနိုင်ခဲ့ပြီး ဖြစ်၏။ ဘွန်းသည် ဗိန်းဒရော့ဒ်အား ရဟတ်ယာဉ် ရှိရာသို့ ခေါ်သွားသည်။ တစ်ဆက်တည်းတွင် ဖေအယ်ဆော့ဒ်အား

'ယာဉ်ပေါ်မှာ ပိုင်းလော့ ရှိရဲ့လား'

ဖေအယ်ဆော့ဒ်က ခေါင်းညိတ်ပြပြီး

'ရှိပါတယ်၊ ဒီမှာ နျူကလီးယား ထည့်ထားတဲ့ လက်ဆွဲအိတ်'

ဗိန်းဒရော့ဒ်က ဝင်၍

'ဒါက နျူကလီးယား ပစ္စည်းရော ဟုတ်ရဲ့လား'

ဖေအယ်ဆော့ဒ်သည် ဗိန်းဒရော့ဒ်အား ကြည့်ပြီး ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ်၊ ကျုပ် ဖွင့်ကြည့်ပြီးပြီ၊ ဒါ နျူကလီးယားဗုံးပဲ'

ဗိန်းဒရော့ဒ်က လေသံတစ်မျိုးဖြင့်

'ဒါဆိုရင် ကျုပ်သာ ခင်ဗျားတို့ နေရာမှာရှိရင် ထပ်ဖွင့်ကြည့်မှာပဲ၊ ခင်ဗျားတို့ သေသေချာချာ စစ်ဆေးမကြည့်ဘူးနဲ့ တူတယ်'

ဖေအယ်ဆော့ဒ်သည် ဘွန်းဘက်သို့ လှည့်ကြည့်သည်။ ဘွန်းက ခေါင်းညိတ်ပြသည်။ သည့်တော့မှ ဖေအယ်က သူ့လူအား

'ဖွင့်ကြည့်လိုက်စမ်း'

ဆော်ဒီတပ်သားသည် လက်ဆွဲအိတ်ကို ကွန်ကရစ်ကြမ်းပြင်ပေါ် ချ၍ ဖွင့်လိုက်သည်။

ဗိန်းဒရော့ဒ်က

'ဘယ်ဘက်ကို ကြည့်၊ မဟုတ်သေးဘူး နောက်ဘက်နားကို ကြည့်'



ဆော်ဒီတပ်သားသည် ဗိန်းဒရော့ဒ် ခိုင်းသည့်အတိုင်း ကြည့်ရာမှ

'အချိန်ကိုက်စက် အလုပ် လုပ်နေတယ်'

ဗိန်းဒရော့ဒ်က

'အဲဒီလို ဖြစ်တာ လက်ဆွဲအိတ်ကို ကုတ်နံပါတ် မပေးဘဲ ဖွင့်လိုက်လို့ ဖြစ်တာ'

ဗိန်းဒရော့ဒ်၏ အသံမှာ အောင်မြင် ဝင့်ကြွားသော လေသံမျိုး ဖြစ်ကြောင်း ဘွန်း ရိပ်မိလေသည်။

ထိုစဉ် ဖေအယ်ဆော့ဒ်က သူ့လူအား

'အချိန် ဘယ်လောက် ကျန်သေးလဲ'

'လေးမိနစ်၊ သုံးဆယ့်ခုနစ် စက္ကန့်'

ဗိန်းဒရော့ဒ်က

'ကျုပ်လုပ်ထားတာ၊ ကျုပ် ရပ်သွားအောင် လုပ်နိုင်တယ်၊ အပြန်အလှန် အနေနဲ့ ကျုပ်ကိုတော့ လွှတ်ပေးရမယ်၊ ဘာ အဖွဲ့အနှောင်မှ မရှိရဘူး'

ဘွန်းသည် 'ဒါ အကုန်ပဲလား' ဟု ပြောပြောဆိုဆို ဗိန်းဒရော့ဒ်အား နံရံဆီသို့ ဆောင့်တွန်းပစ်လိုက်သည်။ နံရံဆီမှ ပြန်ကျလာသော ဗိန်းဒရော့ဒ်ကို ဖမ်းလိုက်ပြီး ပါးစပ်မှလည်း 'ဓားပေး' ဟု ပြောသည်။

ဖေအယ်ဆော့ဒ်ကလည်း အခြေအနေကို သိမြင်၍ ဓားတစ်ချောင်း ဘွန်းအား ပေးသည်။

ဓားရသည်နှင့် ဘွန်းသည် ဗိန်းဒရော့ဒ်၏ ဒူးဆစ်အထက်သို့ ဓားနှင့် ထိုးလိုက်သည်။ ဗိန်းဒရော့ဒ်သည် နာကျင်စွာ အော်ပြီးနောက်

'ဒါ ဘာလုပ်တာလဲဗျ'

'ကျုပ်က လုပ်တာ မဟုတ်ဘူး၊ ခင်ဗျားက လုပ်နေတာ၊ ကျုပ်တို့ကို လေးမိနစ်ပဲ အချိန်ကျန်အောင် လုပ်နေတာ'

'ဒါဆိုရင် ကျုပ်နဲ့ အပေးအယူကရော'

'အပေးအယူက ဒါပဲ'

ဘွန်းသည် ဓားဖြင့် ထိုးသည်။

ဗိန်းဒရော့ဒ် အော်ရပြန်သည်။ ပြီးမှ

'ကောင်းပါပြီ၊ ကောင်းပါပြီ'

ဘွန်းက ဆော်ဒီ တပ်သားအား

'လက်ဆွဲအိတ်ကို သူ့ ရှေ့ကိုချ ဖွင့်ပေးလိုက်'

www.burmeseclassic.com

www.burmeseclassic.com



တပ်သားက လက်ဆွဲအိတ်ကို ချပြီးသည်နှင့် ဗိန်းဒရော့ဒ်အား

'ကဲ ခင်ဗျားအလုပ်ပဲ ရှိတော့တယ်၊ ရပ်အောင်လုပ်၊ ကျုပ်စောင့်ကြည့်နေမယ်'

ဗိန်းဒရော့ဒ်သည် ချိန်ကိုက်စက်ကို တစ်စုံတစ်ရာ လုပ်သည်။

ဘွန်း စောင့်ကြည့်သည်။ တစ်ချိန်တည်း နာရီကိုလည်း ကြည့်သည်။

နှစ်မိနစ်ခန့်တွင် ဗိန်းဒရော့ဒ် အလုပ်ပြီးဟန် ပြသည်။

ဖေအယ်ဆော့ဒ်က သူ့ လူအား ကြည့်ခိုင်းသည်။

သူ့လူက ကြည့်၍

'အချိန်ကိုက်စက် ရပ်သွားပြီ'

ဗိန်းဒရော့ဒ်က

'ကျုပ်ကို ဆေးပေးကြဗျာ'

ဖေအယ်ဆော့ဒ်က သူ့ရဲ့ ဆရာဝန်ကို လှမ်းခေါ်သည်။ ထို့နောက် ချူကလီးယား လက်ဆွဲအိတ်ကို ယူ၍ သူ့လူများအား ပေးရန် ပြသည်။ ဘွန်းက အလျင်အမြန် လက်ဆွဲအိတ်ကို ယူပြီး

'ကျုပ်က ဗီပစ္စည်းကို ကာရင့်ဆီ ရောက်အောင် ယူသွားရဦးမယ်'

ဖေအယ်ဆော့ဒ်က မျက်မှောင် ကုတ်လိုက်ပြီး

'ကျုပ်ဖြင့် နားမလည်တော့ဘူးဗျာ'

ဘွန်းက

'ကျုပ်က ဖာဒီ စီစဉ်တဲ့အတိုင်း ဝါရှင်တန်ထိ သူ့ပစ္စည်းကို သယ်သွားရမှာ လေ'

'ဟုတ်ရော ဟုတ်ရဲ့လား၊ ဂျေဆင်ရာ၊ ကောင်းရော ကောင်းပါ့မလား၊ အခြေအနေအရ ဗီအတိုင်း ကရတော့မှာပဲ၊ ကာရင်ဟာ ထောက်လှမ်းရေး အဖွဲ့ချုပ်မှာ ဟန်ပြခေါင်းဆောင်ကြီး ဖြစ်နေပြီ၊ ဒါကို ရှင်းရမယ်'

'ခင်ဗျားမှာ အစီအစဉ် ရှိတယ်ပေါ့'

'ဟုတ်တယ်၊ ရှိတယ်'

'ဒါဆို လုပ်လေ၊ ခင်ဗျား မိတ်ဆွေကိုတော့ ဆေးကုဖို့ ထားခဲ့'

'မရဘူး၊ သူ့ကိုလည်း ခေါ်သွားရမှာ'

'ဒါဆိုလည်း ဆရာဝန်ပါ ကျုပ် ထည့်ပေးလိုက်ပါ့မယ်'

'ကျေးဇူးပါပဲ'

သူတို့သည် မာတင်လင်းဒရိုစ်ကို ရဟတ်ယာဉ်ပေါ်သို့ တွဲတင်ကြသည်။



တွဲတင်သူမှာ ဆရာဝန် ဖြစ်သည်။ ဖေအယ်ဆော့ဒ်က သူ့ဆရာဝန်အား

'သူ ဘယ်လောက်ကြာကြာ ခံနိုင်ဦးမှာလဲ'

ဆရာဝန်က

'တစ်နာရီလောက်တော့ ခံဦးမယ် ထင်တယ်'

ထိုစဉ် လေယာဉ်မှူးအား လိုအပ်သည်များ ညွှန်ကြားပြီးသည့်နောက် ဘွန်းက ဖေအယ်ဆော့ဒ်ကို ကြည့်၍

'ကျုပ်ကို အကူအညီ တစ်ခုတော့ ပေးဦး'

'ဆိုဗျာ ဘာအကူအညီ ပေးရမှာလဲ'

'ကျုပ်ကို ဖုန်းတစ်လုံးပေး'

ဖေအယ်ဆော့ဒ်က ဖုန်းတစ်လုံး ပေးသည်။ ဘွန်းက

'ကျေးဇူးပဲ၊ ကျုပ် လုပ်ပေးစေချင်တာ တစ်ခု ရှိသေးတယ်၊ ခင်ဗျားရဲ့ အဆက် အသွယ်တွေက တစ်ဆင့် အမေရိကန် အစိုးရဆီကို ဆက်သွယ်ပါ၊ ပြီးတော့ ကျုပ် စီးလာတဲ့ လေယာဉ်ဟာ ဆော်ဗီသံတမန် အစီအစဉ်နဲ့ လာတဲ့ အကြောင်း ပြောထားပါ၊ လေယာဉ်ကွင်းမှာ အကောက်ခွန်ရုံး၊ လူဝင်မှု ကြီးကြပ်မှုတို့ စစ်ဆေးတာကို မခံနိုင်ဘူး'

'ဟုတ်ပြီ လုပ်ထားလိုက်မယ်'

'ပြီးတော့ အဲဒီအတိုင်းပဲ ထောက်လှမ်းရေး အဖွဲ့ချုပ်ကိုလည်း ဆက်ပေးပါဦး'

'ကျုပ်က ဖုန်းဆက်လိုက်ရင် ဟို အယောင်ဆောင်သမားကို သတိပေးလိုက်သလို ဖြစ်သွားမှာပေါ့'

'သိပါတယ်၊ အဲဒီလို ဖြစ်စေချင်တာပဲ'

ဖေအယ်ဆော့ဒ် မျက်နှာသည် စိတ်ပူသွား၏။ သူက

'ဂျေဆင်၊ ခင်ဗျားလုပ်ပုံက သိပ် စွန့်စားရာ ကျမနေဘူးလား'

ဘွန်းက ဘာမှ ပြန်မပြောပေ။ ဖေအယ်ဆော့ဒ်က

'အလ္လာရှင်မြတ် ခင်ဗျားကို စောင့်ရှောက်ပါစေ'

ဘွန်းသည် ရဟတ်ယာဉ်ပေါ်သို့ တက်လိုက်သည်။ မာတင် လင်းဒရိုစ်နံဘေးမှာ ထိုင်ပြီး လက်ကို အသာအယာ ကိုင်သည်။ မာတင်သည် အကောင်း ပကတိ ကျန်သော မျက်လုံးတစ်လုံးဖြင့် ဘွန်းအား ကြည့်သည်။ ဘွန်းက မာတင့်ကို ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



'ဖာဒီ သေသွားပြီ မာတင်၊ ခင်ဗျား ဆန္ဒ ပြည့်ပါပြီ၊ ခင်ဗျားဟာ တကယ့် သူ့ရဲကောင်းပါ'

၀

ကာရင်သည် တမင်သက်သက် အစည်း ဝေးခန်းသို့ နောက်ကျစွာလာသည်။ သူ အစည်းအဝေး ခန်းမထဲ ဝင်လာသည့် အချိန်တွင် ခုနစ်ယောက်သော ဒါရိုက်တာများ စားပွဲ၌ အသင့်ရောက်နှင့်နေပြီး စောချင်သောကြောင့် ဖြစ်သည်။ အစည်းအဝေး ခန်းမနှင့် ဆက်လျက်မှာ အဘိုးကြီး၏ အခန်းဖြစ်သည်။ ကာရင်သည် အခန်းထဲသို့ ရောက်သည်နှင့်

'ဒါရိုက်တာကြီးက မလာနိုင်ဘူး ပြောတယ်၊ အန်နီကလည်း သူနဲ့ ပါသွားတယ်၊ ဒါရိုက်တာကြီးဟာ သမ္မတကြီးနဲ့ အဖွဲ့ကို တွေ့ဆုံ ဆွေးနွေးနေတာ ဖြစ်တယ်'

ကာရင်သည် စားပွဲတွင် ထိုင်သည်။ လက်ဆွဲအိတ်ထဲမှ ထူထဲသော ဖိုင်တွဲကြီး ထုတ်သည်။ ၎င်းထူထဲသော ဖိုင်တွဲကြီးတွင် တကယ့် တကယ်၌ ကား ငါးရွက်သာ အချက်အလက်များ ပါရှိသည်။ သူက

'အခုနောက်ဆုံး ရရှိတဲ့ အချက် အလက်တွေအရ ကျုပ်တို့ကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက် ဒူဂျာအဖွဲ့ဟာ မရှိတော့ဘူး၊ သူတို့ဟာ အခွံကြီးပဲ ရှိတော့တယ်၊ ဘာအန္တရာယ်မှ မပေးနိုင်တော့ဘူး၊ ဒီတော့ ကျုပ်တို့ရဲ့ စစ်မျက်နှာတာ တခြားဘက်တွေကို လှည့်ရတော့မယ်'

အော်ပရေးရှင်းတာဝန်ခံ ရော့ခ်ဘက်က -

'ခဏနေပါဦး မာတင်၊ ဒီကိစ္စကြီး မပိတ်ခင် ဒူဂျာခေါင်းဆောင် ဖာဒီက ၄တ်တုတ်ကြီး ရှိနေသေးတာပဲ'

ကာရင်သည် ထိုင်ခုံနောက်သို့ မှီ လိုက်၏။ သူသည် လတ်တလောအခြေ အနေအရ အဖွဲ့နှင့် ဆန့်ကျင်လိုခြင်း မရှိ။ သူက

'ဟုတ်ပြီလေ၊ ဘာပဲပြောပြော ဖာဒီကို ဖမ်းမိဖို့အရေး ဆွေးနွေးကြတာပေါ့' ထောက်လှမ်းရေး ဒါရိုက်တာတစ်ဦး ဖြစ်သူ ဒစ်ဆိုင်က

'ကျုပ်လည်း သဘောတူတယ်၊ သူ့ကို ဖမ်းမိဖို့ အရေးကြီးတာပဲ'

စားပွဲဝိုင်းတွင် ထိုင်နေကြသော ကျန် ဒါရိုက်တာများကလည်း သဘော တူကြောင်း ခေါင်းညိတ် ပြကြသည်။ ကာရင်က



'အဘိုးကြီး ရှုံးမတက်နိုင်ခင်အတွင်း ကျွန်တော်တို့အားလုံး စုပေါင်းပြီး ဘာ အရေးကြီးဆုံးဆိုတာ စဉ်းစားကြဖို့ လိုပါတယ်၊ ပထမဆုံးကတော့ ဒူဂျာ အဖွဲ့ကြီးကို ရှင်းလင်းပစ်နိုင်တယ်ဆိုတာ အရေးကြီးဆုံး အချက်အလက် တစ်ခုပါပဲ၊ ခု ချိန်ထိ ဖာဒီဟာ သေသလား၊ ရှင်သလား သတင်း အတိအကျ မရသေးပါဘူး၊ တကယ်လို့ တောင်ယီမင်စခန်းကို တိုက်ခိုက် သိမ်းပိုက်ရာမှာ သူရှိသလား၊ သူ သေဆုံးသွားတဲ့အထဲမှာ ပါသလား မသိရသေးဘူး၊ ဒုတိယ တစ်ချက်က အဲဒီ စခန်းကို ဝင်တိုက်ခိုက်တုန်းက စခန်းမှာ သူ မရှိဘူးဆိုရင် သူဘယ်မှာ ရှိသလဲဆိုတာ အတိအကျ မသိနိုင်ဘူး၊ ယီမင်စခန်း တိုက်ခိုက် သိမ်းပိုက်ခံရဖို့ သတင်းကို ရသွားရင် သူမြေလျှိုးသွားမှာပဲ။ ဒီတော့ ကျုပ် တို့က ရမိရာရာ ဒူဂျာ ကွန်ရက်တွေထဲက လိုက်ရှာရမှာပဲ၊ ကျုပ်တို့ဘက်က အာရုံ ပြောင်းသွားပြီဆိုတာ ကမ္ဘာပေါ်မှာ ရှိနေသေးတဲ့ အကြမ်းဖက် အဖွဲ့တွေကို ပေးသိစေချင်တာပဲ၊ တကယ်လို့ ဖာဒီက အသက်ရှင် နေသေး တယ်ဆိုရင် သူ တစ်ခုခုတော့ လုပ်မှာပဲ၊ ဒီတော့မှ သူ့ကို လိုက်ရှာကြ ဖမ်းကြ တာပေါ့'

ကာရင်သည် စားပွဲဝိုင်းရှိ ဒါရိုက်တာအဖွဲ့ဝင်များကို အကဲခတ်ကြည့် လိုက်၏။ မည်သူကမှ ကန့်ကွက်မည့်သူ မတွေ့ရ။ သို့နှင့် သူက

'ကျွန်တော့်ရဲ့ ပထမဆုံး တင်ပြချက်ကတော့ အကြမ်းဖက်ဝါဒကို တိုက်ခိုက် နှိမ်နင်းဖို့ပဲ ဖြစ်တယ်၊ အာရပ်ရယ်၊ မူဆလင်ရယ်ဆိုပြီး ခွဲခြား သတ်မှတ်စရာ မလိုဘူး၊ ဒီအချက်ကို ကမ္ဘာက သိအောင် ဖြန့်နိုင်ဖို့ပဲ ဖြစ်တယ်'

အားလုံးက ဘာမှ မပြောကြ။

၀

ဂျေဆင်ဘွန်းသည် ဟယ်လီကော်ပတာ ကြမ်းပြင်ပေါ်တွင် ဆေးအိတ်တစ်လုံး ကိုင်ထားသော ဆော်ဒီဆရာဝန်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သူတို့ နှစ်ယောက်အကြားတွင် သွေးသံရဲရဲနှင့် မာတင်လင်းဒရို့စ် လဲလျောင်းနေ သည်။ ဆရာဝန်သည် မာတင်လင်းဒရို့ ဝေဒနာ ခံစားမှု သက်သာစေရန် အကြောဆေးများ သွင်းပေးနေသည်။ ဆရာဝန်က

'ဒါ ကျုပ် အတတ်နိုင်ဆုံး လုပ်ပေးနိုင်တာပဲ၊ သူ ထိုက်သင့်သလောက် သက်သာရာ ရစေအောင်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဂျေဆင်ဘွန်းသည် သူ့ မိတ်ဆွေကြီး၏ မျက်နှာဟောင်းကို မြင်ယောင်မှန်းဆ ကြည့်နေမိ၏။ သို့သော် ဒဏ်ရာပြင်းထန် စွာရနေသော မာတင်လင်းဒရို့စ် မျက်နှာမှာ ယခင်ကကဲ့သို့ မဟုတ်တော့။ ဖာဒီ၏ သေနတ်ကျည်ဆန်သည် မာတင်လင်းဒရို့စ်၏ ညာဘက်မျက်နှာခြမ်းကို ဖျက်ဆီးပစ် လိုက်သောကြောင့် ဖြစ်သည်။ မျက်အိမ် တစ်ခြမ်းနှင့် ညာဘက်ခြမ်း တစ်ခုလုံး စုတ်ပြတ်နေပြီဖြစ်သည်။ ဆရာဝန်သည် မာတင် လင်းဒရို့စ်အား သွေးတိတ်အောင် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်၏။ သို့ သော် ဖာဒီ၏ သေနတ်သည် အနီးတစ်ပစ်ချက်ဖြစ်ရကား မာတင်၏ အမိက အစိတ်အပိုင်းတို့ကို ပျက်စီးစေခဲ့ပြီ ဖြစ်သည်။ ဆရာဝန်၏ အဆိုအရ နောက်ထပ်မည်သို့ပင် ကြိုးစားစေကာမူ မာတင်၏ အသက်ကို ကယ်တင်ဖို့ကား ဖြစ်နိုင်ဖွယ်ရာ မရှိတော့ဟုဆို၏။ မာတင်သည် ပေးထားသောဆေးများအရှိန်ကြောင့် မသက်မသာ အိပ်ပျော်နေရှာ၏။

မာတင့်ကို ကြည့်ရင်း ဘွန်း စိတ်ထဲတွင် ဒေါသလည်းဖြစ်၊ စိတ်လည်းပျက်နေ၏။ ဘာဖြစ်လို့များ မာတင့်ကို ဒီလို ဖြစ်လာပါစေလဲ။ ဘာဖြစ်လို့များ မာတင့် အသက်ကို ရှင်အောင် သူ မလုပ်နိုင်ပါလိမ့်။ ဘာမှ မကူညီ၊ မကယ်တင်နိုင်လိုက်ခြင်းသည် စိတ်အားငယ်မှုများကိုပင် ဖြစ်စေသည်။ တစ်နှစ်တစ်ခါက မာရီ့ကို မကယ်တင်နိုင်ခဲ့သည့် အချိန်တုန်းကလည်း ဤကဲ့သို့ ခံစားမှုမျိုး ခံစားခဲ့ရဖူးသည်။ ထိုခံစားမှုကို ဂျေဆင်ဘွန်း ဖြေဖျောက်၍ မရနိုင်။ ထိုခံစားမှုက သူ့အား တစ်ချိန်လုံး လှောင်ပြောင် နေသကဲ့သို့ ဖြစ်နေ၏။

ဂျေဆင်ဘွန်းသည် တစ်ချက်မျှ ညည်းတွားပြီး မျက်နှာလွှဲလိုက်၏။ သူတို့၏ လေယာဉ်သည် အမြင့်ပေ တော်တော် ရောက်ရှိနေပြီဖြစ်၍ တောင်တန်းများကို ကျော်ဖြတ်လာနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် သူသည် လက်ကိုင်ဖုန်းကို ဖွင့်လိုက်သည်။ လက်ကိုင်ဖုန်းဖြင့် ဆိုရာယာက ထပ်မံ ဆက်သွယ်လာ၏။ ဖုန်းခေါ်သံ မြည်သည်။ အလားအလာ ကောင်းသည်။ သို့သော် ဖြေကြားခြင်း မရှိပေ။ နောက်တစ်ကြိမ် ထပ်ဆက်သည်။ သည်တစ်ကြိမ်တွင်လည်း ဖြေကြားခြင်း မရှိပေ။ သို့နှင့် Voice Message ပို့ လိုက်သည်။ ပို့ရာ၌ လျှို့ဝှက်သင်္ကေတဖြင့် ပို့လိုက်ခြင်းဖြစ်သည်။ ၎င်းသင်္ကေတသည် သူနှင့် ဆိုရာယာတို့သာ ဖတ်နိုင်မည် ဖြစ်သည်။



ထို့နောက် သူသည် ဒီရွှန်၏ လက်ကိုင်ဖုန်းကို ဆက်သည်။ ဒီရွှန်သည် ယခုထိ ဖလောရီဒါတွင် ရှိနေဆဲဖြစ်သည်။ ဖုန်းအဆက်အသွယ် ရသည်နှင့်

'ကျုပ်မှာ ပြဿနာ ရှိနေတယ်၊ ခင်ဗျား တစ်ယောက်ပဲ ဖြေရှင်းနိုင်မှာ'

ဒီရွှန်က 'ပြော'

သူတို့နှစ်ယောက်၏ ဆက်သွယ်မှု ပုံစံမှာ ယခင်ကဲ့သို့ပင် တိုတောင်းလှ၏။ သူက

'ကျုပ်အသုံးပြုဖို့ ပစ္စည်းအစုံပါတဲ့ သေတ္တာတစ်လုံး လိုတယ်'

'ပြဿနာ မရှိပါဘူး၊ အခုမောင်ရင် ဘယ်မှာလဲ'

'ဝါရှင်တန် ရောက်ဖို့ ဆယ်နာရီလောက် လိုသေးတယ်'

'ဟုတ်ပြီလေ၊ လိုသမျှ ပစ္စည်းတွေကို ဒါးလက်စ်လေဆိပ်ကို ပို့ရမှာလား ရေဂင် နိုင်ငံတကာလေဆိပ်ကို ပို့ရမှာလား'

'နှစ်နေရာစလုံး မပို့နဲ့၊ ကျုပ်တို့က အနန်ဒေးနဲ့ ဆယ့်ရှစ်ကီလိုမီတာလောက်ဝေးတဲ့ လေဆိပ်ကို ဆိုက်မှာ'

ဘွန်းသည် လေယာဉ်မှူးထံမှ ရထားသည့် ဗာဂျီးနီးယား မြို့နယ်အတွင်းရှိ လေဆိပ်ဒေသကို ပြောပြသည်။

'ဒီလေဆိပ်က အရှေ့ဘက်အစွန်းနား ရှိရာ ပုဂ္ဂလိကပိုင် လေဆိပ်ပဲ။ စစ္စတိန်း ဓာတ်ခွဲခန်း ပိုင်တယ်၊ အဲ့ဒီ ဓာတ်ခွဲခန်းက IVT ရဲ့ လက်ခွဲပဲ၊ ဒါပဲ ကျေးဇူးပဲ ဒီရွှန်'

မလိုပါဘူးကွာ၊ ကျုပ်တောင် အဲ့ဒီ လာလိုက်ချင်သေး

'ဂျေဆင်ဘွန်းသည် အဆက်အသွယ် ဖြတ်လိုက်သည်'

ထိုစဉ် မာတင်သည် လှုပ်ရှားလာ၏။ မာတင်က

'ဂျေဆင်'

မာတင်၏ အသံမှာ တိုးတိတ်ညင် သာလွန်း၍ ဂျေဆင်သည် မာတင့်မျက်နှာနားသို့ တိုးကပ် နားထောင်ရ၏။ မျက်နှာမှာ ရရှိထားသော ဒဏ်ရာ၏ အနံ့ အသက်များသည် ဆိုးရွားလှ၏။ ဘွန်းက

'ကျုပ်အနားမှာ ရှိပါတယ်။ မာတင် ပြောပါ'

'ရုံးချုပ်မှာ ကျုပ်ဟန်ဆောင်နေတဲ့ သူက . . .'

'ကာရင်ပါ၊ ဖာဒီရဲ့ ညီလေ၊ ကျုပ် သိပြီးသားပါ၊ အဲ့ဒါတွေ အားလုံး တွက်ဆ နိုင်ခဲ့ပြီးပါပြီ မာတင်၊ ဒီဇာတ်လမ်းအစက အိုဒက်ဆာ စစ်ဆင်ရေးပါပဲ၊ ကျုပ်ကို တာဝန်ပေးခဲ့သူက ကွန်ကလင်လေ၊ ကျုပ်နှင့်အတူ တာဝန်ကျသူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာပဲ၊ ကျုပ်နဲ့ ဆိုရာယာတို့ နှစ်ယောက် ဆိုရာယာ ချိန်းဆိုထားတဲ့သူနဲ့ တွေ့ဖို့ သွားတယ်၊ ကျုပ်တာဝန်က သူ့ကို ရှင်းပစ်ဖို့ပဲ၊ အဲ့ဒီ ကြားထဲမှာ ရုတ်တရက် မိန်းမငယ်လေး တစ်ယောက် ပြေးဝင်လာတယ်။ သူကတော့ ဆာရာဘင်အရှက် ကာရင်ပါပဲ၊ ဖာဒီရဲ့ ညီမပေါ့၊ ကျုပ်က သူ့ကို သေနတ်နဲ့ လှမ်းပစ်လိုက်ပါတယ်၊ ဒါပေမဲ့ ကျုပ် ထင်ထားသလို ကျုပ် သေနတ် ကျည်ဆန် မှန်သွားတာ မဟုတ်ဘူး၊ ဆာရာကို အသေ လှမ်းပစ်လိုက်သူကတော့ ဖာဒီရဲ့ လူတစ်ယောက်ပဲ၊ ဒီမိန်းကလေးဟာ ဖောက်ပြန်မှုဖြစ်လို့ ပစ်သတ်လိုက်တယ်လို့ ဆိုတယ်'

နားထောင်နေသော မာတင်၏ မျက်နှာပေါ်မှ တစ်လုံးတည်းသော မျက်လုံးသည် ရဲတွတ်နေ၏။ မာတင်က

'အဲ့ဒါ ကာရင်ပဲပေါ့၊ သူ့ကို ဂျေဆင် ရအောင် ဖမ်းရမှာနော်' မာတင်၏ အသံမှာ ပြောရင်း ပြောရင်း တိုးတိတ် သွားလေသည်။ နှုတ်ခမ်း ထောင့်များတွင်လည်း သွေးစ သွေးနများ ကျနေ၏။ သို့သော် သူက ကြိုးစား၍

'ဒီလူက တကယ့် ဉာဏ်များတဲ့လူပဲ ဗျ. . စစ်တုရင်ကစားနေတဲ့သူ ပင့်ကူအိမ် အလယ်က ရှိနေတဲ့ ပင့်ကူကြီးပဲ၊ ဖာဒီက တကယ်တော့ ရုပ်ပြ ရှေ့က ဟန်ပြခေါင်းဆောင်ရတဲ့သူ၊ တကယ့် နောက်ကွယ်ကလူက ကာရင်ပဲ ဒီလူက သိပ် အန္တရာယ်ကြီးတယ်. . '

ဘွန်းက 'ခင်ဗျားပြောတာ အကုန်လုံး ကျုပ်ကြားပါတယ်။ နားလည်လည်ပါတယ်။ အခု ခင်ဗျားအနေနဲ့ သက်သက် သာသာ အနားယူပါ'

'မရဘူး၊ မရဘူး'

မာတင်က ဝေဒနာ ခံစားနေရသည့် ကြားမှ ပြင်းပြသော စိတ်အားကြောင့် လှုပ်ရှားနေနိုင်ခြင်း ဖြစ်ပုံရသည်။ သူက

'နားဖို့ အချိန်ဆိုတာ နောက်တော့ အများကြီး ရတော့မှာပါ၊ ကျုပ်က သေရတော့မယ့် လူလေ'

ထိုသို့ပြောရင်း မာတင့်ဒဏ်ရာများမှ သွေးများ ထွက်လာပြန်၏။ ဆရာဝန်က သွေးများကို သုတ်ပေးသည်။ မာတင်က ကြိုးစား၍ ဆက်ပြောသည်။

'ကာရင် ဆိုတဲ့လူ အတွက်တော့ အမေရိကကို ဖျက်ဆီးချင်တာသက်သက် မကဘူး၊ ကျုပ်တို့ ထောက်လှမ်းရေးအဖွဲ့ချုပ် တစ်ခုလုံးကို သေသောင်အောင် မုန်းတာ၊ ဒါကြောင့်လည်း သူ့ဘဝ၊ သူ့ အသက် အားလုံးကို စွန့်ပြီး



ဒီအထဲထိ ရောက်အောင် သူ ဝင်တာပေါ့'

'သူက ဘာဖြစ်လို့ ဝင်ချင်ရတာလဲ မာတင်၊ သူက ဘာလုပ်ချင်လို့လဲ'

'သူက တို့ဌာနချုပ်ကို ဖျက်ဆီးပစ်ချင်လို့ပေါ့၊ သူ့ကို ကောင်းကောင်း မဖော်ထုတ်နိုင်ခဲ့တာဟာ ကျုပ် အပြစ်ပါပဲ ဂျေဆင်'

'ခင်ဗျား အပြစ် မဟုတ်ပါဘူး၊ အဲ့ဒီ လိုသာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မယ် ဆိုရင် ကျုပ် ခင်ဗျားကို စိတ်ဆိုးမှာပဲ'

မာတင် လင်းဒရို့စ်သည် သဘောကျ၍ ရယ်လိုက်သည်။ သို့သော် သူ့ပါးစပ်မှ ရယ်သံထွက်မလာဘဲ သွေးများသာ ထွက်လာ၏။ သူက

'ကျုပ်တို့ အချင်းချင်း စိတ်ဆိုးလို့ မရတော့ပါဘူးဗျာ'

ဂျေဆင်ဘွန်းသည် မာတင့်ပါးစပ်မှ ထွက်လာသော သွေးများကို သုတ်ပေးသည်။ မာတင့်၏ တစ်ကိုယ်လုံးမှာ တုန်ယင်နေ၏။ သူက

'ဂျေဆင် ကျုပ်ပြောတာ နားထောင်ပါ၊ ဒီကိစ္စတွေအားလုံး ပြီးသွားပြီဆိုရင် ကျုပ် ခင်ဗျားကို တာဝန်တစ်ခု ပေးချင်တယ်၊ အဲ့ဒီတာဝန်ကတော့ နှင်းဆီပန်း နီနီလေး တစ်ဒါဇင်လောက် မွှိုင့်ရာ့ဆီရောက်အောင် ပို့ပေးပါ၊ မွှိုင့်ရာရဲ့ လိပ်စာကတော့ ကျုပ်အိမ်က လက်ကိုင်ဖုန်းထဲမှာ ရှိတယ်၊ ပြီးတော့ ကျုပ် ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ပါ၊ ကျုပ်ရဲ့ အရိုးပြာကို နယူးယောက် စီးတီးကတောရကျောင်းကို ပို့ပေးပါ'

ဂျေဆင်သည် မျက်ရည်ဝဲလာ၏။

'ဟုတ်ပါပြီဗျာ၊ ခင်ဗျား ဆန္ဒအတိုင်း ကျွန်တော် အားလုံး လုပ်ပါ့မယ်'

'အေးဗျာ၊ ဂျေဆင် ကျုပ် နံဘေး အရောက်လာတာ အရမ်း ဝမ်းသာတယ်'

'ခင်ဗျားဟာ ကျုပ်ရဲ့ အချစ်ဆုံး မိတ်ဆွေပဲ မာတင်၊ ကျုပ်ရဲ့ တစ်ယောက်တည်းသော မိတ်ဆွေ'

'ဒါလည်း ဝမ်းနည်းစရာတစ်ခုပဲဗျ၊ ကျုပ်တို့ နှစ်ယောက် ကြားမှာ ဘာတချည်နှောင်ထားသလဲဆိုတာ သိရဲ့လား ဂျေဆင်၊ ခင်ဗျားက အတိတ်တွေကို မမှတ်မိတော့တာ၊ ကျုပ်ကတော့ အတိတ်ကို ပြန်သတိရမှာတောင် ကြောက်နေတာ'

ထို့နောက် ဂျေဆင် ထိတ်လန့်စိုးရိမ် နေသော အချိန်သည် ရောက်လာ၏။ စောစောက မာတင့်၏ တစ်လုံးတည်းသော မျက်လုံးသည် အသက် ရှိနေသေးသည်ကို တွေ့နေရ၏။ ယခုသော်ကား တဖြည်းဖြည်း မှေးမှိန်သွားပြီး အဝေးဆီသို့ ဘာမှ မမြင်ရသလို ကြည့်နေ၏။ သည်အတွေ့ အကြုံမျိုးကို

www.burmeseclassic.com



ရေဆွေဆင် ခံစားဖူးပါ၏။ တစ်ခါမှ မျက်မြင်ကိုယ်တွေ့ မကြုံဖူးခဲ့။

ဆိုရာယာသည် သူမ မြင်ရသော မြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချား သွားသည်။ အကြောင်းမှာ ထောက်လှမ်းရေး အဖွဲ့ချုပ် ခေါင်းဆောင် အဘိုးကြီး၏ ရုပ်အလောင်းကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ရင်ထဲ၌ မိမိဖခင်၏ ရုပ်အလောင်းကို မြင်တွေ့ရသည့် ခံစားမှုမျိုးနှင့် တူလှသည်။ သူမ အပါအဝင် အဖွဲ့ချုပ်တွင် လုပ်ကိုင်နေကြသူအားလုံးသည် တစ်နေ့မဟုတ်တစ်နေ့ အဘိုးကြီး ကွယ်လွန်မည်ကို သိကြပြီးသားဖြစ်ပါသည်။ သို့သော် အဘိုးကြီးကား သေနိုင်မည့်သူ မဟုတ်၊ ပျက်စီးနိုင်မည့်သူ မဟုတ်ဟု အမြဲ တွေးထင်ခဲ့ကြပါသည်။ အဘိုးကြီး သည် ဒီအဖွဲ့ချုပ်ကို အချိန်ကြာမြင့်စွာ ဦးစီးချုပ်ကိုင် လုပ်ဆောင်ခဲ့သူဖြစ်၍ ယခုအခါ သူ ဆုံးပါးသွားသည်ကို တွေ့လိုက်ရသောကြောင့် သူမစိတ်ထဲတွင် အထီးကျန် သွားသည်ဟု ခံစားနေရ၏။ လုံခြုံမှုကင်းမဲ့ သွားသလိုပင်၊ တစ်ချိန်တည်းတွင် ထိတ်လန့်ကြောက်ရွံ့မှုကိုပါ ခံစားလိုက်ရသည်။ အဘိုးကြီး ကွယ်လွန်သွားပြီဆိုသည်နှင့် အဖွဲ့ချုပ်ကို မည်သူက စီမံအုပ်ချုပ်ပါမည်နည်း။ အဖွဲ့ချုပ်တွင် ဒါရိုက်တာကြီးများ ရှိကြပါသည်။ သူတို့သည် တခြား ဌာနကြီးများမှ စေလွှတ် ထားကြသူများ ဖြစ်ရာ အဖွဲ့ချုပ်သည် တကယ်တမ်း ဦးဆောင်ဦးရွက်ပြုနေသူမှာ အဘိုးကြီးသာ ဖြစ်သည်။ အဘိုးကြီး မရှိတော့လျှင် အဖွဲ့ချုပ်ကို စီမံ အုပ်ချုပ်ရမည့်သူမှာ မာတင်လင်းဒရိုစ် တစ်ဦးသာ ရှိတော့သည်။ ရှိနေသည့် မာတင်လင်းဒရိုစ်မှာ အတုကြီး ဖြစ်နေပေရာ ဖြစ်ပေါ်လာနိုင်မည့် ပြဿနာမှာ မတွေးဝံ့စရာပင် ဖြစ်သည်။

ယခုအခြေအနေအရ မာတင်လင်းဒရိုစ် အတုသည် ထောက်လှမ်းရေး အဖွဲ့ချုပ်ကို အပိုင်စီးမိပြီး ပျက်စီးရာ ပျက်စီးကြောင်းများကို ဆောင်ရွက်တော့မည်ဖြစ်သည်။ ဖာဒီနှင့် ဒုဂျာအဖွဲ့သည် အမေရိကန် နိုင်ငံ၏ ထောက်လှမ်းရေး အဖွဲ့ချုပ်ကို အပိုင်စီးမိပြီးဖြစ်ရာ သူတို့၏ စီမံချက် ဖြစ်သော အမေရိကမြို့တော်အား အဏုမြူ လက်နက်ဖြင့် ဖောက်ခွဲပစ်မည့် အစီအစဉ် လွယ်ကူသွားပြီဖြစ်သည်။

ဆိုရာယာသည် အခြေအနေ အားလုံးကို မြင်သိသွားသည်။ ရေခဲတိုက်ထဲတွင် တိုင်ရှန် ပြသခဲ့သော ဖောက်ခွဲရေးပစ္စည်းများ ထည့်ထားသော စည်ပိုင်းများသည် ထောက်လှမ်းရေး အဖွဲ့ချုပ်ကို ဖောက်ခွဲရန်ပင် ဖြစ်သည်။ ထိုဖောက်ခွဲရေး ပစ္စည်းများကို ဒုဂျာအဖွဲ့သည် လုံခြုံရေး တင်းကျပ်လာသော



အမေရိကန်နိုင်ငံ တွင်းသို့ မည်ကဲ့သို့များ ရောက်ရှိအောင် သွင်းလာနိုင်ပါလိမ့်ဟု ပထမ စဉ်းစားမိသည်။ နောက်တော့ ထောက်လှမ်းရေး အဖွဲ့ချုပ်ကို အပိုင် စီးနိုင်ပြီးဖြစ်သော မာတင်လင်းဒရိုစ် အတုသည် အရာရာကို လုပ်ဆောင်နိုင်စွမ်း ရှိမည်ဖြစ်၏။

အဘိုးကြီး၏ ရုပ်ကလာပ်ကို မြင်လိုက်ရပြီးသည့်နောက် အဖြစ်အပျက်အားလုံးကို ဆိုရာယာ သိမြင်သွားပြီဖြစ်သည်။ သူမ သိသမျှ အချက်အလက်များကို ထောက်လှမ်းရေး အဖွဲ့ချုပ်ကို အသိပေး တင်ပြရမည် ဖြစ်သည်။ အဓိက အားဖြင့် ဒါရိုက်တာ အဖွဲ့ဝင်ခုနစ်ဦးအား အမှန်အတိုင်း သိမြင်အောင် တင်ပြရမည် ဖြစ်သည်။ တင်ပြရမည့် တာဝန်လည်း သူမတွင် ရှိသည်။ သို့သော် မည်ကဲ့သို့ လုပ်ရပါမည်နည်း။ သူမအနေဖြင့် အဖွဲ့ချုပ်အတွင်းသို့ ခြေတစ်လှမ်း ဝင်လိုက်သည်နှင့် မာတင်လင်းဒရိုစ်သည် သူမကို ဖမ်းဆီးထိန်းသိမ်းလိုက်မည်သာ ဖြစ်၏။ အဖွဲ့ချုပ်အတွင်းသို့ တိတ်တဆိတ် ခိုးဝင်နိုင်မည့် လမ်းစဉ်လည်း မရှိ။

၀

မာဇာရှရစ် ပုဂ္ဂလိက လေယာဉ် ဆင်းလမ်းပေါ်သို့ ဂျေဆင်ဘွန်း၏ ရဟတ်ယာဉ်သည် နိမ့်ကျ ထိုးဆင်းလာပါသည်။ ဂျေဆင်ဘွန်းသည် မာတင်လင်းဒရိုစ် နံဘေးမှာ ခေါင်းငိုက်စိုက် ထိုင်နေ၏။ သူ့ အတွေးထဲတွင် အဖြစ်အပျက်များကို စပ်ဆက်ဖို့ ကြိုးစားနေသည်။ မှတ်ဉာဏ်များနှင့် ပတ်သက်၍တော့ သူ့တွင် ဘာမှ သိပ်မရှိ။ သူသည် မှတ်ဉာဏ်များပျောက် ဆုံးအောင် လုပ်ခံထားခဲ့ရသူ ဖြစ်၏။ သူ့အတွက် အရေးကြီးဆုံးမှာ ပစ္စုပ္ပန် တည်တည့်သာ ဖြစ်သည်။ တကယ်တော့ သူ့ဘဝ၏ ချိတ်ဆက်သည် မာတင်လင်းဒရိုစ်သာ ဖြစ်သည်။ ဂျေဆင်ဘွန်းဘဝတွင် မာတင်လင်းဒရိုစ်သည် အလွန် အရေးပါသူ ဖြစ်သည်။ အဓိက သော့ချက်လည်း ဖြစ်သည်။ ယခုတော့ ထိုသော့ချက်သည် မရှိတော့။ သူ မရှိတော့သည့်အခါမှ သူသည် ဘွန်းဘဝတွင် ဘယ်လောက် အရေးပါ အရာရောက်ကြောင်း ဘွန်း နားလည်သွားပါသည်။ အတိတ် မေ့လျော့ခြင်းက သူ့ဦးနှောက်ထဲမှ အချက်အလက် တော်တော်များများ ပျောက်ဆုံးသွားခဲ့ပါသည်။

ဘွန်းဘဝသည် ကွန်ကလင် အသတ် ခံရပြီးသည့်နောက် မာတင်လင်း

www.burmeseclassic.com

www.burmeseclassic.com



ဒရိုစ်နှင့် ဆက်သွယ်မိခြင်းသည်ပင် သူ့ အတွက် ဘဝလမ်းကြောင်းသစ်ဖြစ်ခဲ့ပါသည်။ ယခုသော်ကား မာတင်လင်းဒရိုစ်သည် သေဆုံးသွားပြီဖြစ်ရာ ဘွန်း အာရုံထဲတွင် မာရီ၏ ပုံရိပ်များ သူ့အတွေးထဲသို့ ဝင်ရောက်လာစရာ မလိုတော့ပေ။ ထို အကျိုးဆက်သည် သစ်ကိုင်းခြောက် ချိုးသံကို ကြားလိုက်ရတိုင်း သူ့ဦးနှောက်တွင် ဖြစ်ပေါ်လာတတ်သည့် ရှုံမတတ် ခံစားချက် အရိပ်မည်းများလည်း မရှိတော့ပေ။

ရဟတ်ယာဉ်မှူးသည် ရဟတ်ယာဉ်ကို ရပ်နားလိုက်ချိန်တွင် ဂျေဆင်ဘွန်းသည် လက်ဆွဲအိတ်ကို ကိုင်လိုက်ပြီး

'မင်းက ကျုပ်နဲ့ လိုက်ခဲ့ရဦးမှာပဲ၊ မင်း လုပ်စရာတွေ ရှိသေးတယ်'

ရဟတ်ယာဉ်မှူးသည် ထိုင်ရာမှထ၍ ဘွန်းနှင့်အတူ လိုက်ပါလာခဲ့၏။ ဘွန်း မာတင်လင်းဒရိုစ်၏ ရုပ်အလောင်းကို မသည်။ သူတို့ နှစ်ဦးသား ရဟတ်ယာဉ်ပေါ်မှ ခက်ခက်ခဲခဲ ထွက်ရသည်။ လေယာဉ်ပြေး လမ်းကြောင်းပေါ်တွင် အရှိန်ပြင်းစွာ မောင်းနှင်နိုင်သော ဂျက်လေယာဉ်ကြီးတစ်စင်းသည် အဆင်သင့် ရှိနေ၏။ လေယာဉ်ကြီးနားသို့ နှစ်ဦးသား သွားကြသည်။ ဘွန်းသည် ဂျက်လေယာဉ်မှူးအား တစ်စုံတစ်ရာ ပြောသည်။ ထို့နောက် ရဟတ်ယာဉ်မှူးအား သူတို့နှင့်အတူ ပါလာသည့် ဆေးမှူးအား ပြန်ပို့ရန် ညွှန်ကြားလိုက်၏။

ဆယ်မိနစ်ခန့် ကြာသောအခါ ဂျက်လေယာဉ် လမ်းကြောင်းပေါ်မှ ကောင်းကင် ထက်သို့ ထိုးတက်ပျံသန်းခဲ့လေ၏။

၀

ဆိုရာယာထံမှ တယ်လီဖုန်း အဆက်အသွယ်ရပြီးသည့် အချိန်ကစ၍ ပီတာ မက်သည် သူ၏ အလုပ်များ၌ စိတ်ဝင်စားခြင်း မရှိတော့။ အချိန်အတော် ကြာသည် အထိ ပီတာသည် သူ့ခုံတွင် ထိုင်ရင်း စဉ်းစားနေမိ၏။ ဆိုရာယာ တယ်လီဖုန်းထဲမှ ပြောခဲ့သော သတင်းအချက်အလက်များကို မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်နေ၏။ တစ်ချိန်တည်းတွင် သူမည်ကဲ့သို့ တုံ့ပြန်ရမည်ကိုပင် စဉ်းစားနေမိ၏။ ပထမဆုံး လုပ်ရမည့်အချက်မှာ ဆိုရာယာ အပေါ် ထွက် နေသည့် ဒေါသကို ဖြေဖျောက်ရမည် ဖြစ်သည်။ ဆိုရာယာသည် သူ့ ကိုယ်တိုင် ရောက်ရှိနေသော အရှုပ် အထွေးများထဲသို့ သူ့ကို ဆွဲသွင်းလိုက် သောကြောင့်ပင် ဖြစ်သည်။ သူသည် ချက်ချင်းပင် လင်းဒရိုစ်ထံ ဖုန်းဆက်



မည်ဟု တယ်လီဖုန်းကို လှမ်းကိုင်မည် ပြုသည်။ တယ်လီဖုန်းဆီသို့ လက် မရောက်မီပင် တစ်စုံတစ်ရာသော အတွေးက သူ့ကို ရပ်တန့်စေသည်။ တကယ်လို့များ ဆိုရာယာ ပြောပြသော ဇာတ်လမ်းသည် မှန်နေခဲ့လျှင် မည်ကဲ့သို့ လုပ်ရပါမည်နည်း။ သူတွေးသည့် သူသိသည့် ပထမဆုံးအချက်မှာ ဒူဂျာ အကြမ်းဖက်အဖွဲ့အစည်း ဈူကလီးယား လက်နက်ဖြင့် အမေရိကန် နိုင်ငံသို့ ဖောက်ခွဲရန် စီစဉ်နေခြင်းကို ထောက်လှမ်းရေး တစ်ဖွဲ့လုံးက သိပြီးသားဖြစ်သည်။ ဒုတိယ အချက်မှာ လင်းဒရိုစ်ကိုယ်တိုင်က ဆိုရာယာ တစ်ယောက် ဂျေဆင်ဘွန်း ကွယ်လွန်သွား ရသည့် ကိစ္စအတွက် စိတ်က ယောင်ချောက်ချား ဖြစ်နေသည်ဟု တစ်ဖွဲ့လုံး ပြောကြားခဲ့ပြီး ဖြစ်သည်။ တယ်လီဖုန်း ထဲမှ ဆိုရာယာ၏ အသံသည်ပင် စိတ်မှန်ပုံ မရလှချေ။

သို့သော် သို့သော် ဆိုရာယာက ထောက်လှမ်းရေးအဖွဲ့ကြီးကို ဖျက်ဆီးပစ် မည့်သတင်းကို လျစ်လျူရှုဖို့လည်း မဖြစ်နိုင်ပေ။ ဆိုရာယာ ပြောပြသော သတင်း အချက်အလက် အချို့မှာ မှားနေပြီး အချို့ကသာ မှန်သည်ဆိုလျှင် မည်သို့ လုပ်မည်နည်း။

နောက်ဆုံး ပီတာသည် အိမ်ဖြူတော်မှ သူ့မိတ်ဆွေ ကင်ထံသို့ ဆက် လိုက်၏။ 'ဟေ့ ကင် ပီတာပါ၊ တို့အဘိုးကြီး မင်းတို့ အိမ်ဖြူတော်မှာ အစည်း အဝေး ထိုင်နေတယ် မဟုတ်လား၊ သူ့ဆီကို ငါ အရေးတကြီး သတင်းပေးစရာ ရှိနေလို့၊ ပေးပေးစမ်းပါ'

'မင်းတို့ အဘိုးကြီး ဒီမှာ မရှိပါဘူးကွာ၊ အိမ်ဖြူတော်မှာတ ဌာနချုပ်မှူး တွေ အစည်းအဝေး လုပ်နေတာပါ'

ပီတာသည် ရင်ခုန်သံ ရပ်သွားသည်ကဲ့သို့ ခံစားလိုက်ရ၏။ သူက

'အဘိုးကြီး ဘယ်တုန်းက ပြန်သွားတာလဲ'

'ခဏ ကိုင်ထားဦး၊ငါ အစီအစဉ်ကို ကြည့်လိုက်ဦးမယ်'

အတန်ကြာသောအခါ

'မင်းရတဲ့ သတင်းက ဟုတ်ရဲ့လားကွာ၊ မင်းတို့ရဲ့ အဘိုးကြီးတို့ အိမ်ဖြူတော်ကို ကနေ့ မလာပါဘူး၊ တခြား ဘယ် အစည်းအဝေးမှာမှ သူ တက်မယ်ဆိုတဲ့ အစီအစဉ်လည်း မတွေ့ရဘူး'

'ကျေးဇူးပဲ ကင်'

ပီတာသည် တုန်လှုပ်ချောက်ချားသော အသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မှားတာနေမှာပါ'

ဘုရား ဘုရား ဆိုရာယာက မရှူးပါလား။ တကယ်လို့ မာတင်လင်းဒရိုစ်သည် မာတင်လင်းဒရိုစ် ကိုယ်တိုင် မဟုတ်ပါက ဒီဌာနချုပ်ကြီးကို မည်သူတာ စီမံခန့်ခွဲနေပါလိမ့်။ ပီတာသည် သူ၏ လက်ကိုင်ဖုန်းကို ယူ၍ ဆိုရာယာ၏ ဖုန်းနံပါတ်ကို နှိပ်လိုက်လေ၏။

၁၀

ဟာဂျီနီးယားရှိ ကာရင်သည် ရေခဲတိုက်မှာ ရှိသော အတ်အယ်မာလစ်ထံသို့ ဖုန်းဆက်သည်။

'ကျုပ် စစ္စတိန် ခေတ်ခွဲခန်းသွားနေတယ်၊ အဲ့ဒီအတွက် လူသုံးယောတ် ချက်ချင်း လိုတယ်'

'ဒါဆိုရင် ကျွန်တော်တို့ဆီမှာ ဘာကျန်တော့မှာလဲ'

'ဖြစ်အောင်လုပ်၊ ဒါပဲ'

'ဟုတ်ကဲ့၊ ခုချက်ချင်းပဲ လွှတ်လိုက်ပါ့မယ်'

ကာရင်က

'အဘိုးကြီးရဲ့ ရုပ်အလောင်းကို ပြုပြင်ပြီးကြပြီလား'

'ဟုတ်ကဲ့ ခင်ဗျ၊ ပြင်နေတာ လေးဆယ့် ငါးမိနစ်လောက် ရှိပါပြီ နောက်ထပ် အချိန်နည်းနည်းတော့ လိုဦးမယ်'

'အခု ပြင်နေတဲ့ အခြေအနေက ဘယ်လို ရှိနေပြီလဲ'

'အဘိုးကြီးရဲ့ ပါးပြင်တွေကတော့ ပန်းရောင်သမ်းနေပါတယ်၊ အစောင့်တွေက လှမ်းမြင်ရင် ပကတိ အသက် ရှင်နေသေးတဲ့ ပုဂ္ဂိုလ်လို့ ထင်ရမှာပါ'

'ကောင်းပြီ၊ အားလုံး ပြင်ဆင်လို့ ပြီးရင် အဘိုးကြီးကို သူ့ကားထဲထည့် အဖွဲ့ချုပ်ဆီကို ရောက်အောင်ပို့၊ ဖာဒီက အားလုံး အချိန်ကိုက် အတိအကျ ဖြစ်ချင်တာ၊ အားလုံး အဆင်သင့်ဖြစ်ရင် ကျုပ်ဆီကို အကြောင်းပြန်'

'ဟုတ်ကဲ့၊ ဆောင်ရွက်လိုက်ပါ့မယ်'

ကာရင်သည် စိတ်ချ သွား၏။ အတ်အယ်မာလစ်သည် သူ၏ လျှို့ဝှက် အဖွဲ့အစည်းထဲမှ အယုံကြည်ရဆုံး ပုဂ္ဂိုလ် ဖြစ်သည်၊ ပေးအပ်ခဲ့သော တာဝန်များကို အမြဲအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။

လမ်းတွင် ကား အသွားအလာ ရှင်းနေ၏။ သို့သော် အမေရိကန်လူငယ်



တစ်ယောက် ပရမ်းပတာ မောင်းနှင်လာသော မော်တော်ကားကြောင့် ပထမ အကြိမ် စိတ်အနှောင့်အယှက် ကြီးစွာဖြစ်ခဲ့ရသည်။ နောက်တစ်ကြိမ်တွင် ဖြတ်သွားသော ကုန်တင်ယာဉ်မှ တီးလိုက်သည့် ဆိုးရွားစွာ ဆူညံလှသော ဟွန်းတီးသံသည်လည်း သူ့အားထပ်မံ စိတ်အနှောင့် အယှက် ဖြစ်စေခဲ့သည်။ ထိုသို့ ဘာမှ မဟုတ်သည့် အကြောင်းအရာလေး အတွက်နှင့် ကာရင်သည် ဒေါသ ပေါက်ကွဲပြီး သေနတ်ဖြင့် လှမ်းပစ်ရန်ပင် စိတ်ကူးပေါက်ခဲ့သည့် သူ၏ စိတ်အား အတော်လေး ထိန်းခဲ့ရသည်။

ဤသို့ ဒေါသ ပေါက်ကွဲရခြင်း အကြောင်းရင်းမှာ အူကြောင်ကြား ကားသမားနှစ်ဦးကြောင့် မဟုတ်ပါ။ အဓိက တရားခံမှာ ဂျေဆင်ဘွန်းသာ ဖြစ်သည်။ ကာရင်သည် ဂျေဆင်ဘွန်းကို သတ်ပစ်ချင်နေသည်။ သဲကန္တာရတွင် ဘီဒိုဝင်မျိုးနွယ်စု ရှိသည်။ သူတို့သည် နေရာအတည်တကျ နေထိုင်ကြသူများ မဟုတ်ဘဲ သဲကန္တာရတွင် လှည့်လည် သွားလာ နေထိုင်ကြသူများသာ ဖြစ်သည်။ ထိုမျိုးနွယ်စုတို့သည် မာနကြီး၍ စိတ်ခက် ထန်ကြသူများ ဖြစ်သည်။ ကာရင်သည် ထိုမျိုးနွယ်မှ ပေါက်ဖွားလာသူ တစ်ဦး ဖြစ်သည်။ ယခု သူ၏ စိတ်ထဲတွင် ဂျေဆင်ဘွန်းကို သတ်ချင်သောစိတ်ကြောင့် ဒေါသများ ထွက်နေခြင်းဖြစ်သည်။ သို့သော် ယခု အခြေအနေမှာ သူသည် သဲကန္တာရ ထဲတွင် ရှိနေခြင်းလည်း မဟုတ်၊ ဘီဒိုဝင်မျိုးနွယ်များနှင့် အတူ ရှိနေခြင်းမျိုးလည်း မဟုတ်။

အဖြစ်အပျက် အားလုံး၏ တရားခံမှာ ဂျေဆင်ဘွန်း ဖြစ်သည်၊ ပြဿနာ အားလုံးသည် ဂျေဆင်ဘွန်း ကြောင့်သာ ဖြစ်သည်။ ဂျေဆင်ဘွန်းသည် သူတို့ မိသားစု၏ ဂုဏ်ယူစရာ ကောင်းသော၊ အပြစ်မဲ့သော ဆာရာကို သတ်ဖြတ်ခဲ့သူဖြစ်သည်။ ဆာရာသည် အနောက်တိုင်း သွေးနှောသူ ဖြစ်ရကာ သူတို့ ဆော်ဒီ လူမျိုးများ၏ ယဉ်ကျေးမှု အလေ့အထကို ဖောက်ဖျက် ကျူးလွန်ခဲ့သူ ဖြစ်သည်။ ဆာရာ၏ အပြစ်များကို ကာရင် ခွင့်လွှတ်ခဲ့ခြင်း ဖြစ်သည်၊ ဆာရာ့ကို သတ်ခဲ့သူကား ဂျေဆင်ဘွန်း။

ယခုလည်း ဂျေဆင်ဘွန်းသည် ဖာဒီကို သတ်လိုက်ပြန်ပြီဖြစ်၏။ ဖာဒီ ကား အကြမ်းဖက် အဖွဲ့အစည်း၏ ခေါင်းဆောင်၊ ရန်သူကို ချေမှုန်းရေး အစီအစဉ်ကြီးကို စီမံခန့်ခွဲသူ၊ သူ၏ အစ်ကိုတော် စီမံကိန်း ချမှတ်ခဲ့သည်များကို အကောင်အထည် ဖော်သူဖြစ်သည်။ ဖာဒီတို့ ညီအစ်ကိုနှစ်ဦးစလုံး ကာရင်သည်လည်း သူ၏ညီ၊ သူ့ကို အမြဲကာကွယ်ပေးလိမ့်မည်ဟု ယုံကြည်ထားသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကာရင်သည် ဖာဒီ အပေါ်မှာ ခွင့်လွှတ်ပြီး ဖြစ်သည်။ အကြမ်းဖက်ခေါင်းဆောင် တစ်ယောက် အနေဖြင့် မာနကြီးခြင်း၊ သွေးဆူခြင်းများမှာ ဖြစ်တတ်စမြဲ ဖြစ်သည်။ ထိုအရည်အချင်းများ ဖြင့်ပင် ဖာဒီသည် အလွန်ကြီးမားသော တိုက်ခိုက်မှုကြီးကို ဖြစ်မြောက်အောင် စီစဉ်နိုင်ခဲ့သူ ဖြစ်သည်။

အပြစ်ကင်းမဲ့သူ ဆာရာနှင့် အဖွဲ့ခေါင်းဆောင် ဖာဒီ နှစ်ဦးစလုံးတို့သည် လည်း မရှိကြတော့ပေ။ ယခုသော်ကား မျိုးနွယ်စု ခေါင်းဆောင်ဖြစ်သော အဘူ ဆာရစ်မစ်ဘင်အရှက်အယ် ဝါဟစ်၏ သားသမီးများထဲတွင် သူတစ် ယောက်သာ အသက်ရှင်လျက် ကျန်ရစ်ခဲ့သည်။ သူသည် တာဝန်အရပ်ရပ်တို့ ပြီးမြောက်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။

ယခု အချိန်သည် ဘွန်းကို လက်စသတ် ရှင်းပစ်ရမည် ဖြစ်သည်။ ရှင်း ဖြစ်အောင် ရှင်းမည်ဟုလည်း သူ့ကိုယ်သူ ဆုံးဖြတ်ချက် ချလိုက်သည်။

ကာရင်၏ ကားသည် လေယာဉ်ကွင်း၏ ပင်မဂိတ်ပေါက်နားသို့ ၃၈ မိနစ် အကြာတွင် ရောက်ရှိလာ၏။ ပင်မဂိတ်ပေါက်မှာ လေယာဉ်ကွင်း၏ အနောက် ဘက်တွင် ရှိသည်။ လေယာဉ်ကွင်းသည် စစ္စတိန်ဓာတ်ခွဲခန်းအပိုင် တွင်းဖြစ်သည်။ ကာရင်သည် လေယာဉ်ကွင်းထဲသို့ ဝေးလံကွေ့ပတ်သော လမ်းအတိုင်း ဝင်ခဲ့ သည်။ အနားရောက်သောအခါ အခြေအနေအားလုံးတို့ စေ့စေ့စပ်စပ် ကြည့်ရှုသည်။ ဂျက်လေယာဉ်သည် ပြေးလမ်း ထိပ်နား၌ ရပ်ထားသည်ကို တွေ့ရသည်။ တစ်ဖက်တွင်ကား ပင်လယ်ကွေ့ မြေပြင်တို့ မြင်ရသည်။

လေယာဉ် ပြေးလမ်း အနီးသို့ ရောက်လာသည်နှင့် ကာရင်သည် သူ့ကား ကို ပိုမို နှေးကွေးစွာ မောင်းနှင်လိုက်သည်။ ပြီးမှ လေယာဉ်ကွင်း တစ်ခုလုံး၏ အခြေအနေကို အသေးစိတ် လေ့လာသည်။ ဂျက်လေယာဉ်သည် တစ်ခင်း တည်း ပြေးလမ်းကြောင်း၏ ထိပ်တွင် ထီးတည်း ရပ်နေ၏။ အနီးနားတွင် မည်သည့် မော်တော်ယာဉ်မှ မမြင်ရ။ ပင်လယ်ပြင် ဘက်တွင်လည်း မည်သည့် ရေယာဉ်များကိုမှ မမြင်ရ။ ကောင်းကင်ထက်တွင်လည်း မည်သည့် ရဟတ် ယာဉ်မှ မမြင်ရ။ သို့တိုင် ဖာဒီက သေဆုံးခဲ့ပြီ ဖြစ်သည်။ ဂျက်လေယာဉ် ပေါ်တွင် ဂျေဆင်ဘွန်းသည် ဖာဒီ နေရာ၌ ထိုင်နေလိမ့်မည် ဖြစ်သည်။

ပတ်ဝန်းကျင် တစ်ခုလုံး၌ မည်သည့် အရိပ်အရောင်မှ မတွေ့ရ။ ဂျေဆင်ဘွန်းတွင် ကာရင်ကဲ့သို့ အထောက်အကူပေးမည့် သူများ ရှိနိုင်ချေ



ကာရင်သည် လေယာဉ်နှင့် ခပ်ကွာကွာ၌ သူ့ကားကို ရပ်လိုက်သည်။ နောက် စီးကရက် တစ်လိပ်ကို မီးညှိသောက်ရင်း စောင့်နေလိုက်၏။ ခဏအကြာတွင် သူ၏လူများသယ်ဆောင် လာသော အမည်းရောင် ဗို့ဒ်ကား ရောက်လာ၏။ ဗို့ဒ်ကားသည် ကာရင့်ကားနံဘေး တွင် ရပ်သည်။

ကာရင်သည် ကားပေါ်မှ ဆင်း၍ တပည့်များအား လေယာဉ်ပေါ်တွင် ဖြစ် ပေါ်နိုင်သည့် ပြဿနာများကို ပြောပြ၍ ထိုပြဿနာများအား မည်ကဲ့သို့ ဖြေရှင်းရ မည်ကို ရှင်းပြသည်။ သူကိုယ် တိုင်ကမူ သူ၏ မော်တော်ကား ထိပ်တွင် စီးကရက် သောက်ရင်း စောင့်ဆိုင်းနေလိုက်၏။ သူတပည့်များ ပါဝင်သော ဗို့ဒ်ကားသည် လေယာဉ် ရှိရာသို့ မောင်းသွား၏။ လေယာဉ်နား ရောက်သောအခါ လေယာဉ် တံခါးပေါက် ပွင့်လာပြီး လှေကား တစ်ခု လျှောကျလာသည်။ ဗို့ဒ်ကားပေါ်မှ လူသုံးယောက် အနက် တစ်ယောက် ဖြစ်သူသည် လေယာဉ် လှေကားပေါ်သို့ တက်သွားကြ၏။

ထိုအခါမှ ကာရင်သည် သောက်လက်စ ဆေးလိပ်ကို မြေကြီးပေါ် ချ၍ ဖိနပ်ဖြင့် နင်းခြေပစ်လိုက်သည်။ ထို့နောက် အငှားကားပေါ်တက်၍လေယာဉ် ရှိရာသို့ ထွက်လာသည်။

၁

ပီတာမက်သည် သူ၏ လက်ကိုင် ဖုန်းထဲမှ တစ်ဆင့်

‘ကျုပ် ခင်ဗျားကို ကူညီနိုင်ပါတယ် ဆိုရာယာ ဒါပေမဲ့ ကျုပ်တို့ နှစ်ယောက် အရင် တွေ့မှ ဖြစ်မယ်’

ဆိုရာယာက

‘ဘာဖြစ်လို့လဲ ရှင်က ဌာနချုပ်မှာ ကျွန်မရဲ့ နားနဲ့ မျက်စိ ဖြစ်ရမှာ ကျွန်မက ရှင့်ကို ဟန်ဆောင်ထားတဲ့ လူကြီး ဘာတွေ လုပ်ကိုင်နေတယ် ဆိုတာကို မျက်ခြည်မပြတ် ကြည့်နေဖို့၊ သိနေဖို့ လိုတာ’

ပီတာမက်က

‘လင်းဒရိုစ် ဘယ်ရောက် နေတယ်ဆိုတာ ကျုပ်လည်း မသိဘူး၊ သူ့ ရုံးခန်းထဲမှာ သူမရှိဘူး၊ ရုံးရဲ့ ဘယ်နေရာမှလည်း မရှိဘူး၊ သူ့ရဲ့ ပေါက်ဖော်တွေကိုလည်း ဘာမှ အကြောင်းကြားမသွားဘူး၊ ထူးတော့ ထူးဆန်းတယ်’

www.burmeseclassic.com



လက်ကိုင်ဖုန်းထဲတွင် ဆိုရာယာ၏ သက်ပြင်း ချသံကို ကြားလိုက်ရသည်။ ပီတာမက်က

'ဘာဖြစ်နေလို့လဲ'

ဆိုရာယာက

'ကောင်းပြီလေ၊ ကျွန်မ ရှင်နဲ့ တွေ့မယ်၊ ဘယ်နေရာမှာ တွေ့မယ်ဆိုတာ ကိုတော့ ကျွန်မ စီစဉ်မယ်'

'ခင်ဗျား သဘောပဲလေ'

ဆိုရာယာက ရှော့ခရစ်ပန်းခြံ အရှေ့မြောက်ဘက်ရှိ ရင်ကွဲရုံ လိပ်စာကို ပေးလိုက်သည်။

'အဲ့ဒီကိုသာ အမြန်ဆုံး ရောက်အောင်လာခဲ့'

ဝ

ပီတာမက်သည် ဌာနချုပ်ရှိ မော်တော်ယာဉ် အဝင်အထွက် စာရင်းများကို စစ်ဆေးသည်။ ပြီးနောက် ဆိုရာယာ ချိန်းထားသည့် အရပ်သို့ လျင်မြန်စွာ မောင်းလာခဲ့၏။ သူ့ မော်တော်ကားကို ဆိုရာယာ ညွှန်ကြားခဲ့သည့် အတိုင်း ရပ်လိုက်၏။ ပီတာမက်သည် အဖွဲ့ချုပ်မှ ထွက်မလာမီ သူ့ ဆရာဖြစ်သော ရှော့ဘတ်ထံသို့ ခွင့်တောင်းရ ကောင်းမလားဟု စဉ်းစားခဲ့သေး၏။ သို့သော် ဆိုရာယာ၏ အရေးကြီးပုံရသော အခြေအနေနှင့် သူ၏ကိုယ်ရေးကိုယ်တာ လှုပ်ရှားမှုကို သူ့ဆရာအား တင်ပြရန် ဝန်လေးသောကြောင့် ခွင့်တောင်းခြင်း မပြုဘဲ ထွက်လာခဲ့သည်။

ဆိုရာယာက သူ၏ မှန်တံခါးကို ခေါက်လိုက်သောအခါ သူ လန့်သွား သည်။ အကြောင်းမှာ ပီတာမက်သည် သူ့ အတွေးများဖြင့် ရှုပ်ထွေးနေသော ကြောင့် ဆိုရာယာ အနားသို့ ရောက်လာသည်ကို မမြင်လိုက်ခြင်း ဖြစ်သည်။ ပီတာမက်သည် သူ့အိတ်ထဲမှ သေနတ်ကို ထုတ်လိုက်သည်။ ထိုစဉ် ဆိုရာယာ သည် ကားတံခါးဖွင့်ပြီး ဖြစ်နေသည်။ ပီတာမက်သည် ဆိုရာယာ ခေါင်းကို သေနတ်ဖြင့် ချိန်လိုက်ပြီး

'ဆိုရာယာ မင်း ကျုပ်နဲ့အတူ ဌာနချုပ်ကို လိုက်ခဲ့မှ ဖြစ်မယ်'

ဝ



အကြမ်းဖက်သမား နှစ်ယောက်သည် လေယာဉ်ပေါ်သို့ တက်လိုက်ကြ၏။ လေယာဉ်ပေါ်တွင် ခပ်မှောင်မှောင် ဖြစ်နေသည်။ သူတို့ နှစ်ယောက်သည် လေယာဉ်ပေါ်၌ ဟိုကြည့်ဒီကြည့် ကြည့်ရာမှ ထိုင်နေသူအား တွေ့မြင်ပြီး မှတ်မိသွားကာ ထိတ်လန့်သွားသည်။ အရပ်မြင့်သော အကြမ်းဖက်သမားက

'ဖာဒီ ဂျေဆင်ဘွန်းက ဘယ်မှာလဲ'

ဘွန်းက

'ဘွန်းက သေပြီလေ၊ ကျုပ်ကိုယ်တိုင်ပဲ မီရန်ရှား စခန်းမှာ သတ်ပစ်ခဲ့ တာပဲ'

အကြမ်းဖက်သမားက

'ဒါပေမဲ့ ကာရင်အယ်လ်ဂျမီးလ်က ဘွန်း လေယာဉ်ပေါ်မှာ ပါလာမယ်ဆို'

ဘွန်းသည် နျူကလီးယား ပစ္စည်းပါသော လက်ကိုင်အိတ်ကို ကိုင်လိုက်ပြီး

'မင်းတို့ မြင်တဲ့အတိုင်းပဲ၊ သူ သတင်းရတာ တစ်ခုခုလွဲလို့ နေမှာပါ။ အစီအစဉ်က ပြောင်းလဲသွားလို့ပေါ့၊ ကျုပ်ညီကို အမြန်ဆုံး တွေ့ချင်တယ်'

'ဟုတ်ကဲ့ ဖာဒီ'

အကြမ်းဖက် သမားများသည် လေယာဉ်ကို မရှာကြတော့။ ထို့ကြောင့် ဂျေဆင်ဘွန်းက တုပ်နှောင်ထားသော လေယာဉ်မှူးကို မတွေ့ကြ။ သူတို့အဖွဲ့ လေယာဉ်ပေါ်မှ ဆင်း၍ ဖို့ဒ်ကားဆီသို့ သွားကြသည်။ အရပ်မြင့်သော အကြမ်းဖက်သမားက

'ခင်ဗျားရဲ့ ညီက ဒီနားမှာပဲ ရှိပါတယ်'

သူတို့သည် ကားပေါ်သို့ တက်ကြသည်။ ဘွန်းသည် နောက်ခန်းမှ အကြမ်းဖက်သမား တစ်ဦးနှင့်အတူ တက်သည်။ ဘွန်းသည် သူ့မျက်နှာကို အမှောင်ရိပ် တစ်ခြမ်းကျရောက်သည့်ဘက်တွင် ထိုင်သည်။ တခြားသူများက သူ့မျက်နှာကို အမှောင်တစ်ခြမ်းနှင့် မြင်ရပါမှ သူ့အတွက် လုံခြုံမှုရှိနိုင်သည်။ လူများသည် သူတို့ မှတ်မိနေသော အသံနှင့် ကိုယ်ခန္ဓာလှုပ်ရှားမှုကို အကြောင်း ပြုပြီး သူ့ကို ဖာဒီဟု အသိ အမှတ်ပြုထားခြင်းဖြစ်သည်။ ဤအချက်မှာ အရေးကြီးသော အချက်ဖြစ်သည်။ မျက်စိနှင့် မြင်ရခြင်းထက် စိတ်ထဲမှ ယုံကြည်ခြင်းသည် အရေးကြီးလှ၏။ ဖို့ဒ်ကားသည် ဘွန်းကို တင်ဆောင်၍ အမည်းရောင် အဆောက်အအုံ နံဘေးသို့ ရပ်သည်။ အဆောက်အအုံတွင် ကြီးမား သော သံတံခါးကြီးကို ဖွင့်ထား၏။ ၎င်း အပေါက်မှ ဘွန်းတို့ ခြေကျင် လျှောက်၍ ဝင်ကြရ၏။ အဆောက်အအုံကြီးမှာ ကြီးမား၍ အထဲတွင်ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အဆောက်အအုံသည် လေယာဉ်များ ထားရာ အခန်းဖြစ်သည်။ အလင်းရောင်သည် သူတို့ ဝင်လာသော အပေါက်တစ်ခုထဲမှသာ အထဲသို့ တိုးဝင်နေ၏။ အရပ် မြင့်သော အကြမ်းဖက်သမားက

'ကာရင် အယ်လ်ဂျမီးလ်ခင်ဗျာ၊ လေယာဉ်ပေါ်မှာ ပါလာတာက ဂျေဆင်ဘွန်း မဟုတ်ဘူး ခင်ဗျ၊ ခင်ဗျား အစ်ကိုပဲ၊ သူနဲ့ အတူ အဏုမြူ လက်နက်ပစ္စည်းလည်း ပါတယ်'

အခန်း၏ အမှောင်ထုထဲမှ လူတစ်ယောက် ထွက်လာသည်။ ထိုသူသည် ကာရင် ဖြစ်သည်။

ကာရင်က

'ကျုပ်အစ်ကိုက သေပြီ'

ဂျေဆင်ဘွန်း နောက်မှ ပါလာသော သူများသည် တောင့်ခနဲ ဖြစ်သွား၏။

၀

'ကျွန်မ ရှင်နဲ့ ဘယ်မှမလိုက်နိုင်ဘူး' ဟု ဆိုရာယာက ပြောလိုက်သည်။

ပီတာမက်သည် တစ်စုံတစ်ရာ ပြန်ပြောမည် ပြုစဉ် ရင်ခွဲရုံမှ သံတံခါး ကြီးသည် လျှောခနဲ ပွင့်သွား၏။ ပီတာမက်က

'ဘာဖြစ်တာလဲ. . . ဟ'

ပီတာမက် ထိတ်လန့်တကြားဖြစ် နေစဉ် ဆိုရာယာသည် အခွင့်ကောင်း ယူပြီး ကားတံခါးကို ဖွင့်ကာ ကား အပြင်သို့ ထွက်လိုက်၏။ ပီတာမက်သည် ဆိုရာယာနောက် လိုက်မည်ပြုစဉ် ရင်ခွဲ ရုံထဲမှ အဖွဲ့ချုပ်မှ အဘိုးကြီး သုံးသည့် မော်တော်ကား ထွက်လာ၏။ မော်တော်ကားသည် အရှိန်ပြင်းပြင်းဖြင့် ဖြတ် မောင်းသွား၏။ ပီတာမက်သည် ဆိုရာယာ ကိုပင် သတိမရတော့ပဲ ချက်ချင်း သူ၏ မော်တော်ကားကို ဂီယာတင်၍ အဘိုးကြီးကား နောက်သို့ လိုက်သွား သည်။ ပီတာမက်သည် အဘိုးကြီးမှာ သူ၏ ကိုယ်ရေး ကိုယ်တာ ကိစ္စနှင့် တစ်နေရာရာသို့ ရောက်နေသည်ဟု သိထားခြင်းဖြစ်သည်။ ယခု ဒီမှာ ဘာလုပ်နေပါလိမ့်။

ပီတာမက် အဘိုးကြီးကားနောက် လိုက်နေစဉ် ဆိုရာယာက 'ပြန်လာခဲ့' ဟု လှမ်းအော်သည်ကိုလည်း ဂရုမစိုက်တော့။ ပီတာမက်သည် ဆိုရာယာကို စိတ်ထဲတွင် မထားတော့။ ဆိုရာယာက အဘိုးကြီး ကွယ်လွန်သွားကြောင်း



ပြောခဲ့သည် မဟုတ်ပါလား။ သူတို့ ကားနှစ်စီး မောင်းလာစဉ် ရှေ့မှ ကားသည် မီးပွိုင့် အနီးတွင် ရပ်လိုက်၏။ ပီတာမက်သည် ထိုကား၏ နံဘေးသို့ ယှဉ်ရပ် လိုက်ပြီး သူ့ကားမှန်ကို ချလိုက်သည်။ တစ်ဖက်မှ ကားကို ပီတာမက်က လှမ်းအော်၍

'ဟေ့ ကျုပ်အဖွဲ့ချုပ်က ပီတာမက်၊ မှန်တံခါးကို ချလိုက်ပါ'

တစ်ဖက်မှ ကားသည် မည်သို့မျှ မတုံ့ပြန်။ ပီတာမက်သည် ထိုကား ရှိရာသို့ လျှောက်သွားပြီး မှန်တံခါးကို လက်သီးဖြင့် ထုသည်။ အသင့်ပါသော သူ၏ ကတ်ကို ထုတ်သည်။ ပါးစပ်မှလည်း

'တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်း'

တစ်ဖက်ကားမှ ပြတင်းပေါက်သည် လျှောခနဲ ပွင့်သွားသည်။ နောက်ခန်း ထဲတွင် ငုတ်တုတ်ကြီး ထိုင်နေသော အဘိုးကြီးကို မြင်ရသည်၊ ထိုစဉ် ရှေ့ခန်းမှ ထိုင်နေသော လူက ပီတာမက်၏ မျက်နှာကို သေနတ်ဖြင့် ပစ်လိုက်လေသည်။

သေနတ်ကျည်သည် ပီတာမက်၏ မျက်နှာသို့ ပြင်းထန်စွာ ထိမှန် သွားသည်။ ပီတာမက်သည် နောက်ပြန် လဲကျသွား၏။ သူ့ခေါင်း မြေပြင်သို့ မကျမီပင် အသက်ပျောက်သွားပြီ ဖြစ်သည်။

အဘိုးကြီး၏ကား မှန်ပြတင်း ပြန်တင်သွားပြီး ကားသည် အရှိန် ပြင်းစွာ မောင်းထွက်သွားလေသည်။

၀

ကာရင်သည် ဘွန်းကို စူးစူးစိုက်စိုက် ကြည့်ပြီးနောက်

'ခင်ဗျား ကျုပ်အစ်ကိုတော့ မဖြစ်နိုင်ဘူး၊ ကျုပ် အစ်ကို သေပြီလို့ ပြောကြ တယ်'

ဘွန်းသည် လက်ထဲမှ အိတ်ကို မြှောက်ပြလိုက်သည်။ ဟာဒီ၏ အသံဖြင့်

'ဩော် ဒါဆိုဂါက ရုပ်ဖျက်ပြီးတော့ ဖောက်ခွဲရေး ပစ္စည်းတွေနဲ့ လာတာ ပေါ့လေ'

ကာရင်က

'ဒါဆိုရင် ဘာသာမဲ့တွေကို သတိသာ ထားကြပေတော့'

'အမှန်ပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းသည် ကာရင့်ကို စေ့စေ့ ကြည့်ပြီးနောက် စိတ်လှုပ်ရှားမှုတို့အနည်းနှင့် အများ ဖြစ်ပေါ်လာသည်။ ကာရင်က အားလုံးကို ကြိုးဆွဲစီမံသူ ဖြစ်သည်။ မာတင်လင်းဒရိုစ်က ကာရင့် အပေါ်တွင် 'ဒီလူက တကယ့် စစ်တုရင်ကစားသမား ဗျ၊ ပင့်ကူအိမ်မှာ ကပ်ငြိလာတဲ့ ပိုးကောင် မှန်သမျှကို စားမယ့် ပင့်ကူကြီးဗျ' ဟု မှတ်ချက် ချဖူးသည်ကို အမှတ်ရမိသည်။ ဘွန်းသည် ကာရင်နှင့် ပတ်သက်၍ ဘာမှ မမေးမိအောင် ထူးထူးခြားခြား ထိန်းသိမ်းလိုက်၏။ သူတို့ ညီအစ်ကိုချင်း အတွင်းရေးကို ခိုင်ခိုင်မာမာ မသိရ၍ တစ်ခုခုကို မေးမိသော် အားလုံး ပေါ်သွားမည်စိုးသောကြောင့် ဖြစ်သည်။

အခြေအနေမှာ သိပ်မကြာလိုက်ပါ။

ကာရင်က

'အလင်းထဲ ဝင်လာစမ်းပါဦး အစ်ကိုတော်၊ အစ်ကိုတော့်ကို လနဲ့ ချီပြီး မတွေ့ရတာကြာလို့ တွေ့ချင်လို့ပါ'

ဘွန်းသည် ရှေ့တစ်လှမ်း တိုးလိုက်ရာ သူ့မျက်နှာပေါ်တွင် အလင်းရောင်ကျလာ၏။ ကာရင်သည် တွေတွေကြီး ရပ်ကြည့်၏။ ခေါင်းကို အနည်းငယ် ခါယမ်းလိုက်ပြီး

'ခင်ဗျားဟာ ဖာဒီလိုပဲ ပုတ်သင်ညိုလို အရောင်အမျိုးမျိုး ပြောင်းနိုင်တဲ့ သူပဲဗျ'

'ကာရင် ကျုပ်က ဖောက်ခွဲရေး ပစ္စည်းတွေ ယူလာတဲ့ သူပဲ၊ ဘာများ လွဲစရာ ရှိမှာလဲ'

'ကျုပ် ထောက်လှမ်းရေးအေးဂျင့် တစ်ယောက် ပြောတာကို ကြားဖူးတယ်'

'ဪ ပီတာမက်ဆီက ထင်တယ်'

ဘွန်းသည် ရမ်းသမ်း မှန်းဆ၍ ပြောလိုက်ခြင်း ဖြစ်သည်။ အကြောင်းမှာ ဆိုရာယာသည် အဖွဲ့ချုပ်မှ ပီတာမက် တစ်ယောက်ကိုသာ ဆက်သွယ်နိုင်ဖွယ် ရာရှိသောကြောင့် ဖြစ်သည်။

ကာရင်သည် မျက်ခုံး တွန့်သွား၏။ အနည်းငယ်လည်း ရှုပ်ထွေးသွားပုံ ရသည်။

'ပီတာမက်က ဘယ်လိုလူလဲ'

'ပီတာမက်က ဆိုရာယာရဲ့ အဆက်အသွယ်ပေါ့၊ ငါတို့ ပို့ပေးတဲ့ သတင်းအများတွေကို တစ်ဆင့် ဖြန့်ချိ ပေးရတဲ့ သူပေါ့'



ကာရင်သည် ဝံပုလွေပြုံး ပြုံးလိုက်၏။ သူ့စိတ်ထဲတွင် ရှင်းသွားပြီ ဖြစ်သည်။

'အဖြေက မှားတယ်၊ ထောက်လှမ်းရေး အဖွဲ့ချုပ်က တောင်ယီမင်မှာ ရှိတဲ့ ဒူဂျာစခန်းမှာ ကျုပ်အစ်ကို သေဆုံးသွားကြောင်း ယုံကြည်ထားကြပြီး ဖြစ်တယ်၊ ဒါလည်း ခင်ဗျားကိုယ်တိုင်က သိပြီးသား ဖြစ်မှာပါ၊ ဟုတ်တယ်မလား ဘွန်း'

ကာရင်က အချက်ပြလိုက်ရာ အကြမ်းဖက်သမား သုံးဦးသည် ဘွန်းကို နောက်မှ ဖမ်းလိုက်ကြ၏။ ကာရင်သည် ဘွန်းမျက်နှာ တည့်တည့် ကြည့်ပြီးနောက် ဘွန်း ကိုင်လာသော လက်ဆွဲအိတ်ကို ယူလိုက်လေ၏။

၀

ဆိုယာရာသည် ပီတာမက် လဲကျသေဆုံးရာသို့ အပြေးအလွှား ရောက်သွားသည်။ ထိုစဉ် သူမ နောက်ဘက်မှ မော်တော်ဆိုင်ကယ် တစ်စီး ထိုးစိုက်လာသည်ကို သိလိုက်သည်နှင့် သေနတ်ကို အိတ်ထဲမှ ထုတ်၍ နောက်သို့ လှည့်လိုက်၏။ ဆိုင်ကယ်ပေါ်မှ လူသည် တိုင်ရွှန် ဖြစ်သည်။ တိုင်ရွှန်သည် မာတင် လင်းဒရိုစ်၏ ရုပ်လောင်းကို ရင်ကွဲ ရုံသို့ပို့၍ ပြန်လာခြင်း ဖြစ်သည်။

တိုင်ရွှန်သည် ဆိုင်ကယ် အရှိန်လျှော့ လိုက်ပြီးနောက် ဆိုရာယာအား အနောက်တွင် ထိုင်စေပြီး ထွက်ခဲ့၏။ ဆိုရာယာက

'ဒီမှာ ဘာတွေ ဖြစ်တယ်ဆိုတာကို မြင်လိုက်တယ် မဟုတ်လား တိုင်ရွှန်၊ သူတို့ ပီတာ့ကို သတ်လိုက်ကြပြီ'

'ဟုတ်တယ်၊ ကျုပ်တို့က အားလုံးကို တားဆီးရမှာ'

တိုင်ရွှန်သည် မီးပွိုင့်အနီကို အတင်း ဖြတ်၍ ထွက်လိုက်၏။ ပါးစပ်မှလည်း

'ရပြီးသား သတင်းအချက်အလက်တွေ အကုန်လုံး ပေါင်းကြည့်ရအောင်၊ အကြမ်းဖက် သမားတွေက အဘိုးကြီးရဲ့ ကားထဲမှာ အဘိုးကြီးရော ဖောက်ခွဲရေး ယမ်းပျော့ ပစ္စည်းတွေပါ ထည့်ထားပြီးသား၊ ခင်ဗျားရော ဘာသတင်း ရသေးလဲ'

ဆိုရာယာက

www.burmeseclassic.com

www.burmeseclassic.com



'ဩော်သူတို့က အဘိုးကြီးနဲ့ ဖောက်ခွဲရေး ယမ်းပျော့တွေပါတဲ့ကားနဲ့ အဖွဲ့ချုပ်ထဲ ဝင်ကြမှာကိုး၊ အစောင့်တွေက အဘိုးကြီး ကားလည်း မြင်ရတယ် အဘိုးကြီးကိုလည်း မြင်ရတယ်ဆိုရင် ဘယ်နည်းနဲ့မှ တားဆီးမှာ မဟုတ်တော့ဘူး'

'ဒါဆို ကျုပ်တို့ ဘာလုပ်ကြမလဲ'

'အဘိုးကြီးကားကို သေနတ်နဲ့ ပစ်ပြီး တားလိုက်ရင် ယမ်းပျော့တွေ ပေါက်ကွဲပြီး အနီးအနားဝန်းကျင်က လူတွေကို ထိခိုက်ဦးမယ်'

'အဲဒီကားကို အဖွဲ့ချုပ်ထိလည်း ကျုပ်တို့က ပေးသွားလို့ မဖြစ်ဘူး ထင်တယ်နော်'

'ဒီတော့ ကျုပ်တို့ ဘာလုပ်ကြမလဲ'

သူတို့အတွက် အဖြေ ပေါ်လာ၏။ သူတို့နောက်မှ ပါလာသော ကားနက် တစ်စီးမှ မှန်ပြတင်းသည် လျှောကျပြီးနောက် သေနတ် ပြောင်းဝ တစ်ခု ထွက်လာပြီး လှမ်းပစ်လိုက်လေ၏။

၀

ဘွန်းသည် ဘာမှလှုပ်ရှားမှု မလုပ်သေး။ သူ့ စိတ်ထဲတွင် ပြတ်ပြတ်ထင်ထင် မြင်ယောင် နေမိသော ဒဏ်ရာကြီးနှင့် စုတ်ပြတ်နေသည့် မာတင်လင်းဒရိုစ်၏ မျက်နှာကိုသာမြင်ယောင် နေမိ၏။ တကယ့် လက်တွေ့တွင်ကား မာတင် လင်းဒရိုသည် သူ့ရှေ့မှာ ရပ်၍ သူနှင့် စကား ပြောနေ၏။ ဘွန်းသည် မာတင် ၏ ရုပ်သွင်ကို မြင်ရသည်။ မာတင် ပြောနေသည်ကိုလည်း ကြားရသည်။

'စိတ်ရှည်စမ်း၊ စိတ်ရှည်စမ်း' ဟု ဘွန်းသည် သူ့ကိုယ်သူ သတိပေး လိုက်သည်။

ဘွန်းသည် အခြေအနေ အရပ်ရပ်ကို သေချာစဉ်းစားသည်။ သူ့တို့ ဖမ်းဆီးချုပ်နှောင် ထားကြသူများသည် ဖာဒီတို့ မိသားစုနှင့် မည်မျှ ဆွေမျိုး နီးစပ်တော်သည်ဟု မသိနိုင်ပေ။ ဒါကြောင့်

'ကျုပ် ဝမ်းနည်းတာ တစ်ခုပဲ ရှိတယ်၊ အိုဒက်ဆာမှာတုန်းက ကျုပ် ရှင်းလင်းရေး လုပ်ခဲ့တဲ့ အလုပ်ကို လက်စမသတ်နိုင်တာပဲ'

'မင်းရဲ့ အဖေက အသက်ရှင်ရက် ရှိသေးတယ်နော်'



'ဘာ၊ လက်တွန်း လှည်းပေါ်မှာ မလှုပ်မယှက် နေနေရတဲ့အဖြစ်ကို အသက်ရှင်တယ် လို့ ပြောရမှာလားဗျ၊ ကျုပ်အဖေ ရှေ့မှောက် ရောက်တိုင်း အဖေ့ကို သေနတ်နဲ့ ပစ်ခဲ့တဲ့ ခင်ဗျားကို ပြန်ကလဲ့စားချေဖို့အတွက် ဆုံးဖြတ် ပြီးသားပါ'

ဘွန်းသည် ခေါင်းကို ခါးယမ်းလိုက်ပြီး

'မင်းရဲ့ အခုပုံကိုသာ မင်းအဖေ မြင်ရင်တော့ မင်းကို သတ်ပစ်မှာ သေချာတယ်'

ကာရင်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး

'ခင်ဗျား ဘာပြောချင်တာကို ကျုပ်သိပါတယ်၊ ကျုပ်က ပိုပြီးတောင် သိသေး၊ အခု အခြေအနေကို ကြည့်လေ၊ ခင်ဗျားက ဖာဒီ၊ ကျုပ်က မာတင် လင်းဒရို့စ်၊ ကျုပ်တို့ နှစ်ယောက် စလုံးဟာ တစ်ယောက်နဲ့ တစ်ယောက် လက်စားချေ သတ်ဖြတ်ကြဖို့ လုပ်နေကြတာ မဟုတ်လား၊ ဒီအတွက်လည်း ခင်ဗျားက ကျုပ်ဆီကို ဖာဒီယောင်ဆောင်ပြီး လာတာပဲ မဟုတ်လား'

ဖာဒီသည် လက်ထဲက အိတ်ကိုမြှောက်ပြပြီး

'ခင်ဗျားက ဒီပစ္စည်းတွေနဲ့လာပြီး ကျုပ်ကို အယုံသွင်းတာပေါ့၊ ခင်ဗျား အဖေ့အကြောင်းကို ထုတ်ပြောပြီး ကျုပ်ကို စိတ်ဆိုးအောင် ဆွ ပေးနေတာ လား၊ စိတ်ဆိုးရင် အမှားလုပ်မိမယ်ပေါ့လေ ဟုတ်လား၊ ခင်ဗျားရဲ့ အကြံ ဒါအကုန်ပဲလား၊ တကယ့်လက်တွေ့မှာတော့ အခုလိုခင်ဗျား ဖာဒီ ဟန်ဆောင် လာတာဟာ ကျုပ်ရဲ့ အစီအစဉ်တွေအတွက် ပိုပြီးတောင် အထောက်အကူ ပြုသေး၊ ကျုပ်က ဒေါသထွက်ပြီး အခု ချက်ချင်း ခင်ဗျားကို ပစ်သတ်မယ်များ ထင်နေသလား၊ မသတ်သေးဘူးဗျို့၊ မသတ်သေးဘူး၊ ကျုပ်က အကူဖြ လက်နက်နဲ့ အမေရိကန် နိုင်ငံကို ဖောက်ခွဲမယ်၊ ထောက်လှမ်းရေး အဖွဲ့ချုပ် ကြီးကိုလည်း ဖောက်ခွဲမယ်၊ ကျန်တဲ့ ထောက်လှမ်းရေး အဖွဲ့ချုပ်ကြီး ရှေ့မှာမှ ကျုပ်က ခင်ဗျားကို ကမ္ဘာပေါ်မှာ ကြောက်စရာ အကောင်းဆုံး ဒုဂ္ဂါအကြမ်း ဖက် ခေါင်းဆောင်ကြီး ဖာဒီအဖြစ်နဲ့ပစ်သတ်မှာ၊ မာတင်လင်းဒရို့စ်ကိုတော့ အမျိုးသား သူရဲကောင်းကြီး အဖြစ် အသိအမှတ် ပြုကြမှာလေ၊ အဖွဲ့ချုပ် ခေါင်းဆောင်ကြီးကလည်း မရှိတော့ဘူး ဆိုတော့ မာတင်လင်းဒရို့စ်ကိုပဲ အဖွဲ့ချုပ် ခေါင်းဆောင်ကြီး ရာထူး ပေးကြမှာ'

ဘွန်းသည် သူ့စိတ်ကို ထိန်းလိုက်၏။ သူ့နားထဲတွင် မာတင်လင်းဒရို့စ်၏ အသံသာ ကြားယောင်နေ၏။ ဘွန်းက သူ့ကိုယ်သူ

www.burmeseclassic.com



'စောင့်ဦး၊ စောင့်ဦး' ဟု သတိပေးနေရင်း

'အေးကွာ ငါ စိတ်မကောင်းတာကတော့ မင်းတို့ ညီမလေး ဆာရာဘင် အရှက် ဖြစ်ပျက်ခဲ့တာပါပဲ'

ကာရင်၏ မျက်လုံးထဲတွင် ဒေါသမီးများ ရုတ်တရက် တောက်လောင်လာပြီး ဘွန်း၏ မျက်နှာကို လက်ပြန်တစ်ချက် ရိုက်လိုက်၏။

'ခင်ဗျားက ဆာရာ့ကို သတ်ခဲ့တဲ့ကောင်၊ ခင်ဗျား ပါးစပ်က ကျုပ် ညီမ နာမည်တောင် ထွက်ဖို့ မတန်ဘူး'

ဘွန်းသည် အေးဆေး တည်ငြိမ်စွာဖြင့်

'ငါ ဆာရာ့ကို သတ်ခဲ့တာ မဟုတ်ဘူး'

ကာရင်သည် ဒေါသကို မထိန်းနိုင်တော့သဖြင့် ဘွန်းမျက်နှာကို တံတွေးဖြင့် လှမ်းထွေး လိုက်သည်။

ဘွန်းက တည်ငြိမ်အေးဆေးစွာပင်

'ငါ ဆာရာကို သေနတ်နဲ့ လှမ်းပစ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ဆာရာနဲ့ ငါ့ အနေထားက တော်တော်လေး လှမ်းလွန်းတယ်၊ အနည်းဆုံး မီတာ ၅၀ လောက် ကွာတယ်၊ အဲ့ဒီလောက် အကွာကနေ ငါ့ကျည်ဆန်က ဆာရာ့ကို မထိနိုင်လောက်ဘူး၊ ထိခဲ့ရင်တောင် မသေလောက်ဘူး၊ အဲ့ဒီအချိန်တုန်းက အဖြစ်အပျက်တွေက မြန်ဆန်လွန်းတော့ ဘာတွေ ဘယ်လို ဖြစ်တယ်ဆိုတာ မသဲကွဲခဲ့ဘူး'

ကာရင့်၏ ဒေါသသည် ဘွန်းမျက်နှာကို နောက်တစ်ချက် လက်ပြန် ရိုက်မိအောင်ပင် ထိုးဆွပေးနေ၏။

ကာရင့်၏ ရိုက်ချက်ကို သိလျက်နှင့်ပင် မရှောင်ဘဲ အရိုက်ခံလိုက်သည်။ ပြီးမှ

'အဲ့ဒီ အဖြစ်အပျက်ကို အမှူတာဘင်အဇစ်က ငါ့ကို ပြန်ပြောခဲ့တယ်၊ သူနဲ့ သူ့ညီဟာ ဆာရာနဲ့လည်း သိပ်မကွာဘူး၊ ဆာရာ့ကို လှမ်းပစ်ရင် သေနိုင်လောက်တဲ့ အနေအထားမှာ ရှိတယ်'

ကာရင်သည် ဘွန်း၏လည်ပင်းကို ဒေါသတကြီးဖြင့် ဆုပ်ကိုင်လိုက်သည်။

'ရာရာစစ၊ ငါ့ ညီမ သေတာကို မင်းက လျှောင်တယ်ပေါ့'

'ဘင်အဇစ်တို့ ညီအကိုဆိုတာ ငါတို့ မိသားစုနဲ့ ညီအစ်ကိုလို နေကြတာ'

'အဲ့ဒီလို ညီအစ်ကိုလို နေကြလို့ပဲ ဆာရာ့ရဲ့ ဖောက်ပြန်မှုကို အကြောင်းပြပြီး အဘူဘင် အဇစ်က ဆာရာ့ကို သေအောင် ပစ်သတ် လိုက်တာပေါ့'



ကာရင်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ ဘွန်း၏ လည်တိုင်ကို အတင်း ညှစ်ပြီး

'ငါ မင်းကို အခုသတ်မယ်၊ သတ်မယ်'

၁

တိုင်ရွှန်သည် သူ၏ နင်ဂျာဆိုင်ကယ်ကို မြွေလိမ်မြွေကောက်စီးပြီး ရှေ့မှ မော်တော်ကား နောက်သို့ လိုက်သည်။ ရှေ့ကားပေါ်မှ ပစ်လိုက်သော ကျည်ဆန်များသည် ပလူပျံသလို သူ့ဆီသို့ လာနေ၏။ တိုင်ရွှန်သည် ထို ကျည်ဆန်များကို ကျွမ်းကျင်လိမ္မာစွာ ရှောင်ရှား၍ ဆက်လိုက်သည်။ အမှန် တွင် တိုင်ရွှန်သည် သေနတ်နှင့် ကျည်ဆန်များ အကြောင်းကို အလွန် ကျွမ်းကျင်စွာ နားလည်သူဖြစ်သည်။ ဘယ်သေနတ်၊ ဘယ်ကျည်ဆန်တ မည်ကဲ့သို့သော အရှိန်ဖြင့် လာခြင်းကို သူသိသည်။ ရှေ့ကားမှ ပစ်နေသော သေနတ်သမားသည် အကယ်၍ M-80 နှင့်သာ ပစ်ခတ်ပါက နောက်မှ လိုက်နေသော သူတို့နှစ်ဦးစလုံး စုတ်ပြတ်ကာ သေဆုံးသွားမည် ဖြစ်သည်။ ယခုသော်ကား ရှေ့က ပစ်နေသူသည် 45 ဖြင့် ပစ်နေသည်ဖြစ်ရာ အတွာ အဝေးအားဖြင့်လည်း လှမ်းသည်။ 45 သည် သူတို့ ရှိရာဆီသို့ ရောက်လာ နိုင်သည် မဟုတ်။ ပစ်နေပုံကလည်း သေသပ်သပ်ရပ်ခြင်း မရှိ၊ မည်သို့ပင် ဖြစ်စေ ဤသို့ သေနတ်ပစ်ခံရခြင်းကို တားဆီးရမည် ဖြစ်ကြောင်း တိုင်ရွှန် နားလည်သွားသည်။

ဆိုက်ကယ် နောက်မှ ဆိုရာယာက တိုင်ရွှန်၏ နားသို့ ကပ်၍

'ရှေ့မှာ ကြည့်စမ်း တိုင်ရွှန်၊ ဟိုရှေ့က ခြောက်လမ်းလောတ်မှာ ရှိတဲ့ မှန်အမည်းတွေနဲ့ အဆောက်အအုံတွေကို မြင်တယ်မဟုတ်လား၊ အဲ့ဒါ ထောက်လှမ်းရေး အဖွဲ့ချုပ် အဆောက်အအုံပဲ'

တိုင်ရွှန်သည် သူ၏ ဆိုင်ကယ်ကို အရှိန် မြှင့်လိုက်ပြီး ရှေ့က ကား၏ လက်ဝဲဘက်မှ ဘေးချင်းယှဉ်လျက် တက်လိုက်သည်။ ဤ အနေအထားတွင် ရှေ့ကပစ်နေသော သေနတ် သမားအတွက် အကွာအဝေး ကျဉ်းမြောင်း သွားပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူတို့ဘက်မှ အကွာအဝေးလည်း ကျဉ်းမြောင်း သွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရာယာသည် သူမ၏ ပစ္စတိုသေနတ်ဖြင့် အသေအချာချိန်ကာ ကျည်တစ်တွဲ လွှတ်လိုက်၏။ ဆိုရာယာ၏ သေနတ်ကျည်ဆန်သည် ဘေးဘက်ရှိ ကားမှ အကြမ်းဖက်သမား၏ မျက်နှာကို ထိမှန်သွားလေသည်။

၀

ဂျေဆင်ဘွန်းက ဆက်ပြောသည်။

'သူတို့က ဆာရာဘင်အရှက်ကို သူတို့ရဲ့ အရှုပ်အထွေးတွေကို ဖုံးကွယ်ဖို့နဲ့ ခင်ဗျားတို့ ညီအစ်ကိုကို ကာကွယ်ဖို့အတွက် သတ်ခဲ့ကြတာ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ရဲ့ ညီမလေး၊ အင်မတန်မှ ချစ်စရာကောင်းပြီး အပြစ်ကင်းစင်တယ်ဆိုတဲ့ ဆာရာဘင်အရှက်ဟာ အချစ်နယ်ကျွံပြီး ကိုယ်ဝန်ရှိနေလို့ပဲ'

ကာရင်သည် ဒေါသတကြီးဖြင့် ဘွန်း၏ လည်တိုင်ကို ညှစ်ရင်း

'ညာတာတွေ၊ ညာတာတွေ'

ဘွန်းသည် အသက်ရှူဖို့အတော် ကြိုးစား နေရ၏။ သို့သော် သူသည် စကားဆက်ပြောမှ ဖြစ်မည်။ ဤသို့ စကားဆက်ပြောခြင်းဖြင့် ကာရင့်စိတ်ကို နှိုးဆွနိုင်သည့် လက်နက် တစ်မျိုး သာရှိသည်။ သည်လက်နက်ဖြင့်သာ ကာရင့်ကို အနိုင်ယူရမည် ဖြစ်သည်။ ဘွန်းက ဆက်၍

'ဆာရာဟာ မင်းနဲ့ ဖာဒီတို့နှစ်ယောက် လုပ်ကိုင်နေကြတာ အားလုံးကို မုန်းတယ်၊ ဒါကြောင့် မင်းတို့ရဲ့ ဘီဒိုဝင် ယဉ်ကျေးမှုကို ဆန့်ကျင် ဖောက်ဖျက်ပြလိုက်တာပဲ'

ကာရင်၏ မျက်နှာ ပေါက်ကွဲသလို ခံစားလိုက်ရသည်ကို ဘွန်း မြင်ရ၏။

ကာရင်က အသံကုန် အော်၍

'မင်းပါးစပ် ပိတ်ထားစမ်း၊ ဒီစကားတွေဟာ ငါကြားဖူးသမျှ အညစ်အပတ်ဆုံး စကားတွေပဲ'

ဘွန်းသည် ကာရင့်၏ အခြေအနေကို စောင့်ကြည့်နေ၏။ ကာရင်သည် ပါးစပ်မှ ဘယ်လိုပဲ အော်အော် သူ့စိတ်ထဲတွင် ဆာရာ သေဆုံးခြင်းနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများကို တစ်စစီ ပြန်လည် ဆက်စပ်ကြည့်နေပုံရ၏။ ထိုအတွေးများသည် ကာရင့်ကို သတ်နေကြပုံ ရ၏။

'ငါတို့ရဲ့ ညီမလေးဟာ ငါတို့မိသားစုရဲ့ အချစ်တော် အသည်းနှလုံးပဲကွ၊ ငါတို့အချစ်ဆုံး ညီမလေးကိုမှ မင်းသတ်ခဲ့တယ်၊ မင်းအဲဒီလို သတ်ခဲ့လို့လည်း



တို့ညီအစ်ကိုက မင်းကို လက်စားချေဖို့ ဖြစ်လာခဲ့တာပဲ၊ အဲဒါဟာ မင်း သေဖို့ ဖြစ်လာတာပဲ'

ဘွန်းသည် စတင် လှုပ်ရှားလိုက်ပြီ ဖြစ်၏။ ပထမဆုံး သူ့နောက် တည့်တည့်မှ အကြမ်းဖက် သမားအား ခြေထောက်ဖြင့် ကန်လိုက်၏။ တစ်ချိန်တည်း သူ့ကို ချုပ်နှောင်ထားသည့် လက်မှ ရုန်းထွက်ပြီး ထိုသူ၏ လည်တိုင်ကို ဖြတ်ခုတ် လိုက်၏။ ကျန်လက်တစ်ဖက်ဖြင့် တတိယလူ၏ မျက်နှာကို ဖြတ်ရိုက်လိုက်၏။ ထိုလူသည် အရှိန်ဖြင့် ကာရင့်ထံသို့ လိမ့်သွားရာ ကာရင်သည် ဒူးထောက်လျက်သား ကျသွား၏။ ဘွန်း သည် ခြေထောက်ဖြင့် ကန်လိုက်သောသူ သေနတ်ကောက်ရန် ကြိုးစားနေသည်ကို ရုတ်တရက် လှမ်း၍ ခြေထောက်ဖြင့် မျက်နှာကို ဖြတ်ကန်လိုက်သည်။ ပြီးနောက် ဘွန်းက သေနတ်ကို လှမ်းကောက် ယူလိုက်သည်။

ထိုအချိန်တွင် ကာရင်သည် လက်ဆွဲအိတ်ကို ကိုင်ထား၏။ သူ့မျက်လုံးများသည် နီရဲပြီး သူ၏ပုံပန်းမှာ အရူး တစ်ယောက်ကဲ့သို့ ဖြစ်နေ၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဘာမဆို လုပ်တော့မည် ဖြစ်ကြောင်း ဘွန်းသိသည်။ ကာရင်သည် လက်ကိုင်အိတ်ထဲမှ အဝေးထိန်း ခလုတ်ကို ထုတ်လိုက်၏။ ထို့နောက် ၎င်း ခလုတ်ကို ကိုင်၍ ဘွန်းကို ပြသည်။

'ဒီမှာ ဘာလဲ တွေ့လား၊ ဒါအဝေးထိန်း ဖောက်ခွဲရေးခလုတ်၊ ငါ ဒီခလုတ်ကို နှိပ်လိုက်ရင် ထောက်လှမ်းရေး အဖွဲ့ချုပ်ကြီးတစ်ခုလုံး ပေါက်ကွဲသွားတော့မှာ၊ ဒါကြောင့် မင်းငါ့ကို သေနတ်နဲ့ မပစ်ရဲပါဘူး'

ယခု အခြေအနေတွင် ဘွန်းသည် စဉ်းစားနေရန် အချိန်မဟုတ်တော့။ ဘွန်း နားထဲတွင်လည်း မာတင်လင်းဒရိုစ်၏ အသံများ ကိုကြားယောင်နေ၏။ သူသည် ဘာမှ စဉ်းစား မနေတော့ဘဲ လက်ထဲမှ သေနတ်ဖြင့် ကာရင့် လည်ပင်းကို ပစ်လိုက်၏။ ကျည်ဆန်သည် ကာရင်၏ လည်တိုင်ကို ဖောက်ထွက်သွား၏။ ကာရင်သည် ပြင်းထန်စွာ ဝေဒနာခံစားရင်း ထိုင်လျက်သား ကျသွား၏။ ဘွန်းသည် သူ့အား သေနတ်ဖြင့် ပစ်လိုက်လိမ့်မည်ဟု ထင်မထားပေ။ ထို့ကြောင့် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ဘွန်းအား ကြည့်လိုက်သည်။ တစ်ချိန်တည်းတွင် သူ့၏ လက်များအား ဖောက်ခွဲရေး ခလုတ်ကို နှိပ်ရန် ကြိုးစား၏။ သို့သော် သူ့ လက်များသည် အလုပ် မလုပ်တော့။

ကာရင့် မျက်လုံးထဲ၌ အလင်းရောင်များ တဖြည်းဖြည်း မှိန်စ ပြုလာပြီ ဖြစ်သည်။ ကာရင်သည် သူ့လူများဆီသို့ လှမ်းကြည့်သည်။ ချက်ချင်းပင်

www.burmeseclassic.com



ဘွန်းသည် ကာရင် ဘာလုပ်နေသည်ကို နားလည်သွား၍ ကာရင့်ကို ခုန်အုပ် လိုက်သည်။ သို့သော် ကာရင်သည် နောက်ဆုံး ထွက်သက်ဖြင့် သူ့ကိုယ်လုံးကို လှိမ့်လိုက်သည်။ လက်ထဲမှ ကိုင်ထားသော ဖောက်ခွဲရေး အဝေးထိန်း ခလုတ်သည် ကြမ်းပြင်ပေါ်သို့ ကျသွား၏။

၀

ဂျေဆင်ဘွန်း၏ နားထဲတွင် ကြားယောင်နေသော မာတင်လင်းဒရို့စ် အသံများသည် တိတ်ဆိတ်သွားပြီ ဖြစ်၏။ ဘွန်းသည် လဲကျနေသော ကာရင့်ကို လှမ်းကြည့်ရာ ကာရင့်၏ ညာဘက် မျက်လုံးကို မြင်ရ၏။ ၎င်း မျက်လုံးသည် မာတင်လင်းဒရို့စ်၏ ညာဘက် မျက်လုံးပင် ဖြစ်သည်။ ထိုမျက်လုံးများကို မြင်၍ သူ့မိတ်ဆွေကြီး မာတင်လင်းဒရို့စ်ကို သတိရသည်။ မကြာမတင်သော ကာလတွင် နှင်းဆီပန်းအနီ တစ်ဒါဇင်ကို မာတင် မှာခဲ့သည့်အတိုင်း မွှိုင်ရာ့ထံ ပေးပို့ရမည် ဖြစ်သည်။

နောက် မာတင်၏ အရိုးပြာကို ယူ၍ မာတင်မှာခဲ့သည့် အတိုင်း နယူးယောက်ရှိ တောရကျောင်းသို့ သွားပို့ရဦးမည် ဖြစ်သည်။

ဘွန်း၏ ခေါင်းထဲတွင် အတွေးစတစ်ခု ကျန်နေသည်။ ထိုအတွေးကား ကာရင်သည် ဘာကြောင့်များ အဝေးထိန်း ခလုတ်ကို နှိပ်၍ ဗျူကလီးယား ဖောက်ခွဲမှုကို မလုပ်လိုက်ပါလိမ့်။ ထိုအခါမှ ဘွန်းသည် ကြမ်းပြင်ပေါ်သို့ ကျနသော လက်ဆွဲအိတ်ကို လှမ်းကြည့်သည်။ လက်ဆွဲအိတ်သည် ပွင့်လျက်သား အနေအထားရှိသည်။ ကာရင်သည် ထိုလက်ဆွဲအိတ်ထဲမှ အဏုမြူ ဖောက်ခွဲရေး လက်နက်၏ ချိန်ကိုက်ကိရိယာကို တပ်ဆင်နိုင်ခဲ့ပြီလား မပြောတတ်။ ဘွန်းတစ်ကိုယ်လုံး အေးစက်သွားသည်။ သူ့နှုတ်ခမ်းများသည် ဆတ်ဆတ်တုန်လာ၏။

သူသည် လက်ဆွဲအိတ်ကိုဖွင့်၍ အထဲကို ကြည့်သည်။ ထိုစက်၏ ချိန်ကိုက်ဗုံး ခလုတ်ကို ဘယ်နားမှာ ရှိမလဲဟု ရှာသည်။ ရှာမတွေ့ပေ။ စက်တစ်ခုလုံးသည် မည်းနေ၏။ ထပ်မံ၍ သေချာ ကြည့်သောအခါ ဒေါက်တာ ဗိန်းဒရော့ဒ် တပ်ဆင်ထားသော ဒုတိယ ချိန်ကိုက်ဗုံး ခလုတ်ကို တွေ့သည်။ ဘွန်းသည် ငုတ်တုတ် ထိုင်ချလိုက်၏။ သူ့နဖူးပြင်တွင် ချွေး သီးချွေးပေါက်များ ကျလာသည်။ အားလုံး အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်လိုက်သော



အခါ ဒူဂျာတို့၏ ဖောက်ခွဲရေး အစီအစဉ် အောင်မြင်သွားတော့ မည်လားဟု ထင်မိသည်။

၀

ဒုတိယ အချိန်ကိုက် ဗိုင်ခွက်ဗုံးပေါ်တွင် ပေါ်နေသည့် နံပါတ်မှာ ၄ မိနစ်နှင့် ၁ စက္ကန့် ဖြစ်သည်။ ထို့ကြောင့် ဘွန်းအနေနှင့် ဤမျှသာ အချိန် ကျန်ရှိနေသေးသည့် သဘောပင်။

ဘွန်းသည် မျက်စိကို စုံမှိတ်လိုက်၏။ သူ့အာရုံထဲတွင် ဒေါက်တာ ဘာ၏ ဗိန်းဒရော့ဒ် တစ်ယောက် အချိန်ကိုက်ဗုံး တပ်ဆင်နေပုံကို ပြန်လည် တွေးဆ မြင်ယောင်ကြည့်နေ၏။ ဘွန်းသည် ဒေါက်တာ ဗိန်းဒရော့ဒ် လှုပ်ရှားမှု အားလုံးကို မြင်ယောင်လာ၏။ သူ့လက်များ လှုပ်ရှားပုံ၊ လက်ချောင်းလေးများ၏ ကိုင်တွယ် ပုံကအစ အသေးစိတ် ပြန်၍ မြင်ယောင်သည်။ ဒေါက်တာ ဗိန်းဒရော့ဒ်သည် ကိရိယာပစ္စည်းများကို မသုံးဘဲ လက်ဖြင့်သာ ကိုင်တွယ် သုံးစွဲသွား၏။ အချိန်ကိုက် ဗိုင်ခွက် ဝါယာ ခြောက်ကြိုး ရှိသည်။ အနီ၊ အဖြူ၊ အမည်း၊ အဝါ၊ အပြာနှင့် အစိမ်းတို့ ဖြစ်သည်။

ဒေါက်တာ ဗိန်းဒရော့ဒ် တပ်ဆင်နေပုံကို ဘွန်းကောင်းစွာ မှတ်မိသည်။ ဒေါက်တာ ဗိန်းဒရော့ဒ်သည် အမိက ဗိုင်ခွက်ကို မည်သည့် ဝါယာကြိုးများနှင့် ဆက်သွယ် သည်ကိုလည်း မှတ်မိသည်။ ဗိန်းဒရော့ဒ် ဝါယာကြိုး ဖြုတ်သည်ကိုလည်း မြင်ယောင်မိသည်။ နှစ်ကြိမ် တိုင်တိုင် ဗိန်းဒရော့ဒ်သည် ဗိုင်ခွက်တွင် တပ်ဆင်ထားသော အနက်ရောင် ဝါယာကြိုးကို နုတ်၍ အဖြူရောင် ဝါယာကြိုး ထိပ်နှင့် ဆက်သည်။ ၎င်းနှစ်ပင်ကို လိမ်၍ အနီရောင်နှင့် ဆက်သည်။

ဗိန်းဒရော့၏ လုပ်ပုံ ကိုင်ပုံများကို ပြန်လည် ဖော်ဆောင်ရသည်မှာ ဘွန်း အတွက် မခက်ခဲလှပါ။ ဗိန်းဒရော့ဒ်သည် ဒုတိယ ဗိုင်ခွက်ကို မည်သို့ တပ်ဆင် ကြောင်း၊ အမိက ဗိုင်ခွက်ကို ဘယ်လို တပ်ဆင်ကြောင်း ဘွန်း သေချာသိသည်။ အမိကအချက်မှာ ဆက်သွယ်သည့် ဝါယာခြောက်ပင်ကို မည်သည့်အရောင် နှင့် မည်သည့်အရောင် ဆက်စပ်ရခြင်းပင် ဖြစ်သည်။

ဘွန်းသည် အိတ်ထဲမှ တယ်လီဖုန်းကို ထုတ်၍ ဆော်ဒီအာရေဗျ အယ်ဆော့ဒ်ထံ ဆက်သွယ်၍ ဗိန်းဒရော့ဒ်နှင့်များ တွေ့နိုင်မလား မေးချင်သည်။ တွေ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တာ မည်သည့် ဝါယာကြိုးကို ဖြုတ်ပါက ဖောက်ခွဲရေးစနစ် ရပ်ဆိုင်း သွားမည်တို့ မေးမြန်းလိုသောကြောင့်ဖြစ်သည်။ သို့သော် ဆက်သွယ်မှု မရပါ။ ဤကဲ့သို့ ဆက်သွယ်မှု မရသည်ကိုလည်း ဘွန်း မအံ့ဩပါ။ မီရန်ရှားစခန်းသည် တောင်ပေါ်စခန်း ဖြစ်ပြီး တောင်အောက်စခန်း များတွင် တယ်လီဖုန်းလိုင်းများ မမိတတ်ပါ။ ဘာပဲဖြစ်ဖြစ် သူ့အနေနှင့်တော့ ကြိုးစား ကြည့်ခြင်းသာဖြစ်သည်။

ဒိုင်ခွက်ကို ကြည့်သောအခါ ၃း၀၁၊ အချိန်မှာ သုံးမိနစ်နှင့် တစ်စက္ကန့်သာ ကျန်တော့သည်။

ဗိန်းဒရော့ဒ်သည် အမြဲတမ်း အပြာရောင် ဝါယာကြိုးဖြင့် စသည်။ နောက် အစိမ်းကို ဆက်သည်။ ဘွန်းသည် သူ့လက်များဖြင့် အပြာရောင် ဝါယာကြိုးစကို ဆွဲသည်။ ၎င်းနောက် ဒိုင်ခွက်မှ ဆွဲနုတ်ရန် စဉ်းစား၏။ ဘွန်းသည် တွေဝေချိန်ဆနေ၏။ သူ့ကိုယ်သူလည်း မေးခွန်း ပြန်ထုတ်နေသည်။ ဒုတိယ အချိန်ကိုက်ဗုံး ဒိုင်ခွက်သည် အဓိက ဒိုင်ခွက်၏ ဖောက်ခွဲမှုကို တကယ်ပဲ ရပ်တန့်နိုင်မည်လား။ ဒုတိယ ဒိုင်ခွက်မှာ တပ်ဆင်ထားသော ဝါယာကြိုး ဆက်သွယ်မှုများသည် အဓိက ဒိုင်ခွက်၏ ဆက်သွယ်မှုနှင့် တူပါမည်လား။

ဘွန်းသည် ဒုတိယ ဒိုင်ခွက်ကို ကိုင်နေ သည့် လက်ကို နုတ်လိုက်သည်။

၂း ၀၁ ။ နှစ်မိနစ်နှင့် တစ်စက္ကန့်သာ ကျန်တော့သည်။

ဗိန်းဒရော့ဒ်သည် မည်ကဲ့သို့ ကြံစည် တွေးဆ လုပ်ကိုင်ထားပါလိမ့်။ ဗိန်းဒရော့ဒ်သည် ဒုတိယ ဒိုင်ခွက်ကို တကယ်ပဲ ပင်မ ဒိုင်ခွက်အတွက် ရပ်တန့်နိုင်အောင် လုပ်ကိုင် ထားလေသလား။ ၎င်း ဝါယာကြိုးများ အနက် မှန်ကန်သော ဝါယာကြိုးကို ဆွဲနုတ်လိုက်ပါက တကယ်ပင် ရပ်တန့်သွားပါမည်လား။

၁း ၁၉ ။ တစ်မိနစ်နှင့် ၁၉ စက္ကန့်သာ ကျန်တော့သည်။

စဉ်းစားနေရမည့် အချိန် မဟုတ်တော့။ သူသည် ဆုံးဖြတ်ချက် တစ်ခု အမြန်ချရမည်။ ၎င်း ဆုံးဖြတ်ချက်သည် မှန်ကန်ရမည်။ ဘွန်းသည် မူလ အစီအစဉ်နှင့် ပြောင်းပြန်လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။ အနီရောင် ဝါယာကြိုးကို ဆွဲလိုက်၏။ ဒူးထောက်ရင်း ဒုတိယဗုံးနှင့် ဆက်သွယ်မှုကိုလည်း လှမ်းကြည့်သည်။ သည်တစ်ကြိမ် မြင်ရသည့် မြင်ကွင်းမှာ ပို၍ ခြားနားသေး၏၊ ဝါယာကြိုး အရောင်များသည် အဓိက နေရာနှင့် ဆက်သွယ်ပုံနှင့် ဒုတိယ ဒိုင်ခွက် ဆက်သွယ်ပုံသည် လုံး၀ မတူညီ။



၀၀း ၄၉ ။ ၄၉ စက္ကန့်သာ ကျန်တော့သည်။

ဘွန်းသည် ဖောက်ခွဲရေး ပစ္စည်းကို စက်ထဲမှ အပြင်ထုတ်၍ သေချာ ကြည့်သည်။ ဖောက်ခွဲရေး ပစ္စည်းတွင် ဝါယာကြိုး တစ်ချောင်းသာ ဆက်သွယ်ထားသည်ကို တွေ့ရ၏။ တခြား ဝါယာကြိုးများ ဘယ်မှာ ဆက်သွယ်ထားသည်ကို သူ မတွေ့ရ။

၀၀း၂၇ ။ ၂၇ စက္ကန့်သာ ကျန်တော့သည်။

ဘွန်းသည် ဝါယာကြိုးကို လက်ဖြင့် အသေအချာ ကိုင်၍ ဆွဲနုတ်လိုက်သည်။ ဘာမှ ထူးထူးခြားခြား ဖြစ်မလာ။

၀၀း ၁၈ ။ ၁၈ စက္ကန့်သာ ကျန်တော့သည်။

ဘွန်းသည် နောက်ထပ် အသေးစိတ် ထပ် ပြန်ကြည့်သည်။ သည်တစ်ကြိမ် တွင်ကား ဝါယာကြိုးများကို တွေ့ရသည်။ ဝါယာကြိုးများ သည် မြွေများကဲ့သို့ တွန့်လိမ် စုပုံနေကြ၏။ သူ့မျက်လုံးများကို သူ မယုံနိုင်။

ဝါယာကြိုးများသည် ဖောက်ခွဲရေး စနက်တံနှင့် တစ်ပင်မျှ ဆက်သွယ် ထားခြင်း မရှိ။

၀၀း၁၀ ။ ၁၀ စက္ကန့်သာ ကျန်တော့သည်။

ဘွန်းနားထဲတွင် ဒေါက်တာဗိန်းဒရော့ဒ်၏ အသံကို ကြားယောင် လာသည်။ 'ကျုပ်က အကျဉ်းသားဗျ၊ ကျုပ်ကို ဖမ်းထားတာ၊ ခင်ဗျား ကျုပ်တို့ နားမလည်နိုင်ပါဘူး' ဘွန်းသည် ဗိန်းဒရော့ဒ်ကို နားလည်ရမှာထက် သူ့ဝှက် ထားသည့် ပဟေဠိကိုသာ အဖြေရှာရမည့် အချိန်ဖြစ်သည်။ ဗိန်းဒရော့ဒ်သည် ဉာဏ်ကစားရာ၌ ဝါသနာကြီးလှသူ ဖြစ်သည်၊ သူ၏ သုတေသန ပြုချက် များသည် ထိုအချက်အလက်များကို ခိုင်မာစွာ သက်သေပြခဲ့ပြီး ဖြစ်သည်၊ အကယ်၍ ဖာဒီသည် ဗိန်းဒရော့ဒ်ကို ဖမ်းဆီး၊ သူ့ရဲ့ ချစ်ဇနီး ထက်ထက်ထားတို့ အပိုင်ကိုင် ခြိမ်းခြောက်၍ သူလုပ်ခိုင်းသည်များကို လုပ်စေခြင်း ဖြစ်သော ဗိန်းဒရော့ဒ်သည် မလွဲမသွေ ဖြစ်မြောက်အောင်တော့ လုပ်ရလေလိမ့်မည်။ သို့သော် ဖာဒီအပေါ် ပြန်လည် လက်စားချေရန် မကြံစည်ဘဲ နေမည်မဟုတ်။ ဘွန်းသည် နောက်တစ်ကြိမ် ဝါယာကြိုးများကို ကြည့်ပြန်၏။ သည်တစ်ကြိမ် တွင်လည်း ကြေးနီကြိုးမှာ တွဲလောင်းချ လွတ်နေ၏။ ဆွဲကြည့်လိုက်သော အခါ ဝါယာကြိုးများသည် ဟန်ပြဖြစ်နေသည်။ သူသည် လက်ဆွဲခြင်းကိုချ၍ ထိုင်ချလိုက်၏။ ဒိုင်ခွက်ထဲမှ အချိန်ကို စောင့်ကြည့် နေလိုက်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရှင်အစုံသည် တဆတ်ဆတ် ခုန်နေ၏။ အကယ်၍ သူ့အတွေးအခေါ် သူလုပ်ခဲ့သည်များ မှားသွားပါက . . .။

၀၀း၀၀။ အချိန် စေ့သွားပြီ ဖြစ်သည်။

ဘွန်းလုပ်ခဲ့သည်များ မမှားပါ။ ဘာမှ ဖြစ်လာသည်ကို မတွေ့ရ။ နျူကလီးယား ဖောက်ခွဲရေး စနက်တံတွေလည်း ပေါက်ကွဲမှု မရှိ။ နျူကလီးယား ပေါက်ကွဲမှုလည်း ဖြစ်မလာခဲ့။ အားလုံးသည် ပကတိ ငြိမ်သက်နေ၏။ ဗိန်းဒရော့ဗ်သည် သူ့ကို ဖမ်းဆီး ထိန်းချုပ်ခိုင်းစေခဲ့သည့် ဖာဒီအပေါ်တွင် လက်စား ချေလိုက်ခြင်းပင် ဖြစ်သည်။

ဘွန်းသည် အော်အော်ပြီး ရယ်မိသည်။ သူသည် လက်ဆွဲအိတ်ကို ပိတ်၍ ထိုင်ရာမှ ထကာ လမ်းလျှောက် ထွက်လာ၏။ အဆောက်အအုံ အပြင်ဘက်သို့ ထွက်လာသည့်တိုင် ဘွန်းသည် ရယ်မဆုံးဘဲ ဖြစ်နေသည်။

၀

C-4 ဖောက်ခွဲရေး ပစ္စည်းပါသည့် မော်တော် ကားကြီး ပေါက်ကွဲသွားပြီးသည့်နောက် ဆိုရာယာသည် သူမ၏ ထောက်လှမ်းရေး အဖွဲ့ချုပ် မှတ်ပုံတင်ကတ်ပြားကို အသုံးချ၍ အရာရာကို စီမံခန့်ခွဲလိုက်၏။ နံဘေး ပတ်ဝန်းကျင်ရှိ အဆောက်အအုံများမှာ အစိုးရ အဆောက်အအုံများ ဖြစ်သည်။ အဆောက်အအုံများမှာ ထုထည် ကြီးမား ခိုင်ခံ့လှသည်။ ထို့ကြောင့် ကြီးမားသော အပျက်အစီးများ မရှိကြပေ။ သို့သော် လမ်းမကြီးကား ဆိုးရွားစွာ ပျက်စီးသွားသည်။ ဗုံးပေါက်ကွဲရာ နေရာတွင် ကြီးမားသော တွင်းကြီး ဖြစ်သွားသည်။

ရဲကား တစ်ဒါဇင်ခန့်၊ မီးသတ်ကားများ၊ လူနာတင် ကားများနှင့် အရေးပေါ်ကား မှန်သမျှ စုပြုံ ရောက်လာကြသည်။ တာဝန်ရှိ သူများလည်း ရောက်လာကြ၏။ ပတ်ဝန်းကျင် တစ်ခုလုံးကို သူတို့က ထိန်းချုပ်လိုက်၏။ ပေါက်ကွဲမှု ဒဏ်ကြောင့် လျှပ်စစ် မီးများလည်း ပျက်စီးသွားရာ အားလုံး မှောင်မည်းနေ၏။ ပေါက်ကွဲမှု ဒဏ်ကြောင့် ရေများလည်း မလာတော့။

ဆိုရာယာနှင့် တိုင်ရွန်တို့သည် ရောက်ရှိလာသော ရဲများအား သူတို့တွေ့ သိရသော အဖြစ်အပျက်များကို ပြောပြနေကြသည်။ ထိုစဉ် ဆိုရာယာသည် ရောဘတ်နှင့် ဘောလ်ဟန်တား အစရှိသော လုံခြုံရေး ဒါရိုက်တာများတို့ တွေ့ရသည်။ ရောဘတ်သည် ဆိုရာယာကို တွေ့မြင်သွားပြီး ငြိမ်ငြိမ်နေ၊ ဘာမှ



မပြောနဲ့ဟု အချက်ပြလိုက်သည်။ ထို့နောက် တာဝန်ရှိရဲက ကပ္ပတိန်တို့ အကျိုးအကြောင်း ရှင်းပြ၏။

ထိုသို့ ရဲများ၊ တာဝန်ရှိသူများနှင့် ရှုပ်ယှက်ခတ်နေသည်ကို မြင်ပြီး တိုင်ရွန်က

'ဒီလို ရဲတွေ၊ တာဝန်ရှိသူတွေ ကြားထဲမှာ ရောက်နေရတာ ဘုန်းတော်ကြီး ရှေ့မှောက် ရောက်နေရတဲ့ လူလိုပဲ၊ နေရထိုင်ရ ခက်လိုက်တာဗျာ'

ဆိုရာယာက ရယ်၍

'မပူပါနဲ့ ရှင်၊ ကျွန်မက ရှင့်ကို အရာရာမှာ စောင့်ရှောက်မှာပါ'

တိုင်ရွန်သည် မကျေမနပ် နှာခေါင်းရှုံ့ပြသည်။ သို့သော် သူမ အနားမှ မခွာပါ။ ထိုစဉ် အပေါ်မှ အသံများကြားရသည်။ ၎င်းအသံများမှာ သူတို့ ရှိရာသို့ ရောက်လာကြသော ရဟတ်ယာဉ်များဖြစ်ကြပါသည်။ တစ်ချိန်တည်းတွင် ကောင်းကင်ထက်မှ ဂျက်လေယာဉ်များ ပျံသန်းလာသည်ကို တွေ့ရသည်။ အားလုံးသည် ခဏအတွင်းပင် ကောင်းကင်ထဲသို့ ပျံသန်း ပျောက်ဆုံးသွားလေ၏။

၀

နယူးယော့ခ် ဆင်ခြေဖုံးရှိ တောရကျောင်း တံခါးဝသို့ ဘွန်း ရောက်လာသည့် အချိန်တွင် မြူနှင်းများ ဖုံးအုပ်နေပြီ ဖြစ်သည်။ ဘွန်းသည် လက်ထဲတွင် သူ့မိတ်ဆွေ မာတင်လင်းဒရို့စ်၏ ကြေးနီဖြင့် လုပ်ထားသော ပြာအိုးတို ရင်ဘတ်ထဲ၌ ပွေ့၍ ကိုင်လာ၏။ သူသည် မှိုင်ရာ့ထံသို့လည်း မာတင် မှာထားသည့်အတိုင်း နှင်းဆီပန်း တစ်ဒါဇင်ခန့် ပေးပို့ခဲ့ ပြီးဖြစ်သည်။ မာတင် လင်းဒရို့စ် နှင်းဆီများ ပေးပို့လိုက်ခြင်းသည် တိတ်ဆိတ်စွာ နှုတ်ဆက် လိုက်ခြင်းဖြစ်ကြောင်း မှိုင်ရာ့ အနေနှင့် သိသည်။

ဘွန်းသည် မှိုင်ရာနှင့် တစ်ခါမှ မဆုံဖူးပါ။ မာတင်ကလည်း မှိုင်ရာ့ အကြောင်းကို တစ်ခါသာ ပြောဖူးသည်။ ထိုပြောသော အချိန်ကလည်း သူ နှစ်ယောက်စလုံး အလွန်အကျွံ မူးနေသည့် အချိန်က ဖြစ်သည်။

ယခုတော့ ဘွန်းသည် မှိုင်ရာ့ကို သက်ရှိထင်ရှား တွေ့နေရပြီ ဖြစ်ပါ သည်။ မှိုင်ရာသည် သွယ်လျပြီး အချိုးအဆစ် ပြေပြစ်သော မိန်းမပျို တစ်ဦး မြူနှင်းများ ကြားတွင် ဝင်လာသည်ကို တွေ့ရသည်။ လေနှင့်အတူ လွင့်ဝဲနေ

www.burmeseclassic.com

www.burmeseclassic.com



သော ဆံပင်စလေးများသည် မိန်းကလေး၏ မျက်နှာပေါ်သို့ လျော့ရဲစွာ ဖုံးလွှမ်းနေသည်ကပင် တစ်မျိုးကြည့်၍ ကောင်းနေသည်။ သူမသည် ဘွန်း တယ်လီဖုန်း ဆက်ပြီး နာရီပေါင်းများစွာ ကြာမြင့်ပြီးနောက် ယခုမှ ရောက်ရှိလာခြင်းဖြစ်သည်။ သူမသည် သူမ၏ ပူဆွေးမှုများကို တစ်ကိုယ်ထီးတည်း တိတ်ဆိတ်စွာ ငိုကြွေးခဲ့ပြီး ဖြစ်ဟန်တူသည်။

မွိုင်ရာသည် ဘွန်းကို တွေ့သောအခါ ခေါင်းညိတ် နှုတ်ဆက်သည်။ နောက် သူတို့ နှစ်ဦးသား လမ်းကလေးအတိုင်း ဆက်လျှောက် ကြသည်။ ခပ်လှမ်းလှမ်းတွင် ဟတ်ဆင်မြစ်သည် တငြိမ့်ငြိမ့် စီးဆင်းနေသည်ကို မြင်ရ၏။ မွိုင်ရာက

'ကျွန်မတို့ နှစ်ယောက်စလုံး တစ်ယောက် တစ်မျိုးစီ မာတင့်ကို သိခဲ့ကြတာပဲ'

မွိုင်ရာသည် သူမ၏ စကားလုံးများကို သေသေချာချာ ရွေးချယ်၍ ပြောပုံရသည်။ သူမနှင့် မာတင်တို့၏ ရင်းနှီးမှု၊ ဆက်ဆံမှုကို လိုအပ်သည်ထက် ပိုပြောလိုပုံ မရချေ။ ဘွန်းမှ

'တကယ်တော့ မာတင့်ကို ခင်ဗျားထက် ပိုပြီး ဘယ်သူမှ မသိနိုင်ပါဘူးဗျာ'

မွိုင်ရာ၏ မျက်လုံးအစုံသည် ရုတ်တရက် စိုစွတ်လာပုံရ၏။ သူမသည် ပြီးခဲ့သည့် ရက်ပေါင်းများစွာအတွင်း ငိုကြွေးခဲ့ရ၏။ ယခု၌မူ သူမ၏ မျက်နှာသည် တည်ငြိမ်လျက်ရှိသည်။ သူမ တစ်ကိုယ်လုံးကို ခြုံငုံကြည့်လိုက်လျှင် တည်ငြိမ်ခံ့ညား ကျက်သရေရှိသူ တစ်ဦး ဖြစ်ကြောင်း ထင်ရှားလှပေသည်။ ဘွန်း စိတ်ထဲတွင် မွိုင်ရာသည် မာတင့်အတွက် အလိုက်ဖက်ဆုံး အမျိုးသမီး တစ်ဦး ဖြစ်မည်ဟု တွေးမိသည်။ ဘွန်းသည် အရိုးပြာအိုးကို ဖွင့်လိုက်သည်။ အထဲတွင် ပလတ်စတစ်အိတ်နှင့် ထည့်ထားသော မာတင်၏ အရိုးပြာများ ပါသည်။ သူတို့ နှစ်ဦးသား အရိုးပြာများကို မြစ်ပြင်ထက်သို့ မျှောချလိုက်ကြ၏။

မွိုင်ရာက မြစ်ပြင်ကြီးကို ကြည့်ပြီးနောက်

'အရေးအကြီးဆုံး အချက်ကတော့ ကျွန်မတို့ နှစ်ယောက်စလုံး သူ့ကို ချစ်ကြတယ်ဆိုတာ ပါပဲ'

ဘွန်းစိတ်ထဲတွင် မွိုင်ရာ၏ စကားလုံးများသည် သူတို့ သုံးယောက်စလုံး အတွက် အသင့်လျော်ဆုံး စကားလုံးများ ဖြစ်သည်ဟု ယူဆနေမိ၏။

www.burmeseclassic.com